# ဓမ္မ
# ဝတ္ထုတိုပေါင်းချုပ် (၁)

# မာတိကာ


ဆရာဇဝန၏ စာပေဘဝဖြစ်စဉ်အကျဉ်း .......... ၃

ရွှေစာပေ၏ အမှာစာ .......... ၄

- ကျောင်းသားဘဝ .......... ၅
- ဒေါ်လုံးမောလုံးများလွန်းတယ် .......... ၂၈
- ရေစက် .......... ၄၄
- လှေကားကြီးမြန်မြန်ထောင် .......... ၆၂
- သမက်လောင်း .......... ၆၆
- ဟဲ့ကြောင် ညောင် . . ညောင် .......... ၈၀
- ရည်းစားစာ .......... ၉၂
- ဟိုပင်မြင့်ဆီက .......... ၁၀၀
- လူစွမ်းကောင်း .......... ၁၁၀
- သားမက်သူခိုးထင် .......... ၁၂၃
- ငွေတစ်ကျပ် .......... ၁၂၇
- ချစ်သလိုလို .......... ၁၃၁
- သေနတ်သံ .......... ၁၅၁

# ဆရာဇဝန၏ စာပေဘဝဖြစ်စဉ်အကျဉ်း

၁၉၁၁ ခုနှစ် (၁၂၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ရက်) တနင်္ဂနွေနေ့တွင် ပြည်မြို့၌ မွေးဖွားခဲ့သည်။

ဆရာကြီးသည် အသက် (၁၃) နှစ်အရွယ်၊ ၁၉၂၄ ခုနှစ်၊ ၈ တန်း ကျောင်းသားဘဝတွင် ဘားမားဘွိုင်းမဂ္ဂဇင်း၌ 'ဇာနည်ဘွား' ဝတ္ထုဖြင့် စာပေလောကသို့ စတင်ခြေချနိုင်ခဲ့သည်။ ၁၉၂၇၊ ဇွန်လထုတ် လန်ဒန်အတ်မဂ္ဂဇင်းတွင် 'ရန်ကုန်သူ' ဝတ္ထုတိုကို 'ဇဝန' ကလောင်အမည်ဖြင့် စတင်ရေးသားခဲ့သည်။ ဆရာဇဝနသည် တက္ကသိုလ်ကျောင်းသားဘဝတွင် ကာတွန်းဦးဟိန်စွန်း၊ ကာတွန်းဦးဘဂျမ်း၊ ပန်းချီဦးစံဝင်း၊ ဆရာဦးဝန် (မင်းသုဝဏ်) တို့နှင့် တစ်တန်းတည်း တက်ခဲ့သူ၊ အနုပညာ မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ ပုဂံကျောင်းဆောင်တွင်နေစဉ် သိပ္ပံမောင်ဝထုတ်ဝေခဲ့သော ပုဂံလက်သီးစာစောင်ကို ဆက်လက်ထုတ်ဝေရာ၌ ပါဝင်ခဲ့သည်။

ဆရာဇဝနသည် ဝတ္ထုတို/ရှည်၊ ဆောင်းပါးမျိုးစုံတို့ကို ရေးသားခဲ့သည်သာမက သတင်းစာ အယ်ဒီတာ၊ မဂ္ဂဇင်းအယ်ဒီတာ၊ ဂျာနယ်အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာ၊ ကာတွန်းဆရာ၊ ဓာတ်ပုံဆရာ . . . ၊ ဇာတ်ခုံပေါ်တက်၍လည်း ပြဇာတ်ချို့တွင် ပါဝင်သရုပ်ဆောင်ခြင်း စသဖြင့် အနုပညာဘဝမျိုးစုံတွင် ကျင်လည်ခဲ့သည်။ ဇဝနဂျာနယ်၊ ဇဝနသတင်းစာတို့ကို ကိုယ်တိုင်ထုတ်ဝေခဲ့ပြီး သောကြာစာစောင်၊ ကြေးမုံသတင်းစာ စတင်ထုတ်ဝေရာတွင်လည်း ပါဝင်ခဲ့သည်။ စာရေးဆရာအသင်းတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်။

၁၉၈၃၊ မတ်လ (၈) ရက်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ခါနီးအထိ (သောင်းပြောင်းထွေလာ၊ သုတစွယ်စုံ) မဂ္ဂဇင်းတို့တွင် ဆောင်းပါးများ ရေးသားခဲ့သည်။

# ရွှေစာပေ၏ အမှာစာ

မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့သော ဟာသစာရေးဆရာဟူ၍ လက်ချိုးရေတွက်၍ ရလောက်အောင်ပင် နည်းပါးလှပါသည်။ ယင်းတို့ထဲတွင် 'ဆရာဇဝန' သည် အထင်ရှားဆုံး၊ စာရေးအားအကောင်းဆုံးဖြစ်သည့် အပြင် အနုပညာဘဝမျိုးစုံတို့တွင် ကျင်လည်ခဲ့ဖူးသော ရှားရှားပါးပါး ဟာသစာရေးဆရာပင်ဖြစ်ပါသည်။

'ဇဝနကား တိုင်းသိ၊ နိုင်ငံသိ စာရေးဆရာဖြစ်သည်ကို အထူးပြောရန်မလိုပေ၊ ဇဝနဆိုသောအမည်မှာ ဆရာတော်ဘွဲ့ဆန်ဆန်ဖြစ်သော်လည်း နာမည်နှင့် လိုက်လျောစွာ ဟာသဝိဇ္ဇာဟုလည်း အသိအမှတ် ပြုထားကြသည်' ဟု ဇဝနဂျာနယ် ထုတ်ဝေရာတွင် ဗိုလ်ချုပ်အောင်ဆန်းကပင်လျှင် အမှာစာရေးသား မှတ်ချက် ပြုဖူးသည်။

ယခုစာအုပ်တွင် ဆရာဇဝန၏ ဝတ္ထုတိုများစွာမှ မဂ္ဂဇင်းမျိုးစုံတွင် ရေးသားခဲ့သော ဟာသဝတ္ထုတို (၁၃) ပုဒ်ကို ရွေးချယ်ဖော်ပြထားပါသည်။ ဆက်လက်၍လည်း ထုတ်ဝေသွားရန် စီစဉ်ထားပါသည်။ ဟာသရသကို ပေးစွမ်းနိုင်သောစာများ ရှားပါးနေသော ယခုလိုအချိန်မျိုးတွင် ဆရာဇဝန၏စာအုပ်သည် ဟာသစာပေ ပြန်လည်ဦးမော့လာစေရေးအတွက် တစ်ဖက်တလမ်းမှ အထောက်အကူပေးနိုင်မည်ဖြစ်သည့်အပြင် စာဖတ်သူတို့အား ဘဝအမော ပြေစေနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

*ရွှေစာပေ*

တက္ကသိုလ်ကျောင်းသားများ၏ အပျော်ဆုံးနေ့များသည်ကား အင်္ဂလိပ်လဆန်း ၁ ရက်နေ့မှ ၁၀ ရက်နေ့လောက်အထိ ဖြစ်ပေ၏။ အကြောင်းမူကား ထိုရက်များအတွင်း၌ မိဘအုပ်ထိန်းသူများထံမှ ငွေများရောက်ရှိသည့်အလျောက် ရှိတုန်းသုံးရတာပဲဟူသောအမှတ်ဖြင့် နောက်တစ်နေ့ သုံးစရာမရှိလျှင်ခုတင်တိုင်ကိုပင်ဖြုတ်၍ပေါင်ချင်ပေါင်ရပါစေ။ ယနေ့အဖို့ဖြင့် ရှိသမျှစည်းစိမ်ပြုတ်ချင်ပြုတ်ရောဟု နှလုံးသွင်းလျက် ငွေရောက်လာသည့်နေ့တွင် အတန်းကို 'ဘနော့' လုပ်၍ မြို့ထဲသို့ သုတ်ခြေတင်သူများလေ၏။

ထိုနေ့များတွင် စာပို့ကုလားကို ရည်းစားထက်ချစ်ခင်စွာ တစ်မျှော်တည်းမျှော်ရသူများမရှားပင် ဖြစ်တော့၏။ ထိုမျှနှင့်မပြီးသေးဘဲ မည်သူမည်ဝါ၏ငွေပါသေးသည်ကို စာပို့ကုလား ရေး၍ကပ်ထားသောစာရင်းကိုမျက်လုံးကျွတတ်လုမတတ် စာရင်းစဉ် လျှောက်၍ဖတ်ရသည်မှာ ကျောင်းကစာထက် စိတ်ဝင်စားလာတော့၏။ ငွေမပါလာသူများမှာမူ ယနေ့အဖို့ ဘယ်အကြွေးရှင်ကို ရှောင်ရပါ့မလဲဟုသာ ရတ်တရက် စဉ်းစားခန်းထုတ်ကာ မှိုင်တွေကျသွား၍ ငွေရသူများကမူ မိမိတို့ငွေရကြောင်း၊ အကြွေးရှင်နှင့်တကွ ချေးငှားမည့်သူများမသိအောင် မိမိတို့အမည်ကို မင်နှင့်ဖျက်၍ စာပို့ကုလားထံမှ ငွေအမြန်ထုတ်ပြီး မြုပ်ကွယ်၍ ပြေးကြလေတော့၏။

'အိုင်ဆေး ....ကိုကျော်မြင့်၊ ခင်ဗျားငွေပါတယ်ဗျို့' ဟု မျက်မှန်နှင့် ကျောင်းသားတစ်ယောက်က ပြောလိုက်ရာ ကျော်မြင့်မှာ အိုင်ယာလန်ထီပေါက်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာခြင်းဖြစ်ကာ ပြေးလာ၍ စာရင်းကိုကြည့်လျက် 'အစစ်ပဲဗျို့၊ ပွတာပဲ' ဟုဆိုလျက် စာပို့ကုလားထံသို့သွား၍ ငွေထုတ်ယူလေ၏။ ငွေများကိုရေတွက်၍ယူကာ စာပို့ကုလားအား ဆုတော်ငွေအသပြာ 'လေးပဲ' ပေးသနားတော်မူခဲ့ပြီးလျှင် ယခင်မျက်မှန်နှင့်ကျောင်းသားကို လိုက်၍ရှာလေ၏။

'လာဗျို့ . . . ကိုသိန်းဖေ၊ လက်ဖက်ရည်ဆိုင်သွားရအောင်' ဟု ကျော်မြင့်ကခေါ်ရာ မျက်မှန်နှင့်ကျောင်းသား မောင်သိန်းဖေက ပြုံးရယ်လျက် 'နေပါစေဗျာ၊ လိုက်တာပေါ့' ဟုဆိုကာ လက်ဖက်ရည်ဆိုင်သို့ပြေးကြလေ၏။ စားသောက်ကြပြီးနောက် ကျော်မြင့်က 'ဟေ့ . . . စူကရူး၊ ရာဂျန်ကို ဘိုလောင်း' ဟု မုန့်များကိုတည်ခင်းပေးသော စူကရူးခေါ်သည့် ကုလားကလေးအား ဆိုင်ထိုင်ရာဂျန်ကို အခေါ်ခိုင်းလိုက်ရာ အကြွေးစာရင်းစာအုပ်ကြီးနှင့် မကြာမီ ရောက်၍လာလေ၏။

လက်ဖက်ရည်စာရင်းကို ရှင်းလင်းချေဆပ်ပြီးနောက် 'ကိုင်း . . . ကိုသိန်းဖေ၊ ကျွန်တော်မြို့ထဲကို လစ်လိုက်ဦးမယ်ဗျာ၊ ချောင်လို့ရှိရင် ကျွန်တော့်နံပါတ်ထူးပေးစမ်းပါဗျာ' ဟု ပြောလိုက်သဖြင့် . . .

'လက်စသတ်တော့ ကျွန်တော့်ကို လက်ဖက်ရည်တိုက်တာ ဒီဟာရည်ရွယ်လို့ကိုး၊ အစကမသိလို့'

'အစကသိရင် လိုက်တောင်မသောက်ဘူးဆိုပါတော့'

'သောက်မှာပေါ့ဗျ' ဟု ဆိုပြီး 'ကိုင်းဗျာ၊ ထူးပေးရတာပေါ့' ဟုပြောမှ ကျော်မြင့်တွင် ကျေနပ်၍သွားကာ 'ဟား......ဟား၊ ကိုသိန်းဖေတို့က ဒါတွေ ချစ်စရာသိပ်ကောင်းနေတာ' ဟု ဆိုသဖြင့်

'မလုပ်ပါနဲ့ဗျာ၊ ညီလို၊ အစ်ကိုလို သဘောထားပါ၊ ယောကျ်ားချင်းချစ်မှဖြင့် ကျော်မကောင်းကြားမကောင်း၊

ထောင်ခုနှစ်နှစ်ကလဲ တစ်ပြားမှ လျော့မှာမဟုတ်ဘူး' ဟု ပြော၍ရယ်သောကြောင့် ကျော်မြင့်ကလည်း ရောနှောရယ်ကာ . . .

'ခင်ဗျားမှာ ဒါတွေပဲရှိတယ်'

'ဟုတ်ကဲ့၊ ဒါတွေပဲရှိတော့တယ်၊ ဟိုဟာတွေ တရုတ်ငါးပေါင်းကြော်ဆိုင် ပို့ထားတယ်' ဟု ဆိုပြန်သောကြောင့် ကျော်မြင့်က 'နောက်လဲ နောက်တဲ့လူပဲဗျာ' ဟုရယ်မောကာ ပြောဆိုပြီးလျှင် 'ကိုင်းဗျာ၊ ပြောနေတာကြာတယ်၊ သွားလိုက်အုံးမယ်' ဟုဆိုကာ ခွဲထွက်ခဲ့လေ၏။

ကျောင်းခန်းသို့ ပြန်ရောက်သောအခါ စာအုပ်များကို စားပွဲပေါ်သို့ ပစ်၍တင်ပြီးလျှင် အပေါ်အင်္ကျီကို ချွတ်၍ချိတ်ကာ မျက်နှာသစ်ရန် ရေချိုးခန်းသို့ ကမန်းကတန်းပြေးလေ၏။ မျက်နှာသစ်ပြီးလျှင် တို့ပတ်ပဝါကလေးကို ဗီရိုထဲမှထုတ်၍ ဗီရိုပေါ်တွင်တင်ထားသော ပေါင်ဒါဘူးကိုယူ၍ ပဝါပေါ်သို့ လှုပ်၍ထည့်ရာ ပေါင်ဒါ တစ်မှုန်မျှ မကျလာသောကြောင့် 'ကိုင်း၊ နင့်တစ်ခါလွှတ်၊ ငါ့ဆယ်ခါလွှတ်' ဟုဆိုလျက် ပေါင်ဒါဘူးခွံကို အပြင်ဘက်သို့ လွှတ်၍ပစ်လိုက်ပြီးလျှင် တို့ပတ်ပဝါတွင် ကပ်ရပ်ကျန်ရစ်သေးသော သနပ်ခါးပေါင်ဒါမှုန့်များဖြင့် မျက်နှာပေါ်တွင် အတွင်တိုက်ရလေတော့၏။ နောက်မှပုလင်းတွင် ဖင်ကပ်မျှကျန်သော ဘာလီယန်ထင်း ခေါင်းလိမ်းဆီခဲကို အိတ်သွန်ဖာမှောက်ကော်ယူ၍ ဆံပင်ကိုသုတ်လိမ်းကာ ရှေ့မှန်၊ နောက်မှန်ကြည့်၍ အရိပ်ထင်လုမတတ် ပြောင်၍နေအောင် ဆံပင်ခွဲပြီး အပေါင်ဆိုင်သို့ မပို့ဘဲ ဘေးမဲ့လွှတ်ထားသော လုံချည်ကို ထုတ်၍ လဲလှယ်ဝတ်ဆင်ကာ 'လူယောင်ဖန်ဆင်း' လေ၏။

'အလို....ကိုကျော်မြင့်တို့က ဒီလိုတော့လဲ အချောသားကပဲဗျာ' ဟု အခန်းဝတွင် ရပ်၍ကြည့်နေသော ကျောင်းသား တစ်ယောက်ကပြောလိုက်ရာ ကျော်မြင့်ကပြုံးရယ်လျက် 'ကိုယ့်လူဘာစားမလဲ၊ လက်ဖက်ရည် သောက်မလား' ဟု ပျာပျာသလဲလုပ်လိုက်သဖြင့် ထိုသူတွင် သဘောကျသွားပြီးမှ 'တကယ် . . . ခင်ဗျားကို မြှောက်ပြောတာ မဟုတ်ဘူး၊ တကယ့်ကို စတိုင်ဖြူးတာ၊ ခင်ဗျားဟာ . . . မဝတ်ချင်လဲနေရော၊ ဝတ်လိုက် စားလိုက်မှဖြင့်'

'မလုပ်ပါနဲ့ဗျာ၊ ခွေးနဲ့တူတယ်လို့ ပြောမလို့မဟုတ်လား၊ မနိုင်းကောင်း နိုင်းကောင်း မိုးကြိုးပစ်ပြီးချနေပါဦးမယ်' ဟု ပြန်၍ရွှန်းလိုက်မှ . . .

'ခင်ဗျားကို၊ ရုတ်တရက်နဲ့ဆိုရင် ရုပ်ရှင်မင်းသားဖြစ်လောက်ပါတယ်ဗျာ၊ ဒီစတိုင်မျိုးပေါ့' ဟု ပြောရင်းဆိုရင်း ရပ်ဆိုင်း၍နေသဖြင့် ကျော်မြင့်က 'ရုပ်ရှင်ကုမ္ပဏီက လိုချင်တာလား' ဟု ဇာတ်လိုက်မင်းသားဟန်မျိုး လုပ်ပြလိုက်ရာ 'မဟုတ်ဘူး၊ ဒီစတိုင်မျိုးပေါ့ဗျ၊ မီးရထားပေါ်မှာ အိပ်ရာလိပ် လူခိုးခံရတာ' ဆက်လက်ပြောဆို ထွက်သွားသဖြင့် ကျော်မြင့်မှာရယ်မောရင်း ကျန်ရစ်လေ၏။

ယင်းသို့ပြောင်လက်စွာ ဝတ်စားပြီးသည့်နောက် ပိုက်ဆံအမွေးမကပ်သည်မှာ ကြာသဖြင့် စားပွဲအံဆွဲထဲသို့ ထိုးထားရသော မှိုတက်နေသည့်သားရေအိတ်ကလေးကိုယူ၍ ပွတ်သပ်သုတ်သင်ပြီးလျှင် ငွေစက္ကူများကို အထပ်လိုက်သွတ်သွင်းကာ အပေါ်အင်္ကျီတွင်ထည့်ပြီး အခန်းပြင်သို့ထွက်လာ၍ အခန်းတံခါးကို သော့ခတ်ပြီးမှ ကျောင်းပေါ်မှ ဆင်းခဲ့လေ၏။

တက္ကသိုလ်ကျောင်းသားတို့၏ထုံးစံ ငွေရှိလျှင် မြို့ထဲသို့ထွက်ဖို့ရန် ကြံရွယ်ကြသည့်အတိုင်း ကျော်မြင့်တွင် မြို့ထဲသို့သွားရန် ကျောင်းဝန်းအပြင်သို့ထွက်လာရာ၌ မည်သို့အစီအစဉ် ရည်ရွယ်ချက်မရှိသဖြင့် ဘယ်ကိုအရင် သွားပြီး၊ ဘာလုပ်ရပါမလဲဟု စဉ်းစား၍နေစဉ် အာ-အီး-တီ မော်တော်ဘတ်(စ်) တစ်စီးရောက်လာရာ ထိုကားပေါ်တွင် ကျောင်းသူကလေး တစ်ဦးပါလာသည်ကိုတွေ့ရသဖြင့် စိတ်ထဲတွင် မည်သို့မျှရည်ရွယ်ချက် မရှိသော်လည်း သဘောကိုသိတတ်သောလက်က မော်တော်ကားကို ရပ်ခိုင်းလိုက်သဖြင့် အလိုက်သိတတ်သည့် ခြေထောက်များက သွက်လက်လျင်မြန်စွာ ကားပေါ်သို့ တက်လေ၏။

ကားပေါ်သို့ရောက်သောအခါ နီးနီးထိုင်လျှင်လည်း ခေါ်တောမှန်းလူသိမည်စိုး၍ ဝေးဝေးထိုင်ရမှာကလည်း အမြဲတမ်းမမြင်ရမည်ကို ပူပန်သောကြောင့် ထိုမိန်းမပျိုကလေးနှင့် ဘေးချင်းတိုက်ခုံတန်း၏ နောက်ခုံတွင်ဝင်၍ ထိုင်ရလေတော့၏။ ကားမှာ ကုက္ကိုင်းဘက်မှလှည့်၍ မောင်းမည့်ကားဖြစ်သဖြင့် ခပ်ကြာကြာထိုင်၍ လိုက်ရမည် သိသောကြောင့် ထိုလှပသူကလေး၏ မျက်နှာကို တစ်လမ်းလုံး တစိမ့်စိမ့်ကြည့်ရှုသွားရမည်ကို တွေးမိရင်း ကျော်မြင့်တွင် ပီတိဖြစ်လေတော့၏။ ကားပေါ်တွင်ထိုင်မိသည့်အချိန်ကစ၍ ကျော်မြင့်၏မျက်စိများမှာ ထိုမိန်းမပျို ကလေး၏မျက်နှာဆီမှခွာ၍မရ၊ လွှဲဖယ်၍မရအောင်စူးစိုက်နေသဖြင့် တစ်ခါတစ်ရံ သူ၏လှည့်အကြည့်နှင့် ဆုံသွား သောအခါ အချစ်ဓာတ်များ ကိန်းအောင်းရာဖြစ်သော နှလုံးသားအတွင်းသို့ ဖူးစာရေးနတ်၏မြား စူးဝင် ဖောက်ထွင်း၍ သွားလေရော့သလားဟု ကျော်မြင့်တွင်ထင်မိလေ၏။ သူ့ကိုငါ ခဏခဏမြင်ဘူးပါတယ်၊ နို့ပေမယ့် သူ့အမည်ဘယ်လိုခေါ်ပါလိမ့်မလဲဟု တွေးတောမေးမြန်းသော စိတ်များသည် အကြည့်ကို အားပေးနေလေကုန်၏။

ကားမှာ ဖြည်းဖြည်းမှန်မှန် မောင်းလာသော်လည်း ကျော်မြင့်၏စိတ်ထဲတွင် ခါတိုင်းစီးရသည်နှင့်မတူ၊ ထိုနေ့မှ ပို၍မြန်မြန်မောင်းကာ တစ်နာရီ ၄၅မိုင်ထက်မနည်း မောင်းရော့သလားဟု အောက်မေ့လျက် မြို့ထဲသို့ မြန်မြန်ရောက်၍ ခွဲခွာသွားရမည်ကို ပူပန်မိလေ၏။ ကျော်မြင့်၏စိတ်တွင် သူ့အားမည်ကဲ့သို့ အသိဖြစ်အောင် လုပ်ရမည်ကို ကြံစည်ရင်းပါလာလေ၏။ အမည်ကိုလည်းမသိ၊ စတင်၍စကားပြောရန်လည်း အကြောင်းမရှိသဖြင့် အကြံရခက်၍ပါလာရင်း စစ်ငြိမ်းကျောက်တိုင်နားဆီသို့ ရောက်၍လာသောအခါ ဆက်လက်စီးရန် များစွာမကျန် တော့သည့်အလျောက် ဤတွင်စခန်းသိမ်းရတော့မလိုလို ရှိ၍နေလေ၏။

သို့နှင့် ဆူးလေဘုရားလမ်းသို့ ရောက်သောအခါ ထိုမိန်းမပျိုကလေးသည်ထိုင်ရာမှထ၍ ခေါင်းလောင်းကြိုးကို ဆွဲ၍လှုပ်လိုက်ရာ ထိုနေရာတွင် ဆင်းတော့မည်ကို ကျော်မြင့်သိရှိရသည့်အလျောက် အပိုင်းတိုသော ရုပ်ရှင်ကားကိုကြည့်ရသကဲ့သို့ အားရတင်းတိမ်ခြင်းမရှိမီက ဇာတ်လမ်းဆုံးတော့မည်ဖြစ်သဖြင့် စိတ်ထဲတွင် ဟာတာတာကြီးဖြစ်ကာ သက်ပြင်းရှူမိလေတော့၏။

ကားရပ်လိုက်သဖြင့် ကားပေါ်မှ ထိုမိန်းမပျိုကလေးဆင်းသွားသည်ကို စူးစူးစိုက်စိုက်ကြည့်မိပြီးလျှင် ကားပြန်၍ထွက်သောအခါ စိတ်ဖြေစရာရရန် သူထိုင်သွားသောနေရာကို ကြည့်လိုက်ရာ ထိုင်ခုံပေါ်တွင် သားရေအိတ်ကလေးတစ်ခုကို တွေ့ရသဖြင့်'ဟာ . . . နေရာကျတာပဲ၊ သူမေ့ပြီးကျန်ရစ်ပြီထင်တယ်၊ ဒါကလေး လိုက်ပို့လိုက်ရရင်တော့ တစ်ခါတည်းအဆက်ဖြစ်သွားမှာပဲ' ဟု ဗြုန်းခနဲ ကောလိပ်ကျောင်းသားတို့ ဉာဏ်တွင် . . ရောင်ပြန်ဟပ်သလိုလာ၍ထင်မြင်မိသည့်အလျောက် ကားရပ်အောင်မစောင့်နိုင်ဘဲ ကားပေါ်မှခုန်ချဆင်းလေရာ ကျော်မြင့်မှာ မိန်းမပျိုကလေး၏ဇောဖြင့် ဆင်းပြေးရခြင်းကြောင့် ကားပေါ်မှ အော်လိုက်သောအသံများကို မကြားရဘဲရှိလေ၏။

မိန်းမပျိုကလေး ကားပေါ်မှဆင်းသောအချိန်နှင့် ကျော်မြင့်ဆင်း၍ လိုက်သောအချိန်မှာ အနည်းငယ်မျှကွာ၍ နေသဖြင့် လူအများသွားလာနေသည့်အကြားတွင် ရုတ်တရက် ထွင်းဖောက်ရှာဖွေ၍ မမြင်နိုင်သဖြင့် လန်ချားနှင့် လိုက်ရလျှင်ကောင်းမလား၊ ခြေလျင်ရှာရကောင်းမလားဟု စဉ်းစား၍မရဘဲရှိစဉ်တွင် သူခိုးမျက်စိထက်စူးရှသော ကျော်မြင့်၏မျက်စိထဲတွင် ကွန်တီနင်တယ် ပျော်ပွဲစားရုံနားမှကပ်၍ ဗိုလ်ချုပ်ဈေးသစ်ဆီသို့ လျှောက်သွားသူ ကလေးကို မြင်လိုက်ရာ အထူးကျေနပ်၍သွားကာ လန်ချားခေါ်၍ အမြန်ဆွဲခိုင်းလေ၏။ အနားသို့ရောက်သည့် တစ်ပြိုင်နက် လန်ချားကိုရပ်ခိုင်းပြီး အမြန်ဆင်း၍ပြေးရာ 'ဆပ်ဖိုး .....ပိုက်ဆပ်ပွေးလေ' ဟု ကုလားကပြောမှ သတိရကာ အိတ်ထဲသို့ လက်ထိုးနှိုက်လိုက်သည်တွင် မတ်စေ့တစ်စေ့ပါလာသည်ကိုမှ ပြန်၍မလဲနိုင်။ ကုလား၏ ပိုက်ဆံအမ်းသမျှကိုလည်း မစောင့်နိုင်ဘဲ မိမိအာရုံစူးစိုက်ရာသို့ပြေးသွားကာ 'ဒီမှာ . . .' ဟုခေါ်လိုက်မှ မိန်းမပျို ကလေး လှည့်ကြည့်သည့်တွင်

'ကားပေါ်မှာ ဟောဒီသားရေအိတ်ကလေး ကျန်ရစ်နေခဲ့တယ်' ဟု ပြောသောကြောင့် မိန်းကလေးတွင် စဉ်းစားရ ခက်သော အမူအရာကိုပြလျက် သားရေအိတ်ကိုကြည့်ပြီးလျှင် 'ဟင့်အင်း . . ဒါကျွန်မသားရေအိတ်ကလေး မဟုတ်ဘူး၊ ကျွန်မ သားရေအိတ်ရှိသားပဲ၊ မကျန်ရစ်ခဲ့ပါဘူး' ဟု ဆိုကာ မိမိလက်ထဲရှိ လက်ကိုင်အိတ်ကို ပြသည့်အတွက် ကျော်မြင့်တွင် မောဟိုက်၍သွားလေတော့၏။

'ဒါဖြင့် ဘယ်သူကျန်ရစ်ခဲ့တာပါလိမ့်မလဲ' ဟု ကျော်မြင့်က စဉ်းစားရခက်သလို နောက်စေ့ကိုကုတ်ဖျောက်ရင်း ပြောလိုက်မှ 'ဒီသားရေအိတ်ကလေး ကျွန်မဘေးမှာ ထိုင်နေတဲ့ မိန်းမတစ်ယောက်ကိုင်နေတာကို မြင်တာပဲ၊ သူ့ဟာပဲ။ ဘေးမှာချထားတာနဲ့တူတယ်' ဟု ပြောပြသဖြင့်

'ဟိုက်....ဒါမှ ချောက်ပေါက်တိုးတာအစစ်ပဲဟေ့' ဟု စိတ်တွင်းက ကျိတ်၍ရေရွတ်လျက် မျက်နှာထားရခက်ကာ ရက်ကိုးရက်ကန်းဖြစ်နေစဉ်တွင် 'ကြိုရီဝါးလားဟေ့၊ ကြိုရီဝါးလား၊ ပတ်ကရိုး၊ ခါးပိုက်နှိုက်သွားတယ်ဗျို့၊ ခါးပိုက်နှိုက်ဗျို့' ဟူ၍ ကုလားလို၊ မြန်မာလို ဆူညံသောအသံများနှင့်တကွ ပြေးလွှား၍လာကြသူများကို တွေ့ရလေ၏။

ကျော်မြင့်တွင် ခါးပိုက်နှိုက် လိုက်ကြသည်များကို တွေ့ရပေါင်းများသဖြင့် ရိုး၍နေသောကြောင့် အမှုမထားဘဲ မိန်းမပျိုဘက်သို့ လှည့်ကာသာ စကားပြောရန် စဉ်းစားမိစဉ်တွင် ခါးပိုက်နှိုက်ဖမ်းရန်လိုက်သူများသည် မိမိတို့နှစ်ယောက်အား ဝိုင်းအုံထားကြသည်ကိုတွေ့ရမှ မျက်လုံးမျက်ဆံပြူးနေလေတော့၏။

'ဟိုက်.....ခက်ပြီ၊ ဘယ့်နှယ်လုပ်ရပါ့မလဲ၊ သောက်ရက်ကြီးတော့ ကွဲတော့မှာပဲ' ဟု ပူပန်ကာ မိန်းမပျိုကလေး၏ မျက်နှာကို ကြည့်လိုက်ရာ ၎င်းတွင်လည်း မိမိကဲ့သို့ စိုးရိမ်မကင်းဘဲရှိသည်ကို တွေ့မြင်ရလေ၏။

'ခါးပိုက်နှိုက်ပါတော့ . . . ခါးပိုက်နှိုက်ပါ၊ ကားပေါ်ကလက်ကိုင်အိတ်ကလေးကို လုပြေးတာပါ' ဟူသော မိန်းမအသံသည် ရန်ကုန်မြို့၏သတ္တိ၊ ခွေးကိုက်တာကအစ စုအုံလေ့ရှိသော လူတစ်သိုက်အတွင်းသို့ ထွင်းဖောက်၍ လာပြီးလျှင် အသံရှင်မိန်းမသည် ကျော်မြင့်ကိုမြင်သည်နှင့် တစ်ပြိုင်နက် 'ဟော . . . သူပဲတော့၊ သူပါပဲ၊ ဟောဒီ လုံချည်နဲ့ ဟောဒီအဝတ်နဲ့ မှတ်မိပါတယ်၊ ရုပ်ကိုက ဇာတ်လိုက်မင်းသားယောင်ယောင်၊ လိုဖာယောင်ယောင်နဲ့' ဟု ဆိုပြီးမှ ကျော်မြင့်၏လက်ထဲက သားရေအိတ်ကိုမြင်သဖြင့် 'အစစ်ပဲ၊ ဟောဒါ ကျုပ်သားရေအိတ်ကလေးပါ' ဟု ဆိုကာ ဆတ်ခနဲဆွဲယူပြီး ရန်တွေ့မည်အလုပ်တွင်

'ကျွန်တော်ပြောပါ့မယ် သည်းခံပါဦး၊ သူမေ့ကျန်ရစ်ခဲ့တဲ့ သားရေအိတ်ကလေးမှတ်လို့ ကျွန်တော်ယူလာမိတာပါ၊ သူ့ကိုပြလို့ မဟုတ်ဘူးဆိုတော့မှ . . .' ဟု ပြောရာတွင် 'ဟုတ်ပါတယ်ရှင်၊ ကျွန်မဟာမှတ်လို့ လာပေးတာပါ' ဟု ဝင်၍ထောက်ခံသောကြောင့် သက်သာရာရမည်လားဟု အောက်မေ့သော်လည်း

'အမယ် . . . ဒီလိုလေမျိုးနဲ့ ရမှတ်လို့၊ ကားပေါ်က ဖျတ်ကနဲဆွဲပြီး ခုန်ပြေးတာဟာ ခါးပိုက်နှိုက်မဟုတ်လို့ မျောက်ဖင်နီလားလို့၊ ဟင်း . . . လူကို ဂျင်ဂလယ်မှတ်လို့၊ တစ်ပတ်ရိုက်မလို့လား၊ ကျုပ် . . . ရန်ကုန်မြို့ကြီးကို ဒိုးလိုမွှေလာတဲ့ကောင်မ၊ တစ်ယောက်က သားရေအိတ်ကိုဘေးဆွဲချပြီးဆင်းသွားတယ်၊ လင်လုပ်တဲ့သူက ဖျတ်ခနဲဆွဲပြီး ဆင်းပြေးတယ်၊ ဟင်း . . . ဒါလောက်များမပါးရင် သိမ်ကြီးဈေးထဲမှာ ဈေးရောင်းမစားဘူး၊ ဘယ်ရမလဲ ရဲ . . . ရဲ၊ နင်တို့လင်မယား ဘယ်မှမပြေးနဲ့' ဟု ဆိုသဖြင့် နှစ်ယောက်သားခက်သည်ထက် အခက်ကြုံကာ ဘယ့်နှယ်မှ မလုပ်တတ်အောင် ရှိရုံမျှမက 'လင်မယား' ဟု ခေါ်ထားခြင်းကို ခံကြရသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲအောင် ရှိလေ၏။

'မဟုတ်ပါဘူးအဒေါ်၊ တစ်ခုပြောပါရစေ' ဟု ကျော်မြင့်ကပြော၍မှမဆုံးမီ ထိုမိန်းမမှာ များစွာဒေါသထွက်သည့် ဟန်ဖြင့် . . .

'ဘာ . . . မင်းကလား ငါ့ကို အဒေါ်ခေါ်တာ၊ ငါက မင်းဘွားအေ အရွယ်မို့လား'

'သြော် . . . ခက်လိုက်ပါဘိတော့၊ အရေးထဲ အပျိုလုပ်နေပြန်ပါပြီ၊ အဒေါ်ခေါ်တာမကြိုက်ရင်လဲ...' ဟု ပြော၍နေဆဲ တက္ကစီကားတစ်စင်းအနီးသို့ ရောက်လာကာ ကားပေါ်မှ ဒရိုင်ဘာက စိုးရိမ်မကင်းသော အမူအရာဖြင့်

'ဆရာ၊ ဘာဖြစ်လို့လဲ' ဟု မေးမှ ကျော်မြင့်တွင် ဒရိုင်ဘာကို ကြည့်မိကာ မိမိစီးနေကျ အသိဖြစ်နေသည်ကို တွေ့ရသောကြောင့်

'ဟာ...စံတင်လား၊ လုပ်စမ်းပါဦးကွာ၊ တို့တော့ ချောက်ကျနေပြီ'

'လာပါဆရာ၊ ကားပေါ်တက်ပါ၊ အဖက်လုပ်ပြီး စကားပြောမနေပါနဲ့၊ ရှက်စရာကြီး' ဟု ပြောကာ စံတင်က မျက်ရိပ်ပြလိုက်သဖြင့်

'ကိုင်း...ခင်ပါတက်ခဲ့၊ ကားပေါ်တက်' ဟု မိန်းမပျိုကလေးပါ ခေါ်လိုက်သဖြင့် သူ့မှာ ဘာလုပ်ရမှန်း မသိသည့်အလျောက် ကျော်မြင့်စကားအတိုင်း ကားပေါ်သို့တက်လိုက်မှ ကျော်မြင့်လဲ နောက်ကလိုက်၍ တက်သည်နှင့် တစ်ပြိုင်နက် စံတင်က ချက်ချင်းပင် ကားကိုမောင်းထွက်သွားလေရာ သားရေအိတ်ပိုင်ရှင်မိန်းမနှင့် တကွ လူတစ်စုတို့မှာ ငေးမောရင်း အံ့အားသင့်လျက် ကျန်ရစ်ကြလေ၏။

ကားကိုကွေ့ပတ်လှည့်လည်မောင်းနှင်ပြီးမှ ကျော်မြင့်အား စံတင်က 'ဘာဖြစ်လို့လဲဆရာ' ဟု မေးရာ 'မပြောပါနဲ့တော့ကွာ၊ အာအီးတီဘတ်(စ်) ပေါ်မှာ သားရေအိတ်ကလေးတစ်လုံး ကျန်ရစ်တာတွေ့တာနဲ့ သူ့ဟာမှတ်လို့ ချက်ချင်းယူပြီး ကားပေါ်ကဆင်းပေးတာ၊ သူ့ဟာမဟုတ်ဘဲ ဟိုမိန်းမဟာ ဖြစ်နေလို့ ငါ့ကို ခါးပိုက်နှိုက်ပါဆိုပြီး လိုက်လာလို့၊ ကံကောင်းလို့အချုပ်ထဲ မအိပ်ရတယ်'

'ဟား . . ဟား . . ၊ ကိုကျော်မြင့်တို့ကဖြင့် လုပ်လိုက်မှဖြင့် အမည်နဲ့ လိုက်အောင်ကို ကျော်ရော့ပဲ၊ အကျိုးလိုလို့ ညောင်ရေလောင်း၊ ကံကောင်းလို့ ရဲအဖမ်းမခံရတယ်' ဟု ဆိုပြီးမှ

'သူက ဘယ်သူလဲဆရာ'

'တို့ကျောင်းကပါပဲ၊ အမည်ကတော့ . . .' ဟု ဆိုပြီးမှ မိန်းကလေးဘက်သို့လှည့်၍ ကြည့်လိုက်သဖြင့်

'မညွန့်တင် . . .' ဟု မိန်းမပျိုကလေးက စကားဆက်၍ပေးမှ

'အိုင်မ် ဆောရီး၊ သိပ်ပြီးဝမ်းနည်းပါတယ် မညွန့်တင်၊ ကျွန်တော်ကလဲ မညွန့်တင် သားရေအိတ်ကလေးမှတ်လို့ စေတနာကောင်းနဲ့ လိုက်ပြီးပေးတာ၊ တမင်နှောင့်ယှက်ရာ ရောက်နေတော့တာပဲ၊ စိတ်မရှိပါနဲ့နော်'

'အို...ဘာမှတောင်းပန်စရာ အလုပ်မဟုတ်ပါဘူးရှင်၊ ဒီလိုဖြစ်ဖို့ကြုံလာလို့ ဖြစ်ရတာပဲ၊ ကျွန်မအတွက်နဲ့ ဖြစ်ရတာမို့ ကျွန်မလဲ သိပ်ပြီးအားနာတာပဲ'

'အံ့မယ်ဗျာ၊ ရန်ကုန်မြို့ကြီးဆိုတာ ခုမြင်ခုပျောက်တွေပါ၊ မှတ်မိတာလဲ မဟုတ်ပါဘူး၊ ဘာမှတွေးပြီး ရှက်နေဖို့လဲ မဟုတ်ပါဘူး၊ နောက်တော့မှ ဒီအဖြစ်အပျက်ကလေး တွေးမိတိုင်း ရယ်မိနေမှာပါပဲ' ဟု စံတင်က ကြားဝင်၍ ပြောပြီး ဆက်လက်၍ 'ဆရာကိုကလဲ ခက်ပါတယ်၊ ဒီလိုမှားပေါင်းလဲများလှပြီ၊ တလောတုန်းကလဲ မုန့်စိမ်းပေါင်း သည်ကြီးရွက်လာတာ ပေါ်တော်မူပင့်လာတယ်ဆိုပြီး ကုန်းရှိခိုးနေလိုက်တာ' ဟု ဆိုမှ

'တော်ပါကွာ၊ မင်းကတော့ နောက်တော့မယ်' ဟု ဆိုပြီးလျှင် 'ဟေ့ စံတင်၊ ဟောဒီစားပွဲရုံရှေ့ ရပ်လိုက်ဦးဟေ့၊ ခါးပိုက်နှိုက်လိုက်တဲ့လူတွေလဲ မမြင်နိုင်ပါဘူး' ဟု ဆိုလိုက်သဖြင့် စံတင်လည်း ကားကိုထိုး၍ ရပ်လိုက်လေ၏။

'ကိုင်း . . မညွန့်တင်၊ နောက်ကလူတွေလဲ ရှောင်ရင်း၊ ဒီထဲခဏ ဝင်ရအောင်'

'ဒုက္ခမရှာပါနဲ့ရှင်၊ နေပါစေတော့၊ ကျွန်မလဲ မဆာပါဘူး'

'မဆာပေမယ့်လဲလေ ခဏလောက်ပေါ့၊ စကားစမြည်လဲပြောရင်း ခုတင်ကလူတွေလဲ ရှောင်ရင်းပေါ့၊ လက်ဖက်ရည်တစ်ခွက်နဲ့တော့ ပိုပြီးဗိုက်မလေးပါဘူး၊ ပြီးတော့မှ မညွန့်တင် သွားချင်ရာကိုပြောပါ၊ ကားနဲ့လိုက်ပို့ပါမယ်၊ လာပါလေ၊ သဒ္ဓါလို့ကျွေး သေဆေးတောင် လွှတ်ပစ်ရသေးတာပဲ၊ ဟဲ ဟဲ' ဟု ရွှင်ပြုံးစွာခေါ်လိုက်သော ကျော်မြင့်၏ အသံတွင် ညှို့ဓာတ်ပါသည့်အလား မညွန့်တင်မှာ ငြင်းပယ်ခြင်းငှာ မတတ်နိုင်တော့ဘဲ ဆိုင်ထဲသို့ လိုက်ပါသွားရလေ၏။

ကျော်မြင့်တွင် စောစောက စိတ်ရှုပ်စရာကောင်းသလောက် ယခုတွင် အပျော်ကြီးပျော်နေသည်ကိုတွေ့ရကာ လုပသူ တက္ကသိုလ်ကျောင်းသူကလေး တစ်ဦးနှင့် ထူးထူးဆန်းဆန်းတွေ့ဆုံရသည့်အတွက် ထိုနေ့အဖို့ ရှိသမျှငွေတွေ ကုန်ချင်ကုန်ပါစေ၊ ကျောင်းလခမပေးနိုင်လို့ 'ဆပ်စပန်းရှင်း' အထိခံရ၍ ကျောင်းခန်းထဲ ဝင်ခွင့်မရချင်လည်း နေပေစေတော့ဟုဆုံးဖြတ်ကာ ဝေသန္တရာထုံး နှလုံးထားလျက် စားသောက်ဖွယ်ရာမျိုးစုံတို့ကို ဆက်ကာဆက်ကာ မှာယူကျွေးမွေးလေ၏။ စားသောက်ကြရင်း စောစောက အဖြစ်အပျက်ကလေးကို စားမြုံ့ပြန်ကာ ရယ်ရင်းမောရင်း၊ ပြောဆိုရင်းနှင့် တစ်ယောက်နှင့် တစ်ယောက် အကျွမ်းတဝင်ဖြစ်သွားရာမှ တစ်ယောက်၏အကြောင်း တစ်ယောက် ကောင်းကောင်းသိရှိကာ ထိုသို့တွေ့ဆုံရအောင် ဖြစ်လာရင်းကိုပင် ဝမ်းအသာကြီးသာ၍ နေကြလေ၏။

စားသောက်ပြီးကြသောအခါ ဆိုင်ထဲမှ ထွက်လာကြပြီးလျှင် မညွန့်တင်က 'ကျွန်မ ဗိုလ်ချုပ်ဈေးထဲမှာ ပိုးထည်ကလေးတစ်ခုဝယ်စရာ ရှိတယ်၊ ကျွန်မသူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်လက်ဖွဲ့ဖို့၊ ဒါကလေး အရေးကြီးနေတာနဲ့ ထွက်လာခဲ့တာ၊ အရေးထဲမှာ အရာပေါ်နေတော့တာပဲ' ဟု ပြောရင်းရယ်သောကြောင့် ကျော်မြင့်က ရောနှောရယ်မောရာမှ

'ဟုတ်ပါရဲ့၊ ဖြစ်ရပုံများ ဆန်းလဲဆန်းပါပေတယ်၊ အသိကျောင်းသားထဲကများ တွေ့သွားရင် ကျောင်းကျတော့ ဘယ်လောက်နောက်ပြောင်ကြမလဲလို့၊ ဘယ်သူမှမတွေ့ပေလို့ပေါ့' ဟု ပြောပြီးလျှင် 'ဟေ့ စံတင်၊ ဗိုလ်ချုပ်ဈေးသစ်ကို မောင်းဟေ့' ဟု အမိန့်ချကာ နှစ်ဦးသား ကားပေါ်သို့တက်၍ ပါသွားကြလေ၏။

မညွန့်တင် အလိုရှိသောပစ္စည်းများကို နှစ်ယောက်သားကြည့်ရှုရွေးချယ် ဝယ်ခြမ်းကြပြီးနောက် ဆိုင်ရှင်အား မညွန့်တင်၏ သူငယ်ချင်းထံသို့ တစ်ခါတည်း တင်ပို့လိုက်ရန် ခိုင်းအပ်ခဲ့ပြီးလျှင်

'ကိုကျော်မြင့်ကော ဘာများဝယ်စရာရှိသေးလဲ'

'ဝယ်စရာတယ်ပြီးမရှိပါဘူး၊ ဝယ်ဖို့ဆိုရင်တော့ အခန်းနားက ကလေးငိုသလို စာကြည့်ချိန်အော်တတ်တဲ့ ကျောင်းသားအဖို့ နို့ဘူးကလေးဝယ်သွားမှပဲ' ဟု ပြောဆိုရယ်မောသဖြင့်

'ကိုကျော်မြင့်တို့ ကျောင်းသားတွေဟာ သိပ်ပြီးနောက်တဲ့လူချည်းပဲ'

'ဟာ မပြောနဲ့တော့၊ ရုပ်တဲ့နောက်တဲ့ဘဝမှတော့ ဗိုလ်ချည်းပဲ၊ ဆာဂျင်တောင်မရှိဘူး' ဟု ပြောသည့်အတွက် ညွန့်တင်တွင် ရယ်မောနေသောကြောင့်

'ကိုင်း မညွန့်တင်၊ ဘယ်မှသွားစရာမရှိရင်လဲ ရုပ်ရှင်သွားကြရအောင်' ဟု ခေါ်လေရာ ညွန့်တင်က အားနာလျက်နှင့် ငြင်းပယ်သော်လည်း ကျော်မြင့်၏ ဆွဲငင်ခြင်းကို မရှောင်သာသောကြောင့်

'အချိန်သိပ်ပြီးနောက်ကျနေမယ်ထင်တယ်'

'နောက်မကျပါဘူး၊ ခပ်စောစောပြီးမှာပဲ၊ ပြန်တော့လဲကားနဲ့ပြန်မှာ၊ အချိန်ကောင်းကလေးပဲ ပြန်ရောက်မှာပဲ' ဟု ပြောသည့်အတွက် ညွန့်တင်မှာ ရုပ်ရှင်သို့ လိုက်ရပြန်လေ၏။

ကားပေါ်မှဆင်းသောအခါ ရုပ်ရှင်ရုံရှေ့တွင် ရောက်နေကြသော ကျောင်းတော်သားများ၏ မျက်လုံးများသည် 'ယူ တီ စီ' ဒရိန်းပြသလို ကျော်မြင့်တို့ဘက်သို့ တညီတညာတည်း လှည့်ကြည့်ကာ စိုက်၍နေကြလေတော့၏။

'ဒီငနဲနဲ့ ဘယ်တုန်းကများ သိနေကြပါလိမ့်မလဲ' ဟု တွေးတော အံ့သြသူကလည်းမရှား၊ အသိထဲက ကျော်မြင့်ကိုကြည့်ကာ မျက်စိတစ်ဖက် မှိတ်၍ပြောင်ပြသူကပြ၊ လူနောက်များကလည်း 'ကြွားတယ်ဟေ့၊ ကြွားတယ် ပုံမှားဝင်ကြိတ်လာတာပဲ' စသဖြင့် မကြားတကြားပြောသူက ပြောသဖြင့်ခပ်မြန်မြန်ဝင်ရန် လက်မှတ်ခံမည်အလုပ် 'ဆရာ၊ ဓာတ်ဆီဖိုးပေးခဲ့ပါဦး' ဟု စံတင်ကတောင်းနေပြန်သဖြင့်

'မင်းတို့ ဒရိုင်ဘာတွေ ဒါမျိုးချည်းပဲ၊ ထမင်းမစားရသေးတာနဲ့၊ ဓာတ်ဆီမရှိတာနဲ့' ဟု စတိုင်ထုတ်၍ ကြိမ်း လိုက်ရာ

'ဆရာ ကျွန်တော့်အကြောင်းလဲ အသိသားပဲ၊ မရှိလို့ပြောတာပါ' ဟု ဆိုမှ 'ပေးမှာပေါ့' ဟု ဆိုရင်း ကျောင်းသားများရှေ့တွင် ငွေစက္ကူများကို အထပ်လိုက် ဆွဲထုတ်လိုက်ပြီး ခပ်တည်တည် တစ်ရွက်စီရေကြည့်ပြီးမှ

'ရော့ ပထမတန်းကနှစ်စောင် လက်မှတ်သွားဖြတ်ချေ၊ ပိုတာယူထား' ဟု ဆိုကာ တစ်ဆယ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်လေ၏။ လက်မှတ်ရသောအခါ 'စံတင် မင်းရုပ်ရှင်အပြီး လာစောင့်ချေ' ဟု မှာခဲ့ပြီးလျှင် နှစ်ယောက်သား စတိုင်ထုတ်ကာ ယှဉ်တွဲ၍တက်သွားပြီးလျှင် ကျော်မြင့်က အသိကျောင်းသားများဘက်သို့ လှည့်ကာ မျက်စိမှိတ် လျှာထုတ်၍ ပြုံးပြခဲ့လေ၏။

ရုံထဲသို့ရောက်၍ ထိုင်မိကြသောအခါ ရောက်နှင့်နေကြသော ကျောင်းသားအချို့နှင့် နောက်ထပ်ဝင်လာသော ကျောင်းသားများသည် ကျော်မြင့်တို့ကိုသာ လှည့်၍ကြည့်ရှုကြပြီးလျှင် အချင်းချင်းတီးတိုးပြောဆိုရယ်မော ကြလေရာ ကျော်မြင့်သည် အစတွင် မျက်နှာပူမိသော်လည်း မကြာမခဏ လှည့်ကြည့်ကြသည်ကို တွေ့ရတော့ သဖြင့် မထူးတော့ဘူးဟု နှလုံးပြုကာ အလျှုရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်၍ပြသကဲ့သို့ မိမိကို မမြင်မြင်ရအောင် ရင်ကိုကော့၍ တည့်မတ်စွာထိုင်လျက် မျက်နှာပြောင်တိုက်လိုက်သောကြောင့် ကျောင်းသားများမှာ နောက်ထပ်လှည့်၍မကြည့်ဝံ့တော့ပဲ ရှိလေ၏။ ထိုသို့ ယှဉ်တွဲ၍ စတိုင်ထုတ်လိုက်ရခြင်း နှင့်တကွ တနေ့ခင်းလုံး အတူတူယှဉ်တွဲသွားလာနေရသည်များမှာ ကျော်မြင့်တွင် နတ်ပြည်သို့ရောက်အောင် မှိန်းလိုက်သော ဘိန်းစား၏စည်းစိမ်မျိုးကို ခံစားရကာ နေ့စဉ်နှင့်အမျှ ထိုကဲ့သို့ သွားလာနေနိုင်တဲ့ ကိုယ်ဖြစ်ရပါစေလို့ စိတ်ထဲကကျိတ်၍ဆုတောင်းရင်း ပျော်ရွှင်ကျေနပ်ခြင်း၏ အရသာကို ဆိတ်ငြိမ်စွာ ခံစားနေလေ၏။

'ချောကလက်စားမလား၊ အောရိန်းကရပ်သောက်မလား' တည်း ဟူသော လောကွတ်စကားများဖြင့်ညွန့်တင်အား အမျိုးမျိုးအရေးယူနေရင်းပင် ရုပ်ရှင်ကား စ၍ပြသဖြင့် တစ်ရုံလုံး မည်းမှောင်၍သွားသောကြောင့် ကျော်မြင့်တွင် ကျောင်းသားများ၏ မျက်လုံးလက်နက်မှ သက်သာခွင့်ရသွားလေတော့၏။ သို့နှင့်ရုပ်ရှင်ကား ပြီးလုနီးလာသည် တွင် ပြီးသည့်တိုင်အောင် စောင့်၍နေချေက ကျောင်းသားများ၏ အထွက်နှင့်ဆုံနေမည်ဖြစ်၍ ပြောင်လှောင်ကြ ဦးမည်ကို ကြိုတင်သိနှင့်သည့်အလျောက် မိမိမှာမူ အပြောင်ခံရသော်လည်း သာ၍ကျေနပ်ဖွယ် ဖြစ်မည် မှန်သော်လည်း မညွန့်တင် ရှက်သွားမည်ကို စိုးရိမ်သောကြောင့် 'ပြီးမှထွက်ရင် လူတိုးခံနေရမယ်၊ စောစော ထွက်ကြစို့' ဟု ပြောကာ နှစ်ယောက်သား ထွက်ခဲ့ကြလေ၏။

 

‘ဘယ့်နှယ်လဲဆရာ၊ ပြီးပြီလား’ ဟု စောင့်နေသော စံတင်က မေးရာ ‘ပြီးလို့ထွက်လာတာပေါ့’ ဟု ပြောသဖြင့် ‘ဟဲဟဲ အဲဒါ ထုံးဂျန်ကိုဗျ’ ဟု ကုလားသံနှင့် ပြန်၍ပြောလိုက်မှ ‘မင်းကတော့ နောက်ရှော့မယ်’ ဟု ဆိုရင်း ကားပေါ်သို့တက်ကြကာ ကျော်မြင့်က စံတင်အား အရှည်ဆုံးလမ်းမှ ဖြည်းဖြည်းမောင်းရန် ကျိတ်၍ မှာလိုက်လေ၏။

သို့နှင့်ကျော်မြင့်သည် တစ်လမ်းလုံးစကားတွေ ဖောင်ဖွဲ့အောင်ပြော၍ လိုက်ပါလာရင်း ဗစ်တိုးရီးယား အဲဗင်းနယူးသို့ ကားဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျောင်းသို့ရောက်တော့မည်ကို သိရသဖြင့် ကြာကြာအတူစီးရတော့မည် မဟုတ်တော့သောကြောင့် မကြာမီခွဲရတော့မည်ကိုတွေး၍ ဝမ်းနည်းချင်သလိုလို ဖြစ်မိလေ၏။ ထို့နောက် မိန်းကလေးများနေထိုင်ရာ အင်းလျားကျောင်းဆောင်တွင်းသို့ ကားဝင်သွားပြီးလျှင် ပေါ်တီကိုအောက်တွင် ထိုး၍ဆိုက်လိုက်သဖြင့် ‘ကဲ ကျွန်မဆင်းတော့မယ်’ ဟု မညွန့်တင်က ပြောသည့်အတွက် ကျော်မြင့်က တံခါးကိုဖွင့်ပေးလိုက်ရာ မညွန့်တင်သည် ကားပေါ်မှ ဆင်းရင်း ‘ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ပြုစုစောင့်ရှောက်တာတွေ’ ဟု ပြောသောကြောင့်

‘ကျေးဇူးတင်လောက်အောင် မဟုတ်ပါဘူး၊ တင်စရာမရှိပါဘူး’ ဟု ပြော၍ ‘ကိုင်း ဒီကလဲ သွားလိုက်ပါဦးမယ်’ နှုတ်ဆက်သည်တွင် စံတင်ကလည်း ကြားဖောက်၍ ‘ကိုင်း မမလေး ဂွတ်စနိုက်’ ဟု လူပျက် အင်္ဂလိပ်စကားဖြင့် နှုတ်ဆက်ကာ ဦးထုပ်ကိုမြှောက်၍ပြသည့်ဟန်မျိုး လုပ်လိုက်သဖြင့် မညွန့်တင်တွင် ရယ်မော၍ ကျန်ရစ်ရာက ကျော်မြင့်က လက်လှုပ်၍ပြသည်ကိုမြင်သဖြင့် ပြန်၍ပြလိုက်သောကြောင့် ကျော်မြင့်က ‘ဟော့ စံတင်၊ ငါ့ကြည့်ပါဦးကွ’ ဟု ဆိုကာ ရင်ဝကိုလက်နှင့်ဖိရင်း မေ့မြော၍လဲသည့်ဟန်မျိုးဖြင့် ကားပေါ်သို့ပုံ၍လှဲချ လိုက်သောကြောင့် စံတင်တွင် ကားမောင်းရာက ဟက်ဟက်ပက်ပက် ရယ်မိလေတော့၏။

ပုဂံဟောထဲသို့ ကားဝင်သွားပြီး လှေကားရင်းတွင် ထိုး၍ကားဆိုက်လိုက်သည်နှင့်တစ်ပြိုက်နက် လှေကားတက်အဆင့်ပေါ်တွင် ရပ်၍စကားပြောနေသူများသည် ကျော်မြင့်ကိုကြည့်ကာ ‘ဟာ ကိုကျော်မြင့်တို့ကတော့ ဒီကနေ့တော့ စတိုင်ပဲဟေ့၊ အရမ်းကိုပစ်ကြဲလိုက်တာပဲ’ ဟု ဆိုသဖြင့် ကျော်မြင့်က ဆိုလိုရင်းကိုသိသောလည်း မသိဟန်ဖြင့် ပြုံးရယ်ကာ

‘ဘာများဖြစ်လို့လဲဗျာ’

‘မသိဘူးမှတ်လို့၊ ဖိန်းမယ်တော့ မကြဲနဲ့ဆရာ၊ ဂလုပ်ရုံမှာလေ’

‘သြော် သိပြီ၊ နို့ပေတဲ့ဗျာ၊ ဒါကတော့ သူ့ကုသိုလ်နဲ့ သူဖြစ်တာပါဗျာ၊ မနာလိုတို့ မရှိပါဘူး’ ဟု ပြောင်၍ပြောရင်း ကားခပေး၍တက်လာလေ၏။
‘ဒီကနေ့တော့ ခင်ဗျားတယ်အီတဲ့လူပဲ’ ဟုတစ်ယောက်ကစလိုက်သဖြင့် အခြားသုံးယောက်က ‘ဖိုးအီဟေ့၊ ဖိုးအီ’ ဟု သံသေးသံကြောင်နှင့် အော်ကြသောကြောင့် ‘ဘာလဲဟေ့၊ ဘာလဲ’ ဟုမေးကာ ကျောင်းသားအချို့ အခန်းထဲမှ ထွက်လာကြလေ၏။ ထိုကျောင်းသားတစ်စု တို့သည်လည်း ဆူဆူညံညံနှင့် ကျော်မြင့်နောက်မှလိုက်ကာ သူ၏အခန်းတွင်းသို့ ဆူညံစွာဝင်ရောက်ကြလေ၏။ ကုလားထိုင်တစ်လုံး၊ စားပွဲတစ်လုံး၊ ဗီရိုတစ်လုံး၊ ခုတင်တစ်လုံးသာရှိသော အခန်းကလေးမှာ ကျောင်းသားများဖြင့် ပြည့်နှက်သွားကာ အိပ်ရာပေါ် ပစ်လှဲအိပ်သူကအိပ်၊ ဘေးတွင်ထိုင်သူကထိုင်၊ စားပွဲပေါ်သို့တက်သူကတက်၊ အဝတ်ထည့်ထားသော သံသေတ္တာကိုဆွဲ၍ တက်ထိုင်သူကထိုင်နှင့် ရှုပ်ယှက်ခတ်သွားလေ၏။

‘ကိုကျော်မြင့်တို့များ သိပ်ပြီးစွံတာပဲ၊ ဆေးကောင်းကလေးများရှိရှော့လား’ ဟုမေးရာ ‘ဆေးကောင်းတော့ရှိတာပေါ့’ ဟု ရယ်မော၍ ပြောလိုက်သဖြင့်

ကျောင်းသားတစ်ယောက်က ‘ဒါဖြင့်ဗျာ၊ ဆေးနည်းကလေးများ ပေးပါခင်ဗျာ၊ ဖိနပ်ချွတ်ပေးဆိုရင် ပေးပါ့မယ်’ ဟု

ပြောကာ ဟန်လုပ်၍ ချွတ်တော့မည့်ပုံ လုပ်လိုက်ရာ 'ဒါလောက်လဲ အသနားခံဖို့ မလိုပါဘူး၊ လိုချင်သပဆိုရင် ပေးရတာပေါ့၊ ကိုင်း မှတ်ထားနော်၊ ရေနံချေးရယ်၊ ဆေးရွက်ရယ် ဒုတ္ထာရယ် ရော . .'

'အဲဒါကို လျှာမထိအာမထိ မျိုရမလား'

'မဟုတ်ဘူး၊ အဲဒါကိုလိမ်း၊ ဝဲခြောက်တော့ သေသေချာချာနိုင်တယ်' ဟု ပြောမှ ပြောင်သည်ကိုသိကာ ဝိုင်း၍ရယ်ကြရာ 'ဒါနဲ့ ဆေးနည်းကောင်းလိုချင်တယ်ဆို' ဟု ကျော်မြင့်ကပြောရာ တစ်ယောက်က

'ဒီဆေးမေးတာမဟုတ်ဘူး၊ မီးယပ်ဆေးမေးတာ' ဟု ဒေါသထွက်ဟန်လုပ်ပြောကာ 'တော်ပါဗျာ၊ ခင်ဗျားလဲ ကိုသိန်းဖေနဲ့ပေါင်းတာနဲ့ ပျက်လာပြီ။ ကြာရင် အနူဆေးရုံပို့ရတော့မယ်' ဟု ပြောနေစဉ် ပုဂံကျောင်းဆောင်၏ လူရွှင်တော်ဘွဲ့ရ မျက်မှန်နှင့်ကျောင်းသား မောင်သိန်းဖေ ရောက်လာလေရာ 'သေခဲဦးမယ့်လူပဲ၊ ပြောနေရင်း ရောက်လာတယ်' ဟု တစ်ယောက်က ဆီး၍ပြောလိုက်သည်ကို သိန်းဖေမှာ ဂရုမစိုက်ဘဲ ပါးစပ်မှာ 'ဒန့်ဒလန်ဒန့် . . ဒန့်ဒလန်ဒန့်' ဟု ဆိုမြည်ရင်း လက်နှစ်ဖက်ကိုလှုပ်၍ဝင်လာသဖြင့် 'ဘာဖြစ်လာတုန်း' ဟု မေးမှ

'သွေးစုန်းနာဂျို အဲလေ ဘင်ဂျိုတီးလာတာ' ဟု ပြောသည့်အတွက် တစ်ခန်းလုံးပွဲကျ၍သွားလေ၏။

'ကိုသိန်းဖေ ခင်ဗျားလူကတော့၊ ဒီကနေ့ ကြက်ကန်းဆန်အိုးတိုး လာတာပဲ၊ ဂလုပ်ရုံထဲ နှစ်ယောက်သားတွဲပြီး ဝင်လာလိုက်တာ၊ သူဟာက ဘာလိုလို ညာလိုလိုဗျ' ဟု တွေ့မြင်သွားသော ကျောင်းသားတစ်ယောက်က ပြောသဖြင့် 'ဘယ်သူလဲဗျ' ဟု ကိုသိန်းဖေက မေးမှ

'မညွန့်တင်ပါဗျာ'
'အံမယ် ခင်ဗျား တယ်တော်တဲ့လူပဲ။ မြုံထားလိုက်တာ အခုမှ ပေါ်တော့တယ်၊ ကျွန်တော့်အသိမပေးဘူး'

'ခင်ဗျားအသိပေးဖို့နေနေသာသာ၊ ကျွန်တော်တောင် ဒီနေ့မှ သိရတာ'

'ဖြီးမနေပါနဲ့ဗျာ၊ မဟုတ်နိုင်တာတွေပြောလို့ သူများယုံပါ့မလားဗျ'

'ကျွန်တော်ကြိုက်တဲ့ရည်းစားနဲ့ မညားဘဲ ရှိစေရဲ့၊ တကယ့်ကို ပြောတာပါ၊ တွေ့ပုံကိုက ဆန်းလွန်းလို့' ဟု စလိုက်မှ အများကဝိုင်း၍ မေးကြသည်တွင် အဖြစ်အပျက်အလုံးစုံကို ဖွင့်ဟပြောပြသောကြောင့် တသောသော ရယ်မောကြလေတော့၏။

'ဟုတ်လဲဟုတ်တဲ့ လူပဲဗျာ၊ ကုသတို့ဖွဲ့မျိုးနဲ့ ကမ္ဘာကိုခြေကန်ပိုးမယ့်လူပဲ၊ ကံကောင်းလို့ ထောင်နှုတ်ခမ်းပေါ်က ချော်မကျတယ်၊ ကြံကြံဖန်ဖန်ဗျာ' ဟု ပြောရင်း သိန်းဖေမှာ တွေး၍ ရယ်နေပြန်သဖြင့် သူ၏ရယ်သံကို အခြားကျောင်းသားများမခံနိုင်ဘဲ ရောနှော၍ရယ်မောကြလေ၏။

'ဒါဖြင့် ချစ်ခြင်းအစ သားရေအိတ်ကဆိုတဲ့ စကားအသစ်ပေါ်လာဖို့ ဖြစ်နေတော့တာပေါ့' ဟု ပြောနေဆဲမှာပင် ထမင်းစားခေါင်းလောင်းထိုးလိုက်သဖြင့် 'ဝေးဟေး' ဟူသောဆူညံသံကြီးနှင့်တကွ လူစုကွဲ၍ သွားလေတော့ သတည်း။

********************

သို့နှင့် ကျောင်းတော်ကြီးတွင် ကျော်မြင့်နှင့်မညွန့်တင်တို့ ပြန်၍တွေ့ကြသောအခါ ရှက်သလိုလိုဖြစ်၍နေကြသဖြင့် မျက်နှာမထားရဲသော်လည်း 'ကော်ရစ်ဒါ' တွင် ရင်ဆိုင်တွေ့နေရခြင်းကြောင့် မျက်နှာချင်းဆုံမိကာ ပြုံးရယ်၍ နှုတ်ဆက်ရာက ထွေထူးသောအကြောင်းမရှိသော်လည်း စကားပြောနေရလျှင်ပင် ကျေနပ်ရမည်ဖြစ်ခြင်းကြောင့်

'အခု မညွန့်တင်တို့ အော့ဖ်ရသလား' ဟု 'အော့ဖ်ပီးရီးယဒ်' ခေါ် စာသင်ရန်မရှိသဖြင့် အားလပ်သော အချိန်ရသလားဟု မေးရာတွင်

'မရဘူး၊ အင်္ဂလိပ်ကလပ်(စ်) တက်ရဦးမယ်' ဟု ဖြေသောကြောင့် ကြာရှည်စွာ ဆွဲဖင့်၍ စကားပြောခွင့်မရသဖြင့် ထိုမျှလောက်ပြောလိုက်ရသည်နှင့်ပင် ကျေနပ်ရလေတော့၏။

သို့ဖြင့် သင်ကြားရန် သင်ခန်းစာပြောင်းလဲသည့်အလျောက် တစ်ခန်းမှတစ်ခန်း ကူးပြောင်းသွားလာရင်း တွေ့ဆုံသည့်ခဏလေးတွင် စကားပြောဖြစ်အောင် ပြောလိုက်ရသည်ကိုသာ အသားယူ၍ မညွန့်တင်တို့ အားသောအချိန်နှင့် ကျော်မြင့်အားသော အချိန်များတွင် တနင်္ဂနွေတစ်ပတ်လုံးမှ တစ်ချိန်မျှသာ တူသည့်အလျောက် ထိုအချိန်ကလေးအတွင်း လုလုယက်ယက်စောင့်ဆိုင်း၍ 'လေဒီစ်ကွန်းမွန်းရွမ်း' ခေါ်သည့် မိန်းကလေးများ၏စုဝေးရာ အခန်းနားတွင်လည်းကောင်း၊ စာဖတ်ခန်းတွင်လည်းကောင်း တွေ့ဆုံကာ မိန်းကလေးများ၏ အကြောင်းကို မေးမြန်းခြင်း၊ သောင်းပြောင်းထွေလာ ပြောဆိုခြင်းများနှင့်သာ အချိန်ကုန်ရလေတော့၏။

မညွန့်တင်မှာ ကျော်မြင့်နှင့် အသိဖြစ်ရခြင်း၌ ယောကျ်ားအသိရရှိခြင်းထက် တစ်စုံတစ်ရာအလိုရှိလျှင် မြို့ထဲသို့ ကဆုန်ပြေးကာ အမြန်ဆုံးရှာဖွေဝယ်ယူပေးမည့်သူတစ်ဦး ပေါ်ပေါက်လာခြင်းပင်ဖြစ်ပေတော့၏။ ထိုသို့ ကျော်မြင့်မှာ မညွန့်တင်၏အကျိုးကို အမျိုးမျိုးဆောင်ရွက်ပြုလုပ် ပေးခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်ရင်းနှီးသောအခြေသို့ ဆိုက်ရောက်လာကြသည့်အလျောက် သည်အချိန်၊ သည်နေရာ၌ တွေ့နေကျ၊ ဟိုအချိန်ဟိုနေရာ၌ တွေ့နေကြဖြစ်သည့်အတိုင်း ထိုသို့တွေ့ကြရန်မှာ အလုပ်ဝတ္တရားကြီးတစ်ခု ဖြစ်သည့်ပမာ မတွေ့ဘဲ မနေနိုင်ကြသော အဖြစ်သို့ရောက်ရှိလျက် တစ်ရက်လောက်မတွေ့ရလျှင် ပိုက်ဆံမရှိတုန်းမှာ ကျောင်းအပြန်တွင် လက်ဖက်ရည် မမီလိုက်သည်ထက် ဝမ်းအနည်းကြီးနည်းမိလေတော့၏။

ယင်းသို့သောအခြေသို့ ဆိုက်ရောက်လာသည့်အလျောက် ကျော်မြင့်နှင့်အတူတွဲဖက် သိန်းဖေက 'ဘယ်နှယ့်တုန်းဆရာ၊ ယခုလောက် ကြာလို့မှခင်ဗျားတို့အခြေအနေဟာ ဘယ်ခရီးမှမဆိုက်သေးဘူးလား' ဟု မေးသည့်အတွက် 'ဒါတော့ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ တော်တော် ခရီးရောက်နေမှဖြင့် အခုလို ဘယ်နေလိမ့်မတုန်း' ဟုပြောသောကြောင့်

'နို့ သူကကြိုက်ပုံမပေါ်လို့လား'

'ဒါတော့ ဘုရားမှသိလိမ့်မယ်၊ ကျွန်တော်တော့ဖြင့် မပြောတတ်ဘူး၊ ကျွန်တော့်စိတ်ထဲကဖြင့် ကြိုက်လိုက်ရတာသေလုနေပြီ'

'ဟာ ဒီလိုနဲ့ဘယ်ဖြစ်မလဲ၊ ခင်ဗျားဟာက တစ်သက်လုံးပိုးရတော့မှာလားခင်ရဲ့ ဆိုတဲ့အထဲရောက်နေပြီ၊ သူကြိုက် မကြိုက်သိအောင် လုပ်ရတော့မှာပေါ့ဗျ၊ ခုတော့ ခင်ဗျားကြိုက်တာကိုတောင် သူသိချင်မှသိမှာ၊ ဒါကြောင့် တရားတော်အတိုင်း စကားနဲ့ပြောရင်ပြော၊ ဒါမှမဟုတ် ပြောရမှာ မျက်နှာပူသလို အားနာသလိုလိုရှိရင် စာရေးတာပေါ့' ဟု အကြံပေးသောကြောင့် ရည်းစားစာရေးရန် သဘောတူညီကြသည့်အတိုင်း

'ဒါဖြင့်ရင် စာကောင်းကောင်းနဲ့ အသည်းကိုငြိသွားအောင် မြန်မာစာဂုဏ်ထူးယူတဲ့လူတစ်ယောက် အရေးခိုင်းရအောင်' ဟု ကျော်မြင့်ကပြောသဖြင့်

'အံမယ်ဗျာ၊ ရည်းစားစာကလေးလောက်နဲ့ သူတို့ကိုအောက်ကျို့ခံလို့ဗျာ၊ အလကားလူတွေပါ၊ မြန်မာစာဂုဏ်ထူး သင်ရတာလေးနဲ့ ဦးပုညသေပြီးတဲ့နောက် သူတို့လောက်သာစာတတ်တယ် ထင်နေတဲ့လူတွေပေါ့ဗျာ၊ ဘယ်သူ့ကို ဘယ်လိုချိုးလိုက်ရမလဲ၊ လာပါဗျာ၊ ကျွန်တော်ရေးပေးပါ့မယ်' ဟု ကတိထားလိုက်သည့်အတိုင်း ညစာကြည့်ချိန်တွင် အဆောင်မှူးစစ်ဆေးလှည့်လည်ကြည့်ရှုခြင်း ပြုပြီးသည့်အချိန်ကစ၍ ဝတ္ထုစာအုပ်များ၊

ကဗျာလင်္ကာ၊ မေတ္တာစာအုပ်များကို ဘေးတွင်ချ၍ ကောင်းနိုးရာရာ ကောက်နုတ်ထည့်သွင်းကာ နှစ်ဦးသား တိုင်ပင်၍ ရည်းစားစာကလီကမာဒီပနီကျမ်းကြီးကို အပတ်တကုတ်ကြိုးစား ရေးလိုက်ကြရသည်မှာ ဆယ်တစ်နာရီ အခန်းမီးငြိမ်းလိုက်သည့်တိုင်အောင် မပြီးသေးသဖြင့် အခန်းတွင်း၌ ဖယောင်းတိုင်မထွန်းရဟူသော ဥပဒေ ရှိသည့်အလျောက် ထမင်းစားခန်းသို့ သွားရောက်ကာ မီးဖွင့်၍ ရေးကြရလေတော့၏။

ပြီးကြတော့မှ သိန်းဖေက 'ခင်ဗျား အိမ်ကိုပေးမယ့်စာနဲ့လဲ မှားပြီးတော့ မပေးမိစေနဲ့နော်၊ ဒါမျိုးမှားတတ်ကြလွန်းလို့' ဟု ပြောင်လှောင်ကာ လူချင်းခွဲ၍ ဆိုင်ရာအခန်းများထဲသို့ ဝင်ရောက်ကာအိပ်လေ၏။ စာရေးပြီးသည့်နေ့မှစ၍ ကျော်မြင့်သည် အခါကောင်းကိုသာ စောင့်မျှော်နေလေရာ လူရှင်းသောနေ့တွင် ညွန့်တင်နှင့် တစ်ယောက်ချင်းတွေ့သဖြင့် ရပ်တန့်လျက် စကားအစချီပြီးလျှင်

'မညွန့်တင်ကို ပြောစရာတစ်ခုရှိတယ်'

'ပြောပါ၊ ပြောစရာရှိရင်'

'ပြောမယ် ကြံနေတာတော့ ကြာပါပြီ၊ ပြောချင်သမှ မနေနိုင်အောင်ဖြစ်နေတာပဲ၊ နို့ပေမယ့် ဒီလိုပြောလိုက်ရင် ရိုင်းစိုင်းရာရောက်နေမလားလို့ အားနာတာကလဲတစ်ကြောင်းကြောင့် ကျိတ်နေခဲ့တာပဲ၊ နို့ပေမယ့် အခုတော့ မမျိုသိပ်နိုင်တဲ့အခြေအနေရောက်လာလို့၊ မပြောဘဲနဲ့ သိရအောင်' ဟု ဆိုကာ စက္ကူအခေါက်ကလေးကို တစ်ပါးသူမမြင်ရအောင် ကွယ်ဝှက်ကာ ကျိတ်၍ ပေးလိုက်ရာ ညွန့်တင်၏မျက်နှာမှာ ရုတ်တရက် အမူပြောင်းသွားကာ 'ဘာလဲ' ဟု တုန်တုန်ယင်ယင် မေးသဖြင့်

'စာ' ဟု ပြန်ပြောသောကြောင့် အရှက်သွေးများ မျက်နှာပေါ်သို့ ပြည့်လျှမ်းတက်ကြွကာ မျက်နှာကိုစောင်းလှည့်ပြီး 'ရှက်စရာကြီးနော်၊ မယူပါရစေနဲ့' ဟု သနားသောအသံဖြင့် ပြောသောကြောင့် 'ဒီနေရာတွင် ငါနောက်ဆုတ်လိုက်ရင် တစ်သက်လုံးကန်းတော့မည်၊ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရဲတော့မှာမဟုတ်၊ ဇွတ်နှစ်၍ ပေးမှပဲ' ဟုကျော်မြင့်တွင် နှလုံးပိုက်လိုက်မိပြီး

'ကိုကျော်မြင့်စိတ်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကိုတွေးပြီးသနားသဖြင့် ယူလိမ့်မယ်ထင်တယ်၊ ဒီကလို မေတ္တာမရှိလို့ စာမပြန်ချင်ရင်လဲနေပါတော့၊ ဒီမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ သိရင် တော်လောက်ပါပြီဆိုပြီး အရှက်ကိုငဲ့ပြီး ပေးရတာကိုမှ ရက်ရက်စက်စက်မယူဘဲနေရင်ဖြင့် အပူတွေပေါက်ကွဲပြီး အသည်းကျွမ်းရတော့မှာပါပဲ' ဟု ညိုးငယ်သောမျက်နှာထားဖြင့် သနားအောင်ပြောမှ ညွန့်တင်တွင် စိတ်နှလုံးများ အရည်ပျော်သည့်အလား သနားစိတ်ဝင်လာသည်လည်းတစ်ကြောင်း၊ အခြားကျောင်းသူကျောင်းသားများမြင်၍ သွားမည်ကိုလည်း စိုးသည့်အတွက် လက်လှမ်း၍ ယူလိုက်မိသည်နှင့် တစ်ပြိုင်နက် ရှက်ကြောက်သောစိတ်များသည် ကျော်မြင့်အနားတွင် ကြာရှည်စွာရပ်နေရန် စိတ်မသန့်ဘဲ ရှန့်တန့်တန့်ဖြစ်လာသောကြောင့် စာကိုစာအုပ်ကြားတွင်ဝှက်လိုက်ကာ ရုတ်တရက်လှည့်သွားပြီးလျှင် ကွန်းမွန်းရွမ်း (Common Room) သို့ ဝင်သွားလေ၏။

ကျော်မြင့်မှာ လမ်းတွင် မိမိ၏စာကို လွှင့်၍များပစ်လိုက်မှာလားဟု တထိတ်ထိတ်နှင့် မျက်စိတစ်ဆုံးကြည့်နေရာက ကောင်းစွာယူသွားလျက် အခန်းတွင်းသို့ ဝင်သွားသည်ကိုတွေ့ရမှ စိတ်အေးသွားကာ ဝမ်းတွင်း၌ကြိတ်၍ပူမိသည့်အပူကို သက်ပြင်းချကာ မှုတ်ထုတ်လိုက်စဉ် ဖြုန်းခနဲ ကျောကုန်းကို လက်နှင့်ပုတ်လိုက်သည်ကို ခံလိုက်ရသဖြင့် လန့်ဖျပ်၍ 'မဟုတ်ပါဘူး' ဟု ယောင်မိသောကြောင့် လာ၍ပုတ်သူ သိန်းဖေက 'ဘာမဟုတ်တာလဲ' ဟုရယ်၍မေးမှ 'ဟာ လန့်လိုက်တာဗျာ၊ ခင်ဗျားလုပ်လိုက်မှဖြင့် အလန့်တကြားချည်းပဲ'

'ဟဲ ဟဲ ဘယ့်နှယ်တုန်း၊ နေရာကျရဲ့လား'

'ပေးတော့ ပေးလိုက်ပြီ၊ သုံးဆယ့်ခြောက်ကောင် ဘယ်ကောင်ပေါက်မလဲမသိဘူး' ဟုပြောမှ 'နေရာကျပါစေ့မယ်ဗျာ၊ မပူပါနဲ့၊ ကိုင်း ရည်းစားစာရေးပေးရတဲ့ လျှော်ကြေးလှူခပေး' ဟု ဆိုသဖြင့် 'အို လိုတရစေပေါ့ဗျာ' ဟု ဆိုကာ လက်ဖက်ရည်ဆိုင်သို့ ထွက်သွားကြလေ၏။

ညွန့်တင်မှာ ကျော်မြင့်စာကို ရသည့်အချိန်မှစ၍ စိတ်ထဲတွင် ကတုန်ကယင်ဖြစ်နေလေတော့၏။ မယူလျှင်မဖြစ်၍ ကျော်မြင့်၏စာကို ယူလိုက်ရသော်လည်း မိမိလက်ထဲသို့ ရောက်နေပြန်သောအခါ လွှင့်၍ပစ်ရန်လည်းစိတ်ကိုမနိုင်၊ ရည်းစားစာတို့မည်သည် ချစ်ကြောင်းကြိုက်ကြောင်းကို ရေးသားခြင်းပင်ဖြစ်သည်ကို သိရှိသည့်တိုင်အောင် ကျော်မြင့်၏စာမှာ ထို့ထက်ပင် ထူးခြားသလိုလိုအောက်မေ့ကာ ဖတ်၍လည်းကြည့်ချင်သေးသဖြင့် လွှင့်ပစ်ရန်ဝေးစွ၊ အမြတ်တနိုး ကောင်းမွန်စွာ သိမ်းဆည်းထားလျက်၊ ကျ၍ပျောက်မည်ကို စိုးရိမ်ကာ မကြာခဏ စမ်း၍စမ်း၍ ကြည့်မိလေ၏။ မိန်းကလေးများအခန်းတွင်း၌ စာကိုဖွင့်၍ဖတ်ကြည့်မည်ဟု မကြာခဏ စိတ်ကူးမိသော်လည်း အများရှေ့တွင် ဖွင့်ဖတ်ရန်စိတ်မရဲသဖြင့် ချီတုံချတုံဖြစ်၍နေရင်းက စာသင်ရန်အချိန်သို့ ရောက်၍ စာသင်ခန်းအတွင်းသို့ ရောက်ပြန်သောအခါ သင်ခန်းစာထဲတွင် စိတ်မဝင်စားဘဲကျော်မြင့်၏စာကိုသာ မကြာခဏ စမ်းကြည့်မိလေ၏။

သို့နှင့် ကျောင်းဆင်းသဖြင့် အင်းလျားဆောင်သို့ ပြန်ရောက်သောအခါ တွေဝေငေးမောခြင်းဖြင့် အချိန်ကုန်လျက် အခြားကျောင်းသူကလေးများ ကစားဆင်းရာသို့လည်း မလိုက်နိုင်၊ ရယ်ရယ်မောမော စကားပြောနေခြင်းကိုလည်း မလုပ်နိုင်ဘဲ၊ စာကိုဖွင့်ဖတ်ရန်သာ စိတ်ထဲ၌ အလုပ်ရှုပ်နေသည့်အလျောက် ဖတ်ကြည့်ဖို့ရန်မှာ အခန်းတွင်း၌ အတူနေသူ မသန်းကြည်ရှိနေသဖြင့် အောင့်အည်း၍နေရာက မသန်းကြည်ရေချိုးရန် ထွက်သွားသောအခါမှ အခန်းတံခါးစေ့၍ ကျော်မြင့်၏စာကိုဖွင့်လေ၏။ ညွန့်တင်၏ နှလုံးသွေးများကျသည့် ဒိတ် . . ဒိတ် . . ဒိတ် . . ဒိတ် မြည်သောအသံမှာ သူ၏နားထဲတွင် မီးရထားခုတ်သံကဲ့သို့ထင်မှတ်ရင်း ကျော်မြင့်၏စာကို ဖတ်ကြည့်မိလေတော့၏။

စာကိုဖတ်၍ဆုံးသည့်အခါ ရယ်စရာလိုလို၊ ရှက်စရာလိုလို စိတ်ထဲတွင် ထူးခြားသောခံစားရခြင်းနှင့် တွေ့ကြုံလျက် ဝမ်းသာရကောင်းမလား၊ ဝမ်းနည်းရကောင်းမလားဟု ဝေခွဲ၍မရဘဲရှိနေပြီးမှ စာကိုဖတ်ရသည်မှာ ကမန်းကတန်းဖတ်ရ၍ စုံစုံလင်လင်မဖတ်ရသေးသကဲ့သို့ ထင်မြင်ကာ ထပ်မံ၍ ဖတ်ပြန်သည်တွင်လည်း အားမရဘဲ အတန်တန်ဖတ်ပြီးမှ မသန်းကြည်အပြန်တွင် တွေ့မည်စိုး၍ ခိုးရာပါပစ္စည်း လက်ခံထားရသည့်အလား သိုဝှက်ထားရလေ၏။ ဤတွင်မှ ညွန့်တင်တွင် ဒိန်းဒလိန်းနတ် ဖမ်းစားစပြု၍လာလေတော့၏။ ယခင်က ကျော်မြင့်အပေါ်တွင် မည်သို့မျှ အာရုံမထားမိသော်လည်း ထိုစာကိုဖတ်ပြီးမှ မကြံတတ်မစည်တတ်ဖြစ်ကာ စိုက်၍စိုက်၍တွေးလျက် ငေးမောမှိုင်တွေစ ပြုလာလေတော့၏။

ယင်းသို့ အယူကွဲပြားလာသည်ကို မသန်းကြည်တွင် ဦးစွာမရိပ်မိသော်လည်း ညဥ့်စာကြည့်ချိန်တွင် စာအုပ်ကို ရှေ့တွင်ချကာ ငေးမောနေသည်ကိုတွေ့ရမှ

'မညွန့်တင်၊ ဘာတွေစဥ်းစားနေသလဲ' ဟု မေးလိုက်သည်တွင် ညွန့်တင်မှာ တွေးတောခြင်းပင်လယ်တွင် မွန်းနစ်မေ့မြောနေရာမှ ရုတ်တရက် သတိရကာ မျက်နှာထားဆည်လျက် 'ဘာမဟုတ်ပါဘူး . . အဓိပ္ပာယ် အယူအဆကလေးတစ်ခု စဥ်းစားနေတာပါ'

'မညာနဲ့နော်၊ စာကိုစဥ်းစားရုံနဲ့တော့ ဒါလောက်စိုက်ပြီးတွေးနေမှာမဟုတ်ပါဘူး၊ မညွန့်တင်မှာ ချစ်တဲ့သူရှိပြီထင်တယ်' ဟု ထစ်လိုက်သဖြင့် မလုံသည့်အိုး တုတ်မိုးရုံနဲ့ အာသည်ကိုဆိုသလို မသန်းကြည်မေးသည့်အတိုင်း မဟုတ်ရိုးမှန်ပါက မျက်နှာထားနှင့် ပြန်၍ငြင်းပယ်ပြောရမည့်နေရာတွင် ပြုံးပြုံးကြီးလုပ်၍ 'မဟုတ်တာဘဲ မသန်းကြည်ရယ်၊ ချစ်တဲ့သူမရှိပါဘူး' ဟု ပြောမိသောကြောင့်

'လိမ်မယ်လို့တော့ မကြံနဲ့ မညွန့်တင်ရေ၊ မျက်နှာကခဲတက်ရုံနဲ့သိပြီးသားပါ၊ မှန်မှန်ပြောစမ်း၊ ဘယ်သူတဲ့လဲ၊ လိမ်ပြောရင် အာပုပ်စော်နံတတ်တယ်ဆိုတာ မကြောက်ဘူးလား'

'အို . . မကြိုက်ရသေးပါဘူးရှင်' ဟု ဆိုမိသည်အတွက် လျှို့ဝှက်ခြင်းတစ်ဝက် ပေါ်နေပြီးဖြစ်သောကြောင့် မသန်းကြည်က ရှေ့နေစစ်သလို ဆက်လက်၍ မေးခွန်းထုတ်ရာတွင် လုံးလုံးပေါ်၍သွားလေ၏။

'အင်း . . သူ့စိတ်သူ့စိတ် . . ဘာစိတ်နဲ့မှ မတူဘူးနော်၊ မစားနိုင်တပိန်ပိန်၊ မသောက်နိုင်တပိန်ပိန်ဆိုတာမျိုးဟာ ဒီစိတ်တွေကြောင့်ပေါ့၊ ညများ အိပ်မှပျော်ပါ့မလားမသိဘူး' ဟု ရယ်သလို၊ ရွှန်းသလို ပြောလိုက်သည့် စကားများမှာ ဖေဒင်ဟောလိုက်ဘိသည့်အလား ညွန့်တင်မှာ ထိုညတွင် အိပ်၍မရတော့ချေ။ စာထဲတွင် ရေးထားသည်များကို တစိမ့်စိမ့်တွေးရာက ကျော်မြင့်၏မျက်နှာကို မြင်ယောင်ယောင်ပြုကာ ဟိုထောင့်နားက ပြုံးသလိုလို၊ ဒီထောင့်နားက မဲ့ပြသလိုလို မိုတ်၍မရသော မျက်စိထဲတွင် ထင်မြင်၍လာသဖြင့် 'ကိုကျော်မြင့်၊ ရှင်ကျွန်မကို နှိပ်စက်တာပဲနော်၊ ကျွန်မဘာသာ အေးအေးနေရရင် အကောင်းသား၊ အခုတော့ ရှင်ရှို့တဲ့စနက်မီးဟာ ချက်ကောင်းက ငြိပြီး ကျွန်မကိုမချိအောင်လုပ်တာလား' ဟု စိတ်တွင်း၌ ကြိတ်မိုတ်ပြောဆိုမိရှာလေတော့၏။ သို့ဖြစ်သည့်အတိုင်း ညွန့်တင်မှာ ကျော်မြင့်ကိုတွေးလေ တွေးလေ တစ်မိနစ်မှ တစ်မိနစ်သို့ ကူးပြောင်းတိုင်း ဆန်းပြားသောစိတ်များဝင်စားလာကာ 'မချစ်ချင်ပါဘူး' ဟူ၍ စိတ်ကိုတင်းခြင်းငှာ မစွမ်းနိုင်သောအခြေသို့ ဆိုက်ရောက်လေတော့၏။

နောက်တစ်နေ့တွင် ညွန့်တင်မှာ မကြံတတ်၊ မစည်တတ်ဖြစ်၍နေသည့်အလျောက် တိုးတိုးဖော်တိုင်ပင်ဖက် ဖြစ်သော မသန်းကြည်အား

'မသန်းကြည်၊ ကျွန်မတော့စိတ်တွေပွေနေပြီ၊ သူ့စာကိုလက်ခံမိတာ ဘာမှမလုပ်နိုင်၊ မကိုင်နိုင်ဖြစ်နေပြီ၊ ရှက်လဲ သိပ်ရှက်တာပဲ၊ စာပြန်ရရင်ကောင်းမလား၊ မပြန်ဘဲနေရရင် ကောင်းမလား' ဟုမေးရာ

'မညွန့်တင်က မေတ္တာမရှိရင် စာပြန်ဖို့ လိုမယ်မထင်ဘူး၊ ဖွင့်ပြီးပြောလိုက်ရုံပေါ့၊ ဒီလိုမှ မပြောချင်ရင် ပညာသင်တုန်းအခါမှာ ဒီစိတ်မျိုးမကူးသေးတဲ့အကြောင်း၊ မောင်လိုနှမလိုစိတ်ထားတဲ့အကြောင်း၊ အချစ်ကို လက်မခံနိုင်သေးလို့ ဝမ်းနည်းကြောင်းနဲ့ စိတ်လဲမဆိုးအောင် မေတ္တာလဲပျက်မသွားအောင်ရေးဖို့ပေါ့၊ မညွန့်တင်က မေတ္တာရှိလို့ ပြန်မယ်ဆိုရင်လဲ ချက်ချင်းပြန်လို့တော့ မကောင်းသေးဘူး၊ အညာလွယ်တယ်လို့ ထင်သွားမှာလဲ စိုးရသေးတဲ့အပြင် ယောကျ်ားဆိုတဲ့လူမျိုးဟာ မြင်တုန်းခဏဖြင့် မချစ်ရင်သေရတော့မလောက် မူယာမာယာ များတတ်တဲ့လူမျိုးမို့ တကယ်တမ်း ချစ်၊ မချစ်ဆိုတာလဲ စောင့်ပြီးကြည့်ဖို့ ကောင်းမယ်ထင်တယ်၊ ဒါကြောင့် ကိုယ့်စိတ်ကိုယ်နိုင်မနိုင် အပြီးအပိုင်ဆုံးဖြတ်ပြီးမှ ဒီအကြောင်းကို စဉ်းစဉ်းစားစားနဲ့ လုပ်တာပေါ့၊ သူတကယ်တမ်းချစ်၊ မချစ်ဆိုတာ သိရအောင် ကျွန်မကြံပြီးပေးပါ့မယ်' ဟု ပြောလိုက်သည့်အတိုင်း ညွန့်တင်တွင် ထိုကိစ္စနဲ့ပတ်သက်၍ မသန်းကြည်ကို လုံးဝအားကိုးမိလေ၏။

ကျော်မြင့်မှာ ညွန့်တင်အား စာပေးမိသည့်နေ့မှစ၍ ကျောင်းတွင် လူချင်းတွေ့မိသည့်အခါတိုင်း မျက်နှာမပြရဲဘဲ အလိုလိုလိပ်ပြာလန့်၍နေလေ၏။ ညွန့်တင်မှာလည်း မျက်နှာချင်းဆုံဖို့ရန်မရဲဘဲ ကျော်မြင့်ကိုမြင်တိုင်း ရှက်သွေးမွှန်ကာ ခေါင်းငုံ့၍သွားသည့်အခါသွား၍၊ မတွေ့ရအောင် လမ်းလွှဲ၍သွားသည့်အခါ သွားသောကြောင့်၊ ကျော်မြင့်မှာ ပြန်စာကလည်းမရသည့်အတွက် အတွေးရခက်၍နေလေ၏။ ညွန့်တင်၏မျက်နှာမှာလည်း ရေးကကဲ့သို့ ကြည်လင်ရွှင်ပျပုံမရသဖြင့် ငါ့အတွက်နဲ့ပဲ သူ့မှာအကြံအိုက်နေရှာသလား၊ ဒါမှမဟုတ် တခြားစိတ်ညစ်စရာနဲ့ ကြုံနေရှာလား' ဟု စဉ်းစားမိသည့်အတိုင်း စာဖတ်ခန်းတွင် ညွန့်တင်အား တစ်ယောက်ချင်းတွေ့သည့်အခါ 'မညွန့်တင်ကြည့်ရတာ အရင်ကနဲ့မတူဘူး၊ စိတ်မကောင်းပုံရတယ်၊ ဘယ်လိုပူပင် စရာများရှိလို့လဲ။ ပြောသင့်တယ်ထင်ရင်ပြောပါ၊ ကူညီနိုင်တာဆိုရင် ကူညီပါရစေ' ဟု ဝင်၍ပြောသည့်အတွက် ညွန့်တင်မှာ ကျော်မြင့်ကိုကြည့်လျက် သူမေးသောစကားကို စဉ်းစားရင်း အကြောင်သားငေးနေပြီးမှ တစ်စုံတစ်ရာ

သတိရသည့်ဟန်ဖြင့် 'ဟုတ်ကဲ့၊ အန်မတန် စိတ်မကောင်းစရာတစ်ခု တွေ့နေရတယ်၊ အကြောင်းတော့ ပြောလို့မကောင်းဘူးထင်တယ်' ဟုဖြေသဖြင့်

'ဒီအကြောင်းထဲမှာ ကိုကျော်မြင့်ကိစ္စကော ပါသလား' ဟုမေးသောကြောင့်

'ပါတယ်ဆိုရင်လဲ မမှားပါဘူး'

'ဒါဖြင့် ကိုကျော်မြင့် ဝမ်းသာရမလား၊ ဝမ်းနည်းရမလား' ဟု မေးလိုက်ရာ

'ဒါကိုတော့ဖြင့် ယခုမဖြေပါရစေနဲ့ဦး၊ တနင်္ဂနွေနေ့ကျ အားလို့ရှိရင် ကျောင်းကိုခဏလာခဲ့ပါဦး၊ ဒီတော့ကာ အကြောင်းစုံပြောပြပါ့မယ်' ဟု ပြောလိုက်သည့်အတွက် ကျော်မြင့်မှာ ရင်ထဲတထိတ်ထိတ်နှင့် တနင်္ဂနွေနေ့ကို စောင့်စားရင်း ညတိုင်းအိပ်မက်ယူ၍ အိပ်ရလေ၏။ တနင်္ဂနွေနေ့သို့ ရောက်သောအခါ ကျော်မြင့်မှာ အိပ်ရာကနိုးသည့်အချိန်ကစ၍ စာမေးပွဲဖြေရမည့်နေ့တွင် စိတ်ထဲ၌ လန့်ရွံ့နေသည်ထက် အပြန်တစ်ရာမျှမက ရွံ့ထိတ်၍နေကာ 'မချစ်ဘူးပြောမလား၊ ချစ်တယ်ပြောမလား' ဟု အဖြေကိုတွေး၍ လန့်နေသဖြင့်

ကိုယ့်လူ ဘာများမှိုင်နေတာတုန်း၊ ခင်ဗျားကြည့်ရတာ ဆွေမျိုးမလာတဲ့တရားခံလိုပဲ' ဟု ကိုသိန်းဖေက ပြောသဖြင့်ကျော်မြင့်မှာ မချိသွားဖြဲရယ်ရာက 'တရားခံနဲ့တူဆို ဒီကနေ့ တရားသူကြီးအမိန့်ချတာ နာခံရမယ့်နေ့ပဲ၊ မျက်ခုံးတွေလဲ လှုပ်တယ်'

'မျက်ခုံးလှုပ်ရင် ကျွန်တော်ဟောမယ်၊ ညာဘက်ကလှုပ်ရင် လာဘ်၊ ဘယ်ဘက်ကလှုပ်ရင် ကိုး၊ အောက်ကလှုပ်ရင် တွဲ' ဟု ပြောသည်တွင်

'ခင်ဗျားနောက်ပေမယ့် ကျွန်တော့်မှာ မရယ်နိုင်ဘူးဗျာ၊ ဘာကြားရမလဲမသိဘူး'

'ဒါဖြင့် ကျွန်တော် နံဖိုနံမထောက်ကြည့်မယ်' ဟု ဆိုကာ ပါးစပ်ထဲလက်ညှိုးထိုး၍ 'ဖောင်းဝွိ' ဟူ၍ ထောက်လိုက်ပြီးလျှင် 'ဟာ စောင်းလိုက်ကျတယ်၊ အဲဒါအပြောရခက်တာပဲ၊ နို့ပေတဲ့ ခင်ဗျားအကြံအောင်အောင် ဆောင်ဖို့ဟာကလေးတွေ တွက်ချက်ပေးလိုက်မယ်၊ ခင်ဗျားဘာနေ့သားလဲ'

'အံ့မယ် ခင်ဗျားဗေဒင်တတ်လား၊ အစတုန်းက မသိရပါလားဗျာ'

'ဗေဒင်မှာတော့ ယယ်ယယ်ကတည်းက လက်ရိုးကျေလာတာ၊နွားကန်ခံရလို့' ဟု ပြောလိုက်မှ 'လုပ်ပြီ၊ ခင်ဗျားကတော့ လူချင်းမတွေ့သေးဘူး၊ မဟုတ်မဟတ်ကတော့ အရင်ပြောတော့မယ်' ဆိုကာ ပြုံးမိလေ၏။

ကျော်မြင့်အင်းလျားဆောင်သို့ သွားတော့မည်အပြုတွင် သိန်းဖေသည် အဖော် လေးငါးယောက်ကိုခေါ်လာကာ 'တော်..တော်..တော်..ချိန်..ဟ အိန်' ဟု စည်တော်ရွှမ်းသူကရွှမ်း၍ ဗေယျတုသံ ကြွေးကြော်သူက ကြွေးကြော်လျက်၊ ခရာသင်းမှုတ်သံ ပြုလုပ်သူကပြုလုပ်သောကြောင့် ကျော်မြင့်မှာ အများရှုးသလိုမရှုးလျှင် မိမိသာ ကြောင်တက်တက်အရှုးဖြစ်နေမည့်အတွက် ရှင်ဘုရင်ထွက်ဟန်နှင့် ခြေကိုလှမ်းရာ 'ချီတော်မူပါဘုရား၊ အမဲရိုးတွေ၊ လှမ်းတော်မူပါဘုရား သေးစိုတဲ့အဝတ်တွေ' ဟု သံပြိုင်အော်ကြသောကြောင့် ကျော်မြင့်မှာ သုတ်ခြေတင်၍ ပြေးရလေတော့၏။

ကျော်မြင့်သည် အင်းလျားဆောင်ဧည့်ခန်းအတွင်း ရှင်းသောနေရာတွင်ထိုင်၍ ညွန့်တင်ကို စောင့်မျှော်နေရင်း သူ၏စိတ်တွင်း၌ ဘယ်လိုစကားများကြားရပါမည်လဲဟု တွေးတောထိတ်လန့်ကာ နှလုံးသားမှ တထိတ်ထိတ် သွေးများကျနေသံကို ကြားယောင်ယောင်ရှိနေပေတော့၏။ ကိုကျော်မြင့် ကျွန်မတော့ဖြင့် ရှင့်ကိုမကြိုက်နိုင်ဘူး လို့များ ပြောလိုက်ရင် ဘယ်လိုမျက်နှာထားရပါမလဲဟု တွေး၍လန့်ကာ ပြန်၍သာ ပြေးချင်သောစိတ်များ

ပေါ်လာသော်လည်း ညှိုးငယ်သော မျက်နှာနှင့် ကပိုကရိုဝတ်စားကာ ဝင်၍လာသော ညွန့်တင်ကို မြင်လိုက်ရသောအခါ မပြေးနိုင်ဘဲရှိကာ ငိုချင်သလိုလို၊ ဝမ်းသာရတော့မလိုလို ဖြစ်မိလေ၏။

မိမိနှင့် မျက်နှာချင်းဆိုင် ညွန့်တင်ဝင်၍ထိုင်လိုက်သောအခါ ကျော်မြင့်မှာစေ့စေ့ကြည့်ရန် မျက်နှာပူလျက် စားပွဲကိုသာ ငုံ့၍ကြည့်နေလိုက်ရလေ၏။ အတန်ကြာမှ ညွန့်တင်က တုန်ယင်နေသောအသံဖြင့် 'ကိုကျော်မြင့်' ဟု မရဲတရဲခေါ်လိုက်မှ 'ဗျာ' ဟု လေးလေးကြီးထူးကာ ခေါင်းကိုမော့၍ ကြည့်နိုင်သော်လည်း မိမိကမူ မည်သည့်စကားကိုမျှစ၍ ပြောရန်မရဲသဖြင့် ညွန့်တင်၏စကား အလာကိုစောင့်နေရာ

'ကျွန်မ ဒီကနေ့စကားပြန်ဖို့ပဲနော်'

'ဟုတ် . . ကဲ့'

'နို့ပေတဲ့ ချိုတယ်၊ ခါးတယ်ဆိုတာ ဘယ်ဒင်းမှ မပြောနိုင်အောင် ဝမ်းနည်းစရာတစ်ခု ပေါ်လာတယ်၊ ဟောဒီစာကိုပဲကြည့်တော့၊ ကျွန်မတို့မေမေဆီက ပေးလိုက်တဲ့စာပဲ' ဟုပြောရင်း စာကိုလက်ကိုင်ပဝါကလေးဖြင့် ပတ်ထားသည်ကိုထုတ်၍ ပေးလိုက်ရာ ကျော်မြင့်မှာ သာ၍ထိတ်လန့်လျက် တုန်တုန်ယင်ယင်နှင့်ယူပြီး ဖတ်ကြည့်လေ၏။

ညွန့်တင်သည် ကျော်မြင့်၏မျက်နှာကိုကြည့်နေလေရာ စာကိုဖတ်ရင်းသူ၏မျက်နှာတွင် အရောင်အသွေးများ ကွယ်ပျောက်သွားပြီးလျှင် စာဆုံးသည်နှင့်တစ်ပြိုက်နက် သက်မကြီးချလိုက်သံကို ကြားရသဖြင့်

'အဲဒီစာထဲမှာပါတဲ့အတိုင်းပဲ ကိုကျော်မြင့်၊ အခု ဒီဇင်ဘာကျောင်းပိတ်လို့ပြန်သွားရင် ကျွန်မတစ်ခါတည်း ပြန်မလာရတော့ဘူး၊ ကျွန်မကို ယောကျ်ားပေးစားဖို့ စီစဉ်ပြောဆိုပြီးကြပြီ၊ ကျောင်းပိတ်ရင် မေမေကိုယ်တိုင်လာပြီးခေါ်လိမ့်မယ်၊ ဒီအကြောင်းကို ကိုကျော်မြင့် တစ်ယောက်သာ သိပါစေ၊ မလွှဲသာလို့ ကိုကျော်မြင့်ကို အသိပေးရတာပါပဲ၊ ရှက်လဲရှက်ပါရဲ့'

ကျော်မြင့်မှာ ဘယ်စကားကိုပြောရပါ့မလဲဟု အစရှာ၍ မရနိုင်အောင်ရှိပြီး လည်တိုင်သို့ ပိတ်ဆို့တက်ရောက် လာသော တစ်တစ်ခဲခဲ ဝမ်းနည်းလုံးကြီးကို ကြိတ်မှိတ်မျိုချလိုက်ကာ

'ဒါဖြင့် ကိုကျော်မြင့်အဖို့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့'

'ဒါတော့ ကိုကျော်မြင့်လဲ ပညာရှိပဲ၊ စဉ်းစားကြည့်တော့လေ၊ မိဘစကားကို ပယ်ရှားလို့မဖြစ်နိုင်ဘူး၊ အထူးသဖြင့် အခုလောက်ပညာတွေသင်ပြီးမှ မိဘစကားကိုပယ်ရင် တစ်သက်လုံး လူပြောလို့ဆုံးနိုင်တော့မှာ မဟုတ်ဘူး'

ကျော်မြင့်မှာ ခေါင်းငိုက်စိုက်ကြီးချလျက်နေပြီး 'ကိုကျော်မြင့်ဟာ မညွန့်တင်အပေါ်မှာ ဘယ်လောက်မေတ္တာ ရှိတယ်ဆိုတာ မညွန့်တင်သိရဲ့နော်'

'ဒါကတော့လေ၊ ကိုကျော်မြင့်သဘောကိုကြည့်ပြီး ဆုံးဖြတ်ရမယ်ဆိုရင် စာထဲမှာရေးတဲ့အတိုင်း ယုံလောက်ပါရဲ့လို့ အောက်မေ့ရမှာပဲ'

'ယုံတယ်ပဲထားပါတော့ ညွှန့်ရယ်၊ ဒီလိုဆိုရင် မညွှန့်တင်က ပြန်ပြီးတော့ ကိုကျော်မြင့်က ချစ်သလို မချစ်ဘူးလား' ဟု မေးလိုက်ရာ ညွှန့်တင်တွင် ငေးတေးတေးကြီး ဖြစ်နေပြီးမှ 'တစ်ခုရှိပါတယ် ကိုကျော်မြင့်၊ ယခု ကိုကျော်မြင့် သိပြီးမဟုတ်လား၊ ကျွန်မ ယောကျ်ားယူရတော့မယ်ဆိုတာ၊ ဒီဟာကိုသိရက်သားနဲ့ ကျွန်မက ချစ်တယ်၊ မချစ်ဘူးဆိုတာ သိရလို့ ဘာများအကျိုးထူးဖို့ ရှိသေးသလဲလို့'

'မညွှန့်တင်ပြောတာ ဟုတ်တော့လဲ ဟုတ်ပါတယ်၊ နို့ပေတဲ့ မညွှန့်တင်ကို ဘယ်နည်းနဲ့မှ ရဖို့လမ်းမမြင်သော်လဲ ချစ်ပါတယ်ဆိုတဲ့ စကားကလေးကို ကြားရရင် စိတ်သက်သာရ ရသေးပါကလားလို့ အောက်မေ့ပြီး အလွမ်းကိုဖြေနိုင်လိမ့်မှာပဲ'

'မဟုတ်ဘူး၊ ကိုကျော်မြင့် မဟုတ်ဘူး၊ ကျွန်မက ချစ်ပါတယ်လို့ ပြောလိုက်ရင် ကိုကျော်မြင့်သာပြီး ဒုက္ခများဖို့ပဲနော်၊ သြော် ကိုယ်ကလဲချစ်၊ ကိုယ့်ကိုလဲချစ်ပါရက်ကနဲ့ ကိုယ်ချစ်တဲ့သူနဲ့ မပေါင်းရလေခြင်းဆိုတဲ့ ယူကျုံးမရနိုင်အောင် တဆွေးတည်းဆွေးနေဖို့ အမှတ်အသားတစ်ခုတောင်းတာနဲ့ အတူတူပါပဲ၊ ဒါကြောင့် ဒီစကားကိုမကြားချင်ပါနဲ့ ကိုကျော်မြင့်ရယ်၊ ရေစက်မဆုံလို့ ဒီဘဝမှာ ဖူးစာမမျှနိုင်သော်လဲ နောက်နောင် တွေ့လေရာဘဝတွေမှာ အကြောင်းမျှနိုင်အောင်သာ ဆုတောင်းပေးပါ၊ ကျွန်မအဖြေကို မကြားချင်ပါနဲ့၊ ချစ်ပါတယ်ပြောလဲ ကိုကျော်မြင့်မှာ မသက်သာပါဘူး၊ မချစ်ဘူးဆိုရင်လဲ သာပြီးဆိုးဖို့ပဲ ရှိပါတော့တယ်'

'နို့ပေတဲ့ မုန်းတော့မမုန်းဘူးမဟုတ်လား'

ညွှန့်တင်တွင် အတန်ကြာတွေဝေ၍နေပြီးမှ 'ဟုတ်ကဲ့၊ မုန်းတော့ မမုန်းပါဘူး'

'မမုန်းရင် ချစ်တယ်လို့ဆိုရမှာပေါ့' ဟု ဇွတ်မေးနေပြန်သဖြင့်

'ကိုကျော်မြင့် ဒီအဖြေကို သိပ်ပြီးကြားချင်သလား'

'ကြားချင်သမှ မချိဘူး၊ ဒီကနေ့ ဒီအဖြေကို ကြားရမလားလို့လာခဲ့တာပဲ၊ ဒီကျမှ စိတ်မသက်သာစရာ တွေ့နေရလို့ ချစ်တယ်လို့ကြားလိုက်ရရင်လဲ ကြံဖန်ပြီး စိတ်ကိုဖြေဖျော်နိုင်မှာပဲ၊ မချစ်ဘူးဆိုရင်လဲ ကြိတ်မှိတ်ပြီးဖြတ်ရုံပေါ့' ဟု ပြောသောကြောင့် ညွှန့်တင်တွင် သနား၍လာကာ 'ဒါဖြင့်လေ ကျွန်မ မသွားခင်ပြောပါ့မယ်၊ အခုတော့ ခဏအောင့်အည်းစောင့်စားပြီး စိတ်ကို တဖြည်းဖြည်းဖြေတာပေါ့' ဟု ပြောလိုက်သည့်အတွက် ကျော်မြင့်မှာ ထီထိုးရာတွင် ပထမဆုမရသော်လည်း ပျမ်းမျှကြေး ရနိုင်သေးသည်ကို မျှော်လင့်ရတော့မည်ဖြစ်လျက် ညွှန့်တင်အား နှုတ်ဆက်၍ ပြန်ခဲ့လေရာ ကျောင်းဝင်းအပြင်သို့ ဖြည်းနှေးသောခြေလှမ်းဖြင့် လှမ်းကာ ခေါင်းငိုက်စိုက်ကျလျက် ထွက်သွားရှာသော ကျော်မြင့်ကို ညွှန့်တင်မြင်ရသောအခါ နေရာမှ မရွှေ့နိုင်ဘဲ မိမိအခန်းတံခါးဝကိုမှီကာ မချင့်မရဲ ဝမ်းနည်းသနားမိလေတော့၏။

သိန်းဖေမှာ ကျော်မြင့်အပြန်ကို စောင့်မျှော်လေရာ အတော်ပင်ကြာပြီဖြစ်သည့်တိုင်အောင် ပြန်၍မလာသေးသည်ကို ထောက်ချင့်လျက် ဒါလောက် ကြာပုံထောက်တော့ နေရာကျလို့ပဲဟု တွေး၍ ဝမ်းသာလို့မှမဆုံးမီ ပြုံးရွှင်ခြင်းကင်းမဲ့သောမျက်နှာနှင့် ကျောင်းပေါ်သို့တက်လာသော ကျော်မြင့်၏မျက်နှာကို မြင်လိုက်လျှင် မတွေးတတ်အောင် ဖြစ်၍သွားကာ အနားသို့ပြေး၍သွားပြီး 'ဘယ့်နှယ်တုန်း နေရာကျခဲ့ရဲ့လား' မေးသည်တွင်

'မမေးနဲ့တော့သူငယ်ချင်း၊ ချစ်တယ်လဲ မဟုတ်ဘူးတဲ့၊ မချစ်ဘူးလဲ မဟုတ်ဘူးတဲ့' ဟု အောက်မေး လေးလေးကြီးနှင့် ပြန်၍ပြောလိုက်သဖြင့်

'ဘယ့်နှယ်တုန်းဗျ၊ ခင်ဗျားစကားဟာက ရာသက်ပန် အခွဲလဲမဟုတ်၊ အတွဲလဲမဟုတ်ဘဲ အခုမခွဲသေးဘူး၊ နောက်တော့လဲ မတွဲဘူးဆိုတာမျိုးကျနေပြီ'

'အစစ်ပဲ၊ အဲဒါမျိုးကျနေလို့ ကျွန်တော်ဖြင့် သေချင်လှပြီ' ဟု ပြောသောကြောင့် 'မသေချင်စမ်းပါနဲ့ဗျာ၊ လင်းတတွေ ဖင်နိုက်မှာ မကြောက်ဘူးလား' ဟုဆိုပြီးမှ 'အကျိုးအကြောင်းကလေးများ ပြောစမ်းပါဦးဗျာ' ဟု ပြောကာ ကျော်မြင့်၏ပခုံးကို ပွေ့ဖက်ကာ ၎င်း၏အခန်းသို့ ခေါ်သွားလေ၏။

* * * * * * * * * * * * * * * * * * * * * * * * * * *

'အို XX ကောလိပ်ကျောင်းက XXX ပြန်မယ့်အစ်ကိုမောင် XXX လက်ထပ်တော့မယ် XXX တကယ်လားဆို XXX' စသော တေးသီချင်းကို မြိန်မြိန်ရှက်ရှက်ကြီး သီဆိုနေကြသော ကျောင်းတော်သားတို့သည်ကား ဒီဇင်ဘာလ ခရစ်စမတ်ကျောင်းပိတ်ရက်တွင် ရပ်ရွာဒေသသို့ပြန်ကြတော့မည်ဖြစ်သဖြင့် ခွဲခွာရစ်ခဲ့ရသူကလေးများနှင့် ပြန်လည်တွေ့ရတော့မည့်အရေးကိုမျှော်တွေးကာ ဝမ်းသာလုံးဆို့နေကြသော်လည်း ကျော်မြင့်မှာ ထိုတေးသံကိုကြားလျှင် 'အို XXX ကောလိပ်ကျောင်းက ပြန်မယ့်ခင့်မောင် XXX လက်ထပ်တော့မယ် တကယ်ပဲရှင်' ဟု ကြားရသကဲ့သို့ဖြစ်ကာ မချိမဆန့်သော အတွင်းဆွေးဝေဒနာကို ခံစားရလျက် မိမိအား မညွန့်တင်နှင့်စောင်းချိတ်၍ ဆိုသကဲ့သို့ ထင်မှတ်ကာ တေးဆိုသူကို သတ်၍ပစ်လိုက်ချင်ပေတော့၏။ ညဥ့်အချိန်သို့ ရောက်သောအခါ ပြန်သူကပြန်၊ ကျန်သူကကျန်လျက် ဆူဆူညံညံ နှုတ်ဆက်သံများသည် မိမိအား မညွန့်တင် နှုတ်ဆက်ဘိသကဲ့သို့ ထင်မိလေ၏။ ညွန့်တင်လည်း ထိုနေ့ညတွင် ပြန်တော့မည်ဖြစ်သဖြင့် ကျော်မြင့်မှာ ညွန့်တင်ထံမှ ကြားရမည့်အဖြေကိုလည်း မျှော်လင့်ရင်း နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လို၍ ဆွယ်တာအင်္ကျီကိုဝတ်ကာ လေလှော်အဝတ်၊ ဘလေဇာအစိမ်း၊ ရွှေဝါကြိုးကွပ်အင်္ကျီကို ထပ်ဆင့်ဝတ်လျက် ဘူတာရုံကြီးဆီသို့ လာခဲ့လေ၏။

'သြော် . . ကိုကျော်မြင့်၊ မီးရထားလာပို့သလား' ဟု ပြုံးရွှင်စွာ ဆီးကြို နှုတ်ဆက်သံကလေးသည် ကြည်လင်ချိုအေးသလောက် ကျော်မြင့်၏နားထဲမှ အသည်းထိအောင် ကလိ၍ဆင်းသွားလေရာ 'ဟုတ်ကဲ့ ဒီညပြန်ဖြစ်တယ်နော်'

'ဟုတ်ကဲ့ ပြန်ဖြစ်ပါတယ်' ဟူ၍ ဖြေဆိုသံကိုသာ ကြားလိုက်ရပြီးလျှင် အခြားလိုက်ပို့သော ကျောင်းသူကလေးများနှင့်တကွ ညွန့်တင်၏အမေနှင့်တူသူ မိန်းမကြီးကို မြင်ရသည့်အပြင် ညွန့်တင်မှာလည်း ကျောင်းသူများကိုဧည့်ခံစကားပြောနေသောကြောင့် ရထားတွဲဘေးခပ်လှမ်းလှမ်းက ရပ်လျက်သာ ညွန့်တင်၏မျက်နှာကို အားရပါးရ ဝဝကြီးကြည့်နေလေတော့၏။

ကျော်မြင့်၏မျက်လုံးနှင့်စိတ်အာရုံများမှာ ညွန့်တင်ပေါ်တွင်သာစူးစိုက်နေရကား ထိုမီးရထားနှင့် အတူလိုက်ပါမည့် ကျောင်းသားများတွင် ကျော်မြင့်နှင့်သိသူအချို့တို့က အနားသို့ကပ်၍ နောက်ပြောင်သွားသည်ကိုမျှ မကြားနိုင် မမြင်နိုင် ရှိရှာလေ၏။

မီးရထားထွက်ချိန် နီး၍လာသောအခါ ကျောင်းသူကလေးများလည်း ပြန်ကြရန် ဖင်တကြွကြွရှိကြသည့်နှင့် စကားစပြတ်၍ လာသောကြောင့် ညွန့်တင်လည်း ရထားအပြင်ဘက်သို့ခေါင်းပြူကာ ကျော်မြင့်အားကြည့်လျက် 'ဒီမှာစကားကောင်းနေတာနဲ့ ကိုကျော်မြင့်တောင် ဘာမှမပြောရသေးဘူး၊ လိုက်ပို့တာ ကျေးဇူးတင်ပါတယ်' ဟု ပြောလိုက်စဉ် ညွန့်တင်၏ခေါင်းပေါ်မှ ပန်းပွင့်ကလေးသည် ကျွတ်၍ကျလာသဖြင့် ကျော်မြင့်က ကောက်ယူပြီးလျှင် ပေးတော့မလိုလိုလုပ်ပြီးမှ ပန်းကလေးကို နမ်းရှုံ့ကာ မိမိအိတ်ထဲသို့ ထည့်လိုက်သည်တွင် ညွန့်တင်တွင် ကြင်နာသောစိတ်များပေါ်ပေါက်၍လာကာ နှစ်သက်သဘောကျသောပြုံးခြင်းဖြင့် ပြုံးလိုက်သဖြင့် ကျော်မြင့်မှာ ကျေနပ်၍ မဆုံးနိုင်အောင်ရှိလေတော့၏။

မီးရထားထွက်ရန် ပထမခေါင်းလောင်းထိုးလိုက်ကာမှ ညွှန့်တင်တွင် တစ်စုံတစ်ရာကိုသတိရကာ လက်ကိုင်အိတ်ထဲမှ စာအိတ်သေးသေးလေးကိုထုတ်ကာ 'တစ်ဆိတ် ဒီစာကလေး . . ဆရာချူးကိုပေး . . ပေးပါနော်' ဟု ဆို၍ ပေးလိုက်သဖြင့် ကျော်မြင့်က လှမ်း၍ယူကာ အိတ်ထဲသို့ထည့်မည်လုပ်ပြီးမှ စာအိတ်ကိုသေချာစွာကြည့်မိရာ 'ကျောင်းကျလျှင် ဖွင့်ကြည့်ပါ' ဟု အင်္ဂလိပ်လို ရေးထားသည်ကို တွေ့ရသဖြင့် မိမိအဖို့ စာဖြစ်သည်ကို သူများမသိအောင် ပြော၍ပေးခြင်းကိုရိပ်မိကာ ဖိုးကြိုင်းတုတ်ဖြစ်မိလေ၏။

တွဲပေါ်မှ ကျောင်းသူကလေးများဆင်းကြ၍ မကြာမီပင် ဒုတိယခေါင်းလောင်းအသံနှင့်ဆက်၍ ဂါတ်ဗိုလ်ခရာသံထွက်ပေါ်လာပြီးလျှင် ဥသြမှုတ်သံမှာ ဝမ်းနည်းစွာ ဟစ်အော်ကြွေးကြော် လိုက်သကဲ့သို့ အောက်မေ့ရကား ကျော်မြင့်တွင် ဝမ်းနည်းပက်လက်ကြီးဖြစ်ကာ 'တစ်ခါဖြင့် ကွဲပေါ့ခင်ရေ . . . ကွဲကြပေါ့' ဟု ဝမ်းတွင်းကကြိတ်၍ ပူဆွေးငိုကြွေးမိလေတော့၏။ ဘူတာရုံအမိုးရှိ ပန်ကာများငြိမ်သက်၍သွားပြီးလျှင် ရထားတွဲရှည်ကြီး၏ဘေးတွင် လိုက်ပို့သူများ စီတန်းလျက်ရှိကာ အဆင်းအတက်ရှင်း၍သွားသည့်ခဏ၌ ရထားတွဲနောက်မီးမှ မီးစိမ်းရောင်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ဂျုတ်ဂျုတ်မြည်သံပေါ်ထွက်လာသောအခါ

'ဂွတ်ဘိုင် ဒိုရစ်၊ ဂွတ်ဘိုင် မညွှန့်တင်၊ ဂွတ်ဘိုင် မဇရီ' စသောအသံဆာဆာကလေးများကို ကြားရပြီး 'သွားပြီ ကိုကျော်မြင့်၊ သွားတော့မယ်နော်'

'ဟုတ်ကဲ့ သွားတော့၊ သွားတော့' ဟု အားလျော့သောအသံဖြင့် ပြန်လည်နှုတ်ဆက်ကာ ငေးငေးကြီးကြည့်နေစဉ် ရထားရွေ့လျားစပြုလာလေရာ လက်ကိုင်ပဝါထုတ်၍ လှုပ်ပြနှုတ်ဆက်ကြသည်တွင် ကျော်မြင့်မှာမူ လက်ကိုင်ပဝါကို ကိုင်ဖို့ရန်ကိုမှ သတိမပြုနိုင်ဘဲ သံတိုင်ကိုမှီကာ အားမရှိသောသူ၏ဟန်မျိုးဖြင့် ညွှန့်တင်အား လက်လှုပ်၍ပြရင်းပင် မီးရထားသည် တဖြည်းဖြည်းဝေး၍သွားကာ သိမ်ဖြူသုသာန်ကိုကျော်၍ ဘင်္ဂါလီစုလွန်သည်တွင် ဆောင်းရာသီအလျောက် တဖွေးဖွေးကျရောက်သော နှင်းမြူတို့အကြားတွင် မီးရထားနောက်မီးနီရောင်သည် မှေးမှိန်ပျောက်ကွယ်၍ သွားသောကြောင့် ကျော်မြင့်မှာ မျက်ရည်များဝိုင်းလာကာ သက်ပြင်းကြီးချမိလေတော့၏။

'လာဗျာ ကိုကျော်မြင့်၊ မပြန်သေးဘူးလား' ဟု ကျောင်းသားတစ်ဦးက ခေါ်တော့မှ ကျော်မြင့်တွင် ပြန်ရန်သတိရကာ 'ဟုတ်ကဲ့၊ လိုက်တာပေါ့' ဟု ဆိုပြီးလျှင် ထိုသူနှင့်အတူ မီးရထားဘူတာရုံအတွင်းမှ ထွက်ကာ တက္ကစီတစ်စင်းကိုငှား၍ ကျောင်းသို့ပြန်ခဲ့လေတော့၏။

ကျော်မြင့်သည် အခန်းတွင်းသို့ရောက်သောအခါ ညွှန့်တင်ပေးလိုက်သောစာကို ဖွင့်၍ဖတ်မည်ပြုနေစဉ် သိန်းဖေဝင်၍လာကာ

'ဘာစာတုန်းဗျာ'

'မညွှန့်တင်ပေးတဲ့စာလေ၊ မီးရထားမထွက်ခင် ပေးသွားတယ်'

'ဟာ ဟုတ်လား၊ လုပ်စမ်းဗျို့ ဖတ်ရအောင်' ဟု ဆိုကာ အနားသို့ကပ်၍လာမှ ကျော်မြင့်သည် စာအိတ်ကိုဖွင့်၍ စာရွက်ခေါက်ကလေးကို ဆွဲထုတ်ပြီးလျှင် ဖြည်ကြည့်လိုက်သောအခါ 'ချစ်ပါတယ်' ဟူ၍ရေးထားသော သုံးလုံးသောစာကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ကျော်မြင့်မှာ ပျော်ခြင်းမလှရှင်ပျော်လျက် အားရဝမ်းသာထ၍ခုန်ကာ စာရွက်ကလေးကို ရင်ထဲတွင်ကပ်ပြီးလျှင် လက်နှစ်ဘက်ဖြင့် ပွေ့ဖက်ရင်း

မျက်စိကိုမှေးလျက် ဇာတ်လိုက်မင်းသား အားရ၍မှိန်းသည့်ဟန်မျိုး လုပ်လိုက်ရာ သိန်းဖေက 'ပျော်တယ်၊ သူ့ရည်းစား လင်ယူတော့မှာမို့' ဟု ပြောလိုက်ဖြင့် ကျော်မြင့်မှာ မညွန့်တင်၏အဖြစ်ကို ပြန်၍သတိရကာ မှိုင်၍ကျသွားလေ၏။

'ခက်တာပဲ ကိုသိန်းဖေ .. ခက်ပြီ၊ ကျွန်တော်ချစ်တဲ့ သူကလေးနဲ့ဖြင့် ကွဲရတော့မယ်၊ ကွဲပြီဗျာ ကွဲပြီ။ ကျွန်တော်လဲ သူ့ကိုချစ်လိုက်ရတာ သေလုနေပြီ၊ သူကလဲ ခင်ဗျားသိတဲ့အတိုင်းပဲ ချစ်ရှာပါရဲ့၊ ချစ်လို့မှအားမရခင် ကွဲရချက် နာလှချည်ရဲ့ ကိုသိန်းဖေ၊ ဘယ့်နှယ်ကြံရပါ့မလဲ၊ သိပ်စိတ်ညစ်စရာပဲဗျာ'

'ဘယ်လို့မှ မကြံနိုင်ဘူး ကိုကျော်မြင့်၊ လမ်းဆုံးပြီ'

'အင်း .. အဲဒီလိုလဲ အားပေးဦးမှပေါ့' ဟု ဆိုပြီးမှ

'ခင်ဗျားသာ ဒီအနားမှာမရှိရင် ကျွန်တော်ငိုချလိုက်ပါရဲ့'

'ဗျာ ဘယ်လိုပဲချစ်ချစ် ဖူးစာရှိမှ ပေါင်းရမှာပေါ့ဗျာ၊ တွေးပြီး ဝမ်းနည်းပေမယ့်လဲ မရဘဲဟာ၊ ဘာထူးသေးသလဲဗျာ၊ စိတ်အပင်ပန်းခံမနေပါနဲ့၊ ဒီလိုပဲဖြေရတာပေါ့ဗျာ၊ ကြာရင်မေ့မှာပါပဲဗျာ' ဟု ပြောနေစဉ် အဆောင်မှူး စစ်ဆေးရန် လှည့်လည်လာသောခြေသံကြား၍ သိန်းဖေမှာ ထွက်သွားရလေတော့၏။

* * * * * * * * * * * * * * * * * * * * * *

ဝသန်ပြောင်းကြွ ဆောင်းလရာသီ ဤမည်သောအခါတွင် တသွင်သွင်၊ တဖြိုက်ဖြိုက်၊ တလိုင်လိုင်၊ တဝေဝေ စွေသွန်ကျဆင်းလျက်ရှိသော မြူနှင်းရည်များသည် ယူနီဘာစီတီအက်စတိတ်ခေါ်သော မြို့တော်ကလေးတစ်မြို့မျှ သာယာလှသည့် တက္ကသိုလ်ကျောင်းနယ်နိမိတ် တစ်ဝန်းလုံးတွင် လွှမ်းဖုံးရစ်သိုင်း၊ ငွေနှင်းရည်ဆိုင်းလျက်ရှိကာ တစ်ကျောင်းနှင့်တစ်ကျောင်း 'မမြင်နိုင်လောက်အောင် ပိတ်မှောင်ကာဆီးလျက် ရှိပေတော့၏။ ဒီဖင်ဘာ ကျောင်းပိတ်ထားသဖြင့် ကျောင်းတက်ရန် မရှိသည့်အလျောက် စောစောစီးစီး ထရန်မလိုဘဲ ကာလနဂါးချင့် ယှဉ်ပြိုင်ကာ ချမ်းချမ်းနှင့်ကွေးသူကကွေးလျက် နံနက်စောစော 'ဘန်း' ခေါ်သည့် ပေါင်မုန့်နှင့်လက်ဖက်ရည်ကို မမီလိုက်လျှင် ဘိုင်ကျသည့်အခါ စားစရာမရှိမည်ကိုစိုး၍ စောစောနိုးနှင့်သူက နိုးလေ၏။

'အိုင်ဆေး ကိုကျော်မြင့်၊ ထလေဗျာ၊ ဘယ်အချိန်ရှိပြီလဲ' ဟု မှန်ကိုခေါက်၍ တံခါးကို တွန်းလှုပ်ကာ နှိုးလိုက်သော သိန်းဖေ၏အသံကိုကြားရသဖြင့် ကျော်မြင့်မှာ ချမ်းချမ်းနှင့် ကွေးနေရာက မထချင်ထချင်နှင့် တံခါးကိုဖွင့် ပေးရလေရာ

'ခင်ဗျားက ဒီကနေ့ည ခရစ်စမတ်ဒင်နာ ထမင်းစားပွဲကြီးစားရမှာမို့ ဝမ်းချောင်အောင် ဝမ်းနုတ်ဆေးတွေစားထားလို့ ပျော့ပြီးခွေနေတာလား' ဟု သိန်းဖေကမေးသဖြင့်

'မပြောပါနဲ့ဗျာ . . ကျွန်တော်ဖြင့် တစ်ညလုံးအိပ်မပျော်ဘူး၊ မနက်ကျမှ မှေးခနဲ အိပ်ပျော်ပြီး စိတ်ညစ်ညစ်နဲ့ ကွေးနေတာပဲ'

'သြော် သူ့စိတ်နော် သူ့စိတ်၊ ဘာနဲ့မှမတူဘူး၊ တယ်ဆိုးတဲ့ဟာမျိုးပဲ၊ အချစ်ဆိုတာ ပဒိုင်းသီးနဲ့ အတူတူပဲဗျ၊ စားရင်လဲရူး၊ ဆုပ်ရင်လဲစူး ဆိုတာလို ကျနေပြီ၊ နို့ပေတဲ့ ကိုကျော်မြင့်ရာ၊ မထူးတဲ့ဘဝကြီးရောက်နေပြီ မေ့ပစ်လိုက်ပါတော့ဗျာ'

‘စိတ်ကိုဖြေလို့လဲ မရဘူးဗျာ၊ မေ့နိုင်ဖို့တော့ဝေးရောပဲ’ ဟု ဆိုပြီးမှ ‘နေပါဦးဗျ၊ ဘာကိစ္စရှိလို့ စောစောကြီး ကျွန်တော့်အခန်း လာရတာတုန်း’ ဟု မေးမှ

‘အားလုံးက ဒီကနေ့ညပျော်ပွဲကြီးမှာ ခင်ဗျားနဲ့ကျွန်တော် ဇာတ်ခုံပေါ်တက်ပြီး မျက်လှည့် ပြရမတဲ့ဗျ၊ ကျွန်တော်တို့ နည်းနည်းပါးပါးပြတတ်တာ သိတော့ ခင်ဗျားကဆရာ၊ ကျွန်တော်က လူပျက်လုပ်ရမတဲ့၊ နို့ပြီး ကိုကျော်စိန်နဲ့ ကိုတင်တို့က နှစ်ပါးသွားစုံတွဲ၊ မိုဟာမက်ဟူစိန် (ခေါ်) မောင်မောင်လှက တရုတ်သီချင်းဆိုရမတဲ့၊ ဒါကြောင့် စောစောစီးစီးဇာတ်တိုက်မလို့လာခဲ့တာပဲ’

‘ဟာ စိတ်ညစ်လို့ သေရတော့မယ့်အထဲ၊ ဒီဟာတွေ ဘာလုပ်နိုင်ပါ့မလဲဗျာ’

‘နို့ပေတဲ့ အများကခိုင်းရင် လုပ်ရမှာပဲ၊ ကိုင်းဗျာ မျက်နှာသစ်ချေ၊ ခင်ဗျားက အတည်လုပ်၊ ကျွန်တော်က အရှုပ်ပေါ့ဗျာ’ ဟု ပြောရင်း သိန်းဖေ ထွက်သွားလေ၏။

ပျော်ပျော်ပါးပါးနှင့် ခရစ်စမတ်ထမင်းစားပွဲကြီး ပြီးသောအခါ ရုပ်ကြ၊ နောက်ကြ၊ တေးဆို အော်ဟစ်ပျော်မြူးကြရန် ဇာတ်ခုံဆင်၍ စားပွဲ ကုလားထိုင်များ ရှင်းလင်းနေကြစဉ် သိန်းဖေသည် ကျော်မြင့်၏အခန်းသို့ ပြေးလာသောအခါ ကျော်မြင့်မှာ ဝီစကီဆိုဒါပုလင်းများ မားမားရပ်တည်ရာ စားပွဲပေါ်တွင် ခေါင်းစိုက်၍ လဲနေသည်ကို တွေ့ရသဖြင့်

‘ဟာ ကိုကျော်မြင့်၊ ဘယ့်နှယ်ဖြစ်နေတာတုန်းဗျ၊ သိပ်ခွကျတာပဲဗျာ၊ ခင်ဗျားလူမှန်းသူမှန်းမသိ ဖြစ်နေရင် အားလုံးချောက်ကျကုန်တော့မှာပဲဗျာ၊ ဘယ့်နှယ်လုပ်ပါ့မလဲ’

အို ကိုသိန်းဖေ ခင်ဗျားမသိပါဘူးဗျာ၊ ကျွန်တော် ဘယ်လောက်စိတ်ညစ်နေသလဲဆိုတာ ရင်သာခွဲပြီး ပြလိုက်ချင်တာပဲ’

‘မဟုတ်ဘူး၊ ခင်ဗျား စိတ်ညစ်နေလို့ သောက်ပေမယ့် ကနေ့ည ကျွန်တော်တို့ မျက်လှည့်ပြဖို့ တာဝန်ရှိသေးတယ်ဗျ၊ အခု ဘယ့်နှယ်လုပ်မလဲ တရုတ်မျက်လှည့်ဆရာကြီးဆိုပြီး ခင်ဗျားဝတ်ဖို့ တရုတ်အင်္ကျီတွေ ငှားလာပြီးပြီ အခု ခင်ဗျားဒီလိုဖြစ်နေရင်’

‘နီးမင်း၊ ကျွန်တော်တော့ ခေါင်းမထူနိုင်ဘူး၊ ဘာမှမတတ်နိုင်တော့ဘူး’ ဟု ဆိုနေစဉ် ကပွဲအမှုဆောင်များ ဝင်ရောက်၍လာကာ ကျော်မြင့်၏ အဖြစ်ကိုတွေ့ရသဖြင့်

‘လုပ်ကြစမ်းပါဦး၊ မင်းဒီလိုဆိုရင် အားလုံးပျက်ကုန်တော့မယ်၊ ကနေ့ညနေ ခင်ဗျားတို့ မျက်လှည့်နဲ့ အသားယူဖို့ဟာ အခုလိုဆိုရင် မခက်ဘူးလား’ ဟု ပြောပြောဆိုဆိုနှင့် ရေခဲများရှာကြံ၍ ကျော်မြင့်အား အမူးပြေအောင် ကုပ်ကိုပွတ်တိုက်ပေးကြလေ၏။

အနည်းငယ်ပေါ့၍ လာသလိုလိုရှိသောအခါ ‘ကိုင်း . . ကိုင်း ပရော်ဖက်ဆာဟောလ်တို့တောင် ရောက်နေကြပြီ၊ ခင်ဗျားတို့ပြင်ကြ၊ ဆင်ကြပါဦး’ ဟု ဆိုကာ ဧည့်ခံရန်ထွက်သူက ထွက်သွားသဖြင့် ကျန်ရစ်သူများက ကျော်မြင့်အား တရုတ်အင်္ကျီများဝတ်ပေးပြီးနောက် တွဲယူ၍ထုတ်လာကြရာ ဝန်ကြီးအင်္ကျီထက် ရှည်လျားသော တရုတ်အင်္ကျီကို မူးရစ်နေသူ ကျော်မြင့်မှာ ကောင်းစွာမထိန်းသိမ်းနိုင်သဖြင့် အင်္ကျီများကိုနင်းမိ၍ ခြေနှင့်တုတ်ပြီးလဲရာမှ သတိမရတော့ဘဲ ရှိသောကြောင့် သူ၏အခန်းသို့ပြန်ပို့ကာ အိပ်ရာပေါ်တွင်ကောင်းစွာ သိပ်ထားရလေ၏။

မျက်လှည့်ပြဖို့ အစီအစဉ်မှာ ပြင်ဆင်၍မရတော့သဖြင့် ကျော်မြင့်မပါသော်လည်း သိန်းဖေမှာ ကျော်မြင့်ကဲ့သို့ မတတ်ကျွမ်းသည်တိုင်အောင် သူတစ်ယောက်တည်းနှင့်ပြသရန် တာဝန်ရှိနေသောကြောင့် အချိန်ကျသည်နှင့်

တစ်ပြိုင်နက် ဓာတ်ခံပေါ်သို့ တက်ပြီးလျှင် 'တီကနေ့ စွန်နော်လို့ ခလစ်စမတ်ထမင်းစားပွဲကြီးမှာ တီလုပ်ပြည် ပြေကြီးက မော်ဆရာကြီးဆရာစံ မျက်လှည့်ပြမယ်လို့ စီမံထားပေမယ့် ဆရာကြီးပြေကြီးက မီးရထားခိုးစီးလာတာ လမ်းမှာဘီးပေါက်လို့ ခြေလျင်လျှောက်လာတာနဲ့ မီရောက်စေးလို့ စွန်တော်ကိုယ်တိုင် ပြရတော့မှာပဲ' ဟု စကားပလ္လင်ခံကာ ပြသရသည်တွင် အလျဉ်းမတတ်ကျွမ်းသူတစ်ယောက် ဖြစ်သည့်အလျောက် သူလုပ်ပြသမှုမှာ ဘာမှအမြီးအမောက်မတဲ့သော်လည်း ရယ်စရာ ကောင်းအောင် ဖြစ်နေသည့်အတွက် တသောသောပွဲကျကာ တမင်စီစဉ်ထားသည်ဟု အောက်မေ့ကာ ကျေနပ်သဘောကျ နေကြလေတော့၏။

သို့နှင့် တစ်ယောက်ပြီးတစ်ယောက် ကခိုင်းဆိုခိုင်း၊ သီချင်းဆိုခိုင်း တီးမှုတ်ခိုင်းနှင့် ထမင်းစားခန်းကြီးထဲတွင် ပျော်ရွှင်စရာဖြစ်နေငြားလည်း ကျော်မြင့်မှာမူ သူ၏အခန်းအတွင်း၌ လူးလွန့်ကာ သေချင်လုမြောပါး စိတ်ဒုက္ခခံနေရလေတော့၏။ ချစ်သူကြောင့် သည်းအူပြတ် မတတ် ရှိရသည်တွင် အရက်ကြောင့် အသည်းကျွမ်းလုနီးပါး ခံစားရသော ဝေဒနာမှာ နောက်တစ်နေ့နံနက်တွင် ကျော်မြင့်၌ ခေါင်းကလည်း မခံမရပ်နိုင်အောင် ကိုက်ခဲမူးဝေ၍ အသည်းနှလုံးများ ဖောက်ထိဖောက်ထိုးဖြစ်သည့်အလား လုပ်လုပ် . . လုပ်လုပ်နှင့် ရင်တွင်း၌ ပူလောင်ခြောက်သွေ့ကာ အမူးမပြေနိုင်ဘဲရှိသည့်အလျောက် ကျောင်းဆေးရုံလက်ထောက် ဆရာဝန် ဒေါက်တာရောဘတ်ထံသို့သွားကာ အင်ဂျက်ရှင်းထိုးမှ သက်သာသလိုလိုရှိသွားလေ၏။

အမူးသက်သာသော်လည်း အချစ်ရူးမှာ မသက်သာဘဲရှိကာ မိတ်ဆွေများက ဖျောင်းဖျဖြေဖျော်၍ လည်းမရ သိန်းဖေတည်းဟူသော ပုဂ်ဟောလ်၏ လူရွှင်တော်ဘွဲ့ရတစ်ဦးပင်လျှင် ကျော်မြင့်အား ရယ်မောအောင် ပြုလုပ်မရနိုင်၍ လက်လျှော့ရလေတော့၏။ ကျော်မြင့်မှာ ညွန့်တင်ကို စိတ်ထဲမှ ဖျောက်ဖျက်၍ မရနိုင်ရသည်တွင် ဒိုဘီကုလားလာသဖြင့် အိပ်ရာခင်းကို ထုတ်ပေးလိုက်ရာတွင် ခေါင်းအုံးအောက်မှ ညွန့်တင်၏စာကလေးနှင့် ပန်းပွင့်ကလေးထွက်လာသဖြင့် သာ၍ပင် အပူကိုပွားဖို့ရန် ပေါ်ပေါက်လာသည်အလျောက် စိတ်ညစ်ခြင်းကို ပျောက်မှပျောက်စေဟု သဘောထားကာ အရက်ကိုထပ်မံသောက်ဦးမည်ဟု ဘွိုင်ကုလားတစ်ယောက်အား ငွေပေး၍ ဝယ်ခိုင်းလေ၏။

နေ့လယ်ချိန်လောက်တွင် ကျော်မြင့်မှာ သူ၏အခန်းတွင်း၌ လူးလိမ့်နေကာ ဟစ်အော် ညည်းညူသံများကို ကြားရသဖြင့် 'လာကြပါဦးဟေ့ ကိုကျော်မြင့် ဘာဖြစ်နေမှန်းမသိဘူး' ဟု သိန်းဖေနှင့်တကွ အခြားကျောင်းသားများသည် ပျာပျာသလဲ အော်ဟစ်ခေါ်ဆိုကာ ကျော်မြင့်၏အခန်းကို ဇွတ်အတင်းဖွင့်၍ ဝင်ကြလေရာ ခုတင်ပေါ်ခေါင်းစိုက်၍ကျလျက်ရှိသော ကျော်မြင့်နှင့် ဘေးတွင်ရှိသော ဘီယာပုလင်းများကို မြင်ကြလေရာ 'ဟိုက် ဒီတစ်ခါဖြင့် ခက်ကုန်ပြီဟေ့၊ ကိုကျော်မြင့်တော့ သေတော့မှာပဲ၊ မနက်က အင်ဂျက်ရှင်းထိုးပြီး အခု ဘီယာတွေသောက်လို့ လူးနေပြီ၊ အင်ဂျက်ရှင်းနဲ့ ဘီယာနဲ့ နည်းနည်းမှ မတဲ့ဘူး အဆိပ်ထက်ဆိုးသေးတယ် ဝီစကီ၊ ဘရန်ဒီကမှ တော်သေးတယ်၊ သထုံဟောလ်က ဆရာကိုတင်ကြည် အရင်တုန်းက သေသွားတာ အင်ဂျက်ရှင်းထိုးပြီး ဘီယာသောက်လို့ပေါ့၊ သေတော့မှာပဲ လုပ်ကြပါဦး' အခန်းတွင်း၌ ကျောင်းသားများ ရှုပ်ထွေးနေလေတော့၏။

ကျော်မြင့်မှာ အူတွေပြတ်လုမတတ် ခံစားနေရသည်တိုင်အောင် ညွန့်တင်ကိုမမေ့နိုင်ဘဲ 'အမယ်လေး ခင်ရဲ့ . . ညွန့်ရဲ့ . . တင်ရဲ့ ခင့်မောင်ကြီး ကိုမြင်လှည့်ပါဦးခင်ရဲ့၊ သေရတော့မယ် သေတော့မယ် ခင့်စိတ်ကြောင့် သေရတော့မယ်' ဟု ညည်းညူနေသဖြင့် သိန်းဖေက ပွေ့ဖက်ကာ 'ကိုကျော်မြင့် ကိုကျော်မြင့် သတိထားလေ၊ သတိထားပါ'

'ခင်ဗျား . . ဘယ်သူလဲ'

'ကျွန်တော်လေ . . ကျွန်တော် သိန်းဖေရယ်'

'အမယ်လေး . . ကိုသိန်းဖေရဲ့၊ ကျွန်တော့်မျက်စိတွေ ပြာလာပြီ၊ သေတော့မှာပဲ ထင်ပါရဲ့၊ ညွန့်ညွန့်ကိုသာ ပြောလိုက်ကြပါတော့၊ သူ့စိတ်နဲ့ သေရှာပြီလို့၊ အမယ်လေး . . မပေါင်းထိုက်တဲ့ မယားပေမို့ အလောင်းပိုက်ထားဖို့ လာခဲ့ပါဦးလား ညွန့်ရဲ့' ဟု ပြောစဉ်

'ကိုင်း . . ကိုင်း . . မဖြစ်ဘူး . . ဆရာ့ကိုပြောကြပါဦး' ဟု ဝိုင်း၍ပြောကြသဖြင့် အဆောင်မှူးကို အကျိုးအကြောင်းတိုင်ကြားလေရာ ချက်ချင်းပင် ကျောင်းဆေးရုံမှ ဆရာဝန်ကိုခေါ်ပြသည်တွင် အဆိပ်ဖြေဆေးကို ထိုးပေးပြီး ဆနတ်တိုးရီးယမ်း (ခေါ်) ကျောင်းဆေးရုံသို့ ကျော်မြင့်အား ပို့လိုက်ရလေတော့၏။

ခရစ်သက္ကရာဇ်ကူးပြောင်း၍ နှစ်သစ်သို့ရောက်သဖြင့် တက္ကသိုလ်ကျောင်းတော်ကြီး ပြန်၍ဖွင့်သောအခါ ကျောင်းသားကျောင်းသူတို့ ပါးစပ်ဖျားတွင် ကျော်မြင့်၏ အကြောင်းကိုသာ ပြောဆိုကြလျက်

'သေမှာပါပဲဗျာ၊ အဲဒါ ကိုယ့်ကိုယ်ကို ကိုယ်သတ်သေတာဗျ၊ အဆိပ်သောက်တာတို့၊ ကြိုးဆွဲချသေတာတို့ဟာ ရိုးနေပြီ၊ မသေလို့ရှင်ပြန်ရင်လဲ အစိုးရအပြစ်ဒဏ်နဲ့ မကင်းဘူး၊ ဟောဒီနည်းက ဆရာမဦးရင် သေတာချည်းပဲ၊ မသေတောင် မသိလို့သောက်မိတယ်ဆိုရင်၊ ဘယ်သူက ဘာပြောနိုင်ဦးမလဲဗျ၊ အစစ်ပါပဲဗျာ၊ မညွန့်တင်ကြောင့် သတ်သေတာပါ' ဟု တီးတိုးပြောဆိုကြလေတော့၏။ ကျောင်းဖွင့်၍ ကျောင်းသားများ ပြန်၍လာကြလေရာ အင်းလျားကျောင်းဆောင်ရှေ့တွင် ကားတစ်စင်းဆိုက်လာသည်တွင် ကားတွင်း၌ မညွန့်တင်ပါလာလေရာ မသန်းကြည်တို့မှာ သူ့အားကြည့်လျက် ငေးမောပြီးမှ မသန်းစိန်ကပြေးသွားကာ

'မညွန့်တင် . . အသက်မီအောင် လာခဲ့တာလား' ဟု မေးသဖြင့် ညွန့်တင်တွင် မျက်လုံးများပြူးသွားကာ 'ဘာဖြစ်လို့တုန်း' ဟု မေးမှ

'ကိုကျော်မြင့် . . အင်ဂျက်ရှင်းထိုးပြီး၊ စိတ်ညစ်လို့ ဘီယာသောက်တာနဲ့ အဆိပ်ဖြစ်ပြီး သေတော့မလို့၊ မြော့မြော့ကလေးရှိတော့တယ်တဲ့'

'ဟင် . . ဟုတ်လား . . အခုသူဘယ်မှာလဲ'

'ကျောင်းဆေးရုံမှာ သေများသေပြီလားမသိဘူး' ဟု ဆိုသောကြောင့် ညွန့်တင်တွင် အသက်မှမှန်မှန် မရှူနိုင်အောင်ဖြစ်ကာ 'ဒါဖြင့် သွားကြည့်ဦးမှပဲ' ဟု ဆိုကာ ကားပေါ်မှပင် မဆင်းနိုင်သေးဘဲ ကျောင်းဆေးရုံသို့လိုက်လေ၏။

ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ အသက်ငင်နေတာပဲ တွေ့ရမလား၊ သေနေတာပဲတွေ့ရမလား ဟု ပူပန်လျက်ပင် ဆေးရုံသို့ ရောက်သွားသောအခါ ဆိတ်ငြိမ်လျက်ရှိသည်ကို တွေ့ရသဖြင့် ညွန့်တင်၏စိတ်တွင် သုသာန်တစပြင်ကဲ့သို့ အောက်မေ့မိလေ၏။ ဆေးရုံထဲသို့ ရောက်သွားသောအခါ လူနာပြုစုသော အခန်းဝတွင် မှိုင်တွေနေသော သိန်းဖေကို တွေ့ရသဖြင့်

'ကိုကျော်မြင့်ရှိလား၊ ဘယ့်နှယ်နေသေးသလဲ' ဟု မေးရာ သိန်းဖေသည် မျက်ရည်မထွက်အောင် ကြိတ်မှိတ်မျိုသိပ်ထားရသည့် မျက်နှာဖြင့် မလှုပ်ချင်လှုပ်ချင် ခေါင်းကိုခါပြီးလျှင် ဝမ်းနည်းပက်လက် အသံကြီးဖြင့် 'သွားရှာပြီ မရှိတော့ဘူး၊ အခုတင်ပဲ ရင်ခွဲကြည့်ဖို့ ဆေးရုံကြီးကို ပို့လိုက်ရပြီး လက်မတင်လေး လွဲသွားတာပဲ၊ မညွန့်တင် အလာကောင်းပေမယ့် အရောက်နှောင်းနေပြီ ဝမ်းနည်းပါရဲ့' ဟု ဆိုကာ မိမိ၏မျက်ရည်ကို မမြင်စေလိုဘိသည့်အလား မျက်နှာကိုလွှဲ၍ မျက်စိကိုပွတ်သပ်နေသဖြင့် ညွန့်တင်မှာ လှိုက်လှိုက်လဲလဲကြီးဖြစ်လာကာ ဘာကိုမျှမလှုပ်တတ် မကိုင်တတ်ဖြစ်နေပြီးမှ

'မရှိတော့ဘူးနော် . . ဒီမှာ'

'မရှိဘူး . . သူအိပ်သွားတဲ့ ခုတင်ပဲရှိတော့တယ်၊ ကြည့်ချင်ဝင်ပြီး ကြည့်ဦးလေ' ဟု ပြောသောကြောင့် ညွန့်တင်မှာ သိန်းဖေခေါ်ရာသို့ ပါလာကာ ဆေးရုံအခန်းတွင်းသို့ ရောက်သွားပြီးလျှင် ကျော်မြင့်အိပ်သွားသည်ဆိုသော ခုတင်ကိုကြည့်လျက် မျက်ရည်များရစ်ဝိုင်း၍လာလေ၏။ ထို့နောက် သိန်းဖေကိုကြည့်လိုက်ရာ သူမရှိတော့သည်ကိုတွေ့ရသဖြင့် ဝမ်းတွင်း၌တစ်ခဲနေသောအလုံးကြီးကို ဖြေဖျောက်နိုင်ရန် ပိတ်ပင်၍မရနိုင်သော မျက်ရည်များကို သူတို့အလိုအတိုင်းကျစေပြီးနောက် ခုတင်ပေါ်ရှိ ခေါင်းအုံးအောက်မှ တစ်စုံတစ်ရာထွက်ပေါ်နေသည်ကို တွေ့ရသဖြင့် လှန်၍ကြည့်လိုက်ရာတွင် 'ချစ်ပါတယ်' ဟု မိမိရေးပေးထားခဲ့သော စာကလေးနှင့် မီးရထားမထွက်မီက ကျော်မြင့်ကောက်ယူထားသော ပန်းပွင့်ကလေးကို တွေ့ရသည်တွင် မိမိပေါ်တွင် မည်မျှ ချစ်ကြိုက်စုံမက် မေတ္တာသက်ရှာသည်ကို သိရှိရကား မဆည်မျိုနိုင်ဘဲ ဖြစ်လာတော့သဖြင့် ရှိုက်၍ငိုကာ

'ကွဲကြပေါ့ ကိုကျော်မြင့်ရေ . . ကွဲကြပေါ့၊ ကျွန်မမျက်နှာကို မကြည့်ချင်လို့ တမင်သက်သက် ကိုယ့်ကိုယ်ကို သတ်သေတာလား ကိုကျော်မြင့်ရဲ့၊ ရက်စက်ပါလေရဲ့ရှင်၊ ကျွန်မ ကိုကျော်မြင့်အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ၊ ကိုကျော်မြင့် မသိဘူးနော် . . ကိုကျော်မြင့် အချစ်ကိုစမ်းချင်လို့၊ ကျွန်မယောကျ်ားယူရတော့မယ်လို့ လိမ်ပြီးပြောတာ၊ တကယ်မှတ်ပြီး ကျွန်မလာအောင်မှ မစောင့်နိုင်ဘဲ၊ သတ်သေတာလား၊ အချစ်ကြီးရဲ့၊ ကျွန်မပြန်သွားရပေမယ့် တစ်နေ့မှ မမေ့ဘဲ၊ လွမ်းလွန်းလို့ ချက်ချင်းပြန်လာခဲ့တာ ကျွန်မကို မုန်းသွားလို့ ဒီလိုလုပ်ရက်တာပေါ့လေ၊ ကျွန်မဖြင့် မချိဘူး ကိုကျော်မြင့်ရဲ့၊ မချိဘူး၊ ကိုကျော်မြင့်စိတ်နဲ့ ကျွန်မလဲ သေရတော့မယ်၊ မနေဘူး လိုက်ခဲ့မယ် . . လိုက်ခဲ့မယ်' ဟု တတွတ်တွတ်ပြောလျက် စာရွက်ကလေးနဲ့ ခြောက်သွေ့နေသော ပန်းပွင့်ကလေးကို အတန်တန်နမ်းရှုပ်ပြီး ခေါင်းအုံးကြီးကိုဖက်၍ တရှိုက်ရှိုက်ငိုမိလေတော့၏။

'ငိုက်မရှက် ကြိုက်မရှက်ဆိုသလို၊ ကျွန်မဖြင့် မရှက်နိုင်တော့ဘူး၊ ကိုကျော်မြင့်ရဲ့' ဟု ဆိုကာ ငိုနေလေရာ ကျောကို လက်တစ်ချောင်းတင်ရောက်ကာ အသာအယာပွတ်သပ်လျက် 'ငိုလွန်းတော့ ကိုယ်နွမ်းသတဲ့ခင်၊ သတိထားပြီး တရားနဲ့ ဖြေမှပေါ့' ဟု ဆိုသံကို ကြားတွေ့ရဖြင့် ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ ညွန့်တင်မှာ ကြက်သီးတဖြန်းဖြန်းထပြီးလျှင် နာနာဘာဝနှင့် တွေ့ရသကဲ့သို့ တဆတ်ဆတ်တုန်ကာ ကျော်မြင့်၏မျက်နှာကို တွေ့ရပြီးမှ
'ကိုကျော်မြင့် . . ရှင် ကိုကျော်မြင့်ပဲနော်' ဟု သူ့အားကိုင်၍မေးရာ

'အစစ်ပါပဲ ရေမရောပါဘူး' ဟု ကျော်မြင့်က ပြုံးလျက်ပြောသဖြင့် 'ရှင်ကတော့ ရယ်နိုင်၊ မောနိုင်ပါပေရဲ့၊ ကျွန်မဖြင့် သေရတော့မလောက်ဖြစ်သွားတာပဲ၊ ဘာပြုလို့ ဒီလိုလိမ်ရတာတုန်း'

'ကျုပ်လိမ်တာက တော်ပါသေးရဲ့၊ ခင်လိမ်လိုက်တာ တကယ့်ကိုယောကျ်ားယူတော့မယ် အောက်မေ့ပြီး မပြောပါနဲ့တော့ ခင်ရဲ့၊ ကံကောင်းလို့မသေတယ်၊ တယ်လဲတတ်နိုင်ပါပေရဲ့၊ ပလီအိုးမလေးရဲ့ . .' ဟု ဆိုကာ ညွန့်တင်၏ပါးလေးကို အသာအယာဆွဲကာ 'စိတ်ဆိုးတာနော် . . သိပ်စိတ်ဆိုးတာပဲ၊ ဟောဒီလိုလိမ်လိုက်ရ' ဟု ဆိုကာ မနာမကျင်လိမ်လိုက်ရာ 'တော်ပါ၊ ရှင်တော့လေ . . မေတ္တာမရှိလိုက်တာ' ဟု ခနဲ့တဲ့တဲ့ ပြန်ပြောလိုက်စဉ်

'အပိုင်း (၁၄) ပြီးပါပြီ' ဟူသော အသံကိုကြားသဖြင့် လန့်ဖျပ်ကာ လှည့်ကြည့်လိုက်ရာ မျက်မှန်ကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားသော်လည်း လက်ချောင်းများကို ဖြဲထားကာ ကြည့်နေသူ သိန်းဖေကို တွေ့ရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်သွားကြလေသတည်း။ ။

သူရိယမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၃၅။

## ဒေါ်လုံးမောလုံးများလွန်းတယ်

ကျွန်တော်နှင့်လှထူး ကျောင်းအတူတူတက် တစ်ခန်းထဲ အတူတူ နေကြသော်လည်း မတူတာတွေက များပါသည်။

ကျွန်တော်က လူအေး။ အစစရာရာ ခေါင်းအေးအေးထားပြီး စဉ်းစားဆင်ခြင်တတ်သူပါ။ ပြီးတော့ လူပါးလူနပ်၊ ကိုယ့်အဖို့ကိုယ့်အရာလည်း ကောင်းကောင်းတွက်တတ်ချက်တတ်သည်။ ကွက်ကျော်မြင်တတ်သည်။ တစ်နည်းပြောရလျှင် လာဘ်မြင်သည်။ ကိုယ့်အကျိုးရှိမည့်အလုပ် ဟုတ်မဟုတ်ကို မြင်ရုံနှင့်ဆုံးဖြတ်တတ်သည်။ အကျိုးမရှိမည့်အလုပ်ကို ဘယ်သောအခါမျှ မလုပ်တတ်။ ကျွန်တော်ကဒီလိုလူပါ။ ကျွန်တော့်ဦးနှောက်က ဒိုင်နမိုလို အားကောင်းသည်။ ရွှေချိန်ခွင်လို တိကျပြတ်သားသည်။ ဆရာဝန်ဓားလို စူးရှထက်မြက်သည်။ ပြီးတော့လည်း ကြည့်ပါဦး။ ကျွန်တော့်အသက်က (၁၈) နှစ်ပဲ ရှိပါသေးသည်။

ဒီအသက်၊ ဒီအရွယ်နှင့် ဒါလောက်ပညာဉာဏ်အမြော်အမြင် ကြီးမားဖို့ဆိုတာ လူတိုင်းမဖြစ်နိုင်ပါဘူး။ ကျွန်တော့်သူငယ်ချင်း လှထူးကိုပဲကြည့်ပါလေ၊ ကျွန်တော်နှင့် သူ တက္ကသိုလ်မှာ အတူတူနေကြသည်။ အသက်လည်း အတူတူ၊ မိဘမျိုးရိုးနှင့် ဉစ္စာဓနေ အခြေခံချင်းလည်း အတူတူပါ။ ဒါပေမယ့် သူကနွားလို အန်မတန်ထူတဲ့၊ အတဲ့အကောင်။ လူကတော့ လူကောင်းတစ်ယောက်ပါပဲ၊ ဒါပေမယ့် သူ့ခေါင်းထဲမှ ဘာမှမရှိဘူး။ လူကလည်း စိတ်လှုပ်ရှားလွယ်သည့် လူစားမျိုး။ မတည်ငြိမ်ဘူး။ ဘာမဆိုမြင်ရုံကြားရုံဖြင့် သူစိတ်ထဲမှာ စွဲသွားတတ်သည်။ အဆိုးဆုံးက သူတစ်ခုခုကို စွဲလမ်းမိပြီဆိုလျှင် တန်းတန်းစွဲဖြစ်တော့တာပဲ။ သည်လို အစွဲအလမ်းကြီးမှုမျိုး ဖြစ်လာလျှင် ဘယ်လိုမှ အကျိုးအကြောင်းပြလို့ မရဘူး။ ဒါမျိုးဟာ ဆင်ခြင်တုံတရားနှင့် တကယ်ကို ဆန့်ကျင်ဖက်ပဲ။ ပေါ်ပင်လိုက်ပြီးလုပ်တာတွေ တစ်ယောက်က အရှူးထလိုက်လျှင် ဝိုင်းပြီးထကြတာတွေ၊ ဖက်ရှင်အသစ်၊ အတွေးအခေါ်အသစ်ပေါ်လာလျှင် အဲဒီနောက်ဝိုင်းပြီးလိုက်တာတွေ အဲဒီလို သူများမိုးခါးရေသောက်တိုင်း လိုက်ပြီးလုပ်တာမျိုးဟာ ကျွန်တော့်အမြင်အားဖြင့် သတိသမ္ပဇဉ် ဆင်ခြင်တုံတရား ကင်းမဲ့ခြင်းမျိုးပဲလို့ မြင်ပါသည်။ လှထူးကတော့ သည်လိုမမြင်. . .

ကျောင်းမှပြန်လာပြီး အခန်းထဲကိုပြန်ရောက်တော့ လှထူးတစ်ယောက် အိပ်ရာပေါ်တွင် ပက်လက်ကြီးလဲနေသည်ကို တွေ့ရပါသည်။ သူ့မျက်နှာတွင် ကြီးမားလှသည့် ဒုက္ခဝေဒနာ ခံစားနေရပုံကို ထင်းထင်းကြီးမြင်နေရပါသည်။ သူ့ဝေဒနာကို မြင်ရသည်နှင့် ‘ဧကန္တ ဒီငအတော့ အူမှာအတက်ပေါက်တဲ့ ရောဂါဖြစ်လို့ပဲ’ ဟု ကျွန်တော့်အသိဉာဏ်က လျင်မြန်စွာ အဖြေထုတ်လိုက်ပါသည်။

‘ဟာ . . သူငယ်ချင်း၊ မင်းငြိမ်ငြိမ်နေ၊ မလှုပ်နဲ့၊ မင်းလှုပ်လိုက်လို့ ပြည်ပေါက်သွားရင် ဒုက္ခရောက်မယ်၊ ဝမ်းနုတ်ဆေးလဲမစားနဲ့၊ မင်းဒီလိုပဲ နေဦး၊ ငါဆရာဝန်ပြေးခေါ်လိုက်မယ်’

ကျွန်တော့်စကားကိုကြားရမှ သူ့မျက်နှာမှာ ပို၍ရှုံ့မဲ့သွားလေသည်။

‘သားမွေး . . သားမွေး . . အကျႌ . . အကျႌ . .’

ကျွန်တော်သည် လှထူး၏စကားကို မသဲမကွဲ ကြားလိုက်ရသည်။

‘နေပါဦးကွ၊ မင်းက မိန်းမမို့ ကိုယ်ဝန်ဆောင်အကျႌ ဝတ်ချင်နေလို့လား’

'ဖွတ်ချီးမှပဲ၊ ငါက သားမွေးချင်လို့ မက်တာနတီကုတ်အင်္ကျီတောင့်တနေတာမဟုတ်ပါဘူးကွာ၊ ငါဝတ်ချင်တာ သားမွေးလောင်းကုတ်အင်္ကျီကွ'

ဤတွင်မှ သူ့ရောဂါမှာ ခန္ဓာကိုယ်နှင့်မဆိုင်။ ရုပ်ပိုင်းမဟုတ်၊ စိတ်ပိုင်းနှင့်ဆိုင်နေပါကလားဟု ကျွန်တော်တွေးမိတော့၏။

'မင်း . . ရူးများနေရော့သလား သူငယ်ချင်းရာ၊ သားမွေးလောင်းကုတ်အင်္ကျီဆိုတာ ဒီနေ့ကာလမှာ ခေတ်မမီတော့ဘူးကွ၊ ဒီခေတ်ထဲမှာ သားမွေးအင်္ကျီ၊ လောင်းကုတ်အင်္ကျီဝတ်တဲ့သူတွေဟာ ဇာတ်မင်းသားနဲ့၊ အညာသားတွေပဲ ရှိတော့တယ်၊ တက္ကသိုလ်ကျောင်းသား လောင်းကုတ်အင်္ကျီဝတ်တယ်ဆိုတာ ဘိုးတော်ဘုရားလက်ထက်က ပါကွာ'

'မင်းမသိပါဘူး၊ ချစ်ထွေးရာ'

'ဘာမသိရမှာလဲကွ၊ ဟိုတုန်းက ကောလိပ်ကျောင်းသားတွေဟာ ခေါင်းပေါင်းနဲ့၊ ကုတ်အင်္ကျီနဲ့၊ တုတ်ကောက်နဲ့၊ ဘွတ်ရှူးနဲ့၊ တချို့မှာ နူတ်ခမ်းမွေးတောင် ထားလိုက်ကြသေးတယ်၊ အဲဒါကြောင့် မကြည်အောင်ဆိုတဲ့ ကိုလေအိုးသီချင်းထဲမှာတောင် ပါသေးတယ်မဟုတ်လား၊ 'ကိုဘီအေ မြို့အုပ်လောင်းတို့ တုတ်တစ်ချောင်းနဲ့ လမ်းကိုလျှောက်တယ်၊ ကိုမိုကေ အုပ်ပေါင်းပေါင်းလို့ တုတ်တစ်ချောင်းနဲ့ လမ်းကိုလျှောက်တယ်၊ ခေါင်းပေါင်းစ ရှည်လွန်း . . ရှည်လွန်းတယ်၊ ခေါင်းပေါင်းစ ရှည်လွန်း . . ရှည်လွန်းတယ်၊ ဟိုက်စကူးကျောင်းသားရယ်၊ ကောလိပ်ကျောင်းသားရယ်၊ နေရှင်နယ် ကျောင်းသားရယ်လို့လေ . . '

'အေး . . အဲဒါကြောင့်ပေါ့ကွ၊ ငါကသားမွေးလောင်းကုတ်အင်္ကျီကို အန်မတန်ဝတ်ချင်နေတာ၊ မင်းတို့ငါတို့ ဦးကြီးတွေခေတ်က ဖက်ရှင်ဟာ အခုတစ်ခါ ပြန်ပြီးလည်လာပြီဆိုတာ မင်းမြင်ရဲ့လား၊ ဟိုတုန်းက တက္ကသိုလ်ကျောင်းသားကြီးတွေ နူတ်ခမ်းမွေးထားသလို အခုကျောင်းသားတွေ နူတ်ခမ်းမွေးတွေနဲ့ ဖြစ်လာကြပြီ၊ ဆံပင်တွေလဲ အရှည်နဲ့၊ နောက်မကြာခင် ဦးဖိုးကျားတို့၊ ဦးဘချိုတို့လို သျှောင်ထုံးနဲ့၊ ခေါင်းပေါင်းနဲ့ ဖြစ်လာတော့မယ်၊ လောင်းကုတ်အင်္ကျီနဲ့၊ ခေါင်းပေါင်းနဲ့၊ တုတ်ကောက်နဲ့။ အိတ်ဆောင်နာရီနဲ့ ခေတ်ဟာ မကြာခင်ရောက်လာတော့မှာပဲ၊ သေချာနေပြီ။ အဲဒါကြောင့် ငါက ခေတ်အရင် ရှေ့ကပြေးပြီး သားမွေးလောင်းကုတ်အင်္ကျီဝတ်ချင်နေတာ'

'မင်းမို့တွေးမှ တွေးတတ်ပေလေတယ်၊ သူငယ်ချင်းရာ၊ ဒီခေတ်ကြီးမှာ လောင်းကုတ်အင်္ကျီတကားကားနဲ့၊ မင်းကို ကောင်မလေးတွေက မြင်ရင် ငပေါလို့ ခေါ်ကြမှာပေါ့'

'ငါက ငပေါမဟုတ်ပဲ မင်းက ငတုံးဖြစ်နေတာ၊ ဒီနေ့ကာလမှ သားမွေးလောင်းကုတ်အင်္ကျီဟာ မြာတွေကို အန်မတန်ကျတဲ့ဆေးပဲ၊ သိရဲ့လား'

လှထူးက ကျွန်တော့်ကို ယခုလိုချေပလိုက်ပြီး 'တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ၊ ငါသိဖို့ကောင်းပါတယ်ကွာ၊ ငါ့ကိုယ်ကမိုက်လို့ ငါ့ရှိတဲ့ပိုက်ဆံအားလုံး စာအုပ်တွေဝယ်ပစ်လိုက်မိတယ်၊ အခုတော့ လောင်းကုတ်အင်္ကျီဝယ်ဖို့ ငွေမရှိတော့ဘူး' ဟု သူ့ကိုယ်သူ ပြန်၍ပြောနေသလိုလို၊ ကျွန်တော့်အား ပြောပြနေသလိုလို လုပ်နေရာက အိပ်ရာပေါ်မှ လူးလဲ၍ထလာသည်။

ထိုနောက် သူ့အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်သည်။ ပါးစပ်မှလည်း 'ငါ လောင်းကုတ်အင်္ကျီရမှ ဖြစ်မယ်၊ ဖြစ်မယ်' ဟု မန်းမှုတ်နေလေတော့သည်။

'ဘယ်လိုဖြစ်ရတာလဲ လှထူးရာ၊ နည်းနည်းများလဲ စဉ်းစားစမ်းပါဦး၊ သားမွေးလောင်းကုတ်အင်္ကျီဆိုတာ ဆောင်းတွင်းခဏလေးပဲ ဝတ်လို့ရတာ၊ နွေကျရင် ခေါက်ထားရမှာပဲ၊ ခေါက်မထားချင်လို့ဝတ်ပြန်ရင် လေးကလဲ

လေး၊ ချွေးကလဲ တပြိုက်ပြိုက်နဲ့၊ နံလိုက်မှာလဲ မပြောနဲ့၊ ချွေးကလဲနံ၊ အမွှေးကလည်းနံ၊ အနားကပ်မိရင် တိရစ္ဆာန်ရုံထဲက ဝက်ဝံအနားကပ်ရသလို ဖြစ်နေမှာပေါ့'

'မင်းမသိပါဘူး ချစ်ထွေးရာ၊ ဒီခေတ်မှာ ဒီအဝတ်နဲ့မှ ခေတ်မီတာ၊ မင်းက ငါ့လို ခေတ်မမီချင်ဘူးလား'

'ဒါမျိုးတော့ ဝေးပါသေးရဲ့'

ကျွန်တော်က သစ္စာစကားကို ဆိုလိုက်သည်။

'ကိုယ်ကတော့ ခေတ်မီချင်သပမောင်' ဟု လှထူးကလည်း မှန်ရာကိုပဲ ဖွင့်ဟလိုက်၏။

'အခုနေ သားမွေးလောင်းကုတ်အင်္ကျီတစ်ထည် ရမယ်ဆိုရင် ဘာမဆို လိုချင်တာပေးမယ်၊ လိုချင်တာသာပြော'

ချက်ဆို အကွက်မြင်တတ်သော ကျွန်တော်၏ဦးနှောက်သည် ဖျတ်ခနဲ မီးပွင့်လာပြီး လီဗာအကုန်တင်ကာ အလုပ်လုပ်ပါလေတော့သည်။ ကျွန်တော့်မျက်လုံးများကလည်း လှထူး၏မျက်နှာကို စူးစိုက်ကြည့်ကာ အကဲခတ်လျက်ရှိသည်။

'ဘာမဆို တကယ်ပဲပေးမှာလား'

'ပေးမယ် . . ပေးမယ်၊ ငါလိုချင်တာရရင် မင်းလိုချင်တာ ဘာမဆိုပေးမယ်'

သူ့စကားထဲတွင် အခိုင်အမာပြောသည့်လေသံ ပျံ့ဝဲလျက်ရှိနေပေသည်။

သို့ဖြင့် ကျွန်တော်သည် ကျွန်တော့်မေးစေ့ကို လက်ညိုးဖြင့်အထပ်ထပ်ကုတ်ရင်း စဉ်းစားလိုက်သည်။ ထိုသို့ စဉ်းစားလိုက်ရာတွင် ဘယ်မှာ သားမွေးလောင်းကုတ်အင်္ကျီရနိုင်မည်ကို ကျွန်တော်၏ဉာဏ်ဝတွင် မှန်ပြသလို ပေါ်လာသည်။ ကျွန်တော့်ဖခင်မြို့အုပ်ဘဝက ခေတ်မီလှပြီဟု ဝတ်ခဲ့သော သားမွေးလောင်းကုတ်အင်္ကျီတစ်ထည် ရှိသည်။ ထိုလောင်းကုတ်ကို ကျွန်းသေတ္တာထဲတွင် ပရုတ်လုံးများနှင့် ရောထွေးထည့်သွင်းကာ အိမ်အပေါ်ထပ်မှာ သိမ်းဆည်းထားသည်။ ယခုအခါ ကျွန်တော့်ဖခင် မရှိတော့ပြီဖြစ်ရာ ထိုလောင်းကုတ်အင်္ကျီကို ကျွန်တော်အမွေ ခံယူ ရရှိထားလေသည်။ ထိုအင်္ကျီကိုဝတ်မည့်သူမရှိ။ ကျွန်တော်လည်းမဝတ်။ ဝတ်ဖို့ဝေးစွ၊ ရှိမှန်းပင်သတိမရ။ လှထူးက သားမွေးလောင်းကုတ်အင်္ကျီအကြောင်းကိုပြောမှ သတိရမိခြင်းဖြစ်၏။

ယခုလို လှထူးလိုချင်သည် သားမွေးလောင်းကုတ်အင်္ကျီ ကျွန်တော့်မှာရှိသလို ကျွန်တော်လိုချင်သည့်အရာ တစ်ခုလည်း လှထူးမှာ ရှိနေလေသည်။ တိတိကျကျပြောရလျှင် ကျွန်တော်လိုချင်သည့်အရာသည် သူ့လက်ထဲတွင် ရှိသည်တော့မဟုတ်ပါ။ ထိုအရာကို ဦးဦးဖျားဖျားရယူ ပိုင်ခွင့်သူ့၌ရှိနေခြင်းဖြစ်ပါ၏။ သည့်ထက်ပို၍ ရှင်းရှင်း ပြောရလျှင် ကျွန်တော်လိုချင်သည့်အရာမှ သူနှင့်အဆက်ဖြစ်နေသော သက်သက်ခိုင်ပင်ဖြစ်ပါသည်။

သက်သက်ခိုင်ကို ကျွန်တော်စုံမက်နေသည်မှာ ကြာပါပြီ။ ဤအမျိုးသမီးကလေးကို ကျွန်တော်နှစ်သက်မြတ်နိုး ခြင်းမှာ နှလုံးသား၏တောင်းဆိုချက်မဟုတ်ကြောင်းကို ကျွန်တော်အလေးအနက်ပြောလိုပါသည်။ အမှန်အားဖြင့် သူသည် တစ်ဖက်သား၏နှလုံးသွေးကို တုန်အောင်၊ ခုန်အောင် လှုံ့ဆွနိုင်သူကလေးတစ်ဦးဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော်သည် နှလုံးသား၏အလိုကိုလိုက်သူမဟုတ်ပါ။ ဘယ်ခါမျှလည်းကျွန်တော်၏ဦးခေါင်းကို အသည်းနှလုံး က စိုးမိုးခွင့်မပေးခဲ့ပါ။ ကျွန်တော် သက်သက်ခိုင်ကို ယူလိုခြင်းမှာ ရှေ့ရေးကို လေးလေးနက်နက် တွေးဆ တွက်ချက်ကာ ဦးနှောက်ထဲမှ ပေါ်ထွက်လာသော အခြေခံအကြောင်းတရားပေါ်မှာ တည်လေ၏။

ရှေးဦးစွာ ကျွန်တော့်အကြောင်းကို ပြောရမည်ဆိုသော် ကျွန်တော်သည် ဥပဒေတန်းတွင် တက်ရောက်သင်ကြား နေသူတစ်ဦးဖြစ်ရာ မကြာမီဘွဲ့ရပြီး တရားရုံးများတွင် တာဝန်ထမ်းရွက်ဖို့ရှိနေပါသည်။ ထိုအခါတွင် ကျွန်တော့် အဖို့ ကြင်ဖော်လိုလာမည်။ ထိုကြင်ဖော်သည် မည်သည့်အမျိုးအစားဖြစ်ရမည်နည်း။

ရှေးက အောင်မြင်ထင်ရှားခဲ့သော ဝတ်လုံတော်ရကြီးများ၊ တရားရေးဝန်ထမ်းများကိုကြည့်ပါက သူတို့၏ ဇနီးများသည် ခြွင်းချက်မရှိ ပြောရလောက်အောင် လုပချောမောကြသည်။ ယဉ်ကျေးသိမ်မွေ့ကုန္ဒြေရှင်များ ဖြစ်ကြသည်။ အသိပညာနှင့် ပြည့်စုံကြသည်ကိုတွေ့ရပေသည်။ သက်သက်ခိုင်သည် ဤအရည်အချင်းများ အားလုံးနှင့် ပြည့်ဝသည်ဟု ဆိုနိုင်ပါ၏။ သို့သော် ခြွင်းချက်တစ်ခုတော့ ထားရဦးမည်။ သက်သက်ခိုင်သည် လှသည်။ ချောသည်။ သို့သော် လူပျိုဆောင်များ၊ အရက်ဆိုင်များတွင် ချိတ်ဆွဲထားသည့် နံရံကပ်အလှမယ်များ ကဲ့သို့ ၃၆–၂၄–၃၆ အတိုင်းအထွာကိုတော့ မမီသေးပါ။ ထိုအရည်အချင်း မပြည့်ဝသေးခြင်းကို အချိန်ကာလက ဖြည့်ဆည်းပေးလိမ့်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ထိုသို့ပြည့်ဝဖွံ့ဖြိုးမည့် အလားအလာများ သူ့တွင်ထင်ရှား ရှိနေပါသည်။

သူ့မျက်နှာသည် ကျက်သရေများ ရွှန်းဝေနေသလို သူ့တစ်ကိုယ်လုံးကလည်း ယဉ်ကျေးသိမ်မွေ့ ကုန္ဒြေရှင် ဖြစ်ခြင်းကို ဖော်ပြနေပါ၏။ သူ၏ ကိုယ်နေကိုယ်ထား ကြော့ရှင်းသလောက် သူ၏သွားဟန်လာဟန်များကလည်း ခြေတစ်လှမ်း တစ်သန်းမက တန်သည်ဟု ဆိုရမည်ပင်။ နေပုံထိုင်ပုံမှလည်း မကုန်းမကော့၊ မလျော့မတင်းဘဲ ပျောင်းပျောင်းအိအိရှိလှသည်။ စားရာသောက်ရာမှာလည်း ဖွန်းခက်ရင်းကိုင်ပုံကအစ စည်းကမ်းစနစ်ကျသည်။ နှုတ်ခမ်းကွက်ခြင်း၊ လက်ပေခြင်းမရှိ။ သူ့အမူအရာအားလုံးက ဇာတိပုညဂုဏ်မာနကို ပြလျက်ရှိသည်။

အသိအလိမ္မာမှာတော့ လုံးဝမရှိ။ အမှန်အားဖြင့် ဤအရည်အချင်းမှာ သူ့စရိုက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေ လေသည်။ သို့သော် သူ့ကို ကျွန်တော်ပဲ့ပြင် ထိန်းသိမ်းပေးလိုက်လျှင် သူသည်တော်လာမည်။ အသိအလိမ္မာ၊ ပညာအရည်အသွေးတက်လာမည်ဟု ကျွန်တော်ယုံကြည်သည်။ ဘာပဲဖြစ်ဖြစ် သူ့ကိုစမ်းပြီး ပဲ့ကိုင်ပြုပြင်ပေးဖို့ ကောင်းသည်။ ကုန်ကုန်ပြောရလျှင် အရုပ်ဆိုးသော်လည်း အသိအလိမ္မာကြွယ်သည့် မိန်းမပျိုတစ်ဦး လုပအောင် ပြုလုပ်ရခြင်းထက် လုပသော်လည်း အပိတုန်းဖြစ်နေသူကလေးတစ်ဦးကို အသိအလိမ္မာကြွယ်ဝအောင် ပြုလုပ် ရခြင်းက ပို၍ လွယ်ကူလှပေသည်။

ထိုသို့တွေးမိရာက လှထူးကို ကျွန်တော်စကားစလိုက်သည်။

'သူငယ်ချင်း . . သက်သက်ခိုင်နဲ့မင်းနဲ့ တကယ်ပဲ ကြိုက်နေကြသလား'

'ငါ့ကိုတော့ သူစိတ်ဝင်စားနေတယ်ထင်တာပဲ၊ အဲဒါကို အချစ်လို့ မင်းတို့ခေါ်မလားမသိဘူး၊ နေပါဦး၊ ဒီအကြောင်း ဘာဖြစ်လို့မေးတာလဲ'

ကျွန်တော်က သူ့အမေးကို တိုက်ရိုက်မဖြေဘဲ စကားဆက်လိုက်ပြန်သည်။

'မင်းနဲ့သူနဲ့ အတည်တကျ ပြောပြီးဆိုပြီးတာများ ရှိနေပြီလားလို့ပါ၊ ငါဆိုလိုတာက မင်းတို့တစ်ယောက်နဲ့ တစ်ယောက် စွဲစွဲမြဲမြဲတွဲပြုနေတာ၊ ဟိုဟာမျိုး၊ ဒီဟာမျိုးပေါ့ကွာ'

'ဒီလိုလဲ မဟုတ်ပါဘူး၊ သူနဲ့ငါနဲ့တော့ တွေ့ကြတာတော့ များပါပြီ၊ ဒါပေမယ့် သူ့မှာလဲ တခြားအဆက်အသွယ် တွေရှိသလို ငါ့မှာလဲ ရှိနေတာပဲ၊ နေပါဦး၊ ဒီအကြောင်း ဘာဖြစ်လို့မေးတာလဲ'

ကျွန်တော်က သူ့အမေးကို တိုက်ရိုက်မဖြေဘဲ စကားဆက်လိုက်ပြန်သည်။

'သူ့မှာ မင်းအပြင် တခြားနဲ့တစ်ယောက်ယောက်နဲ့ စွဲစွဲလန်းလန်းဖြစ်နေတာများ ရှိသေးသလား'

‘ငါသိတာတော့ တစ်ယောက်မှ မရှိဘူး၊ နေပါဦး၊ ဒီအကြောင်းဘာဖြစ်လို့မေးတာလဲ’

သူ့စကားကိုကြားရ၍ ကျွန်တော်များစွာကျေနပ်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်နေလိုက်မိသည်။

‘တစ်နည်းပြောရရင် သူ့မှာ တခြားငနဲနဲ့ ဖြစ်နေတာလဲမရှိဘူး၊ ဒီအထဲ မင်းလဲမပါဘူးဆိုရင်လေးတင်ပွဲမှာ ဘယ်သူမဆိုပါနိုင်နေပြီ ဆိုပါတော့၊ ဟုတ်ရဲ့လား’

‘ဟုတ်မှာပေါ့လေ၊ အဲဒါ ဘာကိုရည်ရွယ်ပြီး မင်းကမေးနေတာလဲ’

‘ဘာမှမဟုတ်ပါဘူးကွာ၊ ဘာမှမဟုတ်ပါဘူး’

ကျွန်တော်က တိုက်ရိုက်မဖြေဘဲ မှုသားမပါအောင်ပြန်၍ပြောလိုက်ရသည်။ ယင်းသို့ပြောပြီးသည်နှင့် ဗီရိုကိုဖွင့်၍ ကျွန်တော့်အဝတ်အစားများကို ထုတ်ပြီးခရီးသွားလက်ဆွဲသေတ္တာထဲသို့ အဝတ်အစားများကိုထည့်လိုက်သည်။

‘ဟ . . မင်း ဘယ်သွားမလို့လဲကွ’

‘တနင်္ဂနွေကျောင်းပိတ်ရက် အိမ်ပြန်မလို့’

လှထူးသည် ကျွန်တော်လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး မျက်နှာချိုသွေးကာ အသနားခံလေသည်။

‘ဒီမှာ သူငယ်ချင်း၊ မင်းအိမ်ပြန်လို့ရှိရင် မင်းမယ်တော်ကြီးဆီက ငွေကလေး ပိုပိုမိုမိုဆွဲလာပြီး ငါ့ကိုမချေးနိုင်ဘူး လားကွာ၊ ငါသားမွေးကုတ်အင်္ကျီဝယ်ချင်လို့ပါ’

‘ဟကောင်ရ၊ ဒီခေတ်မှာ သားမွေးအင်္ကျီဘယ်မှာဝယ်လို့ရမှာလဲကွ’

‘အိုကွာ . . ရှာရင်ရပါတယ်၊ အရေးကြီးတာကငွေပါ’

‘အေးလေ . . မင်းလိုချင်တာ တစ်ခုခုတော့ ဖြစ်ရမှာပေါ့ကွာ’

ကျွန်တော်က ပဟေဠိဆန်ဆန် အဓိပ္ပာယ်အမျိုးမျိုးပါသော စကားကို ပြောလိုက်ပြီး သားရေသေတ္တာထဲသို့ အဝတ်တစ်ထည်ကို နောက်ဆုံးထည့်ပြီးပိတ်လိုက်လေသည်။

× × × × × × × × × × × × × × × × ×

တနင်္လာနေ့ နံနက်တွင် ကျွန်တော် အိမ်ကပြန်ရောက်လာပြီး ၁၉၂၅ ခုနှစ်လောက်က ကျွန်တော့်ဖခင်ဝတ်သော အမွေးစုတ်ဖွားနှင့်သားမွေးကုတ်အင်္ကျီကို သားရေအိတ်ထဲက ထုတ်၍ လှထူးကိုပြလိုက်၏။

‘အပ်ချလောင်း’

လှထူးသည် သားမွေးကုတ်အင်္ကျီကိုမြင်ရသည်နှင့် ‘ဟိုင်း . . ရှားဗော့စ်’ ဟု ဝမ်းသာအားရ ဆိုမြည်တမ်းလိုက်လေသည်။

သူသည်သားမွေးကုတ်အကျႌကို လှမ်းယူ၍ သူ့ကိုယ်တွင်ကပ်ကာ ပွေ့ပိုက်ရင်း 'ဟိုင်း . . ရှားဗော့စ်' ဟု ထပ်၍ ဆိုပြန်သည်။

'ဒီအကျႌ မင်းသဘောကျရဲ့လား'

'ကျမှကျ . . ကောင်းမှကောင်း'

သူသည် ကုတ်အကျႌကို သူ့ကိုမှမခွာဘဲပွေ့ပိုက်ထားရင်း ကလီကမာမျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်လေသည်။

'ကဲ . . ပြောစမ်း၊ ဒီအကျႌအတွက် မင်းကို ငါဘာပေးရမလဲ'

'မင်း . . မဒီကလေး ငါ့ပေးပေါ့'

ကျွန်တော်က စကားကို နိဒါန်းမပျိုး၊ တန်ဆာမဆင်ဘဲ ဟောဟောဒိုင်းဒိုင်းပြောချလိုက်လေသည်။

'သက်သက်ခိုင်ကိုလား'

သူ့အသံမှာ တုန်ယင်နေသည်။

'မင်း . . သက်သက်ခိုင်ကို လိုချင်တယ်လား'

'အေး . . ဟုတ်တယ်'

သူသည် ကုတ်အကျႌကို သူ့ကိုယ်မှခွာ၍ ပစ်ပေးလိုက်ရင်း . . 'ဘယ်တော့မှ မရဘူး' ဟု မာမာတင်းတင်းပြန်၍ ပြောလိုက်သည်။

ကျွန်တော်က ပခုံးကိုတွန့်၊ မျက်နှာကိုမဲ့၊ လက်ဝါးနှစ်ဖက်ဖြန့်ပြကာ 'ဒါကတော့ မောင်ရင့်သဘောပဲ၊ ဆန်ပေးမှ ဆေးရမယ့်ဥစ္စာ၊ မလိုချင်လဲ နေပေါ့' ဟု ပြောလိုက်ရ၏။

ထိုသို့ပြောလိုက်သည့်အတွက် သူ့စိတ်ထဲတွင် မည်သို့ရှိမည်ကို ကျွန်တော်သိရန် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ စာအုပ်ကိုဖတ်ရှုနေဟန်ဆောင်ကာ မျက်နှာကိုစာအုပ်နှင့်ကွယ်ပြီး သူ့ကိုတစေ့တစောင်း ချောင်း၍ကြည့်နေမိ၏။ သူ့ကိုတွေ့ရသည်မှာ အတော်ပင် မချိတင်ကဲ ဖြစ်ပုံပေါ်နေသည်။ သူသည် ဆရာတော်ဘုရား ဘုဉ်းပေးပေးနေသည့် ဝက်သားနီ၊ သုံးထပ်သားကို သွားရေတများများနှင့် ဘုန်းကြီးကျောင်းသား ငေးမြှော်ကြည့်သလို သားမွေးအကျႌကိုကြည့်လိုက် 'ဟယ် . . ဒါကြီးကို ဘာလုပ်ရမှာလဲ' ဟု အံခဲပြီး မျက်နှာလွှဲလိုက်၊ နောက်တစ်ချီ ပြန်ကြည့်ပြီး တရှိုက်မက်မက်ဖြစ်နေလိုက်၊ ပြန်လှည့်သွားလိုက်၊ နောက်တစ်ခါ ပြန်ကြည့်လိုက် လှည့်သွားလိုက်နှင့် ဖြစ်နေ၏။

ထိုသို့ကြည့်လိုက်၊ လှည့်လိုက်နှင့် လုပ်နေရာတွင် အကြည့်တွင် တစ်ခါထက်တစ်ခါ မက်မောမှုတိုးလာပြီး မျက်နှာလွှဲရာတွင် စိတ်ထဲက တင်းမာမှု တစ်စထက်တစ်စ ပျော့ညံ့လာ၏။

နောက်ဆုံးအခေါက်တွင် သူသည် လုံးလုံးမျက်နှာလွှဲမသွားတော့ဘဲ စပါးကြီးမြွေ အညှို့ခံရသည့်ချေသူငယ်ကဲ့သို့ မလှုပ်မယှက်၊ မက်မက်မောမော မျက်ကြောမပြတ် ကြည့်နေမိလေတော့၏။

ထို့နောက် သူ့ပါးစပ်မှ လည်ချောင်းမှေးကပ်နေသည့်အသံမျိုး ထွက်ပေါ်လာလေသည်။

'သက်သက်ခိုင်ကို ငါ့စိတ်ထဲမှာ ချစ်နေတာ ဟုတ်ချင်မှဟုတ်မှာပါလေ၊ တကယ်တော့ငါတို့လဲ အတည်အတံ့ သွားလာနေကြ၊ ဟိုဒင်း၊ ဒီဒင်းလုပ်နေကြတာမှ မဟုတ်ဘဲဟာ'

'အေးပေါ့၊ ဒါမျိုးပဲ ဖြစ်မှာပေါ့'

ကျွန်တော်က အဆင်းတွန်းလိုက်လေသည်။

'တကယ်တော့ သက်သက်ခိုင်ဟာ ငါ့အဖို့ဘာလဲ၊ ငါကတော့ သူ့အဖို့ဘာလဲ၊ ဘာမှမလဲဘူး၊ ဘာမှမဟုတ်ဘူး ဟုတ်လား၊ တကယ်တော့ ဒါတွေဟာ သွားရင်း မတော်တဆဝင်ပြီး ခလုတ်တိုက်မိတာမျိုးပါ၊ ပြီးတော့လဲ ပြီးတာပါပဲ'

'ဟာ . . ဒါသိပ်မှန်တာပေါ့'

ကျွန်တော်က သူ့ကိုထောက်ခံပြီး 'ဒီကုတ်အကျႌလဲ ဝတ်ကြည့်စမ်းပါဦး သူငယ်ချင်းရာ' ဟု ဆိုကာ အကျႌကို လှမ်းပေးလိုက်၏။

လုထူးသည် ဟန်လုပ်မနေဘဲ ကောက်ပြီးစွပ်လိုက်၏။ ကုတ်အကျႌသည် အပေါ်ပိုင်းက နားရွက်နောက်ရောက် သည့်အထိ ကုပ်ပိုးထောက်နေပြီး အောက်ပိုင်းက ခြေဖျားထိ၍ နေလေသည်။ သူ့ကိုကြည့်ရသည်မှာ ဝန်ကြီး အကျႌဝတ်ထားသော လူပြက်နှင့်တူနေသည်။

သူကတော့ ကျေကျေနပ်နပ်ကြီးပြုံးကာ 'တိုင်းရက်တဲ့ . . ပက္ကလာ . . မိုးရွာတာနဲ့ အသင့်ဆိုသလို ငါ့ကိုယ်နဲ့တော့ ဖစ်ဖစ်ဖော် . . ဖော်ဖော်ဖစ် နေတာပဲ' ဟု ဆို၏။

သည်တွင် ကျွန်တော် ကုလားထိုင်ပေါ်မှ ထလိုက်သည်။ ပြီးလျှင် ကျွန်တော့လက်ကို ဆန့်တန်း၍ပေးကာ 'ဒီလိုဆိုရင် အပေးအယူတည့်ပြီပေါ့' ဟု ပြောကြည့်သည်။

သူက တံတွေးကို အနိုင်နိုင်မျိုကာ 'အပေးအယူတည့်ပြီ' ဟု ဆိုလျက် ကျွန်တော့်လက်ကိုဆွဲ၍ဆုပ်ကိုင်ပြီး လှုပ်လိုက်သည်။ နောက်နေ့တွင် ကျွန်တော်နှင့်သက်သက်ခိုင်တို့ စုံတွဲခုတ်ကြရလေသည်။ ထိုသို့ သူနှင့် ပထမဆုံးတွေ့ဆုံခြင်းမှာ သူ့ကိုလေ့လာရန်နှင့် အကဲခတ်ရန် သက်သက်မျှသာဖြစ်ပါသည်။ ကျွန်တော်သည် သူ့ကို ကျွန်တော်လိုချင်သည့် အဆင့်အတန်းသို့ရောက်အောင် မည်မျှကြိုးပမ်းရမည်ကို သိရန်လိုသည် မဟုတ်ပါလော။

ပထမဦးဆုံးသူ့ကို ဟိုတယ်တစ်ခုတွင် နေ့လယ်စာစားရန် ခေါ်သွားပါသည်။ ဟိုတယ်ကအထွက်တွင် သူက 'ဒီဟိုတယ်မှာစားရတာ သိပ်ကောင်း၊ အရမ်းကောင်း' ဟု ဆိုသည်။ သည့်နောက် ရုပ်ရှင်သို့ခေါ်သွားသည်။ ရုပ်ရှင်ရုံကအထွက်တွင် သူက 'ဒီရုံကတော့ ဒိပ်ပဲ၊ ဂရိတ်ပဲ' ဟုချီးကျူးလေသည်။ ထို့နောက် သူ့ကိုအမျိုးသမီးဆောင်သို့ အရောက်လိုက်ပြီးပို့လိုက်သည်။ ကျွန်တော်ကသူ့ကိုနှုတ်ဆက်ပြီး ပြန်မည်အပြုတွင် သူက 'ဒီနေ့တော့ အားကြီးပျော်၊ အများကြီးပျော်' ဟု သူ၏ခံစားမှုကို ထုတ်ဖော်ပြောပါသည်။

ထို့နောက်ကျွန်တော်သည် စိတ်လေးလေးဖြင့် ကျွန်တော့်အခန်းသို့ပြန်လာခဲ့၏။ ကျွန်တော့်အဖို့မှာ အထင်နှင့် အမြင်လွဲနေလေပြီ။ ကျွန်တော်ထမ်းရွက်ရမည့် တာဝန်၏ပမာဏနှင့်ကြီးလေးမှုကို ကျွန်တော်လျှော့ပြီး တွက်ခဲ့မိ သည်။ သူနှင့် ယခုလို နဖူးတွေ့ဒူးတွေ့ တွေ့ရတော့မှပင် သူ၏အသိပညာခေါင်းပါးမှုနှင့် ပေါ့ရွတ်ရွတ်ပြောဆို တတ်သည့် ဝသီပါနေခြင်းကို အံ့ဩလောက်အောင် တွေ့ရပေတော့သည်။

သည်အတိုင်းဆိုလျှင် သူ့ကို အသိပညာဗဟုသုတ ပြည့်ဝအောင် ပြုလုပ်ပေးရရုံနှင့် ပြီးမည်မဟုတ်။ အမြင်ကျယ်အောင်၊ တွေးတတ်အောင်ခေါ်တတ်အောင် အရင်ဦးစွာ သင်ပေးရန်လိုလေသည်။ ဤတာဝန်မှာ မသေးငယ်၊ မနိုင်မနင်းဆောင်ရွက်ရမည့် ကိစ္စကြီးတစ်ခု ဖြစ်နေလေရာ ပထမသော် ကျွန်တော်သည် သူ့ကိုလှထူးလက်သို့ ပြန်၍အပ်ချင်စိတ်ဖြစ်မိသည်။ သို့သော် သူ၏ဖြူဖြူဖွေးဖွေး ရေဆေးငါးသဖွယ် အယ်၍နေသော ကိုယ်ကာယ အလှနှင့် ဟန်အမူအရာတို့က သူ့ကိုစိတ်မပျက်နိုင်အောင် ကျွန်တော့်အား ဖမ်းစားထားလေရာ သူ့ကို ကျွန်တော်လိုချင်သလို မဖြစ်ဖြစ်အောင် ပုံသွင်းရန် စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်မိပါတော့သည်။

သည်တော့ ကျွန်တော်ဘာလုပ်ရမည်နည်း။ ကျွန်တော်သည် ဤကိစ္စကို အနုလုံပဋိလုံ စဉ်းစားလိုက်သည့်အခါ 'အလိမ္မာစာမှာရှိသည်' ဆိုသော စကားသည် ကျွန်တော်၏ခေါင်းထဲတွင် ပေါ်လာလေသည်။ ကျွန်တော်သည် အကြောင်းအားလျော်စွာ ဥပဒေပညာကိုသင်ယူနေသူဖြစ်သော်လည်း စာပေ၊ ကဗျာ၊ အလင်္ကာတွင် များစွာဝါသနာထုံသူ တစ်ဦးဖြစ်သည်။ ကျောင်းမဂ္ဂဇင်းနှင့်နံရံကပ်စာစောင်များတွင် ကဗျာတော်တော်များများ ဝင်ရောက်ရေးသားခဲ့ဖူးပါသည်။ ကဗျူပဒေသတည်း ဟူသော ကဗျာနည်း၊ ဆန်းနည်းတို့ကိုလည်း အတော်ကလေး နှံ့နှံ့စပ်စပ် တီးမိ၊ ခေါက်မိရှိပါသည်။

သို့ဖြစ်ရာ သက်သက်ခိုင်အကြောင်းကို စဉ်းစားလိုက်သည့်အခါ ကဗျာတွင်ဒေါသတည်းဟူသော အပြစ်အဆာများရှိသလို လူတို့တွင်လည်း အပြစ်အဆာများ ရှိတတ်ကြသည်ကို နှိုင်းယှဉ်ကြည့်မိလေသည်။ ကဗျာတွင် ဒေါသကင်းလျှင် ဂုဏ်ရသမြောက်သလို လူတွင်လည်း အပြစ်အဆာကင်းလျှင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံလေသည်။ ထို့ကြောင့် သက်သက်ခိုင်အား အလိမ္မာပညာ တိုးတက်လာအောင် ကဗျာ၊ လင်္ကာနည်းဖြင့် ပြုပြင်ယူရန် ကျွန်တော် ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်ကြိမ် သက်သက်ခိုင်နှင့်ချိန်းရာတွင် 'ဒီညနေ သက်သက်နဲ့ကိုယ်နဲ့ ကန်စောင်းသွားပြီး စကားပြောကြရအောင်လား' ဟု အဆိုပြုလိုက်ရ၏။

'အို . . သက်သက်တို့က ကန်စောင်းဆိုရင် အကြိုက်ဗလိုက်ပေါ့'

သက်သက်ခိုင်နှင့်ပတ်သက်လို့ ကျွန်တော်ပြောလိုတာ တစ်ခုရှိပါ၏။ သည်ဟာကတော့ သူ့လိုဖော်ရွေသည့် မိန်းကလေးမျိုးကို ကမ္ဘာကုန်ကျယ်သရွေ့ ရှာလို့ဖြင့် မတွေ့နိုင်ခြင်းဖြစ်ပါသည်။

ညနေဘက်တွင် သူနှင့်ကျွန်တော် အင်းလျားကန်စောင်းမှာ တွေ့ကြပါသည်။ 'သက်သက်တို့ ဘာအကြောင်းပြောကြမလို့လဲ' သူကမေးသည်။ 'ဒေါသအကြောင်း' ဟု ကျွန်တော့်အဖြေကြောင့် သူမျက်လုံးပြူးသွားသည်။

'ကိုယ်ကလဲကွယ် ဘုန်းကြီးလဲမဟုတ်ဘဲနဲ့၊ ဘာပြုလို့ ဒေါသမောဟအကြောင်းပြောချင်ရတာလဲ၊ ပျင်းစရာကြီး'

'မဟုတ်ပါဘူး၊ ကိုယ်ပြောချင်တဲ့ ဒေါသက ကဗျာ၊ လင်္ကာထဲမှာပါတဲ့ဒေါသအကြောင်းပါ၊ အဲဒီအကြောင်းကို နားလည်ထားရင် ကဗျာကိုပိုင်ပိုင်နိုင်နိုင်စပ်တတ်တယ်၊ စာရေးတဲ့အခါမှာ စာချောတယ်၊ စကားပြောရမှာလည်း ပြေပြစ်တယ်၊ အနှစ်သာရပါတယ်'

သက်သက်ခိုင်သည် တစ်မိနစ်လောက် စဉ်းစားနေပြီးမှ ဆုံးဖြတ်ချက်ချလိုက်၏။

'အောရိုက် သဘောကြိုက်'

'ကဲ . . နားထောင်'

ကျွန်တော်ကလည်း ချောင်းကို တစ်ချက်ဟန့်၍ ရှင်းပြီး စကားစပါတော့သည်။

‘ကဗျာ၊ လင်္ကာမှာ မလျော်တဲ့စကားလုံး၊ မသုံးအပ်တဲ့စာသား၊ မမှားအပ်တဲ့ အဖွဲ့အနွဲ့တွေကို ရေးသားသုံးနှုန်း ဖွဲ့နွဲ့မိလို့ရှိရင် ဒေါသသင့်တယ် လို့ဆိုတယ်၊ အဲဒီအပြစ်အနာအဆာတွေကင်းရင် ဂုဏ်မြောက်တယ်၊ ရသမြောက်တယ်’

‘ဂုဏ်ဆိုတာ ငွေကိုခေါ်တယ် ဟုတ်လား’

‘မဟုတ်ဘူး . . မဟုတ်ဘူး၊ ဂုဏ်ဆိုတာ တင့်တယ်လျောက်ပတ်ကောင်းမြတ်တဲ့သဘော၊ ရသဆိုတာ အနှစ်သာရနဲ့ ပြည့်ဝတဲ့သဘောကို ဆိုတာ၊ ဒေါသသင့်ရင် မကောင်းဘူး၊ အနှစ်သာရ မပြည့်စုံဘူးမှတ်ရမယ်၊ ဒေါသမှာ ပဒဒေါသရှစ်ပါး၊ ဝါကျဒေါသကိုးပါး၊ ဝါကျတ္ထဒေါသခြောက်ပါးရယ်လို့ ရှိပါတယ်’

‘များလှချည်လား ဆရာကြီးရဲ့၊ တထိုင်တည်းနဲ့ အားလုံးပြောလို့ မှတ်မိပါ့မလား’

‘တထိုင်နဲ့ အပြတ်မပြောပါဘူး၊ အရေးကြီးတာလောက် ရွေးပြီး တစ်နေ့နည်းနည်း၊ တစ်နေ့နည်းနည်း ပြောပြပါ့မယ်၊ ပထမဦးဆုံး ဧကတ္ထ ဒေါသကိုပြောမယ်၊ အဲဒီဧကတ္ထ ဒေါသဆိုတာ အနက်အဓိပ္ပာယ်တူတဲ့စကားဖြစ်ဖြစ်၊ ဝါကျဖြစ်ဖြစ် ထပ်တလဲလဲဆိုတာမျိုး၊ ဥပမာ . . ဒိပ်ပဲ . . ဂရိတ်ပဲ ဆိုတာပေါ့၊ ဒီစကားနှစ်လုံးဟာ ကုလားကြီးနဲ့ အရာကြီးလို အနက်ဓိပ္ပာယ်အတူတူမို့ ထပ်ပြီးဆိုတာ အပိုစကားဖြစ်မနေဘူးလား’

‘အို . . ဒီလိုလား၊ နောက်ကို ဒီလိုဒေါသသင့်တဲ့ စကားတွေ သက်သက်မပြောတော့ပါဘူးနော် . . နော်’

‘နောက်ပြီးတော့ ယေဘုယျအားဖြင့် သိမ်းကျုံးပြီးပြောတဲ့စကားရှိသေးတယ်၊ ဥပမာ . . ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခြင်းသည် ကောင်း၏။ ထို့ကြောင့် လူတိုင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်သင့်၏ ဆိုတာမျိုး’

‘ဒီအဆိုကို သက်သက်အများကြီးထောက်ခံတယ်၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်တယ်ဆိုတာ ကျန်းမာရေးအတွက် သိပ်ကောင်းတာပဲဟာ’

‘အဲဒါက ဒီလိုရှိတယ်လေ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်းဟာ ကောင်းတာမှန်ပါတယ်၊ ဒါပေမယ့် လူတိုင်း အတွက် ကောင်းတာမဟုတ်ဘူး၊ နှလုံးရောဂါရှိတဲ့လူ၊ အိပ်ရာထဲက မထနိုင်တဲ့လူအတွက် ကောင်းတယ်လို့ ဆိုနိုင်ပါ့မလား၊ မဆိုနိုင်ဘူး၊ ဆရာဝန်များကတောင် တချို့လူတွေကို ငြိမ်ငြိမ်သက်သက်နေဖို့ ညွှန်ကြားရတာရှိတယ်၊ ဒါကြောင့်သုံးသပ်ချက်တစ်ခုခုကို လုပ်တဲ့အခါ လုံးထွေးပြီးမပြောရဘူး၊ တိကျမှန်ကန်မှုရှိရတယ်၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုနဲ့ပတ်သက်လို့ပြောရရင် ဒါဟာ များသောအားဖြင့် သူတို့အဖို့ကောင်း၏။ သို့မဟုတ် များစွာသော သူတို့အဖို့ကောင်း၏။ အဲဒီလို ပြောရရင်၊ ဒီလိုမဟုတ်ရင် မပြတ်သားတဲ့အတွက် သံသယဒေါသသင့်တယ်မဟုတ်လား’

‘ဟုတ်ပြီ . . ဟုတ်ပြီ၊ အဲလေ၊ ဘွာ . . ဘွာ၊ ဟင် အဲသလို ပြောတာ ဧကတ္ထဒေါသ သင့်များနေသလား’

‘ဟင့်အင်း . . အဲဒီလိုပြောတာကျတော့ ဒေါသမသင့်ဘူး၊ အာမေဍိတ်ရှစ်မျိုးထဲက ပသံသဆိုတဲ့ ချီးမွမ်းတဲ့စကားဖြစ်လို့ ဒေါသမသင့်တဲ့အပြင် လေးနက်တဲ့သဘောကိုဆောင်တယ်’

‘အို . . သိပ်ပြီး စိတ်ဝင်စားစရာကောင်းတာပဲနော်၊ ဆက်ပြီး ပြောပါဦး’

‘ပြောပါ့မယ်၊ ဒါပေမယ့် အင်္ကျီကိုတော့ ဆောင့်ဆောင့်ပြီး မဆွဲပါနဲ့ကွယ်’

သူကအကျီစကိုလွှတ်လိုက်တော့မှ ကျွန်တော်က စကားဆက်ရပြန်လေ၏။

'နောက်တစ်ခုက အတိဝုဒ္ဓဒေါသ၊ အဲဒါက စကားတစ်ခုကို လွန်လွန်ကျူးကျူးချဲ့ကားပြီးပြောတာ၊ ဥပမာ . . အာကာကိုလွှာပုံပြုပါလို့၊ မေယုကိုတဲ့ စုတ်တံချီဆိုတာလို မဖြစ်နိုင်တာတွေ ချဲ့ကားပြီးပြောတာမျိုး'

'သိပ်ကောင်းတဲ့စကားတွေပဲ ကိုရယ်၊ နောက်ထပ်ဒေါသတွေဘာတွေရှိသေးလဲ၊ ပြောပါဦး၊ နားထောင်ရတာ ကောင်းလွန်းလို့ သိပ်ပျော်တာပဲ'

သည်စကားကြားလိုက်ရသဖြင့် ကျွန်တော်အတော်ကလေး စိတ်ပျက်မိသည်။ တကယ်တော့ သူဘာမျှ သဘောပေါက်ပုံမရသေး။ သို့သော် ကျွန်တော်လက်လျှော့လိုက်လျှင် ဘာမဟုတ်သည့်လူတစ်ယောက် ကျွန်တော် ဖြစ်သွားမည်။ သို့အတွက် ကျွန်တော်ဆက်ရပြန်သည်။

'အခုပြောမှာက အတ္တဒေါသ၊ အဲဒါက ထိုက်တန်တာထက် လွန်ကဲပြီးချီးကျူးတာ၊ ပုံစံပြရရင် လမင်းထက်သာ၊ ထွန်းလင်းဖြာလျက်၊ ရောင်ဝါကွန့်မြူး၊ ပိုးစုန်းကြူး . . ဆိုတာမျိုး'

'ဟုတ်လိုက်တာကိုရယ်၊ သက်သက်လေ . . ဒီစကားမျိုး ဘယ်တော့မှ မပြောမိအောင် သတိထားပါမယ်'

'နောက်ပြီးတော့ ဩစိတျဟိနဆိုတာ ရှိသေးတယ်။ အဲဒါက ရှေ့စကားနဲ့ နောက်စကားမညီတာ၊ နှုတ်အမူအရာ ကိုယ်အမူအရာ မတူတာ၊ ဥပမာ ပြရရင် 'သေမှာကို မောင်မကြောက်ပါဘူး၊ သက်ပျောက်ရင် မောင်တစ်ကိုယ်မို့၊ လင်းတအို ဖင်ကိုနှိုက်မှာ စိုးလိုက်ပါဘိ' ဆိုတာမျိုးပေါ့၊ သူ့စကားက သေမှာကိုတော့ မကြောက်ဘူး၊ လင်းတ ဆွဲမှာ ကြောက်တယ်ဆိုတော့ ရှေ့စကားနဲ့ နောက်စကားမညီ၊ ရှေ့ကကြီးကျယ်ပြီး နောက်က လျှော့ရွှတ်ရွှတ် လုပ်လိုက်တော့ ပေါ့မသွားဘူးလား'

'ဒါကတော့ သူ့စိတ်ကူးနဲ့တွေးပြီး ကြောက်တာကို ပြောတာပဲ မဟုတ်လား'

'ဒါကို သက်သက် ပိုပြီးနားရှင်းအောင် ဥပမာတစ်ခုပေးဦးမယ်၊ ထာဝရဘုရားသခင်ဟာ ဘာမဆိုဖန်ဆင်းနိုင်ရင် သူမချီမနိုင်တဲ့ ကျောက်တုံးကြီးတစ်ခုကို သူဖန်ဆင်းနိုင်မလား'

'ဖန်ဆင်းနိုင်တာပေါ့'

'ဘယ်ဟုတ်ပါ့မလဲ၊ ဘာမဆို သူဖန်ဆင်းနိုင်ရင်ဘယ်လောက်လေးတဲ့ ကျောက်တုံးကြီးပဲဖြစ်ဖြစ် သူ မနိုင်ရမှာ မဟုတ်လား'

'ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် သူမနိုင်တဲ့ကျောက်တုံးကိုပဲ သူဖန်ဆင်းနိုင်မယ်၊ သူ မချီနိုင် မမနိုင်တဲ့ ကျောက်တုံးကို မဖန်ဆင်းနိုင်ဘူးလို့ထင်တယ်'

'သူ ဘာမဆိုဖန်ဆင်းနိုင်တာပဲဟာ'

သက်သက်က သူ့ခေါင်းကိုကုတ်၍ စဉ်းစားကြည့်သည်။ သူခေါင်းမှာ လုပသလောက် ခေါင်းထဲမှာဘာမှမရှိ၊ သို့ဖြစ်၍ 'သက်သက်တော့ ခေါင်းရှုပ်သွားပြီ' ဟု ရိုးသားစွာ ဝန်ခံရှာလေ၏။

'ရှုပ်စရာပဲပေါ့၊ ခုခံတားဆီးလို့မရနိုင်တဲ့ အင်အားကြီးတစ်ခုရှိရင် မရွေ့ရှားနိုင်တဲ့ အရာဝတ္ထုမရှိနိုင်ဘူး၊ ရွေ့ရှား အောင်လုပ်လို့မရနိုင်တဲ့ အရာဝတ္ထုရှိရင် ခုခံတားဆီးလို့မရနိုင်တဲ့အင်အားမရှိလို့ပဲ၊ တစ်ခုနဲ့တစ်ခု ဆန့်ကျင်တာ

မရှိရင် အငြင်းပွားစရာမရှိသလိုဘဲ၊ အဲဒါကြောင့် ရှေ့စကားနောက်စကား မညီရင်၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာ ဆန့်ကျင်နေရင် အဲဒါမျိုးကို ဩစိတျပဟိနဒေါသသင့်တယ်လို့ ဆိုတယ်'

'ဒီထက် လွယ်လွယ်နဲ့နားလည်နိုင်တဲ့ ဒေါသတစ်မျိုးကိုပြောပြဦး'

ကျွန်တော်က လက်ပတ်နာရီကိုကြည့်လိုက်သည်။

'အချိန်မရှိတော့ဘူး၊ ဒီနေ့အဖို့ တော်ကြဦးစို့၊ အခုသက်သက်ကို အဆောင်ပြန်ပို့ပေးမယ်၊ ဟိုကျတော့မှ ကိုယ်ပြောတာတွေကို ကျေလည်အောင်ပြန်ပြီးစဉ်းစား၊ ကျန်တာတွေ မနက်ဖြန်ကျမှ ဆက်ပြောမယ်'

ထို့နောက် ကျွန်တော်သည် သူ့ကို အမျိုးသမီးဆောင်သို့ပြန်ပို့ခဲ့ပြီး ခေါင်းရှုပ်ရှုပ်ဖြင့် ကျွန်တော့်အခန်းသို့ ပြန်၍လာခဲ့လေသည်။ အခန်းထဲသို့ ရောက်သောအခါ သားမွေးကုတ်အကျႌကြီးကိုဝတ်ပြီး ဝက်ဝံကြီးလို ခုတင်ပေါ်တွင်လဲလျောင်းကာ ဖိမ်နှင့်မှိန်းနေသော လုထူးကိုတွေ့ရလေသည်။ တဒင်္ဂအားဖြင့် ကျွန်တော့်စိတ်ထဲတွင် သူ့အဆက်ကလေးကို သူ့အားပြန်၍ပေးအပ်ရန် အကြံဖြစ်မိသည်။ သက်သက်ခိုင်သည် မည်သည့်အသိတရားမျှ သူ့ဦးနှောက်တွင်းသို့ ဖောက်ထွင်းမဝင်ရောက်နိုင်အောင် သံမဏိဖြင့်အလုံကာထားသည့် ဦးခေါင်းရှိသူတစ်ယောက် ဖြစ်နေလေရာ ကျွန်တော်၏စီမံကိန်းမှာ ချွတ်ချော်ပျက်ပြားဖို့ရန် သေချာသလောက် ဖြစ်၍နေပေ၏။

သို့သော် ကျွန်တော်၏အကြံကို ကျွန်တော်ပြန်၍စဉ်းစားလိုက်၏။ ကျွန်တော်သည် တစ်နေ့တရက် အလဟဿ ဖြုန်းတီးပြီးမှတော့ နောက်တစ်ရက်ထပ်၍ဖြုန်းရလို့ ထူးပြီး ဆုံးရှုံးစရာမရှိ။ သူသည် မီးခဲပြာဖုံး ဖြစ်ကောင်း ဖြစ်မည်။ ထိုမီးခဲမှ ပြာများကို မှုတ်ထုတ်ပေးလိုက်လျှင် မီးရဲရဲတောက်လာစရာရှိ၏။ သို့ဖြစ်၍ နောက်တစ်ကြိမ် စမ်းသပ်ရန် ကျွန်တော်ဆုံးဖြတ်မိလေသည်။ သို့နှင့် နောက်တစ်နေ့တွင် ကန်စောင်း၌ ကျွန်တော်တို့ တွေ့ကြပြန်သည်။

'မနေ့တုန်းက နောက်ဆုံးပြောတဲ့အကြောင်းက ဩစိတျပဟိနဒေါသ၊ အဲဒါက ရှေ့နဲ့နောက်နဲ့မညီတာ၊ အခု ပြောမှာက ဝိရောဓိဒေါသ၊ အဲဒါက အမှန်ဖြစ်တာနဲ့ ဆန့်ကျင်ဘက်ဖြစ်တာ၊ တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်၊ ကွဲအက်မြင်းမိုရ်၊ မီးကိုမပူ ဆိုတာမျိုးဖြစ်တယ် . .'

'မဖြစ်နိုင်တဲ့ ဟာတွေပဲနော် . .'

'အဲ . . သက်သက် တော်တော်ကလေးသဘောပေါက်လာပြီ၊ နောက်တစ်ခုပြောရဦးမယ်၊ အဲဒါက အဓိပ္ပာယ်မရှိဘဲ စကားပိုတွေထည့်ပြောတဲ့ဟာ၊ အဲဒါကို အနတ္ထကဒေါသလို့ခေါ်တယ်၊ ဘိုးစဉ်ဘောင်ဆက် ဘိုးလက်ထက် ဆိုတဲ့စကားထဲမှာ ဘောင်ဆိုတဲ့စကားလုံးဟာ အပိုသက်သက် အဓိပ္ပာယ်မရှိဘဲ စကားတွေအပိုများတာ၊ ပိုပြီးနားရှင်းအောင်ပြောရရင် လူတစ်ယောက်က အလုပ်လျှောက်တဲ့အခါ အလုပ်ရှင်က သူ့ရဲ့အရည်အချင်းတွေ မေးတာကို လိုရင်းမပြောဘဲ သူ့မှာ မိန်းမတစ်ယောက်နဲ့ ကလေးခြောက်ယောက်ရှိပါတယ်၊ သူ့မိန်းမကလဲ မီးယပ်ပိန်၊ မီးယပ်ခြောက်ရောဂါနဲ့ ချည့်ချည့်နဲ့နဲ့ဖြစ်နေပါတယ်၊ ကလေးတွေမှာလဲ စားစရာမရှိ၊ ဝတ်စရာမရှိ၊ ဆောင်းတွင်းမှာ ခြုံစရာဆိုလို့ ဂုန်နီစုတ်တောင်မရှိ၊ အိပ်တော့လဲ ဘူမိကမ္ဗလာ မြေအိပ်ရာ၊ မိုးရွာရင်အစို၊ နေပူရင်အခြောက်'

ကျွန်တော့်စကားမဆုံးမီ သက်သက်ခိုင်၏ဝိုင်းစက်သော မျက်လုံးကလေးများမှာ ကုဏ္ဍလာရေအိုင်လို မျက်ရည် ဖြိုင်ဖြိုင်ကျဆင်းနေသည်ကို တွေ့ရတော့၏။

'သိပ်ပြီးဆင်းရဲရှာတယ်နော်၊ သနားစရာပါပဲ . .'

'အင်း . . သနားတော့သနားစရာပေါ့လေ၊ ဒါပေမယ့် ဒီလိုပြောတာဟာ မေးခွန်းနဲ့ဘာမှမဆိုင်ဘဲ စကားအပိုတွေသက်သက်ဖြစ်နေတယ်၊ လောဂျစ်လိုတော့ 'အက်မဇ္ဇကောဒီယန်း' လို့ခေါ်တယ်၊ မျက်ရည်ချူတဲ့ စကားတွေ၊ အဲဒီလို စကားမျိုးကိုလဲ အနတ္တကဒေါသသင့်တယ်လို့ ဆိုနိုင်တယ်'

သက်သက်ခိုင်သည် တရှုပ်ရှုပ်လုပ်နေသဖြင့် ကျွန်တော်က လက်ကိုင်ပဝါထုတ်ပေးလိုက်ရသည်။

'နောက်တစ်ခုပြောဦးမယ်၊ အဲဒါက ဒုဋ္ဌာလင်္ကာရဒေါသ၊ ဒါက လိင်မတူ၊ ဝုဒ်မတူတဲ့အရေးအသားမျိုး၊ အပြောအဆိုမျိုး ဥပမာနဲ့ ဥပမည်းယျ၊ လိင်မတူတာချင်းတွဲတာ၊ ဥပမာအပေးလွဲတာ၊ ယုတ်တာ၊ လွန်တာ၊ ထပ်တာ၊ မနှိုင်းယှဉ်သင့်တာ နှိုင်းယှဉ်တာမျိုး၊ ယုန်အိမ်စန်းလ . . ဟသံ်ာမသို့ ဆိုသလို လိင်မတူတာမျိုးကို စပ်တာ၊ ဟပ်တာ၊ အဲဒါတွေက အလင်္ကာကိုဖျက်ရာရောက်တဲ့အတွက် ဒုဋ္ဌာလင်္ကာရလို့ခေါ်တယ်၊ နားထဲမှာ ကြားလို့မကောင်းတာမျိုးပေါ့'

'ကြည့်ပါဦးနော်၊ သက်သက်တစ်သက်လုံးမှာ ဒီလိုအဖိုးတန်တဲ့စကားတွေ တစ်ခါမှမကြားရ၊ မမှတ်သားခဲ့ရဘူး၊ နောက်ထပ်ပြောပါဦး . . ပြောပါဦး'

'နောက်တစ်မျိုးက ဂါမ္မဒေါသ၊ အဲဒါက နားရှက်စရာ စကားလုံးတွေကို တောတွင်းသား လူရိုင်းများလို ပြောတဲ့အတွက် ဂါမ္မဒေါသသင့်တယ်လို့ဆိုတယ်၊ ဥပမာ . . မယ့်ကိုလှိုက်လှိုက်၊ ချစ်ခါကြိုက်လို့၊ ပွေ့ပိုက်နှစ်ကိုယ်၊ ပေါင်းဖက်လို၏ လို့ တဲ့တိုးကြီးပြောတာမျိုး'

'ရိုင်းလိုက်တာနော် . . သိပ်ရိုင်းတာပဲ'

ကျွန်တော်သည် လူတတ်လုပ်ပြီးပြောလို့သာပြောရသည်။ အားလုံးတော့မသိ။ သိသမျှ၊ မှတ်မိသမျှကိုလည်း သက်သက်ခိုင်နားလည်လောက်သည့် ဥပမာ၊ ပုံစံတို့ဖြင့် ရှင်းပြရ၏။ သို့ဖြင့်မှတ်မိသေးသမျှထဲက နောက်ဆုံး တစ်ခုကိုပြော၍ နိဂုံးချုပ်ရန် ဆုံးဖြတ်လိုက်ရ၏။

'နောက်ဆုံးပြောမှာကတော့ ဟိနတ္တကဒေါသ၊ အဲဒါက ဂုဏ်ကြီးလှတဲ့ အရာဝတ္ထုတစ်ခုခုကို သေးငယ် ယုတ်ညံ့တဲ့ဂုဏ်ပုဒ်နဲ့ ချီးကျူးတဲ့ဟာကို ဟိနတ္တကဒေါသသင့်တယ်လို့ဆိုတယ်၊ ဥပမာ . .သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ်ကိုသတ်ဖြတ်နိုင်နင်း ခြသေ့်မင်းဆိုတာမျိုးပေါ့၊ ခြသေ့်မင်းဟာ သမင်၊ ဒရယ်နိုင်တာကတော့ ဟုတ်ပါပြီ၊ ဖွတ်၊ ပုတတ် နိုင်တယ်ဆိုတော့ ချီးမွန်းရာမရောက်ဘဲ ချိုးနှိမ်ရာ ရောက်သွားတယ်။ သိဂီြရွေခွက်ထဲ မစင်တစ်ပဲသား ကျသလိုပေါ့၊ အဲဒါကို အင်္ဂလိပ်စကားနဲ့တော့ ရေတွင်းထဲ အဆိပ်ခပ်တယ်လို့ ဆိုတယ်'

'ဟင် . . ရေတွင်းထဲအဆိပ်ခပ်ရင် သောက်မိတဲ့လူတွေ ဒုက္ခရောက်မှာပေါ့နော်'

'ရေတွင်းထဲအဆိပ်တယ် ဆိုတဲ့သဘောကဒီလိုရှိတယ်၊ စကားရည်လုပွဲတစ်ခုမှာ တစ်ဖက်ကပြောတဲ့သူက တစ်ဖက်ကလူကို သူဟာ လူအန္ဓ၊ ဘာမျှပညာမရှိဘူး၊ သူပြောတဲ့စကားတွေဟာ အလကားစကားတွေ၊ အဓိပ္ပာယ် မရှိ၊ အဆီအနှစ်မရှိတဲ့စကားတွေ၊ သူပြောတာတွေ မယုံပါနဲ့လို့ စကားဦးသန်းပြီးပြောတာမျိုးကို ရေတွင်းထဲ အဆိပ်ခတ်တယ်လို့ဆိုတယ်'

ကျွန်တော်က သက်သက်ခိုင်ကို ကြည့်ရှုအကဲခတ်လိုက်ရာ မလိုင်နှစ်ကဲ့သို့ ဖြူဖွေးသောသူ၏နဖူးကို လှိုင်းအိကလေးများကဲ့သို့ အလိပ်လိပ်ဖြစ်အောင် တွန့်ရှုံ့ကာ စူးစူးစိုက်စိုက် စဉ်းစားနေသည်ကိုတွေ့ရလေ၏။ ခဏမှာပင် သူ့မျက်လုံးကလေးများသည် ကြည်လင်တောက်ပလာပြီး အသိဉာဏ်အလင်းရောင်ဝင်လာသည်ကို ဖော်ပြနေပေ၏။

'ဒီလိုပြောတာမျိုးဟာ ဘယ်တရားမလဲနော်၊ တစ်ဖက်သားက ထပြီးစကားမှမပြောရသေးခင်က နာဖြတ်တဲ့သဘော မျိုးလုပ်တာ သိပ်ဆိုးတာပေါ့၊ ဒါကိုရေတွင်းထဲအဆိပ်ခပ်တယ်လို့ ခေါ်တယ်ဟုတ်လား၊ ပြီးတော့ ဒီလိုသဘောမျိုး ပါတာကို ကဗျာ၊ လင်္ကာနည်းမှာ ဟိနတ္တကဒေါသလို့ ဆိုတယ်လား'

ကျွန်တော်ပေးသည့် ဥပမာပုံစံများမှာ မှန်တာလည်းတချို့ရှိမည်။ တိတိကျကျမှန်သည်ဟု မဆိုနိုင်တာလည်း ရှိမည်။ မည်သို့ပင်ရှိစေ။ သက်သက်ခိုင်သဘောပေါက်ဖို့က အရေးကြီးသဖြင့် သူနားလည်လွယ်အောင် ပုံဆောင် ရခြင်းဖြစ်လေသည်။ ဘာပဲဖြစ်ဖြစ် သူသဘောပေါက်သည်ကို တွေ့ရသဖြင့်ကျွန်တော့်မှာ ဝမ်းသာမဆုံးဖြစ်ရသည်။

သို့ဖြင့် ကျွန်တော်သည် စိတ်လျှော့တော့မည်ပြုခဲ့ရာကပြန်၍ အားတက်လာကာ ပြောရာ၊ ဆိုရာ၊ ရေးသားရာတွင် မှားတတ်သည့်အရာများ၊ အပြစ်အဆာများကို အမျိုးမျိုးပုံဆောင်ကာ ဆက်လက်ပြီး သင်ခန်းစာများ ပို့ချပေးရ လေသည်။

ကျွန်တော့်အဖြစ်မှာ ဥမင်လိုဏ်ခေါင်းတူးရသည်နှင့် တူလှသည်။ ပထမသော် မှောင်ထဲတွင်မမြင်မစမ်းနှင့် ချွေးတလုံးလုံးဖြင့်အလုပ်လုပ်ရသည်။ ထိုသို့လုပ်ကိုင်ရင်း လိုဏ်ခေါင်းကြီးကိုပြီးအောင်တူးနိုင်ပါ့မည်လား၊ တူး၍ဖြစ်ဦးတော့ ဘယ်သော်အခါမှ တစ်ဖက်ကိုဖောက်ထွင်းပြီး အလင်းရောင်မြင်ရပါမည်နည်းဟု စဉ်းစား၍ မရခဲ့ပေ။ ယခုမူ အလင်းရောင်ကိုမြင်ရသည့်အက်ကြောင်းကလေးပေါ်လာသည်ကို တွေ့နေရပြီ။ ရှေ့ဆက်၍ မရပ်မနားတူးမည်၊ ဆွမည်၊ ဖောက်မည်၊ ထွင်းမည်ဆိုလျှင် ထိုအက်ကြောင်းကလေးသည် တဖြည်းဖြည်း ကျယ်လာကာ တိုးလျှိုးပေါက်သွားပြီး နေမင်းကအလင်းရောင်တွေ သွန်းလောင်းချလိုက်သလို တောက်ပထိန်လင်း သွားတော့မည်။

သို့ဖြစ်၍ ငါးရက်လောက်ဆက်ပြီးပို့ချလိုက်ရာ သက်သက်ခိုင်မှာ ကဗျာနည်း၊ အလင်္ကာနည်းများကို ကောင်းစွာ နားလည်လာကာ အတွေးအခေါ်အမြော်အမြင်နှင့်ပြည့်ဝလာသည်ကိုတွေ့ရလေသည်။

အောင်ပြီ။ ကျွန်တော်၏စီမံကိန်းကြီး ပြီးမြောက်အကောင်အထည်ဖော်ခဲ့ပြီ။ ယခုဆိုလျှင် သက်သက်ခိုင်သည် ကျွန်တော့်ဘဝခရီးတွင် လက်တွဲလျှောက်နိုင်သည့် အရည်အသွေးပြည့်ဝသူကလေးဖြစ်လာလေပြီ။ သူလည်း ကျွန်တော့်ဇနီး၊ ကျွန်တော်၏စည်းစိမ်အိုးအိမ်ကို ထိန်းသိမ်းမည့်အိမ်ရှင်မကြီး၊ ကျွန်တော့်သားသမီးများကို ကောင်းစွာမွေးကျွေး သွန်သင်ပဲ့ပြင်ဆုံးမနိုင်သည့်သားကောင်းမိခင်အဖြစ်နှင့်ထိုက်တန် နေပြီဖြစ်သည်။

ဤသို့ဆိုလိုက်ခြင်းဖြင့် ကျွန်တော်သည် ကျွန်တော်၏အိမ်ထောင်ရေးသာယာ ဖြောင့်တန်းမှုတစ်ခုတည်းသာ ကြည့်သည်။ သူ့အပေါ်မေတ္တာသက်ဝင်မှုမပါဟူ၍ အထင်မလွဲစေလိုပါ။ ဝိဇ္ဇာဇော်ဂျီ တပသီသည် သူအသက်သွင်း ထားသည့် သူယောင်မယ်ကိုနှစ်သက်စုံမက်သလို ကျွန်တော်လည်း သက်သက်ကိုချစ်နေပါသည်။ သို့ဖြစ်၍ နောက်တစ်ကြိမ်သူနှင့်ချိန်းချက်တွေ့ဆုံရာတွင် ကျွန်တော်၏စိတ်ထဲ၌ ဖြစ်ပေါ်ခံစားမှုကို ထုတ်ဖော်ပြောပြရန် ဆုံးဖြတ်လိုက်သည်။ ကျွန်တော်တို့သည် အသိစခန်းမှအသည်းစခန်းသို့ ကူးပြောင်းဆက်ဆံဖို့ရန် အချိန်တန်နေပြီ။

ထို့ကြောင့် နောက်တစ်ကြိမ် ကန်စောင်းရှိ ကနစိုးပင်ကြီးအောက်တွင် နှစ်ယောက်သား ချိန်းဆို၍တွေ့ကြရာတွင် ကျွန်တော်က 'ဒီနေ့တော့ သက်သက်နဲ့ကိုယ်နဲ့ ဒေါသအကြောင်းတွေ၊ လောဂျစ်အကြောင်းတွေ မဆွေးနွေး တော့ဘူး' ဟု စကားစလိုက်လေသည်။

'အင့် . .ဟင် . .'

သက်သက်ခိုင်က စိတ်ပျက်ဟန်ဖြင့်ပြောသဖြင့် ကျွန်တော်က မျက်နှာချိုသွေးပြီးပြန်၍ပြောရလေသည်။

'ကိုယ်တို့အတူတူ တွေ့ကြဆုံကြတာငါးခါရှိပြီ၊ တွေ့ကြတဲ့အခါတိုင်းမှာလဲ တစ်ဦးနဲ့တစ်ဦး ကြည်ကြည်ဖြူဖြူ စိတ်တူသဘောတူရှိကြတယ်၊ အဲဒါကြောင့် ကိုယ်တို့နှစ်ယောက်ဟာ ရှေ့သွားနောက်လိုက်ညီတယ်၊ နတ်ဖက်တယ် ဆိုတာ ထင်ရှားတာပေါ့'

'ဒါဆိုရင် အတိဝုတ္တဒေါသသင့်တာပေါ့'

'ဘာ . . ဘာ ဘာပြောတယ်'

'သြော် . . ကိုချစ်ထွေးပြောဖူးတယ်မဟုတ်လား၊ စကားတစ်ခုကိုလွန်လွန်ကျူးကျူးပြောတာ အတိဝုတ္တဒေါသ သင့်တယ်လို့'

'ဟုတ်တယ်လေ . . အဲဒါနဲ့ ဘာဆိုင်လို့လဲ'

'ဒီလိုလေ . . သက်သက်နဲ့ ကိုချစ်ထွေးနဲ့တွေ့ကြတာမှ ငါးခါပဲရှိသေးတာမဟုတ်လား၊ ဒီငါးခါလောက်ကလေး တွေ့ရုံနဲ့ ရှေ့သွားနောက်လိုက်ညီတယ်၊ နတ်ဖက်တယ်လို့ဆိုတာဟာ လွန်လွန်ကဲကဲပြောတာ အတိဝုတ္တဒေါသ သင့်တယ် မဟုတ်ပေဘူးလားလို့၊ ဆန္ဒစောလွန်းတာပေါ့'

ကျွန်တော်သည် မည်သို့ပြန်၍ပြောရမည်ကိုမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွားမိ၏။ ပြီးမှ သူကလေးတော့ဖြင့် ကျွန်တော်ပြောသည့် တွေးခေါ်မြော်မြင်ရေးသဘောတွေကို နောကျေနေလေပြီဟုတွေးမိကာ ပြုံးမိလေသည်။

'သက်သက်စဉ်းစားကြည့်လေ၊ ငါးခါဆိုတာ နာရီတွေ၊ မိနစ်တွေ၊ စက္ကန့်တွေမြှောက်လိုက်ရင် နည်းတဲ့အချိန် ကာလတွေမှာ မဟုတ်ဘဲ၊ နောက်ဆုံးမှာတော့ ကြက်သွန်အကြောင်း တစ်တောင်းလုံးစားကြည့်မှ သိရတာ မဟုတ်ပါဘူး၊ တစ်တက်စားလဲကြက်သွန်၊ နှစ်တက်စားလဲကြက်သွန်'

'ဒီလိုဆိုတော့ ဒုဋ္ဌာလင်္ကာရ ဒေါသသင့်နေတာပေါ့၊ သက်သက်ဟာကြက်သွန်မဟုတ်ဘဲ မိန်းကလေးပဲဟာ၊ ဥပမာ . . ဥပမည်းယျ လိင်မတူတာချင်း နှိုင်းယှဉ်ပြရင် ဒုဋ္ဌာလင်္ကာရဒေါသဆို'

ကျွန်တော်လည်း သူ့အပြောကို သဘောကျ၍ ရယ်မိသည်။ သူကလေးတစ်ယောက်တော့ဖြင့် ကျွန်တော်ပို့ချခဲ့သည့် သင်ခန်းစာများကို အတတ်လွန်ပြီး ပါပကောလား၊ သို့ဖြစ်၍ နည်းပရိယာယ်ပြောင်းကာ သူ့အပေါ်၌ ကျွန်တော်မေတ္တာရှိနေခြင်းကို ရှင်းရှင်းနှင့်ဘွင်းဘွင်း ဖွင့်ဟပြောဆိုရန် ဆုံးဖြတ်လိုက်လေသည်။

'ကိုယ်လေ သက်သက်ကိုသိပ်ချစ်တယ်၊ ချစ်တာမှ လှိုက်လှိုက်လှဲလှဲအူထဲအသည်းထဲကကို ချစ်တယ်၊ သက်သက်ဟာ ကိုယ့်ရဲ့ကမ္ဘာ၊ ကြယ်တွေလတွေထိန်ထိန်ဝေနေတဲ့ ကိုယ်ရဲ့ စကြဝဠာကြီးပါ၊ သက်သက်မရှိရင် ကိုယ်ရဲ့စကြဝဠာကြီးဟာ ကွယ်ပျောက်ရမှာပါ'

'ဇေကတ္တဒေါသ သင့်ပြန်ပြီ'

'ကိုယ်အတည်ပြောနေတာပါ သက်သက်ရယ်၊ ကိုယ်ဟာ သက်သက်ကိုစွဲမက်တဲ့စိတ်နဲ့ မအိပ်နိုင်မစားနိုင် ဖြစ်နေပါတယ်၊ သက်သက်နဲ့ကိုယ်နဲ့ မောင်မယ်စုံအချစ်စမ်းပြီး စက်ခန်းမှာ မပျော်ရရင် မောင့်ဘဝဟာ သုညာ၊ ဘာမှအဓိပ္ပာယ်မရှိတာမို့ မောင်ဟာ . . ဝေးရာကမ္ဘာကိုပြေးပြီး ဆွေးစိတ်နဲ့ သေရတော့မှာပါ သက်သက်ရယ်'

ကျွန်တော်က အလှဆုံး၊ အထိဆုံး၊ အငြိဆုံးဖြစ်မည့် စကားလုံးများကိုရွေးပြီး သက်သက်၏အသည်းကို ဆွဲ၍လှုပ်လိုက်ပါသည်။ ထိုသို့ပြောလိုက်ပြီး အောင်ပွဲဆင်ရတော့မည့်အရေးကို တွေးမျှော်ကာ သူ့စကားအလာကို စောင့်စားရင်း လက်ပိုက်ထားလိုက်သည်။

‘များလှချည်လား ကိုယ်ရယ်’

‘ဘာတွေများတာလဲ အသက်ရဲ့’

‘ဒေါသတွေလေ၊ ချစ်တာ၊ စုံမက်တာတွေ မိုးမွန်အောင်ပြောတာက ဧကတ္တဒေါသထက်ပိုပြီး ဒွိကတ္တ၊ တြိကတ္တတောင်ဖြစ်နေပြီ၊ ပြီးတော့ အချစ်စမ်းပြီး စက်ခန်းမှာပျော်ချင်တယ်ဆိုတော့ ဂါမ္မဒေါသတောင် သင့်နေပါပေါ့လားကိုယ်ရယ်၊ မအိပ်နိုင်မစားနိုင် အသည်းဆွေးရသေရမယ်ဆိုတာ အနတ္တကဒေါသသင့်တယ်လို့ မဆိုတောင် ကိုချစ်ထွေးပြောတဲ့ အက်မဇ္ဇရီ ကောဒီယန်းဆိုတဲ့ မျက်ရည်ချူတာ ဖြစ်မနေဘူးလား၊ စဉ်းစားပါဦး’

ကျွန်တော်အံ့ကြိတ်လိုက်မိသည်။ ကျွန်တော်အသက်သွင်းထားသူ၊ ဖန်ဆင်းထားသူကလေးမှာ သူယောင်မယ် မဟုတ်ဘဲ ကျွန်တော်ကမှော်ဆရာ၊ သက်သက်က ကျွန်တော်မွေးထားသည့် ဖုတ်သရဲ၊ ကျွန်တော့်ကုပ်ကိုခဲမည့် နာနာဘာဝဖြစ်နေသည်ကို တွေ့ရလေတော့သည်။ သို့သော် သည်ဂါထာမစုတ်၊ သံဗုဒ္ဓေမရွတ်ဘဲ ရုတ်တရက် တုန်လှုပ်မှုကို အပြုံးဖြင့်ဖုံးဝှက်ရလိုက်လေသည်။ ပြီးမှ . .

‘သက်သက် က ဒေါသတွေကို တော်တော်ကျေညက်နေမှပဲ’

‘သိပ်မှန်တာပေါ့’

သက်သက်က ဆတ်ကနဲညိတ်ပြရင်း ပြောလေသည်။

‘အဲဒါတွေ ဘယ်သူသင်ပေးသလဲ’

‘ကိုချစ်ထွေး သင်ပေးတယ်လေ’

‘ဟုတ်ပြီ၊ အဲတော့ ဒါတွေတတ်တဲ့အတွက် ကိုယ့်ကိုကျေးဇူးမတင်သင့်ဘူးလား၊ ကိုယ်နဲ့မတွေ့ရင် သက်သက်ဟာ ဒါတွေကို ဘယ်နည်းနဲ့မှ သိနိုင်မှာမဟုတ်ဘူး’

‘ဒီလိုဆိုတော့ အမှန်တရားနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အတွက် ဝိရောဓိဒေါသ သင့်တော့မပေါ့၊ ဒီအကြောင်းတွေ ကဗျာစပ်နည်းစာအုပ်ထဲဖတ်ကြည့်ရင်လဲ သိနိုင်တာပဲ’

ကျွန်တော့်နဖူးမှ ချွေးဖြိုင်ဖြိုင်ကျလာတော့၏။ ရင်ထဲမှာလည်း နင့်သလိုလို၊ နာသလိုလို ဖြစ်မိ၏။ လည်ပင်းတွင်လည်း ဆို့နင့်လျက် အသံမှာ ကွဲအက်အက်ထွက်လာ၏။

‘သက်သက်ယခုပြောတာတွေဟာ နေရာတကာတိုင်းမှာ သုံးရတာမဟုတ်ဘူး၊ ဒါတွေဟာ စာပေနဲ့ဆိုင်တာ၊ ကျောင်းမှသင်ရတာတွေဟာ အစစအရာရာ ဘဝနဲ့ဟပ်လို့မရဘူး’

‘ဟဲ . .ဟဲ . . ဒါဆိုရင် သံသယဒေါသ’

သက်သက်က ကရော်ကရော်လုပ်သလို သူ့လက်ညှိုးကို ကျွန်တော့်ဖက်ထိုး၍ ကွေးလှုပ်ပြလေသည်။ သည်တွင် ကျွန်တော်စိတ်မရှည်နိုင်တော့သဖြင့် ဆတ်ခနဲမတ်တပ်ရပ်ကာ ခပ်မာမာမေးလိုက်ရတော့သည်။

‘ကဲ . . သက်သက်တစ်ခွန်းထဲပဲပြော၊ ကိုယ်နဲ့ အမြဲတွဲမလား၊ မတွဲဘူးလား’

‘မတွဲဘူး’

‘ဘာဖြစ်လို့ မတွဲချင်တာလဲ’

‘နေ့လယ်တုန်းကပဲ ကိုလှထူးကို သူနဲ့ဘယ်တော့မှမခွဲပါဘူးလို့ ကတိပေးခဲ့လို့’

ကျွန်တော်မှာ နောက်သို့လန်ကာ ကျွမ်းပြန်မလိုဖြစ်သွားသည်။ ကျွန်တော်၏ချစ်ရေးဆိုမှုကို ငြင်းပယ်ခံရခြင်းကြောင့် ရှက်လည်းရှက်မိသည်။ လှထူး၏တစ်ပတ်ရိုက်ခြင်းကို ခံလိုက်ရသည့်အတွက်ကြောင့်လည်း ဒေါသဖြစ်မိသည်။

‘ခွေးသား . . ဝက်မြေး’

ကျွန်တော်သည် ပါးစပ်မှရေရွတ်ကာ မြက်ဖုတ်တစ်ခုလွင့်သွားအောင် ကန်ပစ်လိုက်မိသည်။

‘သက်သက် . . သူနဲ့ အဆက်မလုပ်ပါနဲ့၊ ဒီကောင်ဟာ သူငယ်ချင်းအပေါ်မှာ အန်မတန်သစ္စာမဲ့တဲ့ လူလိမ်၊ လူကောက်၊ လူညာ၊ မဟာခွေးသူခိုး’

‘ဒါ . . ကိုချစ်ထွေးက သူတစ်ပါးကို သက်သက်ချိုးနှိမ်တာ၊ ရေတွင်းထဲအဆိပ်ခပ်တာ၊ ဂုဏ်ကြီးရှင်တစ်ယောက်ကို ဂုဏ်ယုတ်အောင်လုပ်တာ ဟိနတ္တကဒေါသ’

‘ဘာပြောတယ်’

‘ကိုချစ်ထွေး သက်သက်ကိုမအော်ပါနဲ့၊ အော်တယ်ဆိုတာလဲ ဒေါသတစ်ပါးပဲ’

ကျွန်တော်သည် မနည်းကြိုးစား၍ အသံရှိန်ကိုလျှော့လိုက်ရ၏။

‘သက်သက်တစ်ခုစဉ်းစားပါ၊ သက်သက်လဲ အတွေးအခေါ် ပညာရှင်တစ်ယောက်ဖြစ်နေပြီပဲ၊ ယထာဘူတကျကျစဉ်းစားကြည့်လေ၊ ကိုယ့်ထက် လှထူးကဘာများသာတာရှိလို့ သူ့ကိုရွေးရတာလဲ၊ ကိုယ့်ကို ကြည့်စမ်း၊ ပညာတတ်တယ်၊ ဉာဏ်ကောင်းတယ်၊ အတန်းထဲမှာတော်တယ်၊ ဗဟုသုတကြွယ်ဝတယ်၊ အနာဂတ်ဘဝဖူလုံရေးအတွက် စိတ်ချနိုင်တဲ့ ယောကျ်ားတစ်ယောက်၊ လှထူးကဆိုရင် ခေါင်းထဲမှာ ဦးနှောက်မရှိဘူး၊ ဘာစာမှမတတ်ဘူး၊ အန္ဓဗာလ၊ ကပွဲတက်ပြီး ကြမ်းပိုးထိုးနေတဲ့ လမ်းသရဲ၊ သူ့ဝမ်းစာ သူရှာစားတတ်မယ့် အကောင်မျိုးမဟုတ်ဘူး၊ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်တဲ့လူစား၊ သူ့မှာ ဘာများမက်စရာရှိသလဲ’

‘ရှိတာပေါ့’

‘ပြောစမ်းပါဦး၊ မက်စရာဘာရှိသလဲ’

‘သူ့မှာ သားမွေးလောင်းကုတ်နဲ့သိလား’

ပြောပြောဆိုဆို သက်သက်သည် ကျွန်တော့်အနားမှ ခပ်သွက်သွက်ထွက်ခွာသွားလေသည်။ ကျွန်တော်ကား မြက်ခင်းပေါ်တွင် ဖင်ထိုင်ကျကာ နဖူးမှချွေးစေးများကို သုတ်ရင်းကျန်ရစ်ခဲ့လေတော့၏။

စန္ဒာမဂ္ဂဇင်း၊ မတ်လ၊ ၁၉၇၆

ကျွန်တော်၏ တစ်သက်တာတွင် ထိုတိုင်ငုတ်ကြီးကို ဘယ်ခါမျှမေ့နိုင်တော့မည်မဟုတ်ပါ။

ထိုတိုင်ငုတ်ကြီးမှာ မလှုပ်မရှား စကားမပြော။ အသက်မရှိသော အရာဝတ္ထုပင်ဖြစ်လင့်ကစား ကျွန်တော်၏ အချစ်ဇာတ်လမ်းတွင် လူကြမ်းအဖြစ် ပါဝင်အသုံးတော်ခံခဲ့လေသည်။ ထိုငုတ်ကြီးသာလျှင် ကျွန်တော်ငယ်စဉ်က ကျောင်းသွားရာ လမ်းဘေးတွင် မရှိခဲ့ပါမူ ကျွန်တော်၏အချစ်ဇာတ်လမ်းမှာ စာဖွဲ့လောက်အောင် တန်ဖိုးရှိမည် မဟုတ်ပေ။

ကျွန်တော်ငယ်စဉ်ကသာ မဟုတ်။ ကျွန်တော်၏မိဘ၊ ဘိုးဘွားများငယ်စဉ်ကပင်လျှင် ထိုတိုင်ငုတ်ကြီး ရှိနေခဲ့လေရာ မည်သည့်အခါကာလက မည်သူလာရောက် စိုက်ထူသွားသည်ကို ယခုအခါတွင် ပြောဆိုနိုင်သူ တစ်ဦးမျှ မရှိတော့ပေ။

ထိုတိုင်ငုတ်ကြီး၏အမြင့် ခြောက်ပေသာသာမျှမြင့်၍ လုံးပတ်မှာ လက်တစ်ဖက်ခန့်မျှရှိပြီး တိုင်ထိပ်မှာ လွှနှင့်တိုက်ဖြတ်ထားသကဲ့သို့ တိတိပြတ်လျက်ရှိသဖြင့် ရှေးမြန်မာများလက်ထက်က နန်းတော်တိုင်ဟူ၍ လည်းကောင်း၊ ဘုန်းကြီးကျောင်းတိုင်ဟူ၍လည်းကောင်း၊ တစ်ခုခုဖြစ်ရမည် ဟူ၍သာလျှင် စိတ်မှန်းဖြင့် ပြောသူ များကြပေသည်။ ထိုတိုင်ငုတ်ကြီးကို ထိပ်နီဟူသော သရဲကြီးတစ်ကောင် စောင့်သည်ဟူသော စကားပိုကား လူအပြောများသဖြင့် ညအချိန်၌ ထိုတိုင်ငုတ်ကြီးအနီးအနားမှ ဖြတ်သန်းသွားဝံ့သူ အလွန်နည်းပါးလှပေ၏။

ထိုသရဲကြီး၏ မျက်လုံးများမှာ လင်းကွင်းလောက်နီးနီးရှိ၍ အစွယ်များမှာ တစ်မိုက်ခန့်ရှည်လျားပြီး ကိုယ်မှ အမွေးများမှာ တစ်ထွာကျော်ရှည်လျက် သူ့လျှာကိုထုတ်ကာ ခါးတောင်းကျိုက်သကဲ့သို့ ပေါင်ကြားမှလျှိုပြီး ငယ်ထိပ်ရောက်အောင် ပတ်ပြနိုင်သည်။ ထိပ်နီသည် သူသဘောကျသူနှင့် တွေ့လျှင် တိုင်ငုတ်ပေါ်မှနေ၍ စိန်ကတုံးအမဲခြောက်ဖုတ် ကသည့်အကဖြင့် ကပြတတ်၍ ကြက်လိုလည်း တွန်ပြတတ်သည်။ သို့မဟုတ်ပါက အချိန်မတော် ထိုတိုင်ငုတ်နားသို့ ရောက်လာသူများကို ကုတ်ချိုး၍စားတတ်သည်။ တစ်ခါတစ်ရံ ထိပ်နီကြီး ဒေါသဖြစ်လျှင်လည်းကောင်း၊ လူမစားရသည်မှာ ကြာလျှင်လည်းကောင်း မြို့စောင့်နတ်ကြီးအား ခွင့်တောင်း၍ မြို့ထဲ၌ လှည့်လည်သောင်းကျန်း ပြီးလျှင် ကပ်ရောဂါများကို ဖြစ်ပွားပေါ်ပေါက်စေလျက် လူအမြောက်အမြားကို ဖမ်းစားတတ်သည်ဟူ၍ အမျိုးမျိုးပြောဆိုလေ့ရှိကြပေသည်။

တစ်ခါက မျက်နှာဖြူအရေးပိုင်တစ်ဦး ညအချိန်မော်တော်ကားမောင်း၍လာရင်း ထိုငုတ်ကြီးအနီးသို့ ရောက်ရာတွင် ထိပ်နီသည် ကားရှေ့မှ ထုပ်ဆီးသကဲ့သို့ ရပ်တန့်လက်ဆန့်ကာဆီးထားရာ အရေးပိုင်သည် မိမိအား ပမာမခန့် လုပ်ရမည်လားဟု ခါးမှခြောက်လုံးပြူးကို ဆွဲထုတ်ပြီး ပစ်လိုက်ရာတွင် ခြောက်ချက်စလုံး ဒိုင်းခနဲမမြည်ဘဲ တောက်တဲ့ . . တောက်တဲ့ . . တောက်တဲ့ ဟူသော အသံထွက်နေပြီး ကျည်ဆန်မီးမကူးဘဲ ရှိနေသည့်အတွက် အင်္ဂလိပ်အရေးပိုင်လည်း ကြံရာမရတော့ဘဲ ကားကိုနောက်သို့ ပြန်ဆုတ်ခဲ့ရကာ အိမ်ရောက်၍ နှစ်နာရီခန့် အကြာတွင် ပါးစပ်ထဲမှ အမြှုပ်တစီစီထွက်လျက် ချွေးရူးပြန်ပြီး သေဆုံးသွားတော့သည်ဟု အချို့ကပြောကြသည်။

ထိပ်နီးမှာ နေ့ခင်းအချိန်၌မူ နှောင့်ယှက်ဖမ်းစားခြင်းပြုသည်ဟူ၍ တစ်ခါမျှ မကြားသိရဘူးပေ။

ထိုတိုင်ငုတ်ကြီးမှာ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်ကျောင်းသွားရာလမ်းဘေးတွင်ရှိနေရာ ထိပ်နီကြီး၏ ဆိုးသွမ်းသောင်းကျန်းပုံကို ကြားသိထားရသော ကျွန်တော့်မှာ ထိပ်နီသည်နေ့ခင်း၌ ဘာမျှဖမ်းစားခြင်းမပြုဟု ပြောဆိုကြစေကာမူ ထိုနေရာသို့ရောက်တိုင်း ကြက်သီးထမိပေတော့၏။ သို့ဖြစ်စေကာမူ ထိုလမ်းသည် ကျောင်းသို့သွားရန် အနီးဆုံးလမ်းဖြစ်နေလေရာ အခြားလမ်းမှ ကွေ့ရှောင်၍ မသွားလိုဘဲ ကျောင်းတက်ကျောင်းဆင်းသည့်အခါတိုင်း တစ်ရပ်တည်းနေ ယခုအခါ ခင်မောင်မောင်ဝင်းဟူ၍ နာမည်ပြောင်းထားသော မာမက်နှင့်အတူတူ အမြဲသွားလေ့ရှိပေသည်။ မာမက်မှာလည်း ထိပ်နီ၏ရာဇဝင်ကို ကျွန်တော်ကဲ့သို့ပင် ကြားထားရသူဖြစ်သဖြင့် ထိုတိုင်ငုတ်ကြီး အနားသို့ရောက်တိုင်း ကြက်သီးထကြောင်းပြောပြပါသည်။

တစ်နေ့တွင် ကျွန်တော်တို့ကျောင်းဆင်းလာကြရာက ထိုတိုင်ငုတ်ကြီးအနားသို့ရောက်ရာတွင် နှစ်ဦးစလုံး ဖြန်းခနဲကြက်သီးထမိရာက တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ပြီး နှစ်ယောက်စလုံး လန့်နေကြခြင်းကို ရိပ်မိကြကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ဆောင့်ကန်၍ ပြေးလာခဲ့ကြလေ၏။

ဤသို့ပြေးလာကြရာတွင် တစ်ခေါ်လောက်အရောက်၌ လူကြီးတစ်ယောက်နှင့်တွေ့ပြီး ထိုလူကြီးက ‘ဟဲ့ကောင်လေး နှစ်ကောင်၊ ဘာလန့်ပြီး ပြေးလာကြတာလဲ’ ဟု မေးရင်းမြန်းရင်း ကျွန်တော်တို့နှစ်ယောက်စလုံးကို ဖမ်း၍ဆွဲထားလိုက်လေ၏။

ကျွန်တော်မှာကား အလန့်မပြေသေးသဖြင့် ဘာမျှမပြောနိုင်။ မာမက်ကို ကြည့်လိုက်ပြန်သောအခါလည်း ဖနောင့်မှခြေမှုန့်ကို လက်နှင့်ယူ၍ နဖူးသုတ်နေသည်ကို တွေ့ရလေ၏။

‘ဟဲ့ . . မာမက်၊ နင့်ခြေထောက်က ဖုတ်တွေ နဖူးသုတ်နေတာ ညစ်ပတ်အောင် ဘာပြုလို့လုပ်နေတာလဲ’

ထိုအသံကိုကြားမှ ထိုလူကြီး၏မျက်နှာကို ကြည့်မိပြီး မာမက်၏ ‘ကြာကြာ’ (ခေါ်) ဘကြီးတော်သူ ဆူလတန် (ခေါ်) ကိုမောင်မောင် ဖြစ်မှန်းကို သိရလေသည်။

မာမက်သည် သူ၏ ‘ကြာကြာ’ ပြောသည့်စကားကိုကြား၍ နဖူး၌သုတ်ပြီးသော ခြေမှုန့်ကို ပြန်၍ပွတ်ရင်း . .

‘သရဲခြောက်ရင် ခြေမှုန့်သုတ်ရတယ်ဆိုလို့’ ဟု ပြန်၍ဖြေလိုက်လေ၏။

‘နင့် ဘယ်သူပြောလို့လဲ’

‘ဒီလိုပဲ ပြောကြတာပဲ၊ မသာချလာတာနဲ့တွေ့ရင် လူကြီးတွေက သူတို့ခြေမှုန့်နဲ့ ကလေးတွေရဲ့ နဖူးသုတ်တယ်’

‘စူဝက်ကဘကျား၊ နင်ဒီစကားတွေ ယုံနေသလား၊ ဘယ်မှာသရဲရှိလို့ နင်တို့ကို ခြောက်တာလဲ’

‘ဟိုတိုင်ငုတ်ကြီးမှာ ရှိက်တန်ရှိတယ် ကြာကြာရဲ့၊ အဲဒီတိုင်ငုတ်ကြီး ရှိက်တန်ဟာ နေ့ခင်းမခြောက်ဘူးဆိုပေမယ့် အခုကျွန်တော်တို့လာတုန်းက ခြောက်တယ်’

‘ဘယ်လိုခြောက်သလဲ၊ ဘယ်လိုခြောက်သလဲ’

‘ကျွန်တော်တို့ အဲဒီတိုင်ငုတ်ကြီးအနားသို့ရောက်ရော ကြက်သီးထတယ် ကြာကြာရဲ့’ ဟု မာမက်ကပြန်၍ဖြေကာ ကျွန်တော့်ဘက်သို့လှည့်ကာ ‘ဟုတ်တယ်၊ မဟုတ်လား’ ဟု မေးသဖြင့် ကျွန်တော်ကလည်း ဟုတ်ကြောင်း ဝန်ခံသည့် အမူအရာအားဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

‘မင်းတို့ကို ဘယ်သူပြောသလဲ၊ ကြက်သီးထတာဟာ သရဲခြောက်လို့ ဖြစ်တယ်ဆိုတာ’

'ဟုတ်တယ်ဗျ၊ သရဲရှိတဲ့နေရာတို့၊ သရဲရှိတဲ့ သစ်ပင်အောက်တို့ကျောက်ရင် ကြက်သီးထတယ်လို့ လူကြီးတွေက ပြောထားတယ်' ဟု ကျွန်တော်က မာမက်ကိုထောက်ခံကာ ဝင်၍အဖြေပေးလိုက်လေသည်။

'မှတ်ထား၊ သရဲခြောက်လို့ ကြက်သီးထတာမဟုတ်ဘူး၊ မင်းတို့ သေးပေါက်ချင်လို့'

ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ရယ်ရွှင်ဖွက်ပြက်လုံးများကို ကြားလိုက်ရဘိသကဲ့သို့ ပြိုင်တူရယ်မိကြမှ အလန့်မှာ ပြေပျောက်သလိုလို ရှိသွားကြပါတော့သည်။

'ဘာရယ်နေကြတာလဲ၊ ငါပြောင်ပြီးတော့ ပြောနေတာမဟုတ်ဘူး၊ မင်းတို့ ဒီတိုင်ငုတ်ကြီးကိုသွားပြီး သေးပန်းချေ၊ ဘာမှမဖြစ်စေရဘူး၊ တစ်ခုခု ဖြစ်ရင် ငါ့တာဝန်ထားလိုက်'

'ဟာ . . ဟင့် . . ကြောက်တယ်၊ သရဲကြီးကိုက်စားလို့သေမှာပေါ့'

'ဟော့ ဒီတိုင်ငုတ်ကြီးက သရဲဟာ နေ့ခင်းမှာ မရှိဘူး၊ ညကျမှရှိတာ၊ ဒါတောင် လူကြီးတွေကို မခြောက်ဖူး၊ ညည လျှောက်လည် တတ်တဲ့ ကလေးတွေကိုသာ ခြောက်နေတာ၊ နေ့ခင်းအချိန်မှာ ထိပ်နီဟာ ငရဲမင်းကြီးက ကြိမ်လုံးနဲ့ ရိုက်ခေါ်လို့ ငရဲပြည်သွားပြီး၊ ပန်ကာဆွဲတဲ့ချာပရာစီ လုပ်နေရတယ် သိရဲ့လား'

'ကြာကြာ အလကားပါ၊ ဂွတ်ဒမွတ်စကားတွေ ပြောနေတာ'

'ဘာလဲနင်က ဂွတ်ဒမွတ်လေး ဘာလေးပြောနေတာ၊ လာခဲ့၊ နင်ဒီတိုင်ငုတ်ကြီးကို သေးနဲ့မပန်းရင်၊ သရဲက နင့်ကို မသတ်ခင်၊ ငါက နင့်ကို သတ်ပစ်မယ်' ဟု ဆိုကာ နားရွက်ကိုလိမ်ဆွဲ၍ ခေါ်သွားပြီးလျှင် ကျွန်တော့်အားလည်း 'ဟော့ကောင်လေး . . မင်းပါ လိုက်ခဲ့၊ မင်းပါ တိုင်ငုတ်ကို သေးနဲ့ပန်းရမယ်၊ မင်းတို့နှစ်ယောက်စလုံး တိုင်ငုတ်ကို သေးနဲ့ပန်းပြီးရင် တစ်ယောက်ကို ငါးမူးစီ ငါပိုက်ဆံ အလကားပေးမယ်၊ လာခဲ့ . .' ဟု ခေါ်နေသည့်ပြင် ကျွန်တော့်မှာ အတူတူကျောင်းသွား၊ ကျောင်းပြန်ဖက်၊ မာမက်ကိုခွဲ၍ နေရစ်ဖို့ရန် မတော်သောကြောင့် ကြောက်ကြောက်နှင့်ပင် တိုင်ငုတ်ကြီးရှိရာသို့ လိုက်ပါသွားခဲ့ရလေ၏။

'ကဲ . . ပန်းကြစမ်း'

ကျွန်တော်တို့မှာ ခိုင်းသည့်အတိုင်း မပြုလုပ်ရဲကြဘဲ တွေဝေ၍ ရပ်နေမိကြလေတော့သည်။

'မင်းတို့မလုပ်ရဲရင် . . ငါအရင်လုပ်ပြမယ်၊ ဒါပေမယ့် ငါ့ရှေ့ကတော့ လာမကြည့်နဲ့၊ နောက်ကနေ'

ဆူလတန် (ခေါ်) မောင်မောင်သည် ရှေ့နောက်ဝဲယာလှည့်၍ လူရိပ်သူရိပ်ကို ကြည့်ကာ ကျွန်တော်တို့မှလွဲ၍ မြင်လောက်သောနေရာ၌ ဘယ်သူမျှ မရှိသည်ကို သိရသည်နှင့် ထိုတိုင်ငုတ်ကြီးကို ရှန်းစိုအောင် ဘိသိက်သွန်း လေတော့၏။

'ကဲ . . ငါဘာဖြစ်သလဲ၊ ဘာမှ မဖြစ်ဘူးမဟုတ်လား၊ ကဲ . . မင်းတို့ ပန်းကြစမ်း'

ကိုကိုမောင် ဘာမှမဖြစ်သည်ကိုမြင်ရ၍ ကျွန်တော်တို့လည်း ရဲတင်းလာကာ သူမြှောက်ပေးသည့်အတိုင်း သူ့လမ်းစဉ်ကိုလိုက်ကြရာ တိုင်ငုတ်ကြီးမှာ သကြံန်မိုး သုံးကြိမ်ရွာသလို ရွှဲရွှဲစို၍ သွားလေတော့သတည်း။

'ကဲ . . မင်းတို့ ကြက်သီးထကြသေးသလား'

ကျွန်တော်တို့နှစ်ယောက်စလုံး ပြုံးရယ်ကြလျက် ခေါင်းခါ၍ပြလိုက်ကြလေ၏။

'ရော့ . . ဟောဒီငွေတစ်ကျပ်ကိုဖျက်ပြီး တစ်ယောက်ငါးမူးစီယူ . . နောက်ကို မင်းတို့သရဲရှိတယ်ဆိုတဲ့ တိုင်ငုတ်ပဲဖြစ်ဖြစ်၊ သစ်ပင်ပဲဖြစ်ဖြစ် တွေ့တဲ့အခါတိုင်း သေးနဲ့သာပန်း၊ အဲဒါ သရဲတွေ အင်မတန်ကြိုက်တဲ့ရေမွှေး၊ မင်းတို့ကြီးလာရင် ချမ်းသာအောင် သရဲတွေက လိုက်ကြည့်လိမ့်မယ်၊ နားလည်ရဲ့လား၊ အခုဒီတစ်ခါ ပန်းတာနဲ့တောင် ငါးမူးစီရသွားပြီး မဟုတ်လား၊ ကဲ . . အိမ်ကို ကောင်းကောင်းပြန်ကြ၊ ဘာမှမကြောက်နဲ့၊ ငါ ဒီက စောင့်ကြည့်နေမယ်'

ထိုအဖြစ်အပျက်ကလေးမှာ ကျွန်တော် ဆယ့်တစ်နှစ်သားအရွယ်လောက်က ဖြစ်ပါသည်။ ထိုသို့မဖြစ်မီက ကျွန်တော့်မှာ ထိုတိုင်ငုတ်ကြီးအနားသို့ရောက်လျှင် ကြောက်ရွံ့မိခဲ့သလောက် ထိုသို့ဖြစ်ခဲ့ပြီးနောက်တွင် ကျွန်တော်သည် ထိုတိုင်ငုတ်ကြီးအနားသို့ ရောက်သည့်အခါတိုင်း ကျွန်တော်မှာ ဆီးရွှင်ဝမ်းနုတ်ဆေး စားထားမိသကဲ့သို့ တားဆီး၍ မရနိုင်တော့ပါ။ ကျွန်တော်နှင့် ထိုတိုင်ငုတ်ကြီးမှာ ခွေးနှင့်ပင်စိမ်းပင်ကဲ့သို့ အမြဲဆက်ဆံမိကြပါတော့သည်။

ဤသို့ဖြစ်ခြင်းမှာ မဆန်းပါ။ လူတိုင်းလူတိုင်း ထူးခြားသောအကျင့်ကလေးတစ်ခု ပါရှိတတ်ကြပါသည်။ သောက်နေကျ လက်ဖက်ရည်ဆိုင်ကို တွေ့လျှင် ဝင်၍မသောက်ရဘဲမနေနိုင်။ ထိုနေရာသို့ရောက်လျှင် ခြေထောက်များကပင် အလိုလိုသိကာ ထိုဆိုင်ဘက်သို့ ခြေဆွဲသွားလေ့ရှိပါသည်။ ထိုအတိုင်းပေါက်နေကျနေရာကို တွေ့ရသည့်အခါတိုင်း ကျွန်တော့်မှာ မပေါက်ရ မနေနိုင်ပါ။ နောက်ဆုံးပိတ် စတိဖြစ်ဖြစ် ညှစ်ထုတ်ခဲ့မိပါသေးသည်။

သို့သော် ကျွန်တော်သည် လူပျိုပေါက်ကလေး ဖြစ်လာသောအခါ ရှက်စိတ်ကြောက်စိတ် ဝင်လာပြီဖြစ်၍ ငယ်ငယ်ကအကျင့်ကို တတ်နိုင်သမျှ ဖျောက်ဖျက်ရပေတော့၏။ သို့ဖြစ်သည့်တိုင်အောင် တစ်ခါတစ်ရံ ထိုတိုင်ငုတ်ကြီးအနားသို့ ရောက်သည့်အခါ ပေါ့စွန့်လွှတ်လိုသောစိတ် ဖြစ်ပေါ်လာတတ်ကာ ရှေ့နောက်ဝဲယာကြည့်မိပါသည်။ ထိုနေရာကလေးမှာ လမ်းတဘက်က ဘုရားပျက်၊ လမ်းတစ်ဘက်က ကွက်လပ်ကြီး၊ လူနေအိမ်မရှိသည့်အပြင် လူပြတ်သောနေရာပင်ဖြစ်လေရာ ငယ်ငယ်ကစိတ်ပေါ်လာသည့်အခါတိုင်း ငယ်ငယ်ကအပြုအမူကို ပြုမိလေတော့သည်။

ယခုအခါ ထိုတိုင်ငုတ်ကြီးမှာ ထိုနေရာတွင် မရှိတော့ချေ။ ဂျပန်များဝင်ရောက်လာသည့်အချိန်တွင် ထင်းအဖြစ်သို့ ရောက်ရှိသွားခဲ့ရှာလေပြီ။ သို့သော် တိုင်ငုတ်ကြီးကို ထင်းခုတ်ပစ်လိုက်သော ဂျပန်စစ်သားကို ထိပ်နီက မည်သို့ဖမ်းစားသည်ကိုကား မသိရပေ။ ထိပ်နီခမျာလည်း အိုးမဲ့အိမ်မဲ့ ဒုက္ခသည်အနေဖြင့် ဘယ်စခန်းသို့ ရောက်နေသည်ကိုလည်း မသိနိုင်တော့ပေ။

ထိုသို့ အသက်မရှိသော တိုင်ငုတ်ကြီးသည် အထည်ဒြပ်အားဖြင့်ပင် ယခုအခါမရှိတော့ဘဲလျက် ကျွန်တော်၏ အချစ်ဇာတ်လမ်းတွင် လူကြမ်းအဖြစ် ဝင်ရောက်နှောင့်ယှက်သည်ဆိုခြင်းမှာ ဖြစ်နိုင်ပါ့မလားဟု သံသယဖြစ်ဖွယ်ရာ ကောင်းသလောက် ဘယ်ပုံဘယ်နည်းနှောင့်ယှက်သည်ကို သိလိုသောစိတ်ဝင်စားကြမည် ဖြစ်သည့်အတိုင်း မရိုးမဆန်းလှသော ကျွန်တော်၏အချစ်ဇာတ်လမ်းကို ဆက်လက်ဖော်ပြရန် သာလျှင် ရှိပေတော့၏။

ကျွန်တော် အစိုးရဆယ်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ ကူးပြောင်း၍ ပညာဆက်လက်သင်ကြားနေရာက စစ်ရိပ်စစ်ငွေ့များ သန်းလာသဖြင့် စာသင်ပျက်ကာ နေရပ်သို့ ပြန်လာခဲ့ရပြီးနောက်တွင် အလုပ်မရှိအကိုင်မရှိ၊ မိဘ၏ရှာဖွေကျွေးမွေးသမျှကို မလုပ်မကိုင် ထိုင်ကာစားနေသော လူပိုတစ်ယောက်အဖြစ်သို့ ရောက်ရှိနေခဲ့ပေ၏။

ထိုအချိန်တွင် ခေတ်ပျက်ပွဲစားများ စီးပွားလမ်း ဖြောင့်နေကြသည်ကို တွေ့ရ၍ ထိုအလုပ်ကို လုပ်ကိုင်စမ်းသပ်ကြည့်သော်လည်း ဘာတစ်မျှ မအောင်မြင်ရုံမျှမက စစ်တပ်ထဲက ခိုးထုတ်သည့်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်

မိသဖြင့် အရှုပ်အရှင်းဖြစ်ခဲ့ရာ ဂျပန်လက်သည်းခွာမခံရအောင် အတော်ကြိုးစား၍ အလွတ်ရုံးခဲ့ရတော့၏။ ထိုအချိန်အခါမှစ၍ ခေတ်ပျက်ပွဲစားအလုပ်ကို စက်ဆုပ်ကြောက်ရွံ့သွားပြီး ဘာမျှမလုပ်ကိုင်တော့ဘဲ အိမ်မှာ အချောင်သမားအဖြစ်ဖြင့်ပင် အချောင်စားနေခဲ့ရပြန်လေ၏။

ထိုကဲ့သို့ ကျွန်တော်သည် အချောင်စားလိုက်၊ သောက်လိုက်၊ သူငယ်ချင်းများနှင့် ပျော်လိုက်ပါးလိုက်ဖြင့် အချိန်ကုန်ခဲ့ရာက ကျွန်တော့်အား မျက်စိစပါးမွေးစူးစပြုလာသော ကျွန်တော်၏ဖခင်က ကျွန်တော့်အား ခေါ်ကာ 'ဟေ့ . . အောင်ဒင်၊ မင်းအခုအတိုင်းသာ ကြာကြာနေရင်တော့ မင်းပျက်စီးလိမ့်မယ်၊ မင်းပညာဆက်သင် ချင်လဲသင်၊ အလုပ်တစ်ခုခု လုပ်ရင်လဲလုပ်၊ ဒါမှမဟုတ် မင်းစစ်ထဲဝင်၊ ဒီသုံးခု မင်းကြိုက်ရာရွေးပေတော့' ဟု စီရင်ချက် ချက်လိုက်လေတော့၏။

ကျွန်တော်လည်း ဘာကိုရွေးချယ်ရမှန်းမသိဘဲ တွေဝေ၍စဉ်းစားနေစဉ်မှာပင် ဖခင်ကဆက်လက်၍ 'မင်း အခု အဖြေမပေးနိုင်သေးရင် စဉ်းစားဖို့ သုံးရက်အခွင့်ပေးမယ်' ဟု ပြောသဖြင့် 'ဟုတ်ကဲ့အဖေ' ဟု အာမခံလိုက် ရလေ၏။

ယခုလို စိတ်လေလွင့်နေခဲ့ရာ စာအုပ်နှင့်ဝေးခဲ့ပြီးမှ ကျွန်တော့်အဖို့မှာ ဆက်လက်ပညာသင်ကြားရန် မဖြစ်နိုင် တော့ပေ။ အလုပ်လုပ်ဖို့ ဆိုသည်မှာလည်း မြင်းလှည်းသမားက ရာဇဝတ်အုပ်ဖြစ်နေ၍ ဝန်ထောက်က လက်ဖက်ရည်ဆိုင် ဖွင့်နေရသော ကမောက်ကမခေတ်တွင် လခစားအလုပ်ကိုရဖို့မလွယ်ကူ၊ ကိုယ်ပိုင်အလုပ်လည်း မလုပ်တတ်သော ကျွန်တော်အဖို့ ဘာလုပ်ရမည်ကို မဆုံးဖြတ်တတ်ပေ။ စစ်တပ်ထဲသို့ ဝင်ရောက်ရန်ကိုသာလျှင် ဆုံးဖြတ်ချက် ချလိုက်ရလေတော့သည်။

အရပ် ငါးပေလေးလက်မ၊ ရင်အုပ် သုံးဆယ့်သုံးလက်မရှိ၍ အသက်နှစ်ဆယ်၊ အရွယ်ကောင်းတုန်း၊ အားအင် စည်ဖြိုးတုန်းဖြစ်သည့်အပြင် ပညာအရည်အချင်းအားဖြင့်လည်း ဆယ်တန်းအောင်မြင်သည်ဟူသော ထောက်ခံ ချက်တို့သည် ကျွန်တော့်အား ဘီဒီအေစစ်သားတစ်ယောက် အဖြစ်သို့ လွယ်လင့်တကူပင် ပို့ဆောင်လိုက် ပေတော့၏။

ကျွန်တော်မှာ သာမန်စစ်သားကလေး တစ်ယောက်ပင်ဖြစ်သော်လည်း 'ဗိုလ်အောင်ဒင်' ခေတ်ကောင်းနေသည့် အချိန်တွင် ကျွန်တော့်ကို ကျွန်တော် ဗိုလ် . . တပ်ခေါ်ထားသောအမည်နှင့်ပင် အရပ်ထဲတွင် ဗိုလ်ကြီး . . ဗိုလ်ကြီး ဟု ဟိုကခေါ် ဒီကခေါ်နှင့် အတော်မျက်နှာပွင့်လန်းလျက် ရှိနေလေ၏။

ယခင်က ကျွန်တော့်အား ဒီကောင်ကလေးဟာ အလကားကောင်ကလေးပါ၊ စာလည်းဖြစ်မြောက်အောင်မသင်၊ အလုပ်လည်းမလုပ်၊ သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလား ပျော်ပါးစားသောက်နေသည့် လူပေါ်ကြော့ကလေး ဟု အထင်သေးခဲ့ကြသော သားရှင်၊ သမီးရှင်များကပင် ယခုအခါ ကျွန်တော့်ကို အထူးအရေးပေးကာ ခေါ်လား၊ ပြောလားနှင့် ကျွန်တော့်ကို မျက်စိကျစပြုလာကြလေ၏။

သူငယ်ချင်းများမြှောက်ပေး၍ ထန်းရည်ကလေးရီတီတီနှင့် ရည်းစားစကားဝင်ပြောရာတွင် အဖက်မတန်သကဲ့သို့ ဆူအောင့်လွှတ်ခဲ့ဖူးသော ချင်းသုပ်သည် မိညွှက်ကပင်လျှင် 'ကိုကိုတို့များ ဗိုလ်ကြီးဖြစ်သွားလို့ ကျွန်မတို့ကို မေ့နေပြီမဟုတ်လား' ဟု မျက်နှာပေး ကလီကမာနှင့် ပလီပလာပြောကာ ချင်းသုပ်တစ်ပန်းကန်ကြီး ဝေဿန္တရာ ပြုသည့်အဖြစ်သို့ပင် ရောက်ခဲ့ပေ၏။

ကျွန်တော်၏အထက်အရာရှိ ကြီးငယ်တို့ကလည်း ကျွန်တော်၏ရုပ်ရည်၊ ပညာနှင့်တကွ လုပ်ရည်ကြံရည်ကို များစွာကျေနပ်လျက်ရှိကြကာ တပ်မတော်ထဲတွင်အလားအလာရှိသော ရဲဘော်တစ်ယောက်ဟု အသိအမှတ် ပြုကြသဖြင့် ကြယ်တစ်ပွင့်က . . နှစ်ပွင့်၊ တဖြည်းဖြည်းအဆင့်အတန်းတိုးလျက် ကျွန်တော့်ပခုံးတွင် ကြယ်တွေ လိုင်းတွေနှင့် ဖြစ်၍လာလေ၏။

'ဗိုလ်အောင်ဒင်' ဟူသော အမည်မှာ မိန်းမပျိုကလေးများရပ်ကွက်တွင် အတော်ခေတ်စားလာလေလေ၊ ကျွန်တော်၏ဖခင်ကြီးမှာ ကျွန်တော့်အတွက် အားရဝမ်းမြောက်လေလေဖြစ်ရာက တစ်နေ့တွင် ကျွန်တော်သည် စစ်တပ်ထဲမှ အားလပ်ခွင့်ရ၍ အိမ်သို့ပြန်ရာတွင် 'ဟေ့ . . အောင်ဒင်၊ မင်းကို အရေးကြီးတဲ့စကားတစ်ခု တိုင်ပင်စရာရှိတယ်' ဟု ဆီး၍ နှုတ်ဆက်ပေးလေ၏။

'ဘယ်လိုကိစ္စလဲ၊ အဖေ'

'မင်းနောက်ကို ကောင်မတွေ တကောက်ကောက်လိုက်နေတယ်လို့ကြားတယ်၊ ဒီအထဲမှာ ခေတ်ပျက်ပွဲစားမ ခင်လှရင်ဆိုတဲ့ကောင်မနဲ့ ဘာလိုလို ဖြစ်နေတယ်ကြားတယ်၊ ဒီကောင်မနဲ့တော့ ငါနည်းနည်းမှ သဘောမတူ နိုင်ဘူး၊ ကောင်မက ခပ်ရှုပ်ရှုပ်ရယ်၊ တစ်ခုလပ်လဲ ဖြစ်တဲ့အပြင် မင်းထက်လဲ အသက်ကြီးတယ်'

'မဟုတ်ပါဘူး အဖေရာ၊ လူများက ထင်ကြေးနဲ့ပြောနေကြတာပါ'

'နို့ . . မင်း ဒီကောင်မနဲ့ ဘယ်လိုဆက်မိကြတာလဲ'

'ဂျပန်ဝင်စတုန်းက ကျွန်တော်အရောင်းအဝယ်ကလေး စမ်းလုပ်ကြည့်ဘူးပါကောလား၊ အဲဒီကတည်းက သိနေကြတာပါ၊ အခုသူက စစ်တပ်ထဲ ဘာကလေး၊ ညာကလေး သွင်းနေတယ်'

'အေး . . တော်တော်ကြာ လူပါသွင်းလိမ့်မယ်'

'ဒါတော့ စိတ်ချအဖေရာ၊ ကျွန်တော်နဲ့တော့ ဘာမှမဖြစ်စေရဘူး'

'ဒီလိုပြောရုံနဲ့တော့ ဘယ်စိတ်ချနိုင်ဦးမလဲ၊ မင်းကို ငါသဘောတူတဲ့ မိန်းမနဲ့ ပေးစားပြီးမှပဲ၊ ငါစိတ်ချနိုင်မှာပဲ'

'ဒါတော့ အဖေစီမံတဲ့အတိုင်း ကျွန်တော် နားထောင်ရမှာပါပဲ၊ ဒါပေမယ့်'

'ဘာ . . ဒါပေမယ့်လဲ'

'နည်းနည်းတော့ စောင့်ပါဦး'

'ဘာပြုလဲ၊ ဒီကောင်မနဲ့ မရှင်းသေးလို့လား'

'သူနဲ့ ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့်စိတ်ထဲမှာ ဒီနေ့ထိ ဘယ်မိန်းမမှ ဟုတ်တိပတ်တိမကြိုက်သေးဘူး၊ ကျွန်တော့် အိမ်ထောင်ရေးကို အဖေစီမံမယ် ဆိုရင် ဘယ်အခါမဆို နာခံဖို့အသင့်ပဲ၊ တစ်ခု ကျွန်တော်မေးချင်တာက ကျွန်တော်နဲ့ပေးစားဖို့ ဘယ်သူ့ကို အဖေမြင်ထားလို့လဲ'

'လူကိုတော့ မမြင်ရသေးဘူး၊ ဒါပေမယ့် သူ့အဖေ၊ သူ့အမေများနဲ့တော့ ငါနဲ့ ငယ်ငယ်ကတည်းက သိလာကြတဲ့လူတွေပဲ၊ တိုတိုပြောမယ်ကွာ၊ ဝက်ထီးကန်က သူဌေးကိုစံမင်းရဲ့သမီးပဲ၊ အဖေချော၊ အမေချော၊ သမီးလဲချောမှာပဲ၊ ပိုက်ဆံလဲရှိနေပြီ၊ ဘာလိုသေးသလဲကွာ၊ စိတ်သဘောဆိုတာလဲ အဖေအမေအတိုင်း လာမှာပေါ့'

'ဒီကိစ္စဟာ အဖေ့စိတ်ကူးနဲ့ ကိုယ့်ဘက်က သေချာနေတာလား၊ အဖေရာ'

'ဒီကိစ္စဟာ စပ်ပြီးဟပ်ပြီးတဲ့ အခြေအနေကို ရောက်နေပြီ၊ လွန်ခဲ့တဲ့သုံးရက်လောက်ကပဲ ကိုစံမင်း သူ့ဆန်တွေ တင်လာရင်းနဲ့ အိမ်မှာပဲ တည်းသွားရာက သားရေးသမီးရေး စကားစပ်မိလို့ပြောကြတဲ့အခါ၊ မင်းအကြောင်းကို

ကြားတာနဲ့ သူသိပ်သဘောကျပြီး သူ့ကိုယ်က ဒီစကားကိုစတာ၊ မင်းကိုလဲ သူသိပ်တွေ့ချင်ရှာတယ်၊ ဒီကနေ့တော့ မင်းရောက်လာလိမ့်မယ်ဆိုတာ ပြောပြပြီး သူ့ကိုတောင် ငါတားထားသေးတယ်၊ သူလဲ ရက်ကြာကြာမနေနိုင်လို့ ပြန်သွားရတယ်'

'ဦးစံမင်း သဘောကျရုံနဲ့ ပြီးနိုင်ပါ့မလား၊ သူ့မိန်းမကလဲ သဘောတူဦးမှ၊ သူ့သမီးကလဲ ကြိုက်ဦးမှ'

'တစ်အိမ်လုံးမှာ ဦးစံမင်းရဲ့ သဘောတစ်ခုပဲ၊ သူက သေဆိုသေ၊ ရှင်ဆိုရှင်ပဲ၊ ရွာကိုရောက်ရင် သူ့မိန်းမနဲ့လဲ တိုင်ပင်၊ သူ့သမီးကိုလဲ နားဖောက်ရဦးမပေါ့ကွာ၊ တိုင်းပြည်ကြီးက ဗရုတ်ဗရက်ဆိုတော့ ဒီသမီးကိုပဲ နေရာချချင်နေကြတာ ကြာပြီ၊ မင်းကိုလဲ သိပ်တွေ့ချင်နေတာ၊ သမက်လောင်းလဲမြင်ရအောင်၊ သူ့သမီးကိုလဲပြရအောင် မင်းကိုအလည်အပတ် လွှတ်လိုက်ဖို့တောင် မှာသွားသေးတယ်'

ထိုစကားကို ကြားရသည့်အခါ၊ ကျွန်တော့်စိတ်ထဲတွင် အတော်ကလေးပင် ပျော်သလိုလိုဖြစ်မိပေ၏။ မပင်မပန်း နောက်မပိုးရဘဲနဲ့ မိန်းမ တစ်ယောက်ကို လွယ်လွယ်နှင့် ရဦးတော့မှာပါလားဟု တွေးမိကာ၊ စိတ်ထဲ၌ ဖိုးကြိုင်းတုတ်ဖြစ်သွားသည်ကို မျက်နှာ၌ အပြုံးရိပ်မပါစေရန် ဣန္ဒြေဆောင်၍ နေလိုက်ရလေတော့၏။

'ကောင်မကလေး နာမည်ကကော ဘယ်သူတဲ့လဲ အဖေရဲ့'

'မတုတ် . . တဲ့'

'ဟာ . . နာမည်ကလဲ ကဗျာမဆန်လိုက်တာ'

'ငါလခွီး . . နာမည်ကို ပြုတ်စားရတာလိုက်လို့ကွာ၊ မင်းလက်ထဲကျမှာ ခင်ခင်တုတ်လို့ ပြင်မှည့်ပေါ့ကွာ၊ ကဗျာဆန်ရုံမကဘူး အလင်္ကာဂုဏ် တောင် မြောက်သွားဦးမယ်'

'အဖေအကြံပေးတာတော့ ကောင်းပါရဲ့၊ ဒါပေမယ့်'

'လာပြန်ပြီလား၊ ဒါပေမယ့်'

'ဒါပေမယ့်ဆိုတာက စောစောက ပြောမယ့်စကားပဲ အဖေရဲ့၊ ဒီစကားဟာ အတော်အရေးကြီးတယ်၊ လူများလဲ မသိစေနဲ့'

ကျွန်တော်၏ဖခင်လည်း စိတ်ဝင်စားစွာဖြင့် ရှေ့နားသို့တိုးလာပြီးလျှင်

'ဘာများလဲကွာ၊ ပြောစမ်းပါဦး၊ ပြေးရလွှားရဦးမယ့် ကိစ္စများလား' ဟု မေးလေသည်။

အခု ကျွန်တော်တို့တတွေ ဂျပန်ကို ပြန်ပြီးချချင် ချရလိမ့်မယ်၊ သိပ်တော့မကြာတော့ဘူး၊ အခုကတည်းက တပ်တွေကို ဟိုပို့ဒီပို့နဲ့ပို့နေပြီး ကျွန်တော်တို့လည်းဘယ်သွားရမယ်ဆိုတာ အထက်ကအမိန့်ကို စောင့်နေကြတယ်၊ အဲဒါပဲ အဖေ၊ သိပ်လဲရှည်ရှည်ပြောလို့မကောင်းဘူး၊ ဒါကြောင့် တော်လှန်ရေးမစခင်တော့ အဖေစီမံတဲ့ကိစ္စဟာ ဘာမှဖြစ်မြောက်ဦးမှာ မဟုတ်သေးဘူး၊ တော်လှန်ရေးပြီးလို့ ကျွန်တော်လည်း အသက်မသေသေးဘူးဆိုရင်တော့ အဖေပြောတဲ့ကိစ္စကို ဖြစ်မြောက်အောင်လုပ်ဖို့ရှိတာပဲ'

အဘိုးကြီးမှာ တော်လှန်ရေးစတော့မည်ဟူသော စကားကို ကြားရလျှင် မှင်တက်မိသကဲ့သို့ ငြိမ်သက်သွားကာ ရှေ့ရေးကိုတွေးတော ငေးစိုက်နေလေတော့၏။ ကျွန်တော်လည်း အဘိုးကြီးထံမှနောက်ထပ် ဘာစကားကြား

ရမည်လဲဟု စောင့်စားနေပြီး၊ ဘာမျှပြောလိုသော အမူအရာကိုမတွေ့သည်နှင့် 'အဖေ ကျွန်တော်ပြန်ဦးမယ်၊ စစ်မထွက်ခင် တစ်ခေါက်တော့ လာဦးမယ်' ဟု ပြောပြောဆိုဆိုနှင့်ပင် ထလိုက်လေ၏။

'အခုအတိုင်းဆိုတော့ မင်းကိစ္စက ပိုပြီးအရေးကြီးနေပေသပေါ့၊ အေး . . အေး . . သွားဦး . . သွားဦး၊ မင်းတို့ တော်လှန်ရေးကိစ္စကြီးချောချော မောမောနဲ့ အောင်မြင်ပါစေကွာ'

ကျွန်တော့်မှာ သိန်းထီကြီးပေါက်ပြီးကာမှ ငွေထုတ်ရက်မရောက်မီ ကြိုးမိန့်ပေးခံရသူကဲ့သို့ ဖူးစာဖက် ပေါ်လာကာမှ တော်လှန်ရေးအတွက် စစ်ထွက်ရမည့်အရေးကိုတွေးကာ လောကကြီး၏သရော်ချက်ဒဏ်ကို မချင့်မရဲခံစားရင်း အဘိုးကြီးထံမှ ထွက်လာခဲ့ပေတော့သည်။

သို့သော် ကျွန်တော်သည် မတုတ်၊ ခင်ခင်တုတ်၊ ဝဝတုတ်တုတ်ကလေး၏အရေးကို ဆက်လက်၍မတွေးအား၊ တော်လှန်ရေးကိစ္စအတွက်သာ အာရုံစိတ်စောနေကာ အမိန့်ကျလာသည်နှင့် တစ်ပြိုင်နက် စစ်ထွက်ရန်ကိုသာ အသင့်ပြင်ထားနေရလေ၏။

အချစ်ဇာတ်လမ်းကို ဖန်တီးနေသော ဖူးစာရေးနတ်ကား ကျွန်တော်နှင့်မတုတ်တို့ကို နီးစပ်စေရန် များစွာလိုလား နေပုံရပေသည်။ အကြောင်းမူကား စစ်ထွက်ရန် အမိန့်ကျလာရာတွင် ကျွန်တော့်အား ဝက်ထီးကန်နယ်ဘက်သို့ စစ်ထွက်ရမည်ဟု သိရသောအခါ တကယ်မှဟုတ်ရဲ့လား၊ အိပ်မက်နေလေရော့သလား ဟူ၍ပင် ရုတ်တရက် မယုံကြည်နိုင်အောင် ဖြစ်မိလေ၏။

အမိန့်မှာ ကြာကြာဆိုင်းနေရဘဲ ညတွင်းချင်းပင်ရုပ်ဖျောက်၍ထွက်ရန် ညွှန်ကြားချက်ပါရှိလေရာ ကျွန်တော်လည်း အနည်းငယ်မျှ အချိန်ရသလောက်ကလေးအတွင်း ဖခင်ကြီးထံသို့ အမြန်ထွက်ခဲ့ရလေ၏။

'အဖေ . . ဟန်ကျပြီ၊ ကျွန်တော်တို့ အခုညပဲ ထွက်ရတော့မယ်'

ကျွန်တော်၏စကားမှာ မပြည့်စုံလှသဖြင့် အဘိုးကြီးမှာ နားမလည်နိုင်ဘဲ 'စစ်ထွက်တာနဲ့ ဘာဟန်ကျသလဲကွ' ဟု ကျွန်တော့်အား မေးတော့မှ။

'အခု ကျွန်တော်သွားရမယ့်နေရာဟာ ဝက်ထီးကန်နယ်ဘက်ကျနေတယ်၊ အဲဒီတော့ ဟန်တာပေါ့အဖေရ၊ ဦးစံမင်းတို့ အိမ်ပေါ်တက်ပြီး မထင်မရှား ရုပ်ဖျောက်နေနိုင်ဖို့ဖြစ်လာတော့ ရေငတ်တာနဲ့ ရေတွင်းထဲကျတာနဲ့ အံကိုက်နေတာပဲ'

'ဟုတ်လိုက်လေကွာ၊ မင်းတို့ကိစ္စဟာ နတ်ဖက်တာပဲကွ၊ ဦးစံမင်း ထံကလဲ မနေ့ကပဲ စာတစ်စောင်လာသေးတယ်၊ သူ့မိန်းမကလဲ အကျိုးအကြောင်းကြားရလို့ သိပ်ဝမ်းသာနေသတဲ့၊ မင်းကိုလဲ ကြည့်ချင်ကြသတဲ့၊ အဲဒါကြောင့် အမြန်အလည်လွှတ်လိုက်ဖို့ မှာလိုက်တာနဲ့ မင်းကလဲ အဲဒီသွားဖို့ ရှိနေတာနဲ့တော့ ကိုက်နေတာပေါ့ကွာ'

'ကဲ . . အဖေ၊ ကျွန်တော်လဲ သိပ်ကြာကြာစကားပြောနေဖို့ အချိန်မရဘူး၊ အဖေ့လက်ရေးနဲ့ ဦးစံမင်းထံကို စာတစ်စောင် ခပ်မြန်မြန်ကလေးပဲ ကောက်ခြစ်လိုက်ပါတော့'

အဘိုးကြီးလည်း ကျွန်တော့်အား ဦးစံမင်းထံ မိတ်ဆက်စာကို ရေးပေးလေ၏။ ကျွန်တော်လည်း စာကိုယူလိုက်ပြီး ဖခင်ကြီးကို ကန်တော့ရာ ခါတိုင်းကဲ့သို့ မိဘအားကန်တော့ရခြင်းတွင် မယားရှာပေးသော ကျေးဇူးရှင်ကြီးအနေပင် ပို၍အားရပါးရကြီး ကန်တော့၍ တပ်သို့ပြန်လာခဲ့လေ၏။

ကျွန်တော်တို့၏အစီအစဉ်မှာ တောနယ်များသို့ဖြန့်၍ ထွက်ကြပြီးလျှင် ရွာသူရွာသားအကြားတွင် ရုပ်ဖျောက်၍ နေကြကာ အခါဆိုသည်နှင့် အသင့်ထွက်ပေါ်လာကြရန်ပင်ဖြစ်ပေသည်။ ကျွန်တော်တို့၏တော်လှန်ရေး

လုပ်ငန်းနှင့် ပတ်သက်၍ ဤမျှထက် ပိုမိုဖော်ပြရန်ပင်လိုမည်မထင်ပါ။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် တော်လှန်ရေးကိစ္စကြီးကို ယခင်ကလောက် စိတ်မဝင်စားတော့ဘဲ မခင်တုတ်ကလေးမှာ ဖြူသလား၊ မည်းသလား၊ လှသလား၊ သွားခေါလား စသည်တို့ကိုသာ သိလိုသော ဇောထက်သန်လျက် အမြန်ဆုံးတွေ့လိုသော ဆန္ဒပြင်းပြလျက် ရှိသည့်အတိုင်း ညတွင်းချင်းပင် ခရီးပြင်း ချီတက်ခဲ့ကြပါတော့သည်။

ကျွန်တော်တို့ ဝက်ထီးကန်ရွာကြီးအနီးသို့ ရောက်ရှိသောအခါတွင် ဝေလီဝေလင်းအရုဏ်ကျင်းပြီးဖြစ်ပေ၏။ ထိုအချိန်တွင် ကျွန်တော်တို့ တပ်စုတပ်သားများအားလုံးပင် အရပ်ဝတ်အရပ်စားများနှင့် ရုပ်ပြောင်းထားပြီးကြပြီဖြစ်လေသည်။ ဤနေရာတွင်မှ ကျွန်တော်တို့သည် အချင်းချင်းနှုတ်ဆက် လူစုခွဲကြလေတော့သည်။ ရွာထဲသို့ ကျွန်တော်ဝင်ရောက်မိသောအခါတွင် တစ်ရွာလုံးမှာ နိုးကြားလှုပ်ရှားသွားလာစ ပြုနေသည်ကိုတွေ့ရလေ၏။ သို့ဖြစ်၍ ကျွန်တော့်မှာ ဦးစံမင်း၏အိမ် ဘယ်မှာရှိသည်ကို မေးမြန်းစုံစမ်းရန်အတွက် စောင့်စားနေရခြင်း မရှိတော့ဘဲ လမ်းဆုံ၌ မုန့်ကြော်နေသည့်မိန်းမကြီးတစ်ဦးထံမှ အလွယ်တကူသိရှိကာ ထိုမိန်းမကြီး ညွှန်ပြရာဘက်သို့ ရောက်ခဲ့လေ၏။

သုံးပင်လေးခန်း ပျဉ်ထောင်သွပ်မိုး၊ နှစ်ထပ်၊ သံတိုင်တံခါး၊ အိမ်ရှေ့ကခြံလေးနှင့်ဟု ညွှန်ပြလိုက်သော အိမ်နားသို့ ချဉ်းကပ်မိသောအခါတွင် ခြံထဲမှ ရွှေဒင်္ဂါးပန်းများကို ဘုရားတင်ရန်ခူးနေသော တုတ်တုတ်ဝဝမိန်းမ ခပ်ရွယ်ရွယ်တစ်ယောက်ကိုနောက်ဘက်မှမြင်ရကာ ဒီအိမ်တော့ ဦးစံမင်းအိမ်ပဲ၊ မတုတ်ဆိုတာ ဒီငနဲမများဖြစ်နေရော့မလားဟု တွေးမိကာ ပေါ့ပါးရွှင်ပျသော စိတ်ကင်းမဲ့စွာဖြင့် 'ဦးစံမင်းအိမ် . . ဒီအိမ်လား' ဟု လှမ်း၍ မေးလိုက်၏။

ပန်းခူးနေသူသည် သူ့အလုပ်ကိုသူအာရုံစိုက်လွန်းနေပုံရှိလားမသိ၊ လူသံကြားသည်နှင့်လန့်သွားပုံရကာ ကျွန်တော့်အားလှည့်ကြည့်ကာ ကျွန်တော့်ကိုမြင်ကာမှ ထပ်၍လန့်သည့်အမူအရာကို ပြန်ပြန်လေ၏။ စင်စစ်အားဖြင့်ဆိုသော် သူက ကျွန်တော့်ကို လန့်ရန်မရှိပေ။ ကျွန်တော်ကသာ သူ့ကိုလန့်ဖို့ရန်ရှိပေသည်။ အကြောင်းမူကား သူကျွန်တော့်ဘက်သို့လှည့်လိုက်မှ မျက်နှာကိုအသေအချာတွေ့ရရာ အသားမည်းရသည့်အထဲတွင် မျက်စိနှစ်လုံးစလုံးမှာ နှာခေါင်းဘက်သို့ လှည့်စောင်းနေပြီး အပေါ်နှုတ်ခမ်းကွဲနှင့် သွားတစ်ချောင်း ပေါ်နေသည် ကို တွေ့ရလေတော့၏။

ထိုပုံဆိုးကြီးကို မြင်လိုက်ရသော ကျွန်တော့်မှာ ငါတော့ဖြင့် သောက်ကျိုးနည်းတာပဲဟု စိတ်အပျက်ကြီးပျက်လျက် ပြန်လှည့်ချင်သော စိတ်ပေါ်လာခိုက် မပုံဆိုးက 'ဘယ်သူ့မေးတာလဲ' ဟု ကျွန်တော့်အားမေးရာ ကျွန်တော့်မှာ လန့်၍မခုန်မိအောင်အတော်ပင် သတိထားလိုက်ရလေ၏။ အကြောင်းမူကား မပုံဆိုး၏အသံမှာ ကျီးကန်းနှင့် တောက်တဲ့ စပ်၍ကျသော သတ္တဝါတစ်မျိုး၏အသံလားဟု ထင်မှားရလောက်အောင် ကျွန်တော့်အား ကျောထဲက ယားသွားစေပါတော့၏။

'ဦးစံမင်း အိမ်ကို မေးပါတယ်'

'ဟုတ်ကဲ့၊ ဒီအိမ်ပါပဲ'

နောက်ထပ်ထွက်လာသည့်အသံမှာ စာကလေး ကြောင်ခုပ်သံကဲ့သို့ ကျီလီလိလိမြည်၍ ထွက်လာလေ၏။

သံစုံထိုးသည့် မပုံဆိုးသည် ဟုတ်ကဲ့ဟုဖြေရုံမှတစ်ပါး ကျွန်တော့်အား ဝင်ပါလည်းမခေါ်၊ သွားပါလည်းမနှင်ဘဲ အိမ်ထဲသို့ ခပ်သုတ်သုတ်ပြန် ဝင်ပြေးလေရာ ကျွန်တော့်မှာ ဝင်၍လိုက်သွားရမည်လား၊ သူ့အမေနဲ့နော် . . မွေးတတ်ပလေ၊ ငါ့အဖေနဲ့နော် . . ရွေးတတ်ပလေဟု ငိုချင်းချကာ ပြန်၍လှည့်ထွက်ခဲ့ရကောင်းမလားဟု စဉ်းစားဝေခွဲ၍မရအောင် အူကြောင်ကြောင်နှင့် ရပ်၍ကျန်ရစ်လေ၏။

တအောင့်မျှအကြာတွင် အိမ်ရှေ့သို့လူကြီးတစ်ယောက် ထွက်လာလေ၏။ ထိုလူကြီး၏ ရုပ်ရည်လက္ခဏာကို ကြည့်ရခြင်းအားဖြင့် ဦးစံမင်းဖြစ်မည်ဟု တစ်ထစ်ချယူဆနိုင်ပေ၏။ ဦးစံမင်းမှာ ခဏမျှမြင်ရုံနှင့်ပင် စိတ်နှလုံးကောင်းသော လူကြီးတစ်ယောက်ဖြစ်မည်ကို ရုပ်ရည်နှင့်ပင် အကဲဖြတ်နိုင်လေသည်။

'မောင်ရင် . . ဘယ်ကလဲ၊ ဝင်ခဲ့လေ'

ကျွန်တော်လည်း ခေါ်သည့်အတိုင်းပင် ခြံထဲသို့ဝင်သွား၍ အနားသို့ရောက်သည်နှင့် 'ကျွန်တော် ပြည်မြို့က ဦးဘိုးစံရဲ့သားပါ၊ အဖေက စာပေးလိုက်ပါတယ်' ဟု ပြောသည်တွင် ဦးစံမင်းမှာ တစ်မျက်နှာလုံး ပြုံးချိုသွားကာ 'လာ . . လာ . . အိမ်ပေါ်တက်ပါတက်ပါ ဦးတို့လဲ မျှော်နေကြတယ်' ဟု ပြောရင်း ကျွန်တော်၏ အထုပ်အပိုးများကို လှမ်း၍ယူမည်ပြုသဖြင့် 'နေပါစေ ဦးရယ်၊ ကျွန်တော် မပင်ပန်းပါဘူး' ဆိုကာ အိမ်ပေါ်သို့ တက်ခဲ့လေ၏။

ကျွန်တော်အိမ်ထဲသို့ ရောက်သည်နှင့် တစ်အိမ်လုံးမှာ ဂုဏ်သရေရှိအထူးဧည့်သည်တော်ကြီးတစ်ဦး ရောက်လာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ဦးစံမင်း၏ဇနီးသည်မှာလည်း ပျာပျာသလဲဖြစ်၍နေသည်ကို တွေ့ရပေ၏။

ကျွန်တော်သည် ခင်းပေးထားသော သင်ဖြူးပေါ်တွင် အထုပ်အပိုးများကိုချ၍ ဦးစံမင်းထံသို့ ဖခင်ရေးပေးလိုက်သော စာကိုထုတ်ယူနေစဉ် ဦးစံမင်းက 'မတုတ်ရေ . . ကော်ဖီဖျော်ဟေ့ . . ကောက်ညှင်းထုပ်တွေ၊ မုန့်လက်ကောက်တွေ လုပ်မနေနဲ့၊ မြို့သားတွေက မစားတတ်ဘူး၊ ပေါင်မုန့်ကင် ထောပတ်သုတ်၊ ဘီစကွတ်ကလေး ဘာလေးရရင်လဲထည့်ခဲ့' ဟု အိမ်ထဲသို့မှာကြားနေရာ ဦးစံမင်း၏ မသိမဝှက် ဟောဟောဒိုင်းဒိုင်းရှိပုံကို နှစ်သက်မိသော်လည်း မတုတ်ဟူသောအမည်ကို ကြားလိုက်ရသည်တွင် ကျောထဲက စိမ့်သွားမိတော့၏။

'ဟောဒီမှာ ဦးဆီကို အဖေက ပေးလိုက်တဲ့စာ'

ဦးစံမင်းသည် ကျွန်တော်၏လက်ထဲမှစာကို လှမ်းယူ၍ 'ဟေ့ . . မဖွားသက်၊ ကျုပ်မျက်မှန် ယူခဲ့စမ်းပါဦး' ဟု သူ၏ဇနီးအား လှမ်း၍ပြောလိုက်၏။

ဒေါ်ဖွားသက်သည် ဦးစံမင်း၏ မျက်မှန်ကို လိုက်၍ရှာဖွေနေရာ တော်တော်နှင့် မတွေ့နိုင်ရှိနေသောကြောင့် စာကိုဖတ်လိုလှပြီဖြစ်သော ဦးစံမင်း မှာ စောင့်ဆိုင်း၍မနေနိုင်တော့ဘဲ 'သမီးရေ ခဏလာပါဦး၊ ဟောဒီစာကလေး အဖေ့ကို တစ်ဆိတ်လောက် ဖတ်ပြလှည့်စမ်းပါ' ဟု ခေါ်လိုက်လေ၏။

ကျွန်တော့်မှာ ပုံဆိုးမ၏မျက်နှာကြီးကို ရင်မဆိုင်ဝံ့သလိုရှိကာ ကျွန်တော့်အထုပ်အပိုးများကို ပြန်လည်ရှင်းလင်းသလိုလို အလုပ်များဟန်လုပ်၍ နေလိုက်လေ၏။ စင်စစ်အားဖြင့် ဦးစံမင်းသည် စာကိုသိရှိလိုသည့် အချက်တစ်ခု သာမက 'ဒါဦးသမီးပေါ့' ဟု ကြော်ငြာမောင်းခတ်လိုသည့် အချက်ပါ တစ်ချက်ခုတ်နှစ်ချက်ပြတ် ရုတ်တရက် ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်ဟု ကျွန်တော့်စိတ်တွင် တွေးမိပေသည်။

'ကဲ . . ဖတ်စမ်းပါဦး၊ သမီးရယ် . .' ဟူသောစကားအရ ဦးစံမင်း၏အနားသို့ မတုတ်ရောက်ရှိနေပြီး မတုတ်လက်ထဲ၌ စာရောက်သွားပြီကို စိတ်ထဲက မှန်းမြင်ကာ ယခုအကြိမ်တွင် 'ဒီ . . ဒီ . .' ဟူသော စကားထက် ဘက်ထရီပွန်းနိုပ်သံမျိုး သံစုံထိုးနေဦးမှာလားဟု နားနှစ်ဖက်ကို လက်နှင့် မပိတ်သော်လည်း စိတ်ဖြင့်ပိတ်၍ နေလိုက်လေ၏။

'စာရေးအကြောင်းကြားလိုက်ပါသည်'

ကျွန်တော့်မှာ မကြားချင်၍မရပေ။ သို့သော် ကျွန်တော်ကြားရသည့်အသံမှာ ကျွန်တော်မျှော်လင့်နေသော ခုနစ်ထွေသံစုံမဟုတ်ဘဲ အတော်ပင် ကြည်လင်ပြတ်သား၍ နားထဲ၌ချိုအေးနှစ်သိမ့်၊ ရင်ဖို၍စိမ့်သွားသည့်အတွက် ခေါင်းငဲ့၍ ကြည့်လိုက်မိရာတွင် ပုံဆိုးမကြီးမဟုတ်သည်ကိုတွေ့ရ၍ ကြည့်ရင်းကြည့်ရင်း ရင်ထဲ၌ ဖိုးကြိုင်းတုတ် ဖြစ်လာမိလေ၏။

ဤနေရာတွင် ကျွန်တော်၏အမူအရာကို တစေ့တစောင်းချောင်းမြောင်းအကဲခတ်နေသည့် တစ်ဦးတစ်ယောက် ရှိပါလျှင် ကျွန်တော့်အား ခေါ်တော်သေ၍ ဝင်စားသူလားဟု အထင်မှားမည်မှာ မလွဲပေ၊ အကြောင်းမူကား ကျွန်တော်သည် အခြေအနေကိုပင်သတိလစ်ကာ မတုတ် စာဖတ်၍ပြီးသည်အထိ တောက်လျှောက်ပင် ငေးစိုက် နေမိပေ၏။ ထိုသို့ ငေးစိုက်ကြည့်နေမိမှန်းကိုပင် ကိုယ့်ကိုယ်ကိုသတိမရသေး၊ မတုတ်သည် စာဖတ်ပြီး သည့်နောက် စာထဲ၌ပါသော ကျွန်တော့်ရုပ်ကို အကဲခတ်ရန် လှည့်အကြည့်နှင့် ဆုံမိမှ ကျွန်တော်၏မျက်နှာကို မသိမသာ လွှဲလိုက်ရတော့၏။

ဤသို့ မျက်စိချင်းဆုံမိရာတွင် မတုတ်၏စိတ်ထဲတွင် မည်သို့ဖြစ်သွားမည်ကိုမသိ၊ ကျွန်တော်၏ စိတ်ထဲ၊ အသည်းထဲ၌ကား သူရိယဝစ္စသာကို မြင်လိုက်ရသော ပဥ္စသီခနတ်သား၏ စောင်းသံပမာ ဒိန်းတပ်တပ်ဒိန်းမြည်၍ နေသည်ဟု ထင်မိတော့၏။

မတုတ်မှာ အသံသာယာသလောက် ရုပ်ရည်မှာ အချောကြီးအလှကြီးဟု မဆိုရစေကာမူ၊ ရိုးရိုးယဉ်ယဉ်နှင့် အချိုးအဆစ် ပြေပြစ်သူကလေးဖြစ် လျက် အပျိုရည်၊ အပျိုသွေးတက်ကြွ၍ ကောင်းတုန်းအရွယ်ဖြစ်လေရာ ကျွန်တော့်အဖို့မှာ ရှမ်းကြိုက်သည့် နွားကဲ့သို့ အချောကြီးချော၍ နေပေတော့သည်။ သို့ဖြစ်သည့်အလျောက် စောစောက ပုံဆိုးမကြီးကို မြင်ရစဉ်က ငါတော့ ကံဆိုးတာပဲဟု ထင်မိသလောက် ယခုမူ ကျေနပ်ရွှင်လန်း၍ မဆုံးနိုင်အောင်ရှိကာ 'လောကကြီးကား သာယာလှပါဘိတောင်း' ဟု စိတ်ထဲ၌ ကဗျာဆန်ဆန် ကျူးရင့် မိလေတော့၏။

'ကဲ . . မောင်အောင်ဒင် လာပါဦးကွဲ့၊ ထိုင်ပါဦး၊ အေးအေးလူလူ စကားကလေးပြောရအောင် နောက်တော့မှ အဝတ်အစား၊ ပြင်စရာဆင်စရာ တွေရှိတာ ဖြည်းဖြည်းလုပ်တာပေါ့'

ဦးစံမင်းက ခေါ်လိုက်သဖြင့် ကျွန်တော်လည်း ပြင်ဆင်ဟန်ဆောင်နေသော အထုပ်အပိုးများကို သူ့အတိုင်းထားပစ်ခဲ့ပြီး ဦးစံမင်းအနားသို့ ထခဲ့လေ၏။

'ကဲ . . သမီး၊ ကော်ဖီ မြန်မြန်လုပ်ပြီးယူခဲ့ကွယ်'

ကျွန်တော်လည်း ဦးစံမင်းအနီးရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ထိုင်ရင်း အနီးမှ ရွေ့လျားထွက်ခွာသွားသော မတုတ်ကို တစေ့တစောင်းကြည့်လိုက်ရာ သွားဟန်၊ လာဟန်ကလေးကိုပင် နန်းဆန်လှသည်ဟူ၍ပင် အကောင်း ပေါ်တွင် အကောင်းပိလျက် အကောင်းချည်းသာ စိတ်ထဲအထင်ရောက်မိပေတော့၏။

'မောင်အောင်ဒင် . . ဦးတို့ဆီမှာ အတော်ကြာကြာကလေး နေဦးမယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ကြာလိမ့်မယ်လို့တော့ ထင်တာပဲ'

'ဒါပေမယ့် အရေးရှိလာရင်တော့ ကြိုတင် အကြောင်းမကြားနိုင်ဘဲ သွားစရာ ပေါ်ချင်ပေါ်ပါလိမ့်မယ်'

'ဘယ်လိုအရေးများလဲကွဲ့'

'ပြောရမယ့်ကိစ္စကတော့ . . စစ်နဲ့ ပတ်သက်နေတဲ့အတွက် လျှို့ဝှက်တဲ့ကိစ္စတစ်ခုဖြစ်နေတယ်၊ အချုပ်ကတော့ အခုစစ်ရေးဟာ အတော့်ကို ရှုပ်ထွေးနေတဲ့အတွက် အင်္ဂလိပ်ဝင်လာရင် ပြန်ချချင်ချရလိမ့်မယ်၊ ဒါမှမဟုတ် ဂျပန်ကိုပဲ ပြန်ချချင်ချရလိမ့်မယ်၊ အဲဒါ ဦးတစ်ယောက်တည်း သိဖို့ပါပဲ၊ ကျွန်တော်တို့လာရခြင်းက ဒီနယ်ကို ကာကွယ်ဖို့ပဲ'

'ဩော် . . စစ်အခြေအနေက အတော်ဆိုးနေမှကိုး'

'ဆိုးတယ်လို့ ဆိုမယ်ဆိုလဲဆိုနိုင်ပါတယ်၊ အခု ကျွန်တော်တို့ ဒီလိုလာရခြင်းဟာ ဒီနယ်အတွက်တာဝန်ကျလို့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်အနေနဲ့ လာခြင်းဖြစ်တာမို့ စစ်သားတစ်ယောက် လာပြီးနေတဲ့အနေမျိုး လူမသိစေချင်ဘူးခင်ဗျ၊ နောက်ပြီး ကျွန်တော့်အမည်ကိုလဲ မောင်အောင်ဒင်လို့ မခေါ်ဘဲ ကြွက်နီလို့ ခေါ်စေချင်ပါတယ်'

'ဦးတော့ဖြင့်၊ မောင်အောင်၊ အဲလေ . . မောင်ကြွက်နီရောက်လာတာ အားတက်မိတာပဲ၊ အကာအကွယ်အတွက် အများကြီး အားကိုးရတာပေါ့'

ထိုအခိုက်တွင် ကာဖီနှင့်စားဖွယ်သောက်ဖွယ်များကို စောစောက တွေ့ရသော ပုံဆိုးမကြီးသယ်ယူလာကာ စားပွဲပေါ်၌ ချလေ၏။ ယခု၌မူ ကျွန်တော့်မှာ ပုံဆိုးမကြီးကို မကြည့်ရဲဘဲ မရှိတော့ချေ။ စိတ်ထဲတွင် မတုတ်နှင့် သင်္ကာကင်းနေပြီ ဖြစ်ပေ၏။

'ကဲ . . သမီး၊ မုန့်တွေထပ်ပြီး ယူခဲ့ပါဦး၊ ခပ်များများလေးလုပ်မှပေါ့'

ဦးစံမင်းက ပုံဆိုးမကြီးကို သမီးဟု ခေါ်သံကြားလိုက်သောအခါ ကျွန်တော့်မှာ လန့်၍သွားမိပြန်လေ၏။ ဦးစံမင်းမှာ သမီးနှစ်ယောက်ရှိပြီး စောစောကသမီးမှာ မတုတ်မဟုတ်ဘဲ၊ ဤပုံဆိုးမကြီးသာလျှင် မတုတ် ဖြစ်နေလေရော့သလား၊ စောစောကသမီးကို စာဖတ်ရန်ခေါ်စဉ်က မတုတ်ဟူ၍ ထည့်ပြီး ခေါ်မှခေါ်လေရော့လား၊ သမီးဟူ၍ခေါ်သည်ကို အသံသာယာသည့်အတွက် မတုတ်ဟု ခေါ်လိုက်သကဲ့သို့ စိတ်ထဲက ထင်မိခြင်းပေလော ဟု အူကြောင်ကြောင်ဖြစ်နေမိကာ ဦးစံမင်းမျက်နှာကို ကြည့်လိုက်၊ ပုံဆိုးမကြီးမျက်နှာကို ကြည့်လိုက်နှင့် ကြည့်မိလေ၏။

ကျွန်တော်၏ ဦးနှောက်ကြားမှာ ကြည်လင်ရွှင်လန်းနေရာက ထူပူ၍လာပြန်လေရာ ဒီပုံဆိုးမကြီးသာ မတုတ်ဖြစ်ရင်တော့ ငါတော့ဖြင့်ချောက်ပဲဟု ပူပင်ရပြန်လျက် ဦးစံမင်းအား ဘယ်သူဘယ်ဝါဖြစ်ကြသည်ကို ဖွင့်၍မေးတော့မည်ပြုလိုက်မိလေ၏။ ထိုနောက်မှ ထိုသို့မေးခြင်းသည် ရိုင်းပျရာရောက်နေမည်ကို ပြန်လည်ဆင်ခြင်မိစဉ် 'ကဲ . . မောင်အောင်ကြွက် . . အဲလေ . . မောင်ကြွက်နီ ကော်ဖီ ပူတုန်းသောက်လိုက်၊ မုန့်တွေလဲ စားဟေ့' ဟု ဦးစံမင်းကပြောရာ ဟန်လုပ်မနေနိုင်တော့ပဲ ရင်ထဲက ထကြွလာသော အပူလုံးကို မုန့်မျို၍ ဖိနှိပ်ချရလေတော့၏။

'မဖွားသက်ကော . . လာလေ'

ဦးစံမင်းဇနီးသည် ကျွန်တော်တို့ စားပွဲသို့ရောက်လာပြီး 'ကဲ . . မောင်၊ အားမနာနဲ့ ကိုယ့်ဆွေ ကိုယ့်မျိုးအိမ်လို သဘောထားပြီး စားစရာရှိတာစား၊ သောက်စရာရှိတာသောက် ဟောဒီမုန့်ကလေးယူလိုက်ပါဦး' ဟု ပြောပြောဆိုဆို စားပွဲတွင် ဝင်ထိုင်ပြီး ဘီစကွတ်ထည့်ထားသော ပန်းကန်ကို လှမ်း၍ ပေးလိုက်လေ၏။

ကျွန်တော်မှာ တွေ့ရခါစမှာပင် ဤမျှ ကျွန်တော့်အပေါ်၌ စိတ်စေတနာကောင်းလှသော အဘိုးကြီးနှင့် အမယ်ကြီးကို ယောက္ခမတော်ရန် အသင့်ရှိသော်လည်း ပုံဆိုးမကြီးနှင့်စပ်၍ တော်ရမည်ကိုမူ ဝန်လေးနေမိပေ၏။

ထိုအခိုက်တွက် ပုံဆိုးမကြီးပြန်၍ ဝင်လာပြီး နောက်ထပ်ယူလာသော မုန့်များကို ချပေးလေ၏။

'သမီးတို့ကော လက်ဖက်ရည်သောက်ပြီးပြီလား' ဟု မေးလေ၏။

'ဟုတ်ကဲ့ . . ကျွန်မတို့ နောက်ဖေးမှာပဲ သောက်နေကြတယ်'

ယခုအကြိမ်တွင် မပုံဆိုး၏အသံမှာ ကြက်လည်လိမ်၍ ဖြစ်ညှစ်ထုတ်ရသည့် အသံမျိုးထွက်လာလေ၏။

မပုံဆိုးထွက်သွားသည့်အခါမှ ဒေါ်ဖွားသက်က 'အဒေါ်တို့မှာ သမီးနှစ်ယောက်ရှိတယ်၊ သမီးဆိုပေမယ့်လဲ တစ်ယောက်က တူမ၊ တစ်ယောက်က သမီး၊ နှစ်ယောက်စလုံးကိုသမီးရင်းလိုပဲ ချစ်နေရတယ်' ဟု ပြော၍စကားမဆုံးမီပင် 'ဟုတ်ပါပြီ၊ အခုမျ ပိုပြီးသေချာနေပါပြီ၊ ဒါကြီးမှ သမီးအစစ်ပါပဲ' ဟု စိတ်နှလုံးကို ဒုံးဒုံးချလိုက်မိလေ၏။

'တူမကလေးက အဖေအမေ မရှိရှာလို့ အဒေါ်တို့ကပဲ ငယ်ငယ်ကတည်းက ကြည့်ရှုလာခဲ့ရတယ်၊ မတုတ်ဆိုတာက အဒေါ့်သမီးအရင်း၊ တူမ အမည်ကတော့ မဝက်တဲ့'

ဤတွင် ကျွန်တော့်မှာ ပြဿနာတစ်ခု တိုးလာပြန်လေတော့သည်။ ထိုပြဿနာကား မဝက်နှင့်မတုတ်ဟူသော စကားနှစ်လုံးအရ (ဝက်) နှင့် (တုတ်) ဘယ်သင်းက ပိုပြီးဝသော အဓိပ္ပာယ်ရှိသနည်းဟူသော ပြဿနာပင် ဖြစ်ပေ၏။

ကျွန်တော်၏ဦးနှောက်မှာ ခြောက်ကပ်နေပြီဖြစ်ရာ ဘယ်သူက မတုတ်၊ ဘယ်သူက မဝက်ဟူ၍ မဆုံးဖြတ်နိုင်တော့ဘဲ 'အခုလာတာက' ဟု အဆုံးမသတ်သောစကားဖြင့် မေးခွန်းကြောင်းမေးလိုက်ကာ တရားသူကြီး၏ အမိန့်ကိုစောင့်နေသော လူသတ်မှုတရားခံ၏ မျက်နှာမျိုးဖြင့် မဝက်ဖြစ်ပါစေ၊ မဝက်ဖြစ်ပါစေဘုရားဟု ဆုတောင်းရင်း ဒေါ်ဖွားသက်၏ စကားကိုနားထောင်လေရာ 'အဲဒါက . . အဒေါ်တူမကွ' ဟု ကြားလိုက်ရသည်တွင် ထီပေါက်ကြောင်း ရေဒီယိုက အသံလွှင့်ချက်ကြားရသော်လည်း ရုတ်တရက် မယုံနိုင်သကဲ့သို့ရှိကာ 'မဝက်ဆိုတာလား' ဟု ထပ်မေး၍ ဟုတ်ကြောင်းသိကာမှ ထမခုန်မိအောင် မနည်းဟန်ဆောင်ရပြီးလျှင် 'ဟုတ်သားပဲ၊ ငါ့ကိုယ်က အတာ၊ ဝက်ဆိုတာ ပိုပြီးဝ ပိုပြီးရုပ်ဆိုးတာပေါ့၊ အလကား အခြောက်တိုက် ငါ့စိတ်ထဲက ပူနေတာ' ဟု တွေးပြီး၊ စိတ်ထဲမှာပင် ပြုံးနေရလေ၏။ မတုတ်နှင့်မဝက်အတွက် စိတ်ထဲမှာပူရခြင်းကို ဤမျှလောက်ရိုးမယ်ဖွဲ့နေရခြင်းမှာ ကျွန်တော်နှင့် မဝက်တို့၏ ရေစက်ဆုံကြဖို့အရေးတွင် အခြားချစ်သူများကဲ့သို့ အသက်စွန့်ရခြင်း၊ ပူဆွေးရ နှိပ်စက်နှောက်ယှက်ခံရခြင်းမျိုးမရှိဘဲ ပူပင်သောကဆို၍ ဤမျှလောက်သာ အခိုက်အတန့်ကလေးအတွင်း ဖြစ်လိုက်ရခြင်းကိုပင် ထင်ရှားစေလို၍ဖြစ်ပေ၏။ ကျွန်တော်၏ အချစ်ဇာတ်အိမ်ဇာတ်ကွက်ကို ပြန်ပြောင်း၍ကြည့်လိုက်မည်ဆိုလျှင် မတုတ်ကို ရရန်အတွက် ကျွန်တော့်မှာ ကုသမင်းကဲ့သို့လည်း ဆင်းရဲခံ၍မပိုးခဲ့ရ၊ မာတင်္ဂကဲ့သို့လည်း မယ်သုံပေါက်စီ သီချင်းဖြင့် ခြေဆင်း၍ ထိုင်သပိတ်၊ လက်နက်မဆင့်၊ ပဥ္စသီခကဲ့သို့လည်း ဗေလုဝစောင်းကိုင်၍ မဂေါ်ခဲ့ရဘဲ ဖခင်ကြီးကပင် လမ်းဖြူးအောင် အဆင်သင့် ပွဲတော်ခင်းထားသည်လည်း တစ်ချက် . . ။

တော်လှန်ရေး စစ်ထွက်ရမည့်အတွက် ရေစက်ဆုံဖို့အရေး ခရီးကွာဝေးဦးမည်ဟု မှန်းဆနေရသည့်အထဲမှာပင် ဖူးစာရေးနတ်ကပင် အလိုတူအလိုပါဖြစ်ကာ မတုတ်နှင့် မနီး နီးရအောင် ဤနေရာသို့ ပို့ဆောင်ခဲ့သည်လည်း တစ်ဖုံ . . ။

ယောက္ခမလောင်းနှစ်ဦးကလည်း လူမမြင်ခင်ကထက် လူကိုမြင်မှ သာ၍လိုလားနေသည်ကို တွေ့ရခြင်းကလည်း တစ်နည်း . . ။

မတုတ်ကို မြင်လိုက်ရသည်နှင့်ပင် သူ၏အမူအရာကလေးကိုက ကျွန်တော့်အပေါ်တွင် လာပါ . . လာပါ မကြည်ရဲ့ သီချင်းနှင့် ခေါ်နေ သကဲ့သို့ တစ်သွယ် . . ။

ကျွန်တော်၏အရေးမှာ လက်ဆေး၍ ပွဲတော်အုပ်နှိုက်ရုံမျှ လွယ်လွယ်ကူကူချောချောမောမော အဆင်ပြေပြီး ဖြစ်နေလေရာ မဝက်နှင့်မတုတ် စိတ်ရှုပ်လိုက်ရသည့် အကွက်ကလေးတစ်ကွက်မျှသာလျှင် ပူပင်သောက

ဖြစ်ရသည်မှလွဲ၍ ကျွန်တော်၏အချစ်ဇာတ်လမ်းစဉ်မှာ အလွန်တရာ ချောမောလှပါပေသည်ဟု ကမ္ဘာမှ စံတင်လောက်စရာဖြစ်ပေတော့၏။

မတုတ်အပေါ်တွင် ကျွန်တော်၏ချစ်အင်ကို အထူးဝိတ္တာအကျယ်ချဲ့ပြနေရန်မလိုတော့ပေ။ ကျွန်တော့်ဘက်က တစ်ဝက်သေချာသလောက် မတုတ်ဘက်ကလည်း ကျွန်တော့်မျက်နှာကလေးကြည့်ကြည့်ပြီး ပြုံးစိပြုံးစိနှင့် နုံးချည့်ချည့် ဖြစ်နေသည်ကို အထင်အရှားတွေ့နေရပေသည်။

နံနက်ရေချိုးမည်ဆိုလျှင် မတုတ်ကိုယ်တိုင် ရေမွှေးဆပ်ပြာ၊ မျက်နှာသုတ်ပဝါတို့ကို အဆင်သင့်ယူလာပေးပြီး သူ့မျက်နှာကလေးမှာလည်း ချို၍သာနေတော့သည်။

နံနက်စာ စားချိန်တွက် ယောက္ခမလောင်းကြီးနှစ်ယောက်၊ သမီးနှစ်ယောက်၊ ကျွန်တော်တို့ ငါးဦးသား မျက်နှာစုံညီ စားနေကြသည့်အထဲက အဘိုးကြီး၊ အမယ်ကြီးတွေ လောကွတ်ကောင်းသလို မတုတ်ကလည်း 'ကိုအောင်ဒင် စားလေ . . အားမနာပါနဲ့' ဟု ကျွန်တော် ရှက်ကိုးရှက်ကန်း ဖြစ်မနေရအောင် သူကပင် စတင်၍ စကားပြောပါသည်။

ကျွန်တော့်အား ကိုအောင်ဒင်လို့ ခေါ်လိုက်သည်ကို ဦးစံမင်းကြားလျှင် 'သမီး၊ နောက်ကို ကိုအောင်ဒင်လို့မခေါ်နဲ့' ဟု ဆိုလိုက်သဖြင့် ကိုကို လို့ အခေါ်ခိုင်းမလားဟု ကျွန်တော့်စိတ်တွင် ထင်မိပြီး မတုတ်ကလည်း အဘိုးကြီးသင်ပြပေးမည့် ခေါ်ပုံခေါ်နည်းကို ငံ့မျှော်နေစဉ် ဦးစံမင်းက ဆက်လက်၍ . .

'ကိုကြွက်နီလို့ခေါ်' ဟု ပြောလိုက်မှ ကျွန်တော့်မှာ ကျွန်တော်ပြောထားသည့် စကားကိုသတိရပြီး အထင်အမြင်လွဲမိသည်ကို ရယ်ချင်မိသည်ထက် ပုံဆိုးမ မဝက်မှာ အိအိ . . အိအိ နှင့် ဝက်သံထွက်နေအောင် ရယ်လျက် မတုတ်မှု ပြုံးနေသည်ကို တွေ့ရလေ၏။

'မဝက်ကတော့ ဒီလိုပဲကွဲ့၊ အင်မတန်အရယ်သန်တယ်၊ မောင်အောင်ဒင်ရဲ့'

'သြော် . . မဖွားသက်နှယ် . . ၊ မောင်ကြွက်နီခေါ်ပါလို့ အခုပဲ ကျုပ်ပြောနေတယ်'

'ဘာဖြစ်လို့ ကိုကြွက်နီဖြစ်ရတာလဲ အဖေရဲ့၊ ဗေဒင်အရလား' ဟု မတုတ်က ပြုံးပြုံးကလေးလုပ်၍ မေးလိုက်လေ၏။

'ကြွက်မနက်လို့ ကြွက်နီပေါ့ သမီးရယ် . . ၊ အဲဒါပဲ မှတ်ထားပါ၊ မေးမနေပါနဲ့'

'ကိုကြွက်နီ စိတ်ဆိုးနေပါဦးမယ်'

'စိတ်မဆိုးပါဘူး မခင်တုတ်ရဲ့၊ အဲဒါငယ်နာမည်မို့ ပိုပြီးသဘောကျပါတယ်' ဟု ကျွန်တော်က ဝင်၍ပြောလိုက်ရာ မခင်တုတ်က မျက်လုံးကလေး မခို့တရို့စောင်းငဲ့ကြည့်ပြီး 'ကြုံကြုံဖန်ဖန် ကိုအောင် . . ကြွက် . . အဲလေ . . ကိုကြွက်နီရယ်' ဟု ပြောရင်း ဟက်ဟက်ပက်ပက် ရယ်လေ၏။

ထိုသို့ ဟက်ဟက်ပက်ပက် ရယ်သံကလေးကိုက ကျွန်တော့်အဖို့မှာ မခင်တုတ်ကို ချစ်ပြီးရင်းချစ်စရာကလေး ဖြစ်နေပေတော့၏။

ဤသို့လျှင် ပျော်လို့မဆုံး၊ ဂေါ်လို့မဆုံးသော နေ့ကလေးသည် တစ်နေကုန်ခဲ့ပြီး ညဘက်သို့ ကူးပြောင်းလာခဲ့လေ၏။

ကျွန်တော်နှင့် ယောကျ္ာမလောင်းကြီးတို့သည် ညဦး၌ ထွေရာလေးပါး စကားလက်ဆုံကျနေကြရာက အနီးသို့ မခင်တုတ်ရောက်လာပြီးလျှင် 'အိပ်ရာ ပြင်ပြီးပြီ၊ အမေ . .' ဟု အကြောင်းကြားလေ၏။

'ကဲ . . မောင်အောင်၊ အဲလေ . . မောင်ကြွက်နီလဲ ခရီးပန်းလာတာမို့ စောစောအိပ်ပေတော့'

'ဟုတ်ကဲ့ . . ကျွန်တော့် အိပ်ရာလိပ်ကလေးပါပါတယ်'

'မောင်ကြွက်နီ အိပ်ရာလိပ်ကို နေပါစေ၊ အဒေါ်တို့ အပေါ်ထပ်မှာ မွေ့ရာခြင်ထောင် အားလုံးအသင့်ပြင်ထားတယ်၊ အိပ်ရုံပဲ'

ကျွန်တော့်အဖို့မှာ ယောကျ္ာမအိမ်တက် သားမက်သဖွယ် မျက်နှာငယ်ဆိုသည့်စကားမှာ မမှန်တော့ဘဲ ဇရာမမျက်နှာကြီးနေသည်ကို တွေ့ရသဖြင့် 'တယ်လဲဟုတ်လိုက်ပါကလား' ဟု ကျေနပ်ပြီးရင်းကျေနပ်ခြင်း ဖြစ်မိကာ ပထမနေ့၏အဖြစ် အခန်းတစ်ကို ဇာတ်သိမ်းရန် အိပ်ခန်းရှိရာသို့ ထလာခဲ့ရလေ၏။

အိပ်ရာထဲသို့ ဝင်မည်ပြုပြီးမှ ယောကျ္ာမလောင်းကြီးများ ကျွန်တော့်အား ချစ်ပြီးရင်း တိုးချစ်စေမည့်အကြံတစ်ခုရှိ၍ အသံကျယ်ကျယ်ဖြင့် 'ဩကာသ . . ဩကာသ' ဟု ဟန်လုပ်ပြီး ဘုရားရှိခိုးမေတ္တာတွေ အစွမ်းကုန် ပို့ပစ်လိုက်တော့၏။ ထိုနောက်မှ အိပ်ရာထဲသို့ ရောက်ရှိခဲ့လေ၏။

အိပ်ရာမှာ ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းစွပ်မှစ၍ အားလုံး ဒိုဘီကျစ အသစ်စက်စက်ဖြစ်လေရာ လတ်ဆတ်သန့်ရှင်းသော သင်းရနံ့ကလေးမှာ ခင်းပြန့်တွင် ကလိလျက်ရှိသောကြောင့် 'အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ်' ဟူသော သီချင်းကို စိတ်တွင်းကဆိုမိ၍ ပီတိကြီးဖြစ်လျက် 'သြော် . . မခင်တုတ် . . မခင်တုတ် . . ၊ သူ့လက်ကလေးတွေနဲ့ ခင်းထားတဲ့ အိပ်ရာပေါ်တွင်အတွေးလုံးဖြင့် ပြုံးပြုံးကြီး အိပ်ပျော်မိလေတော့သတည်း။

နေ့ခင်း၌ စိတ်ထဲ၌တစ်စုံတစ်ရာ စွဲလမ်းမှုရှိလျှင် ညအိပ်ရာထဲတွင် အိပ်မက်တတ်သည်ဟု လောက ဓာတ်ဆရာကြီးများ ပြောလေ့ရှိသည့် စကားသာမှန်ခဲ့လျှင် ထိုညက ကျွန်တော့်အဖို့မှာ မခင်တုတ်နှင့် ရွှေလည့်နွဲ၍ အချစ်ပွဲခင်းသည့် မင်္ဂလာအိပ်မက်ကောင်းကို မက်ရမည်အမှန်ပင်ဖြစ်ပေသည်။ ထိုသို့မက်လိုက်ရလျှင် တူနှစ်ကိုယ်နီးရသည့် အရသာကလေးကို လက်တွေ့မဟုတ်စေကာမူ 'တကယ်လိုပဲကွ' ဟု ပြောကြသလို ပဏာမအချစ် အရသာကလေးကို ခံစားရလိမ့်မည်။ ထိုသို့မက်လိုက်လျှင် ကောင်းလေစွ။ သို့သော် ထိုအိပ်မက်မျိုး မမက်ရပေ။

ကျွန်တော့်မှာ တစ်နေ့လုံး စိတ်ကြည်လင်ပျော်ရွှင်နေခဲ့သည့်အတွက် စိတ်နှလုံးနပျိုလျက်ရှိရာ စိတ်ပျိုကိုယ်နု ဆိုသော စကားနှင့်အညီ အိပ်မက်ထဲမှာပင် တစ်ကိုယ်လုံးနပျိုသွားကာ 'ဟောလီးဒေး . . ဟောလီးဒေး' ဟူ၍ ဝမ်းမြောက်ရွှင်လန်းစွာ ဟစ်အော်လျက် သီတင်းကျွတ် ကျောင်းပိတ်လိုက်သည့်အတွက် ကျွန်တော်နှင့် မာမက်လတစ် ခေါ် မောင်မောင်ဝင်းတို့လည်ပင်းဖက်၍ ပျော်ရွှင်စွာ ကျောင်းပေါ်မှာ ဆင်းပြေးလာကြသည်ကို ပြန်၍အိပ်မက်မက်မိလေ၏။

အိပ်မက်မှာ တကယ်ပင် ယုတ္တိရှိနေရကား မနိုးကြားသောကျွန်တော်၏စိတ်ထဲတွင် ကျွန်တော့်ကိုယ်ကို တကယ်ပင် ကျောင်းသားကလေးဖြစ်နေ သည်ဟု ထင်မိတော့သည်။

ကျွန်တော်နှင့်မာမက်တို့သည် စာအုပ်လွယ်အိတ်များကို နဖူးချိတ်၍ ကျောပေါ်မှဆွဲကာ လမ်းတစ်လျှောက်လုံးကို ဘောလုံးအဖြစ်ကန်ရင်း အိမ်သို့ ပြန်လာခဲ့ကြလေ၏။

ထိုသို့ ကန်ရင်းကန်ရင်းပင် အိမ်ပြန်လမ်းရှိ ဘုရားပျက်ကြီးကို ကျော်လွန်လာပြီး ထိပ်နီသရဲကြီးစိုးစံသည့် တိုင်ငုတ်ကြီးအနီးသို့ ရောက်လာကြလေ၏။

'ဟော့ . . တစ်ချီပန်းကြဦးစို့'

မာမက်သည် ပြောပြောဆိုဆို ရှေ့ကအရင်သွားပြီး တိုင်ငုတ်ကြီးကို ရေဖျန်းမင်္ဂလာသဘင် ဆင်ယင်လေတော့၏။

အစကနဦးတွင် နိဒါန်းပျိုးခဲ့သည့်အတိုင်း ကျွန်တော်တို့မှာ ဤတိုင်ငုတ်ကြီးကို တွေ့ရလျှင် ထုံးစံအတိုင်း နှုတ်မဆက်ရမနေနိုင်အောင် 'ရေစက်' ပါလာကြသည့်အတိုင်း ကျွန်တော်လည်း မဆိုင်းမတွ မာမက်၏လမ်းစဉ်လိုက်ကာ ပန်းပင်စိုက်သလို ရွှေမိုးငွေမိုး သွန်းဖြိုးလိုက်စဉ်ပင် . .

အိပ်ပျော်နေသော ကျွန်တော်၏ ပေါင်ပေါ်တွင် ရေနွေးပူလောင်းလိုက်သလို ပူခနဲ၊ ရှိမ်းခနဲဖြစ်ကာ အိပ်ရာမှလန့်နိုးပြီး ကလေးများအိပ်ရာထဲ သေးပါသလို ကြီးတောင်းကြီးမဖြစ်ကာမှ အိပ်မက်နှင့်ရောပြီး တကယ့်ကိုပင် မင်္ဂလာရွှေပြွန်မှ ရေသွန်မိရက်သား ဖြစ်နေသည်ကို တစ်ပိုင်းတစ်စကြီးနှင့် တွေ့နေရကာ ဤအခြေအနေရောက်ခါမှ တစ်ပိုင်းတစ်စဖြတ်ထား၍ မရနိုင်အောင် တားမရ၊ ဆီးမရဖြစ်လျက် မခင်တုတ် လက်ကလေးနှင့် ခင်းထားသော ဖြူဖွေးပုံ့သင်းနေသည့်အိပ်ရာပေါ်တွင် ကြာပူ၊ ကြာညို၊ ကြာငါးမည်ရောစပ်သော အနေဘတတ်အိုင်ကြီး ပေါ်ထွန်းသွားလေတော့၏။

ပေါင်ပေါ်၌ ရှိမ်းခနဲဖြစ်သွားသော အပူသည် နားထင်နားရင်းကို တက်လာပြီး 'ဟိုက် . . သောက်ကျိုးတော့ နည်းပြီ' ဟု တွေးမိကာ မျက်လုံးပြူး မိလေ၏။

ခက်ပြီ၊ မနက်ကျရင် မခင်တုတ်အိပ်ရာကို လာ၍ရှင်းလျှင် ထင်းခနဲနေသော သေးကွက်ကြီးကို တွေ့သွားတော့မည်။ အိပ်ရာထဲ၌ သေးပါသော သတို့သားကို ဘယ်အပျို၊ ဘယ်ကညာက မေတ္တာတော်မျှနိုင်ပါ့မည်နည်း။ အိပ်ရာပေါ်မှ ဤအမှတ်အသားကြီးပျောက်အောင် အဘယ်ပုံ ဖျောက်ဖျက်ရပါမည်နည်း။

ဤနေရာတွင် ကျွန်တော်သည် 'ကြုံသေးတယ် . . ပုံဆွေးဗျာထုကြွယ် . . ဘယ်ရှေးကံ . . စီမံဖန်လာတယ် . .' ဟု ဟစ်အော်၍သာ ငိုချင်မိပါတော့သည်။

ဤတိုင်ငုတ်၊ ထိုတိုင်ငုတ်၊ ထိပ်နီးစိုးစံသည့်တိုင်ငုတ်၊ ကျွန်တော်တို့ငယ်ငယ်ကနိုပ်စက်ခဲ့သမျှ ယခုအချက်ကောင်း ကျခါမှ ကလဲ့စားချေ တိုင်ငုတ်။

ကျွန်တော့်မှာ အစိုကိုခြောက်အောင် လုပ်ဖို့ကို အကြံထုတ်ရတော့၏။ နံနက်မိုးလင်း၍မှ မခြောက်လျှင် တစ်အိမ်သားလုံးအား ကျွန်တော်၏မျက်နှာကိုပြဝံ့မည်မဟုတ်တော့ပေ။ အထူးသဖြင့် မခင်တုတ်ကို ပို၍ရင်မဆိုင်ဝံ့ ဖြစ်ရလေတော့မည်။ ကျွန်တော်၏အချစ်ဇာတ်လမ်းမှာလည်း ရပ်တန်းသို့ရောက်ရတော့မည်။

သို့ဖြစ်၍ ကျွန်တော့်မှာ ကိုယ့်အမှုကို ကိုယ်မရှုံနိုင်ဘဲ အိပ်ရာခင်းကိုခွာ၍ စိုရွှဲနေသည့်အစိတ်အပိုင်းကို လက်နှင့် ကိုင်၍ အုန်းနို့ညှစ်သကဲ့သို့ ညှစ်ချလိုက်ရာ မွေ့ရာမှာမူ ထပ်၍စိုရွှဲသွားလျက် အိပ်ရာခင်းမှာမူ စိုမြဲစိုနေလေရာ ယပ်ခပ်ပေးလျှင် ခြောက်၍သွားကောင်းသွားမည်လားဟု ခါးမှ လုံချည်ကိုချွတ်ကာ လုံချည်ဖြင့် ယပ်ခတ်ပေးရ ပြန်လေ၏။ တစ်ခန်းလုံး မှောင်မည်းနေ၍သာလျှင် ကျွန်တော့်မှာ ဤကဲ့သို့ လုပ်ဝံ့ပေတော့သည်။ မီးလင်း နေခဲ့ပါမူ စွပ်ကျယ်အကျႌတော်လျက် အောက်ပိုင်းတွင်ဗလာဖြစ်ပြီး နဖူးမှဇောချွေးပြန်ကာ ငုတ်တုတ်ထိုင်ပြီး ယပ်ခတ်နေသော ကျွန်တော်၏ ဖြစ်အင်မှာ ငိုအားထက် ရယ်အားသန်စရာကြီးပင်။

ကျွန်တော့်မှာ လက်ပန်းကျအောင် ယပ်ခတ်ပါသော်လည်း အနည်းငယ်ခြောက်သွေ့ရုံမျှသာ ခြောက်၍ ခပ်ထပ်ထပ်၊ ခပ်ထိုင်းထိုင်းဖြစ်နေသေးသည်ကို တွေ့ရသည်ပြင် မွေ့ရာကိုစမ်းလိုက်သောအခါ သေးကွက်မှာ အေးစက်စက်ကြီး ဖြစ်လျက် ဘယ်နည်းနှင့်မှ ခြောက်သွေ့အောင်လုပ်၍ မရသည်ကို တွေ့ရှိရကား ဤတွင်မှ စိတ်အပျက်ကြီးပျက်ကာ မွေ့ရာပေါ်တွင် လုံချည်မပါဘဲ မှောက်ထိုင် ထိုင်လျက် ပစ်၍မှိုင်မိလေတော့၏။

သို့သော် ဤကဲ့သို့ နေ၍မဖြစ်သေး၊ မိုးလင်းဘက်သို့ ကူးလာပြီဖြစ်ရကား တစ်စုံတစ်ခုကို ပြုလုပ်ဖို့ရန် အမြန်ဆုံး ဆုံးဖြတ်ရတော့မည်ဖြစ်ပေ၏။ ဤတွင် အကြံတစ်ခုရလာပြန်ကာ လုံချည်ကိုပြန်ဝတ်ပြီး ခြင်ထောင်ထဲမှထွက်၍ ခေါင်းရင်းနား၌ထားသော ကျွန်တော်၏စစ်လွယ်အိတ်ကို မှောင်ထဲ၌စမ်း၍ ရှာရပြန်၏။

လွယ်အိတ်ထဲတွင် ရေမွှေးတစ်ပုလင်းဆောင်ယူလာခဲ့ရာ မွေ့ရာပေါ်တွင် ရေမွှေးပုလင်းဖိတ်သကဲ့သို့ တစ်ပုလင်းလုံး လောင်းချလိုက်လျှင် အစိုချင်းတူ၍ ရေမွှေးကြောင့်စိုသည်ဟူ၍လည်း ထင်မှတ်ရမည့်ပြင် ကျင်ငယ်နံ့ကို ရေမွှေးနံ့ လွှမ်းဖုံးသွားမည်ဟု တွေးမိသည့်အလျောက် လွယ်အိတ်ထဲမှ ရေမွှေးပုလင်းနှိုက်၊ အိပ်ရာပြန်ခင်း၊ စိုနေသည့် အကွက်ကို လက်နှင့်စမ်းပြီးထိုနေရာတစ်ဝိုက်ကို ရေမွှေးတစ်ပုလင်းလုံး မှောက်သွန်ကာ ဖျန်းလိုက်လေ၏။

ထိုသို့ပြုလုပ်ရာတွင် ကျွန်တော်ထင်သကဲ့သို့ ကျင်ငယ်နံ့ကို ရေမွှေးနံ့နှင့်မဖုံးဘဲ အနံ့နှစ်မျိုးစလုံးရောမိကာ ကျွန်တော်၏တစ်သက်တွင် တစ်ခါမျှ မတွေ့ဘူးသော စူးဝါးညီမွှေးသည့် အနံ့ဆိုးကြီးတစ်မျိုး ထွက်ပေါ်လာလျက် အခြားသူများကား မည်သို့ဖြစ်မည်မသိ ကျွန်တော်ပင်လျှင် အော်ဂလီဆန်ကာ ပျို့အန်ချင်လာလေတော့၏။

ကျွန်တော့်မှာ တစ်ကိုယ်လုံးထူပူလျက် နဖူးမှာဇောချွေးများသည် ဆီးကင်းလောက်ကြီးမားစွာ တဖြိုင်ဖြိုင် ယိုစီးနေကြတော့၏။ ကျွန်တော့်အဖို့မှာ အခြားနည်းလမ်းကြံရာမရတော့ပြီ။ နံနက်မိုးမလင်းမီ မည်သူမျှမသိအောင် ထိုအိမ်မှလစ်၍ ပြေးရန်သာလျှင် တစ်လမ်းတည်းသာရှိတော့၏။

သို့နှင့် ကျွန်တော်လည်း ကျွန်တော်၏ပစ္စည်းများကို မှောင်ထဲ၌စမ်းသပ်ထုတ်ပိုးကာ ရှာရလေ၏။

တစ်ခါမျှမရောက်ဘူးသောအိမ်တွင် မှောင်ထဲ၌မှန်း၍လမ်းလျှောက်ရသည်မှာ မလွယ်ကူလှပေ။ ခြေကလည်း စမ်းစမ်း၊ လက်ကလည်းစမ်းစမ်းဖြင့် မှန်းမှန်းပြီးလျှောက်ခဲ့ရာ ကျွန်တော်၏နောက်နားမှ ချွတ်ခနဲအသံ ကြားလိုက်ရသဖြင့် နားထင်နားရင်းကြီးသွားကာ အသာရပ်နေလိုက်ရလေသေး၏။

ခဏကြာမျှ ခြေဆက်၍လှမ်းလိုက်စဉ် အသက်ရှိသောသတ္တဝါတစ်ခုက ကျွန်တော်၏လုံချည်ကို ဆတ်ခနဲ ဖမ်းဆွဲလိုက်ပြီး စူးဝါးသောအသံဖြင့် 'သူခိုးပါတော့' ဟု ဟစ်လိုက်လေ၏။

ကျွန်တော့်မှ လိပ်ပြာလွင့်စင်သွားမတတ်ဖြစ်မိတော့၏။ အော်လိုက်သည့်အသံမှာ မဝက်၏အသံဖြစ်နေရကား လူမိ၍လန့်ရသည့်အထဲတွင် သူ၏ အသံကြောင့် ပို၍လန့်မိလေ၏။

'ဟဲ့ . . ဟဲ့ . . ဘယ်မလဲသူခိုး၊ ကိုစံမင်းထပါဦး၊ အောက်ထပ်က သူတော်တို့၊ ကြာဖူးတို့ နိုးကြရဲ့လား၊ သူခိုးတဲ့ . . သူခိုးတဲ့ . . ဘယ်မလဲ ဓား . . ဓား . . မီးခွက်ထွန်း . . မီးခွက်ထွန်း' စသော အသံများ ဆူညံသွားပြီးနောက် မီးများလင်း၍ လူများဝိုင်းလာကာ ကျွန်တော်နှင့် ကျွန်တော့်လုံချည်ဆွဲထားသော မဝက်တို့ကိုတွေ့ရ၍ အားလုံး အံ့အားသင့်နေကြလေ၏။

'ဟဲ့ . . ဘယ်နှယ် . . ဘာဖြစ်ကြတာတုန်း'

'ကျွန်မ လူသံကြားလို့ ဖမ်းဆွဲလိုက်တာပဲ၊ ကိုကြွက်နီ တပိုတပါးသွားမလို့ ဆင်းမှန်းမသိဘဲ'

'ဖြစ်မှဖြစ်ရလေတယ်၊ မောင်ကြွက်နီကလဲ ထမယ်ဆိုရင် အသံကလေး ဘာကလေး ပြုရောပေါ့၊ နေပါဦး၊ မောင်ကြွက်နီက အထုပ်အပိုးတွေ ဘာတွေ လွယ်လို့ပါကလား၊ ဘယ်လိုလဲကွဲ့'

'ကျွန် . . ကျွန်တော် . . ဦးကိုပြောတဲ့ တော်လှန်ရေးကိစ္စနဲ့ အရေးတကြီး စခန်းတစ်နေရာ သွားစရာကိုမေ့ပြီး တရေးနိုးမှ သတိရလို့ ဦးတို့ကိုလဲ အိပ်ရေးပျက်နေမှာစိုးလို့ မနိုးတော့ဘဲ ထွက်သွားမလို့ပါ' ဟု ရုတ်တရက် အကြံရ၍ ဖြေလိုက်လေ၏။

'သူပြောတာ ဘာကိစ္စလဲ ကိုစံမင်းရဲ့'

'သူ့ကိစ္စကိုတော့ ကျုပ်သိပါတယ်လေ၊ ဒါကိုထားပါဦး၊ မောင်ကြွက်နီကလဲ ဘာအားနာစရာရှိလဲကွယ်၊ နှိုးရောပေါ့၊ သွားစရာရှိတာလဲ သွားပေါ့ကွယ်၊ ပြောထားရင် အဖော်ကလေးခေါ်သွားဖို့ စီစဉ်ပေးရမပေါ့'

ဤတွင် ကျွန်တော်၏ အချစ်ဇာတ်လမ်းကား ဆုံးခန်းသို့ ရောက်ခဲ့ပါတော့သည်။ ကျွန်တော်နှင့် မခင်တုတ်တို့၏နှဖူးစာကား ဤမျှသာ ကံဆုံပေတော့သည်။

ထိုအချိန်မှစ၍ ကျွန်တော်လည်း မခင်တုတ်ကို ယနေ့အထိ မတွေ့ရတော့ပေ။ ဤအဖြစ်ကလေးသာလျှင် ကျွန်တော့်အဖို့ တွေးတွေးပြီး ဆွေးစရာဖြစ်တော့သည်။ ဤသို့ဆွေးရသည်ထက် မခင်တုတ်စိတ်ထဲတွင် ကျွန်တော့်အား ဗိုလ်အောင်ဒင်ဟူ၍တစ်မျိုး၊ ကိုကြွက်နီဟူ၍တစ်မျိုး၊ တော်လှန်ရေးသူရဲကောင်းကြီး ဗိုလ်သေးပန်း ဟူ၍ တစ်မျိုး အမျိုးမျိုးမမေ့နိုင်ဖြစ်နေမည်ကို တွေးမိတိုင်း ငယ်စဉ်က ကျွန်တော်ကျောင်းသွားရာ လမ်းဘေးရှိ တိုင်ငုတ်ကြီးကို စိတ်အနာကြီး နာမိတော့သတည်း။ ။

ကြေးမုံမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၅၁။

တောက် . . တောက် . . တောက် . . ဟု ခွာဆောင့်၍နင်းလာသော လေဒီခင်ရှူးဖိနပ်သံကိုကြားရသဖြင့် ဦးရိုးဖေသည် ဖတ်နေသောသတင်းစာကို ဖတ်၍ကြည့်လိုက်ရာ ကျောင်းမှပြန်လာသောမေကြည်ကို တွေ့ရလေ၏။

မေကြည်သည် ခုံမြင့်ဖိနပ်ကလေးကို ခပ်မှန်မှန်နင်းကာ အိမ်အတွင်းသို့ဝင်သွားလေရာ ဦးရိုးဖေသည် မေကြည်၏ သွားလာပုံနှင့်တကွ အဝတ်အစားကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးလျှင် တစ်စုံတစ်ရာ စိတ်အိုက်သော အမူအရာဖြင့် သက်ပြင်းရှူရှိုက်မိလေ၏။

ဦးရိုးဖေသည် ခေတ်သစ်ကြီးထဲတွင် မွေးဖွားကြီးပြင်းလာသော သမီးပျိုတစ်ယောက်ကို အင်္ဂလိပ်စာသင်ကြား ပေးရသည့်အတွက် ကျောင်းစရိတ်၊ အဝတ်အစားစရိတ်၊ ကျွေးမွေးရသည့်စရိတ်၊ အသုံးအဖြုန်းစရိတ်တို့မှာ မိမိ၏ပင်စင်လခကို ဝါးမျိုနေသည့်အတွက် စိတ်မချမ်းမသာဖြစ်မိကာ ထိုတာဝန်ကြီးသည် အဘယ်အခါမှ အေးပါမည်နည်းဟု တွေးကြည့်မိလေ၏။ ထိုသို့တွေးလိုက်ရာတွင် သမီးဖြစ်သူလင်ရမှ မိမိ၏လက်ထဲက ကျွတ်လွတ်ကာ တာဝန်ငြိမ်းတော့မှာပဲဟု နှလုံးပြုမိပေတော့၏။

သို့ဖြစ်သည့် အားလျော်ညီစွာ သမီးဖြစ်သူအား ယောကျ်ားမြန်မြန်ရပါစေတော့ဟု စိတ်ထဲကဆုတောင်းမိလျက် ခေတ်ကာလ ပညာတတ်ကလေးများ၏ ယဉ်ကျေးသောထုံးစံအရ မေကြည်နှင့်အတူ အိမ်သို့မကြာခဏလိုက်ပါ၍ လာတတ်ကြသော ယောကျ်ားပျိုကလေးများကို ဦးရိုးဖေသည် မည်သည့်အခါမျှ မနှစ်သက်သောအမူအရာကို မပြချေ။ မိမိတာဝန်ကို ထမ်းရွက်ကြမည့် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်ကလေးများဟု အသိအမှတ်ပြုခဲ့လေ၏။ သို့ရာတွင် မိမိမျှော်လင့်သောအခြေအနေသို့မရောက်မီကပင် မေကြည်သည် တစ်ယောက်ပြီးတစ်ယောက် ခွာပြဲပစ်လိုက်သဖြင့် ဦးရိုးဖေမှ အတော်စိတ်ပျက်မိပေ၏။ သို့သော်ငြားလည်း မေကြည်မှာ ပိုးပန်းမည့်သူမရှားဘဲ တစ်ယောက်နှင့်ခွာပြဲလျှင် နောက်တစ်ယောက်ပေါ်လာသဖြင့် ဦးရိုးဖေမှာ မျှော်လင့်ချက်မကုန်ဘဲ ရှိလေ သေးတော့၏။

တတိယမ္ပိ . . သုံးယောက်မြောက်သော ရည်းစားနှင့် ခွာပြဲပြီးသည့်နောက်၊ တစ်နေ့သောညနေတွင် မေကြည်သည် စတုတ္ထမြောက်ရည်းစား တစ်ယောက်နှင့် အိမ်ရှေ့ခန်းတွင် စကားပြောလျက်ရှိသည်ကို ဦးရိုးဖေ တွေ့ရှိရလေ၏။

ဦးရိုးဖေသည် မိမိ၏သမက်လောင်း၏ အသွင်အပြင်၊ အင်္ဂါရုပ်အဆင်းကိုကြည့်မိရာတွင် မိမိ၏သမီးနှင့် ရှေ့သွားနောက်လိုက်ညီမည့်သူ ဖြစ်သည်ဟု ဆုံးဖြတ်မိလေ၏။ ထိုယောကျ်ားပျိုကလေးမှာ ရုပ်ရည်သန့်ပြန့်လျက် ကောင်းမွန်စွာ ဝတ်စားဆင်ယင်ပြီးလျှင် တဝင်းဝင်းပြောင်လက်နေသော စိန်လက်စွပ်ဝတ်ဆင်ထားသည်ကို တွေ့ရသောကြောင့် ၎င်းနှင့်ရလျှင် မိမိ၏သမီးမှာ အေးအေးချမ်းချမ်းနေရပေလိမ့်မည်ဟု တွေးတောဝမ်းမြောက်ရင်း အိမ်ရှေ့ခန်းသို့ ထွက်လာလေ၏။

'ဖေဖေ . . ဟောဒီမှာ၊ ကျွန်မမိတ်ဆွေ ကိုတင်မြင့်ဆိုတာ' ဟု မေကြည်ကပြောသဖြင့် ဦးရိုးဖေက သမက်လောင်းကိုကြည့်၍ ပြုံးကာ တင်မြင့်ကလည်း ယောက္ခမလောင်းကို ပြုံး၍ကြည့်လေ၏။

ဦးရိုးဖေမှာ သမက်လောင်းကို အထူးသဘောကျကာ ရဲရဲတင်းတင်းနေထိုင်ပြောဆိုဝံ့စေရန် ခေတ္တမျှ ရင်းရင်းနှီးနှီး စကားပြောဆိုပြီးနောက် မိမိ၏ငွေစီးကရက်ဘူးကို ထုတ်၍တည်လေ၏။

ထိုနောက် ဦးရိုးဖေ ထသွားသောအခါ မေကြည်က . .

'ကိုကို့ကို ဒီငွေစီးကရက်ဘူးတည်တာ ကိုကို့အပေါ်မှာ ဖေဖေ အနန်မတန်အရေးယူကြောင်း ပြတာပဲ၊ ဖေဖေဟာ . . တော်ရုံတန်ရုံအရေးစိုက်ရမည့်လူလောက်ဖြင့် ဘယ်တော့မှ ဒီစီးကရက်ဘူးနဲ့မတည်ဘူး' ဟု တင်မြင့်အား ပြောပြလေ၏။

တင်မြင့်သည် အလွန်ကျေနပ်သွားကာ စီးကရက်တစ်လိပ်ညှိ၍ သောက်လေ၏။ စီးကရက်မှာ အလွန်သောက်၍ ကောင်းသဖြင့် နောက်ထပ်တစ်လိပ်ညှိ၍သောက်လေ၏။ စီးကရက်လေးလိပ်လောက်ကုန်သောအခါ ဦးရိုးဖေသည် နှမြော၍လာလေ၏။ 'ဒီအကောင် . . ငါ့ဆေးလိပ်ကိုသောက်ကောင်းလို့ပဲ မထတာလား၊ စကားပြောလို့ပဲ မကုန်နိုင်တဲ့အတွက် မထသေးတာလား' ဟု ဦးရိုးဖေ၏စိတ်တွင်တွေးမိပြီးမှ 'ဟယ်ဒီကောင် ငါ့သမီးမရခင် လာက်သာ ငါ့စီးကရက်တွေသောက်ရမှာပါ၊ ငါ့သမီးယူပြီးတဲ့နောက် ငါ့တာဝန်အေးတော့မပေါ့၊ ဒါနောက်ဆုံး ကုန်ရတာပဲ၊ ကုန်ပါစေ' ဟု စေတနာပြဋ္ဌာန်းလိုက်လေ၏။

သို့အားဖြင့် တင်မြင့်သည် ဦးရိုးဖေ၏စီးကရက်များကို ညနေတိုင်းအားရပါးရ မှန်မှန်ကြီးတွယ်၍နေရလေ၏။ စီးကရက်များကို မေကြည်ကိုယ်တိုင်ယူ၍ပေး၊ မေကြည်ကိုယ်တိုင် မီးညှိ၍ပေးသဖြင့် တင်မြင့်မှာ အလွန်စည်းစိမ် တွေ့နေလေတော့၏။ ဦးရိုးဖေသည် မိမိ၏စီးကရက်များကို တွန့်တို၍လာသော်လည်း 'တင်မြင့်မှာ မေကြည်ကို စွဲသည်ထက် စီးကရက်များကို စွဲမက်၍ လာနေလေရော့သလား' ဟု အောက်မေ့ကာ စီးကရက်များကို ဝှက်ထားလျှင် နောင်ကိုမလာဘဲနေ၍ သမီးနှင့်လမ်းပြတ်သွားမည်ကိုစိုးရိမ်ကာ တင်မြင့်၏စီးကရက်ဖိုးကို မိမိအကုန်ခံ၍ နေရလေတော့၏။

ထိုသို့လျှင် စီးကရက်နှစ်ဆယ့်လေးဘူး ကုန်မြောက်သည့်နေ့သို့ရောက်သည့်တိုင်အောင် တင်မြင့်သည် မိမိအား မေကြည်ကို တောင်းရမ်းယူပါမည်ဟူသော စကားကိုလည်းမပြောသေး၊ မေကြည်ကလည်း တင်မြင့်နှင့် လက်ထပ်ဖို့ရန် မပူဆာသေးဘဲရှိသည့်ပြင် တင်မြင့်သည် စီးကရက်နှင့်ပင်မပြီးတော့ဘဲ ညနေတိုင်း အပြန် မိုးချုပ်ကာ တစ်ခါတစ်ရံ မိမိနှင့်အတူထမင်းစားပွဲတွင် ဝင်၍နိုက်နေသည်ကို တွေ့ရပြန်လေ၏။ သို့ဖြစ်၍ ဦးရိုးဖေသည် တင်မြင့်ကိုကြည့်ရသည်မှာ ရှေးကနှင့်မတူဘဲ ကျွဲပေါက်ကလေးလိုဝဖြိုးလာသည်ဟု ထင်မြင်မိ သော်လည်း သမက်လောင်းတစ်ယောက်ဖြစ်သည့်အတွက် စေတနာမပျက်နိုင်ဘဲ မေကြည်က တင်မြင့်အား ညနေတိုင်း ထမင်းစားရန်ခေါ်ခြင်းကို မတားမြစ်ဘဲ ရှိချေတော့၏။

တင်မြင့်သည် မိုးချုပ်အောင်နေရုံမျှမက ညဉ့်နက်အောင်နေသောအခြေအနေသို့ ဆိုက်ရောက်လာပြီးလျှင် လျှပ်စစ် ဓာတ်မီးမီတာကို ညတိုင်းဖြုန်း၍နေလေတော့၏။ ဦးရိုးဖေမှ ခါတိုင်းမီတာခ လစဉ် ၃ိ–ဂဲခန့် ပေးနေခဲ့ရာမှ ယခုမူ ဂိ–၁၂၉ပိုင်းပေးရသောကြောင့် စိတ်တို၍လာလေ၏။

ဦးရိုးဖေ၏စိတ်ထဲတွင် ခေတ်ကာလသားသမီးကို အင်္ဂလိပ်စာသင်ရခြင်းမှာ ကျောင်းနေစရိတ်၊ အဝတ်အစားစရိတ်၊ ကျွေးမွေးစရိတ်၊ အသုံးစရိတ်သာမက ရည်းစားစရိတ်ပါထောက်ပံ့နေရသည်ကို တွေ့ရသောကြောင့် မြန်မြန် ကိစ္စတုံးအောင် မည်သို့လုပ်ရပါမည်နည်းဟု အကြံထုတ်လေ၏။ ထိုသို့အကြံထုတ်နေရာတွင် မေကြည်နှင့် တင်မြင့်တို့ မြန်မြန်ညားစေရန် ပြုလုပ်ခြင်းမှတစ်ပါး၊ အခြားစိတ်ကူး၍မရဘဲရှိသဖြင့် မြန်မြန်ညားစေရန် အဘယ်လုပ်ရပါမည်နည်းဟု နည်းလမ်းရှာရပြန်လေ၏။

ထိုသို့စိတ်ကူးမိသဖြင့် အတင်း သမက်ဖမ်းရကောင်းမည်လားဟု စဉ်းစားမိပြီးမှ အကယ်၍ သမက်ဖမ်း၍မိလျှင် ကျကျနနလက်ထပ်ပေးဦးမှဖြစ်မည်ဖြစ်လေရာ လက်ထပ်မည့်အတွက် ကုန်ကျရမည်ကို တွေးမိသောကြောင့် ငွေကုန်နည်းမည့်နည်းကို စိတ်ကူးလေ၏။ ထိုသို့စိတ်ကူးရတွင် ခေတ်ကာလအလျောက် ခိုးရာလိုက်ပြေး ကြခြင်းသည် ငွေကုန်သက်သာသော နည်းလမ်းပင်ဖြစ်သည်ကို အကြံရသဖြင့် ၎င်းတို့နှစ်ယောက် ခိုးရာ လိုက်ပြေးအောင် မည်ကဲ့သို့ လှုံ့ဆော်ရပါမည်နည်းဟု စိတ်ကူးထုတ်ရပြန်လေ၏။

တစ်ညတွင် အိမ်ရှေ့လမ်းပေါ်မှ ကလေးများ သီချင်းဆိုသွားကြသံကိုကြား၍ နားစိုက်ထောင်လိုက်ရာ 'ဦးရိုးဖေ . . ဟိုးဟိုးဟိုး . . မိုးထိအောင် လေ့ကားကြီးမြန်မြန်ထောင်' ဟူ၍ကြားလိုက်ရသဖြင့် မိမိအတွက်ဖြစ်ပေါ်လာသော အတိတ်တဘောင်ဟု နှလုံးပြုကာ ဝမ်းသာမိပြီးလျှင် မေကြည်အိပ်သော အခန်းပြတင်းပေါက်ကို လှေကားထောင်၍ ပေးလိုက်လျှင် ဘယ်နည်းနှင့်မဆို တင်မြင့်သည်ခိုးပြေးတော့မည်ဟု ယူဆပြီးလျှင် နောက်တစ်နေ့တွင် အိမ်နီးချင်းဘုရားလူကြီးတစ်ဦးအိမ်မှ လှေကားကြီးကို သွား၍ငှားလေ၏။

'ဘာများအရေးသိပ်ကြီးလို့ လှေကားလာပြီး ငှားရတာလဲဗျ၊ ဦးရိုးဖေ' ဟု မေးသည်ကို ဦးရိုးဖေမှာ အဖြေရခက်သဖြင့် 'ပြောမဖြစ်တဲ့ကိစ္စ ရှိနေလို့ဗျာ၊ နောက်တော့ သိရပါစေမယ်' ဟု ပြောလေ၏။

'ကျုပ်လှေကားတော့ မကျိုးစေနဲ့နော် . . ကျိုးရင်လျော်ရမယ်'

'စိတ်ချပါ၊ မကျိုးစေရပါဘူး၊ ကျိုးရင်လျော်ပါ့မယ်' ဟု ပြောပြီးလျှင် ဦးရိုးဖေသည် လှေကားကြီးကို ကိုယ်တိုင်ထမ်း၍ယူလာပြီးလျှင် မေကြည်အိပ်သောအခန်း၏အပြင်ပြတင်းပေါက်တည့်တည့်တွင် ထောင်ထား လိုက်လေ၏။

'ဖေဖေ ဒီလှေကားကြီး ဘယ်ကငှားလာသလဲ'

'ဟိုဘက်အိမ်က ဦးဘိုးသောင်ဆီက'

'ဘာလုပ်ဖို့လဲ ဖေဖေရဲ့'

'လှေကားဆိုတာ အရေးကိစ္စရှိရင် တက်ရဆင်းရတာပေါ့'

'အခု ဘာကိစ္စမှမရှိဘဲ ဘာလုပ်ဖို့လဲ'

'အခုကိစ္စမရှိပေမယ့်၊ လိုလိုမယ်မယ် နောင်ကိုကိစ္စရှိရင် သုံးဖို့ပေါ့' ဟုပြောလိုက်သဖြင့် မေကြည်မှာ တွေး၍မရဘဲ ပြုံးမိလေ၏။

ဦးရိုးဖေ လှေကားငှားလာသည်မှာ ခုနစ်ရက်မြောက်သောနေ့သို့ ရောက်လာသည့်တိုင်အောင် မေကြည်နှင့်တင်မြင့်တို့သည် ထိုလှေကားကိုအသုံးမပြုသဖြင့် ဦးရိုးဖေမှာ ဒါလောက်တောင်အရသလားဟု နှစ်ယောက်စလုံးအပေါ်တွင် ဒေါသထွက်မိကာ ၎င်းတို့အတွက် အဘယ်ပုံကြံရမည်နည်း ဟု မှိုင်တွေချမိလေ၏။

ထိုအခါမှ ဦးရိုးဖေသည် မိမိတစ်ယောက်တည်းကြံ၍မဖြစ်နိုင်၊ ဘုရားလူကြီးဦးဘိုးသောင်ကို အကျိုးအကြောင်းဖွင့်ဟပြောဆို၍ တိုင်ပင်မှဖြစ်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ ဦးဘိုးသောင်အား တိုင်ပင်လေ၏။

'သြော် . . ခင်ဗျားလှေကားငှားတာ၊ ဒီအတွက်ကိုး ဟား . . ဟား . . ဟား . .ဟား . . သမီးလင့်နောက်လိုက်ပြေးအောင် လုပ်ဖို့ဟာ ခုခေတ်မှာ သာပြီးလွယ်နေသေးတယ်၊ ခင်ဗျားသမီးကိုလာပြီးနောက်ပိုးနေတဲ့ သူငယ်ကို အခုလို ကြည်ကြည်ဖြူဖြူ လက်သင့်ခံနေသမျှ လာပြီး ခင်ဗျားစီးကရက်တွေ၊ ထမင်းတွေ၊ ဓာတ်မီးအားတွေ သုံးဖြုန်းနေမှာပဲ၊ အခုလိုလွတ်လွတ်လပ်လပ်ချစ်နေရတဲ့နောက်၊ ဘာလုပ်ဖို့လိုသေးလဲ၊ ဘယ်တော့မှ ခိုးဖို့စိတ်ကူးကြမှာမဟုတ်ဘူး၊ အခုနေ တစ်ယောက်နှင့်တစ်ယောက် မတွေ့ရအောင်ကြပ်မတ်ထားပြီး ဟိုသူငယ်လဲ အိမ်မလာရအောင် လုပ်လိုက်ရင် တစ်ယောက်နှင့်တစ်ယောက်မတွေ့ရတဲ့အတွက်မနေနိုင်ဘဲ တွေ့နိုင်တဲ့ နည်းလမ်းကိုရှာကြတော့မှာပဲ၊ ဒီနည်းဟာ ခိုးရာလိုက်ပြေးစေတဲ့နည်းပဲ' ဟု ပြောပြလိုက်ရာ ဦးရိုးဖေမှာ များစွာကျေနပ်ပြီး ပြန်လာကာ အိမ်သို့ရောက်သောအခါ သမီးကိုဆူပူလေ၏။

'နင်တို့ ခေတ်ကာလသားသမီးတွေဟာ မိဘကိုအင်မတန်အရှက်ခွဲတယ်၊ ယောကျ်ားကလေးနဲ့ ပူးတွဲပြီး သွားဟယ်လာဟယ်နဲ့တင် အားမရသေးဘူး၊ အိမ်တိုင်ရာရောက် ခေါ်လာလိုက်သေးတယ်၊ အခုကြည့်စမ်း၊ အိမ်နီးပါးချင်းတွေ မေးငေါ့ကုန်ပြီ၊ ငါသိပ်ရှက်တယ်၊ နင်နဲ့လိုက်လာတဲ့အကောင်တွေကလဲ အိမ်ဦးခန်းက စတိုင်နဲ့ထိုင်ပြီး နေရုံမကသေးဘူး၊ ငါ့စီးကရက်တွေလဲသောက် ထမင်းစားပွဲလဲဝင်နှိုက်၊ ဓာတ်မီးလဲဖြုန်း လိုက်သေးတယ်၊ ဒီမျက်နှာတွေ ငါမကြည့်ချင်ဘူး၊ ဒီအကောင်မျိုးတွေ ဘယ်တော့မှ ခေါ်မလာနဲ့၊ နောင်ကိုတွေ့ရင် အကုန်သတ်ပစ်မယ်၊ စော်စော်ကားကား အိမ်ကိုများ လာပြီး . . ဟင်း . . ' အစရှိသဖြင့် တစ်ညနေလုံး ဆူပူကြိမ်းမောင်းနေစဉ် တင်မြင့်ရောက်လာပြီး အိမ်ပေါ်သို့တက်မည်အပြုတွင် ဆူပူသံကိုကြားရသဖြင့် ပြန်၍ လှည့်သွားလေ၏။

ထိုနေ့မှစ၍ တင်မြင့်သည်အိမ်သို့ရောက်၍မလာတော့ဘဲရှိချေ၏။ မေကြည်မှာလည်း ချစ်သူနှင့်မတွေ့ရသဖြင့် တပိန်ပိန်ဖြစ်၍နေကာ မှိုင်၍နေသည်ကိုတွေ့ရလေ၏။

သုံးလေးရက်ခန့်ကြာသောအခါ ဦးရိုးဖေမှာ စိတ်ပူပန်မိပြန်လေ၏။ မိမိ၏ဆူပူတားမြစ်ခြင်းကြောင့် တင်မြင့်မလာ တော့ဘဲ မိမိပြောဆိုမိသမျှစကားတွေသာ အဖတ်တင်၍ နေလေရော့သလားဟု တွေးတောကာ ဦးဘိုးသောင်နှင့် တိုင်ပင်မိသည်မှာ လူပေါင်းမှားနေပြီဟု စိတ်ညစ်မိလေတော့၏။

သို့ရာတွင် ခြောက်ရက်မြောက်သောညတွင် သမီးအခန်းမှ တိုးတိုးတိတ်တိတ်ပြောသံကြားရသဖြင့် အသာစိုက်၍ နားထောင်လိုက်ရာ တင်မြင့်ရောက်နေသည်ကိုကြားသိရသဖြင့် ထ၍လက်ခမောင်းခတ်ချင် မိလေတော့၏။

'ကဲ . . ကြည်ကြည်၊ မြန်မြန်လုပ်ပါ၊ ကြည်ကြည်တို့ဖေဖေနိုးတော့မယ်၊ နိုးရင် ခက်ကုန်တော့မှာပဲ၊ ဒီလှေကားကပဲဆင်းပါ' ဟု ပြောသံကြားရသဖြင့် ဦးရိုးဖေသည် အလွန်ဝမ်းသားကာ ချောချောမောမောအောက်သို့ ရောက်ကြပါစေဟု နှလုံးပြုလျက် လှေကားကျိုးမကျပါစေနဲ့လို့ ဆုတောင်းမိလေ၏။

အတန်ကြာလျှင် ဦးရိုးဖေသည် မိမိပြတင်းပေါက်မှကဲ၍ကြည့်လိုက်ရာ လှေကားပေါ်မှဆင်းသွားကြသော မေကြည်နှင့်တင်မြင့်တို့ကို တွေ့ရသဖြင့် မိမိဝဋ်ကျွတ်ပြီဟု ဝမ်းသာမိစဉ် လှေကားရင်းသို့ ရောက်ကြသည်တွင် ဝုန်းခနဲလှေကားကြီးလဲ၍ကျလေ၏။ မေကြည်နှင့်တင်မြင့်တို့သည် လူးလဲ၍ ထပြီးပြေးကြလေ၏။

ဦးရိုးဖေသည် အိမ်ပေါ်မှ ပြေး၍ဆင်းကာ လဲသွားသောလှေကားကို ကြည့်ပြီးနောက် မေကြည်နှင့်တင်မြင့်တို့ နောက်သို့ ပြေး၍လိုက်ကာ 'ဟဲ့ မပြေးကြနဲ့၊ နေဦး . . နေဦး' ဟု အော်လေ၏။ မေကြည်နှင့်တင်မြင့်တို့မှာ နောက်မှလိုက်လာသည်ကိုတွေ့ရ၍ ကြောက်အားလန့်အားပြေးကြရာ မေကြည်မှာ ပြေးရင်းခလုတ်တိုက်၍ လဲသဖြင့် ဦးရိုးဖေမီ၍လာလေ၏။

မေကြည်သည် ကမန်းကတန်းထကာ တင်မြင့်အားဖက်ထားပြီး 'ချမ်းသာပေးပါ ဖေဖေရဲ့၊ ကျွန်မတို့ ချစ်လွန်းလို့ပါ၊ ကျွန်မတို့ အချစ်ကို မခွဲပါနဲ့' ဟု ပြောပြီး တင်မြင့်အား 'ကိုကိုရဲ့၊ ကျွန်မကိုဖက်ထားပါ ကိုကိုရဲ့၊ ကျွန်မကိုမလွှတ်ပါနဲ့' ဟု ငို၍ပြောလေ၏။

ဦးရိုးဖေသည် နှစ်ယောက်စလုံးကို စိုက်၍ကြည့်ပြီးလျှင် 'မင်းတို့ခိုးပြေးတာကို ငါမကန့်ကွက်ပါဘူး၊ ဝမ်းသာပါတယ်၊ နို့ပေတဲ့ မင်းတို့ဆင်းဖို့ ငါငှားလာတဲ့လှေကားကျိုးသွားပြီ၊ မင်းတို့အတွက် ငါစိုက်ပြီး မလျော်နိုင်ဘူး၊ငါကုန်ရတာများပြီ' ဟုပြောလိုက်ရာ နှစ်ယောက်သားအံ့အားသင့်၍နေကြပြီးတင်မြင့်သည် ငွေစက္ကူ တစ်ရွက် ထုတ်၍ပေးလိုက်ပြီးလျှင် ကျေနပ်စွာပြန်သွားသောယောက္ခမကြီးကို ငေးကြည့်လျက် ကျန်ရစ်လေ တော့၏။

မြန်မာ့ရုပ်ရှင်၊ အောက်တိုဘာ၊ ၁၉၃၇။

# သမက်လောင်း

'ရတနတ္တယံအဟံဝန္ဒာမိသဗ္ဗဒါ'

ကျေးဇူးရှင် ပွဲစားကြီးဦးမင်းမောင် အနိစ္စရောက်ရှိပြီးကတည်းက ပွဲကတော်ကြီးဒေါ်မြမေသည် နောက်ထပ်အိမ်ရာထောင်ရန် စိတ်မကူးဘဲ ဦးမင်းမောင် စုဆောင်းရှာဖွေထားရစ်ခဲ့သော အိမ်ရာခြံမြေ၊ ရွှေငွေ၊ ပစ္စည်းများကို မကွဲမပျက်စေရအောင် ချွေချွေတာတာသုံးစွဲလျက် ဦးမင်းမောင်၏ လက်ငုတ်လက်ရင်းဖြစ်သော အလုပ်ကို တတ်နိုင်သမျှ ဆက်လက်လုပ်ကိုင်လာကာ သမီးဖြစ်သူလှရီကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ ဖြစ်ပေ၏။

ဦးမင်းမောင် မျက်စိနှစ်လုံး မှိတ်၍သွားစဉ်က လှရီမှာဆယ့်တစ်နှစ်အရွယ်တွင် ကျန်ရစ်ခဲ့ရာ ယခုအခါတွင် လှရီမှာ အပျိုကြီးလုံးလုံးဖြစ်နေလျက် အချိန်တန်အရွယ်ရောက်၍ လာပြီဖြစ်နေသဖြင့် ဒေါ်မြမေမှာ သမီးအတွက် စိတ်အေးရလျှင် အလုပ်ဆက်လက်၍မလုပ်တော့ဘဲ တရားအားထုတ်၍ လယ်ထောက်ခရသမျှကလေးနှင့်ပင် တင်းတိမ်ရောင့်ရဲ နေပါတော့မည်ဟု နှလုံးပိုက်မိသည့်အတိုင်း လှရီအား မြန်မြန်နေရာကျနိုင်စေရန် ဆုတောင်းလျက် ထိုက်တန်မည့်သားမက်လောင်းကို ရှာဖွေကြည့်ရှုခဲ့လေ၏။

လှရီသည်လည်း အချိန်တန်အရွယ်ရောက်လာ၍ ချစ်ရ၊ ကြိုက်ရမှန်းသိကတည်းက မိမိ၏မိခင်ဖြစ်သူ၏စိတ်၌ သားမက်လောင်း အလိုရှိနေသည်၊ မရှိသည်ကိုမသိဘဲ မိမိစိတ်အလိုအလျောက် မိခင်အတွက် သားမက်လောင်းကို ရှာခဲ့လေ၏။ ထိုသို့သမီးရော၊ မအေပါ သားမက်လောင်းရှာကြရာတွင် နှစ်ဦးလုံး သားမက်လောင်း တွေ့ရှိကြလေ၏။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက်အကြိုက်ချင်းမတူကြသဖြင့် သားမက်လောင်းမှာ တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်ဖြစ်၍ နေလေတော့၏။

ဒေါ်မြမေသည် အခြားတစ်မြို့တစ်ရွာရှိ မိမိမိတ်ဟောင်းဆွေဟောင်းဖြစ်သူ စက်ပိုင်ရှင်တစ်ဦး၏သား၊ အောက်လွှတ်တော် အမတ်ပေါက်စတစ်ဦးကို သဘောကျမိလေ၏။ ဒေါ်မြမေသဘောကျသူ ဘသိန်းမှာ ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့ကိုခံယူပြီးနောက် ထိုဝိဇ္ဇာဘွဲ့နှင့် အလုပ်အကိုင်လွယ်လင့်တကူ ရှာဖွေမရနိုင်သည်ကိုသိ၍ ဝိဇ္ဇာဘွဲ့ရလျက် အလုပ်အကိုင်မရှိသည်ကို လူများတွေ့မြင်ကြားသိရလျှင် ရှက်စရာကောင်းတော့မည်ဟု ယူဆလျက် အိမ်တွင်အလုပ်အကိုင်မရှိဘဲ ထိုင်၍ဝိဇ္ဇာဘွဲ့ကို မှီတက်ခံနေခြင်းထက် တက္ကသိုလ်တွင်ဆက်လက်၍ ဥပဒေပညာကို သင်ကြားနေရလျှင် နှစ်နှစ်လောက်တော့ဖြင့် ဣန္ဒြေမပျက်ဘဲနေရမှာပဲဟု နှလုံးပိုက်ကာ ဘီအယ်လ်ဘွဲ့ကို ရရှိခဲ့ပြီးနောက် ဦးဘသိန်း၊ အထက်တန်းရှေ့နေဟူသောဆိုင်းဘုတ်ကို တပ်ခဲ့သည့်နေ့မှစ၍ နှစ်ဆယ့်ငါးကျပ်ထက်ပို၍ရသော အမှုတစ်မှုမျှမလိုက်ခဲ့ရသေးသော်လည်း ဘီအယ်လ်ဘွဲ့ကို မသိနားမလည်သူတို့က ဝတ်လုံဟူ၍ ခေါ်ဝေါ်နေကြခြင်းဖြင့် ကျေနပ်နေခဲ့ရသူတစ်ယောက်ဖြစ်ပေ၏။ ထိုသို့ဝတ်လုံအခေါ်ခံရခြင်းကို ပိုမိုကျေနပ်ရပြန်သည့်အချက်တစ်ချက်မှာ အုပ်ချုပ်ရေးအသစ်အရ ရွေးကောက်ပွဲကျင်းပရာတွင် အမတ်ဖြစ်လျှင် တစ်လနှစ်ရာ၊ နှစ်ရာ့ငါးဆယ်၊ မှန်မှန်ကြီးစားရမည်ဖြစ်၍ ယခုရှေ့နေလိုက်နေရသည့်အလုပ်ထက် နေ့တွက်စီဦးမည်ဟူသော မျှော်လင့်ချက်ဖြင့် ဖခင်၏ငွေသုံးထောင်ခန့်ကို အရင်းအနှီးပြုလုပ်ကာ အမတ်အရွေးခံရာတွင် ဝတ်လုံဟူသော အမည်ဖြင့် အထင်ကြီး၊ အမြင်ကြီးဖြစ်၍ မဲဆန္ဒပေးကြသည့်အတွက် အမတ်ဖြစ်လာခဲ့ရခြင်းပင် ဖြစ်ပေ၏။

သို့ရာတွင် လှရီ၏အကြိုက်မှာ အင်္ဂလိပ်စာဆယ်တန်းမျှသာအောင်မြင်သဖြင့် အလုပ်အကိုင် ကြီးကြီးကျယ်ကျယ် မရနိုင်သဖြင့် အစိုးရအားကုသိုလ်ဖြင့် အလုပ်လုပ်ကိုင်ပေးနေရရှာသည့် အကူစာရေးကလေး တစ်ယောက်မျှသာ ဖြစ်ပေ၏။ လှရီသည် ခင်မောင်ကိုသဘောကျခြင်း၌ အကူစာရေးကလေးဖြစ်သဖြင့် သနား၍လည်းမဟုတ်၊

မိခင်ဖြစ်သူ သဘောကျလောက်သည့်လိမ္မာရေးခြား၊ မိသားဖသားပီသ၍ သဘောသကာယကောင်းသူ တစ်ယောက်ဟု သိရှိရသည့်အတွက်ကြောင့်လည်းမဟုတ်ဘဲ ချစ်သူကိုတောင့်တရှာဖွေနေဆဲတွင် ရည်းစားစာပေးရဲသည့် အစွမ်းသတ္တိကြောင့် လူပျို၊ အပျိုတို့ ချစ်ကြိုက်မြဲ ဓမ္မတာအတိုင်း ချစ်ကြိုက်မိခြင်းဖြစ်ပေ၏။

ထိုသို့ လှရီ၌ ချစ်ကြိုက်သူရှိနေပြီဖြစ်သည့်အတွက် မိခင်ဒေါ်မြမေက အမတ်ပေါက်စဘသိန်း၏ဂုဏ်ပုဒ်တို့ကို လေထုတ်၍ပြောသော်လည်း လှရီ၏နားထဲ၌မဝင်၊ ဘသိန်းနှင့်ပေးစားချင်သည့် သဘောကိုပြောသော်လည်း လှရီက အင်းမလှုပ်အဲမလှုပ်ဖြစ်နေသည့်အတွက် ဒေါ်မြမေမှာ အကြံရက်နေရာက လှရီသဘောမကျနိုင်သည့် အကြောင်းရင်းကိုရှာရာတွင် ခင်မောင်ကြောင့်ဖြစ်သည်ကို သိရသောကြောင့် ထိုသို့သိရသည့်နေ့မှစ၍ ခင်မောင်အား အိမ်သို့အဝင်အထွက်မရှိစေရဟု ပိတ်ပင်ရေးဥပဒေဖြင့် နှိပ်ကွပ်ထားပြီးလျှင် လှရီအားလည်း ခင်မောင်လမ်းလျှောက်လာသည့်အခါ ထွက်မကြည့်ရ၊ ခင်မောင်ထံစာမပေးရ စသဖြင့် ပညတ်တော်ဆယ်ပါးဖြင့် တားမြစ်ထားလိုက်လေ၏။

သို့ရာတွင် လှရီမှာ ခင်မောင်အားတစ်နေ့မတွေ့ရလျှင် မနေနိုင်သလောက် ခင်မောင်ကလည်း မမြင်ရမနေနိုင်သည့်အတွက် နှစ်ဦးစလုံးကပင် တစ်နည်းနှင့်မတွေ့ရလျှင် တစ်နည်းနှင့်တွေ့ရအောင် အမျိုးမျိုးကြံဖန်နေကြသည့်အတိုင်း တစ်နေ့တွင် ဒေါ်မြမေသည် မိမိ၏ကျေးဇူးရှင်လင်ယောကျာ်း ဦးမင်းမောင်အား အိပ်မက်မက်သည်ကိုအကြောင်းပြု၍ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ သွေးဆေးကန်ဘက်ရှိဇရပ်တစ်ခုတွင် ကွယ်လွန်သူလင်ယောကျာ်းအားရည်စူး၍ ဆွမ်းအလှူပြုကြရန် သွားရောက်လေရာ လှရီသည် ထိုနေ့တွင်တွေ့နိုင်ရန် အချက်ကောင်း ဖြစ်သည်ကို သိရှိကာ ခင်မောင်အား အကြောင်းကြားထားသည့်အလျောက် ခင်မောင်သည် ထိုဇရပ်နှင့် ခပ်လှမ်းလှမ်းရှိ အသိတစ်ယောက်ဇရပ်မှနေ၍ လှရီလာသည့်တိုင်အောင် တမျှော်မျှော်နှင့်စောင့်၍ နေလေ၏။

လှရီသည် နက်ဖြန်နံနက်တွင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား အရဟတ်ဆွမ်းကပ်လှူ၍ သံဃာတော်မြတ်များအားလည်း ဆွမ်းလောင်းရန်အတွက် ကူညီချက်ပြုတ်လုပ်ကိုင်ပေးနေသဖြင့် တော်တော်နှင့် ခင်မောင်အား မတွေ့နိုင်သေးဘဲရှိပြီးလျှင် ချက်ပြုတ်ခြင်းကိစ္စ ပြီးငြိမ်းသွားသည့်အခါ၌လည်း မိခင်ကြီး၏အလစ်နှင့် မကြုံကြိုက်သေးသည့်အတွက် အားမလိုအားမရဖြစ်လျက်နှင့်ပင် အလစ်ကိုစောင့်နေရလေ၏။

ကံအားလျော်စွာ မကြာမီပင် လှရီ၏အလိုကိုပြည့်ဝစေရန် ဖူးစာရေးနတ်တို့ ဖန်တီးလိုက်လေရော့သလားမသိ၊ အနီးရှိ ဇရပ်တစ်ခုတွင် ဒေါ်မြမေ၏အသိ ဇရပ်အစ်မတစ်ဦးနှင့် ထိုဇရပ်တွင် လာရောက်ဥပုသ်စောင့်နေသည်ဆိုသော သင်္ဂြိုဟ်ဆရာတစ်ယောက်သည် အလည်ရောက်ရှိလာကြလေ၏။

ဇရပ်အစ်မနှင့် ဒေါ်မြမေတို့သည် ရှေးဟောင်းနှောင်းဖြစ်တို့ကို ဇာတ်လှန်နေကြရာမှ ဒေါ်မြမေသည် ကွယ်လွန်သူကျေးဇူးရှင်ကြီးကို သတိရစရာတွေ တစ်ခုပြီးတစ်ခုပွားများလာသဖြင့် ပဝါစကလေးနှင့် မျက်ရည်တို့ကို တို့၍တို့၍နေရာမှ သင်္ဂြိုဟ်ဆရာကြီးက ဆရာဂုဏ်ပြလိုသည့်အတွက် တရားဟော၍နားချလေရာ ဒေါ်မြမေမှာ သမီးကလေးအတွက်စိတ်အေးရလျှင် တရားနှင့်ပင်ပျော်တော့မည်ဟု နှလုံးပြု၍ထားသူ တစ်ယောက်ဖြစ်သဖြင့် ထိုသို့တရားသံများကို ကြားရသည်တွင် ရွှင်ကြည်သောသဒ္ဓါထက်ပွားကာ ထိုသင်္ဂြိုဟ်ဆရာကြီးပေါ်တွင် အတော်ပင် ကြည်ညိုမိလေ၏။

'ဆရာနဲ့တွေ့ရတာ ကျွန်မမှာ ရေငတ်တုန်း ရေတွင်းထဲကျသလိုပဲ ဝမ်းသာလို့ မဆုံးနိုင်ဘူးဆရာရဲ့၊ ကျွန်မမှာ အလုပ်တွေ၊ အကိုင်တွေ၊ သမီးအတွက် သံယောဇဉ်တွေ ရှုပ်ပွေနေတဲ့အတွက် တရားဘက်မှာ လုံးလုံးမေ့နေတော့တာပဲ၊ ဒါထက် ဆရာအမည် တစ်ဆိတ်လောက်အမိန့်ရှိပါဦး'

'ကျုပ်နာမည်လား ဆရာဖေတဲ့'

ဒေါ်မြမေသည် သင်္ဂြိုဟ်ဆရာ၏အမည်ကို ကြားပြီးနောက် ဇရပ်အစ်မဘက်သို့လှည့်ကာ ‘ဒီကကျောင်းအစ်မကြီးနဲ့ ဘယ်လိုသိကြတာတုန်း’ ဟု မေးလိုက်လေ၏။

‘အရင်တလော ကျိုက်ထီးရိုးသွားကြတုန်းက ရထားပေါ်မှာတွေ့ခဲ့ကြတာပဲ၊ ကျိုက်ထီးရိုးမှာ ဥပုသ်လေးဆယ့်ကိုးရက် စောင့်ပြီး အပြန်တွင် ရွှေတိဂုံမှာ တရားအားထုတ်ချင်တယ်ဆိုတာနဲ့ ဒီကဇရပ်မှာပဲ နေထိုင်ဖို့ ဆရာကြီးသဘောရှိ ခွင့်ပြုထားတာပဲ’

‘သာဓုပါရှင် . . သာဓု . . သာဓု’ ဟု အူထဲအသည်းထဲက လှိုက်လှဲသောစေတနာဖြင့်ပြောလိုက်သည့် မိခင်ဖြစ်သူ ဒေါ်မြမေကို ဇရပ်နောက်ဘေးချောင်ဆီမှ အကဲခတ်နေသော လှရီသည် မိမိ၏မိခင်ဖြစ်သူသည် ဆရာဖေအား အာရုံစိုက်၍နေပြီကိုသိရသဖြင့် ဤတွင်လစ်ပြီဟု နှလုံးပြုကာ ခင်မောင်ထံသို့ ပြေးလာခဲ့လေ၏။

‘အမယ်လေး မျှော်လိုက်ရတာ ရီရီရယ်၊ အခုမှပဲ ပေါ်လာတော့တယ်’

‘မျှော်တာ၊ ပေါ်တာတွေ ဖယ်ထားလိုက်စမ်းပါဦး၊ အခုတွေ့ရတာပဲ တော်လှပြီ၊ ရှေ့ဆိုရင် ဒီထက်ကြပ်တော့မယ်၊ အခုတောင် အလစ်မနည်းစောင့်ပြီး ပြေးခဲ့ရတယ်’

‘ပြောစမ်းပါဦး၊ ဘာပြုလို့ ရှေ့ကိုပိုပြီးကြပ်တော့မှာလဲ’

‘ကိုကိုမသိသေးဘူးလား’

‘သြော် . . မသိလို့ မေးနေတာပေါ့’

‘မသိရင်သာနေရမယ်၊ မေမေက ရီရီ့ကို ကိုဘသိန်းနဲ့ ပေးစားတော့မလို့’

‘အလိုလေး . . ဘုရားရေ . . ဘယ့်နှယ်ဖြစ်ရတာတုန်း’

‘ရီရီကဖြစ်ရတာ မဟုတ်ပါဘူး၊ မေမေကဖြစ်နေတာ’

‘ယောကျ်ားပေးစားတော့မယ်တဲ့လား’

‘ဟုတ်တယ်’

‘ဘယ်သူနဲ့တဲ့လဲ’

‘ကိုဘသိန်းနဲ့’

‘သြော် . . ကိုဘသိန်းနဲ့လား’

‘ဟုတ်တယ်’

‘ဘယ်က ကိုဘသိန်းတဲ့လဲ’

‘ခက်များ ခက်ရချည်တော့နော်၊ သြော် . . ကိုဘသိန်းနဲ့လား ဆိုတော့ သူပဲ သိနေသလိုလို’ ဟု လှရီကပြောပြီး ဆက်လက်၍ ‘ကိုဘသိန်းဆိုတာ အခုအောက်လွှတ်တော်အမတ်၊ ရန်ကုန်ကမဟုတ်ဘူး၊ တစ်မြို့က၊ ကောလိပ်မှာ

ဘီအေအောင်ပြီးနောက် ဘီအယ်လ်ကိုဝင်ဖြေပြီးတော့ ရှေ့နေလုပ်နေတယ်၊ ကောလိပ်တုန်းက သမဂ္ဂအသင်းတွေ၊ ဘာတွေထဲမှာလဲ ဥက္ကဋ္ဌလား၊ ဘာလားမသိဘူးလုပ်ခဲ့တယ်၊ တချို့ကလဲ ဒီလူဟာကောလိပ်မှာ နိုင်ငံရေး လိုက်စားကတည်းက ရူးတူးတူး၊ ပေါတောတောဖြစ်နေတယ်လို့ပြောတာပဲ၊ ရူးတာက ကိစ္စမရှိဘူး၊ အခုဘတ်ဂျက် အစည်းအဝေးမှာ ရန်ကုန်လာရင် ရီရီတို့အိမ်မှာ တည်းမလို့တဲ့၊ အဲဒါ ဘယ့်နှယ်လုပ်ရမလဲ မသိဘူး'

'အို . . မခက်ပါဘူး၊ ထိုသူအိမ်လာပြီး ရိသဲ့သဲ့စကားပြောရင် မျက်နှာကို လက်ဝါးနဲ့သာပစ်ပြီး အုပ်လိုက်ရင် ပြီးတာပဲ'

'ဒီလိုလုပ်တိုင်းသာ ဖြစ်ရမယ်ဆိုရင်တော့ ပူပ့ါမလားကိုကိုရာ၊ မေမေဟာ ဒီတစ်ခုကို သူသဘောကျတယ်ဆိုရင် သူ့အလိုအတိုင်း မလုပ်မနေရဘူး၊ သူအခု ပေးစားချင်တယ်ဆိုတာလဲ အတင်းပေးစားတော့တာပဲ'

'ဒီလိုဆိုရင် အခုတစ်ခါတည်း ကိုကို့နောက် လိုက်ခဲ့ပါတော့လား'

'ဟင့်အင်း . . ဟင့်အင်း . . ရီရီခိုးရာတော့ ဘယ်တော့မှ မလိုက်ချင်ဘူး၊ မေမေသဘောတူမှ ယူချင်တယ်'

'ဒီလိုဆိုရင် မေမေသဘောတူနေတာက တစ်ယောက်ဖြစ်နေတော့ ကိုကိုမျှော်လင့်ချက် မရှိတော့ဘူးပေါ့'

'မပြောနိုင်သေးဘူး၊ တစ်နေ့ကျရင် မေမေ ကိုဘသိန်းအပေါ်မှာ သဘောမကျဘဲ ဖြစ်ချင်လဲဖြစ်သွားမှာပဲ၊ မေမေဟာ ဒီလိုပဲ လူတစ်ယောက်ကို သဘောကျမိရင်လဲ ချက်ချင်းပဲ၊ မုန်းချင်ရင်လဲ ချက်ချင်းပဲ'

ခင်မောင်မှာ မိမိပေါ်တွင် မြင်မြင်ချင်း အမုန်းခံခဲ့ရသည်ကို စဉ်းစားမိကာ 'အင်း . . ဟုတ်တယ်' ဟု ပြောလေ၏။

'ဟုတ်မနေနဲ့ဦး၊ ကြံလဲ ကြံစမ်းပါဦး'

'အခုပုံတော့ ဘာမှ မကြံနိုင်ဘူး၊ နောင်ခါလာနောင်ခါချေး ဆိုသလို ပျော်ပျော်ပဲနေရုံပေါ့'

'ကိုကိုသာပျော်နေ၊ ရီရီတော့ သိပ်စိတ်ညစ်တာပဲ' ဟု ဆိုကာ လုရီသည် လက်ပတ်နာရီကလေးကို လှမ်း၍ကြည့်ပြီးလျှင် 'သွားမယ်ကိုကို၊ မေမေက ကြာတယ်ဆိုပြီး ဆူနေဦးမယ်' ဟု ပြောပြောဆိုဆို ထွက်လာခဲ့လေ၏။

လုရီသည် ဇရပ်သို့ ပြန်လည်ရောက်ရှိလာသည့်အခါ မိခင်ဒေါ်မြမေနှင့် သင်္ချိုဟ်ဆရာ ဆရာဖေတို့မှာ အလွန်ပင် အလွမ်းသင့်နေကြသည်ကို တွေ့ရရုံမျှမက မိခင်က 'ဒီလိုဆိုရင် ဆရာကျွန်မတို့အိမ်မှာလာပြီး တစ်လလေးသီတင်း ဆိုသလို တရားအားထုတ်နေပါလား၊ ဒီမှာဆိုတော့ တရားအားထုတ်ရပေမယ့် စားရေး၊ သောက်ရေးအတွက် ခက်သေးတယ်၊ ကျွန်မတို့အိမ်မှာဆိုရင် ဘာမှပူစရာမရှိဘူး၊ အားနာစရာလည်းမရှိပါဘူး' ဟု ပြောသံကို ကြားလိုက်ရလေ၏။ ထိုသို့ပြောလိုက်သည့်အတိုင်းပင် နောက်တစ်နေ့တွင် လုရီတို့အိမ်သို့ ဆရာဖေ ရောက်ရှိလာလေ၏။

ဒေါ်မြမေသည် ဆရာဖေအား အိမ်ဦးခန်းတွင်ထား၍ ဝတ်ကြီးဝတ်ငယ် ပြုစုကျွေးမွေးထားလေရာ လုရီမှာ ဆရာဖေရောက်သည့်နေ့ကစ၍ ဆရာဖေစားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးအတွက် တစ်နေ့မျှ မအားရအောင် ပြုလုပ်ရရှာလေ၏။ ဆရာဖေကလည်း ယခုကဲ့သို့ ပူပင်ကြောင့်ကြမရှိ နေထိုင်ရသည့်အတွက် ထိုအိမ်ကပင် မသွားချင်တော့သလောက်ဖြစ်မိကာ ဒီကျောင်းအစ်မကြီး ငါယူရရင်ဖြင့် တစ်သက်ပန် အေးအေးချမ်းချမ်း နေရတော့မှာပဲပဲဟု တစ်ခါတစ်ခါတွေးမိလေ၏။

ဆရာဖေရောက်ရှိ၍ ရက်သတ္တနှစ်ပတ်မျှ မကြာရှိမီပင် ဘသိန်းသည် လွှတ်တော်အစည်းအဝေး တက်ရောက်ရန် ရောက်ရှိ၍လာကာ လုရီတို့ထံ၌တည်းခိုလေ၏။ ဘသိန်းသည် ဒေါ်မြမေ၏အိမ်ရှေ့တွင် လူပိုတစ်ယောက် ရောက်ရှိနေသည်ကိုတွေ့ရသဖြင့် ထိုသူကို ဒေါ်မြမေကယူ၍များထားလေရော့သလား၊ သို့တည်းမဟုတ် ဒေါ်မြမေ လိုလိုနှင့် လုရီအား ချိန်နေသည့် ကြောင်သူတော်များလားဟု မသင်္ကာဖြစ်မိကာ ဆရာဖေ၏အနေအထိုင်၊ အသွားအလာ၊ အပြောအဆိုတို့ကို မကြာခဏ ချောင်းမြောင်း စူးစမ်း ကြည့်ရှုလေ့ရှိပေ၏။

ထိုသို့ ဘသိန်း၏ တိတ်တဆိတ်ချောင်းမြောင်းခြင်းကို ဆရာဖေလည်း အကဲခတ်မိလေရာ တစ်ရက်ထက်တစ်ရက် ကြာ၍လာရာတွင် ဆရာဖေသည်ဘသိန်းပေါ်တွင်မနှစ်သက်သောစိတ်များ ပွားများပေါ်ပေါက်လာကာ ဘသိန်းနှင့် မျက်နှာကြောမတည့်ဘဲ ရှိလာလေ၏။ ဘသိန်းကလည်း မိမိအပေါ်တွက် ဆရာဖေ မနှစ်မြို့ခြင်းမှာ ဆရာဖေသည် ဒေါ်မြမေကို ကြံစည်နေသည့်အတွက် ၎င်း၏အကြံပျက်ပြားမည်စိုး၍ မိမိပေါ်တွင် မလိုခြင်းဖြစ်ပေလိမ့်မည်ဟု တွေးမိသောကြောင့် အကယ်၍ ဒေါ်မြမေနှင့်ဆရာဖေတို့ ပေါင်းသင်းကြလျှင် မိမိမှာ ဆရာဖေအား ယောက္ခမ တော်ရမည် ဖြစ်သည့်အတွက် ဘသိန်းမှာ နဂိုကဆရာဖေအပေါ်တွင် စေတနာကောင်းမရှိရသည့်အထဲတွင် သင်္ဂြိုဟ်ဆရာတစ်ယောက်ကို အောက်လွှတ်တော်အမတ်တစ်ယောက်က ယောက္ခမတော်ရမည်မှာ ရှက်စရာကောင်း သကဲ့သို့ သဘောပိုက်မိလျက် ဆရာဖေအပေါ်တွင် မလိုမုန်းတီးသောစိတ်များ ဖြစ်ပေါ်မိလေ၏။

သို့အားဖြင့် တစ်ယောက်ကိုတစ်ယောက် မနှစ်မြို့ဘဲ ရှိနေကြသည့်အလျောက် တစ်နေ့သောညတွင် ညစာ စားပြီးကြ၍ပြီးသည့်နောက် လုရီသည် ဘသိန်းနှင့်ထိုင်၍ စကားပြောမနေလိုသောကြောင့် တိတ်တဆိတ် ရှောင်လွှဲ၍ထွက်ခဲ့ပြီး အိမ်ဘေးပတ်လည်ရှိခြံထဲတွင် ရှောင်၍နေလေ၏။ သို့ရာတွင် ဘသိန်းမှာ လုရီကို အလွတ် မခံလိုသည့်အလျောက် လုရီနောက်သို့လိုက်လံရှာဖွေလေ၏။ ဒေါ်မြမေကား အိမ်ပေါ်တွင် ကျမ်းစာအုပ်တစ်အုပ်ကို ဖတ်ရင်း ကျန်ရစ်၍ ဆရာဖေမှာမူ အိမ်နောက်ဘေးရှိ ရေမြောင်းနံဘေး၏ အငူစွန်းကလေးတစ်ခုပေါ်တွင် ထိုင်ရင်း ပုတီးစိတ်၍နေလေ၏။

ဆရာဖေသည် ပုတီးစိတ်၍ကိုးပတ်ခန့်မျှ ရရှိသောအချိန်တွင် မိမိ၏နောက်ဘက်ရှိ စံပယ်ချုံဆီမှ တချွတ်ချွတ် မည်သောအသံများကိုကြားရသဖြင့် ရုတ်တရက် ပုတီးစိတ်ရပ်၍သွားလေ၏။ ထိုနောက်မှ မိမိတရားအားထုတ် နေခြင်းကို ပျက်ပြားစေရန် မကောင်းဆိုးဝါးများ လာရောက်နှောင့်ယှက်နေပြီဟုယူဆကာ အသံမထွက်ဘဲ တဖွဖွရွတ်ဆိုကာ မေတ္တာပို့လေ၏။ သို့ရာတွင် တချွတ်ချွတ်မြည်သောအသံများမှာ ပပျောက်၍မသွားသည့်ပြင် ပို၍ပင်ကျယ်လောင်လာသကဲ့သို့ကြားရသဖြင့် မိမိ၏မေတ္တာပို့၊ ပရိတ်ရွတ်ခြင်းကိုပင် မကြောက်ရွံ့ဘဲ ပိုမို၍ ကဲနေခြင်းကိုထောက်သော် ဘုန်းကြီးတစ္ဆေဖြစ်စတန်ရာသည်ဟု အောက်မေ့လျက် ပုတီးစိတ်ခြင်းကို ရပ်လိုက်ပြီး နောက်သို့လှည့်ကြည့်လိုက်ရာ စံပယ်ချုံဆီမှ ခပ်မည်းမည်းသဏ္ဌာန်များကို တွေ့ရသောကြောင့် ပိုမို၍ ထင်ထင်ရှားရှားသိမြင်လိုသောစိတ်ဖြင့် ခြေဖျားထောက်လျက် အနားသို့တိုးသွားလေ၏။ သို့ရာတွင် မည်းမည်း သဏ္ဌာန်များကို ကွဲပြားစွာမမြင်ရသေးသော်လည်း 'ချစ်လွန်းလို့ပါ ရီရီရယ်၊ ရီရီ့အပေါ်မှာ တကယ့်မေတ္တာ ထားတဲ့အတွက်' စသဖြင့် ကြားလိုက်ရသောကြောင့် မိမိသာလျှင် မေတ္တာပို့နေသည်မဟုတ်၊ ထိုမည်းမည်း သဏ္ဌာန်တို့လည်း မေတ္တာပို့နေကြပါကလားဟု တွေးမိလျက် တိုးသည်ထက်တိုး၍သွားသည်တွင် လုရီအား ဘသိန်းက ချစ်ကြိုက်စကားပြောနေခြင်းဖြစ်သည်ကို တွေ့ရသည်အတွက် မိမိအား မြင်၍မသွားစေရန် နောက်သို့ တဖြည်းဖြည်းဆုတ်သွားရာတွင် သတိလစ်၍ လျှောက်ခဲ့မိခြင်းကြောင့် ကျောက်ခဲတစ်လုံးကို နင်းမိကာ ခြေခေါက် အားလွန်၍သွားပြီး ရေမြောင်းထဲ ဝုန်းခနဲကျသွားလေ၏။

ဘသိန်းမှာ ဝုန်းခနဲမြည်သောအသံကြောင့် မိမိ၏နှစ်ပါးသွားသစ္စာထားကိုဆက်လက်၍ စခန်းသွားရန် အာရုံပြတ် သွားပြီး 'ဟေ့ . . ဟိုမှာ ဘယ်သူလဲ၊ ဘယ်သူလဲ' ဟု ပျာပျာသလဲ မေးလိုက်လေ၏။

သို့ရာတွင် အမှောင်ထဲမှ အဖြေထွက်ပေါ်၍မလာဘဲ ရေထဲတွင် ကူးခတ်နေသည့်အသံကိုသာ ကြားရသောကြောင့် ရေမြောင်းနံဘေးသို့ ပြေးသွားကာ ရပ်၍ကြည့်ရင်း 'ဟေ့ . . ဘယ်သူလဲ၊ ဘယ်မှာလဲ' ဟု မေးလေ၏။ လုရီလည်း ၎င်း၏နောက်မှ လိုက်သွားကာ ရေထဲသို့ ဟိုဟိုဒီဒီကြည့်ပြီးနောက် 'ဟော . . ဟိုမှာ၊ ညာဘက်မှာ၊ ညာဘက်မှာ'

ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဘသိန်းမှာ စိတ်မြန်၊ လူမြန်တစ်ယောက်ဖြစ်သည့် အလျောက် ဒိုင်ဗင်ထိုး၍ ဆင်းသကဲ့သို့ ရေမြောင်းထဲသို့ ခုန်ဆင်းကာ ရေထဲ၌ ကူးခတ်သံပေါ်လာရာ အနားဆီသို့ ကူးသွားလေ၏။

ဘသိန်းမှာ ဆရာဖေ၏အနီးသို့ ရောက်သောအခါ မှောင်မည်းနေသဖြင့် ဆွဲမိဆွဲရာ အတင်းဆွဲလိုက်ရာ ဆရာဖေ၏ဆျောင်ကို ဆွဲမိသည့်အတွက် စောစောက ပုတီးစိပ်ခဲ့သည့် သိက္ခာတို့ကို မေ့လျော့ပြီး 'ဟဲ့ မအေ . .၊ ဟဲ့၊ ခွေးမသား' နှင့် ရေရွတ်ရင်း မိမိအား ကယ်ဆယ်ရန်လာသူကို ပြန်၍တွန်းထိုးလိုက်ရာ ဘသိန်းသည် ကျောင်းတွင်နေစဉ်က ဖတ်ခဲ့ဘူးသော ရေကူးနည်းစာအုပ်ထဲ၌ ရေနစ်သူကိုကယ်ဆယ်လျှင် ရေနစ်သူက ရုန်းကန်နေက တစ်ချက်တည်းမေးရိုးကိုလက်သီးနှင့်ထိုးပြီး မေ့သွားသည့်အခါမှ ကယ်ဆယ်ရမည်၊ သို့မဟုတ်လျှင် နှစ်ယောက်စလုံး ရေနစ်တတ်သည်ဟူသောအချက်ကိုသတိရ၍ ဆရာဖေ၏မေးရိုးကိုချိန်၍ထိုးလိုက်ရာ မေးရိုးကို မထိဘဲ မျက်ခွက်ကိုထိုးမိသဖြင့် 'အောင်မယ်လေးဗျ' ဟု အော်ကာ နောက်သို့လန်၍ ရေထဲတွင် မြုပ်သွားပြန်လေ၏။

ထိုအခိုက်တွင် လှရီသည် ရေထဲမှလူများ တက်နိုင်ဖို့ရန်အလို့ငှာ ခြံခေါင်းရင်း၌ရှိသော ဝါးလုံးရှည်တစ်ချောင်းကို ဆွဲယူကာ ထွေးလုံးနေသော သူများဘက်သို့ လှမ်းပေးလိုက်ရာတွင် 'ရေနစ်သူဝါးကူ၍ထိုး' ဆိုသည့်အလား ဘသိန်း၏ဗိုက်ကိုထိုးမိသည့်အတွက် ဘသိန်းမှာ အင့်ခနဲတစ်ချက်မျှအော်နိုင်ပြီး ရေထဲ၌ဖင်ထိုင်ကျကာ မြုပ်၍ သွားလေ၏။

ဘသိန်းမြုပ်၍အသွားတွင် ဆရာဖေပေါ်လာပြီး ဝါးလုံးကိုမြင်သဖြင့် လှမ်း၍ဆွဲကာ ကုန်းပေါ်သို့တက်လာပြီး လှရီကိုပင်မကြည့်တော့ဘဲ ခေါင်းငိုက်စိုက်ကြီးချလျက် အိမ်ဘက်ဆီသို့ ပြေးလေ၏။ လှရီသည် ရေထဲ၌ဘသိန်း တစ်ယောက်တည်းသာ ကျန်တော့သည်ကိုသိသောကြောင့် သူ့ထိုက်နှင့်သူ့ကံ၊ တက်ချင်သလိုတက်ပါစေဟု သဘောထားကာ ဝါးလုံးကို ဘသိန်းလှမ်း၍ဆွဲမည်အပြု၊ ကုန်းပေါ်သို့ဆွဲတင်လိုက်ပြီး မှောင်ထဲတွင် ပျောက်၍ သွားလေ၏။

သို့ရာတွင် လှရီမှာ အိမ်သို့ပြန်၍မသွားဘဲ မိမိ၏ရည်းစား ညအချိန်လာ၍တွေ့နေကျနေရာသို့ ရောက်ရှိသွားကာ အသင့်စောင့်နေသော ခင်မောင် ကို တွေ့ရလေ၏။

'ရီရီတို့ အိမ်နောက်ဘေးမှာ စောစောက ဘာဖြစ်တာတုန်း'

လှရီသည် စကားမပြောရမီကပင် အူနှိပ်၍ရယ်ပြီးနောက် ဖြစ်ပျက်ပုံများကိုပြောပြရာ ခင်မောင်မှာလည်း ရော၍ရယ်မိလေ၏။

ထိုနောက် ခင်မောင်က တစ်စုံတစ်ရာတွေးမိ၍ 'ဟာ . . ဒါဖြင့် နေရာကျတာပဲ' ဟု အရင်းမရှိ အဖျားမရှိ ပြောလိုက်လေရာ လှရီက 'ဘာနေရာကျတာလဲ' ဟု မေးလေ၏။

'ဒီလိုလုပ်ပါလား' ဟုဆိုကာ ခင်မောင်သည် လှရီအား တစ်စုံတစ်ရာပြုလုပ်ရန် သွန်သင်အကြံပေးလိုက်ရာ လှရီမှာ များစွာသဘောကျသွားကာ 'ဒါဖြင့်ပြောနေကြာတယ် အချိန်မရှိဘူး၊ မြန်မြန်သွားမှပဲ' ဟုဆိုကာ ခင်မောင်ထံမှ ခွဲခွာ၍လာခဲ့လေ၏။

လှရီသည် အိမ်ထဲသို့ရောက်ရှိသည့်အခါတွင် အဝတ်အစားလဲပြီးခါစဖြစ်သော ဘသိန်းကို သူ၏အခန်း အပြင်ဘက်တွင် တွေ့ရလေ၏။

ဘသိန်းသည် စကားအချီးစ၍မနေဘဲ 'ဒီလူကြီးဟာ ရူးနေတယ်ထင်တယ်' ဟု ပြောပြီးနောက် လှရီ၏ ထင်မြင်ချက်ကိုလည်းကောင်း၊ ငြင်းဆိုချက်ကိုလည်းကောင်း မစောင့်စားဘဲ 'ဟုတ်ပါတယ်၊ ရူးနေတာ အစစ်ပါပဲ၊

ရေထဲခုန်ချတာ ကြည့်ပါလား၊ မရှူးရင် ခုန်ချပါ့မလား’ ဟု မိမိပြောခဲ့သော စကားကို မိမိကိုယ်တိုင် ထောက်ခံချက်ပေးလိုက်လေ၏။

လှရီသည် ဘသိန်း၏စကားကို ကြားလိုက်ရလျှင် တစ်စုံတစ်ရာ ကြည့်နူးဖွယ်ရာတွေးမိသကဲ့သို့ မျက်လုံးများ ကြည်လင်တောက်ပြောင်လာကာ ‘ဆရာဖေအကြောင်း ရှင်မသိသေးဘူးလား’ ဟု မေးလိုက်လေ၏။

‘အင်း . . ဟင့်အင်း’

‘ဆရာဖေက ကိုယ့်ကိုယ်ကို သတ်သေချင်တဲ့ စိတ္တဇရောဂါရှိနေတယ်၊ ရူးနေတယ်ပဲ ဆိုပါတော့လေ အဲ . . ဒါ ကိုယ့်ကိုယ်ကိုမှ မသတ်ရရင် သူများကို လိုက်ပြီး သတ်တတ်တယ်’

ဘသိန်းမှာ ထိုစကားကိုကြားရလျှင် အသက်မရှုနိုင်ဘဲ မျက်လုံးပြူး၍သွားလေ၏။

‘သူရူးသွားတာ သိပ်မကြာသေးဘူး၊ ရူးမယ်ဆိုလဲရူးစရာပဲ၊ ရှင်တွေးကြည့်စမ်း၊ အိမ်အပြန် သားရော၊ မယားရော ထမင်းစားပွဲမှာ အဆိပ်မိပြီး သေနေတာတွေ့ရရင် ရှင်ဘယ်လိုဖြစ်သွားမလဲ၊ အဲ . . သူလဲ ဒီလိုဖြစ်သွားတာပဲ၊ ဒါနဲ့ သူ့ကိုစိတ်ငြိမ်ပါစေလို့ ဘုရားတရားအားထုတ်ခိုင်းပြီး စိပ်ပုတီးပေးထားတာ၊ ဒါပေမယ့်လဲ တစ်ခါတစ်ခါ သူ့အရူးဟာ ကြမ်းချင်ရင် သိပ်ကြမ်းတာပဲ၊ အခု တပေါင်းလဆုတ်မဟုတ်လား၊ အဲ . . အခုလိုအချိန်ဆိုရင် ကြမ်းတတ်တယ်၊ ဒါကြောင့် ဒီလိုဖြစ်နေတာ’

‘ဒါဖြင့် ခုနက သူ့ကိုယ်သူ သတ်သေရအောင်ကြံတာပေါ့’

‘ဟုတ်တယ်’

‘သူမသေတော့၊ ဘယ့်နှယ်လုပ်ဦးမှာလဲ’

‘သူများလိုက်သတ်မှာပေါ့’

‘ဟိုက်’ ဟု ဘသိန်း၏ပါးစပ်မှ အသံထွက်သွားပြီး မိမိအားရန်ငြိုးထားကာ လာ၍များ သတ်နေဦးမလား’ ဟု စိုးရိမ်ပြီးနောက် ‘ဒီလိုဆိုရင်တစ်ခုခုလုပ်မှ ဖြစ်တော့မပေါ့’ ဟု ဆိုလေ၏။

‘ဘယ်နှယ့်လုပ်ပြီးဖြစ်ပါ့မလဲ၊ ရူးတယ်ဆိုတာကို လူမသိအောင်လုပ်ထားတာ၊ မေမေနဲ့ မောင်နှစ်မ နှစ်ဝမ်းတည်း ကွဲတယ်၊ ဒါပေမယ့် ဘာမှ မတော်ဘူးလို့ ပြောထားတယ်၊ သူ့မောင်ထိရင် အင်မတန်စိတ်ဆိုးတယ်၊ အခုနေ ရှင်သူ့ကိုသွားပြီးပြောလို့၊ သူထွက်ပြေးရင် မေမေတစ်ခါတည်း ဒေါပွမှာပဲ’

‘ဒါဖြင့် သူ့ကို အရိပ်အကဲကြည့်ပြီးရှောင်ရမှာပဲ’

‘ဟုတ်တယ်၊ ဒီနည်းပဲရှိတာပဲ’ ဟု ပြောပြောဆိုဆို လှရီသည် အိမ်ပေါ်ထပ်သို့တက်သွားရာ ‘သမီးရေ’ ဟု ခေါ်သံကြားလိုက်ရသဖြင့် ‘မေမေ’ ဟု ပြန်၍ထူးကာ ဒေါ်မြမေရှိရာသို့ လျှောက်သွားလေ၏။

‘ဘာဖြစ်နေကြတာလဲ၊ စောစောက ဆရာကြီးတစ်ကိုယ်လုံး ရေတွေရွှဲလို့ အိမ်ထဲဝင်ပြေးတာ မြင်လိုက်ရတယ်’

‘နောက်ဘေးမြောင်းထဲမှာ သတ်နေကြတယ်မေမေရဲ့’

‘သတ်နေကြတယ်၊ ဟုတ်လား’

'ဟုတ်တယ် မေမေရဲ့၊ ဆရာကြီးက ကိုဘသိန်းရန်ကိုကြောက်လို့ ထွက်ပြေးပြီး ရေထဲကိုခုန်ချတာ၊ ကိုဘသိန်းက ရေထဲဆင်းလိုက်ပြီး ဆရာကြီး လည်မျိုကိုညှစ်ပြီးတော့ ရေထဲအတင်းနှစ်တယ် မေမေရဲ့၊ သူတို့စောစောက ရန်စရှိလို့လား မသိဘူး'

'ဟုတ်နိုင်ပါ့မလား သမီးရယ်၊ ဒီအသက်၊ ဒီအရွယ်ကြီးတွေရှိမှပဲ'

'ဟုတ်လို့သာ ကျွန်မမြင်တာပေါ့ မေမေရဲ့' ဟု ဆိုကာ လှရီသည် ၎င်း၏မိခင်ထံမှ ထွက်ခွာသွားပြီး ဆရာဖေရှိရာ အခန်းသို့ တမင် သွားရောက်ကာ တံခါးခေါက်၍ခေါ်လေ၏။

ဆရာဖေသည် အိပ်တော့မယ်ဟု ပိတ်ဖြူလုံချည်၊ စွပ်ကျယ်အင်္ကျီ၊ ဝတ်ထားကာ တံခါးဖွင့်၍ ထွက်လာလေ၏။

'ဆရာကြီး ကုသိုလ်သိပ်ကောင်းတာပဲ၊ ဘုရားသိကြားမလို့ အသက်ချမ်းသာရာရတာပဲ'

ဆရာဖေသည် လှရီ၏ကရုဏာသံဖြင့် ပြောသည့်စကားကိုနားထောင်ကာ လှရီအားခင်မင်ကြင်နာသော အမူအရာများကိုပြလေ၏။

'ဆရာကြီးကို ရေထဲအတင်းဆွဲနှစ်တုန်းက ကျွန်မသာ မရှိရင်'

'ဘာပြောတယ်၊ ကျုပ်ကို သူရေထဲဆွဲနှစ်တာလား၊ ဟုတ်လား' ဟု မျက်လုံးပြူးမျက်ဆန်ပြူးလျက် မေးလေ၏။

'ဟင် . . သူ့အကြောင်း ဆရာကြီးမသိသေးဘူးလား၊ ဘယ်သူမှ သတိမပေးထားဘူးလား' ဟု မေးသည်တွင် ဆရာဖေခေါင်းခါ၍ပြသောကြောင့်

'ကိုဘသိန်းတို့ တစ်မျိုးလုံးဟာ အရူးမျိုးတွေ ဆရာကြီးရဲ့' ဟု ပြောပြလေ၏။

ဆရာဖေသည် အတန်ကြာတွေဝေနေပြီး 'ဒီအရူးဟာ ကြမ်းသလား' ဟု မေးလေ၏။ 'တစ်ခါတစ်ခါ သိပ်ကြမ်းတယ်တဲ့၊ လူသတ်ချင်စိတ်တွေ ပေါ်ပေါ်ပြီး လာတတ်တယ်တဲ့'

'ဒါပေမယ့် ဆရာကြီးကတော့ သူ့ကိုဘာမှမလုပ်ဖူးလို့၊ သူဆရာကြီးကို သတ်ချင်ဖြတ်ချင်မယ် မထင်ပါဘူး၊ မပြောနိုင်ဘူးဆရာရဲ့၊ ဆရာကြီး သူ့ရှေ့မှာ သမ်းဖူးသလား'

'အင်း'

'ဒါဖြင့် ပြီးပါလေရော ပြီးပါလေရော၊ ညအိပ်ရင် ဆရာကြီး အခန်းတံခါးကို အလုံပိတ်ပြီးအိပ်ပေတော့'

'ဒီလိုဆိုရင် ဒီအရူးကို ဘာပြုလို့လွှတ်ထားကြတာလဲ'

'အခုထက်ထိတော့ ဘာမှမလုပ်သေးလို့ ကြည့်နေရတာပေါ့၊ တကယ်လို့ ဒီညဆရာကြီးကိုသတ်ရင် နက်ဖြန် အရူးထောင်ပို့မှာပါ'

'ကျောင်းအစ်မကြီး မသိသေးဘူးလား၊ ဒီအကြောင်းတွေ'

လှရီသည် မိမိပါးစပ်တွင် လက်ညှိုးဖြင့်ပိတ်လျက် 'အို ဒီစကားတွေ မေမေ့ကိုတစ်ခွန်းမှ ပြောမပြနဲ့နော်၊ မေမေက လူသိမှာ သိပ်စိုးတာ၊ ဆရာကြီးသာ ဂုဏ်တော်တစ်ထောင်ပုတီးစိပ်ပြီး ဘုရားတရားအောက်မေ့ပြီး အိပ်ပေတော့' ဟု ပြော၍ ထွက်လာလေ၏။

မကြာမီ လှရီသည် ဘသိန်း၏အခန်းသို့ရောက်သွားပြီး တံခါးခေါက်၍ခေါ်ကာ 'ကိုဘသိန်း ဆရာကြီးအခန်းထဲမှာ သင်တုန်းဓားတစ်ချောင်းရှိတယ်၊ အဲ . . ဒါကို ရအောင်ယူပေတော့၊ သူဟာ ဓားကိုမြင်လျှင် သတ်ဖို့ဖြတ်ဖို့ သတိရပြီး ဒီညအခန်းပြင်ထွက်ပြီး လိုက်သတ်နေမယ်' ဟု ပြောပြကာ မိမိ၏အခန်းသို့ အိပ်ဖို့ပြန်သွားလေ၏။

ဘသိန်းမှာ သင်တုန်းဓားဟူသော စကားကိုကြားလျှင် မိမိ၏လည်ပင်းကိုစမ်း၍ကြည့်မိလေ၏။ ထိုသို့စမ်းကြည့်ရင်း မိမိ၏လက်ချောင်းများ လည်ပင်းကိုထိသည်နှင့် တစ်ပြိုင်နက် တစ်ကျောလုံးစိမ့်၍သွားကာ မိမိလက်ချောင်းများကို ဓားသွားအမှတ်ဖြင့် ယောင်ယမ်း၍အော်လိုက်မည်ကဲ့သို့ ပြုမိပြီးမှ ပြန်၍သတိရလေ၏။

ဘသိန်းသည် ဓားကိုသတိရနေသဖြင့် ထိုင်၍မရ၊ ထ၍မရ၊ အိပ်၍လည်းစိတ်မချဘဲရှိရာက ဆရာဖေ၏ဓားကို ရအောင်ယူမှပဲဟု စိတ်ကို ပိုင်းဖြတ်လိုက်ပြီး ဆရာဖေ၏အခန်းသို့ သွားရောက်ကာ တံခါးခေါက်လိုက်လေ၏။

'ဘယ်သူလဲ' ဟု အခန်းထဲမှ ဆရာဖေ၏အသံထွက်လာလေ၏။

ဘသိန်းမှာ ဆရာဖေ မအိပ်သေးဟုသိရ၍ စိတ်သက်သာသွားကာ 'ကျွန်တော်ဝင်ခဲ့ရမလား' ဟု မေးလိုက်လေ၏။

'ဘယ်သူလဲ'

'ကျွန်တော်ပါ ဘသိန်းလေ'

'ဘာလုပ်မလို့လဲ'

'ဓားလိုချင်လို့ပါ၊ ဓား . . သင်တုန်းဓား . .'

'ဘာ'

'ဓားလေ . . သင်တုန်းဓား' ဟု ဘသိန်းက ဖြေလိုက်သည်တွင် နောက်ထပ်ဘာသံမျှမကြားရတော့ဘဲ အခန်းထဲ၌တိတ်၍နေလေ၏။ ဘသိန်းသည် ထပ်၍ခေါက်လေ၏။ အခန်းထဲ၌ အနည်းငယ်မျှ လှုပ်ရှားသံကြားရလေ၏။ နောက်ထပ်ခေါက်လိုက်ပြန်လေ၏။ အခန်းထဲ၌ ခပ်ညံ့ညံ့ကြားလိုက်ရပြီးနောက် အခန်းတံခါးကို စားပွဲကုလားထိုင်များနှင့် အတွင်းဘက်မှနေ၍ ကာရံပိတ်ဆို့ထားသည်ကို သိရလေ၏။

ထိုအခါ ဘသိန်းသည် စိတ်လျှော့လိုက်ပြီးနောက် မည်သို့လုပ်ရပါမည်နည်းဟု အကြံထုတ်ရာက ဆရာဖေ၏ အခန်းအပြင်ဘက် ဝရန်တာနှင့် ကပ်လျက်ရှိသည့် ပြတင်းပေါက်မှနေ၍ ဆရာဖေအိပ်ပျော်စဉ် ဝင်ရောက်၍ ယူရန်အကြံရပြီး မိမိလက်ပတ်နာရီကို ကြည့်လိုက်ရာ ဆယ့်တစ်နာရီကျော်ကျော်မျှသာ ရှိသေးသည်ကို တွေ့ရသဖြင့် ညဥ့်နှစ်ချက်ထိုးလောက်မှ ဝင်ရောက်ရန် စိတ်ကူးလျက် မိမိအခန်းသို့ ပြန်လာခဲ့လေ၏။

ဘသိန်း၏ခြေသံများပျောက်ကွယ်သွားပြီကိုသိမှ အခန်းတွင်းရှိ ဆရာဖေမှာ စိတ်သက်သာရာရသွားလေ၏။ သို့သော်လည်း လှရီပြောသည့် စကားများနှင့် ဘသိန်းဓားလာ၍တောင်းခြင်းကို ဆက်စပ်ပြီးတွေးလိုက်မိသည့်အခါ ကြက်သီးမွေးညင်းထသွားပြီး စိပ်ပုတီးကိုကောက်ကိုင်ကာ အိပ်ရာထဲတွင်လှဲရင်း ဖုဋ္ဌသကောကခမ္မေဟိ၊ စိတ္တံယသာ၊ နကမ္မတိ၊ ဟု အထပ်ထပ်ရွတ်ဆိုကာ ရဲဆေးတင်လေ၏။ သို့ရာတွင် ဖုဋ္ဌသ အခါတစ်ရာပြည့်သည်တိုင်အောင် ကြောက်စိတ်မကုန်သေးဘဲ နည်းနည်းမှ မအိပ်ချင်သေးဘဲရှိလေ၏။

ဖုဋ္ဌသ တစ်ရာ့ငါးဆယ်ခန့်ရှိလာသောအခါ အနည်းငယ်မျက်လုံးများဖန်၍လာလေ၏။ ဖုဋ္ဌသ နှစ်ရာတစ်ဆယ့်ခုနှစ်ကြိမ်မြောက်ပြီးနောက် နှစ်ရာတစ်ဆယ့်ရှစ်ကြိမ်ဘက် အကူးတွင် ဖုဋ္ဌသ လောကခမ္မေရောက်ရုံနှင့်ပင် အိပ်ပျော်လေတော့၏။

မကြာမီ အောက်ထပ်ဧည့်ခန်းရှိ တိုင်ကပ်နာရီကြီးမှ နှစ်ချက်တီးခေါက်သံပေါ်လာလေ၏။ ထိုအသံပေါ်လာသည်နှင့် တစ်ပြိုင်နက် ဘသိန်းသည် ချွတ်ခနဲနင်းကာ ထွက်ပေါ်လာကာ ဆရာဖေအိပ်သော အခန်းအပြင်ဘက်ရှိ ဝရန်တာမှနေ၍ ပြတင်းပေါက်ကိုကျော်၍ဝင်ရန် ကြိုးစားတက်လေ၏။

ဘသိန်းမှာ အသံမကြားရအောင် ပြတင်းပေါက်ပေါင်ပေါ်သို့ လှမ်းတက်ရောက်ရှိသွားပြီးနောက် အခန်းတွင်းသို့ အသံမကြားရအောင် ဆင်းဖို့ အကြံထုတ်ရပြန်လေ၏။ ထိုသို့ဆင်းရာတွင် ခုန်၍ချလိုက်က အသံမြည်၍သွားမည်ဖြစ်သည့်အတွက် လျှော၍ဆင်းမှပဲဟု နှလုံးပြုကာ တဖြည်းဖြည်းလျှော၍ဆင်းရင်း တစ်စုံတစ်ရာကို ခြေဖျားထောက်မိသည့်အခါမှ ကြမ်းပေါ်တွင်ခြေတင်မိပြီဟု စိတ်ချကာ တစ်ကိုယ်လုံးဖိ၍နင်းလိုက်ရာ မိမိ ခြေဖျားအောက်တွင် ရှိသည့်အရာမှာ ကြမ်းပြင်မဟုတ်ဘဲ ထွေးခံဖြစ်သည့်အတွက် ခြေချော်၍ကျသွားပြီး ထွေးခံနှင့်သူ တစ်ပတ်စီလိမ့်၍သွားလေ၏။

ဆရာဖေသည် အခန်းထဲမှဆူညံသံကြားရ၍ ဓာတ်မီးခလုတ်ကိုဖွင့်လိုက်ရာ ကြမ်းပေါ်တွင် အလျားလိုက်မှောက်လဲနေရာက ရှေ့လက်နှစ်ချောင်းထောက်၍ထကာ ဓာတ်ထဲက ကျားလုပ်သူ၏သဏ္ဌာန်ကဲ့သို့နေသော ဘသိန်းနှင့်မျက်နှာချင်းဆိုင်ကြည့်နေမိပြီး ဆရာဖေမှာ ကလေးကိုအရုပ်ပြ၍ အခြောက်ခံရသကဲ့သို့ ခုတင်ခေါင်းရင်းတိုင်ဘက်သို့ ဖင်ရွှေ့သွားကာ ကြောက်ဆုတ်ဆုတ် လုပ်နေလေ၏။

ဘသိန်းသည် အလျားမှောက် လက်ထောက်နေရာက မထသေးဘဲ ဆရာဖေအား တောင်းပန်သည့်ဟန်ဖြင့်ကြည့်ကာ ‘ဆရာဟို . . အင်း’ ဟု ပြောရင်း စကားမထွက်ဘဲရှိလေ၏။

ဆရာဖေကလည်း တစ်စုံတစ်ရာ ပြန်၍ပြောလိုက်သော်လည်း ကြောက်ရွံ့ခြင်းဖြင့် အသံကပ်၍နေသောကြောင့် လည်ချောင်းထဲတွင် ငါးရိုးစူးနေသည့်ကြောင်အော်သံကဲ့သို့ မြည်လေ၏။

‘ကျွန် . . ကျွန်တော် . . ဟို . . ဟိုဒင်းလိုချင်လို့’ ဟု ပြောရာက ဘသိန်းသည် အဝတ်ထည့်သော မှန်တင်ခုံပေါ်ရှိ သင်တုန်းဓားကိုမြင်ကာ ‘ဟော . . ဟိုမှာ’ ဟု အသံထွက်လေ၏။ ဆရာဖေလည်း ဘသိန်းကြည့်ရာဘက်သို့ လိုက်ကြည့်ရာ သင်တုန်းဓားကိုတွေ့ရ၍ မျက်စိမျက်နှာပျက်သွားပြီး နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ သင်တုန်းဓားကိုကြည့်လိုက်နှင့်ရှိကြကာ မည်သူ့မျှမျက်နှာတွင် သွေးမရှိတော့ဘဲ ဖြစ်နေကြလေ၏။

ထို့နောက် နှစ်ယောက်စလုံး သင်တုန်းဓားကိုဦးအောင်လုကြမည်အလုပ်တွင် အထွက်ချင်းတူနေသဖြင့် နှစ်ယောက်စလုံးပြန်၍ဆုတ်သွားကာ အပြေးပြိုင်ရန်တာစူ၍နေကြပြန်လေ၏။ ထိုသို့တာစူနေကြရာက ဘသိန်းသည် ငယ်ရွယ်သူဖြစ်သဖြင့် ပို၍လျင်မြန်ဖျတ်လတ်သည့်အလျောက် ဆရာဖေသတိအလစ်တွင် အတင်းပြေး၍ ဓားကို ဆွဲလိုက်လေရာ ဘသိန်း၏လက်ထဲသို့ ဓားရောက်သွားသည်ကိုတွေ့ရသည်နှင့် တစ်ပြိုင်နက် ဆရာဖေသည် ခုတင်အောက်သို့ အတင်းပြေး၍ဝင်လေ၏။

ဘသိန်းမှာလည်း ဓားရသည်နှင့်တစ်ပြိုင်နက် ဆရာဖေ ခုတင်အောက်ကထွက်၍ တစ်စုံတစ်ရာလုပ်မည်လောဟု တွေးတောကြောက်ရွံ့ကာ အခန်းထဲက မည်သို့မည်ပုံ မိမိထွက်လာခဲ့ရသည်ကိုပင် မမှတ်မိနိုင်အောင် ပြတင်းပေါက်ဆီသို့ အတင်းပြေး၍ ခုန်ဆင်းထွက်ခဲ့ရလေ၏။ ဘသိန်းထွက်သွားသည့်အခါမှ ဆရာဖေမှာ ခုတင်အောက်က ထွက်လာရဲပြီးလျှင် ပြတင်းပေါက်ကိုအလုံပိတ်ကာ အိပ်ရာပေါ်တွင်လှဲပြီး

'ဖုဋ္ဌသ လောကဓမ္မေဟိ' ဖြင့် မိမိကိုယ်ကို မိမိပြန်၍ သိပ်ရလေ၏။

ထိုညက အဖြစ်အပျက်ကို လုရီမှာ ဘာမှမသိသေးဘဲ နောက်နေ့နံနက်တွင် ထမင်းစားခန်း၌ လက်ဖက်ရည်သောက်ရန်ပြင်ဆင်ရင်း သတင်းစာဖတ်နေရာက ပထဦးဆုံးဝင်လာသူ ဆရာဖေကိုတွေ့လိုက်ရ၍ ၎င်းမျက်နှာမှာ မကြည်သာသည်ကိုမြင်ရမှ ညက တစ်စုံတစ်ရာဖြစ်ပြီကို ရိပ်မိပြီး မရယ်မိအောင် စိတ်ကို မနည်းနှိမ်နင်းထားရလေ၏။

'ဆရာကြီး ညက ကောင်းကောင်းအိပ်ရရဲ့လား'

'မအိပ်ရဘူး တူမရဲ့၊ အသည်းတထိတ်ထိတ်နဲ့နေရတာပဲ' ဟု အစချီပြီး ဖြစ်ပျက်ပုံကိုပြောပြလေရာ လုရီမှာ မနည်းဣန္ဒြေဆည်ကာ ဟန်လုပ်၍ နေလိုက်ရလေ၏။

'အခုပုံဆိုရင် ဆရာကြီးကို သူမလိုဘူးထင်တယ်'

'ဟုတ်တယ် တူမရဲ့'

'ဒီလိုဆိုရင် ဆရာကြီး မြန်မြန်ထွက်ပြေးမှပဲ အသက်ချမ်းသာလိမ့်မယ်၊ ဘယ်သူမှမပြောဘဲ ထွက်ပြေးမှဖြစ်မယ်၊ သူသိသွားရင် လိုက်ပြီးရန်ရှာမှာ စိုးရတယ်၊ ဒါပေမယ့် မေမေ့ကိုစာတစ်စောင် ရေးထားခဲ့မှဖြစ်မယ်'

'အင်း . . ဟုတ်တယ်'

'နို့ပေတဲ့ စာထဲမှာ သူရူးနေတဲ့အကြောင်း ထည့်မရေးနဲ့တော့၊ မေမေလဲ အသိသားပဲ၊ ဆရာကြီးကို ရေထဲနှစ်သတ်မယ်ကြံတာ၊ အခန်းထဲ ဝင်ပြီး ပြူးတူးပြဲတဲ လုပ်ပြတာ ရေးပြရင် မေမေသိတယ်'

'အေး . . ကောင်းသားပဲ' ဟု ဆရာဖေကပြောစဉ် လုရီက မိမိပါးစပ်ကို လက်ညှိုးနှင့်ပိတ်ကာ 'တိုး . . တိုး . . တိုး' ဟု ပြောသဖြင့် ဆရာကြီးသည် ငြိမ်၍သွားပြီးလှည့်ကြည့်လိုက်ရာ ဘသိန်းကိုမြင်ရသဖြင့် မျက်လုံးပြာ၍သွားလေ၏။

ဆရာဖေ၏ ပြူးသွားသောမျက်လုံးသည် ဘသိန်း၏စိတ်ထဲ၌မိမိအား ဒေါသဖြင့် မျက်လုံးပြူးပြသည်ဟု ထင်မှတ်ကာ လန့်ဖျတ်ပြီး ပြန်၍လှည့်သွားမည့်အပြု လုရီက 'လာလေ ကိုဘသိန်း' ဟု ခေါ်လိုက်သည့်အတွက် လက်ဖက်ရည်စားပွဲတွင် ဝင်၍ထိုင်လေ၏။

ဘသိန်းနှင့် ဆရာဖေတို့သည် တစ်ယောက်ကိုတစ်ယောက်မကြည့်ဘဲ ပဲပြုတ်နှင့်နံပြားကို စားနေကြရာက လုရီသည် သတင်းစာကိုဖတ်ရာ အသံကျယ်လောင်စွာဖြင့် ယမန်နေ့ည ဆယ့်တစ်နာရီအချိန်တွင် ကြည့်မြင်တိုင် ထီးတန်းစက်မြေအတွင်း၌နေထိုင်သူ အသက်လေးဆယ့်နှစ်နှစ်ရှိ ကိုထွန်းရွှေဆိုသူအား လည်ပင်းတွင် သင်တုန်းဓားနှင့် လှီးဖြတ်ထား၍ သွေးအိုင်ထဲတွင်လဲနေသည်ကို ၎င်း၏မိန်းမကတွေ့ရှိရသဖြင့် 'လာကြပါဦးတော့ . . လာကြပါဦး' ဟု ဟစ်အော်ရာ

ဖတ်ပြလိုက်ရာ ဘသိန်းနှင့်ဆရာဖေတို့မှာ လက်လှမ်း၍နှိုက်နေသော ပဲပြုတ်နှင့်နံပြားများလွတ်ကျကြကာ တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူး၍ကြည့်နေကြလေ၏။ ထိုသို့ကြည့်နေရာက တစ်ယောက်ကိုတစ်ယောက် ကြောက်ရွံ့သောအမူအရာကိုပြကြကာ ထိုင်နေသောကုလားထိုင်များကို နောက်သို့ဆုတ်ကြလေ၏။

ဘသိန်းသည် ညကမိမိယူထားသော ဓားကိုသတိရ၍ ရှိမရှိ အိတ်ထဲမှ ထုတ်ကြည့်လေ၏။ ဘသိန်း ဓားထုတ်သည်ကိုမြင်လျှင် ဆရာဖေသည် ကြောက်လန့်ပြီး ဆွဲမိဆွဲရာ အနီးရှိ နံပြားညှပ်သောကတ်ကြေးကို

လှမ်း၍ဆွဲလိုက်လေ၏။ ဆရာဖေ လက်နက်ဆွဲသည်ကို တွေ့ရလျှင် ဘသိန်းသည်ယမန်နေ့ညက လှရီမှ မိမိအား ဆရာဖေက ဓားကိုမြင်လျှင် သတ်ချင်ဖြတ်ချင်စိတ်ပေါက်သည်ဟုဆိုခြင်းကို သတိရကာ ထိုင်ရာမှ ဆတ်ခနဲ ထလေ၏။

ဘသိန်းထသည်နှင့်တစ်ပြိုင်နက် ဆရာဖေလည်း လန့်ဖျတ်၍ထကာ ဘသိန်းကိုရှောင်ရန် စားပွဲတစ်ဘက်သို့ ရွေ့သွားလေ၏။ ဆရာဖေ ရွေ့ခြင်းကို ဘသိန်း၏စိတ်ထဲ၌ နောက်သို့လှည့်၍ လိုက်ခြင်းဖြစ်သည်ဟု ထင်မှတ်စေသောကြောင့် ဘသိန်းကလည်း ရှေ့သို့ ခပ်မြန်မြန်တိုးလိုက်ရာ ဆရာဖေလည်း မိမိ၏နောက်သို့လိုက်သည်ဟု အယူရှိပြီး စားပွဲကိုလှည့်ပတ်၍ပြေးသဖြင့် ဘသိန်းလည်း လှည့်ပတ်၍ပြေးနေရလေ၏။

ဘသိန်းသည် မိမိကိုင်ထားသော သင်တုန်းဓားမှာ အကယ်၍ ဆရာဖေရန်မူက ခုခံထိုးခုတ်ရန် လွယ်ကူသောလက်နက်မဟုတ်ဟု ယူဆကာ စားပွဲကိုလှည့်ပြေးရင်း စားပွဲပေါ်ရှိ ငရုတ်ကောင်းပုလင်းကို လက်နက်အဖြစ်အသုံးပြုရန် ပြေး၍အဆွဲတွင် ဆရာဖေလည်း စွတ်မိစွတ်ရာ ထွက်ပြေးလေ၏။ ဘသိန်းမှာလည်း ဆရာဖေလစ်ပြီဟု အောက်မေ့ကာ နောက်ထပ်ပြန်လာလျှင် မတွေ့နိုင်ရန် အခြားတစ်ဘက်မှ ထွက်၍ပြေးလေတော့၏။

လှရီမှာ ကြည့်ကောင်းကောင်းနှင့် ကြည့်နေပြီး နှစ်ယောက်သားထွက်ပြေး၍သွားကြမှ အားရပါးရရယ်နေစဉ် အိမ်ပေါ်မှဆင်းလာသော ဒေါ်မြမေ၏ ခြေသံကိုကြားရသဖြင့် ဟန်လုပ်နေရလေ၏။

'သမီး . . ဆရာကြီး ဆင်းလာပြီလား'

'ဟုတ်ကဲ့'

'လက်ဖက်ရည်ကော သောက်ပြီးပလား'

'မပြောတတ်ဘူး'

'ညည်းမမြင်ဘူးလား'

'လက်ဖက်ရည်သောက်တာတော့ မမြင်ဘူး၊ ပြတင်းပေါက်က ခုန်ဆင်းပြီး ထွက်ပြေးတာတော့ မြင်လိုက်ရတယ်'

'ဘာပြောတယ်'

'ကိုဘသိန်းက ဓားနဲ့လိုက်လို့ လွတ်ရာအပေါက်က ပြေးရတာပဲ'

'မောင်ဘသိန်းကော'

'သူလဲ ပြတင်းပေါက်က ခုန်ပြီးလိုက်သွားတယ်'

'ညည်းဘာတွေပြောနေတာလဲ'

'ကိုဘသိန်း စိတ်နောက်နေပြီး မေမေရဲ့၊ မနေ့ကလဲ ဆရာကြီးကို ရေထဲဆွဲနှစ်တယ်၊ ညကလဲ အခန်းထဲဝင်ပြီး အရူးလိုလုပ်ပြသတဲ့၊ နံနက်က ဆရာကြီးပြောလို့ သိရတာပဲ၊ အခုနံနက်ကတော့ ဆရာကြီး လက်ဖက်ရည်သောက်လို့ လည်ချောင်းထဲမှ မကျသေးဘူး၊ တစ်ခါတည်း အရူးလိုအော်ပြီး အတင်းလိုက်တာ မြင်လိုက်ရတာပဲ'

ဒေါ်မြမေသည် စိတ်မောလူမောဖြစ်ဟန်ဖြင့် ကုလားထိုင်တစ်လုံးတွင် ပစ်၍ထိုင်လိုက်ပြီး

'ရှိရှိသမျှလူတွေ အားလုံးရူးနေကြရော့လား'

'ကိုဘသိန်းတော့ ရူးတာ အမှန်ပဲနဲ့တူတယ်၊ တက္ကသိုလ်မှာ ပညာတွေ သိပ်ကြိုးစား၊ နိုင်ငံရေးလိုက်တဲ့သူတွေ ဦးနောက်ပျက်တတ်တာပဲ၊ သတင်းစာထဲတောင် တလောတုန်းက အမေရိကန်ပြည်မှာ သိပ်ထူးချွန်တဲ့ကျောင်းသား တစ်ယောက်၊ သူ့ကို တစ်ကျောင်းလုံးက အထင်ကြီးနေတုန်း သူ့အဒေါ် ခြေသလုံးကို ကုန်းကိုက်သတဲ့'

'ဆရာကြီးကော'

'တစ်ခါတည်းပြေးပြီ မေမေရဲ့'

'ဟင် . . ဟုတ်ကဲ့လား'

'သူ ကျွန်မကိုပြောသွားတယ်၊ ကိုဘသိန်းဒဏ် မခံနိုင်ဘူးတဲ့' ဟု ပြောလိုက်မှ ဒေါ်မြမေလည်း သက်ပြင်းကြီး ချကာ အကြံအိုက်သည့် အမူအရာကို ပြလေ၏။

'မေမေ . . ကျွန်မ ပြောစရာတစ်ခုရှိတယ်၊ ညတုန်းက ကျွန်မကို ကိုဘသိန်းက ချစ်ဖို့၊ ကြိုက်ဖို့ပြောတော မေမေရဲ့၊ ကျွန်မလဲ အင်းမလှုပ်၊ အဲမလှုပ်နေတုန်း ဆရာကြီးကို သူမြင်တာနဲ့ စကားပြတ်သွားပြီး ရေထဲဆွဲနှစ်တယ်၊ ဒီလိုလူမျိုးကိုတော့ ကျွန်မ မယူပါရစေနဲ့ မေမေရယ်'

ဒေါ်မြမေသည် ဒေါသထွက်သောအမူအရာဖြင့် 'အို . . ဒါမျိုးနဲ့တော့ တစ်သက်လုံး မပေးစားဘူး၊ စိတ်ချ' ဟု ပြောလိုက်ရာတွင် လှရီမှာ ရွှင်ပြုံး၍ သွားလေ၏။

'နောက်ပြီး မေမေ တရားအားထုတ်ချင်တယ်ဆို'

'အေး . . အဲဒါ ဘာလုပ်မလို့လဲ'

'မေမေ ကျွန်မကိုနေရာချမယ်မဟုတ်လား'

'နေရာချချင်လို့ ဘသိန်းနဲ့ စီမံတာပေါ့'

'အခုတော့ သူနဲ့နေရာမကျတော့ဘဲဟာ၊ ကျွန်မမေတ္တာရှိတာနဲ့ သဘောတူပါတော့ မေမေရယ်'

ခါတိုင်း၌ ဒေါ်မြမေသည် ထိုစကားကို ငြင်းပယ်ခဲ့မိလေ၏။ သို့ရာတွင် ယခုအခါ ဆရာဖေကို မျက်စိထဲတွင် ပြေး၍မြင်ပြီး လှရီ၏စကားကို မဖြေသေးဘဲ 'ဆရာကြီး ဘယ်သွားမယ်ပြောသလဲ' ဟု မေးလိုက်လေ၏။

'အရင်တုန်းကတော့ ဒီကပြန်ရင် စစ်ကိုင်းချောင်သွားမယ်လို့ ပြောတာပဲ'

'ဒီလိုဆိုရင် မေမေလဲ ဆရာကြီးနောက်လိုက်ပြီး တရားအားထုတ်မယ်လို့ စိတ်ကူးတာပဲ၊ သမီးကိုလဲ နေရာချထားခဲ့ချင်တယ်၊ ဒီတော့ ညည်းတို့အချစ်ကိုလဲ မခွဲတော့ပါဘူး၊ ငါစိတ်ချရရင် အေးတာပဲ' ဟု ပြောလိုက်သည်တွင် လှရီမှာ ဝမ်းသာလုံးဆို့သွားကာ

'မေမေ . . လက်ဖက်ရည်သောက်လိုက်ဦးလေ၊ အေးကုန်မယ်၊ ပေါင်မုန့်ထောပတ် သုတ်လိုက်ရဦးမလား' ဟု ပျာပျာသလဲ အရေးစိုက်၍ နေလေတော့၏။ ။

ဒဂုန်မဂ္ဂဇင်း၊ ဧပြီ၊ ၁၉၃၈။

# ဟဲ့ကြောင် ညောင် . . ညောင်

'ပညတ်သွားရာ . . ဓာတ်သက်ပါ' ဟူသော စကားရှိသည့်အတိုင်းသာမှန်ရမည်ဆိုလျှင် မောင်သုခ နာမည်ရှိသူသည် မည်သည့်အခါမျှ ဆင်းရဲခြင်းနှင့်တွေ့ရမည်မဟုတ်ဘဲ မောင်သူတော်ဆိုသူသည် မကောင်းမှုဒုစရိုက်တို့မှ ကင်းဝေးရန်သာ ရှိပေ၏။ သို့ရာတွင် မောင်သုခနာမည်နှင့် ရေထမ်းရောင်းကာ ညနက်ဝအောင် မနည်းရှာဖွေစားသောက်ရလျက် မောင်သူတော်နာမည်နှင့် တံငါလုပ်စားနေသည်ကိုထောက်သော် ပညတ်သွားရာ နာမည်နှင့်ကျိန်းကျေနေကြသည်ဟု ဆိုဖွယ်ရာရှိပေ၏။

ကံထူးသည်ကား ထိုသို့နာမည်နှင့်ကျိန်းကျေနေကြသူတို့တွင် အပါအဝင်တစ်ယောက်ဖြစ်ပေ၏။ ကံထူးလူပျိုဖြစ်လာကတည်းကစ၍ ယခု အသက်နှစ်ဆယ့်ခြောက်နှစ်ရှိသည့်တိုင်အောင် လိုက်လံပိုးပန်းသည့်မိန်းကလေးများကို လက်ချိုးရေတွက်လျှင် လက်ဆယ်ချောင်းသာလျှင်ကုန်ပေမည်။ မိန်းကလေးများမှာ မကုန်သေးပေ။ ကံထူးပိုးလိုက်လျှင် လင်ရသွားတတ်ကြရကား ယောကျ်ားမရနိုင်သော အပျိုကြီးများမှာ ကံထူးအပိုးခံရလျှင် မကြာမီစွံတော့မည့်အတိတ်ပင် ဖြစ်ပေ၏။ ကံထူးသာလျှင် ကျန်ရစ်ဖြစ်ရလေ၏။

ကံထူး၏အကြောင်းမျိုးစုံကို ပေါ်ဦး တစ်ယောက်တည်းသာကောင်းစွာသိသူ ဖြစ်ပေ၏။ ပေါ်ဦး၊ အုန်းသီး၊ ပေစိနှင့် ကံထူးတို့သည် နံနက်တိုင်း 'ဒို့ခေတ်တက်လူ' စာကြည့်ခန်းတွင် တွေ့စမြဲဖြစ်ပေ၏။ ကံထူးမှလွဲ၍ အခြားသုံးယောက်အမည်များမှာ မိမွေးတိုင်းဖမွေးတိုင်း အမည်များမဟုတ်ကြဘဲ ထိုစာကြည့်ခန်းသို့ ရောက်လာလေ့ရှိသော လူမျိုးစုံတို့က ပြောင်လှောင်မှည့်ခေါ်သော နာမည်များပင်ဖြစ်ပေ၏။ သို့ရာတွင် ထိုနာမည်များမှာ ဓာတ်သက်ပါ၍ ပညတ်ထားသောနာမည်များပင် ဖြစ်ပေတော့၏။ ပေါ်ဦးကား အပြောအဟောကောင်းသူတစ်ယောက်ဖြစ်၍ ထိုနာမည်ခံယူရရှိခြင်းပင်ဖြစ်၏။ အုန်းသီးမှာ ကာယဗလဘက်က လေ့ကျင့်အားထုတ်သူတစ်ယောက်ဖြစ်၍ သန်စွမ်းမာကျောသူတစ်ယောက် ဖြစ်ပေ၏။ ပေစိမှာလူညှက်လူပူကလေး ဖြစ်ပေတော့၏။ ထိုသူလေးယောက်တို့မှာ ထိုစာဖတ်သင်းတွင် ထင်ရှားသူများပေတည်။

တစ်နေ့တွင် ထိုစာဖတ်ခန်းထဲသို့ ကြောင်ပေါက်စကလေးတစ်ကောင် ဝင်လာပြီးလျှင် ကောက်ညှင်းပေါင်းစားမိ၍ အသံကပ်နေသော ညောင်နာနာအသံဖြင့် လူမမာအမဲခြောက်တောင်းသလို အော်မြည်ကာ ပေါ်ဦး၊ အုန်းသီးနှင့် ပေစိတို့၏ ခြေထောက်များကို ၎င်း၏ကိုယ်ကလေးနှင့် ပွတ်သပ်ကာ ချစ်ခင်ဖွယ်ရာ အမူအရာကို ပြုလေ၏။

ရည်းစား လင်နောက်လိုက်ပြေးသူ၏ပူပန်ပုံဟန်မျိုးဖြင့် လက်နှစ်ဖက်ကြားခေါင်းညှပ်၍ မှိုင်တွေချနေသော ကံထူးသည် တညောင်ညောင်မြည်သံကြား၍ ခေါင်းထောင်ကြည့်လိုက်ရာ ပေါ်ဦးတို့မျက်နှာကို တမော့မော့ကြည့်လျက် ပါးစပ်ကလေး ဖြဲကာဖြဲကာ အစာတောင်းနေသော ကြောင်ကလေးကို မြင်ရလေ၏။

ထိုသို့ မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကံထူး၏မျက်နှာထားမှာ ခက်ထန်သော အမူအရာကိုပြောင်းသွားပြီး အနီးရှိ စာအုပ်တစ်အုပ်ကို ဆွဲ၍ ကြောင်ကလေးကို ပေါက်လိုက်ပြီးလျှင် ထိုင်ရာမှထလေ၏။

ကြောင်ကလေးမှာ စာအုပ်၏စက်ကွင်းမှ လွတ်ကင်းသော်လည်း လန့်ပြီးပြေးလေ၏။ ပေါ်ဦး၊ အုန်းသီး နှင့် ပေစိတို့မှာ အံ့အားသင့်သွားကြကာ တွေဝေစိတ်ရှုပ်သော အမူအရာဖြင့် ကြည့်နေမိကြလေ၏။

'တယ် . . အစတုန်းက ဒီအခန်းဟာ တက်လူတွေ ငြိမ်ငြိမ်ဆိမ်ဆိမ် အေးအေးဆေးဆေးစာကြည့်ဖို့လား မှတ်ပါတယ်၊ တိရစ္ဆာန်ရုံဖြစ်မှန်းမသိ ဖြစ်နေပြီ၊ ဒီအသင်းကထွက်မယ်' ဟု ပြောပြီး ကံထူးသည် မီးသတ်အသင်း ခြေလှမ်းဖြင့် ဘောက်ဆတ်ဘောက်ဆတ် နင်း၍ထွက်သွားရာ သာ၍ပင် အံ့ဩရင်းဖြင့် ကြည့်၍ကျန်ရစ်ကြလေ၏။

ပေစိမှာ ဗလသေးသူဖြစ်၍ သွေးကြောင်၍လန့်ဖြန့်ကာ ပု၍နေလေ၏။ အုန်းသီးမူကား ထောင်၍ထပြီးလျှင် 'ဘာဖြစ်တာလဲ' ဟု ဆိုကာ ထိုအသင်းတိုက်ထဲတွင် မည်သည့်အခါကမျှ ထိုသို့ ဟောဟောဒိုင်းဒိုင်း ပြုလုပ်မှုမျိုး မဖြစ်ခဲ့ဖူးသောကြောင့် 'ဘယ်သူနဲ့ ရန်စရိုကြလို့လဲ' ဟု မေးလေ၏။

ပေါ်ဦးသည် ဘာမဆိုသူအရင် သိနှင့်ပြီးသူဖြစ်သည်အတိုင်း ထိုအမေးကို ခေါင်းခါ၍ပစ်လိုက်ပြီးလျှင် 'ဘယ်သူနဲ့မှ ရန်စရိုလို့ မဟုတ်ပါဘူး၊ ဒီကြောင်ကလေးနဲ့လဲ ဘယ်တုန်းကမှ ဖက်ပြီး မသတ်ခဲ့ပါဘူး၊ နို့ပေတဲ့ ဟိုအရင်တစ်ခါ 'သန်းတစ်ထောင်အိမ်' ကိုအလည်သွားတုန်းကတည်းက စပြီး သူနဲ့ကြောင်နဲ့ ကမ္ဘာ့ရန်သူကြီး ဖြစ်ကြပြီး ကြောင်ဆိုရင် အလိုလိုနေရင်း မျက်မုန်းကျိုးနေတာ အသံကြားရုံနဲ့ သတ်ချင်စိတ်ပေါ်နေတာပဲ' ဟု ပြောပြလေ၏။

'အိမ်အမည်က သန်း . . ဘာဖြစ်တယ်' ဟု အုန်းသီးက မေးလေ၏။

'တစ်ထောင်'

'ဘာတစ်ထောင်လဲ'

'သန်းတစ်ထောင် . . တဲ့၊ ဒီရန်ကုန်ကအိမ် မဟုတ်ပါဘူး၊ ပြည်မြို့က မအေးမြင့်တို့ နေတဲ့အိမ်'

'ဘာလုပ်တဲ့ မအေးမြင့်လဲ'

'ကောလိပ်ကထွက်ပြီး ထုံးစံအတိုင်း အလုပ်မရှိတဲ့ မအေးမြင့်ပဲ၊ သူ့ရာဇဝင်ကို ပြောရဦးမယ်ဆိုရင် ငယ်ငယ်တုန်းက ဝက်မ လို့ခေါ်တယ်၊ ကြီးတော့မှ ကာလရွေ့လျောပြီး ဝက်က . . အေးဖြစ်ပြီး မ က . . မြင့် ဖြစ်လာတယ်၊ သူ့အဖေက ဒုတိယစက်ရှင် တရားသူကြီးအဖြစ်နဲ့ အနယ်နယ်ကို လှည့်ပြီး စက်ရှင်မင်းကြီးမဖြစ်ခင် ပင်စင်ပေးလိုက်တာနဲ့ ပြည်မြို့မှာသွားပြီး နေတယ်'

'ကောင်မလေးက တော်တော်လှသလား'

'ကျွန်တော်တော့ မမြင်ဘူးလို့ မသိဘူး၊ ကံထူးကတော့ဖြင့် သိပ်ချောတာပဲတဲ့၊ ကိုယ်ထင်ရင် ခုတင်ခြေလေးချောင်း ဆိုတာမျိုးပဲ ထင်ပါရဲ့၊ ကံထူးကတော့ဖြင့် ကောင်မလေးကို သိပ်ပြီးကြိုက်တာပဲ'

'တန်တော့ ကံထူးကြိုက်ရင် နောက်ဆုံးခွာပြဲကြတာပဲ မဟုတ်လား'

'ဟား . . ဟား . . အစစ်ပေါ့၊ နောက်ဆုံးဘိတ်ကျတော့ ဒီဘူတာကို ဆိုက်တာချည်းပဲ'

ထိုအခါမှစောစောကငြိမ်ပြီးတွေနေသောပေစိက 'ကံထူးကြိုက်ပြီးမှ လွဲသွားကြတဲ့ကောင်မလေးတွေ၊ တစ်ယောက်စီ ရဲတပ်စီသလို စီလိုက်ရင် ဆူးလေဘုရားကနေပြီး ဘီအေအေဘောလုံးကွင်းအထိ ရှည်မှာပဲ' ဟု ဝင်၍ပြောလေ၏။

'ဒီလိုဆိုရင် နေရှင်နယ်ဒေးလှည့်ဖို့ သိပ်ကောင်းမှာပဲ' ဟု အုန်းသီးက ဆိုလေ၏။

ပေစိက စကားကိုပြန်ဆက်လို၍ 'ဘာပြုလို့ အဲဒီအိမ်ကို သန်းတစ်ထောင်လို့ ခေါ်တာလဲ' ဟု မေးလေ၏။

'ဒီစကားကို မေးလို့ရှိမှပြောလိုက်ရဦးမယ်၊ ဒီလိုဗျ၊ မအေးမြင့်တို့ တစ်ဆွေတစ်မျိုးလုံးဟာ တိရစ္ဆာန်ဘဝနဲ့ နီးလို့လားမသိဘူး၊ ခွေးတွေ၊ ကြောင်တွေ လက်သပ်မွေးထားလိုက်တာ တစ်အိမ်လုံး တိရစ္ဆာန်ရုံကျနေတာပဲ၊ ခွေးသန်း၊ ကြောင်သန်းတွေဆိုတာပြည့်လို့ပဲ၊ သူတို့မို့နေနိုင်တယ်၊ ဧည့်သည်ဆိုရင်သန်းကိုက်တာနဲ့ ကြာကြာ မနေနိုင်ဘူးတဲ့၊ ဒါကြောင့် သန်းတစ်ထောင်လို့ ခေါ်ထားကြတာ၊ နာမည်အမှန်ပဲလား မပြောတတ်ဘူး၊ ကံထူးပြော တဲ့အတိုင်း ပြောပြရတာပဲ၊ အိမ်ခန်းတစ်ဝိုက် မျက်စိတစ်ဆုံးကြည့်လိုက်ရင် ဟိုနေရာမှာလဲ ခွေးနဲ့၊ ဒီနေရာမှာလဲ ကြောင်နဲ့၊ ခွေးကလဲ သူ့ကိုယ်သူကုတ်လို့၊ ကြောင်ကလဲ ဗီရိုရော၊ ကုလားထိုင်ခေါင်းအုံးရော တွေ့ကရာကုတ်လို့၊ လူတွေကလဲ သန်းကိုက်ခံရတာနဲ့ ကုတ်လို့၊ တစ်အိမ်လုံး ကုတ်နေကြတာပဲ၊ ပြောပဲမပြောချင်ပါဘူး'

'မပြောချင်ပေမယ့် ပြောစမ်းပါဦးဗျာ၊ ဒီအိမ်ကို ဘယ်လိုကိစ္စနဲ့ ရောက်သွားတာလဲ'

'မအေးမြင့်နဲ့ သူနဲ့ဟာ ကောလိပ်ကျောင်းမှာ အတူတူနေခဲ့ကြဖူးတယ်၊ ငနဲက ရုပ်ချော၊ မြာကျတဲ့ ရုပ်မျိုး၊ ကျောင်းမှာနေတုန်းကတည်းက မိန်းကလေးတွေနဲ့ တော်တော့်ကို အရောတဝင်ရှိတယ်၊ ဒီလို မအေးမြင့်နဲ့ သူနဲ့ ကျောင်းမှာခင်ခင်မင်မင်ရှိခဲ့ကြတဲ့အတိုင်း နောက်တစ်ယောက်နဲ့တစ်ယောက်ကွဲသွားကြတဲ့အခါ မအေးမြင့်တို့ ပြည်မှာနေကြတော့ ပြည်ကိုအလည်လာဖို့ ခေါ်တာနဲ့ သူလဲဖိုးကျိုင်းတုတ်ကျသွားပြီး သန်းတစ်ထောင်အိမ်ကို ရောက်သွားတာပေါ့၊ ဒီအိမ်ကိုသွားတုန်းက ကံထူးက မအေးမြင့်ဖို့ဆိုပြီး အိမ်ထောင်ဦး မှတ်သားဖွယ်ရာဆိုတဲ့ စာအုပ်ကိုတောင် လက်ဆောင်ယူသွားသေးတယ်၊ အောင်မယ်လေးဟ . . ကံထူးလေး . . ထူးလဲထူးပါပေရဲ့၊ ဒါနဲ့ဆက်ပြီး ပြောရဦးမယ်၊ အဲဒီသန်းတစ်ထောင်ဆိုတဲ့အိမ်ဟာ မြို့နဲ့လဲ တယ်ပြီးမနီးဘူး၊ တောင်ခြေရင်းမှာ ရှိတယ်၊ မြို့ထဲကို ကားနဲ့သွားရတယ်'

ပြည်မီးရထားဘူတာရုံကို (ပေါ်ဦးက ဆက်လက်ပြောပြသည်ကား) မအေးမြင့်ကိုယ်တိုင် နှစ်ယောက်စီး မော်တော် ကားဖြင့် လာရောက်ကြိုဆိုလေ၏။ ထိုသို့ကားနှင့် ဘူတာရုံမှ သန်းတစ်ထောင်အိမ်သို့လာကြရင်း လမ်းတွင် ထွေလီကာလီစကားများပြောလာကြပြီးနောက် မအေးမြင့်က 'မြင့်တို့ ဖေဖေကတော်တော်ခက်တယ်၊ မြင့်ကိုလာပြီး စပ်ကြတဲ့လူတွေနဲ့ တစ်ခါမှအပြောမတည့်သေးဘူး၊ လာပြီးစပ်ကြတဲ့လူတွေကလဲခွချည်းပဲ၊ ကိုထူးသာ ဖေဖေနဲ့ မျက်နှာကြောတည့်အောင် လုပ်ပေတော့' ဟု ဆိုလေ၏။

'မျက်နှာကြောတည့်ဖို့တော့ စိတ်ချပါ'

'နို့ပေတဲ့ ဖေဖေက လူငယ်ဆိုရင် တယ်ပြီးသဘောမကျလှဘူး'

'ကိုထူးတော့ သဘောကျမှာပဲ၊ ကိုထူး အခုလူငယ်မဟုတ်တော့ဘူး၊ တက်လူဖြစ်နေပြီ၊ လူငယ်များအသင်းက ထွက်လိုက်ပြီ'

'နေပါဦး၊ ဖေဖေက ဘာကြောင့် ကိုထူးကိုတော့ သဘောကျလိမ့်မယ်လို့ ထင်တာလဲ'

'ကိုထူးက ချောတာကိုး'

'ကိုထူးလေ . .'

'ဟုတ်တယ်' ဟု ပြောလိုက်သဖြင့် မအေးမြင့်တွင် သဘောကျသွားကာ ကံထူး၏ခါးကို လက်နှင့်ထိုးလိုက်ရာ ကံထူးက မအေးမြင့်၏ခါးကိုပြန်၍ ထိုးလိုက်သဖြင့် နှစ်ဦးသားကျေနပ်ရွှင်ပြုံးစွာ ရယ်မောမိကြပြီးမှ ဖြုန်းခနဲ မျက်လုံးပြူးသွားကြကာ ရေမြောင်းထဲသို့ ထိုးဆင်းလုဆဲဆဲဖြစ်နေသောကားကို မနည်းဆွဲလှည့်၍ လမ်းဖြောင့်ပေး လိုက်ကြလေ၏။ ထို့နောက်မှ ရယ်မောခြင်းကို ပြန်၍ဆက်ကြပြန်လေ၏။

ကံထူးသည် မအေးမြင့်ပြောသည့်စကားအတိုင်း သူ၏ဖခင် သဘောကျအောင်ပြုမူဖို့ရန် သန္နိဋ္ဌာန်ချမှတ်ရင်း 'သန်းတစ်ထောင်' သို့ လိုက်ပါခဲ့လေ၏။

ကံထူးရောက်ရှိလာသည့်အချိန်၌ မအေးမြင့်၏ဖခင် ဦးဘိုးဖြော့အပြင်သို့ ထွက်နေခိုက်ဖြစ်၍ သူနှင့်မတွေ့ရဘဲ ဦးဘိုးဖြော့၏ဇနီး မင်းကတော်ကြီးနှင့်ကြီးကြီး၊ ဒေါ်ဒေါ် ဆွေမျိုးတော်သူ၊ ကပ်ရပ်စားသောက်ကာ ဟိတ်ဟန်ထုတ်နေကြသည့် မိန်းမသားတစ်စုတို့ကို တွေ့ရလေ၏။ မအေးမြင့်က ကံထူး၏ အကျိုးအကြောင်းကိုပြောပြသဖြင့် တစ်ဦးနှင့်တစ်ဦး သိရှိကြပြီးနောက် ကံထူးနေထိုင်ရန်အခန်းသို့ ကံထူး၌ပါလာသော ပစ္စည်းများကို ပို့စေလေ၏။

ကံထူးမီးရထားဆိုက်သောအချိန်မှာ အတော်ပင်နှောင့်နှေးနေသောကြောင့် ညစာစားသောက်ကြရန် အချိန်နီးကပ်နေသဖြင့် စကားစမြည်ပြောနေဖို့ အချိန်များစွာ မရှိတော့သည်ဖြစ်၍ ကံထူး ရေချိုးရန်ထွက်သွားလေ၏။

ရေချိုးပြီး ဝတ်ဆင်ရန်အဝတ်အစားများကို အသင့်ထုတ်ပြီးထားခဲ့လေရာ ကံထူးရေချိုးပြီး၍ သူ၏အခန်းထဲသို့ ဝင်လာသောအခါ ရှပ်အင်္ကျီပေါ်သို့ အမွေးဖွားဖွားနှင့်ကြောင်ထွားကြီးတစ်ကောင် တက်၍နေသည်ကိုတွေ့ရလေ၏။

ကံထူးသည် ကောလိပ်ကျောင်းသားဘဝကတည်းကစပြီး အဝတ်အစားပေါ်တွင် အတော်ပင်အရေးယူသူ တစ်ယောက်ဖြစ်ရကား အသင့်ဝတ်ရန်ခေါက်ထားသော ကော်ချောအပြောင်တိုက် ပင်းမင်းပြန်ရှပ်အင်္ကျီ ရင်ဘတ်ပေါ်တွင် ကြောင်တက်၍နေသည်ကိုတွေ့ရသဖြင့် ဒေါသမွန်သောစိတ်ဖြင့် ကြက်သေသေ၍နေပြီးမှ 'ဟဲ့ . . ကြောင်' ဟု မောင်းလိုက်လေ၏။ သို့ရာတွင် ထိုကြောင်သည် ကံထူး၏ဟစ်အော်ခြင်းကို သီချင်းဆိုပြသည်ဟု ထင်၍လားမသိ၊ 'ညောင် . . ညောင်' ဟု အော်လိုက်ကာ အင်္ကျီပေါ်တွင် ဇေဒင်တွက်နေသောကြောင့် ပိုမို၍ဒေါပွပြီးလျှင်မြန်စွာပြေးလာကာ ကြောင်၏ကုပ်ကို အရေပြားမှဆွဲဆုပ်၍ကိုင်မလိုက်ရာ ကြောင်သည် မည်သို့မျှမအော်မြည်၊ မရုန်းကန်ဘဲ အင်္ကျီကိုလက်သည်းနှင့် ကုတ်ထားသဖြင့် အင်္ကျီပါအပေါ်သို့ ပါလာလေ၏။ ထိုအခါမှ ကံထူးသည် ကြောင်၏ခြေလက်တို့ကို ရိုက်ပုတ်ကာ အင်္ကျီကိုလွတ်စေပြီးလျှင် သင်္ဘောကုန်တင်ကုန်ချ မောင်းတက်ဖြင့်ဆွဲသလို ကြောင်ကိုအသာဆွဲလာပြီး အနီးရှိပြတင်းပေါက်မှ အပြင်သို့ပစ်ချလိုက်လေ၏။

ကြောင်မှာ လေထဲတွင် ကျွမ်းသုံးလေးပတ်ပစ်ကျသွားရာ အိမ်ဘေးတွင်ထောင့်တစ်ထောင့်မှ ထွက်ပေါ်၍ လျှောက်လာသော ခံ့ခံ့ညားညားရှိသည့် လူကြီးတစ်ယောက်၏ကုပ်ပေါ်သို့ တည့်တည့်ချည်း ကျရောက်လေ၏။

ကြောင်သည် ထိုလူကြီးအား ကုတ်ဖဲ့ကာ ကျီစားလိုက်လေရော့သလားမသိ။ 'ဟ . . ဟ . . နင့်အမေကလွှား . . ' ဟု လန့်ဖျတ်ရေရွတ်သောအသံသည် အိမ်ပေါ်သို့ပျံတက်ပြီး ကံထူး၏နားထဲသို့တစ်လုံးချင်း ဝင်ရောက်လာလေ၏။

ကံထူးသည် ဘာများဖြစ်ပါလိမ့်ဟုအောက်မေ့ကာ ပြတင်းပေါက်မှ ခေါင်းပြူ၍ကြည့်လိုက်သည်တွင် မအေးမြင့်၏ဖခင် ဦးဘိုးဖြော့အပေါ်သို့ ကြောင်ကျသွားသည်ကို တွေ့ရလေ၏။

ထိုအခိုက်တွင် အခန်းချင်းကပ်နေသော ပြတင်းပေါက်တစ်ခုမှ ခေါင်းတစ်လုံးပြူထွက်လာကာ 'ဘာဖြစ်တာလဲ၊ ကိုဘိုးဖြော့' ဟု မေးသံကို ကြားရလေ၏။

'ကြောင်မိုးရွာလို့'

'ဘာ . . ဘယ်က မိုးရွာရမှာလဲ၊ ကြယ်တွေထွက်နေတာပဲ' ဟု ဆိုပြီး ထိုခေါင်းပြူတစ်ကလေးသည် ပြန်၍ဝင်သွားလေ၏။

ကံထူးသည် အဘိုးကြီးကျေနပ်သွားအောင် တောင်းပန်မှပဲဟု ယူဆကာ 'ဒီမှာ' ဟု ခေါ်လိုက်လေ၏။ ဦးဘိုးဖြေ့သည် အရပ်ကိုးမျက်နှာကို လှည့်ပတ်၍ကြည့်ပြီး 'ဘယ်မှာလဲဟ' ဟု မေး၍ ကံထူးက 'ဒီမှာ' ဟု ထပ်မံဆိုလိုက်မှ ကံထူး၏မျက်နှာနှင့် ဆုံမိလေ၏။

'ကျွန်တော် မတော်လို့ထိသွားတာပါ၊ စိတ်မရှိပါနဲ့ခင်ဗျာ'

'မင်းလား . . ဘယ်ဟုတ်ရမှာလဲ၊ ငါ့ဆော်တာ ကြောင်ကွ'

'ဟုတ်ပါတယ်၊ အဲဒီကြောင်ကို ကျွန်တော်ပစ်ချတာပါ'

'ဟေ . . မင်းလားကွ၊ ငါ့ကြောင်ကိုပစ်ချတာ'

'ဒီလိုပါ၊ အကြောင်းကတော့ . .'

'ချီး . . ငါ့ကြောင်ကို မင်းက . .'

'စိတ်မရှိပါနဲ့ခင်ဗျာ၊ တောင်းပန်ပါတယ်'

'သွား . . ဒီစကားတွေမလိုချင်ဘူး' ဟု ထပ်၍အော်လိုက်သဖြင့် ကံထူးမှာ အသာခေါင်းလျှိုပြီး အခန်းထဲသို့ပြန်ဝင်သွားသဖြင့် ထိုကိစ္စမှာ တစ်ခန်းရပ်ပြီး ထမင်းစားရန် အဝတ်လဲလေ၏။

မကြာမီ ထမင်းစားပွဲသို့ ရောက်ရှိသွားသောအခါ ကံထူးသည် ဦးဘိုးဖြေ့နှင့် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိနေလေ၏။ ဦးဘိုးဖြေ့က ကံထူး၏ မျက်နှာကို တကဲကဲအရိပ်ကြည့်နေလေ၏။ ထိုသို့ကြည့်နေသဖြင့် ကံထူးမှာ စေ့စေ့မကြည့်ရဲဘဲ ဘေးသို့လွှဲ၍ကြည့်ပြန်ရာ မျက်နှာပေါက် ဆိုးလှသော အဒေါ်၊ ကြီးကြီးနှင့် မင်းကတော်တို့ကို တွေ့နေရသဖြင့် အနေရကျပ်နေလေ၏။ သို့ရာတွင် မအေးမြင့်နှင့် စားပွဲအောက်တွင် ဒူးချင်းတေ့နေရသည်ကို အကြီးအကျယ် ကျေနပ်မိလေ၏။

မင်းကတော်ကြီးသည် ဧည့်သည်အပေါ်တွက် ဖော်ရွေသည့်အမူအရာဖြင့် ကံထူးဘက်သို့လှည့်၍ 'ဘယ့်နှယ်လဲ၊ ဒီအရပ်ကလေးဟာ မသာယာပေဖူးလား' ဟု မေးလေ၏။

ထိုသို့မေးလိုက်သည်ကို ကံထူးသည် မိမိအားမင်းကတော်ကြီးက အရေးယူသည်ဟု ဝမ်းမြောက်ကာ စကားဖောဖောသီသီပြောလိုက်မည်ဟု ရည်ရွယ်ချက်ဖြင့် 'မှန်ပါတယ် . . အင်မတန်မှပဲ သာသာယာယာရှိပါပေတယ်၊ သစ်ပင်၊ ပန်းပင်ကလေးတွေကလဲ တောင်စောင်းမှာပေါက်နေလိုက်ကြတာ အင်မတန်မှ စက္ခုပသာဒဃနဝိဉာဏ်မှာ ကြည်လင်စရာကြီးပါပဲ၊ တောင်ပေါ်တက်ပြီးကြည့်လိုက်မယ် ဆို အင်မတန်မှ လှပတဲ့ ငှက်ကလေးတွေ တွေ့ရမှာပါပဲ၊ ဒီနေရာဟာ တောလည်သေနတ်ပစ်ဖို့ သိပ်ကောင်းတာပဲ၊ ဒီငှက်ကလေးတွေ လည်ပြီးပစ်ရရင် တစ်နေ့ကို ဆယ်ကောင်ထက်မနည်းရမှာပဲ' ပြောလိုက်ရာ ကံထူးစကားစစဉ်က စကားကြီး စကားကျယ် ပါဠိပါဠ္ဌဲသားနှင့်ကြားရ၍ မင်းကတော်ကြီး၏စိတ်ထဲတွင် ချီးမွမ်းတော့မည်ပြုနေရာက ငှက်ပစ်ဖို့ ကောင်းသည်ဟု ပြောလိုက်သည်ကို ကြားရခြင်းဖြင့် တိရစ္ဆာန်ကလေး၊ ငှက်ကလေးများကို နှစ်သက်တတ်သူ မင်းကတော်ကြီးမှာ မျက်လုံးပြူး၍ သွားလေ၏။

'ဘယ့်နှယ်ပြောလိုက်ပါလိမ့် မောင်ရယ်၊ ငှက်ကလေး၊ ကြက်ကလေးတွေ သတ်ဖို့ကောင်းတယ်ဆိုတာတော့ ဒေါ်ဒေါ် မနှစ်သက်နိုင်ပေဘူး၊ ဒီဟာမျိုးက အနောက်နိုင်ငံက ထွင်လိုက်တဲ့ အပျော်ထွက်နည်း တစ်မျိုးပါပဲ၊ ဗုဒ္ဓဘာသာတရားတော်နဲ့ဆိုတော့ သူရာမေရိယ ဟုတ်ပေါင် . . ပါဏာတိပါတကံ ထိုက်မနေဘူးလား၊ ဒီလို

သွေးသံထွက်စေမှုကို အကြောင်းပြုပြီး ပျော်မှုရွှင်မှုရှာမယ်ဆိုတာမျိုးတော့ ဒေါ်ဒေါ် အင်မတန်စက်ဆုပ်တယ်၊ ဒီလို စိတ်ထားမျိုးရှိတဲ့လူကိုလဲ ဒေါ်ဒေါ်အမုန်းဆုံးပဲ' ဟု ပြောလိုက်သဖြင့် ကံထူးမှာ ပါးစပ်မဟနိုင်ဘဲ ရှိသွားလေ၏။

ထိုအခိုက်တွင် ဦးဘိုးဖြေ့သည် ထမင်းစားပွဲမှ ထသွားပြီးလျှင် အခန်းတံခါးဝသို့သွား၍ ရပ်ကာ 'ဟဲ့ . . သမီး၊ အမြင့်' ဟု ခေါ်လိုက်ရာ မအေးမြင့်သည် 'ရက်(စ်)၊ ပါပါ' ဟု ထူးရင်း အနားသို့ကပ်သွားလေ၏။

'ဟို . . ခွေးဝဲစား မျက်ခွက်နဲ့ အပေါက်ခပ်ဆိုးဆိုးဟာ ဘယ်သူလဲ'

'တိုးတိုးပြောပါ ဖေဖေရဲ့'

'ဘာတိုးတိုးလဲ . . သူဘယ်သူတုန်း'

'ကိုကံထူး'

'ဘာ ဂန်ဒူးလဲ'

'ကံထူး'

'ပီပီပြောစမ်းပါ၊ ငါနားလေးတယ်များ ထင်နေသလား၊ ကံဒူးလာ၊ ဂန်ထူးလား၊ ကံထူးလား . . ဂန်ဒူးလား၊ သူ့ ဘယ်သူခေါ်လာတုန်း'

'မြင့်က အလည်လာဖို့ခေါ်တာ၊ မြင့်တို့ကောလိပ်တုန်းက အင်မတန်ချစ်ကြတာ'

ဒီရုပ်မျိုးလား ချစ်စရာကောင်းတာ၊ မျက်ခွက်ကိုက အယူခံမရတဲ့ တရားခံမျက်ခွက်မျိုး'

'တိုးတိုးပြောပါ ဖေဖေရဲ့'

'လာပြန်ပလား တိုးတိုး၊ ဒီကောင် စိတ်မှ ကောင်းရဲ့လား၊ လူပေါ် ကြောင်ပစ်ချလို ချ . .'

'အို . . ဖေဖေကလဲ'

'ဘာ . . ဖေဖေနေပြန်တုန်း၊ လူပေါ်ကြောင်ပစ်ချတာ အကောင်းလား၊ အကန်းလား၊ လှည်းနင်းခံရတဲ့ ဖားပြုတ်လို၊ ဒီတစ်ခါပဲ ဒီမျက်နှာမျိုး မြင်ဖူးပါရဲ့၊ ဘယ်လောက်ကြာကြာနေမှာတုန်း'

'တနင်္လာနေ့အထိ နေမယ်'

'ဖွတ်တက်မှာပဲ၊ တနင်္လာနေ့ ဆိုတော့ ဒီကနေ့မှ သောကြာရှိသေးတယ်၊ သံဃာစင်ပါ မှောက်တာပဲ'

ကံထူးမှာ ချောက်ကျ၍နေလေတော့၏။ ဦးဘိုးဖြေ့နှင့် အပေါက်အလမ်းတည့်တော့မည် မဟုတ်သည်ကိုသိ၍ မင်းကတော်ကြီးနှင့်အလွမ်းသင့်အောင် ပြောရမှာကလည်း ငှက်ပစ်ဖို့ကောင်းသည်ဆိုသော စကားကို အစပြုမိသဖြင့် စကတည်းက အနှောင့်အသွားမလွတ်သောကြောင့် မင်းကတော်ကြီးကလည်း ရေငုံနှုတ်ပိတ်၍နေသဖြင့် ကံထူးမှာ ထမင်းစားပြီးသောအခါတွင် လူကြီးတွေနှင့် စကားပြောစရာမရှိဘဲ ဖြစ်နေလေ၏။

ဦးဘိုးဖြော့အားမိမိအပေါ်တွင် အထင်အမြင်လွဲသည်ကိုပြေပျောက်ရန် စကားပြောမည်ကြံပါသော်လည်း ပြောဖို့ရန် အချက်ကိုမရဘဲ မိမိအနားတွင် တဝဲဝဲရစ်ကာ 'ဘာဆိုင်လို့ကြောင်ကို ပစ်ချရတာလဲ' ဟူ၍လည်းကောင်း၊ 'ဘယ်လို လူစားမျိုးလဲ မသိပါဘူး' ဟူ၍လည်းကောင်း မကြားတကြားရေရွတ်၍နေသဖြင့် သာ၍အကျပ်တွေ့နေပြီးနောက် ဦးဘိုးဖြော့ အိမ်ပေါ်သို့တက်သွားပြီး 'အစိန္တေယျ . . အပ္ပမေယျ . . ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ . . အဟွတ် . . အဟွတ် . .' နှင့် ဘုရားရှိခိုးရင်း ချောင်းဆိုးနေသံများကို ကြားရသဖြင့် စကားပြောဖို့ရန် လမ်းဆုံးနေပြီကို တွေးမိပြီး မနက်ဖြန်အိပ်ရာထစိတ်လက်ကြည်သာတော့မှ ပြောတော့မည်ဟု နှလုံးပြု လိုက်လေ၏။

ထိုအခိုက်တွင် 'ညောင် ဝေါင်း ဝေါင်း . .' ဟူသော အသံဝါကြီးကို ကြားရသဖြင့် ခြေရင်းကိုငုံ့ကြည့်လိုက်ရာ ယခင် မိမိပင်ချလိုက်သော အမွေးစုတ်ဖွားနှင့်ကြောင်ကြီးကို တွေ့ရလေ၏။ သို့တွေ့ရခြင်းအားဖြင့် ဤကြောင် ကြောင့် ဘောက်ကျကုန်ကြရသည်ဟု ရန်ငြိုးဖွဲ့ကာ စားပွဲပေါ်က ငှက်ပျောခွံကို လှမ်း၍ယူလိုက်ပြီးလျှင် ကြီးကြီး၊ ဒေါ်ဒေါ်၊ မင်းကတော်တို့အလစ်တွင် ကြောင်ကိုအစာကျွေးသလိုလုပ်ပြီး ပါးစပ်ထဲသို့ ငှက်ပျောခွံဆို့ကာ 'အော်ဦး ဟ' ဟု ကျိတ်ပြီး ကြိမ်းဝါးလေ၏။

ကြောင်သည်လည်း ခွီးကနဲမြည်ကာ အိမ်ပေါ်သို့ထွက်ပြေးလေ၏။ ထိုအခိုက်တွင် ဦးဘိုးဖြော့ပေါက်လာပြီး 'မင်းလား ကြောင်ကို ကန်လိုက်တာ' ဟု မျက်နှာထားတင်းတင်းနှင့်မေးလေ၏။

ကံထူးမှာ ဘယ်လိုလူကြီးမျိုး တွေ့ရတာပါလိမ့်ဟု တွေ၍နေပြီးမှ 'မကန်ရပါခင်ဗျာ . .' ဟု ဆိုလေ၏။

'မကန်ရင်သာ မကန်ရမယ်၊ ကြောင် ထွက်ပြေးလာလိုက်တာ တစ်နာရီမိုင်လေးဆယ်လောက် မြန်တာကပဲ'

'ကျွန်တော် သူ့ကို ငှက်ပျောသီးကျွေးတာပါ'

'နောက်ထပ် လုပ်ကြည့်စမ်း၊ မင်းဘာဖြစ်မလဲလို့'

'စိတ်ရှိတော်မမူပါနဲ့ခင်ဗျာ' ဟု ဆိုပြီး ကံထူးလည်း စကားလွှဲဖယ်လို၍ 'ကျွန်တော် ဦးမင်းနဲ့သိရကျွမ်းရတာ အများကြီးဝမ်းသာပါတယ်၊ မအေးမြင့်ကလဲ . . ' ဟု စကားမဆုံးမီ 'ငါတော့ ဒီလိုသိရတာ ဝမ်းမသာဘူးဟေ့' ဟု ဆိုပြီး ထွက်သွားသဖြင့် ကံထူးမှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်လေ၏။

ကံထူးသည် 'ငါတော့ဖြင့် မဖြစ်ချေဘူး၊ ငါမှန်းတဲ့ယောက္ခမအထီးကြီးနဲ့မတည့်ရင် အမကြီးနဲ့တော့တည့်အောင် စကားရောဖောရော လုပ်ဦးမှပဲဟု နှလုံးပိုက်ကာ ခွေးနမ်းမတတ် မျက်နှာချိုသွေးကာ မိန်းမကြီးတွေစုထိုင်ရာသို့ ထသွားရာ ကြောင်ကိုကျွေးလိုက်သော ငှက်ပျောခွံကိုနင်းမိ၍ လျှောခနဲ အောင်မောင်းခြေထိုး အကဟန်မျိုးနှင့် ချော်၍သွားသဖြင့်လျင်မြန်စွာ နောက်ခြေကိုကန်ပြီး ကိုယ်ကိုဟန်လိုက်ရာ ကြောင်တစ်ကောင်ကိုတက်၍ နင်းမိ သဖြင့် 'ကွိ' ခနဲ မြည်သံ ကြားလိုက်ရလေ၏။ သို့ဖြစ်၍ အဘိုးကြီးပေါက်၍လာဦးမည်လေဟု ရုတ်တရက် လန့်ဖျပ်ကာ နားစွင့်လိုက်ရာ 'အဝေရာ ဟောန္တု . . အဗျာပဇ္ဈာဟောန္တု . .' နှင့် ဘုရားဆက်လက်ရှိခိုးပြီး မေတ္တာပို့နေရာက 'ငါ့ကြောင်တွေတော့ သေပါတော့မယ်' ဟူသော အသံကို ကြားရလေ၏။ သို့ရာတွင် အဘိုးကြီးဆင်း၍ မလာသည်ကိုတွေ့ရ၍ စိတ်အေးသွားလေ၏။

ကြီးကြီး၊ ဒေါ်ဒေါ်၊ မင်းကတော်တို့လည်း မျက်မှောင်ကြုတ်ကာ ကံထူးအား စိုက်၍ကြည့်နေကြရာ ကံထူးလည်း ချိုသထက်ချိုကာ စေး၍နေအောင်မျက်နှာချိုသွေးလျက် ကိုယ်ကိုရှေ့သို့ကိုင်းပြီး အရိုအသေပြုဟန်ဖြင့် တစ်ဦးစီကြည့်ကာ ဦးညွှတ်ပြီးလျှင် 'ယခုလိုတွေ့ရတဲ့အခါ အာလာပ . .သလ္လာပ စကားစမြည်ပြောပါရစေ' ဟု ပြောပြောဆိုဆို အနီးရှိ ဆိုဖာတစ်ခုတွင် ထိုင်လိုက်ရာ 'ခွီး' ခနဲမြည်သံနှင့် ကြောင်တစ်ကောင် ဖင်အောက်က ထွက်ပြေးသည်ကိုတွေ့ရ၍ ဆတ်ခနဲရပ်လိုက်လေ၏။ ကြီးကြီး၊ ဒေါ်ဒေါ်၊ မင်းကတော်တို့လည်း ကံထူးကို

အမှုမစိုက်ဘဲ မျက်နှာလွှဲ၍ မိမိတို့အာရုံစူးစိုက်ရာအလုပ်ကိုလုပ်နေသည်ကို တွေ့ရသောကြောင့် ရောနှော၍ မဖြစ်နိုင်သည်ကို သိရှိရလေတော့၏။

ထိုအခါတွင်မှ တစ်ခုသောဆိုဖာပေါ်တွင် သတင်းစာအရုပ်ကြည့်နေသော မအေးမြင့်ကိုမြင်ရသဖြင့် စိတ်သက်သာသွားပြီး မအေးမြင့်ထံသို့ ကပ်သွားပြီးလျှင် အနီးအနားတွင်ကြောင်ရှိမရှိကို သေချာစွာကြည့်ပြီးမှ မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဝင်၍ထိုင်လေ၏။

ထိုသို့ထိုင်၍မှ အသက်မရှူရသေးမီ ဖုတ်ခနဲ ကုလားထိုင်ကျောမှီထိပ်ပေါ်သို့ တစ်စုံတစ်ရာ ခုန်တက်သောအသံနှင့် 'ညောင် . .' ဟူသော အသံကို ကြားရသဖြင့် ကြက်သီးထ၍သွားကာ ပခုံးထဲသို့ ခေါင်းပု၍ဝင်သွားပြီးလျှင် ခေါင်းနောက်သို့ လက်မြှောက်ပင့်သောဟန်ဖြင့် ကြောင်ကို နောက်ပြန်ပုတ်ချလိုက်ရာ ဝုန်းခနဲ ရှေ့သို့ခုန်ထွက်၍ ဒိုင်ဗင်ပစ်လိုက်သဖြင့် ထိုကြောင်လေထဲတွင်ရှိစဉ် မအေးမြင့်က ဆွဲ၍ ဖမ်းယူလိုက်လေ၏။

ကံထူးက တစ်စုံတစ်ရာပြောမည်ကြံစဉ်ပင် မအေးမြင့်ကထ၍သွားကာ ကြောင်ကိုပွေ့ပိုက်လျက် မိခင်မင်းကတော်ကြီးထံသို့ ကပ်သွားပြီး 'မေမေ ဒီကြောင် ယူထားစမ်းပါ၊ ကိုကံထူးကို အနှောင့်အယှက်ပေးနေတယ်' ဟု ဆိုလေ၏။

'အေးအေး . . မေမေဆီထားမှပဲ ဒီကြောင် အသက်ရှည်လိမ့်မယ်၊ ကံကောင်းလို့'

ကံထူးမှာ ရောက်သည့်အချိန်မှစ၍ ယခုထိ စကားတစ်ခွန်းမှအပေါက်အလမ်းမတည့်သေးသဖြင့် ဒီညအဖို့ မအေးမြင့်နဲ့ပဲ စကားပြောရတော့မှာပဲ ဟု နှလုံးပြုလိုက်သော်လည်း မိမိအနားသို့ မအေးမြင့်ပြန်၍မလာဘဲ အခန်းထောင့်ရှိ ပီယာနိုရှိရာသို့သွားကာ 'ဂန္ဓမာဘွေ' သီချင်းကို တီးနေလေသောကြောင့် စိတ်ရှုပ်ရသည့်အထဲ တောထွက်ချင်စိတ်ပေါ်၍ သွားလေ၏။

သို့ဖြစ်ရကား ယနေ့အဖို့ ပြဿဒါး မလွတ်လေရော့သလားဟု ပြက္ခဒိန်ကို လှမ်းကြည့်လိုက်ရာ ပြက္ခဒိန်ကို မတွေ့ရဘဲ နာရီကိုမြင်ရသဖြင့် ညဉ့်နက်လာပြီကိုသိကာ အိပ်မှအေးတော့မှာပဲဟု နှလုံးပြုပြီး အိမ်ပေါ်သို့ တက်သွားကာ မိမိအိပ်ဖို့ရန် ပြင်ဆင်ထားသည့်အခန်းသို့ ဝင်လေ၏။

အခန်းထဲသို့ရောက်၍ အဝတ်အစားလဲပြီးနောက် မအိပ်မီ အခန်းထဲတွင်ကြောင်များရှိမရှိကို တစ်ခန်းလုံး လေးဖက်ထောက်ပြီး အကြိုအကြားမကျန် လိုက်လံကြည့်လေ၏။ ထိုနောက် ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှမရှိဟု စိတ်ချရသောအခါမှ လေးဖက်သွားရာမှထလိုက်ရာ မိမိအိပ်ရမည့်ခုတင်ပေါ်တွင် အမွေးဖွားဖွားနှင့် ခွေးနက်ကြီး တစ်ကောင် အမြိုင့်သားဝပ်၍နေသည်ကို တွေ့ရလေ၏။ ခွေးသည် ကံထူးကိုမြင်၍ ဆတ်ခနဲရပ်လိုက်ရာ အတော်ထွားကြိုင်းသော ခွေးကြီးဖြစ်နေသည်ကို တွေ့ရ၍ ကံထူးမှာ ခေါင်းနားပန်းကြီး၍ သွားလေ၏။

ခွေးကြီးသည် ကံထူးကိုနှုတ်ဆက်သကဲ့သို့ သွားကိုဖြဲပြလေရာ ကံထူးမှာ ထိုနှုတ်ဆက်ခြင်းမျိုးကို မွေးကတည်းက ကြောက်တုန်ခဲ့လေ၏။ ခွေးကြီးလည်း ယခင်ကမတွေ့ဖူးသူတစ်ယောက်ကို တွေ့ရသဖြင့် မသင်္ကာသော ကြည့်ခြင်းဖြင့် မျက်စိအပြတ်မခံဘဲ စိုက်၍နေလေရာ ကံထူးမှာ ဇာတ်ပွဲထဲ၌ သူခိုးချွတ်နင်းသလို၊ ဟိုကပ်ဒီရှေ့နှင့် အခန်းနံရံကိုကျောပေးပြီး ရွှေ့လျားနေရလေ၏။ ခွေးနက်ကြီးလည်း ပို၍မသင်္ကာဘဲ အိပ်ရာပေါ်မှ ထိုး၍ဆင်းလိုက်ရာ ကံထူးမှာ ကြောက်အားလန့်အားနှင့် မည်သို့လုပ်မိသည်မသိ၊ ဗီရိုပေါ်သို့ရောက်၍သွားလေ၏။ ကံထူးသည် မိမိဘဝတွင် ဤမျှလျင်မြန်စွာအမြင့်သို့ ခုန်တက်နိုင်လိမ့်မည်ဟုမထင်ပေ။ သို့ရာတွင် ဆယ့်လေးနှစ်သားလောက်တုန်းက ဦးလေးတစ်ယောက်၏ စီးကရက်ကိုခိုး၍သောက်သဖြင့် အရိုက်ခံရစဉ်က သစ်ပင်ပေါ်သို့ တက်၍ပြေးသောစံချိန်ကို ချိုးဖို့ရန် တစ်စက္ကန့်၏ ငါးပုံတစ်ပုံလိုနေသည်ကို နောက်မှစဉ်းစားမိလေ၏။

ခွေးနက်ကြီးသည် ဗီရိုကိုပတတ်ရပ်၍တက်ရာ မမီနိုင်သည်ကိုတွေ့ရမှ ပြန်၍လေးဖက်ထောက်ပြီး ငွေတိုက်ရှေ့တွင် စန္ဒလီပုလိပ်စောင့်သလို ဗီရိုရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လုပ်နေသောကြောင့် ကံထူးမှာ ထိုညအဖို့ ဗီရိုပေါ်မှာပင် မိုးလင်းရတော့မည်ဟု ထင်မိလေ၏။

တစ်စုံတစ်ယောက်ကို ခေါ်ရမည်ကလည်း မိမိ၏သူရဲဘောနည်းခြင်းကို ဖော်ပြရာရောက်မည်စိုးသောကြောင့် အခေါ်ရ၊ အပြောရခက်နေလေ၏။ ခွေးသည်လည်း ထိုညအဖို့ အမဲမိပြီဟူသောသဘောမျိုးဖြင့် အနားက မခွာဘဲရှိလေရာ ကံထူးမှာ ကြောက်ကြောက်နှင့်ပင် ဗီရိုပေါ်မှနေ၍ 'ဟဲ့ . . ခွီး၊ ဟဲ့ . . ခွီး' ဟု လေသံနှင့် မောင်းနှင်ပြီး ခြေကိုဆတ်ခနဲယမ်းကာ ပြန်၍ရုပ်သိမ်းလိုက်လေရာ ခွေးကြီးလည်း မိမိအား ပမာမခန့်ပြုသည်ဟု ထင်လေရော့သလားမသိ၊ သုနက္ခမာန်ဟုန်တင်းပြီး မကျယ်မလောင် ဟိန်းလေ၏။

ထိုဟိန်းသံကို ကြားလိုက်လေရော့သလား မသိ၊ ခွေးပုကလေးတစ်ကောင် ဝင်၍လာလေ၏။ ထိုခွေးကလေး ဝင်လာသဖြင့် ခွေးနက်ကြီးလည်း ကံထူးကိုစောင့်နေရာမှ အာရုံပြောင်းကာ ခွေးပုကလေးဘက်သို့ လှည့်၍ ကြည့်နေလေ၏။ ထိုသို့ကြည့်၍ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ခွေးကလေးကို သဟောက်သဟ လုပ်ပြန်လေရာ 'လူပုစိတ်တို၊ ခွေးပုရန်လို' ဟူသော စကားနှင့်မခြား၊ ခွေးကလေးလည်းပြန်၍စွာလေရာ တအောင့်လောက် အတွင်း၌ သုနက္ခသေနင်္ဂဗျူဟာခင်းပြီး တစ်ခန်းလုံး ပွက်လောကြမ်း၍ သွားလေတော့၏။

ခွေးပုကလေးမှာ အမျိုးကလည်း ဆတ်ပြန်၊ အမကလည်းဖြစ်ပြန်သဖြင့် ရန်ဖြစ်သန်သောကြောင့် သဲသဲမဲမဲ ကိုက်ခဲလေရာ ခွေးနက်ကြီးမှာ ပေါင်နှစ်ချောင်းကြား အမြီးကုပ်ပြီး တဂိန်ဂိန်အော်ကာ တပ်လန်၍ပြေးရလေ၏။

ခွေးနက်ကြီး၏ အော်ဟစ်ညည်းညူသံမှာ ကံထူး၏နားထဲတွင် ပဥ္စသီခ နတ်စောင်းသံကဲ့သို့ နားဝင်ချိုစိမ့်လျက် ကျေနပ်၍သွားလေ၏။ ထိုနောက် ခွေးကလေးပြန်ဝင်လာသောအခါ ကံထူးမှာ ဗီရိုပေါ်မှ အောက်သို့ဆင်းပြီးသား ဖြစ်နေပြီးလျှင် ခွေးပုကလေးအား မိမိ၏အသက်သခင်ကျေးဇူးရှင်ကလေးကဲ့သို့ ကောက်ယူပွေ့ပိုက်ကာ ဖက်၍ နမ်းလေ၏။ ထိုသို့ယုယခြင်းခံရသဖြင့် ခွေးကလေးလည်း ကံထူးအား ပါးရက်နားရက်ပြုလုပ်ကာ အူမြူး၍ နေလေရာ ကံထူးမှာ အလွန်အမင်း ကျေနပ်၍သွားလေ၏။

ထိုအတွင်း ကံထူး၏အိတ်ထဲမှကျနေသော လက်ကိုင်ပဝါကလေးကို ခွေးကလေးတွေ့ရှိသဖြင့် အစာခုတ်၍ရသော ငှက်ကလေးပမာ လက်ကိုင်ပဝါကို ကိုက်ချီဆွဲယမ်းကာ နေလေ၏။

သို့ပြုလုပ်နေသည်ကို ကံထူးတွေ့ရ၍ လက်ကိုင်ပဝါတစ်စကို ဆွဲ၍ထားလိုက်သည်တွင် ခွေးကလေးလည်း လွန်ဆွဲသကဲ့သို့ နောက်ကန်၍ရုန်းဆွဲနေလေ၏။ ကံထူးမှာ ခွေးကလေးကို ပို၍ချစ်လာပြီးလျှင် အားလွန်၍ သွားအောင် ကျီစားလိုသောသဘောဖြင့် ပဝါစကိုလွှတ်လိုက်ရာ ခွေးကလေးသည် ဒလိမ့်ခေါက်ကွေး ကျွမ်းပြန်ပြီးလိမ့်သွားကာ ခေါင်းနှင့်ခုတင်ခြေထောက်ရိုက်မိ၍ 'ကိန် ကိန်' မြည်ကာ နာကျင်သော အထိမ်း အမှတ်ကို ပြလေ၏။ တိတ်ဆိတ်နေသောညတွင် ခွေးကလေး၏အသံမှာ စူးရှစွာထွက်ပေါ်လာလေရာ ကံထူး၏ စိတ်တွင် ထန်းရည်မူးလာသော ဂေါ်ရင်ဂျီကုလားကိုထွက်၍ရိုက်သဖြင့် အဘား . . အဘားနှင့် ငယ်သံပါအောင် အော်သည်ထက် ပိုသေးသည်ဟု ထင်မိလေ၏။

သို့သော်ခွေးကလေးသည် ခဏပင်နာ၍ ပျောက်သွားသဖြင့် အော်ခြင်းရပ်စဲလိုက်လေ၏။ ထိုအခိုက်တွင် အခန်းတံခါးခေါက်သံတစ်ခုကို ကြားရလေ၏။

'ဘယ်သူလဲ' ဟု ကံထူးက မေးလိုက်လေ၏။

'ကျွန်တော်ပါ'

'ဘယ်က ကျွန်တော်လဲ'

'ဒီက ကျွန်တော်ပါ၊ ရေအေးပါခင်ဗျာ'

'အေးအေး . . မအေးအေး မသောက်ချင်ဘူး'

'မဟုတ်ပါဘူး၊ ကျွန်တော့်အမည် ရေအေးပါ'

'ဘာလုပ်တဲ့ ရေအေးလဲ'

'စားပွဲထိုးပါတယ်ခင်ဗျာ'

'ဘာလိုချင်လို့လာတာလဲ'

'မမဘုရားက နောင်တော်နှိပ်စက်နေတဲ့ခွေးကို အခန်းထဲက ထုတ်ယူလိုက်ဖို့ အမိန့်ပေးလိုက်လို့ပါ' ဟု ဆိုပြီးနောက် တိုးတိုးကြားရလေ၏။

'ဒါတင် မကသေးဘူး၊ နောင်တော်က ကလန်မဆန်လုပ်နေမယ်ဆိုရင် နောင်တော့်ခေါင်းကို တူးရွှန်းပြားနဲ့ နှက်ရမယ်လို့ ဆိုပါတယ်'

ထိုသို့ တိုးတိုးပြောပြသည့်စကားမှာ ကံထူး၏နားထဲတွင် ဗုံးနှင့်ပစ်ဖောက်လိုက်သကဲ့သို့ ကြားရလေ၏။

ကံထူးလည်း တံခါးကိုဖွင့်ပေးလိုက်ရာ သံတူးရွင်းကိုထမ်းပြီး ရပ်နေသည့် စားပွဲထိုးကိုတွေ့ရသဖြင့် မျက်လုံးပြူး၍ အံ့ဩမပြီးနိုင်သေးမီ မအေးမြင့်၊ မင်းကတော်ကြီးနှင့် အဒေါ်သွန့်ပေါင်းစုံ ရောက်လာကြလေ၏။ မအေးမြင့်၏ မျက်လုံးတွင် ဒေါသမီးဟုန်းဟုန်း တောက်၍နေသည်ကို တွေ့ရလေ၏။

'ကျွန်တော် အစီရင်ခံပါရစေခင်ဗျား'

မင်းကတော်ကြီးက မျက်နှာရှုံ့မဲ့ကာ 'တော်ပါပြီမောင်ရယ်၊ လေကုန်ပါ့မယ်' ဟု ဆိုရင်း ခွေးပုကလေးကို ကောက်ယူချီပွေ့၍ 'မေရီ ဘယ်နာသွားသလဲ၊ မမကိုပြောစမ်း' ဟု ယုယနေလေ၏။

'နားဆင်တော်မူကြပါဦး'

'နားလဲ မထောင်ပါရစေနဲ့တော့၊ အိပ်ပျက်ရင် ခေါင်းကိုက်မှာ စိုးရတယ်'

'မှန်တဲ့အတိုင်း အစီရင်ခံရမှာဖြင့် ခွေးကလေးဟာ ခုတင်တိုင်နဲ့ ခေါင်းနဲ့ ရိုက်မိလို့ပါ'

'သူဘာပြောတယ်' ဟု အဒေါ်တစ်ယောက်က မေးလေ၏။

'ခွေးကလေးခေါင်းကို ခုတင်တိုင်နဲ့ရိုက်တာပါတဲ့' ဟု မင်းကတော်ကြီးက ပြောပြလေ၏။

'အမယ်လေး . . ရက်စက်ပါပေရဲ့' ဟု အဒေါ်က ဆိုလေ၏။

'တိရစ္ဆာန်ချင်း မစာနာလိုက်တာ' ဟု ကြီးကြီးက ငေါ့လေ၏။

မအေးမြင့်ကမူ ဘာမှမပြောဘဲ သူတို့နှင့်အတူထွက်သွားလေ၏။ စားပွဲထိုးမူကား တူးရွင်းကို ပုလိပ်သေနတ်ထမ်းသလိုထမ်းကာ 'ဟောဒါနဲ့ ရိုက်ရမယ်တဲ့' ဟု ပြောပြပြီး လှည့်ထွက်သွားလေ၏။

'ဟဲ့ . . ရေအေး'

'ဘုရား'

'နင်ဘယ်မှမသွားနဲ့၊ အခန်းအပြင်က သံတူးရွင်းထမ်းပြီးစောင့်နေ'

'မှန်ပါ့'

အားလုံးထွက်သွားကြ၍ ရေအေးတစ်ယောက်တည်း ကျန်ရစ်လေရာ ရေအေး၏ပခုံးပေါ်က တူးရွင်းကိုမြင်ရုံနှင့်ပင် ကံထူးမှာ ဆက်နေစရာမရှိသောကြောင့် တံခါးကိုဂျုံးခနဲပိတ်လိုက်ရာ 'ညောင် . . ဝေါင် . . ညောင်း' ဟု စူးရှကျယ်လောင်သောအသံကို ကြားရသဖြင့်ငုံ့ကြည့်လိုက်ရာ ကြောင်တစ်ကောင် တံခါးတွင် အမြီးညှပ်နေသည်ကို တွေ့ရလေ၏။ ကံထူးမှာ မည်သို့လုပ်ဂမည်မသိသကဲ့သို့ရှိကာ နားထင်နားရင်းထူပူလျက် မှုန်၍နေလေ၏။

'ကြည့်ပါဦးတော် . . လုပ်ပြန်ပါပြီ၊ ပူစီသေပါတော့မယ်'

'အမလေး . . ခက်ကုန်ပါပြီ၊ ပြောရင်းဆိုရင်း သတ်နေပြန်ပြီ၊ ကြာရင် ကျုပ်တို့တစ်တွေပါ သတ်ပစ်လိမ့်မယ်'

'ဟ . . ဘယ်သူတုန်းဟ၊ ကြောင်ကိုညှင်းဆဲနေတာ၊ ဟေ့ . . ဘယ်ခွေးမသားလဲ၊ ဟဲ့ . . ဝါးရင်းတုတ်သုံးချောင်းလောက် ယူခဲ့ကြစမ်းပါ၊ ဒီအကောင်ကို ကြာကြာမထားဘူး၊ အဆုံးစီရင်လိုက်မှ အေးမယ်၊ မနက်ဖြန်ဆိုရင် ကြောင်တစ်ကောင်မှရှိတော့မှာ မဟုတ်ဘူး၊ ကြောင်သားဟင်းချက်စားဖို့ပဲ ရှိလိမ့်မယ်၊ ယူခဲ့ကြစမ်းပါ . . တုတ် . . တုတ်'

'အို . . ကိုဘိုးဖြော့၊ ရှင်လွန်မယ်၊ ရှင်မသွားနဲ့၊ အင်မတန်ဆိုးတဲ့အရူး၊ ဆေးမရှိဘူး၊ ရှင်မလွန်လို့ သူလွန်ရင် သေနေဦးမယ်၊ ရှင်လွန်ရင် စက်တိုင်တက်ရလိမ့်ဦးမယ်၊ ရေအေးရှိတယ်၊ ရေအေးကိုလုပ်ခိုင်း၊ သူ့ကို တူးရွင်းပေးထားတယ်'

***************************

နောက်အဖို့၌ကား ကံထူး၏အကြောင်းမှာ အနည်းငယ်မျှသာ ပြောပြစရာ ကျန်ပေတော့သည်ဟု ပေါ်ဦးသည် ဇာတ်လမ်းနိဂုံးချီ၍ လာလေတော့၏။

ထိုနေ့ညတွင် နံနက်ဘက်သို့ ကူးပြောင်းတော့မည့်အချိန်တွင် 'သန်းတစ်ထောင်' အိမ်ကြီးမှ လူတစ်ယောက် ရုတ်တရက်ထွက်ပေါ်၍လာကာ တစ်နာရီ (ဆယ်ငါးမိုင်) နှုန်းဖြင့် ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရလေ၏။ ထိုသူသည်ကား ကံထူးပင် ဖြစ်ပေတော့၏။

ကံထူးသည် ထိုနံနက် ငါးနာရီထိုးအချိန်တွင်ထွက်သော မီးရထားဖြင့် ရန်ကုန်သို့ပါလာလေ၏။ ကံထူးမှာ ပြေးလွှားခဲ့ရသဖြင့် ခြေထောက်နှစ်ဖက်စလုံး ဖိနပ်ပေါက်ခံရလေ၏။ ထိုသို့ဖိနပ်ပေါက်သည်ထက် အသည်းကွဲရသည်မှာ ပိုမို၍နာကြည်းစွာ ခံစားရလေ၏။ ထိုသို့ ခံစားရခြင်းအားဖြင့် အချစ်အကြောင်းကိုတွေးမိလေလေ၊ ကြောင်အပေါ် စိတ်နာလေလေဖြစ်ခဲ့သောကြောင့် စောစောက စာကြည့်ခန်းထဲတွင် ကြောင်ကလေးကို စာအုပ်နဲ့

ပေါက်လိုက်ခြင်းမှာ သူ၏စိတ်ထဲတွင် ကြောင်ကို မည်မျှစက်ဆုပ်ရွံရှာကြောင်း အရိပ်အမြွက်ထွက်ပေါ်လာခြင်းပင် ဖြစ်ပေ၏။

ပသီကုလားသည် ဝက်ကိုစက်ဆုပ်သကဲ့သို့ ကံထူးသည် ထိုနေ့ကစပြီး ကြောင်ကိုစက်ဆုပ်ခဲ့လေ၏။ သို့ဖြစ်ရကား ယနေ့မှအစပြုပြီးလျှင် ကံထူး၏ရှေ့၌ ဖြတ်ပြေးသောကြောင်မှန်သမျှတို့မှာ အသက်ကိုအနိုင်လု၍ ပြေးကြရသည်သာ များလေတော့သတည်း။ ။

သူရိယမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၃၆။

## ရည်းစားစာ

ကန်တော်ကြီး၏လမ်းစောင်းဖြစ်သော အထက်ပန်းဆိုးတန်းလမ်းရှိ ခြံဝင်းကြီးတစ်ခုနှင့် အိမ်တစ်အိမ်အတွင်းဆီမှ ထွက်ပေါ်လာသော စန္ဒရားသံသည် သာယာသောနံနက်ခင်း၏အရသာကို ဖျက်ဆီးပစ်လိုက်သကဲ့သို့ ရှိပေ၏။

ထိုကဲ့သို့ သာယာနာပျော်ဖွယ်မဖြစ်သော စန္ဒရားသံ ထွက်ပေါ်လာခြင်းမှာ စန္ဒရားတီးသော မညွန့်တင်သည် စန္ဒရားကို မတီးတတ်၍မဟုတ်ဘဲ သူ၏စိတ်ထဲတွင် စန္ဒရားထဲ၌ စိတ်မဝင်စားဘဲ တစ်စုံတစ်ယောက်သောသူကို စောင့်မျှော်အာရုံစိုက်နေခြင်းကြောင့် တီးမိတီးရာ တီးခတ်လိုက်သော စန္ဒရားသံများမှာ နားထောင်၍မကောင်းဘဲ ရှိခြင်းဖြစ်ပေ၏။

မညွန့်တင်စန္ဒရားတီးသည့်နေရာမှာ နံနက်တိုင်း ဘကွန်းလမ်းလျှောက်၍ သွားရာဖြစ်သောလမ်းနှင့် မျက်နှာချင်းဆိုင်ဖြစ်သည့်အတွက် ညွန့်တင်သည် စန္ဒရားတီးဟန်လုပ်ကာ ထိုနေရာမှာထိုင်ပြီးလျှင် ဘကွန်းကို မျှော်လေ့ရှိ၏။ ဘကွန်းသည်လည်း နံနက်တိုင်း အိမ်ဘေးလမ်းက လျှောက်၍လာကာ ညွန့်တင်အားလာ၍ ကြည့်လေ့ရှိပေ၏။ ထိုသို့လျှင် ဘကွန်းနှင့်ညွန့်တင်တို့မှာ နံနက်တိုင်း အချိန်မှန်မှန် မျက်စိချင်းတွေ့ကြုံကြရသော်လည်း စာလည်း မပေးဖူး၊ စကားလည်း မပြောဖူးကြဘဲ မျက်စိချင်းဖြင့်သာ တစ်ယောက်၏အတွင်းစိတ်ကို တစ်ယောက် သိ၍နေကြရပေ၏။

ညွန့်တင်သည် မိမိအား ဘကွန်းချစ်ကြိုက်နေခြင်းကို မျက်စိအားဖြင့် သိရှိသော်လည်း မကျေနပ်နိုင်ဘဲ ဘကွန်း၏ လက်ရေးနှင့် ပေးသည့်စာကို မျှော်လင့်တောင့်တမိလေ၏။ သို့ရာတွင် ဘကွန်းမှာ လူလစ်သည်အခါနှင့် တစ်ခါမျှ မကြုံကြိုက်သည့်အတွက် စာပေးလိုလျက်နှင့်ပင် မပေးရဘဲ ပြန်သွားရပေါင်း များလှပြီဖြစ်လေ၏။

ထိုနေ့တွင် ဘကွန်းသည် ညွန့်တင်၏အိမ်ဘေးသို့ရောက်ရှိလာပြီးနောက် ဟိုဟိုဒီဒီ ခြံထဲသို့လှမ်း၍ကြည့်ရာ မည်သူမျှမရှိသည်ကို တွေ့ရသောကြောင့် ညွန့်တင်ကြည့်၍နေခိုက် ခြံထဲသို့ စာကလေးတစ်စောင်ပစ်၍ပေးလိုက်ပြီး ညွန့်တင်အား တစ်ချက်မျှပြုံး၍ကြည့်ပြီး ဆက်လက်၍ လျှောက်သွားလေ၏။

ညွန့်တင်သည် စာပစ်၍ပေးသွားသည်ကိုတွေ့ရသည်နှင့်တစ်ပြိုင်နက် ဝမ်းသာလုံးဆို့သွားကာ တီး၍နေသော စန္ဒရားကိုမှ ပြန်၍ဖုံးအုပ်ရန်သတိမရနိုင်ဘဲ စာကိုကောက်ယူရန် ထ၍လာလေ၏။ သို့ရာတွင် ညွန့်တင်သည် အိမ်ပြင်သို့ရောက်ကာ ခြံထဲသို့ဆင်းမိသည်နှင့်တစ်ပြိုင်နက် ကတ်ကြေးတစ်လက်နှင့် ပန်းညှပ်နေသော ဒေါ်အေးခင်ကို တွေ့ရသဖြင့် စာမကောက်ရဲဘဲ အံ့အားသင့်ကာ ရပ်၍ကြည့်နေလေ၏။

ဘကွန်းပစ်၍ပေးလိုက်သောစာမှာ ဒေါ်အေးခင်ရပ်နေသည့်နေရာနှင့် များစွာမဝေးလှသဖြင့် ညွန့်တင်၏ စိတ်ထဲတွင် ထိုစာကို ဒေါ်အေးခင်တွေ့၍သွားမှာ အလွန်ပင် စိုးရိမ်မိပေတော့၏။ ထိုစာကို ဒေါ်အေးခင်တွေ့ချေက မိမိရည်းစားထားသည်ကို သိရှိပြီး မိမိ၏ဖေဖေနှင့်မေမေတို့ထံ ပြန်၍ပို့မည်ကို တွေး၍ကြောက်ရွံ့မိပေ၏။

ဒေါ်အေးခင်မှာ ညွန့်တင်၏ဆရာမကြီး ဖြစ်ခဲ့ဖူးသည့်အပြင် ယခုလည်း ညွန့်တင်၏မိဘများ အစိုးရအလုပ်ကိစ္စအားဖြင့် တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့နေကြရသည်တွင် ညွန့်တင်လက်ရေးတိုပညာသင် နေခြင်းမှာ ပြီးဆုံးခြင်းသို့ မရောက်သေးသည့်အတွက် ဒေါ်အေးခင်ထံ အပ်နှံထားခဲ့ခြင်းဖြစ်ရာ ငယ်စဉ်ကပင် ဆရာမအဖြစ်ဖြင့် ကြောက်ရွံ့ခဲ့သည့်ပြင် ယခုလည်း အုပ်ထိန်းသူတစ်ဖန်ဖြစ်လာပြန်ပြီး ဒေါ်အေးခင်မှာ

အသက်လေးဆယ်ကျော်ဆရာမအပျိုကြီးတို့၏ ဆူပူတတ်သော အင်္ဂါအရည်အချင်းတို့နှင့် ပြည့်စုံသူတစ်ယောက် ဖြစ်သည့်လျောက် ညွန့်တင်မှာ ထိုစာတွေ့သွားမည်ကို အလွန်ပင်စိုးရိမ်မိပေ၏။

ထိုသို့စိုးရိမ်နေရသည့်အထဲတွင် ဒေါ်အေးခင်သည် မြက်ခင်းပေါ်တွင် ကျရောက်လျက်ရှိသော သေချာစွာချိုးခေါက် ထိုးပိတ်ထားသည့် စာရွက်ခေါက်ကလေးကို တွေ့မြင်ရသဖြင့် ထိုစာမျိုးကို ကျောင်းသားကလေးများ လက်ထဲမှ ခဏခဏသိမ်းဆည်းရဖူးသဖြင့် မြင်ရုံနှင့် ရည်းစားစာမှန်းသိကာ ဆတ်ခနဲကောက်ယူလိုက်ရာ ညွန့်တင်မှာ ဒေါ်အေးခင်၏အမြင်ကိုမခံရဲတော့ဘဲ အိမ်ထဲသို့ဝင်ပြေးပြီးလျှင် အိမ်တွင်းမှာနေ၍ ပြတင်းပေါက်ကြားထဲမှ အရိပ်အကဲကြည့်နေလေ၏။

ဒေါ်အေးခင်ည် စာကိုဖြန့်၍ဖတ်ပြီးနောက် ခပ်သုတ်သုတ်အိမ်ထဲသို့ဝင်လာရာတွင် ညွန့်တင်မှာ အတွေ့ခံရကောင်း မည်လော၊ ပုန်းရကောင်းမည်လောဟု ချီတုံချတုံဖြစ်နေပြီးမှ ထိုစာမှာ မိမိအား ပေးသောစာဖြစ်သည့်အတွက် ပုန်းနေလည်း ထူးတော့မည်မဟုတ်၍ မျက်နှာပျက်ပျက်နှင့်ပင် အတွေ့ခံရန် ဆုံးဖြတ်လိုက်လေ၏။ သို့ရာတွင် ဒေါ်အေးခင်သည် အိမ်ထဲသို့ရောက်သောအခါ ညွန့်တင်အားကြည့်ရုံမျှကြည့်ပြီး ဘာမျှမပြောဘဲ ဆက်လက်၍ လျှောက်သွားလေရာ ညွန့်တင်မှာ ဝေခွဲ၍မရနိုင်ဘဲ ဒေါ်အေးခင်ပြုမူပုံကို ကြည့်နေလိုက်ရလေ၏။

ဒေါ်အေးခင်သည် ဆိုဖာတစ်ခုပေါ်တွင် ထိုင်ပြီးနောက် သူ၏ညီမမအေးရှင်ကို ခေါ်လိုက်ပြီးလျှင် မအေးရှင်ရောက် လာသည့်အခါတွင် စာကိုဖတ်ပြလေ၏။

'ညနေလေးနာရီအချိန် ကန်တော်ကြီးလမ်းမှာ တွေ့ပါရစေ၊ တဆိတ်သနားငဲ့ညှာ၍ လာခဲ့စေလိုပါသည်။ ညနေ ခြောက်နာရီအထိ စောင့်ပါမည်။ ဆက်ဆက်လာပါ'

ထိုစာမှာ မည့်သူ့အားပေးသည်ဟူ၍လည်းမပါ၊ လက်မှတ်လည်းမထိုးထားသည်ကိုသိရသည့်အတွက် ညွန့်တင်မှာ အတော်ပင် စိတ်သက်သာရာရ၍ သွားလေတော့၏။

မအေးရှင်သည် ဒေါ်အေးခင်ဖတ်ပြသည့်စာကို နားထောင်နေပြီးနောက် 'ဒါဘယ်သူ့ကို ပေးတာလဲ၊ မမကိုပေး တာလား' ဟု မေးလေ၏။

'ညည်းနှယ်အေ . . ကြဲကြီးစည်ရာ၊ ငါ့အသက်အရွယ်ကြီးနဲ့ ရည်းစားစာပေးချင်တဲ့ဟာများ ရှိပါ့မလား၊ ငါ့အထင်တော့ ခိုင်းတဲ့ကောင်မလေးတွေထဲကနဲ့တူတယ်၊ မိစုဆိုတဲ့ကောင်မကိုကြည့်ရတာ ငါတယ်ပြီး မသင်္ကာဘူး၊ ဒါပေမယ့် ဘယ်သူဆိုတာ အတတ်သိရအောင်ရှာမယ်'

'သူတို့တွေသွားပြီး မေးမလို့လား'

'သူတို့ကိုမေးလို့ကွယ်မှာပေါ့၊ စာရေးတဲ့သူကို ငါကိုယ်တိုင်သွားတွေ့ပြီးမေးမယ်၊ သင်းကခြောက်နာရီ စောင့်မယ်တဲ့၊ ဒါပေမယ့် ဒီအချိန်ထိမစောင့်စေရပါဘူး၊ လေးနာရီဒင်ဒင်ထိုးတာနဲ့ တစ်ပြိုင်နက် သွားတွေ့ လိုက်မယ်'

ဒေါ်အေးခင်မှာ အတော်ပင် စိတ်မြန်လက်မြန်သူတစ်ယောက်ဖြစ်ပေ၏။ တစ်စုံတစ်ခုလုပ်မည်ဟုပြောလျှင် ချက်ချင်းလုပ်ကိုင်တတ်ပေ၏။ သို့ဖြစ်သည့်အားလျော်စွာ လေးနာရီဒင်ဒင်ထိုးသည့်အချိန်တွင် အိမ်ထဲမှ ခပ်သုတ်သုတ်ထွက်သွားသည်ကို ညွန့်တင်မြင်လိုက်ရကား ဘကွန်းအတွက် စိုးရိမ်မကင်းဖြစ်မိကာ ဒေါ်အေးခင် အပြန်တွင် မည်ကဲ့သို့ အဆူအပူခံရလိမ့်မည်နည်းဟု တွေး၍ ရှုံ့မိလေတော့၏။

ဒေါ်အေးခင်သည် ကန်တော်ကြီးဘေးလမ်းမှလျှောက်၍လာလေရာ မိမိ၏ရှေ့ခပ်လှမ်းလှမ်းဆီတွင် လမ်းနှစ်သွယ် ကြားရှိ မြက်ခင်းပေါ်၌ထားသော တန်းလျားပေါ်တွင် ထိုင်နေသည့်အရွယ်လတ်လတ်နှင့် လူတစ်ယောက်ကို

တွေ့မြင်ရသဖြင့် အနားသို့ကပ်သွားပြီးလျှင် မောလိုက်တာနော်ဟု ဆိုကာတန်းလျားတစ်ဖက်အစွန်းတွင် ဝင်၍ ထိုင်လေ၏။

ထိုသို့ ဒေါ်အေးခင်ဝင်၍အထိုင်တွင် စောစောကထိုင်နေသူသည် သဘောမကျသော အမူအရာဖြင့် ဒေါ်အေးခင်အား လှည့်ကြည့်လိုက်ရာ ဒေါ်အေးခင်က 'ထိုင်တာစိတ်မရှိပါနဲ့နော်၊ မောလွန်းလို့ပါ' ဟု ပြောဆိုတောင်းပန်လေ၏။

'အို . . မဟုတ်တာဘဲ၊ လူအများထိုင်ဖို့ထားတာ ကျွန်တော်ကန့်ကွက်စရာမရှိပါဘူး'

ဒေါ်အေးခင်သည် ခေတ္တမျှငြိမ်သက်နေပြီးနောက် 'ရှင်ဘယ်သူ့ကို စောင့်နေတာလဲ' ဟု မေးလေ၏။

ထိုသူသည် ဒေါ်အေးခင်ကို မသင်္ကာသလိုလို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဘယ်သူမှ မစောင့်ပါဘူးဟုဖြေပြီး ဘာပြုလို့လဲဟု နောက်ဆက်တွဲ မေးခွန်းထုတ်လိုက်လေ၏။

'တခြားမဟုတ်ပါဘူး၊ စာတစ်စောင် ဒီက လက်ထဲရောက်လာလို့၊ စာထဲမှာ လေးနာရီ ဆက်ဆက်လာတွေ့လှည့်ပါ ဆိုတာနဲ့ စာပေးတဲ့လူများ ဖြစ်ရော့လားလို့ မေးမိတာပါပဲ'

'ဟင် . . မဟုတ်ပါဘူး၊ ဒီစာ ကျွန်တော်မပေးရပါဘူး၊ အရင်ကလဲ တွေ့မှမတွေ့ဖူးဘဲ၊ မတွေ့ဖူးဘဲနဲ့ ပေးမိရင်တောင် ခင်ဗျားမှန်းသိရင် ပေးမိတာကို ပြန်ပြီးတောင်းပန်မှာပါပဲ' ဟု ပြောလိုက်ရာ ဒေါ်အေးခင်မှာ မိမိအား အစော်ကားခံရသကဲ့သို့ မျက်နှာပျက်သွားလေ၏။

'အမှန်တော့ ဒီကိုပေးတဲ့စာ မဟုတ်ပါဘူး၊ အိမ်မှာရှိတဲ့ ကောင်မလေးထဲက တစ်ယောက်ယောက်ကို ပေးတာနဲ့တူတာပါပဲ၊ ကျွန်မဟာ ဆယ်နှစ်မက ကျောင်းဆရာမကြီးလုပ်ခဲ့ဖူးလို့ ဒီလိုမလေးမခန့် စာပေးတာမျိုးတွေ ဆုံးမခဲ့ရပေါင်းများပြီ၊ အခုလဲ ဆုံးမ မလို့ လာတာပဲ'

ထိုသူသည် သက်ပြင်းချလိုက်ပြီး 'ကျွန်တော့်မှာတော့ ဒီစာနဲ့ပတ်သက်ပြီး ဘာမှမသိ၊ ဘာမှလဲ အပြစ်မရှိတဲ့လူပါပဲ' ဟု ဆိုပြီးနောက် 'ဪ . . ခင်ဗျား ကျောင်းဆရာမကြီး လုပ်ခဲ့ဖူးသလား၊ ကျွန်တော်မသိပါဘူး၊ ကျွန်တော်လဲ ဒီအရပ်သားမဟုတ်ပါဘူး' ဟု ဆိုလေ၏။

'အရင်တုန်းက လုပ်ခဲ့ဖူးတာပါပဲ၊ အခုတော့ ကျောင်းကထွက်ပြီး မိန်းကလေးတွေကို လခစားထမင်းကျွေးပြီး ညည စာသင်ပေးတာပဲ၊ ဒီကအိမ် အထက်ပန်းဆိုးတန်းလမ်းမှာ ရှိတယ်'

ထိုသူသည် ဝမ်းသာအားရသောအမူအရာဖြင့် 'အံမယ်၊ ဒီလိုဆိုရင် တွေ့ရတာ အဆင်သင့်လိုက်တာ၊ ကျွန်တော့်မှာ တူမပျိုကလေးတစ်ယောက် ရှိတယ်၊ သားမယားလဲဆုံးသွားလို့ ကြည့်ရှုမယ့်လူမရှိဘူး၊ နောက်ပြီးကျွန်တော့် အလုပ်က မကြာမကြာခရီးထွက်ရတဲ့အလုပ်မို့ တူမကလေးကို ထားထားပစ်ခဲ့ရတယ်၊ ဒီလို ကျွေးမွေးထိန်းသိမ်း ထားတဲ့လူ ရှိတယ်ဆိုရင် . .'

ဒေါ်အေးခင်နှင့်ထိုသူတို့ ပြောသည့်စကားများမှာ အိမ်တွင်းရေးအခြေအနေမှ အလုပ်အကိုင်စကားဘက်သို့ ပြောင်းလဲသွားပြီးလျှင် မကြာမီပင် ၎င်းတို့နှစ်ယောက်သည် တစ်ခုတည်းသောစကားကို စိတ်ဝင်စားစွာဖြင့် ပြောဆိုနေကြလေ၏။ ဒေါ်အေးခင်၏စိတ်ထဲတွင် မိမိရရှိသော စာအကြောင်းကို လုံးလုံးမေ့လျော့သွားပြီး မိမိတို့ထိုင်နေရာဆီသို့ ရောက်လာသော ယောကျာ်းပျိုကလေးတစ်ယောက်ကိုပင် သတိမမူဘဲ ရှိလေ၏။

ထိုယောကျာ်းပျိုကလေးသည် ဒေါ်အေးခင်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် မျက်လုံးပြူး၍သွားကာ ချာခနဲ နောက်သို့လှည့်ပြီး ခပ်သုတ်သုတ် ပြန်၍ပြေးလေ၏။

မညွန့်တင်မှာ ဒေါ်အေးခင် ထွက်သွားကတည်းက ရင်ထဲ၌ တထိတ်ထိတ်ဖြစ်နေကာ စိတ်ကိုငြိမ်အောင်ထား၍မရနိုင်ဘဲ ရှိသောကြောင့် စိတ်သက်သာရာ ရလိုရငြား ဝတ္ထုစာအုပ်တစ်အုပ်ကို ဆွဲပြီးလျှင် ခြံထဲသို့ဆင်း၍ ပက်လက်ကုလားထိုင်တစ်ခုပေါ်တွင် ထိုင်၍ဖတ်နေလေ၏။

ထိုအခိုက်တွင် ပန်းပွင့်ကလေးတစ်ပွင့်သည် မညွန့်တင်၏ရင်ဘတ်ပေါ်သို့ ကျရောက်လာလေ၏။ ညွန့်တင်သည် ထိုပန်းပွင့်ကလေးကိုယူ၍ ကြည့်လိုက်ရာ အပေါ်မှကြွေကျသည့် ပန်းပွင့်ကလေးမဟုတ်ဘဲ ခြံစည်းရိုး၌ စိုက်ထားသော ပန်းပွင့်ကလေးဖြစ်သည်ကိုသိရ၍ တစ်စုံတစ်ယောက်က ထိုပန်းပွင့်ကလေးနှင့် ပေါက်လိုက်သည်ကို စဉ်းစားမိကာ ခြံစည်းရိုးဘက်သို့လှည့်ကြည့်လိုက်ရာ ပြုံးရယ်၍ရပ်နေသော ဘကွန်းကို တွေ့ရသဖြင့် အံ့အားသင့်၍သွားလေ၏။

ဘကွန်းသည် 'ဘယ်သူမှမရှိဘူးလား' ဟု မေးသည့်သဘောဖြင့် ခေါင်းကိုယမ်းပြလိုက်ရာ ညွန့်တင်ကလည်းပြန်၍ ခေါင်းခါပြလိုက်သဖြင့် ဘကွန်းသည် အရဲစွန့်၍ ခြံစည်းရိုးကိုကျော်ပြီးဝင်လာလေ၏။ ညွန့်တင်သည် တစ်စုံတစ်ယောက်များမြင်၍သွားမည်လားဟု အိမ်ဘက်သို့ လှမ်း၍ ကြည့်လိုက်ပြီးမှ 'ဒေါ်ဒေါ်နဲ့ မတွေ့ဘူးလား' ဟု မေးလေ၏။

'တွေ့ခဲ့တယ်၊ ဒါပေမယ့် သူ . . လူတစ်ယောက်နဲ့စကားပြောနေလို့ မမြင်ဘူး'

'ဟာ . . ဒါဖြင့် သူ လူမှားနေပြီထင်တယ်၊ သူသွားရင်းက ရှင့်စာကို သူတွေ့လို့ ရှင့်ကိုဆူရအောင်သွားတာပဲ၊ ဟိုလူတော့ ချောက်ကျနေပြီ ထင်တာပဲ၊ ရယ်ပဲရယ်စရာကောင်းသေး'

'ဒီကလူမှာတော့ဖြင့် မရယ်နိုင်ဘူး၊ ဘယ်လိုတွေ့ရပါ့မလဲလို့ ချက်ကောင်းကိုရှာနေရတာပဲ၊ အခုမှပဲ သူဟိုမှာရှိမှန်းသိလို့ လစ်ပြီဆိုပြီး ပြေးလာခဲ့ရတယ်' ဟု ပြောပြီးနောက် 'ဒါနဲ့ မညွန့်တင်၊ ဒီမှာပဲ အမြဲနေတော့မှာလား' ဟု မေးလေ၏။

'ရှင် ကျွန်မနာမည်ကို ဘယ့်နှယ်လုပ်သိသလဲ'

'မညွန့်တင်အကြောင်းလောက်ပဲ အမြဲစုံစမ်းနေတဲ့ လူတစ်ယောက်ဟာ မသိဘဲနေပါ့မလား၊ ဒီကနာမည်တော့ ဘကွန်းတဲ့၊ ဒါထက်မေးတာ ပြောပါဦး'

'ကျွန်မလား . . ကျွန်မ ဒီမှာ . . နောက်နှစ်လလောက်ပဲ နေရတော့မယ်၊ နှစ်လပြည့်ရင် ဖေဖေတို့ပြန်ခေါ်မယ်တဲ့'

'ဟင် . . နှစ်လထဲ ကျန်တော့သလား၊ အဲဒါမှ ခက်တာပဲ၊ နှစ်လကျော်ရင် မမြင်ရတော့ဘူးပေါ့၊ နှစ်လဆိုတာ ဘာမှကြာတာမဟုတ်လို့ ဘယ် အခြေအနေမှမရောက်ခင်က မြန်မြန်ကြီးကွဲကြရမှာ သိပ်ခက်တာပဲ၊ ဒေါ်အေးခင်နဲ့ အသိဖြစ်ရရင်တော့ သိပ်ကောင်းမှာပဲ'

ညွန့်တင်သည် ဘကွန်း၏စကားများကိုကြားလျှင် ရက်သလိုလိုဖြစ်မိလေ၏။ မိမိမှာ ထိုစကားမျိုးကို တစ်ခါမျှမပြောဖူး၊ မကြားဖူးသည့်အပြင် ယခု ဘကွန်းပြောလိုက်သည့်စကားများမှာ ချစ်ပြီးကြိုက်ပြီး ဖြစ်နေကြသည့်အတိုင်း ပိုင်ပိုင်နင်းနင်း ပြောလိုက်ခြင်းဖြစ်သည့်အတွက် သာ၍ရှက်မိကာ ဣန္ဒြေမပျက်အောင် မနည်းဟန်ဆောင်၍နေလိုက်ရပြီးမှ 'ဒေါ်အေးခင်နဲ့အသိအကျွမ်းဖြစ်ဖို့ကတော့ အခက်သားပဲ၊ မိန်းမပျိုကလေးတွေချည်း ရှိတဲ့အိမ်မို့ ဘယ်ယောကျ်ားပျိုကလေးမှ မျက်နှာသာမပေးဘူး' ဟု ပြောပြလိုက်လေ၏။

'ဒီမှာ နမကလေးရှိရင်လဲ အကောင်းသား၊ ကလေးဆိုတော့ ဝင်နိုင်ထွက်နိုင်ရှိတာမို့' ဟု ပြောရင်းက မည်သို့မည်ပုံ ကြံနိုင်ဖန်နိုင်ခွင့်ကို မပြောရမီပင်စကားရပ်၍သွားကာ ခြံဝင်တံခါးအဝဆီသို့ လှမ်း၍ကြည့်လိုက်ပြီး မျက်လုံးပြူး၍ သွားလေ၏။

ညွန့်တင်သည် ဘကွန်းကြည့်ရာဘက်သို့လိုက်ကြည့်ရာတွင် ဒေါ်အေးခင်နှင့် ယောကျ်ားတစ်ယောက် ဝင်ရောက်၍ လာကြသည်ကို တွေ့ရသဖြင့် 'ကိုဘကွန်း၊ ပြန်တော့ . . ပြန်တော့၊ မြန်မြန်ပြန်ပါ၊ မိသွားလိမ့်မယ်' ဟု ပြောလိုက်ပြီး ဘကွန်းဘက်သို့ လှည့်ကြည့်လိုက်ရာ မိမိ၏စကားမဆုံးမီကပင် ဘကွန်းသည် ပြေးနှင့်ပြီး ခြံစည်းရိုးပေါ်မှ ကျော်ထွက်သွားသည်ကို တွေ့လိုက်ရလေ၏။

ညွန့်တင်မှာ ဒေါ်အေးခင်နှင့်ပါလာသူမှာ မည်သူမည်ဝါဖြစ်သည်ကိုသိရန် သူတို့၏အနားသို့ မယောင်မလည် ကပ်၍ သွားရာတွင် ထိုသူမှာ စောစောက ကန်တော်ကြီးခုံတန်းလျားပေါ်တွင် ဒေါ်အေးခင်နှင့်အတူ တွေ့ခဲ့ရသူ ဖြစ်ပြီး ၎င်း၏အမည်မှာ ကိုသာဒင်ဟုခေါ်သည်ကို သိရလေ၏။

ကိုသာဒင်သည် ဒေါ်အေးခင်နှင့်အတူ အိမ်တွင်းအိမ်ပြင်လိုက်လံကြည့်ရှုကာ ထိုအိမ်ကြီးကိုအတော်ပင် သဘောကျ သည့်အမူအရာကိုပြလျက် 'ဒီလို အိမ်ကြီးအိမ်ကောင်း၊ လူကောင်းသူကောင်းတွေနဲ့ အတူတူ ကျွန်တော့်တူမလေး နေရမယ်ဆိုတာ သိပ်ဝမ်းသာတာပဲ' ဟု ပြောလေ၏။

'ကလေးမလေးကို ပျော်ပျော်ရွှင်ရွှင်နေရအောင် ထားပါ့မယ်' ဟု ပြောပြီးနောက် 'တူမကလေးနာမည်က ဘယ်သူတဲ့လဲ' ဟု မေးလေ၏။

'စိန်စိန်တဲ့'

'ဘယ်တော့လောက် ပို့ထားမလဲ'

'တစ်ရက်နှစ်ရက်အတွင်း ပို့ထားပါမယ်'

ထိုသို့ပြောဆိုသဘောတူညီကြပြီးသည့်နောက် နှစ်ရက်လောက် ကြာသောအခါ ကိုသာဒင်၏တူမတော်သည်ဆိုသူ စိန်စိန်သည် ဒေါ်အေးခင်အိမ်သို့ ရောက်ရှိလာလေ၏။ စိန်စိန်မှာ ဤသို့ ကမန်းကတန်း ရွှေ့ပြောင်းနေထိုင်ရလိမ့် မည်ဟု မထင်ခဲ့သဖြင့် အဝတ်အစားများကိုမသိမ်းဆည်းရသေး၍ သားရေအိတ်ကြီးတစ်လုံးသာ ပါရှိလာကာ နောက်တစ်ရက်ကြာမှ အခြားအဝတ်အစားသေတ္တာပစ္စည်းများ ရောက်လာလိမ့်မည်ဟု ပြောပြ၍ ဒေါ်အေးခင်လည်း အကြောင်းကို သိရလေ၏။ သို့ဖြစ်၍ ဒေါ်အေးခင်မှာ စိန်စိန်၏ပစ္စည်းများ မရောက်လာမီ စိန်စိန်နေထိုင်ဖို့ရန် အိပ်ရာခမ်းနားများ ထုတ်၍ပေးရလေ၏။

စိန်စိန်မှာ အသက်နှစ်ဆယ့်သုံးနှစ်ခန့်မျှရှိပြီး သေးသွယ်သွယ်၊ အသားလတ်လတ် တရုတ်စပ်ကလေးနှင့် တူလှပေ၏။ ၎င်း၏ရဲတင်းစွာ ကြည့်ရှုအကဲခတ်တတ်သော မျက်လုံးများသည် ထူးခြားသောအမူအရာကိုပြကာ ဒေါ်အေးခင်ထံတွင် နေထိုင်ခဲ့ဖူးသူတို့အနက် အထူးသွက်လက်ပုံရပေ၏။ ညွန့်တင်မှာ စိန်စိန်၏ထူးခြားသော အပြုအမူကို ဝေခွဲ၍မရရှာပေ။ သို့ရာတွင် ညွန့်တင်၏စိတ်ထဲ၌မူကား စိန်စိန်အား ခင်မင် နှစ်သက်မိလေ၏။

ညွန့်တင်၏စိတ်ထဲ၌ စိန်စိန်ရောက်ရှိလာခြင်းသည် မိမိအားအဖော်ရရှိစေခြင်းပင်ဖြစ်၍ တစ်ခါတစ်ရံ အပြင်သို့ ထွက်၍ အတူတူလည်ပတ်နိုင်ခွင့်ရမည်ဖြစ်သောကြောင့် ဘကွန်းနှင့် မကြာမကြာတွေ့နိုင်ရန် နတ်တို့ဖန်တီးပေး သည်ဟု တွေးတောဝမ်းမြောက်မိလေ၏။

ဘကွန်းမှာ ညွန့်တင်နှင့် ခေတ္တခဏကလေးမျှ စကားပြောခဲ့ရသည်ကို မကျေမနပ်ကြီးဖြစ်၍နေကာ နေမထိ ထိုင်မသာဖြစ်၍နေပြီး ညွန့်တင်၏အိမ်ဘေးလမ်းကို ခါတိုင်းကဲ့သို့ တစ်နေ့တစ်ကြိမ်မဟုတ်ဘဲ မကြာခဏ ရောက်မိလေ၏။ သို့ရာတွင် ညွန့်တင်ကိုမြင်ရသည့်အခါမှသာ မြင်ရ၍ ထိုသို့မြင်ရပြန်သော်လည်း ဘယ်အခါမျှ ညွန့်တင်တစ်ယောက်တည်း မတွေ့ရသဖြင့် သာ၍ပင် ကြိတ်မနိုင်ခဲမရ ဖြစ်မိလေတော့၏။ ဘကွန်း၏ စိတ်ထဲတွင် ဒေါ်အေးခင်နှင့် အသိဖွဲ့လိုချင်စိတ် အလွန်ပင်ပွားများမိသော်လည်း ရိုးရိုးတန်းတန်းအားဖြင့် အသိဖြစ်နိုင်ရန်

အကြောင်းကိုမမြင်၊ တစ်စုံတစ်ရာရမယ်ရှာ၍ အိမ်အတွင်းသို့ ဝင်ရောက်နိုင်ခွင့်ရရန် ကြံဖန်အကြောင်းရှာဖို့ကိုလည်း မည်သို့မျှ စဉ်းစား၍ မရနိုင်ဘဲ ရှိလေ၏။

ထိုသို့ ဒေါ်အေးခင်နှင့် အသိအကျွမ်းဖြစ်ဖို့ကို မဆိုထားဘိ၊ ခြံစည်းရိုးဘေးတွင်ရပ်၍ ညွန့်တင်နှင့် စကားပြောခွင့်ရနိုင်ဖို့ကိုပင် အတော်ခက်ခဲနေလေရာ ညွန့်တင်မှာလည်း နှစ်လကြာလျှင်ရှိတော့မည်မဟုတ်။ အချိန်ဆိုသည်မှာလည်း အတောင်ပေါက်၍နေသည့်အလား လျင်မြန်စွာ ပျံသန်းကူးပြောင်းလွယ်လှသဖြင့် အချိန်မလင့်အောင်လုပ်မှပဲဟု စိတ်ကူးမိသော်လည်း မည်သို့လုပ်ရမည်ကို ဘာမျှမကြံတတ်မလုပ်တတ်ဘဲ ရှိရှာလေတော့၏။

သို့အားဖြင့် ဘကွန်းမှာ မတတ်သာသည့်အဆုံး၌ ညွန့်တင်နှင့်တွေ့ရုံပင်တွေ့ရ၊ ညွန့်တင်၏မျက်နှာကလေးကို မြင်ရုံပင်မြင်ရတော်လှပြီဟု အောက်မေ့ကာ အချိန်အခါမရွေး ညွန့်တင်၏အိမ်နံဘေးသို့ ရောက်ရှိလာလေ့ရှိပေ၏။

ထိုညတွင် ဘကွန်းသည် ညဆယ်နာရီသာသာအချိန်၌ ညွန့်တင်အား တွေ့မြင်နိုင်ဖို့ မျှော်လင့်ချက်မရှိသည်ကို သိလျက်နှင့်ပင် ညွန့်တင်အား စွဲလမ်းသောစိတ်၏ ဆွဲငင်ခြင်းအားဖြင့် ဒေါ်အေးခင်၏ အိမ်ဘေးသို့ရောက်ရှိလာလေ၏။ ဘကွန်းသည် ခြံစည်းရိုးနံဘေးတွင်ရပ်ကာ အိမ်ပေါ်သို့ မျှော်ကြည့်လိုက်ရာ ပြတင်းပေါက်တစ်ခုတွင် မီးလင်းနေသည်ကို တွေ့ရသောကြောင့် အကယ်၍ ညွန့်တင်မအိပ်သေးက အခန်းထဲတွင် လျှောက်၍သွားလျှင် အရိပ်ကလေးကိုပဲဖြစ်ဖြစ် မြင်ရပေလိမ့်မည်ဟု မျှော်လင့်ကာ ထိုပြတင်းပေါက်ဆီသို့ မျှော်၍ကြည့်နေမိ၏။

ဖွဲတကာဖွဲ့တွင် အချစ်ဖွဲ့မှာ အသန်ဆုံးဖြစ်သည့်အလျောက် ဘကွန်းသည်တစ်နာရီမျှကြာအောင် ရပ်၍စောင့်နေသော်လည်း မည်သည့်အရိပ်မျှ မမြင်ရသည့်တိုင်အောင် အနည်းငယ်မျှ စိတ်ပျက်ခြင်းမရှိဘဲ ခြင်၊မှက်၊ ပိုးမွှားကိုက်ခဲခြင်းကို စိတ်မပျက်လက်မပျက် ဆက်လက်၍ စောင့်မျှော်နေလေ၏။

ထိုသို့စောင့်မျှော်နေရာက ဘကွန်းသည် စီးကရက်သောက်လိုလှသဖြင့်စီးကရက်မီးညှိလျှင် မီးရောင်ကို လူများမြင်သွား၍ ခြံစည်းရိုးနားတွင် လူကပ်၍နေသည်ကို သိသွားလိမ့်မည်ကို မပူပင်နိုင်တော့ဘဲ မီးခြစ်တော့မည်အပြုတွင် အိမ်ထဲမှ တစ်စုံတစ်ယောက်ထွက်လာသည်ကို တွေ့ရသဖြင့် မိမိအားတွေ့သွားမည်ကို စိုးရိမ်ကာ ထွက်ပြေးတော့မည်ပြုပြီးမှ သရဲတစ္ဆေကဲ့သို့ ခပ်မည်းမည်းအရာကိုမြင်သူသည် မျက်နှာလွှဲပြီးမှ ပြန်၍ကြည့်တတ်သည့် အကြည့်မျိုးဖြင့် အိမ်ထဲမှထွက်လာသူကို ထပ်မံ၍ကြည့်မိသည်တွင် မိန်းမပျိုကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရသောကြောင့် ဘကွန်းသည် ဝမ်းသာလုံးဆို့သွားကာ ညွန့်တင်ပင်ဖြစ်သည်ဟု တထစ်ချစွဲမှတ်ကာ ညွန့်တင်သည်လည်း မိမိကဲ့သို့ပင် မတွေ့ရမနေနိုင်သည့်အတွက် အိမ်ထဲမှခိုးထွက်လာခြင်းပေတည်းဟု တွေးတောကျေနပ်လျက်ရှိလေ၏။

ထိုအခိုက်တွက် ဘကွန်းသည်သတိရ၍ မိမိဤနေရာ၌ရှိသည်ကိုမြင်စေရန် စီးကရက်မီးကိုညှိလိုက်ရာ အိမ်အတွင်းမှ ထွက်လာသည့်မိန်းကလေး၏သဏ္ဍာန်သည် မလှုပ်မရှားခေတ္တရပ်သွားပြီးမှ မိမိဖက်သို့ တည့်တည့်ကြီးလျှောက်၍လာသည်ကို တွေ့ရလေ၏။

ထိုမိန်းမပျိုကလေးသည် မိမိအနားသို့ ရောက်ရှိ၍အလာတွင် ဘာမျှမပြောဘဲ လက်ထဲတွင်ပါလာသော သားရေအိတ်ကို လှမ်း၍ပေးလိုက်ရာ ဘကွန်းမှာ တစ်ခါတည်း မိမိနှင့်ခိုးရာလိုက်တော့မှာပါကလားဟု တွေးမိကာ ရတ်တရက်သော် အံ့အားသင့်သွားကာ ဘယ်ဆီဘယ်အရပ်သို့ ခိုးပြေးရပါမည်နည်းဟု တွေးတောင်ငေးမောနေစဉ်မှာပင် မိန်းမပျိုကလေးက လက်နှစ်ဖက်ကို လှမ်း၍ပေးလိုက်မှ ခြံစည်းရိုးအပြင်သို့ ချီမသယ်ယူရန် သတိရပြီး ထိုမိန်းမပျိုကလေးအားချိုင်းအောက်မှ မယူလိုက်လေ၏။ ထိုသို့မယူလိုက်သည်တွင် ဘကွန်း၏စိတ်ထဲ၌ ညွန့်တင်အား ဤအချိန်ကာလတွေ့ရ၍ မကြာမီကလေး၌ ဤသို့ ပိုင်ပိုင်နင်းနင်းကိုင်တွယ်လိုက်ရခြင်းကြောင့် ထူးခြားသော အတွေ့ဖြင့် ကျောစိမ့်၍သွားလေ၏။

ထို့နောက် ဘကွန်းမှာ မည်သို့မည်ပုံလုပ်ရမယ်၊ ကိုင်ရမည်မသိ ဖြစ်နေပြီး စီးကရက်ကို ပြင်းစွာဖွာလိုက်သည်တွင် လင်းသွားသောမီးရောင်အားဖြင့် ထိုမိန်းကလေးမျက်နှာကို အသေအချာတွေ့ရပြီး ညွှန့်တင်မဟုတ်သည်ကို သိရသည့်ပြင် ထိုမိန်းကလေးလည်း ဘကွန်း၏မျက်နှာကိုမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် လူမှားနေသည်ကို သိကာ 'အမလေး . .' ဟု တစ်ခွန်းမျှသာအော်ပြီး သားရေအိတ်ကိုပင် မသယ်နိုင်ဘဲ ထွက်၍ပြေးလေတော့၏။

ဘကွန်းမှာ ဘုမသိဘမသိ အံ့အားသင့်လျက်နေကာ ပြေး၍လိုက်ဖို့ကို သတိမရဘဲ ထွက်ပြေးသည့် မိန်းကလေးကိုသာ ကြက်သေသေ၍ စိုက်ကြည့်နေမိစဉ် ခြံစည်းရိုးတစ်ထောင့်မှာ ယောကျ်ားတစ်ယောက်လည်း ထိုမိန်းကလေးနောက်သို့လိုက်ကာ ထွက်၍ပြေးသွားသည့် သဏ္ဌာန်တစ်ခုကိုပါ မြင်လိုက်ရလေ၏။

ဘကွန်းသည် သားရေအိတ်ကြီးကိုကိုင်ကာ ငေးမောနေပြီး ထိုသားရေအိတ်ကြီးကို အဘယ်ပုံစီရင်ရပါမည်နည်းဟု အကြံထုတ်ရာမှ ထွက်ပြေးသောမိန်းကလေးသည် ဒေါ်အေးခင်၏အိမ်ထဲမှ ပစ္စည်းများခိုးယူလာသူဖြစ်၍ သူ၏နောက်သို့လိုက်ပါသွားသူမှာ သူခိုးကြံဖော်ကြံဖက်ဖြစ်သည်ကို စဉ်းစားမိလျှင် ထိုသားရေအိတ်ကြီးကို ဒေါ်အေးခင်အား ကိုယ်တိုင်သွားပေး၍ အကျိုးအကြောင်းများ ပြောပြရလျှင် မိမိအားကျေးဇူးတင်၍ ဤတွင်ပင် အသိဖြစ်ကြပြီး နောင်တွင်ဝင်နိုင်ထွက်နိုင်ဖြစ်အောင် နတ်တို့ကဖန်တီးပေးသည်ဟု တွေးမိ၍ အလွန်အမင်း ဝမ်းသာအားရဖြစ်ကာ သားရေအိတ်ကို ဆွဲယူပြီး အိမ်ရှေ့ဝင်းတံခါးမှ လှည့်၍ဝင်သွားလေ၏။

ဘကွန်းသည် အိမ်ရှေ့မှရပ်ကာ 'ဒေါ်အေးခင် . . ဒေါ်အေးခင်' ဟု အော်ခေါ်လိုက်လေ၏။

မကြာမီ အိမ်ရှေ့တံခါးပွင့်သွားပြီး ခေါင်းတစ်ခုထွက်လာကာ 'ဘယ်သူလဲ . . ဘာလုပ်မလို့လဲ' ဟု ဒေါ်အေးခင်၏မေးလိုက်သည့်အသံ ထွက်လာလေ၏။

'ကျွန်တော် မောင်ဘကွန်းပါ'

'ဘယ်က ဘကွန်းလဲ'

'နောက်တော့ပြောပြပါရစေ၊ ဒီအိမ်မှာ သူခိုးဝင်ခိုးသွားတယ်၊ ဒါပေမယ့် မကြောက်ကြပါနဲ့၊ ကျွန်တော်နဲ့တွေ့လို့ ထွက်ပြေးကြပြီ၊ ပစ္စည်းတွေလဲ ပြန်ပြီးရလိုက်ပါတယ်'

'ခဏနေပါဦး . . လာခဲ့မယ်၊ အခုပဲ' ဟု ပြောသံကြားရပြီးနောက် တစ်အိမ်လုံး မီးများထိန်ထိန် ပွင့်လင်းသွားပြီးလျှင် အောက်ထပ်အိမ်ရှေ့တံခါးပွင့်လာလေ၏။

ဘကွန်းသည် အိမ်ထဲသို့ရောက်သည့်အခါ တစ်အိမ်သားလုံး စုရုံးနေကြသည်ကိုတွေ့ရ၍ ညွှန့်တင်လည်း မိမိအား ဝမ်းသာရွှင်ပြုံးသော အမူအရာဖြင့် ကြည့်နေသည်ကို တွေ့ရလေ၏။

ထို့နောက်ဘကွန်းသည် မိမိအားထိုင်ရန်ပေးသော ကုလားထိုင်တွင် ဝင်ရောက်၍ထိုင်ပြီးလျှင် အကျိုးအကြောင်း အလုံးစုံကို အကျယ်တဝင့် ပြောပြလေရာ တစ်အိမ်သားလုံး အိမ်ထဲတွင် လိုက်၍ရှာကြရာတွင် အလှတင်ထားသော ငွေထည်များအားလုံး ပျာက်နေသည်ကိုတွေ့ရပြီးနောက် သားရေအိတ်ကြီးကို ဖွင့်ကြည့်လိုက်ရာတွင် ပျောက်နေသောငွေထည်များပင် ဖြစ်နေသည်ကို တွေ့ကြရလေ၏။

ဒေါ်အေးခင်တို့ ညီအစ်မနှစ်ယောက်စလုံးမှာ ဘကွန်းကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိကြလေ၏။

'တကယ်ပါပဲ . . မောင်ဘကွန်းရယ်၊ ဒေါ်ဒေါ်တို့ သိပ်ပြီးကျေးဇူးတင်တာပဲ၊ ဘယ်လောက်ကျေးဇူးတင်တယ်ဆိုတာ ပြောလို့ ကုန်နိုင်မှာ မဟုတ်ပါဘူး၊ မောင်ဘကွန်းနဲ့သာ မတွေ့ရင် အားလုံးအကုန် ပါသွားပြီးသားပဲ' ဟု

ဒေါ်အေးခင်က ပြောပြီးနောက် 'ဒါထက် ဒီသူခိုးမလေးဟာ အိမ်ထဲဝင်ပုံ ဆန်းကြယ်လွန်းလို့ ဘယ်လိုလုပ်ပြီး ဝင်သလဲမသိဘူး' ဟု ဆိုလေ၏။

ထိုအခါမှ ညွန့်တင်သည် သတိရ၍ အိမ်ပေါ်သို့ တက်ပြေးသွားပြီး ချက်ချင်းပင် ပြန်၍ဆင်းလာကာ 'ဒေါ်ဒေါ်၊ စိန်စိန်တစ်ယောက် မရှိတော့ဖူး၊ သူ့အိပ်ရာထဲလဲ မအိပ်ဖူး' ဟု ပြောပြလေ၏။

ညွန့်တင်၏စကားကိုကြားရသည်တွင် အားလုံးငြိမ်ကုန်၍စဉ်းစားနေကြပြီးမှ ဒေါ်အေးခင်၏ညီမ ဒေါ်အေးရှင်က 'အစစ်ပါပဲတော်၊ လက်စသတ်ကျတော့ မြွေပွေးခါးပိုက် ပိုက်မိရက်သားဖြစ်နေမှကိုး၊ ကိုသာဒင်က တူမ ဒီအိမ်မှာထားချင်တယ်ဆိုတာ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲ၊ သူခိုးမ အိမ်ပေါ်တက်မိရက်သားဖြစ်နေတယ်' ဟု ပြောလေ၏။

ထိုအခါမှ ဒေါ်အေးခင်က 'အင်း . . လက်စသတ်တော့ ခြံထဲကို စာပစ်ထည့်တာ သာဒင်ဆိုတဲ့အကောင်ပဲကိုး၊ သင်း တမင်ဉာဏ်ဆင်တာပဲ' ဟုပြောသဖြင့် ဘကွန်းနှင့်ညွန့်တင်တို့မှာ မရယ်မိအောင် အတော်ပင် ကြန့်ဆောင်၍ နေလိုက်ကြရလေ၏။

အတန်ကြာစကားပြောဆိုနေကြပြီးမှ ဘကွန်းသည်အလိုက်သိစွာဖြင့် 'ကျွန်တော်ပြန်ပါဦးမယ်' ဟု နှုတ်ဆက်ရာ . .

ဒေါ်အေးခင်က 'ကျေးဇူးတင်ပါတယ် မောင်ဘကွန်းရယ်၊ အိမ်ကိုလဲ မကြာမကြာ အလည်လာပါ၊ မိန်းမသားချည်းပဲမို့ မောင်ဘကွန်းကိုပဲ အားကိုးရမှာပဲ' ဟု ပြောပြီးနောက် 'မနက်ဖြန်ညနေ လက်ဖက်ရည် သောက် မလာနိုင်ဘူးလား' ဟု မေးသည်တွင် ဘကွန်းမှာ ရေငတ်သူရေတွင်းထဲကျသည့်အလား အကြည်ဆိုက်၍ သွားကာ ဒေါ်အေးခင်၏စကား ဆုံးသည်နှင့်တစ်ပြိုင်နက် တစ်စက္ကန့်မျှမကြာမီပင် 'ဟုတ်ကဲ့' ဟု ဝမ်းသာအားရပြောဆိုကာ ပြန်၍လာခဲ့လေ၏။

နောက်တစ်နေ့ညနေ လေးနာရီ ဒင်ဒင်ထိုးသည့်အချိန်တွင် ဘကွန်းသည် ဒေါ်အေးခင်၏အိမ်ပေါက်သို့ ဆိုက်ဆိုက်ကြီးရောက်လာလေတော့၏။

ထိုနေ့မှစ၍ ဘကွန်းသည် ဒေါ်အေးခင်၏အိမ်သို့ အချိန်မှန်မှန်လာရောက်သော ဧည့်သည်တစ်ယောက် ဖြစ်လာလေ၏။ တစ်ခါတစ်ရံတွင် ဒေါ်အေးခင်၏အိမ်၌ ညစာစားပြီးမှပြန်၍ တစ်ခါတစ်ခါ၌ ညစာစားရုံမျှမက ခြံထဲ၌ပင် ညွန့်တင်နှင့်ယှဉ်တွဲလမ်းလျှောက်၍ သာယာသော လရောင်အရသာကို ကြည်နူးစွာခံစားလျက် အချစ်၏စိတ်ဖြင့် ပျော်မွေ့၍နေလေတော့၏။

သို့အားဖြင့် မိန်ရာသီပြောင်း၍ တပေါင်းအကူး၊ တန်ခူးအဝင် ကြည်လင်သာယာသော နေ့တစ်နေ့၏ ညနေချမ်း အချိန်တွင် ခြံဝင်းအတွင်း၌ ကြည်နူးစွာ စာအုပ်ကိုဖတ်လျက် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော ဒေါ်အေးခင်၏အနီးသို့ ညွန့်တင်နှင့်ဘကွန်းတို့ ယှဉ်တွဲလာရောက်ကြကာ ညွန့်တင်က 'ဒေါ်ဒေါ်၊ ကျွန်မတို့အကြောင်း ဖေဖေ့ဆီကို စာရေးမယ်ဆို၊ ဒေါ်ဒေါ်က သဘောတူတယ်ဆိုရင် ဖေဖေက မငြင်းပါဘူး' ဟုပြောဆိုတောင်းပန်လိုက်သည်တွင် ဒေါ်အေးခင်က 'အေး . . ဟုတ်သားပဲ၊ ဒေါ်ဒေါ်လဲမေ့နေတယ်၊ ကဲလေ . . ပြောနေကြာတယ်၊ အခုပဲ ရေးလိုက်မယ်' ဟု ဆိုကာ ထိုင်ရာမှ ထ၍သွားလေ၏။

နောက်ခုနစ်ရက်လောက်အကြာတွင် ဒေါ်အေးခင်ထံသို့ စာတစ်စောင် ရောက်လာလေရာ စာကိုဖွင့်ဖတ်လိုက် သည်တွင် 'ဆရာမကြီး သင့်တော်သည်ထင်လျှင် ငြင်းပယ်စရာအကြောင်းမရှိပါဘူး၊ ဆရာမကြီးကို အစစအရာရာ လွှဲအပ်ထားပါသည်' ဟူ၍ ပါရှိလာသည်ကိုကြားကြရသော ညွန့်တင်နှင့် ဘကွန်းတို့မှာ ထ၍ကချင်လောက်အောင် ဝမ်းမြောက်သွားကြလေ၏။ ။

မြန်မာ့တာဝန်မဂ္ဂဇင်း၊ ဇွန်၊ ၁၉၃၈။

ချိုအေးသည့်ဆိုတေးသံသည် ကျယ်ကျယ်တစ်မျိုး၊ တိုးတိုးတစ်ဖုံ တက်တုံသက်တုံ ရှိလှသည်ဟု ထင်မှတ်မိရာက ယိုးဒယားနဲ့သွားလိုလို၊ တရုတ်လင်ပန်းသံလိုလို မှတ်ထင်ရလောက်အောင် ပြောင်းလဲသွားသည်နှင့်အတူ တင်ဦးသည် အိပ်ရာမှဖျုပ်ခနဲနိုးလာ၏။ အိပ်ချင်မူးတူး ဖြစ်နေသေးသဖြင့် ကြားနေရသော တေးသံမှာ မောင်ဖိုးစိန်၊ မယ်အောင်ဗလ နှစ်ပါးသွားနှင့် ဂေါ်ရင်ဂျီသစ္စာထား၊ ဘယ်ဟာများပါလိမ့်ဟု ဝေခွဲမရရှိနေသေးပြီးနောက် တစ်လှည့်အကျော့တွင်မှ ကြောင်စုံတွဲ ခုနစ်သံချီဆိုနေကြခြင်း ဖြစ်သည်ကို ထင်ရှားစွာသိရလေတော့သည်။

နံနက်သုံးနာရီဖက်ကူးနေပြီဖြစ်သဖြင့် လူတိုင်းအိပ်မောကျမြဲ ဖြစ်သည့်အချိန်တွင် ကြားရသည့်ချစ်တေးသံသည် တင်ဦးအား ရွှင်မြူးနှစ်သက်စေနိုင်ခြင်းမရှိချေ။ သို့ဖြင့် တင်ဦးသည် အိပ်ရာထဲမှထ၍ ဆောင့်ကြီးအောင့်ကြီးနှင့် ပြတင်းပေါက်ဆီသို့သွားကာ တံခါးကိုဖွင့်လိုက်ပြီးလျှင် တေးဆိုနေကြသည့် ကြောင်စုံတွဲကို 'ရှူး . . ရှူး . .' ဟု ဩဘာပေးလိုက်လေ၏။

ချစ်ပင်လယ်ကြောတွင် နစ်မျောနေကြသော ကြောင်စုံတွဲမှာ ဩဘာသံကို မကြားကြဘဲ တိုး၍သာကဲလာကြလေသည်။ တင်ဦးမှာ မိမိ၏အသံသည် ချစ်တေးသံထဲတွင် နစ်မြုပ်သွားသည်ကိုသိသော်လည်း ထိုတေးသံရှင်တို့နှင့်ပြိုင်၍အနိုင်မကြဲလို၊ ကြောင်မင်္ဂလာပွဲကို ခဲချမှတော်တော့မည်ဟု နှလုံးပြုကာ လက်လှမ်းမီရာ ခပ်မာမာပစ္စည်းတစ်ခုကို ဆွဲလိုက်လေ၏။

လက်ပစ်ဗုံးအဖြစ် ပထမဆုံးပစ်လိုက်သော ဖိနပ်တိုက်သည့်ဘီးသည် အိမ်ချင်းကပ်လျက်ရှိသော ခြံတွင်းရှိ ချစ်တလင်းအနီးတစ်ဝိုက်တွင် ကျရောက်သွားလေ၏။ ချစ်မောင်နှံတို့ကား မဖြုံ၊ ဘီးနောက်သို့ မင်အိုးလိုက်ပြန်လေ၏။ ချစ်တေးသံကားမပျောက်။ လက်နက်ခပ်လေးလေးနဲ့မှ စက်ကွင်းကိုထိအောင် ချိန်သားကျမည်ကို သတိပြုမိကာ တင်ဦးသည် စားပွဲပေါ်ရှိ စာရွက်ဖိသော 'ဗိုလ်ချုပ်အောင်ဆန်း' ကို ဇိကိုင်၍ပစ်လိုက်တော့မှ 'အမယ်လေး . . ဗိုလ်ချုပ် ပါကလားဟ' ဟူသောစကားကို မဂဓဘာသာဖြင့် 'ခွီး' ခနဲ ဘာသာပြန်ဆို အော်မြည်ကာ ဗရုတ်ဗရက် ဖြစ်သွားသံရပြီး တိတ်ဆိတ်သွားကြလေ၏။

သြော် . . ဗိုလ်ချုပ် . . ဗိုလ်ချုပ်၊ မဲပုံးကပ်သည့်အရုပ်သာလျှင် တန်ခိုးကြီးလှသည်မဟုတ်၊ စားပွဲတင်အရုပ်အဖြစ်နှင့်ပင် လုံးဝငြိမ်းချမ်းရေးပေးစွမ်း နိုင်ပါတကားဟု တင်ဦး၏စိတ်ထဲတွင် အသိဉာဏ်တိုးရင်း ပြတင်းပေါက်ကို ပြန်ပိတ်၍ အိပ်ရာသို့ဝင်ကာ နှစ်ခြိုက်စွာ အိပ်ပျော်လေတော့၏။

နောက်နေ့နံနက် အိပ်ရာထ၍ လက်ဖက်ရည်သောက်ပြီး လမ်းလျှောက်ထွက်ရန် ဖိနပ်စီးရင်း ဖိနပ်တိုက်ဘီးကို ရှာတော့မှ တင်ဦးသည် ညကအဖြစ်ကိုသတိရကာ မိမိ၏ပစ္စည်းများကို ပြန်၍ကောက်ယူရန် ခြံထဲသို့ ဆင်းခဲ့လေ၏။ တင်ဦးသည် ခြံစည်းရိုးအနီးသို့ကပ်၍ တစ်ဖက်သောခြံထဲသို့ လှမ်းမျှော်ကြည့်လိုက်ရာ မိမိ၏ ပစ္စည်းများကိုမမြင်ရမီ ထိုအိမ်တွင် လူသစ်များရောက်ရှိနေသည်ကိုတွေ့ရလေ၏။

တင်ဦးသည် နယ်ပိုင်အရာရှိကလေးတစ်ဦးဖြစ်သည့်အလျောက် ရက်သတ္တပတ်လောက် တောတက်နေခဲ့ရာက ယမန်နေ့ညကမှ ပြန်၍ရောက်လာရာ ထိုအိမ်သို့ပြောင်းလာကြသည့် လူသစ်များမှာ မည်သူမည်ဝါဖြစ်ကြ၍ မည်သည့်နေ့က ရောက်နေကြသည်ကိုပင် မသိသေးချေ။

'ဒီမှာခင်ဗျာ'

ခြံထဲတွင်တွေ့ရသော မိန်းမပျိုကလေးကို တင်ဦးက လှမ်း၍ခေါ်လိုက်လေသည်။ မိန်းမပျိုကလေးသည် တင်ဦးအား ခေတ္တမျှကြောင်၍ ကြည့်နေပြီး မရဲတရဲနှင့်ချဉ်းကပ်လာလေ၏။

'ဘာလဲရှင်'

မိန်းမပျို၏မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်မှာ မက်လောက်စရာ ဖြစ်သည်ကိုတွေ့ရသဖြင့် တင်ဦးမှာ ရုတ်တရက် စကားမပြောနိုင်အောင် ဖြစ်သွားလေသည်။

'ဒုက္ခပေးတယ်လို့လဲ မအောက်မေ့ပါနဲ့၊ ညကကြောင်အော်တာ အိပ်လို့မရနိုင်တာနဲ့ ကျွန်တော့်ဖိနပ်တိုက်တဲ့ ဘီးရော၊ မင်အိုးရော၊ ဗိုလ်ချုပ် . .'

'လက်စသပ်တော့ ရှင်ပဲကိုး'

မိန်းမပျို၏မျက်နှာမှာ ဒေါသရိပ်သမ်းနေလျက် တင်ဦး၏မျက်နှာမှာ ကျိုက်ထီးရိုး ကျီးပါးစပ်ကဲ့သို့ ဟပြဲကြီး ဖြစ်နေလေ၏။

'ဗျာ . .'

'ရှင်ဟာ ဘယ်လိုလူစားမျိုးလဲ၊ တိရစ္ဆာန်နဲ့ဖက်ပြီး ရန်ဖြစ်တာ . .'

'ဟင် . . ကျုပ်က တိရစ္ဆာန်နဲ့ဖက်ပြီး ရန်ဖြစ်တယ်ဆိုရလောက်အောင် ခင်ဗျားကဘာမို့တုန်း'

တင်ဦးသည် ရန်ဖြစ်ရတော့မည်တူတူ မထူးတော့ပါဘူးဟု နှလုံးပြုလေ၏။ မိန်းမပျိုမှာလဲ တစ်မျက်နှာလုံး နီမြန်းသွားကာ 'ရှင်က ကျွန်မကို တိရစ္ဆာန်အဖြစ်ရောက်အောင် ပြောချင်တာပေါ့လေ' ဟု မေးလေ၏။

'ကျုပ်ဒီလိုလဲ မစွပ်စွဲရသေးပါကလား'

'တိရစ္ဆာန်နဲ့ဖက်ပြီး ရန်ဖြစ်တဲ့လူသာ တိရစ္ဆာန်ရှင့်'

'ဒါဖြင့် ကျုပ်တိရစ္ဆာန် ဖြစ်သွားပြီ၊ ခင်ဗျားကျုပ်နဲ့ ဆက်ပြီးရန်ဖြစ်နေလို့ မတော်ဘူး'

'ရှင့်ကိုကျွန်မ စကားနိုင်ယူချင်လို့ ပြောနေတာမဟုတ်ဘူး၊ ရှင်ဟာ လူစိတ်မရှိတာကို ပြောနေတာ၊ တကယ်ဆိုရင် စကားမပြောတတ်တဲ့ ကြောင်ကို . .'

'လူလိုမပြောတတ်လို့ တော်သေးတာပေါ့ဗျာ၊ ပြောများပြောတတ်ရင် ညသုံးနာရီလောက်ကြီးထပြီး ပွက်လောကြမ်း နေတာဟာ ဒီထက်တောင် . .'

'ဒါတော့ သူတို့သဘာဝကိုး၊ ရှင်တားမြစ်လို့ရမလား၊ ကြည့်စမ်းပါဦးရှင်၊ သတ္တဝါနဲ့လက်နက်နဲ့မမျှအောင် ရှင်လုပ်လိုက်ပုံဟာ ကံကောင်းလို့ ကျွန်မ ငနီကြီး ခါးမကျိုးတယ်'

'ခင်ဗျား ငနီလုပ်ပုံကတော့ ကံကောင်းလို့ ကျုပ် ဗိုလ်ချုပ်အောင်ဆန်း ဇက်မကျိုး . .'

'တော်ပါရှင်'

'တော်လို့မဖြစ်သေးဘူး၊ ကျုပ်ပစ္စည်းတွေ ခင်ဗျားခြံထဲမှာ ရှိနေတယ်၊ အဲဒါတွေ ပြန်ပေးဦးမှ တော်လို့ဖြစ်မယ်'

မိန်းမပျိုသည် ဆောင့်ဆောင့်အောင့်အောင့်လုပ်ကာ တင်ဦး၏ပစ္စည်းများကို တစ်ခုစီကောက်ပြီး 'ရော့ . . ရှင် . . ရော့ရှင်' ဆို၍ တင်ဦး၏ အိမ်ခြံဖက်သို့ ပစ်ပေးရာ တင်ဦးမှာ မိမိကိုမမှန်အောင် မနည်းရှောင်ရှားရလေ၏။

ထိုအခါမှ တင်ဦးသည် အဘယ့်ကြောင့် မိန်းမပျိုတစ်ယောက်ကို မိမိရန်ဖြစ်ချင်မိပါသနည်း။ အကျွမ်းတဝင် ရင်းရင်းနှီးနှီးဖြစ်အောင်အသိဖွဲ့ရမည့်နေရာတွင် ရန်ရှာမိခြင်းမှာ မှားလေစွဟု နောင်တရမိလေ၏။ သို့ဖြစ်၍ မိမိ၏ အမှားကို ပြန်လည်တောင်းပန်မည်ဟု စိတ်ပိုင်းဖြတ်ရင်း မိမိ၏ပစ္စည်းကို တစ်ခုစီလိုက်လံကောက်ယူပြီးနောက် ခြံစည်းရိုးနားသို့ ပြန်လည်ကပ်ရပ်လိုက်သောအခါ အိမ်ထဲသို့ပြန်၍ဝင်သွားသော မိန်းမပျို၏ ခြေသလုံးဖွေးဖွေး ကလေးကို မြင်လိုက်ရရုံလောက် မီလေတော့၏။

တင်ဦးသည် ဖြစ်နိုင်လျှင် မိမိကိုယ်မိမိဖနောင့်နှင့်ပေါက်၍ သတ်ပစ်ချင်မိလေ၏။ ထိုနေ့အဖို့ ရုံးသို့သွားစရာ မရှိခဲ့လျှင် တင်ဦးသည် ထိုမိန်းမပျိုကလေးနှင့်ပြန်၍တွေ့ရသည့်တိုင်အောင် တစ်နေ့လုံး ခြံထဲတွင်ထိုင်၍ စောင့်နေ လိုက်ချင်တော့၏။

တစ်နေ့လုံးအဖို့ တင်ဦးသည် ရုံးအလုပ်တွင် စိတ်မဝင်စားချေ။ နာရီကို တကြည့်ကြည့်နှင့် ရုံးဆင်းရန် အချိန်ကိုသာ စောင့်စားနေမိလေသည်။ နောက်ဆုံးတွင် ရုံးဆင်းအချိန်အထိ မစောင့်နိုင်တော့ဘဲ ခေါင်းကိုက်သည် ကို အကြောင်းပြကာ တစ်နာရီသာသာ စော၍ဆင်းခဲ့လေ၏။

'ဟေ့ . . မြနှင်း၊ ခေါင်းရင်းဖက်က တညင်းပင်အောက်မှာ ပက်လက်ကုလားထိုင်တစ်လုံး သွားပြီးချချေစမ်း'

တင်ဦးသည် အဝတ်အစားလဲရင်း တပည့်ကျော်မြနှင်းအား အလုပ်ပေးလိုက်လေ၏။

'နေပူသေးတယ်ဆရာ'

'ဟေ့ကောင် . . စကားကြော ရှည်လှချည်လား၊ ဗနပူတာ မပူတာ မင်းအလုပ်မဟုတ်ဘူး၊ ငါခိုင်းတာသာ ပြီးအောင်လုပ်စမ်းပါ'

တပည့်ကျော်မြနှင်းမှာ ဆရာ့အမိန့်အတိုင်း အပြေးအလွှားလုပ်ကိုင်ပေးသည့်တိုင်အောင် နှစ်မိနစ်လောက် မျှသာလျှင် ခြံထဲသို့ တင်ဦးထက် အရောက်ဦးနိုင်ရှာပေ၏။

ပက်လက်ကုလားထိုင်ပေါ်တွင် သတင်းစာဖတ်ဟန်ဖြင့် တင်ဦးထိုင်လိုက်၍မျှ တအောင့်တနားမရှိမီပင် တစ်ဖက် သောခြံထဲ၌လည်း တင်ဦး မျှော်လင့်နေသူကလေး ရောက်ရှိလာလေ၏။ တင်ဦးသည် မြင်လျှင်မြင်ချင်း ပြေး၍ တွေ့လိုက်ချင်သော်လည်း တမင်လာ၍စောင့်နေသည်ကို မရိပ်မိစေလို၍ မနည်းအောင့်အည်း ဟန်လုပ်နေရလေ၏။ သို့သော် ကြာကြာမစောင့်နိုင်။

'ဒီမှာ' ဟု ခြံစည်းရိုးနားကပ်၍ တင်ဦးက ခေါ်လိုက်၏။

'ဘာ . . ဒီမှာတုန်း'

'သည်းခံပါဗျာ၊ မနက်က ကိစ္စကလေးအတွက် ကျွန်တော့်မှာ တာဝန်ရှိရင်လဲ တောင်းပန်ပါရစေ၊ တကယ်တော့ ကျွန်တော်ဟာ ကြောင်ချစ်တတ်တဲ့ လူပါ'

မိန်းမပျိုသည် တင်ဦးအား မသင်္ကာသည့်အကြည့်မျိုးဖြင့် ကြည့်လေ၏။

'ယရစ်နဲ့ခြစ်သလို ခြစ်တာလားရှင်၊ ရှင့်ဟာက မနက်တုန်းကပဲကြောင်ကို အစိမ်းလိုက်ဝါးစားချင်ပြီး နေမကုန်သေးခင် ကြောင်ကိုချစ်တယ်ဆိုတော့ နည်းနည်းမှ ယုတ္တိမရှိဘူး၊ ရှင်ဟာ ဘာအကြံနဲ့ ဒီစကားပြောတာလဲ'

တင်ဦးမှာ ခပ်ရှိန်းရှိန်းဖြစ်သွားမိတော့၏။ အပေါက်တည့်မည်ပုံတော့ မပေါ်ဘူးဟု တွေးမိ၏။

'အရိုးခံအတိုင်း သိစေချင်လို့ပြောနေတာပါပဲ၊ နောင်ကိုလဲ ဒါမျိုးထပ်ပြီး မဖြစ်စေရပါဘူးဆိုတာ ကတိပေးပါတယ်'

'ကြည့်ရသေးတာပေါ့ရှင်'

မိန်းမပျိုသည် စကားအဆုံးသတ်ပြီး ခွာထွက်၍သွားလေ၏။

ညဥ့်သန်းခေါင်ကျော်သည်နှင့် ကြောင်အော်သည့်အသံမှာ မွေးခါစကလေးတစ်ဒါဇင်လောက် သံပြိုင်ယိမ်းတိုက်သလားဟု ထင်မှားရလောက်အောင် ယမန်နေ့ညကထက် ကဲတော့၏။ တင်ဦးသည် ငြိမ်သက်စွာပင် နားထောင်နေလိုက်၏။ သို့သော ပြာသိုနှင့်ခွာညိုကို ကြိုဆိုသည့်တေးသံသည် ရပ်မသွားဘဲ ထပ်၍သာ ပွားလာလေ၏။ တင်ဦးမှာ မအောင့်အည်းနိုင်တော့ပြီ။ မိန်းမပျိုအား ပေးထားသည့်ကတိကို သတိမရနိုင်တော့ဘဲ အိပ်ရာမှထသွားပြီး ပြတင်းပေါက်ကို ဖွင့်လိုက်လေ၏။

ထိုအချိန်တွင် တင်ဦး၏စိတ်၌ဖြစ်သကဲ့သို့ လမ်းပေါ်မှ တစ်စုံတစ်ယောက်သောသူ၏ စိတ်၌လည်း ဖြစ်ပွားပုံရလေသည်။ အကြောင်းသော်ကား တစ်စုံတစ်ခုနှင့် ကောက်၍ပစ်လိုက်သဖြင့် လေထဲကဖြတ်လာသည့် ရှူးခနဲမြည်သံ ကြားလိုက်ရပြီး တဖက်ခြံထဲရှိ ရေထည့်သော စဥ့်အိုးကိုထိမှန်ကာ ဂွမ်းခနဲ ပေါက်ကွဲသံပေါ်လာလေ၏။ ထိုတစ်ခဏတည်းမှာပင် ကြောင်စုံတွဲတို့၏ ပွတ်သဘင်လည်း ရပ်စဲသွားလေတော့၏။

တင်ဦးသည် အားရကျေနပ်စွာဖြင့် တံခါးပိတ်၍ အိပ်ရာသို့ပြန်ဝင်လေ၏။

နောက်နေ့နံနက်တွင် တင်ဦးသည် လမ်းလျှောက်ရင်း ဈေးပိုင်းသို့ ထွက်လာခဲ့ရာ ဈေးထိပ်တွင် မိန်းမပျိုနှင့် ရင်ဆိုင်တိုးလေ၏။

'သြော် . . ဟို . . အင်း . . ဈေးဝယ်လားသလား'

သူမသည် တင်ဦးနှင့် တွေ့ရသည်ကို ရွှင်ပျခြင်းမရှိချေ။

'ညကလဲ ငနီကြီးကို ရှင်ခဲနဲ့ပေါက်ပြန်တယ်ပေါ့လေ၊ ရှင်ဟာ ယောကျ်ားတစ်ယောက်လုပ်နေပြီး ဘယ့်နှယ်ကြောင့် စကားမတည်တာလဲ'

တင်ဦးသည် အနီးအနားတွင် နားထောင်နေသူများရှိမလားဟု ပတ်ချာလှည့်၍ကြည့်လိုက်ပြီး မည်သူမျှ ဂရုစိုက်နေခြင်းမရှိသည်ကို တွေ့ရမှ 'ကျုပ်မပစ်ရပါလားဗျာ' ဟု ဖြေလေသည်။

'ပြတင်းပေါက်တံခါးဖွင့်ပြီး ရှင်ရပ်နေတာများ ကိုယ်တိုင်မတွေ့မိရင် ခက်မယ်၊ လက်ဆုပ်လက်ကိုင်မိနေတာတောင် မုန်လာဥလုပ်ချင်သေးသလား'

'အထင်မှားပါလိမ့်မယ် . . ကျုပ် ဘာနဲ့မှ မပစ်ပါဘူး'

‘မပစ်ပေလို့ပေါ့ . . ပစ်များပစ်ရင် စဥ္စအိုးကြီးသာမက တစ်အိမ်လုံး ပြိုရချည်ရဲ့’

တင်ဦးသည် ‘အင်း . . ခက်တော့နေပါပြီ’ ဟူသော သဘောဖြင့် သက်ပြင်းချလိုက်ပြီးနောက် ထပ်မံ၍ ထုချေချက် တင်သွင်းရန် ပါးစပ်ဟလိုက်ရာတွင် သူမက ‘တော်ပါတော့ရှင် . . ဒီအကြောင်းမပြောပါနဲ့တော့’ ဟုဆို၍ ထွက်သွားတော့သဖြင့် တင်ဦးလည်း တပ်ခေါက်၍ ပြန်ခဲ့ရလေတော့၏။

ခက်ချေပြီ။ သူမ၏ထိုးစစ်မှာ ပြင်းသည်ထက်ပြင်းထန်လာသည့်အတွက် စစ်ပြေငြိမ်းရေးစာချုပ်နိုင်ဖို့ရန်မှာ တင်ဦးအတွက် မျှော်လင့်ချက် ဝေးခဲ့ပြီလော . .။

‘မြနှင်းရေ . .’

တင်ဦး၏တပည့်သည် အနီးသို့လာရောက်၍ ရိုသေစွာရပ်လေ၏။

‘ဟိုဖက်အိမ်က ငတိမကလေး မင်းသိလား’

‘ဟဲ . . ဟဲ’

‘ဟော့ကောင် . . မေးတာဖြေစမ်းပါ၊ ဘာဖြဲစပ်စပ်လုပ်နေတာလဲ’

မြနှင်းသည် မျက်နှာပိုးသတ်လိုက်ပြီးနောက် . .

‘သူ့နာမည်က တင်မေရီလို့ ခေါ်တာပဲ’ ဟု ပြောပြလေ၏။

‘ခေတ်ဆန်တဲ့နာမည်ပဲဟေ့’

‘နာမည်ခေတ်ဆန်ပေမယ့် တောသူကလေးပါ ဆရာရယ်၊ နယ်မှာ ဆူဆူပူပူဖြစ်လို့ ပြောင်းလာကြတာတွေပါ၊ ဆရာ တောတက်သွားပြီး နောက်တစ်နေ့ ပြောင်းလာကြတာပဲ’

‘တောသူပေမယ့် ရုပ်လဲမခေလှဘူး၊ အဆင်အပြင်ကလေးလဲ ဒီကဟာတွေထက် နိပ်တယ်’

‘သူ့မိဘများကလဲ လယ်နဲ့ချောင်းနဲ့၊ သူကလဲ ဒိုင်အိုမိန်းကလေးကျောင်းမှာ နေဖူးတယ်ဆိုတော့ ဘယ်ခေပါ့မလဲ ဆရာရဲ့’

‘မင်းက ဒီအထိတောင်သိနေမှကိုး’

‘ဟဲဟဲ . . ကျွန်တော်က သူရောက်လာကတည်းက ဒီသတင်းလောက်ပဲ အရေးတကြီးစုံစမ်းနေတာ’

‘ခွေးမသား . . ဒါလောက်ပဲလုပ်ဖို့ စိတ်ကူးနေတယ်၊ သွားစမ်း’

တင်ဦးသည် သူမ၏နာမည်မှာတင်မေရီဖြစ်သည်ကို သိရပြီဖြစ်သော်လည်း ထိုနာမည်ကလေးကို ခေါ်ဝေါ်သုံးနှုန်း နိုင်ရန် အခွင့်အရေးကိုပင်မရရှာချေ။ တစ်ခါတစ်ရံခြံထဲသို့ဆင်းရင်း မျက်နှာချင်းဆုံမိသည့်အခါ မျက်စောင်းထိုး၍ လည်းကောင်း၊ စူအောင့်၍လည်းကောင်း ချာခနဲလှည့်သွားသည်ကိုသာ တွေ့တွေ့နေရလေ၏။

ရက်သတ္တပတ် လွန်မြောက်ခဲ့ပေပြီ။ တင်ဦးအား ဖွဲမလျော့ချေ။ အားအားရှိတိုင်း ခြံထဲသို့ဆင်း၍ အခွင့်အရေးကောင်းပေါ်ပေါက်လာမည့်အချိန်ကိုသာ စောင့်စားနေခဲ့လေ၏။ တစ်ခုသောညနေတွင် ငနီကြီးသည် စာကလေးတစ်ကောင်ကို လိုက်နေရာက ခြံစည်းရိုးကို ခွ၍ပေါက်နေသော တည်ငါးပင်ပေါ်သို့ ပျံသန်းသွားသည်ကို တွေ့သဖြင့် သစ်ပင်ပေါ်သို့တက်၍ လိုက်လေ၏။

တင်မေရီသည် အိမ်ထဲမှ ထွက်လာပြီး 'ဟဲ့ကောင်ကလေး ဆင်းခဲ့၊ သစ်ပင်ပေါ် ဘာတက်လုပ်နေတာလဲ' ဟု ငနီကြီးကို လှမ်းခေါ်လိုက်လေ၏။ ငနီကြီးသည် သစ်ပင်ခွကြားမှငုံ့ကြည့်ကာ ညောင်နာနာအသံဖြင့် ပြန်၍ ထူးလိုက်၏။

ချက်ကောင်းစောင့်နေသော တင်ဦးသည် ဤတွင် မိမိ၏အခွင့်အရေးပေါ်ပြီကို တွေးမိလေ၏။ 'မယားနေစ၊ ကြောင်သေမှ' ဟူသောစကားရှိခဲ့လျှင် 'နောက်ပိုးကြိုက်စ၊ ကြောင်ရှင်မှ' ဖြစ်တော့မည်ဟု နှလုံးပြုပြီးလျှင် ခြံစည်းရိုးနားသို့ ကပ်ရောက်သွားလေ၏။

'ငနီကြီး ပြန်မဆင်းတတ်လို့ အော်နေတယ်၊ ဒါပေမယ့် မပူပါနဲ့၊ ကျွန်တော်တက်ပြီး ယူပေးပါ့မယ်၊ ကျွန်တော်က ကြောင်ဆိုရင် သိပ်ချစ်တာ'

တင်ဦးသည် တင်မေရီ၏စကားကိုပင်မစောင့်တော့ဘဲ တည်ငါးပင်ပေါ်သို့ သွက်သွက်လက်လက် တက်သွားလေ၏။ အရေးထဲတွင် ငနီကြီးသည် အောက်သို့မဆင်းလိုသေးသဖြင့် မည်သူ၏အခေါ်မျှမခံလိုသောကြောင့် တင်ဦးအား ခါးကုန်း၍ ဖြဲခြောက်ပြပြီးလျှင် မြင့်ရာသို့တိုး၍ တက်ပြေးလေ၏။

တင်ဦးသည် အခွင့်ကောင်းကို မလွှတ်လို၊ ချစ်သူအကြိုက်ဆိုလျှင် မိုးစွန်တမွှတ်၊ ကြယ်ကိုပင် ဆွတ်ပေးရရိုး အစဉ်အလာရှိရာ သစ်ပင်အထက် ကြောင်ကိုဆွတ်ရခြင်းမှာ လိမ့်ကျ၍သေသေကြေကြေ လုပ်ရမည့်ဝတ္တရား ဖြစ်သည်ဟု နှလုံးပိုက်၍ မလျော့သောလုံ့လဖြင့် ထိပ်ဖျားရောက်အောင်ပင် ငနီကြီးနောက်သို့ လိုက်လေ၏။

နောက်ဆုံးတွင် ငနီကြီးကုပ်ကို ဖမ်းမိလေရာ တင်ဦး၏စိတ်ထဲတွင် တာဇံလို 'ယိုရီးရိုးဟီးလေ' ဟု ဝမ်းသာအားရ ဟစ်၍အော်လိုက်ချင်သည့်ဆန္ဒကို မနည်းမျိုသိပ်ကာ ခပ်သွက်သွက်ဆင်းခဲ့ပြီး တင်မေရီ၏လက်ထဲသို့ ငနီကြီးကို ဆက်သလိုက်လေ၏။

'ကျေးဇူးတင်ပါတယ်ရှင်'

တင်မေရီက ပြုံးပြုံးကလေးပြောလိုက်၏။ တင်မေရီ၏အပြုံးသည် တင်ဦး၏နှလုံးကို ယားကျိကျိ ဖြစ်သွားစေလေ၏။

'အို . . ကျေးဇူးတင်လောက်စရာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ဟာ တိရစ္ဆာန်ကလေးတွေ အင်မတန် ချစ်တတ်တယ်ဆိုတာ ပြောပြီးပါကော မဟုတ်လား၊ အခုလို အသက်စွန့်ပြီး ငနီကြီးကို အသက်ကယ်ခွင့်ရတာကိုပဲ ဝမ်းသာလို့မဆုံးပါဘူး'

တင်မေရီသည် ငနီကြီးကိုပွေ့ပိုက်ရင်း ကျောကလေးကိုသပ်ကာ 'နီနီ အင်မတန်ဆိုးတယ်၊ အခုလို ကယ့်မယ့်သူ မရှိရင် လိမ့်ကျပြီး မသေပေဘူးလား' ဟု ကြောင်ကလေးကို ဆုံးမသလိုလို၊ တင်ဦးအား ပြောသလိုလိုနှင့် အိမ်ထဲသို့ ပြန်၍ခေါ်သွားလေ၏။

တင်ဦးသည် ဤသို့စွန့်စားလိုက်ရခြင်းဖြင့် မိမိ၏နာမည်မှာ တင်မေရီ၏ခွေးရေပုရပိုက်ထဲက ပျောက်၍သွားတန် ကောင်းပြီဟု တွေး၍ ဝမ်းမြောက်မဆုံးရှိလေ၏။ သို့သော် မိမိနာမည်မှာ မှတ်ပုံတင်ခံရဖို့ ကြိုးစားရန် ရှိနေပြန်သေး၏။ သို့အားဖြင့် တင်ဦးသည် နည်းပရိယာယ်သစ် များကို စိတ်ကူးထုတ်ရပြန်လေ၏။

စိတ်ကူးပေါက်တိုင်း၊ ပေါက်တိုင်းပေါ်လာသောအကြံကို တင်ဦး မကြိုက်လှသေးချေ။ ညှပ်ကြောင်းပေးထားသည့် အတိုင်းမဟုတ်ဘဲ အချိုးလွဲလျှင်အကျိုးနည်းကာ ရရှိထားပြီးသည့် မျက်နှာပွင့်လင်းမှုကလေးပင် ပြန်လည် ပျောက်ပျက်သွားမည်ကို ကြိုတင်၍သတိထားနေရလေ၏။

ရက်အနည်းငယ်ကြာညောင်းခဲ့လေပြီ။ နောက်ထပ် တစ်စုံတစ်ခုလုပ်ပြဖို့ရန် အချိန်တော်နေပေပြီ။ ယခုထက် ရက်ကြာသွားလျှင် တင်မေရီ၏ ပြောင်းညွတ်သောစိတ်သည် မီးဝေးချိပ်ပမာ ဖြစ်သွားမည်ကို တင်ဦးတွေးမိ လေသည်။ သို့သော် ထိရောက်မည်ဟု စိတ်ချလောက်သည့် နည်းပရိယာယ်သစ်ကို တွေး၍မရ။ သို့တွေး၍ မရသည့်နောက်ဆုံးတွင် လက်တွေ့အောင်မြင်ပြီးသား နည်းပရိယာယ်ကိုပင် ထပ်မံ၍ အသုံးချရန် စိတ်ပိုင်းဖြတ် လေသည်။ သို့သော် ငနီကြီးသည် သစ်ပင်ပေါ်သို့ နောက်ထပ်တက်သည်ကို မတွေ့ရသဖြင့် တင်ဦးအတွက် အခက်ကြုံ၍နေလေသည်။

'ငါး . . ငါး'

လမ်းပေါ်မှ အော်လိုက်သည့် ငါးသည်၏ဟစ်သံသည် တင်ဦးအား အဖိုးတန်လှသော အကြံတစ်ခုပွင့်လင်း သွားစေလေ၏။ 'ငါးကြော်မကြိုက် ကြောင်မိုက်' ဟူသော စကားပုံသည် တင်ဦး၏ဦးခေါင်းထဲသို့ ဝင်သွားလေ၏။

'လာပါဦးဗျို့' ဟု အပြေးအလွှားခေါ်ကာ တင်ဦးသည် ငါးတစ်ကောင်ကို ဈေးမဆစ်ဘဲ ဝယ်လိုက်ပြီးနောက် မြနှင်းအား အကြော်ခိုင်းလိုက်လေ၏။

နောက်နေ့နံနက် အရုဏ်တက်သာသာလောက်တွင် တင်ဦးသည် အိပ်ရာမှထပြီးလျှင် ငါးကြော်တစ်ကောင်ကို သံတစ်ချောင်း၊ တူတစ်လက်နှင့် ခြံထဲသို့ဆင်းခဲ့လေ၏။ တင်ဦးသည် တစ်စုံတစ်ခုသော ရာဇဝတ်မှုကို ကျူးလွန်ရန် ကြံစည်နေသူကဲ့သို့ မိမိကို လူသူလေးပါးမြင်သွားမည်ကို စိုးရိမ်သည့် အမူအရာ ပေါ်လွင်လျက်ရှိ၏။ သို့သော် မိမိမှတစ်ပါး မည်သည့်လူရိပ်မျှ မတွေ့ရ။

လောကဓာတ်ကြီးကား သာယာငြိမ်းချမ်းလျက်ရှိပြီး လင်းရောင်ခြည်ကို တေးချိုချိုဖြင့် ကြိုဆိုနေကြသည့် ငှက်ကလေးများ၏ တွန်မြူးသံသာလျှင် လှုပ်ရှားခြင်းရှိသည်ကို တွေ့ရလေ၏။

တင်ဦးသည် ငါးကြော်ကို သစ်ပင်ပေါ်တွင် သံရိုက်၍ချိတ်ထားရန် တက်လေ၏။ သို့သော် သာမန်ချိတ်ထားရုံနှင့် မဖြစ်၊ ငါးနံ့ကိုသာရစေ၍ ငါးကိုမမြင်စေရအောင် ချိတ်ထားနိုင်ပါမှ မိမိ၏အကြံမှာပိပိရိရိရှိမည်ကို တွေး၍ ရွက်အုပ်ကောင်းသည့် အကိုင်းတစ်ခုသို့ ရောက်အောင်တက်ရလေ၏။

တင်ဦးသည် ကျကျနန ငါးကိုသံရိုက်ခဲ့ပြီးလျှင် တူကိုခါးကြားထိုး၍ ဆင်းလာခဲ့ရာ သစ်ပင်အောက်ဆုံးခွကြားသို့ အရောက်တွင် တင်မေရီ၏အိမ်ဖက်မှ တံခါးဖွင့်သံကြားလိုက်ရပြီး ခြံထဲသို့ တင်မေရီဆင်းလာသည်ကို တွေ့ရလေ၏။

'အို . . စောစောစီးစီး သစ်ပင်ပေါ်တက်ပြီး ဘာလုပ်နေတာလဲ'

တင်ဦးသည် ရုတ်တရက်အကြံထုတ်ကာ ပြုံးရယ်သောမျက်နှာဖြင့် 'ကျွန်တော်လား . . မနက်စောစော ကျန်းမာရေးလေ့ကျင့်နေတာ' ဟု ဖြေလိုက်၏။

'ဆန်းလှချည်လားရှင် . . သစ်ပင်တက်ရတဲ့လေ့ကျင့်ခန်း ဒီတစ်ခါပဲ ကြားဖူးတယ်'

'ဒါနောက်ဆုံးပေါ် အမေရိကန်လေ့ကျင့်နည်းပဲ၊ မနက်လမ်းလျှောက်တာဟာ အညောင်းသာပြေတယ်၊ သစ်ပင်တက်တာဟာ ကိုယ်လက်၊ ခြေထောက်၊ တစ်ကိုယ်လုံးရှိတဲ့ အကြောအခြင်တွေပါ သန်စွမ်းစေတဲ့ လေ့ကျင့်နည်းပဲ'

'ဒီလိုပဲ အမြဲလေ့ကျင့်သလား'

'တစ်ခါတစ်ရံမှပါ၊ အမြဲလဲမကောင်းဘူး'

'ရှင့်လေ့ကျင့်ခန်းဟာ ထိပ်ဖျားအရောက် တက်ရသလား'

'မလိုပါဘူး . . အောက်ဆုံးအကိုင်းလောက်ပါပဲ' ဟု ပြောပြီးနောက် တင်ဦးသည် သစ်ပင်ပေါ်မှဆင်းခဲ့လေ၏။

အောက်သို့ရောက်သောအခါ တင်ဦးသည် တင်မေရီနှင့် စကားစပြတ်၍ မသွားစေရန် ပြောရန်စကားကိုရှာလေ၏။

'ဒီမနက် နေကလေး အတော်သာတယ်နော်'

'နေသာတာ ဘာဖြစ်သလဲ'

'ဟို . . အင်း . . မိုးမရွာဘူးပေါ့ဗျာ'

'ဒီလိုဆိုရင် ကျွန်မ လမ်းလျှောက်ထွက်နိုင်တာပေါ့' ဟု ဆို၍ တင်မေရီထွက်သွားလေရာ တင်ဦးမှာ ဖတ်တင့်ငံ့နှင့်ကျန်ရစ်လေ၏။

ထို့နောက် တစ်နံနက်လုံး တင်ဦးသည် ငနီကြီး သစ်ပင်ပေါ်သို့တက်သည်ကို တွေ့ရမည်လားဟု စောင့်စားနေသော်လည်း ငနီကြီးကို အရိပ်အရောင်မျှပင် မမြင်ရချေ။

ဒီကောင်ကြီး ဘယ်နေရာက သောက်စားတွေ ဝအောင်စားပြီး ဗိုက်ကားနေသလဲ မသိဘူး၊ ဒါပေမယ့် မဆာဘဲတော့မနေဘူး၊ ဆာဦးမှာပဲ ဟူသောအတွေးဖြင့် တင်ဦးမှာ စိတ်ဖြေရလေ၏။

မျှော်လင့်တာမဖြစ်၊ မမျှော်လင့်တာ ဖြစ်လေ့ရှိသည့်အတိုင်း နေ့လယ်လောက်တွင် တညင်းပင်ပေါ်သို့ ဗျိုင်းတစ်အုပ်ကျလာကာ ကွိကွိကွကွနှင့် ဆူညံနေကြလေ၏။ တင်ဦးစိတ်ထဲတွင် ငါးကြော်ကို ဗျိုင်းများ ဆိတ်ပေါက်စားကြ၍ ကုန်လျှင်ဖြင့်ခက်တော့မှာပဲ အနည်းဆုံးငါးနံ့ကလေးရအောင် သံရိုက်ထားသည့်နေရာရှိ အစိတ်အပိုင်းကလေးလောက်တော့ကျန်ရစ်ပါစေဟု ကျိတ်၍ဆုတောင်းရင်း နံနက်က အရဏ်တက်လောက် ထခဲ့ရသဖြင့် အိပ်ငိုက်ငိုက်ရှိကာ ခြံထဲရှိ ပက်လက်ကုလားထိုင်တွင်လှဲရင်း မှေးမှိန်း၍နေမိလေ၏။

'အိုရှင့် . . ဒီမှာ . . ဒီမှာ'

တင်ဦးသည် အနားမှဖုံးနှင့်ပေါက်၍နိုးလျှင် မနိုးဟန်ဆောင်၍နေကောင်းနေပေလိမ့်မည်။ တင်မေရီ၏သာယာသောအသံကို ကြားရသည့် အခါမှာမူ ငေါက်ခနဲခေါင်းထောင်၍ ခြံစည်းရိုးအနီးသို့ အပြေးကလေးထသွားလေ၏။

'ကျွန်တော့်ကို ခေါ်သလား'

'ကျွန်မကြောင်ကလေး သစ်ပင်ပေါ် တက်ပြေးပြန်ပြီရှင့်၊ လုပ်ပါဦး၊ ဆင်းနိုင်တော့မှာမဟုတ်ဘူး . . ၊ ခက်ရချည်ရဲ့'

တင်ဦးမှာ မီးထိုး၍စက်နှိုးပေးနေရန် မလိုတော့ချေ။ မိမိထောင်ထားသည့်အပေါက်ကို ငနီကြီးဝင်၍တိုးချေပြီဟု ဝမ်းမြောက်စွာဖြင့် သစ်ပင်ပေါ် သို့ ဖျတ်ဖျတ်လတ်လတ်တက်၍ လိုက်လေ၏။ ငနီကြီးမှာ ငါးအနံ့ရထားသဖြင့် ယခင်တစ်ခေါက်ကကဲ့သို့ တင်ဦးနောက်သို့ အသာတကြည့်မလိုက်လိုဘဲ ငြင်းဆန်အာခံနေသည့်အတွက် တင်ဦးမှာ အကုတ်အဖဲ့ခံကာ မရအရ ဇိကုပ် ဖမ်းပြီးခေါ်ခဲ့ရလေ၏။

တင်ဦးသည် တင်မေရီတို့ ခြံဘက်သို့ဆင်းပြီး ဒုတယမွှ ငနီကြီးကို ဆက်သရပြန်လေ၏။

'ကျေးဇူးတင်လို့မဆုံးပါဘူးရှင်၊ ဘယ်လိုဆပ်ရမှန်းတောင် မစဉ်းစားတတ်ပါဘူး' ဟု ဆိုရာက တင်မေရီသည် တင်ဦး၏လက်ကိုကြည့်မိကာ 'ဟယ် . . သွေးတွေစို့နေပါလား၊ သိပ်နာသွားသလားဟင်' ဟု စိုးရိမ်တကြီး မေးလေ၏။

'အို . . နည်းနည်းပါးပါး ခြစ်မိတာပါ'

'နည်းနည်းပါးပါးဆိုပြီး ပေါ့ပေါ့နေလို့ မဖြစ်ဘူးရှင့်၊ ကြောင်လက်သည်းဟာ အဆိပ်ပြင်းတယ်၊ သွေးဆိပ်တက်ရင် အခက်ပဲ၊ နေဦး . . နေဦး၊ ကျွန်မ ပရုတ်ဆီ သွားပြီး ယူလိုက်ဦးမယ်'

တင်မေရီသည် ပျာပျာသလဲ အိမ်ထဲသို့ဝင်ပြေးသွားပြီး ပရုတ်ဆီနှင့် အဝတ်စည်းကလေးတစ်လိပ် ယူလာလေ၏။

'နည်းနည်းတော့ စပ်မှာပဲ၊ စပ်တာက အရေးမကြီးဘူး၊ အနာကျက်ဖို့လိုတယ်' ဟု တင်မေရီကပြောဆိုရင်း တင်ဦးလက်ကို ပရုတ်ဆီနှင့်သိပ်၍ဆုပ်နယ်ကာ အဝတ်စည်း၍ပေးလေရာ တင်ဦးမှာ တင်မေရီ၏နူးညံ့သော အတွေ့အထိခံစားရသည်ကို ပီတိဖြစ်လျက် 'ငနီကြီးနဲ့နော် . . ငါ့ကို ခပ်များများကလေး ကုတ်လိုက်ရောပေါ့' ဟု တောင့်တလိုက်မိလေ၏။

ထိုအချိန်တွင် တညင်းပင်ပေါ်မှ ဖျိုင်းများသည် ငါးကြော်ကိုလုယက်ရင်း အချင်းချင်းခွပ်နေကြလေ၏။ တင်မေရီမှာ ဂရုပြုမိပုံမရသဖြင့် မိမိအကြံကိုမရိပ်မိဟု တင်ဦးတွေး၏။ ငါးကြော်၏တာဝန်မှာ ကျေပွန်နေပြီဖြစ်၍ ဖျိုင်းစားလို့ ကုန်ချင်ကုန်ပါစေ မလိုတော့ဘူးဟု တင်ဦး စိတ်တွင် ပူပင်မှု မရှိတော့ချေ။

ထိုအခိုက်တွက် ဖုတ်ခနဲ ငါးကြော်ကြီး ပြုတ်ကျလာလေ၏။ တင်မေရီသည် ကျလာသော အရာဝတ္ထုကို ကောက်ယူကြည့်ကာ အံ့အားသင့်သော အမူအရာဖြင့် 'ဟင် . . ငါးကြော်ကြီးပါလား' ဟူ၍ ပါးစပ်မှ အသံထွက်သွားမိလေ၏။

'ဖျိုင်းတွေချီလာပြီး လွတ်ကျတာဖြစ်ပါလိမ့်မယ်၊ အင်းထဲအိုင်ထဲက ငါးကို ဘယ်လောက်ပဲဝေးဝေး သယ်လာလေ့ရှိတယ်'

'အင်းထဲက ငါးကလဲ ကြော်ပြီးသားကြီးပါလား'

တင်ဦးသည် အူကြောင်ကြောင်ဖြစ်လျက် 'ဒါကတော့ အင်း . . အဲ . .' နှင့် ဖြစ်နေလေတော့၏။

'ရှင် . . ဘာမှဖုံးမယ်မကြံနဲ့ ကျွန်မသိတယ်၊ မနက်က ရှင် . . ဒီသစ်ပင်ပေါ်တက်တာ ဒီငါးကြော်ကြီး တက်ချိတ်တာ မဟုတ်လား၊ ညာမယ်လို့တော့မကြံနဲ့၊ ရှင့်ခါးကြားက တူကြီးကိုမြင်လိုက်ရကတည်းက ရှင်လေ့ကျင့်ခန်းယူနေတယ်ဆိုတာမဟုတ်မှန်း ကျွန်မသိတယ်၊ ရှင် ငနီကြီးကို သစ်ပင်ပေါ်မတက်၊ တက်အောင် ကြံတာမဟုတ်လား'

တင်ဦးမှာ စုံထောက်မောင်စံရှားလက်ဝယ်သို့ ရောက်နေသော တရားခံကဲ့သို့ ပြေးမလွတ်မှန်းသိသဖြင့် 'ရီ . . ရီပြောတဲ့အတိုင်း အမှန်ပါပဲ' ဟု ဝန်ခံလိုက်လေ၏။

'ကျွန်မနာမည်၊ ရှင်ဘယ့်နှယ်သိသလဲ'

'သိချင်လွန်းတော့လဲ စုံစမ်းရတာပေါ့'

တင်ဦးမှာ မိမိအကြံတွေပေါ်ကုန်ပြီဖြစ်၍ တင်မေရီ၏ မနှစ်မြို့မှုကို ခံရပေဦးတော့မည်ဟု ရွံ့မိလေ၏။ သို့သော် တင်မေရီအား အားရပါးရ ရယ်၍ နေလေတော့သည်။

တင်ဦးမှာ မစဉ်းစားတတ်အောင် ဖြစ်သွားလေ၏။ တင်မေရီက ရယ်မောရင်း 'ဟိုမှာကြည့်စမ်း' ဟု ဆိုသဖြင့် တင်မေရီပြရာသို့ ကြည့်လိုက်ရာ မိမိတို့အလစ်တွင် သစ်ပင်ပေါ်သို့တက်ပြေးပြီး ငါးကြင်းတစ်ကောင်ကို ကိုက်၍ ဆင်းလာသော ငနီကြီးကိုတွေ့ရလေ၏။ တင်ဦးမှာ မျက်လုံးပြူးသွားလေ၏။

'ဟာ . . ဒါတော့ ကျွန်တော်မဟုတ်ဘူး၊ ကျွန်တော်တင်ထားတာ တစ်ကောင်တည်းရယ်'

တင်မေရီသည် အသံများထွက်အောင် ရယ်လိုက်ပြန်လေ၏။

'အဲဒါ . . ရှင်တင်ထားတဲ့ ငါးမဟုတ်ရင် ကျွန်မတင်ထားတဲ့ငါးပေါ့ရှင့်'

ထိုအခါမှ တင်ဦးမှာ ဘာကြောင့်နံနက်စောစော တင်မေရီ အိပ်ရာထနှင့်နေသည်ကို ရိပ်မိကာ . .

'ဒီလိုဆိုရင် မောင့်အကြံကတောင် နောက်ကျနေသေးတယ်' ဟု ပြောပြီး တင်မေရီနှင့်ရော၍ ဟက်ဟက် ပက်ပက်ကြီး ရယ်မောလိုက်လေတော့ သတည်း။ ။

တိုင်းရင်းမေဂျာနယ်၊ ဩဂုတ်၊ ၁၉၅၁။

# လူစွမ်းကောင်း

ကန်တိုမင်အရပ်ရှိ ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခုထဲသို့ တက္ကစီကားတစ်စင်းသည် ခပ်မှန်မှန် မောင်းနှင်ဝင်ရောက်၍သွားကာ သပ်ရပ်ခံ့ညားသော အိမ်ကြီး၏ဆင်ဝင်အောက်တွင် ရပ်လိုက်လေ၏။ ကားထဲတွင် လိုက်ပါလာသော အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ ယောကျ်ားပျိုသည် မိမိရောက်လာသည်ကို ဝမ်းသာအားရကြိုဆိုရန် ပြေး၍လာမည်လောဟု တစ်ဦးတစ်ယောက်သောသူကို မျှော်လင့်သည့်အမူအရာဖြင့် အိမ်တွင်းသို့ လှမ်းကြည့်လိုက်ရာ မိမိမျှော်လင့်သူ ပေါ်မလာဘဲ အခိုင်းအစေယောကျ်ားကြီးတစ်ယောက်ထွက်လာသည်ကို တွေ့ရသဖြင့် များစွာစိတ်ပျက်အားလျော့စွာနှင့် ကားပေါ်မှ ဆင်းလေ၏။

အစေခံယောကျ်ားသည် ချိုပြုံးရွှင်ပျသောမျက်နှာထားဖြင့် 'အလို ကိုကျော်စိန်ပါကလား' ဟု ဆိုပြီးမှ ဤကဲ့သို့ ရင်းနှီးစွာ အရောတဝင်မခေါ်အပ်သည် ကို သတိရဟန်ဖြင့် 'ဟာ . . ဆရာ . . ဘယ်တုန်းကလာသလဲ' ဟု ယောင်ယောင်မှားမှား မေးလိုက်မိလေ၏။

'အခုလာလို့ အခုရောက်တာပေါ့ကွဲ့၊ မမြင်ဘူးလား'

'ဟုတ်ကဲ့ . . ဆရာ၊ မြင်ပါတယ် ဆရာ'

'ငါလာမယ်ဆိုတာ ဆွေဆွေတို့ မပြောဘူးလား'

'မပြောဘူးဆရာ . .၊ ပြောရင် ကျွန်တော်လာပြီးကြိုမှာပေါ့' ဟု ပြောပြီးနောက် ထိုသူသည် တက္ကစီထဲမှ ကျော်စိန်၏သားရေအိတ်ကို ဆွဲ၍ယူလိုက်လေ၏။ ကျော်စိန်လည်း ကားခပေးခဲ့ပြီးနောက် အစေခံယောကျ်ားနှင့် အတူယှဉ်၍ အိမ်ထဲသို့ဝင်ခဲ့လေ၏။

'ဆွေဆွေတို့ကော မရှိကြဘူးလား'

'မရှိဘူးဆရာ' ဟု ပြောလိုက်ရာ ကျော်စိန်မှာ မျက်နှာမကောင်းဘဲ ဖြစ်သွားပြီးမှ ဣန္ဒြေဆည်လျက် 'ဘယ်သွားသလဲ' ဟု မေးလိုက်လေ၏။

'အပြင်ကို လမ်းလျှောက်ထွက်သွားတယ်'

'ဒေါ်ဒေါ်တို့ပါလား'

'မမတို့ရှိပါတယ်၊ မမလေးနဲ့ ကိုအောင်ဖေနဲ့ သွားကြတယ်'

ကျော်စိန်သည် ယောကျ်ားနာမည်တစ်ခုကိုကြားလိုက်ရလျှင် များစွာအံ့အားသင့်၍သွားကာ 'ဘယ်က အောင်ဖေလဲ' ဟု မေးလိုက်လေ၏။

'မသိဘူးဆရာ၊ ဧည့်သည်တစ်ယောက်ပဲ'

'အသက် ဘယ်လောက်ရှိပြီလဲ'

'ဆရာ့လောက်ပဲရှိလိမ့်ဦးမယ်၊ အလွန်ဆုံး သုံးဆယ်မကျော်ဘူး'

ကျော်စိန်မှာ မျက်လုံးပြူး၍သွားလေ၏။ အကြောင်းမူကား မိမိရောက်ရှိလာခြင်းမှာ ခင်ဆွေနှင့်တွေ့ရန် အားထား၍ လာခဲ့ခြင်းဖြစ်ရာ ခင်ဆွေကို ရုတ်တရက်မတွေ့ရသဖြင့် အမေဆို့သွားကာ ယောကျ်ားတစ်ယောက်နှင့် ထွက်သွားသည်ဟု သိရခြင်းဖြင့် အံ့အားသင့်သွားရာက ထိုယောကျ်ားမှာ မိမိနှင့် ရွယ်တူတန်းတူဖြစ်သည်ဟု သိရပြန်သည့်အတွက် သာ၍ပင်မျက်ဖြူဆိုက်၍သွားပြီးလျှင် အိမ်ထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် ဧည့်ခန်းတွင်းရှိဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ဖင်ဆောင့်၍ထိုင်လိုက်မိလေ၏။

ထိုအခါမှာ ကျော်စိန်သည် မိမိရေးလိုက်သည့်စာများကို၊ ခင်ဆွေမပြန်ကြားဘဲနေခြင်း၏ အကြောင်းအရင်းကို တွေးမိကာ ထိုအကြောင်းကြောင့် ဘူတာရုံသို့ကြိုဆိုရန် လူမလွှတ်ခြင်းဖြစ်သည်ဟု စဉ်းစားမိလေ၏။ သို့ဖြစ်၍ ကျော်စိန်သည် စိတ်အပျက်ကြီးပျက်မိကာ လာမိတာပင်မှားလေပြီဟု အောက်မေ့လျက် ချက်ချင်းပင် ပြန်၍သွားလိုသော စိတ်များပေါ်ပေါက်လာပြီးလျှင် တက္ကစီပြန်၍လွှတ်လိုက်ခြင်းကိုပင် အလျင်လိုလှသည်ဟု ထင်မြင်မိလေ၏။ ထိုနောက်မှ ရောက်လို့ရှိမှဖြင့် အကြောင်းစုံကိုသိရန်စုံစမ်းဦးမည်။ မိမိအရေးလည်း ထိုအကြောင်းကြောင့် မအောင်မြင်နိုင်ဟု မဆိုနိုင်သေးဟူ၍ နှလုံးပြုလိုက်လေ၏။

ကျော်စိန်နှင့်ခင်ဆွေမှာ ကျောင်းနေဖက်ငယ်ချစ်များဖြစ်ကြလေ၏။ သို့ရာတွင် ခင်ဆွေ၏မိဘများမှာ အစိုးရအလုပ်အကိုင်ကြောင့် ရွှေ့ရပြောင်းရနှင့်ကွဲကွာ၍နေကြကာ စာဖြင့်သာ တွေ့၍နေကြရလေရာ လူချင်းမှာမူ လွန်ခဲ့သည့် ခြောက်လခန့်က နောက်ဆုံးတစ်ကြိမ်တွေ့ခဲ့ကြရလေ၏။ ထိုအခါက ခင်ဆွေသည်ကျော်စိန်အား မိမိကိုတောင်းရမ်းဖို့ ရေလာမြောင်းပေးစကားပြောခဲ့သော်လည်း ကျော်စိန်မှာ အလုပ်အကိုင်မရှိ၊ အခြေအနေလည်း မရှိသည့်အတွက် ထိုအကြောင်းနှင့်ပတ်သက်၍ အရိပ်အမြွက်မျှပင်မပြောဘဲ စကားလွှဲပစ်ခဲ့လေ၏။

ယခုမူ မကြာမီကကွယ်လွန်သွားသော ဦးလေးဖြစ်သူတစ်ယောက်၏အမွေအနှစ်ကို တစ်ယောက်တည်း ခံစားရရှိလျက် ပိုးထည်လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်လာလေရာ ယခုအခါ၌မူ မိမိတွင်ဥစ္စာအခြေအနေရှိပြီဖြစ်၍ ထိုအကြောင်းကိုပြောတော့မည်ဟူ၍တစ်ကြောင်း၊ မိမိနောက်ဆုံးအကြိမ် ခင်ဆွေနှင့်တွေ့ရပြီးသည့်နောက်မှ ရေးလိုက်သည့်စာများကို ခင်ဆွေထံမှ ဘာမျှပြန်စာမရသည့်တစ်ကြောင်းကြောင့် လိုက်၍လာခဲ့ခြင်းဖြစ်လေ၏။

ထိုသို့လိုက်လာခဲ့ရာမှ ရောက်လျှင်ရောက်ချင်း စိတ်ပျက်စကားများကို ကြားရပြီးနောက် ဆိုဖာပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်မိရာမှ အိမ်အပေါ်ထပ်တက်သောလှေကားနှင့် ကပ်နေသည့်နံရံပေါ်တွင် ချိတ်ဆွဲထားသော အရာဝတ္ထုတစ်ခုကို တွေ့မြင်ရသဖြင့် စိတ်မသက်သာသည့်မျက်နှာထားနှင့် 'ဟေ့ . . ဘိုးကွန်း၊ ဘယ့်နှယ်ကြီးလဲကွ' ဟု မေးလိုက်လေ၏။

ဘိုးကွန်းသည် ကျော်စိန်ကြည့်ရာဘက်သို့ မျက်နှာလိုက်၍ကြည့်ကာ 'ဟုတ်ပါရဲ့ဆရာ . . ၊ ဘယ့်နှယ်ဟာကြီးမှန်းလဲ မသိဘူး' ဟု ပြောလေ၏။

ကျော်စိန်နှင့်ဘိုးကွန်းတို့ စိုက်၍ကြည့်နေကြသည့်အရာမှ လှေကားအထက်ရှိ ကျွဲလိုလိုနွားလိုလို ချိုကားကားနှင့် သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းဖြစ်လေ၏။ ထိုခေါင်းကြီးမှာ ဒိုင်းပုံသဏ္ဌာန်ရှိသည့် ပျဉ်ပြားကြီးတစ်ခုပေါ်တွင် တပ်ဆင်ထားကာ အိမ်၌အလှဆွဲရန် ပြုလုပ်ထားသည့်အရာပင်ဖြစ်သော်လည်း ကျော်စိန်၏စိတ်ထဲတွင် လှသည်ဟုထင်မြင်ဖို့ဝေးစွ၊ ထိုအရာတစ်ခုတည်းကြောင့် တစ်ခန်းလုံးကျက်သရေယုတ်၍ နေသည်ဟုထင်မြင်မိလေ၏။ ထိုခေါင်းကြီးမှာ ကျော်စိန်၏မျက်စိထဲတွင် အမဲသတ်ရုံသို့ အတင်ခံရခါနီးသော ဆိတ်သိုးကြီး၏ မဲ့ရွဲ့နေသည့် မျက်ခွက်နှင့်တူသည်ဟု အောက်မေ့လေ၏။

'ဘယ်လိုကောင်ကြီးလဲမသိဘူး' ဟု ကျော်စိန်က မျက်နှာမဲ့၍ပြောလေ၏။

‘ပြောင် ဆရာ’

‘ဟုတ်တယ်၊ မျက်နှာကြီးကိုက ပြောင်နေသလိုပဲ’

‘မဟုတ်ဘူးဆရာ’

‘ဘာမဟုတ်တာလဲ’

‘ပြောင်ဆိုတာ၊ ဒီတိရစ္ဆာန်ကို ခေါ်တဲ့နာမည်ကိုပြောတာဆရာရဲ့၊ ပဲခူးရိုးမက ပစ်လာတဲ့တိရစ္ဆာန်တဲ့’

‘သြော် . . ပြောင်လား’ ဟု ဆိုကာ ကျော်စိန်သည် ထိုခေါင်းကြီးကို စိုက်၍ကြည့်ပြန်လေ၏။

‘မျက်နှာကိုက မျက်နှာသေကြီးနဲ့’

‘ဟုတ်တယ်ဆရာ၊ အသက်မှရှိတော့ဘဲ၊ မျက်နှာသေနေတာပေါ့’

‘ဒါပြောတာမဟုတ်ဘူးကွဲ့၊ အသတ်ခံရလို့ သားမယားနဲ့ကွဲပြီး ပရိဒေဝ ဆယ့်တစ်မီးတောက်နေတဲ့ မျက်နှာကြီးနဲ့ ကျက်သရေမရှိလိုက်တာ၊ နည်းနည်းမှ မကြိုက်ပေါင်’

ဘိုးကွန်းသည် ကျော်စိန်၏အပြောကို သဘောကျသွားလေ၏။ မိမိကိုယ်တိုင်လည်း ထိုခေါင်းကြီးကို နည်းနည်းမျှ မနှစ်သက်ခဲ့ပေ။ ထိုသို့မနှစ်သက်ခြင်းမှာ ကြည့်ရှုမကောင်းခြင်းကြောင့် မဟုတ်လှ။ လှေကားတွင် တပ်ထားသည့် နေရာမှာ အတက်အဆင်းမလွတ်ဘဲ ခေါင်းငုံ့၍မဆင်းလျှင် မဏိကိုကပွိခံရလေရာ ထိုခေါင်းကြီးတပ်ထားသည့် အချိန်မှစ၍ ယနေ့ထိ မှတ်မှတ်ရရ ဆယ့်တစ်ကြိမ်အတိုက်ခံရပြီးဖြစ်ခြင်းကြောင့် ပိုမို၍မနှစ်သက်ခြင်းပင် ဖြစ်လေ၏။ သို့ဖြစ်၍ ကျော်စိန်၏စကားကိုကြားရသောအခါ မိမိနှင့် ဝါဒချင်းတူသူတစ်ယောက်တွေ့ပြီ ဟု ဝမ်းမြောက်ကာ ‘ဟုတ်တယ်ဆရာ၊ ကျွန်တော်လဲ နည်းနည်းမှ သဘောမကျဘူး၊ ဒါပေမယ့် မမက ဒါကြီးကိုပဲ အမြတ်တနိုးလုပ်ထားလို့ကြည့်နေရတာ’ ဟု ပြောပြပြီးလျှင် မိမိပြောလိုက်သည့်စကားများကို ကြား၍သွားမည် လောဟု အခန်းတွင်း၌ အခြားလူရှိမရှိလှည့်၍ကြည့်လိုက်ပြီး မည့်သူ့ကိုမျှမတွေ့ရမှ ‘မမ သဘောကျမိရင် ဘယ်သူမှ ပြင်လို့မရဘူး၊ ဝန်ထောက်မင်းလဲ သဘောမကျဘူး၊ ဒါပေမယ့် မမ စကားကို မပယ်ဝံ့လို့ ကြည့်နေရတာ၊ ဆရာအိမ်ပေါ်တက်တဲ့အခါ သတိထား၊ ကျွန်တော်တော့ ခေါင်းနဲ့ဆောင့်မိပေါင်းများလှပြီ’ ဟု သတိပေး၏။

‘ဒီလိုဆိုရင် တခြားနေရာရွှေ့ပြီး ချိတ်ထားပါလား’

‘မဖြစ်ဘူးဆရာ၊ မမက ဧည့်ခန်းထဲမှာမှ ပန်းရတယ်ဆိုပြီး ဒီနေရာမှာချိတ်ထားတာပါ၊ ကျွန်တော်တော့ မြန်မြန် ပိုးဟပ်တောက်၊ ခြကိုက်ပြီး ပျက်ပါစေလို့သာ ဆုတောင်းနေရတော့တာပဲ’ ဟု ပြောရာက ခြေသံကြားသဖြင့် ရုတ်တရက်စကားဖြတ်လိုက်ပြီး ‘ကဲ . . ကျွန်တော် ဒီပစ္စည်းတွေ အပေါ်ကို သယ်သွားတော့မယ်’ ဟု ဆိုကာ သားရေအိတ်ကြီးကိုဆွဲ၍တက်သွားရာက လှေကားသုံးလေးထစ်မရောက်မီ ပြောင်ခေါင်းကြီးက ဘိုးကွန်း၏ ခေါင်းကို နှုတ်ဆက်လိုက်သဖြင့် ဘိုးကွန်းမှာ နောက်သို့လန့်၍ကျတော့မယ်ကဲ့သို့ ဖြစ်သွားလေ၏။ ထိုနောက်မှ ကိုယ်ကိုဟန်လိုက်ပြီး ဒေါသထွက်လျက် ပြောင်ခေါင်းကြီးကို လက်သီးနှင့်ပစ်၍ထိုးလိုက်ရာ ပြောင်းခေါင်းကြီးမှာ အနည်းငယ်မျှမျက်နှာမရှုံ့ဘဲ ဘိုးကွန်းမှာ လက်တခါခါ၊ မျက်နှာတမဲ့မဲ့ဖြစ်လျက် ကိုယ့်အပြစ်နှင့်ကိုယ် ဒေါသကိုထိန်းပြီး အိမ်ပေါ်သို့တက်၍ သွားလေ၏။

ကျော်စိန်သည် ပြောင်ခေါင်းကြီးကိုကြည့်ရသည်မှာ မိမိအဖို့ နိမိတ်မကောင်းဟု မှတ်ထင်မိလေ၏။ ထိုခေါင်းကြီး ကို ပုံသွင်းတပ်ဆင်ထားသည်မှာ ပုံသွင်းသူသည် ကောင်းစွာကျွမ်းကျင်ပုံမရချေ။ ကော်ကပ်ထားသည့်နေရာ

အချိုမှာ ပြန့်ပြန့်ရန့်ရန့်မရှိဘဲ တွန့်၍နေပြီး နှုတ်ခမ်းမှအရေပြားသည် အပေါ်သို့ အနည်းငယ်လန်၍နေသဖြင့် ကျော်စိန်သည် ထိုခေါင်းကြီးကိုအသေအချာစိုက်၍ကြည့်ရာတွင် မိမိအားထိုခေါင်းကြီးကပြုံး၍ကြည့်ကာ နှုတ်ခမ်းရွဲ့ကြီးနှင့် ပြောင်ပြသကဲ့သို့ ထင်မြင်မိလျက် ခင်ဆွေထံ မိမိလာရခြင်းမှာ အရေးမလှစရာအကြောင်းဖြစ်သည်ကို နိမိတ်ပြရော့သလားဟု ထင်မိလေ၏။

ထိုအခိုက်တွင် ကျော်စိန်သည် မိမိနောက်ဘက်မှ ခြေသံကြားရသဖြင့် လှည့်၍ကြည့်လိုက်ရာ ခင်ဆွေ၏မိခင် ဒေါ်ကျော့မေဖြစ်နေသည်ကို တွေ့ရ၍ ထိုင်ရာမှထကာ 'ဒေါ်ဒေါ် . . မာရဲ့နော်' ဟု နှုတ်ဆက်လေ၏။

သို့ရာတွင် ဒေါ်ကျော့မေသည် ကျော်စိန်၏စကားကို ပြန်လည်ပြောဖို့ရန် စိတ်ထဲ၌မသွင်းဘဲ ပြောင်ခေါင်းကြီးကိုသာ အရေးယူနေသူဖြစ်သည့် အလျောက် 'မောင်ကျော်စိန်၊ ဒီခေါင်းကြီးကိုသဘောကျပြီး ကြည့်နေသလား' ဟု မေးလိုက်လေ၏။ ကျော်စိန်မှာ ထိုခေါင်းကြီးကို သဘောမကျသော်လည်း ယောက္ခမလောင်းဟု မျှော်မှန်းထားသူအား ဆန့်ကျင်၍မပြောနိုင်ဘဲရှိသည့်ပြင် ဒေါ်ကျော့မေမှာ သူ၏အလိုကို လိုက်၍ပြောသူကို အရေးယူတတ်သည့် ဝါသနာရှိသောကြောင့် 'ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒီခေါင်းကြီးနဲ့၊ ဒီအခန်းကြီးနဲ့ သိပ်ပြီးကျက်သရေရှိတာပဲ' ဟု မြှောက်၍ပြောလိုက်လေ၏။

'ဒေါ်ဒေါ်ဖြင့်လေ ဒီခေါင်းကြီးရတဲ့နေ့ကတည်းက အိမ်မှာတစ်နေ့တခြားကျက်သရေတိုးပြီး လာဘ်ကောင်းဝင်တယ်လို့အောက်မေ့တာပဲ၊ ဒါကြောင့် မောင်အောင်ဖေကို ကျေးဇူးတင်လို့ မဆုံးနိုင်ဘဲ ရှိနေတာပဲ' ဟု ပြောလိုက်ရာ အောင်ဖေဟူသောအသံကို ကြားလိုက်ရလျှင် စောစောက ဘိုးကွန်းပြောလိုက်သည့် နာမည်ကိုသတိရကာ ခေါင်းကြီးကိုမေ့သွားပြီး 'ဘယ်က အောင် . . မောင် . . အင်း . . ကိုအောင်ဖေလဲ' ဟု မေးလိုက်လေ၏။

'မောင်အောင်ဖေဆိုတာ သာယာဝတီနယ်က နယ်စီးတောအုပ်ကလေးပေါ့ မောင်ရဲ့၊ အဒေါ်တို့ သာယာဝတီကို ပြောင်းရတုန်းကတွေ့ကြတာပဲ။ သေနတ်ပစ် သိပ်တည့်ဒါပဲ၊ အမဲလိုက်ကောင်း တစ်ယောက်ပေါ့၊ အခု ဒေါ်ဒေါ်တို့ ဒီကိုရောက်လာလို့ သူလဲခွင့်ရတာနဲ့အလည်အပတ်လာရင်း သူကိုယ်တိုင်ပစ်လာခဲ့တဲ့ခေါင်းကြီးကို ပုံသွင်းပြီးတော့ လက်ဆောင်ပေးတဲ့ဟာပဲ'

ကျော်စိန်မှာ နဂိုကပင် ထိုခေါင်းကြီးကိုသဘောမကျ။ အောင်ဖေ၏နာမည်ကိုလည်း ကြားစကတည်းက အော့နှလုံးနာမိရာ ထိုခေါင်းကြီးနှင့်အောင်ဖေမှာ အဆက်အသွယ်ရှိပုံကို သိရပြန်သောအခါ ဒေါသလည်းထွက်၊ စိတ်ပျက်မိလေ၏။

'ဒါဖြင့် ကိုအောင်ဖေဆိုတာ၊ ဒီလိုပဲ တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး အကုသိုလ်လုပ်နေတဲ့ လူတစ်ယောက်ပေါ့' ဟု ပြောလိုက်ရာ ဒေါ်ကျော့မေမှာ များစွာမနှစ်သက်ဘဲရှိသော်လည်း ကျော်စိန်၏စကားမှာ တရားနှင့်သက်ဆိုင်၍ အပြစ်ယူစရာမရှိသောကြောင့် 'မောင်ကျော်စိန် ထင်သလိုလဲ ငရဲပွားနေတဲ့လူ တစ်ယောက်တော့ဖြင့် မဟုတ်ပါဘူး၊ အင်မတန်စိတ်ကောင်း၊ သဘောကောင်းရှိပြီး ဘုရားတရားကြည်ညိုတဲ့ သူငယ်တစ်ယောက်ပါပဲ၊ ဒါပေမယ့် ရွာထဲမှာ လာပြီး ဖျက်ဆီးရန်မူနေတဲ့ တိရစ္ဆာန်ရိုင်းတွေကိုတော့ သတ္တဝါကို လူ့ချွတ်မှကျွတ်တယ်ဆိုသလို ဒီလိုပဲလုပ်ရတာပေါ့၊ မောင်ကျော်စိန် သူနဲ့တွေ့ရင် သူ့ကိုအများကြီးသဘောကျမိပါလိမ့်မယ်၊ အခုပဲ ဆွေဆွေနဲ့ လမ်းလျှောက်ထွက်သွားကြတယ်' ဟု ပြောပြလေ၏။

ကျော်စိန်မှာ ဒေါ်ကျော့မေ၏စကားကိုကြားရလျှင် မိမိ၏မျှော်လင့်ချက်များတစ်စစကင်းမဲ့လာသကဲ့သို့ အောက်မေ့မိလေ၏။ အကြောင်းမှာမူ ဒေါ်ကျော့မေစကားအရ အောင်ဖေကိုလိုလားပုံရသည့်ပြင် အတူတူသွားလာခွင့်ပြုသည်ကို သိရပြန်သောအခါ ဆွေဆွေနှင့်အောင်ဖေတို့ အတော်ပင်ခရီးရောက်နေကြပြီလောဟု သံသယရှိမိလေ၏။

ထိုသို့ရှိရသည့်အထဲက ဒေါ်ကျော့မေက ဆက်လက်၍ 'ဆွေဆွေဖြင့် မောင်အောင်ဖေ စွန့်စားပုံတွေပြောပြတာ နားထောင်လို့မငြီးနိုင်ဘူး' ဟု ပြောလိုက်သည်တွင် ကျော်စိန်မှာ ဆွေဆွေနှင့်ငယ်စဉ်က ကျောင်းအတူတူ

နေခဲ့ဖူးသူဖြစ်၍ ဆွေဆွေသည်သတ္တိကောင်းသူ၊ အစွမ်းကောင်းသူ၊ တစ်စုံတစ်ရာ ရဲရဲရင့်ရင့် ဆောင်ရွက်စွန့်စားသူတို့ကို များစွာနှစ်သက်သဘောကျကြောင်း သိရှိရသည့်အလျောက် အောင်ဖေကိုလူစွမ်းကောင်းကြီး တစ်ယောက်ဟု နှစ်သက်သဘောကျ၍ နေလေပြီလောဟု စိုးရိမ်မိလေ၏။

ထိုအခိုက်တွင် ခင်ဆွေနှင့်အောင်ဖေတို့ လမ်းလျှောက်ရာမှ ပြန်လည်၍ ရောက်လာကြသည်ကို တွေ့ရလေ၏။ ကျော်စိန်သည် အောင်ဖေမှာ အဘယ်ကဲ့သို့သောလူစားဖြစ်သည်ကို နာမည်ကြားရကတည်းက ကြည့်ချင်မြင်ချင်လှသည့်အလျောက် ယခုရောက်၍လာသည်တွင် ခြေဆုံးခေါင်းဆုံးကြည့်ရှုရာ အမဲလိုက်ကောင်းဟု ဆိုရလောက်သောရုပ်လက္ခဏာဘာမျှမရှိဘဲ ပိန်ပိန်ကပ်ကပ်၊ အရပ်မြင့်မြင့်၊ မျက်စိမှေးမှေးနှင့်မုတ်ဆိတ်မွေးစုံ ပြူပြူထွက်နေသူ တစ်ယောက်ကို တွေ့ရသဖြင့် မျက်စိမှိတ်၍လျှာထုတ်ပြီး ပြောင်၍ပြလိုက်ချင်သော ကျောင်းနေစဉ်က ကလေးစိတ်မျိုး ပေါ်ပေါက်လာခြင်းကို အနိုင်နိုင်မျိုသိပ်၍ ထားလိုက်ရလေ၏။

ခင်ဆွေသည် ကျော်စိန်ကိုမြင်ရလျှင် ဝမ်းသာအားရနှင့် ‘အို . . ကိုကျော်စိန်၊ ရောက်နှင့်နေမှကိုး၊ ဆွေဆွေက မရောက်သေးဘူးထင်ပြီး အမီအမြန်ပြန်လာခဲ့တာပဲ’ ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် အောင်ဖေဘက်သို့ လှည့်ကာ ‘ဟောဒါ . . ဆွေဆွေနဲ့ကျောင်းနေဖက် အင်မတန်ချစ်တဲ့ သူငယ်ချင်း ကိုကျော်စိန်ဆိုတာပေါ့’ ဟု အသိဖွဲ့ပေး၍ ကျော်စိန်အားလည်း ‘ဆွေဆွေတို့ သာယာဝတီတုန်းက သိကြတဲ့ တောအုပ်ကိုအောင်ဖေဆိုတာလေ’ ဟု မိတ်ဖွဲ့ပေးလေ၏။

ထိုသို့ခင်ဆွေက အင်္ဂလိပ်ထုံးစံဖြင့်မိတ်ဖွဲ့သည့်အတွက် နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်၍ ပြုံးကြသော်လည်း သူတို့နှစ်ယောက်စလုံး၏ပြုံးပုံမှာ အူထဲအသည်းထဲကထွက်ပေါ်လာသည့် ပြုံးခြင်းမဟုတ်ဘဲ လည်စလုတ်လောက်ဆီက ထွက်ပေါ်လာကာ တမင်ညှစ်၍ပြုံးရသည့် အပြုံးမျိုးဖြစ်သည်ကို တွေ့ရပေ၏။

ကျော်စိန်မှာ မိမိကြာကြာကြည့်၍နေရလျှင် မိမိ၏မနှစ်သက်ခြင်းများကို ရိပ်မိကုန်ကြမည်ကို စိုးရိမ်၍ ‘ကဲ . . ဒေါ်ဒေါ်၊ ကျွန်တော် အဝတ်အစားလဲလိုက်ပါရစေဦး’ ဟု ပြောပြီးနောက် ခင်ဆွေအား ‘တော်တော်ကြာမှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့’ ဟု မှာကာ အောင်ဖေကိုမူ မျောက်ခြောက်သလို သွားဖြဲပြသော ပြုံးခြင်းမျိုးဖြင့်ပြုံးပြီး အိမ်ပေါ်သို့တက်ရန်ထွက်၍လာခဲ့ရာ လှေကားပေါ်သို့တက်မိသည်နှင့် တစ်ပြိုင်နက် ဒိန်းခနဲ မြည်သောအသံဖြင့် မိမိခေါင်းနှင့် ပြောင်ခေါင်းကြီးဝင်၍နှုတ်ဆက်မိလေရာ ဒေါသဖြစ်ကာ ရှက်ရမ်းရမ်းပြီး ခေါင်းကြီးကို လက်သီးနှင့်ထိုးလိုက်မည်ကြံမိပြီးမှ ဘိုးကွန်းဖြစ်ပုံကိုသတိရ၍ လက်လျှော့လိုက်ရကာ မကျေမချမ်းဖြစ်သောစိတ်နှင့် အိမ်ပေါ်သို့ တက်သွားလေ၏။

အိမ်ပေါ်သို့ရောက်သည့်အခါတွင် ဘိုးကွန်းသည် မိမိအိပ်ရန်အတွက် အောင်ဖေ၏ခုတင်နှင့်ယှဉ်၍ မိမိခုတင် ပြင်ဆင်နေသည်ကို တွေ့ရသောကြောင့် အောင်ဖေနှင့်ယှဉ်၍အိပ်ရမည်ကို များစွာစိတ်ပျက်မိလေ၏။ သို့ရာတွင် သူတစ်ပါးအိမ်၌ တည်းခိုရခြင်းတွင် မည်သူနှင့်ယှဉ်၍ မအိပ်လို၊ မည်သည့်နေရာတွင်မှ အိပ်လိုသည်ဟု ကြေးများစရာအလုပ်မဟုတ်သောကြောင့် ကန့်ကွက်သည့်စကားဘာမျှမပြောဘဲ ဘိုးကွန်းထံမှရေချိုးဖို့ လဲလှယ်ရန် အဝတ်အစားတောင်းယူပြီး ရေချိုးခန်းသို့ ထွက်သွားလေ၏။

ကျော်စိန်သည် ရေချိုးပြီး၍ အဝတ်အစားလဲလှယ်ဖီးလိမ်းကာ အခန်းအပြင်သို့ ထွက်၍လာရာတွင် ဝန်ထောက်မင်းကြီးဦးအောင်ကဲနှင့် ရင်ဆိုင်တွေ့နေသည့်အတွက် အောက်ဖက်သို့မဆင်းနိုင်ဘဲ ဦးအောင်ကဲနှင့်အတူ အိမ်ရှေ့လသာခန်းသို့ထွက်ကာ စကားပြောဆို၍နေရလေ၏။ ကျော်စိန်မှာ မိမိနှင့်မျက်နှာကြောလည်းမတည့်၊ စိတ်ထဲကလည်းမလိုသူ အောင်ဖေနှင့်နောက်ထပ်၍မတွေ့လိုဘဲ ညစာစားသည့်အချိန်ကျမှ ထမင်းစားပွဲတွင် မျက်နှာချင်းဆိုင်တွေ့ကြလေ၏။

ထိုအခါမှ ဒေါ်ကျော့မေက ကျော်စိန်အား ပြောင်ခေါင်းကြီးအကြောင်းကို ပြောပြရန်အချက်ရပြီး အောင်ဖေဘက်သို့ လှည့်၍ ‘ကဲ . . ဒေါ်ဒေါ့်တူကို ပြောင်ကြီးနဲ့တွေ့ရပုံကို ပြောပြလိုက်စမ်းပါဦး၊ ကြားချင်လွန်းလို့တဲ့’ ဟု ပြောလိုက်ရာ ကျော်စိန်နှင့်တကွ ဦးအောင်ကဲပါ မိမိတို့မကြားလိုကြောင်း ပိတ်ပင်ရန် ပါးစပ်ဟဖို့ ပြင်လိုက်သည်

တွင် ဒေါ်ကျော့မေက ဦးအောင်ကဲ မနှစ်သက်ကြောင်းကိုသိသဖြင့် မျက်စောင်းထိုးကာ ‘ငြိမ်ငြိမ်နေစမ်းပါ၊ စကားမဟစမ်းပါနဲ့’ ဟု လေသံဖြင့်ပြောလိုက်၍ ခင်ဆွေကလည်းကျော်စိန်အား ဘာမျှမပြောရန် တံတောင်နှင့် တွက်၍ အချက်ပေးလိုက်ပြီးလျှင် အောင်ဖေအား ‘ပြောစမ်းပါဦး ကိုအောင်ဖေရဲ့၊ ဆွေဆွေဖြင့် နားထောင်ပြီးရင်း ထောင်ချင်ရင်းပဲ’ ဟု ဆိုလေ၏။

အောင်ဖေသည် ဓမ္မကထိက တရားဟောခါနီး ချောင်းဟန့်၍ ချွဲရှင်းသကဲ့သို့ ‘အဟမ်း’ ဟု လုပ်လိုက်လေ၏။

‘ဒီတိရစ္ဆာန်ကြီးမျိုးဟာ အင်မတန်နက်တဲ့တောကြီးများမှာမှရှိတယ်၊ ပြောင်ဆိုတာ ဒီအကောင်ကြီးမျိုးပဲ၊ များသော အားဖြင့် အအုပ်လိုက်၊ အစုလိုက် နေလေ့ရှိတယ်၊ ဒါပေမယ့် တစ်အုပ်တစ်အုပ်မှာ ဗိုလ်လုပ်တဲ့အကောင်ကြီးရှိပြီး သူကတော့ သွားချင်ရာသွားနေတာပဲ၊ ရန်သူကိုသူမြင်လို့ အချက်ပေးလိုက်တာနဲ့တစ်ပြိုင်နက် ကျန်တဲ့တစ်အုပ်လုံး ပြေးတာပဲ၊ သူကတော့ သူလွတ်အောင် ပြေးနိုင်ရင်ပြေး၊ မပြေးနိုင်ရင် တစ်ကောင်တည်းခုခံတာပဲ၊ အခု လေ့ကားထက်မှာ ချိတ်ထားတဲ့အကောင်ကြီးကို တွေ့ရတုန်းကလဲ တစ်ကောင်တည်းပဲ၊ ပဲခူးရိုးမ မရောက်ခင် တောနက်ကြီးထဲမှာ တွေ့ရတာပေါ့၊ တွေ့တယ်ဆိုရင်ပဲ ခပ်လှမ်းလှမ်းမှာ တွေ့ရတာမျိုးမဟုတ်ဘူး၊ သူကလဲ လျှိုထဲကအထွက်၊ ကျွန်တော်ကလဲ ကုန်းကလေးအပေါ်အတက်၊ ပက်ပင်းတွေ့ကြတာ၊ ဘာဝေးမလဲ၊ အလွန်ဆုံးရှိမှ ပေအစိတ်သုံးဆယ်လောက်ပဲကွာမယ်၊ ကျွန်တော်လဲ မထင်ဘဲ ရုတ်တရက်ဘွားခနဲတွေ့လိုက်ရတော့ ကြက်သေ သေနေပြီးမှ ချက်ချင်းသတိရပြီး သေနတ်ကိုမောင်းတင်ပြီး ပစ်လိုက်တာ . . ’

‘သေနတ်နဲ့ပစ်တော့ ဆီတွေမပေဘူးလား’ ဟု ကျော်စိန်က ပြောင်သလိုလိုပြောလိုက်ရာ ဦးအောင်ကဲနှင့် ဒေါ်ကျော့မေတို့မှာ ကျော်စိန်၏ပြက်ရယ်ပြုသော စကားအဓိပ္ပာယ်ကိုမသိကြ၍ ငေးနေကြသော်လည်း အောင်ဖေ မှာမူ မျက်နှာပျက်၍သွားသဖြင့် ခင်ဆွေက ကျော်စိန်အား တံတောင်နှင့် တွက်လိုက်လေ၏။

‘ဒိုင်းခနဲ ကျည်ဆံထွက်သွားတာနဲ့တစ်ပြိုင်နက် လဲရောလို့အောက်မေ့လိုက်တာ . . ၊ မလဲဘူးခင်ဗျ၊ ပခုံးကိုထိပြီး သွေးတွေဖြာခနဲထွက်လာတယ် ပဲ တွေ့ရတယ်၊ ဒီအကောင်ကြီးလဲ သေနတ်ထိတယ်ဆိုရင်ပဲ ရှူးရှူးရှဲရှဲ မြေကို ခွာနဲ့ဆောင့်၊ ချိုကြီးကိုထောင်ပြီး လူကိုရန်မူဖို့ ပြင်တော့တာပဲ၊ ဒါပေမယ့် . . ကျွန်တော်ကလဲ နည်းနည်းမှ ကြောက်စိတ်မရှိဘူး’ ဟု ပြောစဉ် ခင်ဆွေသည် ပုံပြောသည်ကိုနားထောင်နေသော ကလေးကလေး ကဲ့သို့ အောင်ဖေ၏မျက်နှာကို မေးထောက်၍စိုက်ကြည့်နေရာက ကျော်စိန်ဘက်သို့လှည့်ကာ ‘ဟုတ်တယ်၊ ကိုအောင်ဖေက သိပ်ပြီး သတ္တိကောင်းတာပဲ’ ဟု ပြောပြလေ၏။

‘ဟုတ်တယ် . . ၊ ကျွန်တော်ကလဲ နေရာကမရွေ့ဘဲ ရှေ့ကိုမတိုးနဲ့၊ တိုးရင်အပစ်ပဲလို့ ချိန်ပြီးနေတုန်း ဖြန်းဆို . . ပြောင်ကြီးနောက်နားက ဆင်ကြီးတစ်ကောင် ထွက်လာပြန်ပါရောဗျာ၊ နားရွက်ကြီးလှုပ်လို့’

‘ဘယ့်နှယ်တုန်း မောင်ကျော်စိန်၊ ဒီလိုများ မောင်ကျော်စိန်တွေ့ရရင် ဘယ်လိုနေမလဲ’

‘ကျွန်တော်တော့ ဒီလိုတွေ့ရရင် အိပ်မက်ထဲက လန့်ပြီးနိုးမှာပဲ’ ဟု ပြောလိုက်ရာ ဒေါ်ကျော့မေ၏မျက်နှာမှာ မကြည်မသာ ဖြစ်သွားလေ၏။

‘အရေးထဲမှာခက်လိုက်ပုံကလဲ ကျွန်တော့်သေနတ်ထဲမှာ ယမ်းတောင့်ကလဲတစ်ခုတည်းပဲ ကျန်တော့တယ်၊ ကျွန်တော်တွေ့နေရတာက တစ်ကောင်တည်းလဲ မဟုတ်ဘူး၊ ပြောင်ကတစ်မျိုး၊ ဆင်ကတစ်မျိုးနဲ့ အခက်ကြုံနေ တာပေါ့၊ ဒါနဲ့ ယမ်းတောင့်အပြည့်အစုံထိုးပြီးသား သေနတ်တစ်လက်နဲ့ လဲရအောင် ကျွန်တော့်နောက်လိုက်ကို ခေါ်မလို့ နောက်ကိုလှည့်ကြည့်လိုက်တော့ မောင်မင်းကြီးသား ကြောက်အားလန့်အားနဲ့ သေနတ်ပါယူပြီး ဖင်ဆောင့်ပြေးတော့တာပဲကိုး၊ ဒီလိုနေတုန်းမှာပဲ ဆင်ကြီးလဲ တစ်ခါတည်း နှာမောင်းကြီးထောင်၊ အမြီးကြီးတန်း ပြီးတော့ ကျွန်တော့်ကိုထိုးရအောင် တစ်နာရီ မိုင်ခြောက်ဆယ်လောက်မြန်တဲ့အဟုန်နဲ့ တစ်ရှိန်ထိုးပြေးလာပါရော၊ ကျွန်တော်လဲ ဟယ် . . ၊ တတ်နိုင်ပါဘူး၊ သူ့ကံပဲဆိုပြီး ရုတ်တရက်အကြံရတာနဲ့ ဘေးကိုနည်းနည်းကလေး ရှေ့လိုက်တော့ ပြောင်နဲ့ ဆင်ကြီးက တစ်တန်းတည်းတည့်သွားတာပေါ့၊ အဲဒီတော့မှ တစ်ခါတည်း

မျက်စိမှိတ်ပစ်လိုက်တာ ကျည်ဆံဟာ ဘယ်လောက်ပြင်းတယ် မပြင်းတယ် မပြောနဲ့၊ ပြောင်ရဲ့ ကိုယ်ထဲက ထုတ်ချင်းခပ်ဖောက်ပြီး ဆင်ကြီးရဲ့ ဦးခေါင်းကို တည့်တည့်ကြီးဝင်ပြီးမှန်တာပဲ'

'အမလေး . . အသည်းထိတ်စရာ ကောင်းလိုက်တာနော်၊ မောင်ကျော်စိန်များ အခုလိုကြုံရရင် ဘယ်လိုလုပ်မလဲ'

'ကျွန်တော်တော့ ကြုံသေးတယ်၊ ပုံဆွေးဗျာထုကြွယ်ဆိုပြီး အဲဒီနေရာမှာပဲ ချုံးချုံးပြီး ထိုင်ငိုလိုက်မှာပဲ'

'အဲဒါနဲ့ ပြောင်ကြီးကတော့ နေရာမှာပဲ ပွဲချင်းပြီးသေသွားတော့တာပဲ၊ ဆင်ကြီးကတော့ ဦးနှောက်မှန်ကတည်းက အသက်လွင့်သွားပေမယ့် ပြေးလာတဲ့အရှိန်က ရုတ်တရက်မပြေသေးဘဲ ဟပ်ထိုး . . ဟပ်ထိုးနဲ့ ရှေ့ကို စိုက်လာပြီး ကျွန်တော့်ခြေရင်းနားမှာပဲ ခေါင်းစိုက်ပြီး သေတော့တာပဲ'

ထိုအခိုက်တွင် ဒေါ်ကျော့မေက အမွှန်းတင်ဦးမည်ကြံရာ ကျော်စိန်က အရင်ဦးစွာ 'ဒေါ်ဒေါ်၊ ထမင်းထည့်ပါဦး' ဟု ထမင်းထည့်သော ကြွေဇလုံကို လှမ်း၍ပေးလိုက်သဖြင့် ဒေါ်ကျော့မေမှာ ပြောမည့်စကားကို မေ့၍သွားလေ၏။ အောင်ဖေမှာမူ မိမိ၏စကားကို ချီးမွမ်းခြင်းမခံရသည့်ပြင် ဖျက်လိုဖျက်ဆီး နှောင့်ယှက်ခြင်းခံရသည့်အတွက် ပြက်လုံးထုတ်သည်ကို ပရိသတ်တို့၏ရယ်မောခြင်းမခံရသော လူပြက်ကဲ့သို့ ကြောင်တောင်တောင်ကြီး ဖြစ်၍ သွားလေ၏။

ထမင်းစား၍ပြီးကြသောအခါ ကျော်စိန်သည် စိတ်ပျက်ပျက်ဖြင့် ဧည့်ခန်းထဲသို့သွား၍ထိုင်နေစဉ် ခင်ဆွေရောက်၍ လာလေ၏။

'ကိုကျော်စိန် ပျင်းနေသလား၊ တစ်ယောက်တည်း ဘာလုပ်နေတာလဲ'

'ဆွေဆွေကို စောင့်နေတာပဲ၊ အထူးအရေးကြီးတဲ့ စကားပြောမလို့'

ခင်ဆွေသည် မျက်လုံးကလေးများလှန်၍ စဉ်းစားသလိုလုပ်နေပြီးနောက် ပြုံးရယ်ကာ 'ဘာစကားများပါလိမ့်' ဟု မေးလိုက်လေ၏။

ကျော်စိန်မှာ ခင်ဆွေ၏ပြုံးရယ်ခြင်းကို မသင်္ကာသလိုလိုဖြစ်ကာ မိမိပြောမည့်စကားကိုရိပ်မိ၍ သရော်သလိုလို ပြုလုပ်ခြင်းပေလောဟု စိတ်မသန့်ဘဲရှိပြီး ပြောမည့်စကားကိုပင် မထွက်ချင်ဘဲ ရှိမိလေတော့၏။

'ဆွေဆွေ . . ၊ ကိုကျော်စိန်ပေးတဲ့စာတွေကို အခုတလော ဘာလို့မပြန်သလဲ'

ခင်ဆွေသည် စဉ်းစားနေပြီးမှ 'ပြန်ဖို့မလိုတော့ဘူးထင်လို့' ဟု ဖြေလိုက်သဖြင့် ကျော်စိန်မှာ အံ့အားသင့်၍သွားလေ၏။

'ဘာပြုလို့လဲ ဆွေဆွေ၊ ကိုကျော်စိန်ကို ဆွေဆွေချစ်တယ် မဟုတ်လား'

'ချစ်တယ်လေ . . ချစ်သားပဲ၊ မချစ်ဖူးလို့ ဘယ်တုန်းကပြောသလဲ၊ ဒါပေမယ့် ကိုကျော်စိန်ကို ယူဖို့ဆိုတာ မဖြစ်နိုင်လို့ နောက်ပေးတဲ့စာတွေကို ပြန်ဖို့မလိုတော့ဘူးဆိုတာ . . ပြောတာပဲ'

'ဆွေဆွေ အရင်တုန်းကဆိုရင်ကိုကျော်စိန်ရဲ့စကားကို လိုက်နာမိချင်လိုက်နာမိမှာပဲ၊ ဒါပေမယ့်အခု ကိုအောင်ဖေကို တွေ့ပြီးမှတော့ဖြင့် ကိုကျော်စိန်ရဲ့ စကားကို မလိုက်နာနိုင်တော့ဘူးထင်တယ်၊ ဆွေဆွေဟာ ရဲရဲရင့်ရင့်လူမျိုးကိုမှ သဘောကျတတ်တယ်ဆိုတာ ကိုကျော်စိန်အသိသားပဲ၊ အထူးပြောနေဖို့ မလိုဘူးထင်တယ်'

'စဉ်းစားပါဦး ဆွေဆွေ၊ ဆွေဆွေဟာ ရဲရင့်တယ်ဆိုတာနဲ့ ယောကျ်ားပီသတယ်ဆိုတဲ့စကားကို အယူအဆ လွဲနေပြီထင်တယ်၊ တိရစ္ဆာန်တွေသတ်တာ၊ ဖြတ်တာနဲ့ ယောကျ်ားပီသတယ်လို့ ဆိုနိုင်ပါမလား၊ ယောကျ်ား ကောင်းစိတ်ထားရှိမှ . . ' ဟု ကျော်စိန်ပြော၍မှ စကားမဆုံးသေးမီ ခင်ဆွေသည် စိတ်ဆိုးသည့်အမူအရာဖြင့် 'ကိုကျော်စိန် ဒီအကြောင်းကို နောက်ထပ်မပြောပါနဲ့တော့၊ ဆွေဆွေ့စိတ်ထဲမှာ ဒါဆိုရင်ဒါပဲ၊ စိတ်တစ်မျိုးတည်း ထားတယ်၊ ပြင်လို့မရဘူး၊ ဒါကြောင့် ကိုအောင်ဖေကလွဲပြီး ဘယ်သူ့မှ မေတ္တာမရှိနိုင်ဘူးဆိုတာ ပြောပြီးတဲ့နောက် ထပ်ပြီးမေးနေဖို့ မလိုတော့ဘူး၊ ဒီအကြောင်းနဲ့ဆိုရင် နောက်ထပ်နားမထောင်ချင်တော့ဘူး' ဟု ဆိုကာ လှည့်ထွက်၍သွားသည့်အတွက် ကျော်စိန်မှာ အခံရခက်ခက်ဖြင့် ဝမ်းနည်းဒေါသဖြစ်ကာ ကျန်ရစ်လေ၏။

ထိုသို့ကျော်စိန်မှာ မကြံနိုင်မခံနိုင်ဖြစ်လျက်ရှိရာက အကြံယူသကဲ့သို့ ဟိုဟိုဒီဒီကြည့်ရာတွင် အနီးရှိ စာအုပ် တစ်အုပ်ကိုတွေ့ရသဖြင့် ကောက်၍ကြည့်လိုက်ရာ 'ခင်ခင်ဆွေသို့ အထူးမေတ္တာလက်ဆောင်' ဟု စာတန်းထိုးလျက် 'ဖေ' ဟု လက်မှတ်ထိုးထားသည်ကို တွေ့ရသဖြင့် ပို၍ဒေါသဖြစ်ကာ စာအုပ်ကိုကိုင်ရင်း ဘာလုပ်ရပါမလဲဟု အကြံထုတ်နေစဉ် ပြောင်ခေါင်းကြီးကို သွား၍မြင်ပြန်ရာ ပြောင်ခေါင်းကြီး၏ သရော်သလိုလို မျက်နှာကြီးသည် မိမိအား 'မရှက်ဖူးလား . . ခင်ဆွေက မကြိုက်ဖူးတဲ့' ဟု ပြောင်လှောင်သကဲ့သို့ ထင်မြင်မိသဖြင့် လက်ထဲ၌ရှိသော စာအုပ်ကို တအားလွှဲပြီး ပြောင်ခေါင်းကြီးကို ပေါက်လိုက်ရာ ဒေါက်ခနဲ ငယ်ထိပ်တည့်တည့်ကို မှန်၍သွားလေ၏။

ထိုအခိုက်တွင် 'ဂွတ်ရှော့လ် . . ' ဟု ဆိုကာ မကျယ့်တကျယ် လက်ခုပ်သြဘာသံပေးလျက် 'တယ်ပြီး လက်တည့်ပါကလားကွ' ဟု ဆိုလိုက်သံကို ကျောနောက်ဆီမှကြားရသဖြင့် ကျော်စိန်သည် လန့်ဖျပ်သွားပြီး လှည့်ကြည့်လိုက်ရာ ဦးအောင်ကဲကိုတွေ့ရ၍ အံ့အားသင့်ကာ မိမိအား အပြစ်တင်လေမည်လားဟု ရင်တထိတ်ထိတ်နှင့် ကြည့်နေမိလေ၏။

ဦးအောင်ကဲသည် ပြုံးရယ်လျက် 'ဟေ့ . . မင်းတယ်ဟုတ်လှသကွဲ့၊ ငါလဲပဲ ဒီခေါင်းကြီးကို နည်းနည်းမှ ကြည့်လို့မရဘူးကွ၊ ဘယ်လိုလုပ်ရမလဲ လို့ ကြံနေတာ အခုမှ အကြံရတယ်။ ငါလဲပဲ လက်တည့်စမ်းဦးမယ်' ဆိုမှ ကျော်စိန်မှာ စိတ်သက်သာရာ ရရှိသွားလေ၏။

ထိုသို့ပြောပြီး ဦးအောင်ကဲသည် စာအုပ်ကိုကောက်ယူ၍ နောက်သို့ လေးငါးခြောက်လှမ်းမျှလှမ်းကာ အသေအချာ ချိန်ဆပြီးလျှင် တအားကုန် ကုန်း၍ပစ်ပေါက်လိုက်ရာ စာအုပ်သည် လေထဲတွင် ဖျိုင်းပျံသကဲ့သို့ စာရွက်များ အတောင်ခတ်၍ ပျံသန်းကာ ပြောင်ခေါင်းကြီးကို ဝုန်းခနဲ တည့်တည့်ကြီး ထိမှန်လေ၏။

'နိပ်ဟ . . ' ဟု ဦးအောင်ကဲသည် ဝမ်းသာအားရဆိုလိုက်ကာ ထ၍ပင် ခုန်တော့မည်ကဲ့သို့ ပြုလုပ်လိုက်ပြီးမှ ခေါင်းကြီးကို စိုက်၍ကြည့်ရင်း . . မျက်လုံးပြူးသွားလျက် 'ဟိုက် . . သောက်ကျိုးတော့ နည်းတော့တာပဲ' ဟု ဆိုလိုက်သဖြင့် ကျော်စိန်သည် ဦးအောင်ကဲစိုက်ကြည့်ရာဖက်သို့ စူးစမ်းရှာဖွေသောမျက်လုံးဖြင့် ကြည့်လိုက်ရာ ပြောင်ခေါင်းကြီး၌တပ်ထားသော မျက်လုံးတစ်လုံးမှာ စာအုပ်မှန်၍ ကျွတ်ထွက်လွင့်စင်သွားသည်ကို တွေ့ရ လေသည်။

'အဲဒါမှ ခွကျတာပဲဟေ့ . . ၊ ငါနဲ့ မကျော့မေနဲ့တော့ ကမ္ဘာရန်ကြီးတွေကြရတော့မှာပဲ၊ သူတော့ဖြင့် ဒီအကြောင်းနဲ့ ပတ်သက်ပြီး စကားများလို့ ဆုံးတော့မှာ မဟုတ်ဘူး၊ ဘယ့်နှယ်လုပ်ရပါ့မလဲ ကြံစမ်းပါဦးကွ'

ကျော်စိန်သည် ခေတ္တမျှစဉ်းစားနေပြီး၊ 'အို . . ကိစ္စမရှိပါဘူးဦးရယ်၊ ကျွတ်သွားတဲ့မျက်လုံးဟာ မှောင်ရိပ် ကျတဲ့ဖက်က မျက်လုံးပဲ ကြည့်လို့ မမြင်ပါဘူး' ဟု ပြောလေ၏။

'ဟာ . . ညမို့လို့ မှောင်ရိပ်ကျနေတာ နေ့ခင်းဆိုရင် သေသေချာချာမြင်နိုင်တာပေါ့ကွဲ့' ဟု ဆိုပြီးနောက် စိတ်ရှုပ်သည့်အမူအရာဖြင့် ခေါင်းကုပ် စဉ်းစားနေလိုက်ပြီး 'နေဦး . . ဒီလိုလုပ်ရင် မကောင်းဘူးလား၊ အခုတလော ဒီဘက်ပိုင်းမှာ သူခိုးထနေတယ်၊ သူခိုးဝင်ပြီး မျက်လုံးဖြုတ်သွားတယ်ဆိုရင်' ဟု ပြောပြီးမှ၊ မိမိအကြံမနိပ်ကြောင်း ပြန်၍စဉ်းစားမိကာ 'သူခိုးဆိုရင်လဲ ပစ္စည်းသာ ခိုးမှာပဲ၊ ဘာမဟုတ်တဲ့ မျက်လုံးကိုတော့

ချွတ်သွားမှာမဟုတ်ဘူး၊ စိတ်နောက်နေတဲ့သူခိုးမှပဲ မျက်လုံးကိုချွတ်ယူမှာ ဘယ်လိုလုပ်ရပါ့မလဲ' ဟု ပြောကာ ကျော်စိန်အား အကြံတောင်းပြန်လေ၏။

'ဒီလိုလုပ်ပါလား ဦးရဲ့၊ တစ်ခုလုံး သူခိုး ခိုးတဲ့သဘောမျိုးလုပ်ပြီး လက်စတုံး ဖျောက်ပစ်ရအောင်' ဟု ပြောပြသည်တွင် ဦးအောင်ကဲမှာ မျက်နှာရွှင်၍လာပြီး 'ဘယ်လိုလဲကွဲ့၊ ပြောစမ်းပါဦး' ဟု စိတ်အားထင်သန်စွာ မေးလေ၏။

'ဒီည အားလုံးအိပ်နေကြတုန်း ကျွန်တော် တိတ်တိတ်ကလေး တက်ဖြုတ်ပြီး ခြံထဲမှာ တွင်းတူးမြှုပ်ပစ်လိုက်မယ်၊ မကောင်းဘူးလား'

ဦးအောင်ကဲသည် အကြံရ ဝမ်းသာအားရစွာဖြင့် 'နိပ်ဟ . . ဒီအကြံသိပ်ကောင်းတယ်၊ ငါဖြင့် ဒီလိုနည်းနည်းမှ မကြံမိဘူး၊ အေး . . ကောင်းတယ် . . ကောင်းတယ် . . လုပ်စမ်းကွယ်၊ မင်းကိုငါ သိပ်ကျေးဇူးတင်ရမှာပဲ၊ မင်းဒီလိုလုပ်တဲ့အတွက် ငါ့မှာ မိန်းမအဆူအပူခံရမှာ ဘယ်လောက်သက်သာသွားမယ်ဆိုတာ မင်းမိန်းမရတော့မှ ကောင်းကောင်းသိမယ်' ဟု ပြောပြလေ၏။

'ကျွန်တော်တော့ ဘယ်တော့မှ မိန်းမရတော့မယ် မထင်ပါဘူး'

'ဟင်း . . ဘယ့်နှယ်တုန်း၊ နေစမ်းပါဦးကွဲ့၊ ငါမေးစမ်းပါရစေဦး၊ မင်းနဲ့ ဆွေဆွေနဲ့ ကြိုက်နေကြတယ်လို့ ငါထင်တာပဲ မဟုတ်ဘူးလား'

'ကျွန်တော်လဲ ဆွေဆွေကြိုက်တယ်လို့ အစကထင်မိတာပေါ့၊ ဒါပေမယ့် အခုမှ ကျွန်တော်ဟာ သူကြိုက်လောက်တဲ့ လူစွမ်းကောင်းမဟုတ်ဘူး လို့ သိရတယ်'

ဦးအောင်ကဲသည် ခေတ္တတွေဝေနေပြီးမှ 'ဩော် . . သိပြီ သိပြီ ဆွေဆွေနဲ့ အောင်ဖေ ကြိုက်နေကြတယ်လို့ မင်းထင်လို့ ပြောတာမဟုတ်လား၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့ကွဲ့၊ ဆွေဆွေဟာ ဒီလိုပဲ လူစွမ်းကောင်းလိုဟာမျိုးကို မက်မောတာဟာ ခဏပန်းလောက် စွဲလမ်းတတ်တဲ့ စိတ်မျိုးကွဲ့၊ တော်တော်ကြာ ဒီစိတ်တွေ ပျောက်သွားမှာပါပဲ၊ တကယ်တော့ ငါ့မိန်းမရဲ့ အကြောင်းကို သိတဲ့လူမှန်သမျှ သူ့အင်မတန် မက်မောနေတဲ့ ခေါင်းကြီးကို အစတုံးဖျောက်ပစ်နိုင်တဲ့လူထက် လူစွမ်းကောင်းဟာ မရှိတော့ဘူးလို့ အောက်မေ့ကြမှာပဲ' ဟု ပြောပြလေ၏။

ထိုညတွင် ကျော်စိန်သည် အိပ်ပျော်၍မသွားစေရန် အထူးကြိုးစား၍ စိတ်ကိုတင်းလျက် မျက်လုံးကို ဖြံထားရလေ၏။ သန်းခေါင်ကျော်အချိန်လောက်သို့ရောက်သည်တွင် ဟိုဖက်ခန်း ဒီဖက်ခန်းဆီမှ တခေါခေါ ဟောက်သံများသည် ယိမ်းသမတွေ သံပြိုင်တေးဆိုသကဲ့သို့ တညီတညာတည်း ထွက်ပေါ်လာသည်ကိုကြားရ၍ အားလုံးအိပ်ပျော်ကုန်ပြီကိုသိကာ အိပ်ရာထဲမှ ထလေ၏။

ကျော်စိန်မှာ ပြောင်ခေါင်းကြီးရှိရာသို့ရောက်အောင် မှောင်ထဲတွင် တဖြည်းဖြည်းစမ်း၍လာရာ၊ ပြောင်ခေါင်းကြီး အနီးသို့ ရောက်သည့်အခါ ခဲယဉ်းစွာမရှာရဘဲ မှန်ပြတင်းမှဝင်ရောက်သည့် အပြင်အပအာကာဓာတ်၏ အလင်းရောင်ဖြင့် မှုန်မှုန်မွှားမွှားတွေ့ရမြင်ရကာ ခေါင်းကြီးကို အသံမကြားရအောင် ဖြုတ်ယူလိုက်လေ၏။ ကျော်စိန်မှာ ပင်ပန်းကြီးစွာ မဖြုတ်ရသော်လည်း ခေါင်းကြီးမှာ အလွန်ကြီးမားလေးလံသည့်အတွက် လက်ထဲတွင် မနိုင့်တနိုင်ဖြစ်ကာ လှေကားပေါ်တွင် ယိမ်းယိုင်၍သွားရာက လှေကားထစ်ခြေရင်းသို့နှင်းမိပြီး ခြေချော်၍ သွားသဖြင့် တဝုန်းဝုန်းမြည်လျက် လှေကားခြေရင်းသို့ ဖင်လျှော၍ကျသွားလေ၏။ ကျော်စိန်၏လိမ့်ကျသံမှာ အတော်ပင်ကျယ်လောင်ရသည့်အထဲတွင် လှေကားရင်းရှိ ပန်းအိုးတင်ထားသော စင်ကလေးကိုပါ လိမ့်ကျရင်း ခြေနှင့်ထိုးကန်မိသည့်အတွက် ဗလုံးလုံးလုံးဒိုင်း . . ဂွမ်း . . ဟူသော အသံကို ဖြစ်ပေါ်စေပြီး တစ်အိမ်သားလုံးလိုလိုပင် အိပ်ရာမှ နိုးကုန်ကြစေလေတော့၏။

ကျော်စိန်မှာ အခက်ကြုံကာ မျက်လုံးပြူး၍သွားရာက ဒေါ်ကျော့မေ၏ မေးသံမြန်းသံများကိုကြားရပြီး သူ၏အခန်းဆီမှ လက်နှိပ်ဓာတ်မီးရောင်ကို မြင်ရသောကြောင့် မိမိကိုတွေ့နေတော့မည်ကို စိုးရိမ်မိကာ ပြောင်ခေါင်းကြီးကို ခြံထဲ၌သွား၍မမြှုပ်မီ မိမိပုန်းနေဖို့အရင်လိုသည်ကိုတွေးမိကာ မနိုင့်တနိုင်ဖြင့် ပြောင်ခေါင်းကြီးကိုမ၍ လှေကားပေါ်သို့တက်ရာ ကြောက်စိတ်၏တိုက်တွန်းခြင်းကြောင့် လေးလံပင်ပန်းသည်မထင်ရဘဲ လျင်မြန်စွာ အိမ်ပေါ်ထပ်သို့ ရောက်သွားလေ၏။

အိမ်ပေါ်သို့ရောက်သောအခါ အခန်းတစ်ခုထဲသို့ မမြင်မစမ်းဝင်၍ သွားရာ ခုတင်တစ်ခုနှင့်တိုးမိတော့မည်ဖြစ်ပြီးမှ ခုတင်ပေါ်၌ အိပ်ပျော်နေသူတစ်ယောက်၏ အသက်ရှူ၍ဟောက်သံကိုကြားရသဖြင့် အခန်းမှားပြီဟု စိုးရိမ်ကာ ပြောင်ခေါင်းကြီးကိုကိုင်ရင်း ခုတင်အောက်သို့ ဝင်၍ပုန်းနေလိုက်လေ၏။

ခုတင်ပေါ်၌ အိပ်မောကျနေသူမှာ အောင်ဖေပင် ဖြစ်ပေ၏။ အောင်ဖေမှာ အခြားသူများအားလုံး နိုးသော်လည်း အအိပ်ကြီးသူတစ်ယောက် ဖြစ်သဖြင့် မနိုးဘဲ တခေါခေါဖြင့် နှာခေါင်းပလွေမှုတ်၍ နေလေ၏။

ကျော်စိန်သည် ခုတင်အောက်တွင် ပြောင်ခေါင်းကြီးကိုဖက်လျက် ငြိမ်ဝပ်စွာနေရာက ပြောင်ခေါင်းကြီးမှ အမွေးများသည် နှာခေါင်းကိုကလိသဖြင့် စိတ်ကိုချုပ်တည်း၍မရနိုင်ဘဲ ဟခ္ဈိး . . ဟခ္ဈိး . . နှင့် ဟတ်ချိုးပြီး မဆုံးနိုင်ဘဲရှိလေ၏။

ကျော်စိန်၏ဟတ်ချိုးသံကိုကြားရမှ အောင်ဖေသည် အိပ်ရာမှ လန့်၍နိုးပြီးလျှင် ‘ဟေ့ . . ဘ . . ဘ . . ဘယ်သူလဲ’ ဟု မေးလိုက်လေ၏။ ထိုအမေးကို ကျော်စိန်သည် ဘာမျှပြန်၍မပြော တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်မြဲငြိမ်၍နေလေ၏။ သို့ရာတွင် အောင်ဖေမှာမူ ငြိမ်၍မနေဘဲရှိကာ ကျော်စိန်မှာ မိမိခေါင်းပေါ်မှ ခုတင်ပေါ်တွင် လှုပ်ရှားသံကိုကြားရပြီးနောက် ချောက်ခနဲ ဓာတ်မီးဖွင့်လိုက်သံကို ကြားရလေ၏။

‘ဟေ့ . . ခုတင်အောက်မှာ ဘာလဲ ဘယ်သူလဲ’ ဟု အောင်ဖေက မေးပြန်လေ၏။

ကျော်စိန်မှာ မိမိပုန်းနေ၍လည်းမလွတ်တော့ပြီကို သိရလေ၏။ သို့ဖြစ်၍ခုတင်အောက်မှ မထွက်ဘဲနေရမည်လည်း မဟုတ်၊ မတော်တဆ အောင်ဖေက မိမိမေးမရ၍သေနတ်နှင့်ပစ်လျှင် ဤနေရာတွင် လူ့ပြည်မနေ စုတေ၍ သေရတော့မည်ဖြစ်သည့်အတွက် ဆွဲ၍မထုတ်ခင်က ထွက်လိုက်မှ ကောင်းတော့မည်ဟု နှလုံးပြုကာ လူမထွက်ခင် ပြောင်ခေါင်းကြီးကို ဦးစွာတွန်း၍ ထုတ်လေ၏။

ထိုသို့ ပြောင်ခေါင်းကြီးကို ထုတ်လိုက်သည်နှင့် တစ်ပြိုင်နက် ‘အောင်မယ်လေးလေးဗျ . .’ ဟူသော ငယ်သံပါကြီးနှင့် အော်လိုက်သည့် အသံကိုကြားလိုက်ရသဖြင့် ကျော်စိန်သည် ခုတင်အောက်မှပြူ၍ ကြည့်လိုက်ရာ ပုဆိုးမနိုင့်တနိုင် လက်တစ်ဖက်ဖြင့် တန်းလန်းကြီးဆွဲကိုင်ကာ အခန်းတံခါးဝဆီသို့ ကြောက်အားလန့်အား အူယားဖားယားနှင့် ထွက်ပြေးသော အောင်ဖေကို မြင်လိုက်ရလေ၏။

အောင်ဖေမှာ တံခါးပေါက်သို့အပြေးတွင် အခန်းတွင်းသို့ဝင်လာသော ဒေါ်ကျော့မေနှင့် ရင်ဆိုင်တိုးမိသဖြင့် တစ်ယောက်ကိုတစ်ယောက် အခြောက်တိုက်လန့်ကာ လက်ကားရားခြေကားရားနှင့် ပက်လက်လန်၍လဲကျကြ လုမတတ်ဖြစ်သွားရာ ဒေါ်ကျော့မေကိုမူ သူ၏နောက်မှလိုက်လာသော ခင်ဆွေကဖက်၍ထားလိုက်ရပြီး အောင်ဖေမှာမူ မနည်းကိုယ်ရှိန်သတ်ကာ မိမိ၏အကြောက်ကြီးခြင်းကို ရှက်ကိုးရှက်ကန်းဖြင့် ဣန္ဒြေဆည်၍ နေလိုက်ရလေ၏။

ဒေါ်ကျော့မေမှာ အနည်းငယ် ရင်ခုန်ခြင်းသက်သာ၍သွားသောအခါကျမှ မျက်နှာထားကြီးဖြင့် ‘ဟင် . . ဘယ့်နှယ်တုံး၊ ဘာတွေ ဖြစ်ကြတာတုန်း’ ဟု မေးလိုက်လေ၏။

'အကောင်ကြီး . . အကောင်ကြီး . . နည်းတဲ့ အကောင်ကြီးမဟုတ်ဘူးဗျ၊ တရှုးရှူးအသံကြီးနဲ့ ခုတင်အောက်ကနေပြီးတော့ . .' ဟု စကားမဆက်နိုင်ဘဲ ရှိလေ၏။

ဒေါ်ကျော့မေသည် အောင်ဖေအား မနှစ်လိုသောမျက်နှာဖြင့်၊ ရှုတ်ချသလို ခြေဆုံးခေါင်းဆုံးစိုက်၍ ကြည့်နေလေ၏။ ပဲခူးရိုးမတောနက်ကြီးထဲတွင် ပြောင်၊ ဆင်၊ ကျားတွေနှင့် ရင်ဆိုင်သတ်ဖြတ်လာခဲ့သူတစ်ယောက်သည် ယခုလောက် အကြောက်ကြီးခြင်းကို စဉ်းစား၍မရနိုင်ဘဲရှိသဖြင့် 'အကောင်ကြီးတွေ့ရတာနဲ့ ဒါလောက်ပဲ ငယ်သံပါအောင် အော်ရသလား' ဟု မေးလေ၏။

ခင်ဆွေကလည်း ကြားဝင်၍ 'ဘာကောင်ကြီးလဲ ကြွက်စုတ်လား၊ ပုရွက်ဆိတ်' ဟု သရော်သလိုလို မေးလိုက်လေ၏။

'ဘာကောင်ကြီးလဲတော့ မသိဘူး၊ အကောင်ကြီးတော့ အကောင်ကြီးပဲ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဗျ'

'နေပါဦး . . မောင်အောင်ဖေရဲ့၊ တကယ်ပဲ ဟုတ်လို့လား၊ ဒီအိမ်ထဲကို ဘယ်ကအကောင်ကြီးဝင်ရမှာလဲ၊ ထမင်းလုံးတစ္ဆေများ ခြောက်နေတာလား'

'ဟုတ်ပါတယ် . . ဒေါ်ဒေါ်ရဲ့၊ ဟိုအောက်မှာ' ဟု အောင်ဖေက ပြော၍ လက်ညှိုးထိုးပြလိုက်ရာ ဒေါ်ကျော့မေနှင့်ခင်ဆွေတို့လည်း အောင်ဖေ ပြရာဆီသို့ ကြည့်လိုက်ကြသည်တွင် ပြောင်ခေါင်းကြီးကိုပိုက်လျက် ခုတင်အောက်မှ ထွက်လာသော ကျော်စိန်ကိုမြင်ရသဖြင့် ခင်ဆွေမှာ ဟက်ဟက်ပက်ပက်ရယ်မောမိ၍ ဒေါ်ကျော့မေမှာမူ 'ဘယ့်နှယ်တွေများ ဖြစ်ကြတာလဲ ဟရို . .' ဟု အဓိပ္ပာယ်စဉ်းစား၍ နားမလည်သော အမူအရာနှင့် ကြည့်နေလေ၏။

ခင်ဆွေမှာ ရယ်မော၍မတိတ်နိုင်ဘဲ 'ကြည့်စမ်းပါဦး ကိုအောင်ဖေရဲ့၊ ရှင်ကိုယ်တိုင် ပစ်သတ်ခဲ့တယ်ဆိုတဲ့ ပြောင်သေကြီးရဲ့ခေါင်းကိုပဲ၊ ကိုယ့်ဟာကိုယ် ပြန်ပြီးလန့်တာ အံ့သြပါရဲ့' ဟု ပြောလေ၏။

ကျော်စိန်သည် ခေါင်းကြီးကိုပိုက်၍ထလာပြီး 'ဘယ်သူပြောလဲ၊ ဒီခေါင်းကြီးကို သူပစ်သတ်တယ်ဆိုတာ အလကားညာတာ' ဟု ဆိုလိုက်ရာ အောင်ဖေမှာ မျက်နှာပျက်၍သွားလေ၏။

'ဘယ့်နှယ်ကြောင့် သူပစ်တာမဟုတ်ဘူးလို့ သိတာလဲ' ဟု ဒေါ်ကျော့မေက မေးလေ၏။

ကျော်စိန်သည် ခေါင်းကြီး၏လည်ကုပ်ပေါ်တွင် သစ်သားနှင့်မကပ်ဘဲကော်ကွာသည့်နေရာက လည်ပင်းရေကို လှန်၍ပြကာ 'ဒီမှာကြည့်ပါလား ဒေါ်ဒေါ်ရဲ့၊ တိရစ္ဆာန်ချိုတွေ၊ ခေါင်းတွေ၊ သားရေတွေကို ပုံသွင်းတဲ့ဆိုင်က တံဆိပ်ကြီးအပါသားကပဲ၊ သူဝယ်လာပြီးတော့ သူကိုယ်တိုင်ပစ်သတ်ခဲ့ရသလိုလိုညာပြီးပေးတာ' ဟု ပြော၍ ပြလိုက်သည့်အတွက် ဒေါ်ကျော့မေတို့မှာ အလိမ်ပေါ်၍နေပြီကို သိကြရလေတော့၏။

'ဘယ့်နှယ်မောင်အောင်ဖေ၊ အစကတော့ မောင်အောင်ဖေပစ်တာဆို'

အောင်ဖေမှာ စကားမပြောနိုင်တော့ဘဲ 'ကျွန် . . ကျွန်တော် . .' နှင့် စကားအထစ်ထစ် ဖြစ်၍နေသည်ကိုတွေ့ရမှ ဒေါ်ကျော့မေက 'ကဲ . . မောင်အောင်ဖေ၊ အရှည်ပြောမနေနဲ့တော့၊ အကြောက်ပြေသွားအောင် အိပ်ရာဝင်ပြီး အိပ်မပျော်မချင်း ဂုဏ်တော်ရွတ်နေပေတော့' ဟု ပြောလိုက်ပြီးနောက် ကျော်စိန်အား 'မောင်ကျော်စိန်၊ ဘယ်လိုဖြစ်တာလဲဆိုတာ ဒေါ်ဒေါ် မေးမနေတော့ပါဘူး၊ လူလိမ်တစ်ယောက်ကို ပေါ်အောင် လုပ်ပေးတာကိုပဲ၊ ကျေးဇူးသိပ်တင်တာပဲကွယ်' ဟု ဆိုကာ အပြင်သို့ ထွက်သွားလေ၏။

ထိုအခါမှ ခင်ဆွေက ကျော်စိန်အား 'ကိုကျော်စိန်၊ တော်တော်ပဲ အအိပ်ပျက်သွားတယ်ထင်တယ်၊ အားရှိအောင် နွားနို့ကလေးတစ်ခွက်လောက် သောက်လိုက်ပါဦးလား၊ ဆွေဆွေဖျော်ပေးမယ်လေ' ဟု ခေါ်သဖြင့် ကျော်စိန်လည်း ခင်ဆွေ၏နောက်သို့ ပါ၍သွားသဖြင့် အောင်ဖေမှာ ကြောင်တောင်ငေးပြီး ကျန်ရစ်လေ၏။

လက်ဖက်ရည်ခန်းထဲတွင် ခင်ဆွေသည် ကျော်စိန်အား ကိုယ်တိုင် နွားနို့ထည့်ပေးရင်း 'ကိုကို . . ဆွေဆွေကို စိတ်မဆိုးနဲ့နော်၊ ဆွေဆွေကိုအပြစ်လွှတ်ပါ၊ ဆွေဆွေအထင်မှားပြီး ဖြစ်တာပါနော်၊ ဆွေဆွေ ကိုကို့အပြင် ဘယ်သူ့ကို ချစ်ရဦးမှာလဲ၊ ကိုကို့ကိုပဲ ချစ်တာပေါ့၊ ဟုတ်လားနော်' ဟု ပြောလိုက်သဖြင့် ကျော်စိန်မှာ ဝမ်းသာကျေနပ်၍မဆုံး ပြုံးပြုံးကြီးလုပ်ကာ . .

'ချစ်တဲ့သူအပေါ်မှာ ဘယ်တော့မှ အပြစ်မမြင်ပါဘူး၊ ကိုကို ဆွေဆွေကိုပဲ အသည်းစွဲချစ်တယ်ဆိုတာ ဆွေဆွေအသိသားမဟုတ်လား အချစ်ရဲ့' ဟု ပြောကာ ဝမ်းသာအားရစွာ ခင်ဆွေအားပွေ့ဖက်မည်အကြံတွင် . .

'ဟေ့ . . ဘယ်လိုဖြစ်ကြတာလဲကွဲ့၊ ပြောကြစမ်းပါဦး' ဟူ၍ မေးလိုက်သော ဦးအောင်ကဲ၏အသံကို ကြားလိုက်ရသောကြောင့် ကျော်စိန်မှာ ကိုယ်ရှိန်သတ်၍ နေလိုက်ရလေ၏။

ဦးအောင်ကဲမှာ အိပ်ပျော်နေ၍ ဖြစ်ပုံပျက်ပုံ အလုံးစုံတို့ကို ဘာမျှမသိလိုက်ဘဲရှိပြီး ဆူဆူညံညံကြားရမှ အိပ်ရာကနိုးလာပြီးလျှင် ဓားပြများ ဝင်ရောက်တိုက်ခိုက်လေရော့သလားဟု အောက်မေ့ကာ နှစ်လုံးပြူး သေနတ်ကြီးကို ကိုင်ဆွဲပြီးထွက်လာခဲ့လေရာ ခင်ဆွေသည် မိမိဖခင်ကိုမြင်လိုက်ရသည်တွင် ဟက်ဟက်ပက်ပက် ရယ်မောပြီး 'ဖေဖေ ဒီသေနတ်ကြီးနှင့် ဘာလုပ်မလို့လဲ' ဟု မေးလိုက်လေ၏။

'မသိဘူးလေ . . ဓားပြတိုက်လို့လားလို့'

'ဓားပြအကြီးစားတော့ မဟုတ်ဘူးဖေဖေရဲ့၊ အေးဓားပြပဲ'

'ဘယ်လို အေးဓားပြလဲကွဲ့၊ ပြောစမ်းပါဦး'

ထိုအခါမှ ခင်ဆွေက အောင်ဖေ၏ လိမ်ပုံညာပုံတို့နှင့်တကွ အလိမ်ပေါ်ပြီး သူရဲဘောနည်းသူတစ်ယောက် ဖြစ်ကြောင်းကို ရယ်ကာမောကာနှင့် အလုံးစုံပြန်၍ပြောပြရာ ဦးအောင်ကဲမှာ မိမိအလွန်တရာ မနှစ်သက်သော ပြောင်ခေါင်းကြီးနှင့် မိမိမျက်မုန်းကျိုးနေသော အောင်ဖေကို ဒေါ်ကျော့မေကပါ စိတ်ပျက်မုန်းတီးသွားပြီကို သိရသောကြောင့် အားရဝမ်းသာရယ်မောလျက် 'ခွေးမသား . . ဒီလိုမုန်းအစက ငါမသိရပါလား၊ ဒီလိုသာသိရင် မှောင်ထဲမည်းထဲမှာ ဓားပြဝင်တိုက်ပါတယ်ဆိုပြီး၊ ပေါင်ကို သေနတ်နဲ့ ဖမ်းပြီး မပစ်လိုက်ရပါလား' ဟု ပြောလိုက်ပြီးနောက် 'အခုဘယ်မှာလဲ' ဟု မေးလိုက်လေ၏။

'သူလဲ ရှက်ရှက်နဲ့ အိမ်ပေါ်တက်သွားပြီ'

'ခွေးမသား၊ နက်ဖြန်ခါ မျက်နှာပြရဲပါဦးမလား မသိဘူး' ဟု ဦးအောင်ကဲက တစ်ကိုယ်တည်း ပြောနေပြီးနောက် 'ဒါထက် သမီး ဆွေဆွေ . . မောင်ကျော်စိန်ကို ဘာတိုက်နေတာလဲ'

'နွားနို့' ဟု ခင်ဆွေက ပြန်၍ဖြေလေ၏။

ခင်ဆွေ၏အဖြေကိုကြားလျှင် ဦးအောင်ကဲသည် မျက်လုံးပြူးသွားကာ 'ဟင် . .နွားနို့၊ ဟုတ်လား' ဟု ပြောလိုက်ပြီးမှ တစ်စုံတစ်ရာကို တွေးမိသလိုလိုရှိ၍ မပြုံးတပြုံးလုပ်ကာ 'အင်း . . နွားနို့လဲ အားရှိတာပဲကွဲ့' ဟု ဆို၍ထွက်သွားသဖြင့် ခင်ဆွေနှင့် ကျော်စိန်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရှက်ပြုံး ပြုံးမိကြလေ၏။

ထိုနောက် ခင်ဆွေက ‘ကိုကိုအခုည ကိုကို့အိပ်ရာ ပြန်မအိပ်နဲ့တော့၊ အောင်ဖေက အညှိုးထားပြီး အိပ်ပျော်နေတုန်း သတ်ပစ်နေရင် ခက်နေမယ်’ ဟု ပြောရာ ကျော်စိန်ကပြုံးလျက် ‘ဟုတ်ပါရဲ့၊ ကြောက်လိုက်တာ ဆွေဆွေနဲ့ပဲ အတူတူအိပ်တော့မယ်’ ဟု ပြောသည်တွင် ‘ဟင်းအင်း . . မရဘူးဆရာ . . မရဘူး’ ဟု ဆိုသဖြင့် ‘အမလေးကြောက်တယ်’ ဟု ဆိုပြီး ခင်ဆွေအား ကြောက်အားလန့်အား အဖက်မျိုးဖြင့် အတင်းဖက်လိုက်လေ၏။

မြန်မာ့အလင်းမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၃၈။

လရောင်ကလေးက တဝင်းဝင်း၊ လေပြည်ကလေးကလည်း တညင်းညင်း၊ ပန်းရနံ့ကလေး တသင်းသင်းရှိသော အချိန်ဝယ် ခပ်ပြင်းပြင်းမှုတ်ရသော ပလွေသံသည် တတီတီ၊ တတာတာနှင့် ရွာလယ်လမ်းမကြီးပေါ်မှ ထွက်ပေါ်လာလေ၏။ ပလွေမှုတ်သူ မောင်ချိတ်သည်ကား မိမိတို့ရွာတွင် အသစ်အဆန်းဆုံးဖြစ်သော ဦးကလိန်သီချင်းကိုမှုတ်ရသည်မှာ လျှာ၌တစ်မျိုးပင် အရသာရှိသကဲ့သို့ အောက်မေ့မိလေ၏။ မောင်ချိတ်သည် ထိုသီချင်းကို မိမိတို့ရွာတွင် ပထမဦးဆုံး ရရှိသူဖြစ်သဖြင့် နာမည်အတော်ကြီးလေ၏။

တစ်ရွာလုံး အိပ်လျက်ရှိသောအချိန်မှာ မောင်ချိတ်သည် အဘယ့်ကြောင့်တစ်ယောက်တည်း ပလွေတို့ကို မှုတ်သွားပါသနည်းဟု တွေးတောဖွယ်ရာရှိသော်လည်း အကြောင်းကိုရိပ်မိသူများမှာကား သူ၏ရည်ရွယ်ချက်သည် တစ်ဖက်သောပွင့်ဖြူရွာရှိ အမိ ဒေါ်အုပ်၊ အဖ ဦးတလုပ်တို့၏ သမီး စိန်တုတ်ကို လူပျိုလှည့်ရန် သွားသည်ဟု အလွယ်တကူ ရိပ်မိကြပေလိမ့်မည်။

မောင်ချိတ်အား ညတိုင်း နှုတ်ဆက်လေ့ရှိသော ကျားဗိုလ်သည် ရွာသူကြီး ဦးကြွက်နီ၏ တဲကုပ်အောက်မှ တဝုတ်ဝုတ်ဟောင်ကာ နှုတ်ဆက်ရင်း ထွက်၍လာလေရာ မောင်ချိတ်က 'ဟဲ့ . . ကျားဗိုလ်၊ ငါပါဟ' ဟု ပြန်၍ နှုတ်ဆက်လိုက်မှ . .။

ကျားဗိုလ်သည် ထုံးစံအတိုင်း ညတိုင်းကဲ့သို့ ကပြင်အောက်သို့ ပြန်၍ဝင်သွားလေ၏။ ကျားဗိုလ်သည် မောင်ချိတ်၏ပလွေသံကို နားကြားပြင်းကပ်သဖြင့် ထွက်၍ဟောင်သည်ကို မရိပ်မိဘဲ မောင်ချိတ်သည် မှုတ်မြဲဆက်၍ ပလွေမှုတ်ကာ ရွာပြင်သို့ ရောက်သွားလေ၏။

ကျားဗိုလ်သည် ယခုမှ နားအေးပါပေ့ဟု နလုံးပြုကာ ဂုန်နီအိတ်ခင်းသည့် ပထဝီဆိုဖာပေါ်တွင် အိပ်ပျော်ရှာလေ၏။ မောင်ချိတ်သည် ပွင့်ဖြူရွာထိပ်သို့ရောက်သောအခါ ပလွေကိုခါးကြားသို့ထိုးထည့်လိုက်ပြီး တိတ်ဆိတ်စွာ ရွာထဲသို့ဝင်သွားလေ၏။

စိန်တုတ်သည် ရွာထိပ်မှမှုတ်လိုက်သော ပလွေသံကိုကြားသဖြင့် နားစွင့်၍ထောင်နေလေရာ ပလွေသံရပ်စဲသွားသောအခါ မောင်ချိတ်ရွာထဲသို့ ဝင်လာပြီကိုသိသဖြင့် အိပ်ရာမှအသာထ၍ ခလောက်ဆွဲတံခါးကို အသံမကြားရအောင် ဖွင့်ဖြုတ်ပြီး နောက်ဘေးသို့ ခပ်ဖြည်းဖြည်းထွက်ခဲ့လေ၏။

ခြံထဲသို့ရောက်သောအခါ တမာပင်အောက်၌ လူတစ်ယောက်ရပ်နေသည်ကိုတွေ့ရလေ၏။ သင်းဟာ . . သူခိုးလား၊ လူဆိုးလား၊ နို့မဟုတ်ရင်လဲ စိန်တုတ်ကို ခိုးပြေးမယ်လို့ ကြံနေတဲ့လူလား၊ ငါနဲ့အကြံတူတဲ့ ရန်သူပဲလား စသောတွေးတောခြင်းသည် မောင်ချိတ်၏ဦးနှောက်ထဲသို့ ဒလဟောဝင်၍လာသဖြင့် မောင်ချိတ်သည် အနီးရှိ ဘူးစင်အောက်သို့ ဝင်ရောက်ခိုအောင်းကာ ချောင်းမြောင်းကြည့်နေလေ၏။ ငါအသံပေးလိုက်ရလျှင် ကောင်းမလား၊ အသံပေးမိလို့ သင်းတို့ထွက်ပြေးပြီး ငါတစ်ယောက်တည်းတွေ့နေရင်လဲ ဒုက္ခပဲဟု ဆင်ခြင်ကာ ငြိမ်သက်စွာပင် နေလေ၏။

မကြာမီ သစ်ပင်ပေါ်မှ ကော့ . . ကော့ . . ကော့ . . ဖလပ် . . ဖလပ် . . ဖြတ် . . ဖြတ် . . ကီးကီး . . ဂိ ဟူသောအသံကိုကြားရပြီး အောက်၌နေသောသူက ရှီးခနဲလေချွန်လိုက်၍ ပုဆိုးစကိုမပြီး ခါးပိုက်ထောင် လုပ်လိုက်ရာ သစ်ပင်ပေါ်မှ တစ်စုံတစ်ခု ပစ်ချသည်ကို မြင်ရပြီး အောက်ကလူ ထွက်ပြေးသည်ကို တွေ့ရလေ၏။

စိန်တုတ်သည် ထိုအခြင်းအရာကို မြင်ရသဖြင့်ကြက်သူခိုးပါရှင့်၊ ကြက်သူခိုးဟု အော်လေရာ တမာပင်ပေါ်က လူသည် ဇွေ့ခနဲခုန်ချပြီး ထွက်ပြေးလေ၏။ မောင်ချိတ်မှာ အံ့အားသင့်လျက် ငေးမောကာ ကျန်ရစ်လေ၏။

ဦးတလုပ်သည် အိပ်ရာမှလူးလဲထပြီး နံဘေး၌ထားသော ဓားရှည်ကိုဆွဲ၍ထွက်လာပြီးမှ မိမိမှာ လုံချည်မပါလာသည်ကိုသိရသဖြင့် အိပ်ရာပေါ်၌ ကျွတ်ကျန်ရစ်ခဲ့သော လုံကွင်းကို ယူ၍ဝတ်ကာ မယားအုပ်အား နှိုး၍မီးခွက်ထွန်းခိုင်းပြီး အိမ်နောက်ဘေးသို့ ထွက်၍လာလေ၏။

'ဟဲ့ စိန်တုတ်၊ ဘယ်မလဲဟ ကြက်သူခိုး'

'အကောင်တစ်ကောင်တော့ ထွက်ပြေးတာ မြင်လိုက်တယ်'

'သင်း . . အဖော်တော့ ကျန်ရစ်ခဲ့မှာပဲ၊ ခွေးမသားတွေ မိရင်တော့ အသေပဲ၊ တစ်နေ့ကလဲ မွေးလိန်မတစ်ကောင် ပါသွားပြီ' ဟု ဆိုကာ ဟိုဟိုဒီဒီလိုက်၍ရှာလေရာ၊ ဘူးစင်အောက်၌ ပုန်းနေသော ငချိတ်ကို တွေ့ရသဖြင့် ဓားရှည်ကိုမြှောက်ရွယ်ကာ 'မအေပေး ထွက်ခဲ့စမ်း' ဟု ဆိုကာ ခုတ်မည်ပြုရာ စိန်တုတ်က 'အဖေ လက်လွန်နေဦးမယ်' ဟု ဆိုပြီး ဦးတလုပ်၏လက်ကို ဆွဲထားလေ၏။ စိန်တုတ်က ဆွဲလေလေ၊ ဦးတလုပ်က ကဲလေလေ ဖြစ်လာလေ၏။

မောင်ချိတ်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘူးစင်အောက်မှ ထွက်လာလေ၏။

'ဟဲ့ . . ခွေးမျိုး၊ ဘယ်မလဲ ငါ့ကြက်'

'ကျွန်တော် . . ကြက်သူခိုးမဟုတ်ပါဘူး၊ ခိုးတဲ့လူ ပြေးပြီ'

'မင်းက . . ငါ့ကို ဘာမှတ်လို့ လိမ်နေတာလဲ၊ မင်းမခိုး ဘယ်သူခိုးမလဲ၊ ဟေ့ . . မအုပ်၊ မီးခွက်နဲ့ မျက်နှာကို အသေအချာထိုးကြည့်စမ်း'

မအုပ်သည် မီးခွက်ကို ရှေ့သို့ထိုး၍ပြရာ စိန်တုတ်မှာ အံ့အားသင့်၍ သွားလေ၏။ ဦးတလုပ်မှာလည်း စိတ်တစ်မျိုး ဖြစ်၍သွားလေ၏။

'ဟေ့ . . မင်း၊ ညောင်ပင်သာက ကိုဘိုးလူရဲ့သား မဟုတ်လား'

မောင်ချိတ်သည် ခေါင်းကိုညိတ်ပြီး ငုံ့လျက်နေလေ၏။

စိန်တုတ်သည် မောင်ချိတ်ကိုကြည့်ပြီး 'ကိုချိတ် . . ရှင့်ကိုအစက ကျွန်မ လူကောင်းမှတ်လို့ ကြိုက်မိတယ်၊ အခုမှ ထဘီတောင် မရှောင် ခိုးမဲ့ သူခိုးပဲ' ဟု ဆိုလိုက်ချင်သော်လည်း မျိုသိပ်၍ထားရလေ၏။

'မင်း ကြက်ကလေး တစ်ကောင်ခိုးဖို့ဟာ၊ တစ်ရွာကတောင် လာရသလား၊ လိုချင်ရင် ပြောပြီးတောင်းပါလား၊ ကိုဘိုးလူနဲ့တွေ့မှ မင်းအကြောင်း ပြောရဦးမယ်' ဟု ဆိုပြီး မောင်ချိတ်ကို စေ့စပ်စွာကြည့်ရင်း 'မင်းခါးကြားက ပလွေတိုဟာ ဘာလုပ်ဖို့လဲ၊ ကြက်ခိုးတာ ပလွေနဲ့ခိုးရသလား' ဟု ပြောလေ၏။

'ကျွန်တော် ကြက်ခိုးဖို့လာတာ မဟုတ်ပါဘူး'

'နို့ . . ဘာလုပ်ဖို့ ဒီခြံထဲ ရောက်လာတာလဲ'

'ငှက်မသိတော့ ဇရက်ချိုးထင်ဆိုတာလို . .'

'နေပါဦး၊ ကြက်ခိုးတာ ဇရက်ထင်လို့လေး၊ ချိုးထင်လို့လေးနဲ့ ငါ့ကိုညာဦးမလို့လား၊ သွားသွား လျှာရှည်မနေနဲ့၊ မြန်မြန်သွားကြတော့၊ ငါလုပ်လိုက်မိလိမ့်မယ်'

မောင်ချိတ်သည် စိန်တုတ်ကိုမျှ လှည့်မကြည့်ဝံ့ဘဲ ထွက်သွားလေ၏။ တအောင့်လောက်ကြာသောအခါ ဦးတလုပ်ထံ ကြက်သူခိုးသတင်းစကား ကြားနာရအောင် အိမ်နီးချင်း မောင်ရွှေဖားက လာ၍မေးလေရာ ဦးတလုပ်က 'အို . . ဒီကောင် နောက်မလာရပါဘူး၊ ကျုပ် ပါးသွယ်နားသွယ် ခပ်နာနာနှက်လိုက်တာ ပါးစပ်က ချေးအန်ထွက်တာပဲ' ဟု အကြီးအကျယ်လုပ်၍ ပြောလေ၏။ ရွှေဖားလည်း 'ဒါမှ မှတ်မယ်' ဟု ဆို၍ ပြန်သွားလေ၏။

စိန်တုတ်သည် ငါ့အား အမှန်ပင်အထင်လွဲမှာပဲ၊ ငါ့အပေါ်မှာ မေတ္တာပျက်လေရော့မလား၊ ဒီလိုအထင်များတာ မပျောက်သေးသမျှ ငါ၏မျက်နှာကို မပြဝံ့ပါကလားဟု မောင်ချိတ်သည် တအုံနွေးနွေးတွေးတောကာ စိတ်ထဲ၌ မကျေမနပ်ဘဲရှိလေ၏။ ငါ့အပေါ်၌ စိန်တုတ်အထင်များသည်ကို ဘယ်လိုပျောက်အောင် လုပ်ရပါမလဲဟု တွေးတောခြင်းဖြင့် အကြံထုတ်လေရာ အခြားလမ်းမမြင် ကြက်သူခိုးကိုသာ လက်ပူးလက်ကြပ်ဖမ်းပေးနိုင်မှသာ အေးမှာပဲဟု နှလုံးပြု၍ ညတိုင်း စိန်တုတ်၏အိမ်နောက်ဖေးသို့လာ၍ သူခိုးစောင့်ရလေ၏။ ပထမည၌ သူခိုးကိုမတွေ့ရသဖြင့် ပြန်ခဲ့ရ၏။ ဒုတိယည၌ သူခိုးမလာ၍ ဆန်ပြုတ်ဖြစ်ခဲ့၏။ သို့ရာတွင် မောင်ချိတ်သည် စိတ်မလျှော့ဘဲ စောင့်မြဲစောင့်လေရာ တတိယမြောက် သုံးကြိမ်မြောက်သောညသို့ ရောက်လေ၏။

မောင်ချိတ်သည် ညနေစောစောကပင် ရောက်ရှိလျက် စံပယ်ချုံအောက်သို့ဝင်ကာ ယုန်ငယ်ကိုကျားချောင်းသလို စောင့်စားချောင်းမြောင်းလျက် ရှိလေ၏။ တကယ်လို့ တစ်ယောက်ယောက် နောက်ဖေးထွက်လာလို့ ပက်ပင်း ငါနဲ့တွေ့ရင်ဖြင့် ဘုန်းကြီးနှစ်ခါရှုက်ဆိုသလို ဖြစ်နေဦးမှာလားဟု တွေးတောကြောက်ရွံ့မိသော်လည်း မိမိပုန်းအောင်းနေရာမှာ လုံခြုံသဖြင့် စိတ်ကိုသက်သာစေ၏။

ကြောက်စရာခြင်ကောင်များသည် နား၌ကပ်ဝဲလျက် ထက်စွာသော အစွယ်နှစ်ချောင်းဖြင့် မောင်းမဲကာ တဝီဝီလုပ်၍ လည်ကုပ်ကိုထိုးကြလေ၏။ မောင်ချိတ်မှာ မခံချိသော်လည်း ပိပြားစွာငြိမ်၍နေရလေ၏။ ယင်းသို့မှက်ခြင်တွေထိုးခံနေသည့်အထဲတွင် နေ့လယ်က ကိုသာကြွယ်သား ရှင်ပြုအလှူတွင် ရှာလပတ်ရည် ဗိုက်ပြဲအောင်သောက်ခဲ့သဖြင့် ချောင်းဆိုးချင်၍လာလေရာ အသံထွက်မည်စိုး၍ ပါးစပ်ကိုပိတ်လေရာ ချောင်းသံမှာ တခွီးခွီးနှင့် နေလေ၏။

'ဟော့ . . သရဲချောက်တယ်ထင်တယ်ကွ၊ ဣတိပိသော . . အရဟံ အရဟံ'

'သရဲ မဟုတ်ပါဘူးကွ၊ ခါတိုင်းမှ မချောက်ဘဲ'

'ခွီး . . ခွီး . . အဟူး . . အဟူး . . ခွီး . .'

'ငါတော့ ကြက်သီးထလာပြီကွာ၊ ပြန်ကြစို့'

'မင်းဘာသာပြန်ပေတော့၊ ငါဖောင်းတစ်ကောင်ရမှ ပြန်မယ်'

'အေး . . ငါခြံပြင်ဘက်က စောင့်နေမယ်'

ကျန်ရစ်ခဲ့သော သူခိုးသည် တမာပင်ကို ဖက်၍တက်လေ၏။ မောင်ချိတ်သည် အသေအချာစောင့်စား ချောင်းမြောင်းနေစဉ် ကြွက်စုတ်တစ်ကောင်သည် မောင်ချိတ်၏ပုဆိုးထဲသို့ တိုး၍ဝင်လေရာ ငချိတ်မှာ ကြောက်လန့်ပြီး ဂူးဝဲ . . ဂူးဝဲ အော်လျက် ထ၍ခုန်လေ၏။

ကြက်သူခိုးလည်း အသံကြားရသဖြင့် 'သရဲကြီးဗျ' ဟု အော်ဟစ်ကာ သစ်ပင်တစ်ဝက်က လန့်၍ကျလေရာ သစ်ငုတ်တစ်ခုတွင် လုံကွင်းငြိနေသဖြင့် မြေပေါ်သို့မကျဘဲ လင်းနို့ကဲ့သို့ တွဲလောင်းကြီးဖြစ်လျက်နေလေ၏။

ဦးတလုပ်သည် အိမ်နောက်ဖေးမှ လူသံကြား၍ ခါးတောင်းကို ပြောင်အောင်ကျိုက်ပြီး ဓားရှည်ကြီးကိုဆွဲ၍ မီးခွက်ကို တစ်ဖက်ကကိုင်ကာ ထွက်လာလေ၏။ မောင်ချိတ်သည် ရုတ်တရက်အကြံရပြီး တွဲလောင်းနေသော သူခိုး၏ဆံပင်ကိုဆွဲထားပြီး 'သူခိုးမိပြီ၊ သူခိုးမိပြီ' ဟု အော်လေ၏။

ဦးတလုပ်သည် သည်တစ်ခါငချိတ်တော့ဇက်ဖြတ်ရလိမ့်မယ်ဟု ကြိမ်းဝါးပြီးလာလေရာ ငချိတ်မှာ သူခိုးဖမ်းပေးသူဖြစ်သည်ကို တွေ့ရလေ၏။

'ငချိတ် . . မင်း ဒီတစ်ခါ သူခိုးဖမ်းပုလိပ် လုပ်နေသလား'

'အရင်ခိုးတာလဲ သူပဲဗျ၊ အခုမှမိတယ်'

'ဦးတလုပ်သည် အံ့အားသင့်စွာနေပြီးမှ မောင်ချိတ်၏ကျောကိုပုတ်၍ 'တော်ပေ့ကွာ၊ မင်းဖမ်းပေးပေလို့ပဲ၊ ဒီအကောင် သူကြီးဘိုးတက်တူအိမ်ကို ပို့ရမယ်' ဆိုပြီး သူခိုးကိုတုပ်နှောင်ထား၍ မောင်ချိတ်ကို အိမ်သို့ခေါ်သွားလေ၏။ အိမ်ပေါ်သို့တက်သွားရာ လေ့ကားရင်း၌ ပြုံးနေသော စိန်တုတ်ကို မြင့်ခဲ့ရသဖြင့် မောင်ချိတ်သည် အိမ်ထဲသို့ရောက်၍ မကြာမီ အပြင်ထွက်ဦးမည်ဆို၍ ထွက်လာလေ၏။

ဦးတလုပ်သည် အတန်ကြာ၍ မောင်ချိတ်ပြန်မလာသည်ကို တွေ့သဖြင့် နောက်ဖေးသို့ဆင်း၍ကြည့်ရာ ငချိတ်နှင့် စိန်တုတ် ချောင်ကုပ်၍ နေသည်ကို တွေ့ရမှ 'အချက်မသိလို့ သားမက်သူခိုး ထင်ခဲ့မိတာကိုး' ဟု တွေးမိလေ၏။ ။

သူရိယရုပ်စုံသတင်း၊ ဒီဇင်ဘာ၊ ၁၉၃၀။

'ဟော့ . . ဘတင်၊ မင်းငါ့အင်္ကျီယူပြီး ဝတ်ပြန်ပြီထင်တယ်၊ ကြည့်ကောင်းသေးရဲ့လား၊ အင်္ကျီကို ခွေးဝဲစားကျနေတာပဲ၊ လက်နီးစုတ်လောက် ကျက်သရေမရှိဘူး' ဟု ဘရှင်က မိမိ၏အပေါ်အင်္ကျီကို ဖြန့်ကိုင်၍ပြရင်း ပြောလိုက်သည်တွင် ဘတင်မှာ မျက်နှာထားပျက်၍သွားကာ မည်သို့ပြန်လည်ပြောရမည်ကို ရုတ်တရက် မစဉ်းစားတတ်ဘဲ ငေး၍ကြည့်နေမိလေ၏။

ထိုညီအစ်ကိုနှစ်ယောက်မှာ အဝတ်အစားမှုနှင့်ပတ်သက်ပြီး နေ့စဉ်လိုပင် တကျက်ကျက် စကားများလေ့ရှိကြပေ၏။ ဘရှင်မှာ အဝတ်အစားကို အလွန်ရိုသေသူတစ်ယောက်ဖြစ်ပြီးလျှင် မိမိ၏အဝတ်အစားများကို မိမိကလွဲ၍ မည်သူမျှ မဝတ်စေချင်။ သူတစ်ပါး၏အဝတ်အစားကိုလည်း ဘယ်သောအခါမျှ ငှားရမ်း၍ဝတ်ချင်စိတ် မရှိပေ။ ဘတင်မှာမူကား မိမိအဝတ်အစားကို ရိုသေသူ မဟုတ်သည့်အလျောက် မည်သည့်အခါမျှ အဝတ်အစား ကောင်းကောင်းဟူ၍မရှိဘဲ အရေးအကြောင်းကြုံရှိလာလျှင် အစ်ကိုဖြစ်သူ ဘရှင်၏ အဝတ်အစားများကို ဆွဲ၍ ဝတ်တတ်သည့်အကျင့်ကြောင့် ထိုသို့ဝတ်သည်ကို ဘရှင်တွေ့သည့်အခါတိုင်း စကားများလေ့ရှိကြပေ၏။ သို့ရာတွင် အဆုံးသတ်၌ ဘရှင်ကသာ အလျှော့ပေးရလေသည်။

ယခုအကြိမ်မူ ဘရှင်သည် မိမိ၏အကောင်းဆုံး သက္ကလတ်အင်္ကျီကို ထိခိုက်နေပြီဖြစ်သဖြင့် အလျှော့မပေးဟု ဆုံးဖြတ်ကာ ဒေါပွသောအမူအရာဖြင့် လက်ထဲတွင် ကိုင်ထားသောအင်္ကျီကို အပြန်အလှန်ကြည့်လေ၏။ ထိုသို့ကြည့်ရာတွင် အင်္ကျီမှာ ကြေနွမ်းလိုက်၊ ကွမ်းသွေးပေနေသည့်နေရာက ပေ၍ အကွက်တွေ စွန်းထင်းသည့်နေရာတွင် စွန်းထင်းနေသည်ကို တွေ့ရသဖြင့် ထိုအကွက်များကို သင်္ကာမကင်းဖြစ်ကာ နမ်း၍ကြည့် ပြီးလျှင် မျက်နှာမဲ့လျက် 'ကြည့်စမ်း၊ ဘီယာတွေသောက်ပြီး အင်္ကျီပေါ် ဖိတ်ကျတဲ့အကွက်တွေ၊ ကောင်းသေးရဲ့လား၊ ဒီအင်္ကျီ ဘာအဖိုးတန်ဦးတော့မှာလဲ' ဟု ပြောလေ၏။

ဘတင်က သရော်သောမျက်နှာဖြင့် 'အဖိုးတော့ တန်ပါသေးတယ်၊ အခုပေါက်ဈေးဆိုင် နှစ်ကျပ်ပဲတင်းနဲ့ အပေါင်လက်မှတ်တစ်စောင် တန်ပါသေးတယ်' ဟု ဆိုလေ၏။

'ဘာပြောတယ် . . မင်းက၊ ငါ့အင်္ကျီကိုဝယ်တုန်းက ဆယ့်ရှစ်ကျပ်တောင်ပေးရတယ်၊ ဘာမှတ်လို့လဲ၊ မင်းဝတ်လိုက်ရင် သွားရော'

'မလုပ်ပါနဲ့ဗျာ၊ ကျုပ်မဝတ်ရပါဘူး'

'မင်းမဝတ်ရင် ဘယ်သူဝတ်ဦးမှာလဲကွ၊ မင်းတစ်ယောက်ပဲ ဒီအိမ်မှာ ဝတ်မယ့်လူရှိတာ၊ မင်းဟာက ကိုယ့်မှာရှိတာမှ ကိုယ့်ဟာလို့ မအောက်မေ့ဘူး၊ သူများဟာလဲ ကိုယ့်ဟာလို့ အောက်မေ့နေတာ၊ ဘယ်ကောင်းမလဲ'

'ဘာလဲဗျ၊ ခင်ဗျားကြီးက၊ တစ်ဆိတ်ကလေးရှိ ထဘီပျောက်ရင် ဘိန်းစားချည်း စွပ်စွဲတာလိုပဲ၊ သူဌေးသမီး လူခိုးတော့ ဘယ်သူမှ ဘိန်းစားကို မစွပ်စွဲကြဘူး၊ ခင်ဗျားအင်္ကျီတစ်ထည် ဟိုတုန်းက တစ်ခါတည်း ယူဝတ်ဖူးတာနဲ့ ဘာပဲဖြစ်ဖြစ် ကျုပ်ကိုချည်း စွပ်စွဲတော့တာပဲ၊ ဟိုတုန်းက ဆယ့်ငါးရက်လောက် ယူပြီးဝတ်မိပေလို့၊ တစ်လလောက်များဝတ်မိရင် ဂတ်ကိုတိုင်မလား မသိဘူး'

'ဒါမင်းဝတ်တာမှ အစစ်ပါပဲကွာ၊ ငါသိပါတယ်'

'ခင်ဗျားဒါလောက် ပါးရင်၊ နပ်ရင် ဘာလို့ စုံထောက်မလုပ်လဲ'

'ဟော့ . . မဆိုင်တာတွေဝင်ပြီး မတောစမ်းပါနဲ့ကွာ၊ ဟိုတစ်နေ့ကတည်း ဒီအကျီကို မင်းဝတ်ချင်လို့ ငှားနေတယ်မဟုတ်လား၊ ထမင်းစားပွဲ ရှိလို့ဆိုလား၊ ဘာဆိုလား မင်းမပြောဘူးလား၊ မင်းတို့ ထမင်းစားပွဲတွေဟာ ဘယ်လိုဟာမျိုးဆိုတာ ငါသိလို့ မငှားဘူး ပြောလိုက်သေးတယ်၊ မနေ့က ငါမရှိတုန်း မင်းတိတ်တိတ်ကလေး ခိုးဝတ်သွားတာမဟုတ်လား၊ ဘာပြောချင်သေးသလဲ'

'နေပါဦး၊ ခင်ဗျားပြောတာ ခင်ဗျားပဲ ပြန်ပြီးစဉ်းစားပါဦး၊ အခုပဲ ခင်ဗျာပြောတယ်မဟုတ်လား၊ ဟိုတစ်နေ့က ကျွန်တော်ငှားတာကို မပေးဘူးလို့၊ ခင်ဗျားမှ မပေးဘဲနဲ့ ကျွန်တော်ဘယ့်နှယ်လုပ်ပြီး ဝတ်နိုင်မလဲလို့'

'မင်း မလိမ်စမ်းပါနဲ့ကွာ၊ မင်းဝတ်တယ်ဆိုတာ ငါပြောနိုင်တယ်၊ ဟိုနေ့တုန်းက ငါ့အကျီအကောင်းကြီး ဘာတစ်ကွက်မှ အစွန်းအထင်းမရှိဘူး၊ မင်းဝတ်လို့သာ ဒီလိုဖြစ်တာပေါ့၊ မင်းမဝတ်ဘဲနဲ့ ဒီလို ဘယ့်နှယ့် လုပ်ဖြစ်ပါ့မလဲ၊ ပြောစမ်းပါဦး'

'ကြွက်တွေကြောင့် ဖြစ်မှာပေါ့'

'ကြွက်နဲ့ ဘာဆိုင်လို့တုန်း'

'ခင်ဗျားကြွက်အကြောင်း ဘာသိသလဲ၊ ဒီအကောင်တွေဟာ အင်မတန်ညစ်ပတ်တာ၊ အိမ်ကို သိပ်ပြီးဖျက်ဆီးတဲ့ အကောင်တွေ၊ ခင်ဗျားအကျီပေနေတာ ဆီးလွန်တဲ့ရောဂါရှိတဲ့ကြွက်နဲ့ တွေ့သွားသလားမှ မသိဘဲနဲ့။ အဝတ်အစား ကောင်းကောင်းထားတဲ့လူဟာ ကြွက်ထောင်ချောက် ကောင်းကောင်းထားရတယ်၊ ပရုတ်လုံးထက် ကောင်းတယ် မှတ်ထား'

'မင်း ဒီလိုပြောတိုင်း ငါက ယုံရတော့မတဲ့လားကွ' ဟု ဆိုပြီးနောက် ဘရှင်သည် ဒီတစ်ခါတော့ဖြင့် အလျှော့မပေးတော့ပြီဟု နလုံးပြုကာ 'ဘာမှ မင်းမပြောနဲ့တော့၊ ငါ့ကို ငွေတစ်ကျပ်ပေးရမယ်' ဟု တောင်းလေ၏။

'ဘာ . . ငွေတစ်ကျပ်၊ ဘာဆိုင်လို့ပေးရမှာတုန်း၊ ခင်ဗျားက ကိုယ့်ကိုယ်ကို သမာဓိမြို့ဝန်မှတ်လို့၊ ကျုပ်ကို ငွေတစ်ကျပ် ဒဏ်တပ်ရတာလား'

'ငါ အလကားတောင်းတာမဟုတ်ဘူး၊ ဒရိုင်းကလင်းနင်း ပင်းမင်းပေးရမယ် နားလည်လား၊ တစ်ကျပ်ပေးပါ၊ ကြေးမများနဲ့'

'ကျုပ်ပြောပြီကောဗျ၊ ခင်ဗျား အကျီကို လက်ဖျားနဲ့တောင်မှ မတို့ရပါဘူးလို့ ဆိုနေမှပဲ၊ မကျေနပ်ရင် ဂါတ်ကိုတိုင် ဘာအရေးကြီးလဲ၊ ကိုယ်မှ မဝတ်ဘဲနဲ့ဟာ၊ ထောင်လဲမကြောက်ဘူး၊ ငရဲလဲမကြောက်ဘူး၊ ဘုရားစူးကျိန်ရဲတယ်၊ တစ်ဆူတည်းနဲ့ မကျေနပ်သေးရင် အာသောကမင်းကြီး တည်ခဲ့တဲ့ ဘုရားပေါင်း ရှစ်သိန်းလေးထောင် စူးရစေရဲ့လို့ ကျိန်ရမလား'

ဘရှင်ကလည်းမလျှော့၊ ဘတင်ကလည်း ငြင်းမြဲငြင်း၍နေကာ ဂေါ်ရင်ဂျီ ရန်ဖြစ်သလို စကားများနေစဉ် 'ဟလို . . ဒီညီအစ်ကိုတွေကလဲ အခုမှ အချစ်နာလန်ထနေကြပြန်ပြီ' ဟု ပြောပြောဆိုဆိုနှင့် လူတစ်ယောက်ဝင်၍လာသဖြင့် စကားပြတ်သွားပြီး ထိုသူအား လှည့်ကြည့်ကြလေ၏။

'ဟော့ . . ဘိုးခက်၊ မင်းအခုမှ လာတော့တာကိုးကွ၊ ငါကစောစောက လာမလားလို့ အောက်မေ့တယ်' ဟု ဘတင်က ဘရှင်ကို ဂရုမစိုက်တော့ဘဲ စကားဖြတ်ပစ်လိုက်လေ၏။

'ဘိုးခက် . . အသာဖယ်ထားလိုက်စမ်းပါဦး၊ ငါတောင်းတဲ့ငွေတစ်ကျပ် ပေးစမ်းပါ၊ ပြီးတော့မှ မင်းတို့ပြောချင်တာ အားရအောင်ပြော၊ ငါ့ငွေတစ်ကျပ်က အရေးကြီးတယ်'

'ကျုပ်သိပါတယ်ဗျာ၊ နားပင်းမဟုတ်ပါဘူး၊ ဘိုးခက်နဲ့ စကားပြောပါရစေဦး၊ သူ့ကို ချေးထားတဲ့ ငွေနှစ်ကျပ်ရှိတယ်'

'ဘိုးခက်သည် ဝင်၍လာပြီး ဘတင်၏ကျောကိုပုတ်ကာ 'မင်းမနေ့ညက အတော့်ကို ထိုသွားတာပဲပေါ့လေ' ဟု ပြောလေ၏။

ဘိုးခက်စကားကို ကြားရ၍ ဘရှင်က 'မင်းလဲမနေ့က ထမင်းစားပွဲ သွားတယ်ပေါ့လေ' ဟု မေးလေ၏။

'ဘတင့်နဲ့ အတူတူပေါ့ဗျ၊ ကျွန်တော်တို့ကလဲ ခပ်ထိုထို၊ အငြိမ့်မင်းသမီးကလဲ ကလက်တက်တက်နဲ့ဆိုတော့၊ တစ်ခါတည်း အရမ်းကျနေကြတာပဲ၊ ခင်ဗျားလာဖို့ သိပ်ကောင်းတာပဲ'

'ငါ့အစား . . ငါ့အကျိုးတော့ သွားတယ်ထင်တာပဲ'

ဘတင်က မကြားချင်ယောင်ဆောင်၍ ဘိုးခက်အား 'ဟော့ . . သူငယ်ချင်း၊ မင်းငါ့ဆီက ချေးသွားတဲ့ ငွေနှစ်ကျပ်ပြန်ပြီးပေးဦးမောင်၊ ကြာရင် မေ့နေဦးမယ်'

'အံမာ . . မောင်မင်းကြီးသား၊ မလုပ်ပါနဲ့၊ ပေးပြီးပါကောလားလို့ ဘယ်နှခါ ထပ်ပြီး ပေးနေရဦးမှာလဲ'

'မပေးရသေးပါဘူး မောင်ရာ . . ၊ အချောင် အဆုံးမခံပါရစေနဲ့'

'မင်းဟာမင်း စဉ်းစားစမ်းပါဦးကွာ၊ မနေ့ညကပဲ ထမင်းစားပွဲအပြီးမှာ ဘားကိုသွားပြီး နောက်ဆုံးတစ်ခွက်စီ သောက်ကြတုန်းက၊ ငါးကျပ်တန် စက္ကူဖျက်လို့ ပြန်ပြီးအမ်းတဲ့အထဲက မင်းကို နှစ်ကျပ်ထုတ်ပေးလိုက်တာ မေ့နေပြီလား'

'ဟုတ်လား၊ နို့ . . ငါဘယ်မှာ ထားလိုက်မိပါလိမ့်'

'မင်းမူးမူးနဲ့ အပေါ်အကျႌအတွင်းအိတ်ထဲ ထည့်လိုက်တာကော' ဟု ပြောလိုက်သဖြင့် ဘတင်လည်း သတိရကာ 'သြော် . . ဟုတ်သားပဲ၊ ငါမေ့လို့ပါကွာ၊ စိတ်မဆိုးပါနဲ့' ဟု တောင်းပန်ပြီးလျှင် ဘရှင်ဘက်သို့ မျက်နှာလှည့်ကာ တစ်စုံတစ်ရာ ပြောမည့်ဟန်ကိုပြုလျက် ပြော၍မထွက်နိုင်အောင် တံတွေးသီး၍ နေဘိသည့်အလား မျက်လုံး ပျာကလတ်၊ ပျာကလတ်နှင့် လည်တိုင်တဆန့်ဆန့် လုပ်နေလေ၏။

ဘတင်ပါးစပ်ထဲမှ 'ဟိုဒင်း . . အင်း . .' ဟူသောစကားသာ ထွက်နိုင်ပြီး ဆက်၍ပြောရမှာ ခက်သလိုဖြစ်နေလေ၏။

ဘရှင်ကား ပြုံးချင်လှသော်လည်း ဣန္ဒြေနှင့် 'အင်း . . ဆိုစမ်း၊ ဘာပြောချင်လို့လဲ' ဟု မေးလိုက်ရာ ဘတင်မှာ အပြောရခက်လှသောကြောင့် 'ဘာမှမဟုတ်ပါဘူး' ဟု ဆိုလိုက်ရလေ၏။

ထိုအခါမှာ ဘရှင်ကပြုံးကာ 'ကဲ . . ဘာမှပြောစရာမရှိရင်လဲ ငါသွားလိုက်ဦးမယ်၊ ပင်းမင်းဆိုင်ကို၊ ငါစောစောက မင်းကိုအထင်မှားလို့ စွပ်စွဲနေတာ၊ အစကတည်းက မင်းပြောတဲ့စကားအတိုင်း ဟုတ်လိမ့်မယ်လို့ အောက်မေ့ဖို့ကောင်းတာ၊ ငါပြောလို့ မင်းဝမ်းမနည်းနဲ့ကွ၊ ဒီလိုပဲ လူဆိုတာ တစ်ခါတစ်ခါတော့ မစဉ်းစားဘဲ

ဒေါသဖြစ်ချင်ဖြစ်တတ်တာ၊ အေး . . အေး . . မင်းတို့နေရစ်ကြဦး၊ ငါပင်းမင်းဆိုင် ပြေးလိုက်ဦးမယ်၊ ပိတ်ခါနီးပြီထင်တယ်၊ မမီရင် ခွကျနေဦးမယ်၊ ဆိုင်ရောက်တော့မှပဲ အိတ်ထဲကဟာတွေ ထုတ်ပြီးကြည့်ရဦးမယ်၊ တစ်ခါတလေ ပင်းမင်းပေးလိုက်တဲ့ အကျီထဲမှာ တစ်ခုခုပါချင်ရင်ပါတတ်တယ်၊ မပြောနိုင်ဘူးသိလား'

ဘတင်မှာ မခံချိမခံသာဖြင့် ခေါင်းညိတ်လိုက်ရလေ၏။ မိမိလိမ်၍ပြောထားမိသောစကားကြောင့် အကျီအိတ်ထဲတွင် မိမိ၏ငွေနှစ်ကျပ်ပါသွားသည်ကို အပြောရခက်နေသကဲ့သို့ ဘရှင်ကမူ နောင်ကို ဘတင်မှတ်လောက်အောင် ငွေနှစ်ကျပ်ပါလာသည်ကို 'ဘုံး' ၍ထားလိုက်ရန် စိတ်ပိုင်းဖြတ်ပြီးလျှင် ကျေနပ်နေလေ၏။

ဘတင်မှာ မိမိ၏ငွေနှစ်ကျပ်ကို အဘယ်ကဲ့သို့ ပြန်၍ရအောင် လုပ်ရပါမည်နည်းဟု ကြံလုံးထုတ်ပြီးလျှင် 'အစ်ကို့အကျီ ကျွန်တော်ခေါက်ပေးမယ်လေ၊ ပင်းမင်းဆိုင် ယူသွားတာပေမယ့် သပ်သပ်ရပ်ရပ်ခေါက်ပြီး ယူသွားတာ ကောင်းတာပေါ့' ဟု အချိုသတ်လေ၏။

သို့ရာတွင် ဘရှင်က ဤအချက်တွင် ပါးနပ်သွားကာ 'နေပါစေ ငါ့ညီရာ၊ ဒုက္ခမရှာပါနဲ့၊ ငါ့ညီ လက်ညောင်းတာ အစ်ကိုမမြင်ချင်ပါဘူး' ဟု ပြောဆိုရင်း အကျီကိုခေါက်ကိုင်ပြီး 'ငါသွားလိုက်ဦးမယ်၊ မင်းခဏနေဦး' ဟု ဘတင်ကိုပြောလေ၏။

'ဟုတ်ကဲ့ နို့ပေတဲ့ . . နေပါဦး . . ၊ ဟိုဒင်းကလေး . .'

'ဘာလဲပြောလေ'

'ဘာမှမဟုတ်ပါဘူး' ဟု ဝမ်းနည်းစွာဖြင့်ပြောကာ ပါသွားသောငွေနှစ်ကျပ်ကိုနမြောကာ ဘရှင်ထွက်သွားပြီးနောက်၌ ဘိုးခက်အား 'သူငယ်ချင်းရေ . . အမျှသာယူပေတော့၊ ဘာကြောင့်တော့ဖြင့် မမေးပါနဲ့' ဟု ဆိုသဖြင့် ဘိုးခက်လည်း အကြောင်းမသိရဘဲလျက်နှင့်ပင် 'သာဓု . . သာဓု . . စာဥတို့ အမေ၊ ဘာပြုလို့သေ၊ ပြောပါနဲ့အေ၊ ရောဂါနဲ့သေ၊ ရိုးမှမသာ၊ ဆွေမျိုးကမှမလာ' ဟု နောက်လိုက်သောကြောင့် ဘတင်မှာ မချိသွားဖြဲပြုံးရရှာလေတော့၏။ ။

**ကြီးပွားရေးမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၃၅။**

'ကဲဗျာ . . ကိုချစ်ဖေ၊ တစ်လမ်းလုံး တယောကြီးပိုက်လာရတာ မညောင်းသေးဘူးလားဗျ၊ သီချင်းတစ်ပုဒ်လောက် ထိုးစမ်းပါဦး'

'နို့ ခင်ဗျားကမှ သီချင်းမဆိုဘဲနဲ့၊ ဘာတွေလျှောက်ပြီး ထိုးရမှာလဲလို့၊ ခင်ဗျားကလဲ ဆိုဦးမှပေါ့၊ ဆိုလေဗျာ ကိုဘတင်'

'တော်ပါဗျာ၊ နောက်မနေပါနဲ့၊ သီချင်းဆိုမှာ ဆိုစမ်းပါဗျ'

'အဟင်း . . ပျင်းတယ်တဲ့ပျင်းတယ်၊ တူနလယ်တယ် . . ဘယ်သီချင်း ဘယ်ဟာဆိုရပါ့ မိတ်ဆွေတို့ရေ၊ စားကြဦးမလားဗျ၊ မုန့်ထုပ်ကြီး ပူပူနွေးနွေး' ဟု သီချင်းအချတွင် ဘတင်က ပြောင်လှောင်၍ ဆိုသဖြင့် . .

'ခက်တဲ့လူပဲဗျာ၊ အတည်ဆိုနေတယ်မှတ်လို့ တယောနဲ့ လိုက်နေတာ၊ အဲဒီလို ကြပ်ကြပ်ဆို၊ အရပ်ထဲက ထွက်ပြီးခဲနဲ့ပေါက်လိမ့်မယ်၊ ဟိုဒင်း ဆိုလေဗျာ၊ လှယဉ်ကျေး' ဟု ချစ်ဖေက ပြောလိုက်မှ။

'အင်း . . အင်း . . ဟုတ်ပြီ၊ လှယဉ်ကျေး ဟေး အေ့ ဟေး၊ ဘယ့်နှယ်တုံး၊ ဒီအသံ'

'ကောင်းပေါ့ဗျာ၊ အသံကလေးက နနွင်းရောင်ကလေး'

'အသံဝါလို့ပြောပါ'

'ဘယ်အသံဝါမလဲဗျ၊ ဝါတဲ့အပြင် ဟိုဘက်လွန်နေလို့ နနွင်းရောင်ထနေတာ'

'ဒါဖြင့်ရင် မဆိုတော့ပါဘူးဗျာ'

'အလကားပြောင်တာပါ ကိုဘိုးစိန်ကြီးရာ၊ စိတ်မဆိုးပါနဲ့၊ ဆက်ဆိုပါ'

'လှယဉ်ကျေး . . ဟေး အေ့ ဟေး . . မခင်လေးတို့က ချိုင်းမွှေးထူ'

'ဟာ . . မနိတ်တာဘဲ၊ ကောင်းကောင်းဆိုမှပေါ့'

'နို့ . . ခင်ဗျားဆိုခိုင်းလို့ ဆိုရတာ၊ ဒီသီချင်း ကျွန်တော်မှမရဘဲ'

'ကဲ . . တော်ပါတော့ဗျာ၊ ကျွန်တော့်တယော ကျွန်တော်ထိုးပါတော့မယ်' ဟု ဆိုပြီး ချစ်ဖေက တယောထိုး၍ ဘတင်က စည်းဝါးလိုက်ကာ ကမ်းနားလမ်းတစ်လျှောက်တွင် ဆိတ်ငြိမ်ခြင်းကို ဖြိုဖျက်၍ သွားကြလေ၏။

အချိန်မှာများစွာ ညမနက်လှသေးသော်လည်း ဆောင်းရာသီအခါဖြစ်သည့် အားလျော်စွာ များစွာသောအိမ်တို့မှာ စောစောစီးစီး တံခါးပိတ်လျက် အိပ်သူက အိပ်ကန်ကြ၍ မအိပ်သေးသူများကလည်း အိမ်တွင်း၌ ကုပ်လျက်သာ နေကြသည်ဖြစ်သောကြောင့် တလမ်းလုံးမှာ ဆိတ်ငြိမ်ခြင်းကို ဖောက်ထွင်း၍ ပေါ်ပေါက်လာသော ချွဲချွဲပျစ်ပျစ်

ဆွဲရစ်တီးမှုတ်သော တယောသံသည် မအိပ်နိုင်၊ မထိုင်နိုင် ရှိကြကုန်သော ဖော်ကွာဝေးသူတို့အား ဆွေးပူအောင် လှုံ့ဆော်ပေးသည်အလား ထင်မှတ်ဖွယ်ရှိသည့်ပြင် နှင်းတွေဝေလျက်ရှိသော လောကဓာတ်ကြီးကို မှုန်ရီစွာ ထွန်းလင်းလျက်ရှိသော လရောင်သည် လွမ်းအားကိုကူ၍ အပူတို့ကို တိုးအောင်ဖန်တီးနေပေ၏။

ချစ်ဖေနှင့် ဘတင်တို့မှာကား မိမိတို့၏ဂီတသံကြောင့် တစ်ရံစာသော သူများမှာ ကြည်နူးခြင်း၊ လွမ်းဆွတ်ခြင်း၊ ပူဆွေးခြင်းဖြစ်စိမ့်သောငှာ တယောထိုးသီဆို၍ သွားကြသည်မဟုတ်၊ ရွှေမြို့တော်သူ၊ ရွှေမြို့တော်သားများအား ဖြေဖျော်ရန်လည်း မဟုတ်ဘဲ အိပ်ချိန်မှလွဲ၍ အိမ်ထဲတွင် ငါးမိနစ်တိတိနေရလျှင် ခေါင်းကိုက်တတ်သော လူစားမျိုးဖြစ်ကြသောကြောင့် ကာလသားတို့ဘာဝ လည်ပတ်ကြခြင်းဖြစ်သည့်အလျောက် တစ်ရပ်ပြီးတစ်ရပ် လှည့်ပတ်ကာ သူမသိငါပိုး တယောထိုး၍သွားကြလေရာ ကျယ်ဝန်းသော ခြံကြီးများနှင့် အိမ်များရှိရာအရပ်သို့ ရောက်ရှိသွားကြလေ၏။

'အိုင်ဆေး . . ကိုချစ်ဖေ၊ ဟိုရှေ့ကခြံကြီးထဲမှာ မြ တစ်ယောက်မြင်ရဲ့လား၊ အဲဒါ ခင်ဗျားတယောသံကြားလို့ ခြံထဲကိုဆင်းလာတာ သိရဲ့လား၊ ကိုင်း . . ကောင်မကို တစ်ခါတည်း လွမ်းကျန်ရစ်အောင် ထိုးလေဗျာ'

'ဘာနဲ့ထိုးရမှာလဲ'

'တယောကိုပြောတာပါဆရာ၊ တယောကို'

'အဲဒီလို ရှင်းရှင်းလင်းလင်းပြောပါ၊ ခင်ဗျားပြောပုံက နားလုံးဘူးမထွင်း'

'ဘူးလုံးနားမထွင်းသလို လို့ ပြောပါ၊ ကိုင်း . . တယောထိုးဗျာ'

'အဆိုကလေးလဲ ပါဦးမှာပေါ့ဗျာ၊ သာပြီးစွဲမှာ'

'ဘာကိုဆိုရမှာလဲ'

'ဆိုချင်တာဆိုဗျာ၊ အခုလိုလသာတုန်း ဘောလယ်ဆိုတာ ကောင်းတယ်' ဟု ဆိုပြီး ချစ်ဖေက တီးလုံးပျိုး၍ ပေးလေ၏။

'စိန်ခြူး . . ကြာညောင် . . ကြာညောင် . . လရောင်တွေလင်း . . အင်း . . ဟင့် . . လင်းပါလို့၊ ဟောဟိုခြံတွင်းရယ်က မယ်ခမျှော် . . အော့ . . ဟော့ . . ဩော် . . သုံးချက်စည်တော်၊ စည်တော် ရိုက်ဆော်ကာညင်းတယ်လေး . . လင်းပြန်လုနော် . .' ဟု ဆိုလိုက်သဖြင့် ခြံတွင်းမှ မိန်းမပျိုကလေးသည် သည်းခံ၍မနေလိုသည့် အမူအရာဖြင့် ခြံဝတံခါးဆီသို့ ထွက်လာပြီးလျှင် 'သွားပါတော့ရှင် . . ၊ ထမင်းကျန် တာတွေ ခွေးကျွေးပစ်လိုက်ပြီ' ဟု ဆိုသောကြောင့် ချစ်ဖေနှင့်ဘတင်တို့မှာ အံ့အားသင့်၍ နေကြစဉ် . .

'ထမင်းတော့မရှိဘူး၊ ပိုက်ဆံလိုချင်ရင် ရော့' ဟု ဆိုကာ အိတ်ထဲသို့နှိုက်၍ ဖြူဝင်းသောအရာတစ်ခုကို ပစ်ပေးလိုက်ရာ ထိုအရာသည် ချစ်ဖေတို့ ခြေရင်းတွင် ချွမ် . . ချပ် ဟူသော အသံဖြင့် ရှေ့ကျွမ်းနောက်ကျွမ်းပစ်၍ ကျလေ၏။

ပိုက်ဆံပစ်လိုက်သော မိန်းမပျိုကလေးလည်း ဖျတ်ခနဲမျက်နှာလွှဲ၍ အိမ်ထဲသို့ ပြန်လှည့်သွားသည်နှင့် တစ်ပြိုင်နက် ဘတင်က 'ကော်တာပဲဟေ့၊ ဒင်္ဂါးကြီး ထန်းရည်ရှစ်ပုလင်းတော့ ထန်ဒါးနေပြီ' ဟု ဆိုကာ ဝမ်းသာအားရ ဒင်္ဂါးကို ပြေး၍ကောက်ရာ ချစ်ဖေက မနှစ်မြို့သော အမူအရာနှင့် . .

'နေစမ်းပါဦးဗျ၊ ခင်ဗျားက ကဇော်သမားမှန်း လူသိအောင်မလုပ်စမ်းပါနဲ့၊ အခုပိုက်ဆံပစ်ပေးတာ၊ ကျုပ်တို့ကို သူတောင်းစာ လုပ်မှန်းမသိ လုပ်သွားတာ၊ သိရဲ့လား'

'သိတာပေါ့ဗျ၊ ဒါကြောင့် ခင်ဗျား ကျွန်တော့်အနား သိပ်ပြီးမကပ်နဲ့၊ ကျွန်တော်က သူတောင်းစားဆိုပေမယ့် ထမင်းဝနေလို့'

'တော်ပါဗျာ၊ ခင်ဗျား ဒီလိုနောက်တာတွေကြောင့် အခုလိုဖြစ်တာ၊ သီချင်းဆိုတာပဲ ရိုးရိုးတန်းတန်း မဆိုဘူး၊ နောက်တောက်တောက်လုပ်ပြီး ဆိုတော့ အခုလိုအလုပ်ခံရတာ ကောင်းသလား၊ ပေး . . ဒင်္ဂါး'

'ဘာလုပ်ဖို့လဲ၊ ကက်ဆွဲဖို့ ပိုက်ဆံမရှိလို့လား'

'လာလာချည်သေး . . ပေးပါဗျာ၊ သူ့ဟာ သူ့ကိုပြန်ပေးပြီး နာနာကြီး ပြောပစ်ခဲ့မယ်' ဟု ဆိုသောကြောင့် ဘတင်က 'ကုန်ပါပြီဗျာ၊ ထန်းရည်ဖိုးကလေး' ဟု ဆိုပြီး ပေးလိုက်ရာ၊ ချစ်ဖေလည်း ဒင်္ဂါးကိုယူ၍ ခြံထဲသို့ဝင်၍ လိုက်ရန်သွားရာ တံခါးပိတ်ထားလိုက်သည်ကို တွေ့ရသဖြင့် မကျေနပ်သော မျက်နှာနှင့် ပြန်၍ထွက်ခဲ့ရလေ၏။

'သိပ်ခွကျတာပဲဗျာ၊ ခင်ဗျားစကားကြောရှည်နေတာနဲ့ ဟိုမှာ တံခါးပိတ်သွားပြီ၊ ဘယ့်နှယ်လုပ်မလဲ'

'ဘာထူးထူးထွေထွေ လုပ်နေစရာရှိသလဲ၊ နောက်တွေ့တော့မှ ပေးတာပေါ့ဗျ၊ ဖောက်သည်ဆိုတာ အကြွေးထားလို့ရပါတယ်'

'တန်ပါ ဖိုးစောရာ . . လသာတုန်းရှိသေးတယ်၊ ကိုင်း . . ပြောနေရကြာတယ်၊ လှည့်ပြီးပြန်ကြမယ်'

'အင်း . . ဒီလိုနဲ့ ပြီးရမှာလားလို့၊ ကျွန်တော့်ဒင်္ဂါး ပြန်ပေးဗျာ၊ ကျွန်တော်အရင်ကောက်တွေ့တာ'

'မပေးဘူး၊ ခင်ဗျားပေးရင် ကဇော်စုပ်ပစ်မှာ၊ သူ့ပြန်ပေးရမယ်'

'ရေအဆုံး ကုန်းတစ်ဝက်တဲ့၊ ငါးမူးတော့ပေးပါဗျာ၊ လေးပုလင်းဖိုး'

'အောင်မယ်လေးလေး . . နောက်ပေါ်တဲ့ ဘိန်းစားထဲ ခင်ဗျားအချွဲဆုံးပါလား၊ ဒါလောက်တောင် သောက်ချင်ရင် ကျွန်တော်ပဲ သပ်သပ်တိုက်ပါ့မယ်၊ သူ့ပိုက်ဆံကိုတော့မထိနဲ့၊ သူ့ပြန်ပေးဖို့ ထုံးတို့ပြီး သိမ်းထားမှာ'

'နိပ်တာပဲ၊ သောက်ရမယ်ဆိုရင် ကျေနပ်ပြီ၊ ကိုင်း . . လာသွားစို့' ဟု ဆို၍ နှစ်ဦးသား ဆက်လက်လျှောက်ခဲ့ကြရာ ချစ်ဖေမှာ ဖြစ်ခဲ့သည့်အကြောင်းများကို တစိမ့်စိမ့်တွေးရင်း ငြိမ်သက်စွာ လိုက်ပါလာသဖြင့် ဘတင်တစ်ယောက်လည်း ကိုယ့်သီချင်းကိုယ်ဆို၍ ကိုယ့်ပါးစပ်ဆိုင်းတီးကာ . .

'ဓမ္မတာဘုံမှာလေ . . ကာမဂုဏ်စိတ်တူမျှရာလို့၊ ကာမဂုဏ်စိတ်တူမျှရာလို့၊ ဘိက္ခုနီမကြီးရယ်၊ ဘယ်သူ့နဲ့လိုက်စားပြန်သတုန်း၊ မင့်ဗိုက်တရား မှန်မှန်ဟော၊ ဩော် . . ငါ့အစက မပြောဘူးလားကွဲ့၊ မင်းမှာ ငါကလွဲရင် ကြည့်မယ့်လူ မရှိဘူးဆိုတာ အပြောသာအနဲ့၊ အခုတော့ ကောင်းကြသေးရဲ့လားကွဲ့ မဟာဝါရဲ့၊ ကပ်ကမ္ဘာအခြေမှာလေး . . လေ၊ သတ္တဝါတွေမှတ်စရာ အရေးပါပဲ . . အဟဲ့ . . (ကိုလော် . . ကိုလော် သတိထားမှပေါ့၊ ကိုလော်ရဲ့၊ ပြိတ္တာတို့ မျက်ရည်စ၊ မြေဝယ်မကျကောင်းဘူးတဲ့ ကိုလော်ရဲ့) ဂဗ္ဘသေယျ သန္ဓေမှီဆောင်လို့ ဇကသီတောင် အလယ်ကတင်းပါပေါ့ . . တင်း . . ပါပေါ့၊ နောက်တစ်ဖန် ဖောက်ပြန်တဲ့အခင်းကိုလှ၊ အမယ်မင်း . . မူရင်းပထမ မကင်းကြတဲ့သဘောကိုဖြင့်၊ မယ်ဘိက္ခုနီရယ် . . သူတော်စင်မကြီးရယ်၊ မင်းဗိုက် ဘယ်သူ ကမြင်းဆွလို့၊ ယခုလို ငါးပုတင်းမ ဖြစ်တာကို မှန်မှန်ပြော . . ပြော . .၊ ယခုမှတော့ ကျုပ်ကို မရှက်နဲ့တော့၊ မင်းဗိုက်တရား မှန်မှန်ဟော၊ (မောင်ကြီး မောင်ငယ် . . မောင်ကြီး

မောင်ငယ်၊ ဖိုးသူတော်ပေးတဲ့ပိုက်ဆံ၊ မယ်သူတော်သုံးလို့ကုန်တာ၊ မောင့်စိတ်ကြောင့် မနေနိုင်၊ ငွေမြိုင်တုတ်နဲ့ထိုး)' ဟု တွေ့ကရာရှစ်သောင်း ပါးစပ်ဆိုင်းတီး၍ တစ်ယောက်တည်း ငိုချင်းချ လာစဉ် . .

'ဗျို့ . . ကိုချစ်ဖေ . . ကိုဘတင်၊ လာလေဗျာ၊ လက်ဖက်ရည် သောက်ရအောင် လာပါ' ဟု လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲမှ လှမ်း၍ခေါ်သံကို ကြားရသဖြင့် ဆိုင်ထဲသို့ လှည့်၍ကြည့်ကြရာ . .

'ဟော . . ကိုဘိုးချိန်ပါကလား၊ နေရာကျတာပဲဗျို့၊ ကိုဘတင်ရေ၊ ဟိုငတိမအကြောင်းကို သူ့မေးကြည့်ရင်သိမှာပဲ၊ သူတို့အရပ်ထဲကပဲ' ဟု ချစ်ဖေက ပြောပြောဆိုဆို ဝင်ရောက်သွားသဖြင့် ဘတင်လည်း လိုက်ပါ၍သွားလေ၏။

'ကိုင်း . . ဘာသောက်ကြမလဲ၊ လက်ဖက်ရည်လား၊ ကော်ဖီလား' ဟု ဘိုးချိန်ကမေးရာ ဘတင်က 'ဟာ . . လက်ဖက်ရည်၊ ကော်ဖီသောက်တော့ အပျော့ပေါ့ဗျာ၊ ချမ်းတဲ့အခါ အာသွက္ကဲယဉာဏ်တော် ရေကလေးမှ တော်မယ်'

'ဘာလဲဗျာ၊ အာသွက္ကဲယဉာဏ်တော်ရေဆိုတာ'

'ခင်ဗျားတယ်ပြီး ဂနိုင်ကျတာသေးတာကိုးဗျ၊ အာသွက္ကဲယဉာဏ်တော်ရေဆိုတာ အရက်ကို ပြောတာလေဗျာ၊ ဒါကိုသောက်လိုက်ရင် အာသွက်၊ လျှာသွက်ပြီး ဉာဏ်တော်ပွင့်လာတာပဲ၊ အာသဝေါတရားလဲ ကုန်သွားတာပဲ'

'ဟား . . ဟား . . တယ်လဲဆန်းကြယ်လိုက်တာ၊ ဒီအချိန်ကျမှ မရဘူးဆရာ၊ ဆိုင်ပိတ်သွားပြီ' ဟု ဘိုးချိန်ကပြောသည်တွင် ချစ်ဖေက 'ဒီကဇော်အိုးကို အရေးယူမနေပါနဲ့ဗျာ၊ လက်ဖက်ရည်လဲ မမှာပါနဲ့၊ နေပါစေ'

'ဒါနဲ့ ဘာလုပ်ဖို့ဝင်ပြီး လာကြသေးသလဲ'

'ခင်ဗျားမေးချင်တာ တစ်ခုရှိလို့'

မေးပါဗျာ၊ မေးစရာရှိရင် မေးနိုင်ပါတယ်၊ မသိမေး၊ မစင် ကိုဘတင် ကျွေးတာပေါ့၊ ဟား . . ဟား' ဟု နောက်သဖြင့် ဘတင်မှာ မဲ့၍သွားလေ၏။

'မေးချင်တာက တခြားမဟုတ်ဘူး၊ ခင်ဗျားတို့အိမ် နောက်ဖေးတန်းက ဆင်ဝင်နဲ့အိမ်က ကောင်မကလေး အကြောင်း မေးချင်လို့'

'ဟား . . ဟား . . ခင်ဗျားကျနေပြီထင်တယ်၊ ဘယ်တုန်းက တွေ့ကြသလဲ'

'ကျနေလို့မဟုတ်ပါဘူး၊ တွေ့တာလဲ အခုတင်ပဲ၊ ကျုပ်တို့သီချင်းဆိုပြီး တယောထိုးလာတာ ဖမ်းပြီး နောက်လိုက်လို့'

'ဟာ . . ဒီကောင်မအကြောင်းတော့ မပြောနဲ့တော့၊ တော်တော်ထတဲ့ ကောင်မဗျ၊ ဒါတွေကြောင့် သူ့ကို ဒီပို့ထားတာ'

'သူက ဘယ်ကမို့လို့လဲ'

'ဒီလိုဗျ၊ သူကရန်ကုန်က၊ သူ့မိဘတွေက ရန်ကုန်မှာနေတယ်၊ ဒီငနဲမက စိန့်မေရီမှာဆိုလား၊ စိန့်ဗင်းဆင့်မှာ ဆိုလား၊ ရှစ်တန်းအထိ နေဖူးတယ်တဲ့၊ ငနဲမက ဘိုဆန်ပြီး ယောကျ်ားကလေးတွေနဲ့ မရှက်မကြောက်သွားလား လာလား လုပ်လေ့ရှိလို့ သူ့မိဘတွေက စိတ်မချတာနဲ့ ဒီကိုပို့ထားတာ၊ အခု သူနေတာ သူ့အဒေါ်နဲ့၊ ဒီအိမ်ဟာ

သူ့အဒေါ်အိမ်၊ အဲဒီမိန်းမကြီးဟာ အပျိုကြီးဗျ၊ ပိုက်ဆံရှိတယ်၊ တစ်အိမ်လုံးမှာ သူတို့နှစ်ယောက်နဲ့ ခိုင်းတဲ့စေတဲ့ လူတွေပဲရှိတယ်၊ သူ ဒီကိုရောက်လာတာ သိပ်မကြာသေးဘူး၊ အလွန်ဆုံး လေးငါးရက်ပဲ ရှိဦးမယ်၊ သူ ဒီရောက်ကတည်းက တော်ရုံဖွဲ့ကောင်းတဲ့ နောက်ပိုးများ ဒီလမ်းကို နှစ်ခေါက်မလျှောက်ရဲအောင် ဖမ်းပြီး ပြောင်လား၊ လှောင်လားလုပ်တာပဲ'

'ဒါဖြင့် တော်တော်လွယ်မယ့် ငနဲမပဲထင်တယ်'

'မထင်နဲ့ဆရာ၊ ဒီလိုဟာမျိုး သာပြီးအစရခက်သေးတယ်၊ ခင်ဗျားက ကြံချင်လို့လား'

'ကြံချင်လို့ မဟုတ်ပါဘူးဗျာ၊ အကြောင်းတစ်ခုကြောင့်ပါ၊ ဒီအကြောင်းတော့ မပြောတော့ပါဘူး၊ နို့ . . သူ့နာမည်ကော သိရဲ့လား'

'ဘယ်သူတဲ့ဗျာ . . သြော် . . ခင်လေးတဲ့၊ မခင်လေး' ဟု ပြောပြရာ ဘတင်က 'လှယဉ်ကျေးမခင်လေးတို့က ချိုင်းမွေးထူ' ဟု ဆိုပြန်သဖြင့် ချစ်ဖေက မျက်စောင်းထိုးကာ 'တော်နော် . . တော်၊ ခင်ဗျားမှာ ဒါတွေပဲရှိတယ်' ဟု ဆိုရာ . .

'ဟုတ်တယ်၊ ဒါတွေပဲရှိတယ်၊ ဟိုဟာတွေ အပေါင်ဆိုင်မှာ' ဟု လောင်သောကြောင့် . .

'မဖြစ်ပါဘူးဗျာ၊ ဒီည၊ ခင်ဗျားနဲ့ ခပ်မြန်မြန်ခွဲမှပဲ' ဟု ဆိုပြီးနောက် 'ကိုင်း . . ကိုဘိုးချိန်၊ မနက်ဖြန်မှပဲ တွေ့ကြဦးစို့၊ ကနေ့ညတော့ အချိန်မရှိဘူး သွားဦးမယ်'

'လက်ဖက်ရည် သောက်သွားကြပါဦးလားဗျာ'

'မသောက်တော့ဘူးဗျာ၊ ကိုင်း . . သွားဦးမယ်နော်' ဟု ဆိုကာ နှုတ်ဆက်၍ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခဲ့ကြလေ၏။

နောက်တစ်နေ့ညနေတွင် ချစ်ဖေသည် ယမန်နေ့ညက အဖြစ်အပျက်ကို မကျေနပ်နိုင်၍ ခင်လေးနှင့်တွေ့ရန် သွားမည်ဟု ကောင်းကောင်းမွန်မွန် ဝတ်စား၍ အိမ်မှထွက်လာရာ လမ်းတွင် ဘတင်နှင့်တွေ့နေသဖြင့် ရှောင်ရှား၍ မရနိုင်ဘဲရှိသောကြောင့် ဖွတ်အတင်း မမြင်ချင်ဟန်ဆောင်၍ ရှောင်သွားရာ . . ။

'ဟေ့လူ ကိုချစ်ဖေ၊ ဘယ်လဲဗျ၊ ကျွန်တော်လဲ လိုက်ပါရစေ'

'ဒီတင်ပဲဗျ၊ ဘာလို့ လိုက်ချင်ရတာတုန်း'

'အဲဒီ . . ဒီတင်ပဲ လိုက်ပါရစေဗျ၊ ပျင်းလွန်းလို့'

'ရှိကြီးခိုးပါရဲ့ဗျာ၊ လိုက်တော်မမူပါနဲ့၊ ကဖော်သောက်ဖို့မရှိရင် ယူသွားပြီး အပင်းဆို့တော်မူစမ်းပါ' ဟု ဆိုကာ ပိုက်ဆံငါးမူး အတင်းထိုး၍ ပေးခဲ့မှ ဘတင်ကျန်ရစ်ခဲ့လေ၏။

ချစ်ဖေလည်း 'ဒီကောင်မေ တွေ့ရင်တော့ အတင်းဝင်စကားပြောပြီး သူ့ပိုက်ဆံပြန်ပေးရင်း နာနာကြီး ဆိုပြောပစ်ခဲ့မယ်' ဟူသောစိတ်ထားနှင့် ခင်လေး၏အိမ်ရှေ့သို့ရောက်ရာ သူ၏အရိပ်အစကိုမျှမမြင်ရသဖြင့် တုံ့ပြန်၍လျှောက်ပါသော်လည်း မထူးသောကြောင့် အစဉ်းစားရခက်၍နေပြီးမှ ဘိုးချိန်ကိုသတိရ၍ ဘိုးချိန်ထံသို့ ပြေးလေ၏။

'ကိုဘိုးချိန်လာစမ်းပါဦးဗျ၊ ခင်လေးတို့ ဘယ်သွားကြလဲ၊ သိရဲ့လား'

'ဘာမျှား ဖုတ်ပူမီးတိုက် ဖြစ်လာရပြန်တာတုန်း၊ ဘုရားကိုသွားကြတယ် . .'

'ဒါပဲ သိချင်တာပဲ၊ ကျွန်တော်ပြေးလိုက်ဦးမယ်ဗျာ' ဟု ဆိုကာ လှည့်၍သွားတော့မည်အလုပ်တွင် 'နေစမ်းပါဦးဗျ၊ ဒါလောက်တောင် အလောသုံးဆယ်ဖြစ်ရအောင်ဟာ ဘာမျှားအရေးကြီးလို့လဲ'

'နောက်တော့ သိရရောပေါ့ဗျာ'

'ဟာ . . နောက်တော့မလိုချင်ဘူး၊ အခုသိချင်တယ်၊ ခင်ဗျားသိချင်တာတော့ ကျွန်တော်က ချက်ချင်းပြောရပြီး ကျွန်တော်သိချင်တာလဲ လုပ်ဦးမှပေါ့ဗျ၊ ဆိုစမ်းပါဦး၊ ခင်ဗျားတို့ အဆက်ဖြစ်နေကြပြီလား'

'အဆက်တော့ မဖြစ်သေးဘူး၊ နို့သော်လဲ ကြံတုန်းဆိုပါတော့'

'ဒါမျိုးကြံရင် ခပ်နုနုနဲ့တော့ မရဘူးဆရာ၊ တစ်မျိုးလုပ်မှ' ဟု ဆိုသောကြောင့် ချစ်ဖေတွင် ဘိုးချိန်၏ထံမှ နောက်ပိုးနည်းနိဿရည်းကို နာခံလိုသောစိတ် ပေါ်ပေါက်လာသဖြင့် ထွက်မသွားသေးဘဲ . .

'ကိုင်းဗျာ . . နည်းကောင်းကလေးများရှိရင် ကုသိုလ်ဖြစ် ပေးစမ်းပါဦး၊ တပည့်ခံပါရစေ၊ ကာလီဒါသကြီးရဲ့ . .'

'ကျွန်တော်ပြောတဲ့အတိုင်း လုပ်မလား'

'ကောင်းတယ်ဆိုရင် လုပ်ရတာပေါ့ဗျာ'

'နောက်ပိုးတယ်ဆိုတာ လွယ်လွယ်ကလေးမမှတ်နဲ့ဗျ၊ တော်တော့ကို ခဲခဲယဉ်းယဉ်း ဆည်းပူးရတဲ့ပညာမျိုးဗျ၊ ဘာမသိညာမသိ ဆွေမတော် မျိုးမစပ်တဲ့ မိန်းကလေးတစ်ယောက်က ကိုယ့်အပေါ်မှာ မေတ္တာရှိလာအောင် လုပ်ရတယ်ဆိုတာ တော့်တော့ပါရမီနဲ့ မရဘူးမှတ်ထား၊ ကုသတို့များ ဖူးစာဖက်မှန်နေရက်သားနဲ့ ဘယ်အထိပိုးရတယ် ဆိုတာသာကြည့်တော့၊ ဒါတွေပြောနေရင် လေကုန်တာပဲ၊ နောက်ပိုးနည်းမှာ လူတစ်ယောက်ကို တစ်မျိုးစီလှည့်ရတာတွေကို ဋီကာချဲ့မနေတော့ဘူး . . ဟုတ်လား၊ ဒီတော့ ခင်ဗျားအဖို့ အခုစဉ်းစားစရာရှိတာက ဘယ်နည်းနဲ့ မေတ္တာရှိလာအောင် လုပ်ရပါ့မလဲဆိုတာပဲ မဟုတ်လား၊ လူတစ်ယောက်က မေတ္တာရှိလာအောင်ဟာ ခင်ဗျားကို ဒီလူစိတ်ထဲက နှစ်သက်လာစေဖို့ အရေးမကြီးဘူးလား၊ အဲ . . အခုပြောသလို နှစ်သက်အောင်ဆိုတာမှာ သူ့သဘောကျအောင်လုပ်ဖို့ပဲ၊ နောက်ဆုံးတွေ့ရှိတဲ့ 'ဆိုက်ကိုလော်ဂျီ' နည်းသစ်မှာ ရယ်မောပျော်ရွှင်စရာ လုပ်နိုင်တာဟာ လူများသဘောအကျဆုံး၊ အနှစ်သက်ဆုံး ဆိုထားတော့ ဒီလိုလုပ်ယူမှ နေရာကျမယ်၊ မိန်းကလေးတစ်ယောက်ကို တွေ့လို့ 'အမယ်လေးနမရယ် . . နမအတွက် မောင့်မှာ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်နဲ့ ဘာဖြစ်ညာဖြစ်တယ်' လို့ ပြောနေတာအပိုပဲ၊ ညာမှန်းလဲ သူသိတာပဲ၊ လမ်းမှာတွေ့လို့ပြောမယ်ဆိုရင် ခင်ဗျားစကား တစ်ဝက်မရောက်သေးဘူး၊ သူ့အိမ်သူ ပြန်ရောက်နေလိမ့်မယ်၊ သူ့မှာလဲ ခင်ဗျားစကားကို အစအဆုံး နားထောင်နိုင်အောင် အချိန်မရှိဘူး၊ အခုခေတ်ကြီးဟာ အမြန်ခေတ်ဆိုတော့ အမြန်နဲ့ပြီးရလိမ့်မယ်၊ ချစ်တယ်ကြိုက်တယ်ဆိုတာ နှစ်ခွန်းထဲနဲ့လိုရင်းရောက်တာပဲမဟုတ်လား၊ ဒီတော့ လိုရင်းကို အတိုကျဉ်းပြီး ပြောလိုက်မယ်၊ ခင်ဗျားကြိုက်တဲ့ကောင်မကို ရယ်ရွှန်းဖတ်ရွှန်းနဲ့ ကိုယ့်ဖက်ပါအောင်သာ ဆွဲပေတော့၊ ဒီလိုလုပ်နိုင်ရင် ပီယဆေး အထူးဆောင် ဖို့မလိုဘူး၊ ကျုပ်လဲ ဒီနည်းနဲ့လုပ်တာ အခုတော့ မယားနှစ်ယောက်နဲ့ကလေးတွေ ထမင်းမကျွေးနိုင်ဖြစ်နေတာပဲ၊ ကိုင်း . . သွားပေရော့ . .'

ချစ်ဖေလည်း 'ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော်လဲ ဘယ်လိုလုပ်ရမယ်ဆိုတာ အစက ရည်ရွယ်ချက် မထားမိဘူး၊ ခင်ဗျားတွေ့မှ သတိပေး သလိုလို ဖြစ်သွားတာပဲ၊ ခင်ဗျားနည်းနဲ့ပဲ စမ်းကြည့်ရဦးမယ်၊ နေရာကျရင်

ဆရာရယ်လို့ ကန်တော့ပါ့မယ်၊ ကိုင်း . . သွားမယ်ဗျာ၊ ကြာနေလို့ မတွေ့ရင် မောတာ အဖတ်တင်နေလိမ့်မယ်' ဟု ဆိုပြီး ထွက်သွားလေ၏။

ချစ်ဖေလည်း ဘုရားကုန်းပေါ်သို့ရောက်၍ လက်ယာရစ်တစ်ပတ်လှည့်၍မဆုံးမီ စွယ်တော်တိုက်ရှေ့တွင် ဘုရားအာရုံပြုလျက်ရှိသော ခင်လေးကို တစ်ယောက်တည်းတွေ့ရလျှင် များစွာဝမ်းသာအားရရှိကာ အနားသို့ကပ်ပြီး ပြောလိုက်မည်ဟု ကြံရွယ်ပြီးမှ ထိုသို့ ကမူးရှူးထိုးပြုလုပ်ခြင်းငှာ မသင့်လျော်သည်ကို ဆင်ခြင်မိ၍ ဘိုးချိန်ပြောလိုက်သည့် စကားများကိုလည်း စဉ်းစားမိသောကြောင့် မည်သို့ပြုလုပ်ရပါမည်နည်းဟု အကြံထုတ်လိုက်ရာ အကောင်းဆုံးနည်းလမ်းသည် ခင်လေး၏အနားသို့ နီးနိုင်သမျှ ချဉ်းကပ်၍ ဘုရားဝတ်ဖြည့်ခြင်းက စတင်ခြင်းသည်သာလျှင် စကားအစ ရှိနိုင်သောနည်းလမ်းဖြစ်ကြောင်းကို စဉ်းစားမိသည့်အားလျော်စွာ ခင်လေးနှင့် တစ်တောင်ကွာမျှခြားကာ ဘေးချင်းယှဉ်၍ထိုင်လျက် ဘုရားကိုဦးသုံးကြိမ်ချကာ ဝတ်ပြုပြီးလျှင် ငါးပါးသော ထိခြင်းကြီးဖြင့် ထိစေလျက် 'အစိန္တေယျ . . အပ္ပမေယျ . .' အစချီကာ ဘုရားကိုးဆူဆရာ၏ အသံနည်းပါးတမျှ ကျယ်လောင်စွာ ရွတ်ဆိုရှိခိုးလေရာ သူ၏ထူးခြားသောအသံကြောင့် ခင်လေးသည် ချစ်ဖေအားလှည့်ကြည့်ကာ မနှစ်မြို့သော မျက်နှာကိုဖြစ်စေရင်း စူးစိုက်ကာ ကြည့်ရှုနေမိလေ၏။

သို့သော် ချစ်ဖေမူကား ခင်လေးအား ဂရုမစိုက်သည့်အနေဖြင့် ဘုရားရှင်စေတီတော်မြတ်၏ စိန်ဖူးကြီးကိုသာ ကြည်ညိုဝေဖြာ သဒ္ဓါထက်သန်သည့် အာရုံစိုက်သည့်ပမာ မော့၍ဖူးမြော်လျက် ဘုရားရှိခိုးတစ်ပုဒ်လုံး ပြီးဆုံးအောင် ရွတ်ဆိုပြီးမှ 'အရှင်ဘုရား . . ဘုရား တပည့်တော် ယခု ရှိခိုးပူဇော်ဖူးမြော်မာန်လျော့ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့၏ အကျိုးအားကြောင့် ဘဝဆက်တိုင်းဆက်တိုင်း ဟောဒီဘေးမှာရှိတဲ့ သူငယ်မလေးကလေးလို ချောတဲ့၊ လှတဲ့သူများနဲ့ ပေါင်းနိုင်၊ သင်းနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ အရှင်ဘုရား၊ လိုအပ်တောင့်တ အပ်သောဆု၊ မြတ်သောဆုနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံအောင် ပေးသနားတော်မူပါဘုရား' ဟု ဆုတောင်းဝတ်ပြုလိုက်သောကြောင့် ခင်လေးမှာ ရယ်ချင်လွန်းအားကြီး၍ ဣန္ဒြေဆယ်မရသဖြင့် ပါးစပ်ကို ပိတ်၍ရယ်လေရာ 'ခွိ' ခနဲ အသံထွက်သွားသည်ကို ချစ်ဖေကြား၍လှည့်ကြည့်စဉ် ခင်လေးလည်း ဣန္ဒြေဟန်ဆောင်၍ နေလိုက်သော်လည်း မျက်နှာလွှဲ၍ မရနိုင်ဘဲရှိသဖြင့် အမှုအရာမပျက်စေဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ နေမိကြပြီးမှ ချစ်ဖေက 'ဩော် . . မဟာဝါပဲ့လား' ဟု ဆိုလိုက်ရာ . .

'ဘယ်က မဟာဝါရမှာလဲရှင့်' ဟု ခင်လေးက မျက်နှာထား တည်တည်နှင့်ပြောလိုက်မှ . .

'ရုတ်တရက် နာမည်မေ့နေလို့ပါ စိတ်မဆိုးပါနဲ့' ဟု တောင်းပန်စကားရှေ့ခံပြီးမှ တစ်ဖန်ပြန်၍ 'ဩော် . . မခင်လေးပါလား'

'ဟင် . . ရှင်ဘယ်သူတုန်း၊ ကျွန်မနာမည်များတောင် သိလို့ပါလား'

'ဩော် . . နာမည်ကြီးတဲ့လူ ချောတဲ့လူလှတဲ့လူဆိုတာ သိတဲ့လူ မရှားပါဘူး၊ ကျုပ်ကိုကော မသိဘူးလား . .'

'မသိပေါင်၊ ဒါကြောင့် မေးတာပေါ့၊ ရှင်ဘယ်သူတုန်းလို့'

'မောင်မောင်မှာကား . . ဆိုတော့ ဥဒ္ဒေနီတိုင်းပြည် တောင်ပြင်သူဌေးကြီး ဦးဘောဂရဲ့ . .' ဟု စကားစပြီးမှ မိမိစကားကို ခင်လေးက မရယ်ဘဲ အရူးတစ်ယောက်ကိုတွေ့၍ ကြည့်ရှုနည်းမျိုး ကြည့်ကာနေသောကြောင့် ချစ်ဖေလည်း မျက်နှာပိုးသတ်ကာ 'ကျုပ်က တခြားလူဟုတ်ရိုးလား၊ မနေ့ညက တယောထိုးလာတဲ့လူပေါ့'

'ဘယ်မှာတယောထိုးတာလဲ၊ ကျွန်မနဲ့တယောထိုးတာနဲ့ ဘာဆိုင်လို့ သိရမှာလဲ' ဟု မသိချင်ယောင်ဆောင်၍ မေးလိုက်မှ . .

'နှစ်ဆယ်လေးနာရီမှ မလွန်သေးဘူး၊ မေ့ပြီလား၊ မနေ့ညက ငွေတစ်ကျပ်ပစ်ပေးလိုက်တာ ကျုပ်တို့ကိုပေါ့'

ထိုအခါမှ ခင်လေးက သတိရဟန်ပြုကာ 'ဩော် . . ရှင်တို့လား၊ ကျွန်မက သူတောင်းစားမှတ်လို့၊ အင်း . . အဲဒါဘာပြုသလဲ၊ ဘာလုပ်ဖို့ ရှင်ကျွန်မအနား ကပ်လာရတာလဲ'

'ကပ်ချင်လို့ကပ်တာပါ' ဟု ဆိုပြီးမှ ချစ်ဖေတွင် မိမိစကားမှားသည်ကိုသိ၍ 'ကပ်ချင်လို့မဟုတ်ပါဘူး၊ ဖေဒင်ဆရာက ဗုဒ္ဓဟူးဂြိုဟ်လှုပ်ရှားနေလို့ ဗုဒ္ဓဟူးနံထောင့်ကနေပြီး ရှိခိုးရမယ်ဆိုလို့ပါ' ဟု ပြောသည့်အတွက် . .

'နို့ပေမယ့် ရှင်ဒီလိုကျွန်မနဲ့ ပူးပူးကပ်ကပ်ထိုင်နေတော့ တခြားလူတွေမြင်သွားရင် ဘယ့်နှယ်ထင်မလဲ . .'

'လင်မယားလို့ထင်မှာပေါ့' ဟု ဖြေလိုက်သောကြောင့် ခင်လေးမှာ မျက်လုံးပြူး၍သွားကာ ဒေါပွသည့်ဟန် အမူအရာနှင့် ထိုင်ရာမှထ၍သွားသောကြောင့် ချစ်ဖေက 'ဒီမှာထိုင်ပါဦး၊ ခဏ' ဟု ဆိုလိုက်လေရာ 'ရှင် ဘယ့်နှယ့် လိုက်လာပြန်တာတုန်း'

'မင်းမနေ့ကပေးလိုက်တဲ့ ဒင်္ဂါးကို ပြန်ပေးမလို့' ဟု ပြောပြီး အိတ်ထဲ၌ကျစ်ကျစ်ပါအောင် လက်ကိုင်ပဝါနှင့် ထုပ်ထားသော ဒင်္ဂါးကိုထုတ်၍ ပေးရာ . .

'ဟင်အင်း . . မလိုချင်ဘူး'

'ဘယ့်နှယ် မလိုချင်ရမှာတုန်း၊ မင်းဒင်္ဂါးမင်းပြန်ယူပါ၊ ကျုပ်တို့ကို သူတောင်းစားလုပ်တာ မခံနိုင်ဘူး'

'မခံနိုင်လို့ ရှင်က ဘာလုပ်ချင်သေးသလဲ' ဟု ခင်လေးကမေးသောကြောင့် ချစ်ဖေမှာ အဖြေရကျပ်လှသဖြင့် စကားတစ်မျိုးလွှဲ၍ 'ရော့ပါ၊ ပြန်ယူလို့၊ မျက်စိမစွန်ပါဘူး' ဟု ပြောသည့်အတွက် ခင်လေးမှာ ပြုံးသယောင်ယောင်ပြုလုပ်ရင်း 'မလိုချင်ဘူးရှင့်၊ ရှင့်ပေးတာ၊ ရှင်ဘာပဲလုပ်လုပ် ရှင့်သဘောပဲ' ဟု ပြောသောကြောင့် . .

ချစ်ဖေတွင် စဉ်းစားဉာဏ်တစ်မျိုးပေါ်လာကာ 'ဟောဒီဒင်္ဂါးဟာ မင်းဒင်္ဂါးဖြစ်တဲ့အတွက် မင်းလဲဆိုင်တယ်၊ ကျုပ်ကလဲ မလိုချင်ဖြစ်နေလို့ နှစ်ယောက်စလုံး ကုသိုလ်ရအောင် ဘုရားကိုလှူမယ်' ဟု ဆိုပြီး အလှူခံသေတ္တာထဲသို့ ချောက်ခနဲမြည်အောင် ထည့်လိုက်ပြီးလျှင် 'အရှင်ဘုရား၊ ယခုလှူရသော ဒင်္ဂါးမှာ ဘုရားတပည့်တော်၊ တပည့်တော်မတို့၏ နှစ်ဦးပိုင်ဆိုင်တဲ့၊ ပစ္စည်းဖြစ်တဲ့အတွက် ဤသို့ပြုရသော ကုသိုလ်အဖို့ ဘုရားတပည့်တော်၊ တပည့်တော်မတို့သည် ဤဘဝမှစ၍ နိဗ္ဗာန်မရသေးမီအကြားတွင် ကျင်လည်ရသော ဘဝတိုင်းဘဝတိုင်း ဆင်ဖြစ်လဲ တစ်ကိုင်းထဲနားပါရစေ၊ ငံပြာရည်ဖြစ်လဲ တစ်ပုလင်းထဲဝင်ပါရစေ၊ ဘဝတိုင်း ဘဝတိုင်းလဲ ရေစက်ဆုံ ပေါင်းသင်းရသည်ဖြစ်၍ ထိုသို့ပေါင်းသင်းရသော ချစ်လှသည့်ခင်ပွန်းနှင့် ဖင်ပွန်းအောင်ပေါင်းရပါလို၏ဘုရား' ဟု ဆုတောင်းသောကြောင့် ခင်လေးမှာ ရယ်ချင်ရာတွင် ဒေါသစိတ်ကလေး ပါ၍လာသဖြင့် . .

'ရှင်ဘယ့်နှယ်တုံး'

'အမြင်သားပဲ၊ မေးနေရသေးသလား'

'မဟုတ်ပါဘူး၊ ရှင့်မျက်နှာကလေးက သနားကမား၊ ရှင်လုပ်ပုံကိုင်ပုံတွေက ရူးကြောင်ကြောင်နဲ့' ဟု ပြောစဉ် စွယ်တော်တိုက်ထဲမှာ ခင်လေး၏ အဒေါ်ကြီး ထွက်လာပြီးလျှင် 'ခင်၊ ဘာဖြစ်တာတုန်း' ဟု မေးလိုက်ရာ ချစ်ဖေမှာ ဣန္ဒြေပျက်လျက် မိမိတော့ဖြင့် အပြောအဆိုခံရတော့မည်ဟု ထိတ်တလန့်လန့်ရှိနေစဉ် ခင်လေးက 'ဘာမှမဖြစ်ပါဘူး ဒေါ်ဒေါ်ခင်၊ ဘုရားပေါ်မှာ ရေသည် မမြင်ဖူးလားလို့ မေးနေတာ' ဟု ပြန်ဖြေလိုက်မှ ချစ်ဖေမှာ စိတ်အေးသွားလေ၏။

ခင်လေး၏စကားကို ဒေါ်ဒေါ်ခင်ကြားရလျှင် ‘ဟိုရှေ့မှာ ရေသည်တစ်ယောက်လုံးရှိရက်သားနဲ့ မေးနေရသေးသလား’ ဟု ဆိုကာ မလှမ်းမကမ်းရှိ ရေသည်ကိုပြသောကြောင့် ခင်လေးမှာ မျက်နှာထားခက်၍နေခိုက် ရေသည်လည်း အသံကြား၍ အနားသို့ကပ်လာပြီးလျှင် ‘ရေချမ်းသပ္ပာယ် ကြဦးမလား’ ဟု မေးနေစဉ် ချစ်ဖေလည်း လွတ်ရာလွတ်ကြောင်းပြေးလေ၏။

တန်ဆောင်းတစ်ခုထဲသို့ ချစ်ဖေဝင်ရောက်ကာ ခေတ္တမျှစိတ်အေးအောင် ထိုင်နေပြီးနောက် ယခင်နေရာတွင် ခင်လေးတို့အား သွားရောက်ကြည့်ရှုရာ မတွေ့ဘဲရှိလေ၏။ သို့မတွေ့သော်လည်း ချစ်ဖေသည် စိတ်ကိုမလျော့သေးဘဲ ဘုရားကို သက်စေ့လှည့်ပတ်၍ရှာရာတွင် မတွေ့ဘဲရှိသောအခါကျမှ စိတ်ကိုဒုံးဒုံးချလိုက်ပြီး ကုန်းတော်ပေါ်မှ ဆင်းခဲ့လေ၏။

ခေတ်ကာလ ယောကျ်ားပျို၊ မိန်းမပျိုကလေးများ၏ ချစ်ကြိုက်ခြင်းသည် ကမြင်းရာမှစသည်ဟုဆိုလျှင် မှားနိုင်လိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား များစွာသောယောကျ်ားပျိုကလေးများသည် မိန်းကလေး တစ်ဦးတစ်ယောက်ကိုမြင်လျှင် စင်စစ်ချစ်ကြိုက်သောစိတ် ရှေးဦးစွာ ပေါ်ပေါက်လာသည်မဟုတ်သေးဘဲ ရည်းစားစာလိုက်၍ပေးခြင်း၊ စာထောင်၍ပြခြင်း၊ မျက်စပစ်ခြင်း၊ ပြုံးပြခြင်း၊ လျှာထုတ်ပြခြင်းများဖြင့် အနှောင့်အယှက်တစ်မျိုးမျိုး ပြုလုပ်ကြခြင်းပင် ဖြစ်လေရာ ထိုသို့ပြုလုပ်သည်ကို မိန်းကလေးများက အကောင်းထင်၍ စာကိုလက်ခံခြင်း၊ ပြန်၍ ပြုံးပြခြင်း၊ ကြာမူလုပ်ခြင်း စသည်တို့ကို ပြုလုပ်ခြင်းအားဖြင့် တစ်ယောက်နှင့်တစ်ယောက် ငြိမှန်းမသိငြိ၊ ထိမှန်းမသိထိ၊ တဏှာနှောင်ကြိုး ရစ်ပတ်ချည်နှောင်မိပြီဖြစ်၍ ရှန်းထွက်သောငှာ မတတ်နိုင်ဘဲ စွဲမှန်းမသိ စွဲလာကြခြင်းကို ချစ်သည်၊ ကြိုက်သည်ဟု ခေါ်ဝေါ်အသိအမှတ် ပြုကြခြင်းပင်ဖြစ်ရကား ခင်လေးအား ရှုပ်သလိုလို၊ နောက်သလိုလို လုပ်လိုက်ခြင်းများသည် သူ၏စိတ်၌ ခင်လေးအား ချစ်သလိုလို ဖြစ်ပေါ်၍လာစေတော့၏။

ထိုသို့ ချစ်သလိုလိုစိတ်များ ဖြစ်ပေါ်၍လာရခြင်းကြောင့် ချစ်ဖေသည် ခင်လေး၏အိမ်ရှေ့လမ်းပေါ်တွင် တစ်နေ့လျှင် အနည်းဆုံးတစ်ခေါက် မလျှောက်ဘဲ မနေနိုင်သလိုလို စိတ်များပေါ်ပေါက်လာသည့်အတွက် တစ်ခါတစ်ရံ ဘတင်ကိုခေါ်၍လည်းကောင်း၊ တစ်ခါတစ်ရံ ဘိုးချိန်ကိုခေါ်၍လည်းကောင်း၊ တစ်ခါတစ်ရံ တစ်ကိုယ်တည်းသေည်လည်းကောင်း ကျနစွာ ဝတ်စား၍လျှောက်ကာ မိမိပိုးနေမှန်း ခင်လေးသိစေလိုသော အရိပ်အမြွက်များကို ပြလေ၏။

ယင်းသို့ ချစ်ဖေ၏အမူအရာများ ဖောက်ပြား၍လာခြင်းကြောင့် ဘိုးချိန်တွင် ချစ်ဖေ၏အစား သနားလှသဖြင့် ‘ခင်ဖျားကလဲဗျာ၊ တစ်နေ့လာလဲ အိမ်ရှေ့ကလျှောက်ပြီးပြန်၊ တစ်နေ့လာလဲ အိမ်ရှေ့ကပြန်ပြီးလျှောက်နဲ့ မောပဲမမောနိုင်သေးဘူးလား၊ ခင်ဖျားအစား ကျွန်တော်သနားလှသဗျာ၊ ဒါထက် မေးပါရစေဦး၊ ခင်ဖျားကို သူက ချစ်ပုံပေါ်ရဲ့လားလို့’

‘သူ့အမူအရာ ကြည့်ရတာတော့ဖြင့် ချစ်သလိုလိုပဲဗျ’

‘နေစမ်းပါဦး၊ ဘယ်လိုဟာတွေမြင်ရလို့ ချစ်သလိုလိုထင်ရတာတုန်း’

‘ကြည့်ပါလားဗျ၊ ဘုရားပေါ်တုန်းက ကျွန်တော်က တွေ့ကရာတွေ လျှောက်ပြောပြီး နောက်တောက်တောက် လုပ်နေတာ၊ သူက ဘာမှစိတ်မဆိုးတဲ့အပြင် သူ့အဒေါ်ကြီးကမေးတာတောင် စကားလွှဲပြီးပြောသေးတာပဲ။ နို့ပြီးတော့ ကျွန်တော်တို့ လျှောက်လျှောက်ပြီးသွားတဲ့အခါ သူ့မျက်နှာ အမူအရာကြည့်ရတာ မထူးခြားဘူးလားလို့’

‘ဟုတ်တော့ဟုတ်သားပဲဗျ၊ နို့ပေတဲ့လဲ ခင်ဖျားအခုလို လုပ်နေပုံမျိုးနဲ့တော့ သေတောင်ရမှာမဟုတ်ဘူး’

‘နို့ . . ဘယ်လိုလုပ်ရမှာတုန်း၊ ဒီကိစ္စမှာခင်ဖျားကို ဆရာတင်ထားတာပဲ’

'အင်း . . ဆရာ့ဝတ္ထုရားအတိုင်း အကြံဉာဏ်ပေးရမည်ဆိုရင် သူနဲ့ နောက်ထပ်တွေ့ရအောင် ကြံဖို့လိုတာပဲဗျ၊ အခုခေတ်ကြီးမှာ ရည်းစားစာပေး တာတွေ၊ ဘာတွေဟာ ဇာတ်ထဲက ဝန်ကြီးထွက်တာလို အချိန်ကို မရှည်၊ ရှည်အောင်ဆွဲတဲ့နည်းတစ်မျိုးပဲဗျ၊ ဝန်ကြီးထွက်လဲ နောက်ဆုံးတော့ နှစ်ပါးသွားခန်းပါရမှာပဲ၊ ဝန်ကြီးမထွက်လဲ နှစ်ပါးသွားခန်း ပါရမှာပဲဖြစ်တာလို ရည်းစားစာ ပေးနေလဲ ချစ်ဖို့ကြိုက်ဖို့ပဲ၊ စာမပေးလဲ လူချင်းတွေ့အောင် ကြံပြီးစကားပြောတာလဲ ချစ်ဖို့ကြိုက်ဖို့ပဲ။ ဒီတော့ ချစ်ဖို့ကြိုက်ဖို့ချင်း အတူတူမှာ စကားနဲ့ပြောတာက အမြန်ခရီးရောက်တယ်၊ ချစ်တယ်၊ မချစ်ဘူးဆိုတာလဲ ပူပူနွေးနွေးသိရတယ်၊ ဒါကိုမြင်ပြီး လူချင်းတွေ့အောင် ကြံစေချင်တယ်၊ နောက်ဆုံးမတတ်သာမှ ရည်းစားစာပေးတာပေါ့'

'နို့ပေတဲ့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ သူ့ကိုဘုရားပေါ်မှာ တွေ့ပြီးနောက် နောက်ထပ်မတွေ့ရဘူး၊ သူလဲအိမ်ထဲက အပြင်မထွက်တော့ တွေ့ဖို့ဆိုတာ အခက်သားလားဗျ'

'အမလေး လူရာ၊ လူကြံရင် ထရံတောင် တုတ်ချောင်းဖြစ်သေးတာပဲ၊ ဒါလောက်များတော့ ဘာမှမခဲယဉ်းပါဘူး၊ နေ့တိုင်းအိမ်ရှေ့လမ်းက လျှောက်ရတာက ပင်ပန်းသေးတယ်'

'ဒါဖြင့်ရင်လဲ နည်းလမ်းကိုပြောပြဦးမှပေါ့ဗျ'

'ဒါလောက်မှလဲ မစဉ်းစားတတ်တော့ဘူးလားဗျာ၊ သူအပြင်ကိုမထွက်လို့ ခင်ဗျားမတွေ့ရဘူးဆိုရင် ခင်ဗျားအထဲ ဝင်ပြီးတွေ့ရင် ပြီးတာပဲ'

'မလုပ်ပါနဲ့ဆရာ၊ ခင်ဗျားက ချောက်တွန်းနေတာလား၊ အထဲဝင်မိလို့ သူခိုးဆိုပြီး ဝိုင်းရိုက်မှဖြင့် ဘုမသိဘမသိနဲ့ မဏိအက်နေပါဦးမယ်၊ ခင်ဗျားဟာက အသည်းထိတ်စရာ'

'သြော် . . ခက်ပါဘိတော့ ကိုချစ်ဖေရာ၊ လူအလစ်ဝင်မှပေါ့ဗျ၊ လူတွေအပြည့်နဲ့ ရှေ့မှောက်မှာဝင်ပြီး ရည်းစားစကားပြောမယ်ဆိုရင် မဏိအက်ရုံ တင်တော်သေးတယ် မဏိပြုတ်မှာတောင် စိုးရသေးသပေါ့ဗျ၊ အဲဒီလို ခင်ဗျားဝင်ပြီးပြောရမယ်ဆိုရင် သူတို့အိမ်ဒီဘက်က နွားတင်းကုပ်နဲ့ ကွက်လပ်တစ်ခုရှိတယ်၊ အဲဒီ ကွက်လပ်ဘေးကနေပြီး ခြံနားကပ်သွားရင် နောက်ဖေးပန်းခြံနဲ့တန်းနေတာပဲ၊ ပန်းခြံထဲတော့ သူမဆင်းဘဲ နေမှာမဟုတ်ဘူး၊ ဒီလိုဆင်းလာတဲ့ အခါပန်းလိုချင်သလိုလို၊ ဘာလိုလိုလုပ်ပြီး၊ ခင်ဗျားမြင်လို့ သူ့အနားကို ရောက်လာတဲ့အခါ ဖမ်းပြီးစကားပြောတာပေါ့ဗျာ၊ နို့ပေတဲ့ စကားပြောတဲ့နေရာမှ လိုသေးတယ်၊ တွေ့တွေ့ချင်း မင်းငါ့ချစ်ရဲ့လားလို့ မေးလို့လဲ နေရာမကျသေးဘူး၊ တလောတုန်းက ပြောဖူးတာလို မင့်အတွက်နဲ့ ပင့်အသက်ကလေး အနိုင်နိုင်ရှူရပါတော့တယ်၊ ဘာရယ်၊ ညာရယ် ဆိုတာတွေလဲ ပြောနေဖို့အချိန်မရှိဘူး၊ သူ့မှာ ခင်ဗျားကိုကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ခင်ဗျားစကားကိုတော့ နားထောင်ချင်မှာပဲ၊ နို့သော်လည်း လူမတွေ့အောင် စကားပြောရမှာမို့ ခင်ဗျား စကားကြောရှည်နေရင် မဖြစ်ဘူး၊ လိုရင်းလဲရောက်အောင်၊ တဲ့တိုးကြီးလဲ မကျအောင်၊ နို့ပြီးတော့ ပျင်းပျင်းရိရိကြီးလဲ နားထောင်မနေရအောင် ခင်ဗျားက စင်စစ်မကြိုက်ဘူးထားဦး၊ ဒီလိုပြောတဲ့အခါ တကယ့်ကိုကြိုက်လွန်းလို့ သေတော့မတတ်ဖြစ်ရတဲ့ အခြေမျိုး ရောက်နေတဲ့အမူအရာနဲ့၊ သူ့စိတ်မှာလဲ ခင်ဗျားကချစ်တယ်လို့ တကယ်ထင်အောင်၊ အချိန်လဲ အလကား မကုန်ရအောင်' ဟု ပြောရင်းတန်းလန်း ချစ်ဖေကဖြတ်၍ . .

'တော်ပါတော့ဆရာ၊ မိန်းကလေးတစ်ယောက်က ချစ်ဖို့အရေးကို အချက်ပေါင်း တစ်ရာ့ရှစ်ဆယ်နဲ့ ညီညွတ်မှဆိုရင်ဖြင့်'

'နို့ခင်ဗျားက သူ့ကိုကြိုက်နေမိတာကိုး၊ ဒီလိုတော့လဲ လုပ်ဦးမှပေါ့၊ အရပ်ပျက်မှ မဟုတ်ဘဲ၊ ဟဲ့ . . လာပါလို့ ခေါ်ရုံနဲ့ရနိုင်ပါ့မလား၊ အရပ်ပျက်တောင် တော်ရုံတန်ရုံနူးနည်းမျိုးနဲ့ ကိုယ့်ဖက်မပါသေးဘူး' ဟု ပြောသောကြောင့် . .

'ကောင်းပါပြီလေ၊ ခင်ဗျားပြောသလို လိုက်နာရမှာပေါ့' ဟု ချစ်ဖေမှာ ဝန်ခံလိုက်ရလေ၏။

သို့ဝန်ခံလိုက်သည့်အတိုင်း ချစ်ဖေသည် နောက်နေ့အဖို့၌ ခင်လေးတို့၏ဝင်ခြံအပြင်ဘက် ရွက်လှပန်းပင်အကြား၌ ရောက်ရှိကာ ခြံထဲသို့ ခင်လေးဆင်းလာရန် မျှော်လင့်စောင့်စားနေလေ၏။ ရွက်လှပန်းပင်များသည်လည်း အတော်ပင် သန်စွမ်းထွားကြိုင်းသည့်အလျောက် လူတစ်ရပ်ထက် မြင့်သည့်ပြင် တစ်ပင်နှင့်တစ်ပင် အရွက်ချင်း ယှက်ချလျက်ရှိသောကြောင့်၊ ပန်းပင်နှစ်ပင်ကို အလယ်မှလက်နှင့်ဖြဲ၍ ခြံထဲသို့ကြည့်ရှုနေရသောကြောင့် ချစ်ဖေအား ခြံထဲမှာနေ၍ မြင်နိုင်ဖို့ရန် ခဲယဉ်းသလိုလိုရှိပေ၏။

ထို့ကြောင့်လည်း ခြံထဲသို့ ခင်လေးဆင်း၍လာသောအခါ ချစ်ဖေဘက်သို့လှည့်၍ မကြည့်ရှုမိခြင်းအားဖြင့် ချစ်ဖေမှာ မိမိရှိသည်ကို ခင်လေးသိအောင် အဘယ်ပုံ လုပ်ကိုင်ရပါမည်နည်းဟု ခေါင်းရှုပ်အောင် စဉ်းစားမိလေတော့၏။ သို့ဖြစ်၍ ချစ်ဖေမှာ ခင်လေးကိုသာ စူးစိုက်ကြည့်ရှုမိရကား မိမိ၏ပတ်ဝန်းကျင်တွင် မည်သို့ဖြစ်ပျက်လျက် ရှိနေသည်များကို အရေးမပြုနိုင်ဘဲ ရှိလေ၏။

အတန်ကြာအောင်ပင် ချစ်ဖေသည် ငြိမ်သက်စွာ စောင့်စားနေသော်လည်း ခင်လေးသည် ချစ်ဖေဘက်သို့ လှည့်မကြည့်မိဘဲ 'ဒေလီယာ' ပန်းပွင့်ကလေးများကို စိုက်ကြည့်နေသည်ကိုတွေ့ရသဖြင့် ချစ်ဖေက ချောင်းဟန့်၍ အသံပေးရာ ထိုအသံကိုကြား၍ ခင်လေးသည် မိမိဝန်းကျင်ကို လှည့်ကြည့်ပြီး ဘာမျှမထူးခြားသကဲ့သို့ ပန်းခူးမြဲခူးနေပြန်သောကြောင့် ချစ်ဖေတွင် ကြိတ်မနိုင်ခဲမရရှိကာ အနီးရှိ ကျောက်စရစ်ခဲ ကလေးများကို ကောက်၍ ခင်လေးအနီးသို့ပစ်ရာ လွဲ၍ပစ်လိုက်သောလက်သည် ပန်းခြံ၏ကာကွယ်ခြင်းကြောင့် တဖြုန်းဖြုန်း၊ တဝုန်းဝုန်းအသံမြည်စေလျက် ခြံပေါက်မှခွေးတိုးသည့်အသံမျိုးလို ဖြစ်ပေါ်စေသည့်အခိုက်တွင် ဗွမ်းခနဲမည်သော အသံဖြင့် အထဲမှ ပက်လောင်းလိုက်သော ရေလုံးသည် ချစ်ဖေတစ်ကိုယ်လုံးကို သကြန်ကျ၍သွားစေလေ၏။

ချစ်ဖေလည်း ရုတ်တရက် ဘာလုပ်ရမည်မသိကဲ့သို့ ရှိပြီးမှ ခြံပေါက်ကဖြဲ၍အထဲကိုကြည့်ရာ ရေပုံးကိုကိုင်လျက် ခက်ထန်သောမျက်နှာနှင့် မိမိအားစိုက်ကြည့်နေသော ခင်လေး၏အဒေါ်နှင့် ရင်ဆိုင်တိုး၍နေသောကြောင့် ထွက်ပြေးရတော့မလိုလို လုပ်နေစဉ် 'လာခဲ့ . . လာခဲ့ . . မင်းပဲ နေ့တိုင်းပန်းပင်တွေ ခိုးနေတာ၊ ဒီကနေ့မှမိတယ်၊ မပြေးနဲ့' ဟု ဆိုသောကြောင့် ချစ်ဖေမှာ ရေနှင့်လည်းအပက်ခံရ၊ သူခိုးလည်းအခေါ်ခံရသဖြင့် အခက်နှင့်ကြုံနေပြီး ဝင်ခဲ့ဟု နောက်ထပ်ဆိုသောအသံကြောင့် ခြံပေါက်မှတိုးဝင်၍ အထဲသို့ ရောက်သွားလေ၏။

'မင်းမဟုတ်လား၊ နေ့တိုင်း ငါ့ခြံထဲက ပန်းပင်တွေခိုးနေတာ'

'မ . . မဟုတ်ပါဘူး၊ လူလဲကြည့်ပါဦး၊ ကျွန်တော့်ဘာသာ ကျွန်တော် နေတာ၊ သက်သက်မယ့် ရေနဲ့ပက်ပြီး သူခိုးလို့ . .'

'နို့၊ ဒီပန်းတွေ ခိုးရအောင် မဟုတ်ဘဲ၊ ဘာပြုလို့ ခြံနားလာတာလဲ' ဟု မေးသည့်အတွက် ချစ်ဖေမှာ အဖြေရခက်နေပြီးမှ . .

'လှ . . လှ . . လှလို့ကြည့်နေတာပါ'

'ဘာပြောတယ်၊ မင်းကလား ငါ့ကို မခိုးမခန့်နဲ့၊ လှတယ်လေး ဘာလေးနဲ့ ပြောတာ'

'ပန်းကလေးတွေ လှလို့ကြည့်နေတာပါ၊ ခင်ဗျားကိုလှတယ်လို့ မဆိုဝံ့ပါဘူး၊ ခင်ဗျားကလဲ လှတာမှမဟုတ်ဘဲ' ဟု ဘောက်ပြောသောကြောင့် ဒေါ်ဒေါ်ခင်မှာ သာ၍ဒေါပွလာပြီး တစ်စုံတစ်ခု ပြောတော့မည်အပြုတွင် ဒေါ်ဒေါ်ခင် ဘာဖြစ်နေတာလဲ ဟူသောအသံကိုကြားလိုက်ရ၍ ၎င်းတို့ အနားသို့ ခင်လေးရောက်လာပြီးလျှင် ချစ်ဖေကို

ခင်လေးမြင်ရ၍ အံ့အားသင့်သွားပြီးမှ 'ဒေါ်ဒေါ်ခင်ကလဲ ဘယ့်နှယ်လုပ်လိုက်တာတုန်း၊ သူ့မှလဲ ရေတွေရွှဲလို့၊ သစ်ပင်ရေပက်တာ ကြည့်ပက်ရောပေါ့' ဟု ဆိုသဖြင့် . . ။

'ဘာ . . ညည်းကငါ့ကို အကန်းလို့ဆိုချင်သလား၊ ငါကန်းလို့ သူ့ကို ရေပက်မိတာမဟုတ်ဘူး၊ သစ်ပင်ခိုးရအောင် သူတမင်လာလို့ ငါတမင် ရေနဲ့ပက်တာ၊ တယ်လေ . . ညည်းပါ၊ ငါပြောလိုက်ရရန်ကော . .'

ထိုအခါ ချစ်ဖေက ခင်လေးဘက်သို့လှည့်၍ 'ကြည့်ပါဦးတော့ ပန်းပင်ကလေးတွေ လှလို့ လာပြီးကြည့်နေတာ ဒီလိုရေနဲ့ ပက်တာ ကောင်းနိုင်ပါတော့မလား' ဟု ပြောရင်း တစ်ကိုယ်လုံး ရေဖြင့်ရွှဲရွှဲစိုနေသည်ကို လေတိုက်လာသဖြင့် ချမ်းခိုက်ခိုက်တုန်၍သွားကာ ချစ်ဖေမှာ ငှက်ဖျားမိသူကဲ့သို့ နည်းနည်းချမ်းသည်ကို သိပ်ပြီးချမ်းသလို လုပ်ပြလိုက်သဖြင့် . .

'ဟုတ်သားပဲ၊ ပန်းပင်ကလေးတွေလှလို့ကြည့်နေတာ သူ့မှာဘာအပြစ်ရှိသလဲ၊ ကြည့်ပါဦး သနားစရာ သူ့မှာ ရေတွေရွှဲလို့ အအေးမိပြီး ဖျားမှနာမှဖြင့်' ဟု ဆိုပြီးနောက် 'အို . . ဒီလိုနေကြလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ရှင့်အဝတ်အစားတွေလဲစရာလဲ အိမ်ထဲမှာ ထဘီကလွဲလို့ တခြား ဝတ်စရာမရှိဘူး၊ ရှင့်အိမ်ကိုပြန်ပို့မှပဲ၊ ကိုင်း . . လာ' ဟု ဆို၍ ချစ်ဖေအားခေါ်သွားရာ ဒေါ်ဒေါ်ခင်မှာ အလွန်အမင်းဒေါပွလျက် လက်ထဲက ရေပုံးကို တဂျုံးဂျုံးမြည်အောင်လှုပ်ရင်း 'ဟေ့ . . မိရွှေခင်၊ ညည်းဘယ့်နှယ်လုပ်တာတုန်း ဒါမျိုးတွေ ငါမကြိုက်ပါဘူး၊ မိန်းကလေးလုပ်ပြီး အရှက်မရှိ အကြောက်မရှိနဲ့၊ ဒါမျိုးတွေကြောင့် ညည်းကို ဒီပို့ထားတာ မမှတ်သေးဘူးလား၊ ညည်းလိုက်မပို့ရဘူး'

'နို့ . . ဒေါ်ဒေါ်လိုက်ပို့မလို့လား'

'ငါကလား သူ့ကို အရေးတယူလိုက်ပို့ရမှာ'

'ဒေါ်ဒေါ်ခင်မှ မပို့ဘဲနဲ့ဟာ၊ ကျွန်မပို့ရမှာပေါ့' ဟု မော်တော်ကားရုံဆီသို့ ပြေးသွားသဖြင့် ချစ်ဖေလည်း နောက်မှလိုက်သွားလေ၏။

'ညည်းနော် . . ညည်း၊ တော်တော်ထနေ ညည်းအိမ်ကို ပြန်ပို့ရမလား' ဟု မြည်တွန်တောက်တီး၍ပြောဆိုသော ဒေါ်ဒေါ်ခင်၏စကားကို ခင်လေးက အရေးမယူဘဲ 'ပြန်ပို့ရင် သာပြီးသဘောကျသေးတယ်' ဟု ဆိုကာ ကားကို ထုတ်လာပြီး ချစ်ဖေအား ကားပေါ်သို့တက်စေ၍ ဗွတ်တရွတ်မောင်းနှင်၍သွားသောကြောင့် ဒေါ်ဒေါ်ခင်မှာ ငေး၍ကျန်ရစ်ခဲ့လေ၏။

'နေပါဦး မခင်လေးရဲ့၊ တော်တော်ကြာ အိမ်ပြန်လို့ စကားများနေကြဦးမှာလား'

'အို . . စကားများရအောင် တမင်လုပ်တာပဲ၊ ဒါမှ စကားများပြီး အိမ်ကိုပြန်ရမှာ' ဟု ပြောလိုက်ရာ ချစ်ဖေက ထိုစကား၏အကြောင်းကိုသိသော်လည်း မသိဟန်ဆောင်၍ 'ဩော် . . မခင်လေး ဒီမှာမနေဘူးလား'

'ကျွန်မ ဒီကမဟုတ်ဘူး၊ ရန်ကုန်က ဒီကိုပို့ထားတာ၊ ဒါကြောင့် ကျွန်မ ဒီမှာနေရတာ နည်းနည်းမှမပျော်လို့ စကားများပြီး ပြန်ရပါစေလို့ ဆုတောင်းနေတာ၊ ပြန်ပဲမပြန်ရသေးလို့ တမင်ဗွတ်တိုက်ပြီး ရှင့်ကိုကားနဲ့ တင်လာတာ'

'နို့ . . ရန်ကုန်မှာ ဘာပြုလို့မနေရသလဲ'

ခင်လေးက အကျိုးအကြောင်းအနည်းငယ်ပြောပြကာ 'အဲဒီလို ယောကျ်ားကလေးတွေနဲ့ သွားလာလာလာလုပ်တာ အိမ်က နည်းနည်းမှမကြိုက်ဘူး၊ ဒါကြောင့် ဝေးရာဝေးကြောင်းဆိုပြီး ဒီကိုပို့ထားတာပဲ၊ ကျွန်မကလဲ

ယောကျ်ားကလေးတွေပေမယ့် ကြောက်စရာ၊ လန့်စရာရယ်လို့ နည်းနည်းမှ ဂရုမစိုက်တာဟာပဲကလား၊ သူတို့နဲ့အတူတူသွားလာပေမယ့် ကျွန်မက ကမြင်းတာမှ မဟုတ်ဘဲ၊ သူတို့က ဘာတတ်နိုင်သေးသလဲ၊ အတူတူသွားတာ၊ လာတာနဲ့လဲ ပဲ့ကျမှာမှ မဟုတ်ပါဘူး'

ချစ်ဖေမှာ ခင်လေး၏လေသံကိုကြားရ၍ သူ့ကိုပင် ဒေါ်ဒေါ်ခင်လောက် ရွံ့တွံ့တွံ့ဖြစ်လာကာ ငြိမ်သက်၍လိုက်လာပြီးမှ . .

'ဒီလိုပျင်းရင်လဲ အဖော်ကလေး ဘာကလေးရှာပါလား၊ ရိုးရိုးတန်းတန်း အသိမိတ်ဆွေ ကျုပ်တို့လိုလူပေါ့'

'အောင်မယ် . . ရှင့်ကိုယ်ရှင် လူရိုးကြီးပေါ့လေ'

'ဒီက သဘောရိုးပြောတာပါ'

'အင်း . . ဆန်းလာရင်တော့ ဟင်း' ဟု အောက်နှုတ်ခမ်းကလေးကိုသွားနှင့်ငုံကိုက်၍ ချစ်ဖေအား မျက်စောင်းထိုးလျက် ကြည့်လိုက်သောကြောင့် ချစ်ဖေမှာ ဘယ်လိုပျော်မှန်းမသိသော ပျော်ခြင်းမျိုးဖြင့် ပျော်ရွှင်ကြည်နူးကာရှိစဉ် သူ၏အိမ်နားသို့ ကားဆိုက်၍လာသဖြင့် ခင်လေးနှင့် ခွဲရတော့မည်ဖြစ်၍ ဝမ်းနည်းသလိုလိုဖြစ်လျက်

'ကိုင်း . . ရပ်တော့ အိမ်ရောက်ပြီ၊ ကျေးဇူးတင်ပါတယ်၊ ကားနဲ့လိုက်ပို့တာ' ဟု ဆိုစဉ် ကားရပ်လိုက်သဖြင့် ကားပေါ်မှဆင်း၍

'သွားတော့မယ်နော် . . နောက်ကို ဒီလိုတွေ့ရပါစေလို့ ဆုတောင်းပါတယ်' ဟု ပြုံးစိစိလုပ်၍ပြောလိုက်ရာ ခင်လေးက

'ရှင့်ဆုတောင်းမျိုးတွေ ဘုရားပေါ်မှာ ကြားရကတည်းက လန့်ပါရဲ့၊ ကိုင်း . . သွားဦးမယ်' ဟု ဆိုပြီးလျှင် ကားမောင်းထွက်သွားလေ၏။

ထိုအခါမှစ၍ ချစ်ဖေသည် ရှေ့ကထက်ပို၍ ဒိန်းဒလိန်းနတ်ဖမ်း၍လာလေ၏။ ခင်လေးနှင့်တွေ့ဆုံရန် ပန်းခြံဘေးဆီက စောင့်စားလိုပါသော်လည်း ရှေ့ကထက် ပိုမို၍ရွံ့အောင် ရေပက်ခံရတော့မည်ဖြစ်၍ 'ဇာခြင်ထောင် မီးလောင်ပေါက်တယ်၊ မလာချင်ပေါင် မင်းအဒေါ်ကြောက်တယ်' ဟု ဆိုရမည်ဖြစ်သော ဘဝသို့ရောက်၍နေပြီးလျှင် လမ်းပေါ်ကလျှောက်လာသော်လည်း ခင်လေးကို မမြင်ရအောင် စောင့်ကြပ်၍ထားသောကြောင့် မကြံနိုင်တော့ဘဲ မိမိ၏နောက်ပိုးပညာ 'ပရိဖက်ဆာ' ခန့်ထားသော ဘိုးချိန်ထံသို့ ပြေးရပြန်လေ၏။

'လာရပြန်ပြီ ဖူးစာရေးနတ်ကြီးရယ်၊ ကျွန်တော့်မှာဖြင့် ကကြီးရမရစ်ဘဲ ကပ်မှကပ်ရပလေဖြစ်နေပြန်ပြီ'

'ဒါဖြင့် ကျုပ်လဲ ဖအုပ်ထုပ်ရမရစ်ဘဲ ဖစ်မှဖစ်ရလေ ဆိုလိုက်ချင်တော့တာပဲ၊ ဘယ်လိုများဖြစ်လို့ ကြပ်နေရတာတုန်း' ဟု မေးမှ ချစ်ဖေလည်း ဖြစ်လာခဲ့သောအကျိုးအကြောင်းကို ခရေစေ့တွင်းကျ ပြန်လှန်၍ပြောပြလေ၏။

'ဒါလောက်များ မကြံတတ်တော့ဘူးလား၊ ယောကျ်ားတို့စွမ်းရည် ဒိုဘီကုလားလက်လျှော့၊ အဲလေ . . ယောကျ်ားတို့စွမ်းရည် သေခါမှလျှော့ရမယ် လို့ဆိုထားတာ၊ မင်းဟာ သူ့ကိုကြံမိလို့မှ မရမချင်း လက်မလျှော့ဘဲ ကြိုးစားရမပေါ့ဗျာ၊ တစ်နည်းမရ တစ်နည်းနဲ့ကြံမှပေါ့'

'အဲသဟာ မကြဲတတ်လို့ ခင်ဗျားဆီလာပြီး အကြံတောင်းနေတာပေါ့ဗျ၊ ပို့မယ့်ပို့လဲ ကူးတို့ရောက်အောင် ပို့ပါတော့ဗျာ၊ လုပ်စမ်းပါဦး နောင်ကြီးရ'

'အင်း . . အခု ခင်ဗျားမှာ အပေါက်ကျဉ်းနဲ့ တိုးနေပြီဆိုပါတော့'

'အစစ်ပေါ့ဗျာ'

'ခြံနားလဲမကပ်ရတော့ဘူး မဟုတ်လား'

'ဟုတ်ကဲ့'

'ခြံနားမကပ်ရရင်လဲ အဝေးကနေပြီး ဝါးလုံးနဲ့ ထဘီတွေ ချူယူတာပေါ့'

'ဟာ . . ခင်ဗျားကလဲ ရှုပ်နေပြန်ပြီ၊ အတည်လုပ်စမ်းပါဗျာ'

'ကိုင်း . . ဒီတော့ ခင်ဗျားစာတစ်စောင် ရေးရလိမ့်မယ်'

'အင်း . . ရေးပြီဆိုပါတော့၊ ရေးပြီးတော့ ဘာလုပ်ရမလဲ'

'ဘာလုပ်ရမလဲကို အသာထားပါဦး၊ ဘာကိုရေးရဖို့က အရင်လိုသေးတယ်'

'သြော် . . ဟုတ်သားပဲ၊ အင်း . . ဘာရေးရမှာလဲဗျ၊ ပြောပါဦး'

'ဒါကတော့ ခင်ဗျား သူ့ကို တွေ့ချင်လို့ဟာပဲ၊ တွေ့ရအောင်ကြံဖို့ရေးမှပေါ့'

'ဒါကတော့ ဟုတ်ပါရဲ့၊ နို့ပေတဲ့ တစ်ယောက်နဲ့တစ်ယောက်အတိအတင်းကြိုက်နေကြတာမဟုတ်သေးတော့၊ ဒီလိုရေးလို့ လာမတဲ့လား'

'နို့ . . ခင်ဗျား အခုပြောနေပုံကဖြင့် ကြိုက်နေကြပြီး ညားကြလို့ ကလေးပဲ မွေးတော့မယ့်ပုံမျိုး ပြောနေတာကိုးဗျ'

'သူ့ကြည့်ရတာက ကျွန်တော့်ကို ချစ်သလိုလိုကိုးဗျ'

'ချစ်သလိုလိုဆိုရင်လဲ ချစ်တယ်ဆိုတာနဲ့ တစ်ဘူတာလောက်ပဲ ခြားတာပါပဲ၊ ဒီတော့ ခင်ဗျားစိတ်ကူးနဲ့ ခင်ဗျားကြံဖန်ပြီး သူနဲ့တွေ့ရအောင် စာရေးပေတော့၊ ဘယ်လိုဟာမျိုးရေးဖို့၊ ဘာလုပ်ဖို့ဆိုတာတွေတော့ မေးမနေနဲ့၊ ဒီအထိတော့ ခင်ဗျားအစွမ်းနဲ့ ခင်ဗျားလုပ်ဖို့ပဲ၊ အဲဒီစာရေးပြီးရင် ခင်ဗျားကိုယ်တိုင် ပေးနိုင်တဲ့လမ်းကိုမမြင်ရင် ကလေးတစ်ယောက်ကို ခေါ်ပြီးပေးခိုင်း၊ ခင်ဗျားကိုချစ်ရင် လာမှာပဲ၊ မချစ်ရင် မလာဘူးဆိုတာတော့ အထူးပြောဖို့မလိုဘူး၊ စာရေးတဲ့အထဲမှာ အပိုတွေထည့်မရေးနဲ့၊ တွေ့ချင်တယ်ဆိုတဲ့အကြောင်း၊ ဘာကြောင့်တွေ့ချင်ရတယ်ဆိုတဲ့ အကြောင်းလောက်ပဲရေး၊ သူလာလို့ တွေ့ရတော့မှ ချစ်တယ်၊ ကြိုက်တယ်အကြောင်းတွေ ဖွင့်ပြောပေတော့၊ အဲဒါနောက်ဆုံး ပေါ်တဲ့ လောကဓာတ်ပညာနည်းသစ်အရ နောက်ပိုးနည်းပဲ' ဟု ပြောသည်ကို ချစ်ဖေက စဉ်းစားသလိုလိုလုပ်နေရာ ဘိုးချိန်က ဆက်လက်၍ 'ဘာလဲ၊ ခင်ဗျား ဒီလိုမလုပ်ချင်ဘူးလား' ဟု မေးမှ

'လုပ်ရတာပေါ့ဆရာ၊ ဆရာသင်ကြားတဲ့အတိုင်းပေါ့'

'နို့ပေတဲ့ ခင်ဗျာ့ကိုက နဂိုကမဟန်လို့ နေရာမကျရင် တပည့်မကောင်း ဆရာ့ခေါင်းလဲ ချမနေနဲ့ဦး'

'အို . . နေရာမကျရင် ဆရာ့ခေါင်းအပြစ်မချပါဘူး၊ တုတ်နဲ့သာချမှာ' ဟု ပြောနေစဉ်

'ဟေ့လူ၊ ခင်ဗျားက ခဲဖိုးပေးရမှာစိုးလို့ ပုန်းနေတာလား၊ ရှာလိုက်ရတာမောလို့၊ ခင်ဗျားကိုတော့မြင်ပါတယ်ဗျာ၊ ဟိုတစ်နေ့တုန်းက ဟိုငတိမနဲ့ ကားအတူတူစီးသွားတာ' ဟု ပြောပြောဆိုဆိုဝင်လာသော ဘတင်နှင့်တွေ့ရသဖြင့် စကားစပြတ်သွားပြီးလျှင် 'လာပါဗျာ၊ မင်္ဂလာကြေးကလေး နည်းနည်းပါးပါးပေါ့ဗျာ၊ ထန်းရည်စဥ္စအိုးတစ်လုံးဖိုး' ဟု ဆိုရင်း အတင်းဆွဲခေါ်သောကြောင့် ချစ်ဖေမှာ ကန့်လန့်ကန့်လန့်နှင့်ပါသွားလေ၏။

ချစ်ဖေသည် အိမ်သို့ပြန်ရောက်သောအခါ စာရေးစားပွဲတွင် အခန့်သားထိုင်ပြီးလျှင် နိုင်ငံကျော်ဝတ္ထုရေးဆရာကြီး တစ်ဦးသည် ကမ္ဘာကျော် ဝတ္ထုတစ်ပုဒ်ရေးရန် စဉ်းစားခန်းထုတ်သည်ထက်နက်နဲသော မျက်နှာဟန်အမူအရာဖြင့် ခင်လေးထံသို့ပေးရန် စာတစ်စောင်ရေးလေ၏။

ထိုစာကိုရေး၍မှ မဆုံးမီ သဘောမတွေ့ဘဲ ဆုတ်ဖြဲခြင်းခံရပြီးနောက် အသစ်တစ်စောင် ထပ်မံ၍ရေးပြန်လေ၏။ ထိုစာမှာလည်း လုံးထွေးလွှင့်ပစ်ခြင်းခံရသောဘဝသို့ ရောက်လေ၏။ သို့အားဖြင့် စာဆယ်စောင်ထက်မနည်း အနိစ္စသဘောသို့ ရောက်ပြီးနောက် အဆုံးသတ် စာတစ်စောင်တွင် . .

*ခင် . .*

> ဤစာကို တွေ့ရခြင်းအားဖြင့် အဘယ်မည်သောအရပ်က မျက်စိလည်လမ်းမှား၍ ရောက်လာသောစာပေနည်းဟု ခင့်စိတ်တွင် တွေးမိမည်မလွဲသောကြောင့် မည်သူပေးသောစာ ဖြစ်သည်ကို ဖော်ပြရန်မှာ ဤစာရေးသူသည် ခင်၏ခြံထဲသို့ ဝင်၍အလာတွင် ရေချိုးပေးခြင်း ခံရသူ ဖြစ်ပါသည်။ ဤကဲ့သို့ စာရေးသည့်အတွက် အတင့်ရဲလှသည်ဟု မအောက်မေ့စေလိုသည့်ပြင် ရေးမည့်အကြောင်းများကိုလည်း ဖတ်ရှု၍ ရဲတင်းလှပါကလားဟု မထင်စေလိုပါ။
>
> စာရေးလိုက်သည့်အကြောင်းမှာ ခင်နှင့်တိတ်တဆိတ် တွေ့ဆုံပြောဆိုရန် အရေးကြီးသော စကားတစ်ခွန်းရှိပါသောကြောင့် ခင်ကတွေ့ဆုံနိုင်လိမ့်မည်ဟု မျှော်လင့်သောစိတ်များရှိခြင်းဖြင့် ခင်တို့အိမ်နောက်ဖေးလမ်းကြားတွင် ညခြောက်နာရီခွဲလောက်တွင် တွေ့လိုပါသည်။ ခင်အမှန် လာလိမ့်မည်ဟု မျှော်လင့်ခြင်းအားဖြင့် စောင့်၍နေပါမည်။ မလာလိုပါလျှင်လည်း ဤစာရေးခြင်းကို အပြစ်မယူစေလိုပါ။
>
> *ချစ်ဖေ*

ဤစာကိုရေးပြီးမှ ချစ်ဖေ၏စိတ်တွင် များစွာနှစ်သက်ခြင်းမဖြစ်လှသော်လည်း ထို့ထက်တိုး၍ကောင်းအောင် စဉ်းစား၍မရသောကြောင့် ထိုစာနှင့်ပင် တင်းတိမ်လိုက်ရလေ၏။

နောက်နေ့တွင် ချစ်ဖေသည် ခင်လေး၏အိမ်ရှေ့လမ်းသို့ လျှောက်သွားရာလမ်းတွင် လုံချည်ကွင်းသိုင်း၍ သံခွေလှိမ့်လာသော ကလေးတစ်ယောက်ကို တွေ့၍ 'ဟေ့ . . မင်းပိုက်ဆံတမူး ယူမလား'

'ယူမယ်၊ ဘာလုပ်ရမလဲ'

'စာတစ်စောင်ပေး၊ ပေးရလိမ့်မယ်'

'ပေးမယ်ဆရာ၊ ဘယ်ကောင်မလဲ' ဟု မေးသောကြောင့် ချစ်ဖေမှာ သူငယ်ကိုကြည့်၍မျက်လုံးပြူးနေစဉ် 'ပေးနေကြပါဆရာ၊ လန့်မနေပါနဲ့ . .'

'ဟဲ . . ဟဲ . . မင်းလူလည်ပါလား'

'အမယ် . . ဒီအရပ်ထဲမှာ ကျွန်တော်ဗိုလ်ပေါ့၊ ချက်ကြီးတို့က တပည့်တွေ'

'ကောင်းပါပြီကွာ၊ ဟောဟိုဆင်ဝင်နဲ့အိမ်' ဟု ဆိုနေစဉ် . .

'သိပြီဆရာ . . သိပြီ၊ ပေးပေး၊ မြန်မြန်' ဟု ပြန်၍ပြောကာ စာကိုဆွဲ၍ယူလိုက်ပြီးလျှင် ပိုက်ဆံကိုတောင်း၍ အသေအချာတီးခေါက်နေရာ . .

'ဟေ့ . . အကောင်းပါကွ'

'မလုပ်နဲ့ဆရာ၊ တလောက ခဲမူးစေ့ကြီးနဲ့ လူတစ်ယောက်နပ်သွားလို့၊ နောက်ပိုးပေးတဲ့ဘိုင်တွေအပေါ်သား' ဟု ဆိုပြီးလျှင် ညွှန်ကြားလိုက်သောအိမ်သို့ တန်းဆောင့်၍ပြေးသောကြောင့် ချစ်ဖေမှာပြုံးရယ်လျက် ကြည့်နေပြီးမှ မိမိကိုအခြားလူများ မြင်မည်စိုးသောကြောင့် ရှောင်၍သွားလေ၏။

ချစ်ဖေ၏စာသည် ခင်လေး၏လက်ထဲသို့ ကောင်းစွာရောက်ရှိသွားသည့်တိုင်အောင် ခင်လေးလာမည်၊ မလာမည်ကို မသိနိုင်ပေ။ သို့သော် ထိုစာမှာ ခင်လေး၏လက်ထဲသို့ မရောက်ဘဲ သူ၏အဒေါ်က လမ်းမှနေ၍ ဆီးယူလိုက်သည်ဖြစ်သောကြောင့် ထိုနေ့ည ခြောက်နာရီခွဲတွင် နောက်ဖေးလမ်းကြားမှ ချစ်ဖေသည် ခင်လေးလာခဲ၊ လာခဲနှင့်စောင့်စားနေစဉ် မှောင်ထဲမှထွက်လာသော လူရိပ်ကိုမြင်ရသဖြင့် အလွန်အမင်း ဝမ်းသာ၍ သွားပြီးမှ မိမိထံသို့လျှောက်လာသူမှာ ခင်လေးမဟုတ်ဘဲ သူ၏အဒေါ်ဖြစ်နေသောကြောင့် မျက်လုံးမျက်ဆန်ပြာ၍ သွားလေ၏။ ဒေါ်ဒေါ်ခင်သည် စာတစ်စောင်ကို လက်ထဲက ထောင်၍လှုပ်ကာရှားကာ အနားသို့ရောက်လာပြီးလျှင် 'ဒီစာကို မင်းရေးတာပေါ့လေ၊ မင်းက ငါ့ကို ပမာမခန့်လုပ်တာလား' ဟု မေးလေရာ . .

ချစ်ဖေမှာ ပါးစပ်အဟောင်းသားနှင့် ကြောင်၍ကြည့်နေပြီးမှ 'ဒါ . . ဒါ . . ဒေါ်ဒေါ်ကိုပေးဖို့ ရေးတာ မဟုတ်ပါဘူး'

'နို့ . . ခင်ဆိုတာဘာလဲ၊ ငါ့နာမည်မှာ ခင်မပါလို့ ဘာတဲ့တုန်းလို့'

'ဒေါ်ဒေါ့်တူ . . တူမကလေးကို ပေးဖို့ရေးတာပါ၊ ဒါကို ဒေါ်ဒေါ်က ဒေါ်ဒေါ့်စာလို့လုပ်ပြီး ယူချင်ရင်လဲ မတတ်နိုင်ဘူး'

'ဘာပြောတယ် . . ဘာပြောတယ်၊ အမယ် . . မင်းကလား ငါ့ကို'

'ကျွန်တော်က ခင်ဗျားကို ဘာမှမရည်စူးပါဘူး၊ ခင်ဗျားတူမကို . .'

'ဘာ . . မင်းက ငါ့တူမအပေါ်ကို လွှဲချလို့၊ မင်းသက်သာမယ်ထင်သလား၊ ဟင်း . . မသက်သာဘူး၊ မင်းဒုက္ခများစေရမယ်၊ မင်းဘယ်မှ မပြေးနဲ့၊ ငါပုလိပ်လက်ထဲကို . .'

'နေပါဦးဒေါ်ဒေါ်ရဲ့၊ ကျွန်တော်တစ်ခု အစီရင်ခံပါရစေ'

'ဂတ်ထဲကျမှ အစီရင်ခံ၊ ငါ့ကိုဘာမှ ဆင်ခြေကန်မနေနဲ့၊ မင်းကို ပုလိပ်အပ်ပြီး တစ်အချက် . . ငါ့ကိုရန်ညှိုးထားပြီး အသက်အန္တရာယ်ပြုရအောင် ကြံစည်မှု၊ နှစ်အချက် . . ငါ့တူမကို သွေးဆောင်

ဖြားယောင်းပြီး ခိုးယူရအောင် အားထုတ်မှု၊ သုံးအချက် . . မသင်္ကာစရာဖြစ်ဖွယ်ရာ အချိန်မတော်မှာ ခြံကြိုခြံကြားက ချောင်းမြောင်းစောင့်စားမှု၊ အမှန်မင်းမှာ သူများအိမ်ကို ဖောက်ထွင်းခိုးယူဖို့ ရည်ရွယ်ချက်ရှိတယ်'

'စွဲမယ့်စွဲရင်လဲ အမှုလေးအောင် လူသတ်မှုပါ ထည့်ပြီးစွဲပါလား'

'အမယ် . . မင်းက ငါ့ကိုပမာမခန့်ပြောနေတာလား၊ မင်းနေနှင့်ဦး၊ မင်းကိုငါမှတ်မိတယ်၊ ပုလိပ်ဘက်က အရာရှိကြီးကို သွားခေါ်လာပြီး မင်းကိုတော့ ဒုက္ခတွေ့ရစေမယ်' ဟု ဆိုကာ ဒေါက်ဒေါက် . . ဒေါက်ဒေါက်နှင့်ခြေဆောင့်၍ ဒေါသထွက်ပုံကိုပြကာ ထွက်သွားသည်ကို ချစ်ဖေမှာ ငေး၍ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

မကြာမီ ပေါ်ပေါ်မြည်ကာ အိမ်ထဲမှ ကားတစ်စင်းထွက်သွားသံကို ကြား၍ ဒေါ်ဒေါ်ခင်ပါသွားသည်ကို သိရသောကြောင့် ၎င်းအလစ်တွင် အိမ်ထဲသို့ဝင်ကာ ခင်လေးကိုတွေ့ရန်စိတ်ကူးမိသဖြင့် ခြံဘေးမှလှည့်၍ အိမ်ရှေ့လမ်းသို့ပြန်ကာ အိမ်ရှေ့ပေါက်မှ ဝင်လေ၏။

အိမ်ရှေ့သို့ရောက်သောအခါ တံခါးပိတ်ထားသည်ကိုတွေ့ရသဖြင့် ဒေါ်ဒေါ်ခင်နှင့်အတူ ခင်လေးလိုက်ပါ၍ သွားလေရော့သလားဟု စိတ်ထဲ၌ စနိုးစနောင့်ဖြစ်ကာ ပြန်ရလျှင် ကောင်းလေမည်လားဟု ခေတ္တမျှ တွေးတောနေပြီးနောက် ရှိလိုရှိငြား လူခေါ်သောခေါင်းလောင်းကို နှိပ်လိုက်လေ၏။ သို့သော်လည်း အိမ်တွင်းမှ ခြေသံမျှမကြားရလေသောကြောင့် မည်သို့မျှ မစဉ်းစားတတ်ဘဲ နောက်ထပ်မံ၍နှိပ်ပြန်လေ၏။

ထိုအခိုက်တွင် အိမ်ရှေ့မှ မော်တော်ကားဆိုက်သံလိုလိုကြားလိုက်ရသဖြင့် ဒေါ်ဒေါ်ခင်လားဟု လှမ်း၍ ကြည့်လိုက်ပြီးမှ အိမ်ဘက်သို့ပြန်အလှည့်တွင် ခင်လေးကိုတွေ့ရလေ၏။

'လာပြန်ပလား ရှင်၊ ရေပက်ခံချင်သေးတယ်ထင်တယ်'

'ဟို . . ဟို . . ပြော . . ပြော' ဟု ဆိုစဉ်မှာပင် အိမ်ရှေ့မှလျှောက်လာကြသော ခြေသံများကိုကြား၍ ချစ်ဖေမှာစကားဆက်လက်၍ မပြောနိုင်ဘဲ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သကဲ့သို့ ကြက်သေသေ၍နေလေရာ ခင်လေးက တွေ့မြင်၍ . .

'လာ . . လာ . . ရှင့်ကို ဒီတစ်ခါမိရင် မွန်းနေအောင် အလောင်းခံရလိမ့်ဦးမယ်၊ လာ . . အိမ်ထဲဝင်ခဲ့' ဟု ခေါ်ပြီးလျှင် အိမ်ထဲသို့ရောက်မှ 'ဟောဒီအခန်းကလေးထဲ ခဏလောက် ငြိမ်ငြိမ်ပုန်းနေချေ' ဟု ဆို၍အခန်းထဲသို့ ထိုးသွင်းလိုက်သဖြင့် ချစ်ဖေမှာ ဘုမသိဘမသိအခန်းထဲသို့ ရောက်သွားလေ၏။

ချစ်ဖေသည် အခန်းထဲသို့ရောက်၍မကြာမီကပင် အိမ်ထဲတွင် ကျယ်လောင်ကျယ်လောင်နှင့်ဆူညံသော အသံများ ဝင်ရောက်၍ လာကြလေ၏။

'မနေဘူး . . မနေဘူး၊ ဒီအကောင်တွေ့ရင် နှစ်လုံးပြူးသေနတ်နဲ့ ရင်ဝတည့်တည့်ချိန်ပြီး ပစ်သတ်နည်းမျိုး သတ်ပစ်လိုက်မယ်၊ တစ်ခါတည်း အရိုးတခြား၊ အသားတခြားဖြစ်သွားစေ့မယ်'

ထိုအသံမှာ အာဏာသံပါသော ယောကျ်ားကြီးအသံမျိုးဖြစ်၍ ရာဇဝတ်ဘက်က အရာရှိကြီးတစ်ဦးတစ်ယောက်၏ အသံဖြစ်ကြောင်းကို ရိပ်မိ၍ ချစ်ဖေမှာ ဒူးတုန်လျက်ရှိလေ၏။

'အန်တီကလဲ ဘယ့်နှယ်တုံး၊ လူရယ်စရာတွေ သိပ်ပြီးလုပ်နေတာပဲ၊ သူကဘာများရန်မူလို့တုန်း' ဟု ခင်လေး၏မေးသံကို ကြားရလေ၏။

'အေး . . ဘာမှ ရန်မမူသေးလို့ပေါ့၊ ရန်မူရင် ဒီထက်ဒုက္ခများရမပေါ့၊ မီးဆိုတာ မလောင်ခင်က ငြိမ်းရတယ်သိရဲ့လား၊ ညည်းလဲ ကြပ်ကြပ်သတိထား၊ ညည်းအဖေက ညည်းကိုမနိုင်လို့ လွတ်ရာလွတ်ကြောင်း ဆိုပြီး ဒီကိုပို့ထားတာ၊ ဒီကျမှ ညည်းက သာပြီးမင်းမူနေတာပေါ့လေ . .' ဟု ခင်လေးအား ပြောသံကြားပြီးနောက် 'ဝန်ထောက်မင်းလဲစဉ်းစားကြည့်ပါ၊ ဒီလိုခိုးကြောင် ခိုးဝှက်လာပြီး ချောင်းတဲ့မြောင်းတဲ့အလုပ်ဟာ လူကောင်း လုပ်တာမဟုတ်ဘူး၊ အခု သူလုပ်ပုံဟာ ဓားပြသော်လဲ၊ ဂျွန်သော်လဲ လုပ်တဲ့အမူအရာမျိုးပဲ၊ ဧကန္တ ဂျွန်ပါပဲ၊ အရင်တလောက ထွက်ပြေးနေတဲ့ ဂျွန်ဘိုးမြင့်ဆိုတာ သူပဲထင်ပါရဲ့'

'ဟာ . . ဟုတ်လိမ့်မယ်၊ ဒီအကောင် ဧကန္တပဲ၊ ဘယ်လိုဧကန္တလဲဆိုတာ တွေ့ကြရင်သိကြရောပေါ့၊ ဂတ်ထဲကျမှ အညှင်းခိုင်းရဦးမယ်၊ ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ရိုက်ပြီး ဒူးပုံတစ်ဒါဇင်လောက် တိုက်ပေးလိုက်ဦးမယ်'

ဟူသော ဝန်ထောက်မင်းဟု အခေါ်ခံရသူ၏ စကားများကို ကြားရလျှင် ချစ်ဖေမှာ အမျိုးမျိုးတွေးတောလန့်ကြောက်လာကာ 'ငါ့ကို ဒီအခန်းထဲ အမိဖမ်းပြီး ဝိုင်းရိုက်ကြဖို့ ခင်လေးကပဲ ဉာဏ်ဆင်ရော့သလား' ဟု မဟုတ်မဟတ် တွေးတောလန့်ကြောက်ကာ အကယ်၍ ဤအခန်းထဲသို့ ဝင်ရောက်လာလျှင် ရုတ်တရက်မတွေ့နိုင်အောင် ပုန်းအောင်းရန် ချောင်ကောင်းသောနေရာကို ရှာမည်ဟု မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ရွှေ့၍ရွှေ့၍သွားနေစဉ် အခန်းထဲတွင် လူတစ်ယောက်နှင့်တိုးမိ၍ ထိုသူက လန့်၍အော်မည်အပြု အတင်းပါးစပ်ကိုပိတ်ရာ မှောင်ထဲတွင် အရမ်းအသန်းကိုင်မိသောကြောင့် ပါးစပ်ကို မပိတ်မိဘဲ လည်မျိုကို ညှစ်မိရက်သားဖြစ်နေသဖြင့် အညှစ်ခံရသူက လန့်ကြောက်၍အော်ရာ အသံပီသစွာ မထွက်ဘဲ ဂူးဂူးဝါးဝါးဖြစ်နေသည့်အတွက် ချစ်ဖေက အလန့်ကြီးလန့်ကာ အတင်းတိုး၍ညှစ်မိလေ၏။

အခန်းထဲ၌ ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကို အပြင်ကကြားကြလျှင် ဒေါ်ဒေါ်ခင်ကစ၍ 'သူခိုးပါတော့ . . သူခိုးပါ၊ လူ . . လူ' ဟု ဟစ်အော်ပြီးလျှင် အခန်းအတွင်းသို့ ဓာတ်မီးခလုတ် ပြောင်းလဲထွန်းညှိပြီးလျှင် အခန်းကိုဖွင့်လိုက်ရာ ချစ်ဖေနှင့် အခြားလူတစ်ဦးမှာ နပန်းလုံး ချန်ပီယံလုနေကြသည်ကို တွေ့ကြရလေ၏။

ခင်လေး၏စိတ်တွင် 'ဟိုက် . . ခက်တော့တာပဲ၊ တစ်ခါဖြင့် မိပြန်ပြီ' ဟု အောက်မေ့နေစဉ် ဒေါ်ဒေါ်ခင်က 'သူပါပဲ . . သူပါပဲ . . သူခိုးဆိုတာ' ဟု ချစ်ဖေအား လက်ညှိုးထိုး၍ပြသော်လည်း ဝန်ထောက်ကြီးက ဂရုမစိုက်ဘဲ နပန်းလုံးပွဲကို အားတက်သရော ကြည့်နေပြီး ချစ်ဖေက အခြားလူ၏ အပေါ်တွင် ခွရက်သားရှိမှ 'ဟ . . ချစ်ဖေ၊ နင်ဘယ့်နှယ်ဖြစ်နေတာတုန်း' ဟု မေးရာ . .

'ဟာ . . ဦးလေးပါလား . . လာလုပ်ပါဦး၊ ဒီအကောင်ဖိထားပါ' ဟု ပြန်ပြောသည်ကို ဒေါ်ဒေါ်ခင်နှင့်တကွ ခင်လေးပါကြားရ၍ ဒေါ်ဒေါ်ခင်မှာ ချစ်ဖေ၏မျိုးရိုးကို သိရသောကြောင့် စိတ်ဆိုးပြေ၍သွားသဖြင့် ဝန်ထောက်မင်းက ဒေါ်ဒေါ်ခင်အား 'သူခိုးဆိုတာ ဘယ်သူ့ကိုပြောတာလဲ' ဟု မေးသောအခါ ဒေါ်ဒေါ်ခင်ကပြုံးလျက် 'အောက်က ပြားနေတဲ့ဟာပေါ့၊ နေ့တိုင်းလာလာပြီး နှောင့်ယှက်ခိုးဝှက်နေတာသူပေါ့၊ ကိုင်း . . ဝန်ထောက်မင်း ကြည့်သာစီရင်ပါတော့၊ ဟဲ . . ဟဲ . . ဝန်ထောက်မင်းတူက သူခိုးဖမ်းအကောင်းသားပဲ'

ထိုအခါ ဝန်ထောက်မင်းက ပြုံးရယ်ကျေနပ်စွာ 'ဒါကတော့ မျိုးရိုးလိုက်လို့ကိုး၊ အခုအင်္ဂလိပ်မင်းလက်ထက်မှာ ပုလိပ်ဘက်မှာ ကျုပ်တို့အမှုတော် ထမ်းနေတာ၊ ရှေးမြန်မာမင်းလက်ထက်တုန်းက ကျုပ်တို့မိဘဘိုးဘွားတွေဟာ စစ်မှူးတို့ စစ်ကဲကြီးတို့ပေါ့၊ မျိုးနဲ့ရိုးနဲ့ဖြစ်လာတာ၊ အခုလဲ ဒီအကောင်ကို ရာဇဝတ်ဘက်သွင်းဖို့ စီမံပြီးနေပြီ' ဟု ပြောနေဆဲမှာပင် အခိုင်းအစေများရောက်လာသဖြင့်ချစ်ဖေမိထားသူကို ချုပ်နှောင်ဖမ်းဆီးရန် စေခိုင်းရလေ၏။

အကြောင်းအားလျော်စွာ ထိုသူမှာလည်း ဘိန်းစားသူခိုးဖြစ်နေကြောင့် ဒေါ်ဒေါ်ခင်မှာ ချစ်ဖေပေါ်တွင် ယခင်ကပြောထားသော စွပ်စွဲချက်များကို ထိုသူခိုးအပေါ်တွင် စုပုံ၍ချရန် ဖြစ်ပေါ်လာပေတော့၏။

သူခိုးကို နိုင်နင်းစွာ ဖမ်းဆီးရမိသောအခါ၊ 'ကိုင်း . . ဒီအကောင်ကို ဂတ်ခေါ်သွားရဦးမယ်၊ ချစ်ဖေ . . မင်းလဲလိုက်ခဲ့' ဟု ဆိုရာ ဒေါ်ဒေါ်ခင်က မောင်ချစ်ဖေကို 'နေပါစေ၊ သူ့ခမျာ အတော်ပင်ပန်းသွားရှာတယ်၊ ထမင်းတောင် မစားရသေးဘူးထင်တယ်၊ ဒီမှာပဲစားပါစေ၊ ဝန်ထောက်မင်းပဲ ဒီအမှုကို ကြည့်ပြီးစီမံလိုက်တာပေါ့၊ သူခိုးကိုလဲ မှတ်ရုံလောက်ဆုံးမပြီး လွှတ်လိုက်တာပေါ့ရှင်' ဟု ပြောသောကြောင့် ချစ်ဖေမှာ အကြည်ဆိုက်၍သွားလေ၏။

နောက်များမကြာမီ ချစ်ဖေသည် ဘိုးချိန်နှင့် လမ်းတွင်တွေ့ရာ ဘိုးချိန်က 'ဘယ့်နှယ်တုံးဆရာ၊ ခင်ဗျားတို့က အခုတော့ နေရာကျနေလို့ ကျုပ်ကို မေ့နေပြီပေါ့လေ'

'မေ့တော့မမေ့ပါဘူးဗျာ၊ နို့ပေမယ့် ခင်ဗျားပြောတဲ့ ဆိုက်ကိုလိုဂျီတို့၊ လောကဓာတ်ပညာတို့ဆိုတဲ့ နောက်ပိုးနည်းတွေနဲ့ နေရာကျတာမှမဟုတ်ဘဲနဲ့ . .'

'နို့ . . ခင်ဗျားအစွမ်းကြောင့်လား'

'ကျွန်တော့်အစွမ်းကြောင့်လဲ မဆိုလိုပါဘူး၊ လူကြီးချင်း စေ့စပ်သဘောတူပြီး လူငယ်ချင်းလဲ မငြင်းနေချင်တာနဲ့ ရကြတာပဲ'

'အမယ် . . ခင်ဗျားက ငြင်းချင်နေသေးလို့လား'

'မငြင်းချင်ပါဘူးဗျာ' ဟု ဆိုပြီးမှ 'နို့ပေမယ့်လဲ ခင်ဗျားနည်းနဲ့ရတာမဟုတ်သော်လဲ ခင်ဗျားပြောတဲ့နည်းတွေ မဟုတ်ကဟုတ်က လျှောက်ပြီးလုပ်ရင်း ဖြစ်ချင်သလိုဖြစ်ပြီး နေရာကျတာထောက်တော့ ခင်ဗျားပြောသလိုမလုပ်ရင် ဒီအခြေရောက်မှာမဟုတ်လို့ ခင်ဗျားကို တစ်နည်း ကျေးဇူးတင်စရာဖြစ်တဲ့အတွက် ရော့ဗျာ၊ ကျပ်သုံးဒင်္ဂါးပြားရေ တစ်ဆယ်တန်တစ်ချပ်' ဟု ဆို၍ပေးရာ . .

'ခင်ဗျားစက္ကူ ကောင်းမှကောင်းပါ့မလား'

'အံမာ . . မကြိုက်သေးရင် အသစ်လဲယူဦး၊ အခုပဲညှပ် ပုံလုပ်လာတာတွေ' ဟု ပြောင်၍ပြောမှ ဘိုးချိန်တွင် သဘောကျပြုံးရယ်ကာ 'ကိုင်း . . ဆုတောင်းလိုက်ပါ့မယ်၊ ဤကဲ့သို့ပေးကမ်းရသော အကျိုးအားဖြင့် ကိုချစ်ဖေဆိုသော ခင်ပွန်းနဲ့ ဖင်ပွန်းအောင် ပေါင်းရပါစေဗျား' ဟု ဆိုသောကြောင့် . .

ချစ်ဖေက 'ပေးသောဆုနဲ့ ပြည့်စုံရပါလို၏၊ ဆုတောင်းပြည့် ကိုယ်တော်ကြီးဘုရား' ဟု ဆိုသည့်အတွက် . .

'မလုပ်ပါနဲ့ဗျာ၊ ဂိုဏ်းသင့်လို့ ချေးပါပြီး သေနေပါဦးမယ်' ဟု ဆိုရင်း ထွက်ခွာသွားလေသတည်း။ ။

ကဝိတံခွန်မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၃၃။

## သေနတ်သံ

'ထိုင်း . .' ဟူ၍ မြည်ဟည်းသွားသော သေနတ်သံတစ်ခုသည် စက်သူဌေးကြီးဦးလတ်၏ ခြံဝင်းကြီးထဲမှ ထွက်ပေါ်လာပြီးနောက် မှန်ပြတင်းပေါက်တစ်ခုကို ကျည်ဆန်ထိမှန်ကာ တချွမ်ချွမ်မြည်သော အသံများဖြင့် မှန်များကွဲကျလွင့်စဉ်သွားလေ၏။

အပါသည် ထိုအခြင်းအရာကို မြင်ရသည်နှင့်တစ်ပြိုင်နက် လက်ထဲရှိ လေသေနတ်ကို ကျောနောက်သို့ ဝှက်လိုက်ကာ အံ့အားသင့်သော အမူအရာဖြင့် ဟောင်းလောင်းပေါက်ဖြစ်သွားသော မှန်ပြတင်းပေါက်ကို စိုက်၍ကြည့်နေမိလေ၏။ မကြာမီ ထိုပြတင်းပေါက်မှ တံခါးချပ်များ ပွင့်၍လာကာ မိမိ၏အဘွားဖြစ်သူ ဒေါ်ဒေါ်စု၏မျက်နှာ ပေါ်ထွက်လာသည်ကို မြင်ရသည်တွင် အနီးရှိ ပန်းချုံတစ်ခုသို့ဝင်၍ ပုန်းအောင်း ပျောက်ကွယ်သွားလေ၏။

ဦးလတ်သည်လည်း ပန်းပင်များကို ပြုပြင်နေရာက သေနတ်သံနှင့် မှန်ကွဲသံများကိုကြားရ၍ အိမ်ဘက်သို့ လှည့်ကြည့်လိုက်ရာတွင် မိမိ၏နှမဖြစ်သူ မစုကို တွေ့မြင်လိုက်ရသဖြင့် အသာခေါင်းငုံ့၍ နေလိုက်လေတော့၏။

လောကတွင် မိမိက ရှာဖွေကျွေးမွေးသူဖြစ်လျက်နှင့် မယားကို ကြောက်ရသောသူ၊ သားသမီးကိုကြောက်ရသူ စသဖြင့် လူထူးလူဆန်းများ ရှိကြသည့်အထဲတွင် ဦးလတ်မှာ နှမကို အထူးကြောက်ရသူ တစ်ယောက်ဖြစ်ပေ၏။ သို့ဖြစ်ခြင်းကြောင့် မိမိမြေးဖြစ်သူ အပါ၏လက်ချက်ကြောင့် မှန်ပြတင်းကွဲ၍သွားရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းအားဖြင့် မိမိ၌အပြစ်ကင်းသော်လည်း မိမိက သေနတ်ဝယ်ပေးသည့်အတွက် ထိုသို့ ဖြစ်ရခြင်းကြောင့် မိမိမှာ အားပေးအားမြှောက်ပြုရာ ရောက်နေသည့်အတိုင်း ဤကိစ္စတွင် မိမိပါရောနှော၍ ပြောဆိုအပြစ်တင်ခြင်းမှ ကင်းလွတ်နိုင်သမျှ ကင်းလွတ်အောင် မသိလိုက်မသိဘာသာ အမူအရာမျိုးလုပ်၍ နေလိုက်လေ၏။

ထိုသို့ မိမိဘာမျှမသိကဲ့သို့ ခေါင်းငုံ့၍နေလိုက်သော်ငြားလည်း ဦးလတ်၏စိတ်ထဲ၌ကား စိုးရိမ်ခြင်းမကင်းသေးဘဲ မည်သည့်အချိန်အခါတွင် ဤကိစ္စနှင့်ပတ်သက်၍ မိမိအား ဆူပူခြင်းခံရပါမည်နည်းဟု လာလတ့်သောဘေးရန်ကို စောင့်မျှော်ကြောက်ရွံ့လျက် ရှိနေမိလေ၏။ သို့ရာတွင် ကံအားလျော်စွာ တစ်နာရီခန့်ကြာသည့်တိုင်အောင် မိမိထံသို့ ဒေါ်စုလည်းရောက်၍မလာ၊ ဤကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းမရှိသည်ကို တွေ့ရမှ စိတ်သက်သာရာရကာ ပန်းခြံထဲမှ ထ၍လာရပေတော့၏။

ထိုသို့ထ၍လာရာတွင် အိမ်ရှေ့ဆင်ဝင်အောက်၌ မိမိ၏နှမ မစုနှင့်အသက်နှစ်ဆယ့်ခြောက်နှစ်ခန့်ရှိ ယောက်ျားပျို တစ်ယောက် စကားပြောနေသည်ကို တွေ့ရ၍ များစွာအံ့အားသင့်သွားကာ သူတို့ရှိရာဘက်သို့ မသွားဘဲ နောက်သို့ပြန်ဆုတ်မည်ဟု အပြုတွင် ဦးလတ်အား ဒေါ်စုက မြင်သဖြင့် . . 'ကိုရင် လာစမ်းပါဦး၊ ဒီကို' ဟု ခေါ်လိုက်သောကြောင့် မလာချင်လာချင်နှင့်လျှောက်၍လာခဲ့လေ၏။

ဦးလတ်မှာ ဒေါ်ဒေါ်စု၏အမိန့်အာဏာကို မဖီဆန်ရဲသဖြင့် လာခဲ့ရသော်လည်း မိမိ၏သမီးဖြစ်သူ မြခင်အား ပိုးပန်းနေသည်ကိုသိရသော ထိုယောက်ျားပျို၏မျက်နှာကိုလည်း မကြည့်ချင်၊ မိမိ၏နှမက သေနတ်ပစ်မှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောလေမည်လားဟူ၍လည်း စိုးရိမ်ခြင်းကြောင့် ရင်ထဲ၌တထိတ်ထိတ်ခုန်၍ နေလေ၏။

‘ကိုရင် . . ဟောဒီမှာ မောင်စိုးမောင် ရယ်လေ’ ဦးလတ်သည် စိုးမောင်မှာ အမြီးနှစ်ချောင်းပေါက်သူမဟုတ်၍ အံ့သြစရာမရှိ။ တွေ့ရ၍ ဝမ်းသာစရာလည်း မရှိသကဲ့သို့သော အမူအရာဖြင့် ‘သြော်’ ဟု ဆိုလိုက်လေ၏။

‘သြော် . .’

ဦးလတ်သည် မိမိ၏သမီးဖြစ်သူအား စိုးမောင်နှင့်ပေးစားရန် နှမဖြစ်သူ၏ လိုလားချက်ကို သိနေပြီး ထိုအကြောင်းနှင့်စပ်လျဉ်း၍ ဒေါ်ဒေါ်စုက စကားစတိုင်း အင်းမလုပ်၊ အဲမလုပ်နေခဲ့သည့်အတွက် ယခုကဲ့သို့ ‘သြော်’ တစ်လုံးနှင့် ပြီးနေခြင်း၏အကြောင်းရင်းကို ဒေါ်ဒေါ်စုမှာ ကောင်းစွာနားလည် ရိပ်မိသည့်အတိုင်း ဦးလတ်အား နှစ်သက်သဘောကျခြင်းမရှိသော မျက်နှာထားနှင့် ကြည့်၍နေလိုက်ပြီးနောက် စိုးမောင်းဘက်သို့ လှည့်ကာ ‘ကိုင်း . . မောင်စိုးမောင် ခဏနေပါဦး၊ မင်းဦးလေးနဲ့ ဒေါ်ဒေါ်စကားတစ်စွန်း ပြောစရာရှိလို့’ ဟု ပြောပြီးလျှင် ဦးလတ်အား ပန်းခြံထဲသို့ ခေါ်သွားလေ၏။

‘ကိုရင် . . ဘယ့်နှယ်လုပ်တာတုန်း’

‘အို . . ငါဘာလုပ်လို့လဲ မစုရ’

‘မောင်စိုးမောင်လာတာ နေထိုင်ကောင်းရဲ့လား၊ မာရဲ့လား၊ သာရဲ့လား မမေးဘဲ၊ သြော် . . သြော် လုပ်နေတာ ဘာလုပ်တာလဲလို့’

‘နို့ . . သူနေလို့၊ ထိုင်လို့၊ ကောင်းလို့၊ ကျန်းမာလို့သာ အလည်လာနိုင်တဲ့အလုပ်ကို ငါကနေကောင်းသလား မေးနေလို့ အလကားပေါ့၊ နေကောင်းတာ မြင်သားပဲ မဟုတ်လား’

‘ဘာကိစ္စနဲ့လာသလဲ၊ ဘာလဲ ညာလဲမေးမှပေါ့’

‘မင်းနဲ့ စကားပြောနေတာပဲ၊ ဘာကြောင့်လာတယ်ဆိုတာ မင်းသိရင် ပြီးရောပေါ့’

‘ကျုပ်ကတော့ သိတာပေါ့၊ ကျုပ်တမင်ခေါ်လိုက်တာပဲကိုးတော့’

ဦးလတ်၏မလှုပ်မရှား မထူးခြားသကဲ့သို့ ရှိ၍နေခဲ့သော မျက်နှာမှာ ယခုမှ အမူအရာပြောင်းလဲလျက် မနှစ်သက်သကဲ့သို့ပြလေ၏။

‘ဘာလုပ်ဖို့ ခေါ်တာတုန်း’

‘မခေါ်လို့ဖြစ်ပါ့မလား၊ ကိုယ့်မြေးကိုမှ မနိုင်နိုင်၊ မနင်းနိုင်၊ မထိန်းနိုင် ဖြစ်နေတဲ့ဟာ အိမ်မှာ စာလဲသင်၊ ဆုံးလဲ ဆုံးမပေးဖို့ ခေါ်ရတာပေါ့၊ ဒီလိုမှ မလုပ်ရင် ကိုရင် အလိုလိုက်ထားတာနဲ့ ကလေးလဲ တဖြည်းဖြည်းတိုးပြီး ပျက်စီးဖို့ရှိတော့တာပဲ၊ ဒီနေ့ဆိုရင် သူ့လေသေနတ်တစ်စင်းနဲ့ ဟိုပစ်ဒီပစ်နဲ့ အားလုံးကွဲရှကုန်ပြီ’

‘ဘာ . . သူ့ကို အိမ်မှာ စာသင်ပေးဖို့လား’ ဟု မေးကာ ဦးလတ်သည် သဘောမတူသည့် အမူအရာဖြင့် ခေါင်းကို ယမ်းခါလေ၏။

‘ပြောဆိုပြီးပြီ၊ မလိုချင်လို့ မဖြစ်တော့ဘူး’ ဟုပြောကာ ဒေါ်စုသည် စိုးမောင်ရှိရာဘက်သို့ လှည့်ထွက်သွားသဖြင့် ဦးလတ်မှာ ငေး၍ကျန်ရစ်ခဲ့လေ၏။

ဒေါ်စုသည် မိမိအကြံအောင်မြင်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်သောမျက်နှာနှင့် စိုးမောင်ထံသို့ရောက်လာပြီးလျှင် 'မင်းဦးကို ဒေါ်ဒေါ် အကျိုးအကြောင်းပြောပြလို့ သဘောကျသွားပြီ၊ ကလေးကိုသာ ကြည့်ရှုပြီး သွန်သင်ဆုံးမပေတော့' ဟု ပြောလေ၏။

ထိုအခိုက်တွင် အိမ်ထဲမှ မြခင်ထွက်၍လာလေရာ ဒေါ်စုမျက်နှာမှာ ပို၍ရွှင်လန်းသွားပြီးလျှင် 'ဟော့ . . မြခင်၊ အပါဖို့တော့ အိမ်မှာစာသင်ပေးမယ့် ဆရာရနေပြီ၊ မောင်စိုးမောင်က နေ့တိုင်းလာပြီး စာသင်ပေးမယ်တဲ့' ဟု ပြောပြလိုက်လေ၏။

မြခင်မှာ ထိုသတင်းကို ကြားရ၍ အတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်သွားသော်လည်း ယဉ်ကျေးခြင်းအလို့ငှာ ပြုံးရယ်၍ စိုးမောင်အား နှုတ်ဆက်ပြီးလျှင် ဝမ်းသာစကားပြောလိုက်ရလေ၏။

ထိုသို့ မြခင်နှင့်စိုးမောင်တို့ တွေ့ဆုံပေးလိုက်ရခြင်းအားဖြင့် ဒေါ်စုမှာ စိတ်ကြိုက်နှင့်တွေ့သွားကာ စိုးမောင် ပြောလိုရာပြောနိုင်ခွင့်ရစေရန် 'ကဲ . . စကားပြောနေကြဦး၊ ဒေါ်ဒေါ်အိမ်ထဲဝင်လိုက်ဦးမယ်' ဟု ဆို၍ရှောင်ပြီး ထွက်သွားလေ၏။

မြခင်မှာ မိမိမတွေ့ချင်ဆုံးသော သူတစ်ယောက်နှင့် တွေ့နေရရုံမက လက်ခံစကားပြော၍နေရပြန်သည့်အတွက် အတော်ပင် စိတ်အိုက်၍သွားကာ မည်သို့ရှောင်ပြေးရပါမည်နည်းဟု စိတ်ကူးထုတ်နေရာက အကြံရလာပြီးလျှင် တစ်စုံတစ်ရာ ရုတ်တရက်သတိရမိသကဲ့သို့ အမူအရာမျိုးပြကာ 'သြော် . . အပါတစ်ယောက် ဘယ်ရောက်နေပါလိမ့်မလဲ၊ သူ့ဆရာရောက်လာတာ ခေါ်ပြရဦးမယ်၊ ခဏနေဦးနော်။ အပါကိုလိုက်ရှာလိုက်ဦးမယ်' ဟု ပြောပြောဆိုဆို ခပ်သုတ်သုတ် ထွက်၍သွားလေ၏။

ထိုအခိုက်တွင် ဦးလတ်သည် စိတ်ပျက်လက်ပျက်ဖြင့် ခြံစည်းရိုးကဲ့သို့ စီတန်းညီညာစွာ စိုက်ထားသော ပန်းပင်များဆီသို့လျှောက်၍ လာခဲ့လေ၏။ ဦးလတ်သည် နဂိုကပင် မျက်စိမှုန်၍နေသည့်အထဲတွင် စိတ်ပျက်ခြင်းဖြင့် တစ်စုံတစ်ရာကို နက်နဲစွာအတွေးလွန်၍ လာခြင်းအားဖြင့် မိမိရှေ့တွင် ခလုတ်ကန်သင်း တစ်စုံတစ်ရာ ဘာရှိသည်ကို မမြင်နိုင်ဘဲရှိလေရာ ပန်းချုံထဲမှ တဖြည်းဖြည်းတိုးထွက်၍လာသော အရာတစ်ခုကို ဖိုက်နှင့် ဝင်တိုက်မိပြီး 'ဂူးဂူးဝါးဝါး' အလန့်တကြားဟစ်အော်ကာ နောက်သို့ခုန်၍ ဆုတ်လိုက်လေ၏။

ထိုသို့ ခုန်လိုက်ရာတွင် ကံအားလျော်စွာ မျက်မှန်မှာကျွတ်၍မကျဘဲ နားရွက်တစ်ဖက်ကသာ ပြုတ်၍သွားပြီး ကျန်တစ်ဖက်တွင် ချိတ်၍နေသေးသောကြောင့် ကောင်းမွန်စွာပြန်၍တပ်ပြီးလျှင် မိမိဖိုက်နှင့်ဝင်၍ ဆောင့်မိသည့် ရာကိုကြည့်လိုက်ရာ ပန်းခြံထဲမှ တိုးထွက်၍လာသောအရာမှာ လေသေနတ်လေး ဖြစ်၍နေပြီးလျှင် ထိုလေသေနတ်ထွက်လာပြီးနောက် အပါ၏ တစ်ကိုယ်လုံး လိုက်ပါပေါ်ထွက်လာသည်ကို တွေ့ရလေ၏။

'ဟဲ . . ဟဲ . . ဘဘကြီးလန့်သွားသလား၊ ကျွန်တော်မမြင်လို့'

'ငါ့လခွီး . . ရှေ့ကိုကြည့်ဦးမှပေါ့ကွ'

'ကျွန်တော်မမြင်လို့ပါ ဘဘကြီးရဲ့'

'နောက်ကိုသတိထား . . ကြားလား'

'အင်း . .'

'ဘာ အင်းလဲ . . ဟုတ်ကဲ့လို့ ရိုရိုသေသေပြောရတယ်'

'အင်း . . ဟုတ်ကဲ့'

'ဦးလတ်သည် အပါအား အခံရခက်သည့် အမူအရာဖြင့် ကြည့်နေလိုက်မိလေတော့၏။

'ဘာကြီး . . ဟိုမှာ စောစောက မေမေကြီးနဲ့စကားပြောနေတဲ့ လူကြီးဟာဘယ်သူလဲ' ဟုပြောကာ အိမ်ဘက်ဆီသို့ လက်ညှိုးထိုး၍ ပြလိုက်သဖြင့် ဦးလတ်လည်း သူညွှန်ပြရာဘက်သို့ ကြည့်သည်တွင် စိုးမောင်ကို မြင်ရလေ၏။

'သူ့နာမည် . . ကိုစိုးမောင်လို့ခေါ်တယ်'

အပါသည် သေချာစွာကြည့်နေပြီးလျှင် 'ရုပ်ကိုက ဘယ်လိုရုပ်ကြီးလဲ မသိဘူး' ဟု ဆိုလေ၏။

'ဟဲ့၊ အပါ . . ဒီလိုမပြောနဲ့၊ အဲဒါမင်းကို အိမ်မှာ စာသင်ပေးမယ့် ဆရာပဲ'

'ဟင် . . ဆရာကလဲ ဘယ့်နှယ်ဆရာလဲ'

ထိုသို့ပြောနေကြစဉ် မြခင်သည် သူတို့၏အနားသို့ရောက်လာပြီးလျှင် 'အပါ . . လာစမ်း၊ မင်းကို ဒါလေးပြောစရာ တစ်ခုရှိလို့' ဟု ခေါ်သွားသဖြင့် ဦးလတ်သည် နောက်ဖေးဘက်မှလှည့်၍ အိမ်ထဲသို့ဝင်ရန် ထွက်သွားလေ၏။

မြခင်သည် အပါအားအရေးယူဂရုစိုက်သည့်ဟန်ဖြင့် ပြုံးပြုံးရယ်ရယ် ချော့ချော့မော့မော့လုပ်ကာ 'အပါ . . မင်းသေနတ်ပစ် သိပ်တည့်တယ်ထင်တယ်' ဟု မြှောက်ပင့်သည့်လေသံဖြင့် ပြောလေ၏။

'ကျွန်တော်လား . . သိပ်တည့်တာပေါ့ ဒေါ်လေးရဲ့၊ ဘာပစ်ရမလဲ'

'ဟောဟို သစ်ပင်ကြီးကို ပစ်လိုက်စမ်း'

အပါသည် မြခင် ညွှန်ပြရာဘက်သို့ ပစ်၍ပြလိုက်လေ၏။

'အမယ် . . ဒါတော့၊ နီးနီးကလေးကိုးကွဲ့၊ မှန်မှာပေါ့၊ ဟောဟိုမှာ ဆင်ဝင်အောက်က လူလောက်ဝေးဝေးကို မှန်ပါ့မလား' ဟု ဆိုကာ မြခင်သည် စိုးမောင်ရှိရာဘက်ဆီသို့ လက်ညှိုးထိုး၍ပြလေ၏။

'ကြည့်နေပါ . . ကျွန်တော်သေသေချာချာ ချိန်ပစ်ရင်မှန်မှာပေါ့' ဟု ပြော၍ အပါသည် စိုးမောင်ဘက်သို့ သေနတ်ကိုလှည့်၍ချိန်စဉ် မြခင်သည် ပါးစပ်ကိုလက်နှင့်ပိတ်လျက် ရွှင်ပြုံးသောမျက်နှာနှင့် လစ်၍ပြေးလေ၏။

မကြာမီ 'ထိုင်း' ခနဲ မြည်သံကြားရသဖြင့် မြခင်သည် ခပ်လှမ်းလှမ်းမှ လှည့်၍ကြည့်လိုက်ရာ ဆင်ဝင်အောက်တွင် မျောက်ဖိုးစိန်ကလို ခြေကားရား လက်ရားရားနှင့် ထ၍ခုန်လိုက်သော စိုးမောင်ကိုမြင်ရသဖြင့် မျက်နှာလှည့်ကာ ကျိတ်၍ရယ်နေလေတော့၏။ အပါမှုကား ပန်းချုံထဲသို့ ငုံ့လျှိုး၍ ပျောက်သွားလေ၏။

'ထိုင်း' ခနဲမြည်သံကို ကြားရသဖြင့် ဒေါ်စုသည် အိမ်ထဲမှထွက်၍လာကာ ရှုံ့မဲ့သောမျက်နှာနှင့် ကုပ်ကိုပွတ်နေသော စိုးမောင်၏မျက်နှာကို မြင်ရလျှင် အံ့အားသင့်၍သွားလေ၏။

ဦးလတ်သည် အိမ်ထဲသို့ရောက်၍ စိတ်အိုက်ခြင်းပျောက်စေရန် စာအုပ်တစ်အုပ်ကို ယူ၍ဖတ်မည်အပြုမှာပင် 'ထိုင်း' ခနဲမြည်သံကြောင့် လန့်ဖျပ်ပြီး လက်ထဲကစာအုပ် လွတ်ကျသွားလေ၏။ သေနတ်သံကြားသော်လည်း

တစ်စုံတစ်ရာ ကွဲရှသံမကြားရသောကြောင့် မည်သို့သော သက်ရှိ သက်မဲ့သတ္တဝါသည် မာရှယ်လော မိလေပြီနည်းဟူ၍ စဉ်းစားမိလေ၏။

သို့ရာတွင် အနည်းငယ်ကြာသည့်တိုင်အောင် တစ်စုံတစ်ရာ ထူးခြားခြင်းမရှိသည်ကို တွေ့ရမှ ဦးလတ်မှာ စိတ်အေးချမ်းစွာဖြင့်စာကိုပြန်၍ဖတ်လေ၏။

ထိုသို့စာဖတ်နေစဉ် အခန်းထဲသို့ တရှပ်ရှပ်မြည်၍ ဝင်လာသော ဖိနပ်သံကိုကြားရသဖြင့် မိမိ၏နှမလောဟု လန့်ဖျပ်၍သွားကာ မရဲတရဲဖြင့် စာအုပ်ပေါ်မှ မျက်လုံးပေါ်ရုံ ကျော်၍ကြည့်လိုက်ရာ မြခင်ဖြစ်နေသည်ကို တွေ့ရမှ အသက်ရှူမှန်သွားလေ၏။

'ဖေဖေ . . ဘယ်မလဲ ကျွန်မအဖို့ တူးလီတာ မော်တော်ကားကလေး ဝယ်ပေးမယ်ဆိုတာ ဘယ်လောက်ကြာပြီလဲ'

'နေပါဦး သမီးရယ် . . ဝယ်ပေးမှာပေါ့၊ အခုနေပါဦး၊ အကုန်အကျတွေများလွန်းလို့ပါ၊ နောက်ပြီး မင်းဒေါ်ဒေါ်က ဒါတွေဝယ်ပေးတာ နည်းနည်းမှ သဘောမကျဘူး၊ သူမသိဘဲဝယ်ပေးရင် ဆူလို့ပြီးမှာမဟုတ်ဘူး'

'ဖေဖေ . . ဒီလိုညာရင် ဘာကောင်းမလဲဖေဖေရဲ့၊ ဝယ်ပေးမယ်လို့ ပြောပြီးရင် ဝယ်ပေးပါတော့လား'

'နေပါဦး၊ မင်းဒေါ်ဒေါ် ပြောပြပါရစေဦး၊ သူက သဘောကျရင်ဝယ်'

'ဒါပဲ . . စနေနေ့မှ မရရင်တော့ ဖေဖေနဲ့ ကျွန်မနဲ့ သိရောပေါ့' ဟု ဆိုကာ မြခင်ထွက်၍သွားလေရာ ဦးလတ်မှာ ငေး၍ကျန်ရစ်ခဲ့လေ၏။

ဦးလတ်သည် ထိုသို့ ငေးမောတွေဝေလျက်နေမိသည်မှာ မည်မျှ ကြာမြင့်သွားသည်ကိုပင် သတိမရနိုင်ဘဲရှိကာ အခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်၍လာသည်ကို အရိပ်အရောင်မြင်လိုက်သဖြင့် စိုက်၍ကြည့်ရာတွင် လူယုံတော်အစေခံကြီး ကိုသူတော်ဖြစ်နေသည်ကိုတွေ့ရသဖြင့် အံ့အားသင့်သော အမူအရာကိုပြကာ 'ဟေ့ . . ထမင်းစားချိန်တောင်ရောက်ပြီလား' ဟု မေးလိုက်လေ၏။

ကိုသူတော်သည် ဦးလတ်၏အမေးကို မဖြေသေးဘဲ အခန်းထဲသို့ တောက်လျှောက် ဝင်ရောက်၍လာပြီးနောက် ဦးလတ်၏ရှေ့၌ မားမားရပ်ကာ ဒါဘာပွဲတွင် ဘုရင်ခံဆုတံဆိပ် ချီးမြှင့်သည့်ဟန်မျိုးဖြင့် လက်ထဲတွင်ပါလာသော လေသေနတ်နှင့်စက္ကူသေတ္တာကလေးကို ဦးလတ်အားလှမ်း၍ပေးလိုက်လေ၏။

ဦးလတ်သည် မိမိအား ကလေးသူငယ်မှတ်၍နောက်ပြောင်လေသလောဟု မနှစ်မြို့သောမျက်နှာဖြင့် ကိုသူတော်အား အတန်ကြာစိုက်ကြည့် အကဲခတ်နေလိုက်ပြီးမှ သူလှမ်း၍ပေးသောလေသေနတ်နှင့် စက္ကူသေတ္တာကလေးကို ပြန်၍စိုက်ကြည့်ကာ 'ဒါတွေက ဘာလုပ်ဖို့လဲ' ဟု မေးလိုက်လေ၏။

'လေသေနတ်ပါခင်ဗျာ'

'လေသေနတ်မှန်းတော့ ကျုပ်အမြင်သားပဲ၊ ဘာလုပ်ဖို့ယူလာတာလဲ'

'မမစုက ဒါတွေသွားပေးချေလို့ ခိုင်းလိုက်လို့လာတာပါ၊ သိမ်းထားဖို့နဲ့တူပါတယ်'

'ဒါဘယ်သူ့သေနတ်တုန်း'

'မူလက အပါပိုင်တဲ့ပစ္စည်းပါပဲ'

‘ဘာဖြစ်လို့ ကလေးကစားတာကို အတင်းယူရတာတုန်း’

‘ဘာအကြောင်းကြောင့် ကလေးလက်ထဲက ယူလိုက်တယ်ဆိုတာတော့ဖြင့် မမစုပြောမပြလို့ မသိရပါ၊ ပို့ခိုင်းလိုက်လို့ ယူလာခဲ့ရတာပဲ’

ထိုအခိုက်တွက် ဒေါ်ဒေါ်စုဝင်၍လာလေ၏။ ဦးလတ်သည် မိမိ၏နှမဖြစ်သူကို မြင်လိုက်ရသဖြင့် အကျိုးအကြောင်း ရှင်းလင်းတော့မည်ဟု မျှော်လင့်သည့်မျက်နှာဖြင့် စိုက်၍ကြည့်နေလေ၏။

‘ကိုရင် . . ဟောဒီသေနတ်နဲ့ ဟိုစက္ကူသေတ္တာကလေးထဲက ကျည်ဆန်တွေကို တစ်နေရာရာမှာ သော့ခတ်ပြီး သိမ်းထားစမ်းပါ၊ အပါကို ဒီသေနတ် ဘယ်တော့မှ မကိုင်စေနဲ့တော့’

‘ဘာပြုလို့တုန်း’

‘ဒီသေနတ်ပေးထားရင် စိတ်မချရဘူး၊ အခုဘာလုပ်တယ် မှတ်သလဲ ဒီသေနတ်နဲ့ မောင်စိုးမောင်ကို ပစ်လိုက်တယ်သိသလား’

‘ဩော် . .’ ဟု ဦးလတ်သည် အံ့သြသည့်သဘောဖြင့် ပြောလိုက်သော်လည်း သူ၏မျက်နှာအမူအရာမှာ စိတ်ထဲ၌ကျိတ်၍ အလွန်အမင်းကျေနပ်သွားခြင်းကို မနည်းဖုံးဖိထားရပုံ ပေါ်၍နေလေ၏။

ထို့နောက် တစ်ခဏမျှ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ နေကြပြီးနောက် ဦးလတ်သည် လေသေနတ်ကို ကောက်၍ကိုင်ကြည့်လိုက်လေ၏။ ထိုသို့ သေနတ်ကို ကိုင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဦးလတ်၏မျက်နှာမှာ ထူးထူးခြားခြား ပြောင်းလဲ၍သွားကာ နုပျိုသော စိတ်များ ပေါ်ပေါက်၍လာပြီးလဆင် အခန်းတစ်ဖက်ထောင့်ရှိ ရွှေငါးထည့်သော ဖန်ချိုင့်ကလေးဘက်သို့ ချိန်လျက် ပါးစပ်မှ ‘ဒိုင်း’ ဟု ဆိုလိုက်ပြီး ပြုံးပြုံးကြီးလုပ်၍ နေလိုက်လေ၏။

‘အို . . ကိုရင့်နှယ်၊ သေနတ်ကို ဟိုယမ်းဒီယမ်း လုပ်မနေစမ်းပါနဲ့၊ မတော်လို့ ကျည်ဆန်ထွက်သွားမှဖြင့် . .’

‘စိုးမောင်ကို အပါပစ်လိုက်မှပဲ၊ ကျည်ဆန်ရှိပါဦးတော့မလား’ ဟု ဆို၍ ခလုတ်ကိုလက်ညှိုးနှင့်ဆွဲဖြုတ်၍ ပြလိုက်လေ၏။ ထိုသို့လုပ်ကြည့်လိုက်မိသည်တွင် ဦးလတ်၏စိတ်မှာ ပျော်ရွှင်လာကာ ‘အင်း . . ဒီသေနတ်မျိုး မကိုင်ရတာ အတော်ကြာပြီ၊ ဆယ်နှစ်သားလောက်ကတည်းကပဲ’ ဟု ကိုသူတော်အား လှမ်း၍ပြောလိုက်လေ၏။

ဒေါ်စုမှာ ဦးလတ်နှင့်ကိုသူတော် စကားကြောရှည်ပြီးလျှင် သေနတ်နှင့် သူငယ်ပြန်၍နေကြမည်ကို ရိပ်မိ၍ ‘ဒါပဲ . . ကိုသူတော်၊ ပေးပြီးပြီ မဟုတ်လား၊ သွားတော့’ ဟု ဆိုလိုက်လေ၏။

ကိုသူတော်ထွက်၍သွားပြီး အနည်းငယ်ကြာမှ ဒေါ်စုက ‘ကဲ . . ကိုရင်၊ ကျုပ်အပါကို လွှတ်လိုက်မယ်၊ မှတ်သွားလောက်အောင် ဆုံးဆုံးမမ ပြောလိုက်စမ်း၊ ကျုပ်တော့မပြောချင်ဘူး’ ဟု ဆို၍ ထွက်သွားလေ၏။

အတန်ကြာသောအခါ ‘ဘဘကြီး . .’ အော်၍ခေါ်လျက် ပြုံးပြုံးရယ်ရယ်နှင့် ဝင်၍လာသော အပါကို တွေ့ရပြန်လေ၏။

အပါသည် အနားသို့ရောက်လာပြီးလျှင် မိမိသေနတ်ကိုမြင်ရသဖြင့် ‘ဟင် . . ဒါ ကျွန်တော့်သေနတ်ပါလား’ ဟု ဆိုကာ လှမ်း၍ဆွဲယူလိုက်မည် အပြုတွင် ဦးလတ်က အရင်ဦးစွာယူ၍ ဆုတ်ဖယ်လိုက်လေ၏။

'ဘဘကြီး . . ကျွန်တော့်သေနတ်နဲ့ ဘာလုပ်မလို့လဲ'

'ဘာမှမလုပ်ပါဘူး . . မင်းကိုမေးမလို့၊ မင်း ဒီသေနတ်နဲ့ လူတွေကို လိုက်ပစ်နေတယ်ဆို၊ မင်းဆရာကိုလဲ ပစ်တယ်ဆို၊ ဒီလိုလုပ်နေလို့ ဘယ်ဖြစ်မလဲ၊ မတော်လို့ မျက်စိမှန်ရင် မခက်ပေဘူးလား'

'မျက်စိမမှန်ပါဘူး ဘဘကြီးရဲ့၊ ကျွန်တော်ပစ်တာ ကုပ်ကိုမှန်တာ၊ တစ်ခါတည်းအော်လိုက်တာ မပြောပါနဲ့တော့'

'ဟားဟား . . ဟားဟား' ဟု အသံများထွက်အောင် ဦးလတ်သည် သဘောကျစွာ ရယ်လိုက်မိလေ၏။ ဦးလတ်မှာ အပါအား ဆုံးမဖို့ကိုပင် သတိမရဘဲ မိမိကြည့်၍မရသူ စိုးမောင်အား ထိုသို့ချိုးနှိမ်လိုက်ခြင်းကို သိရသည့်အတွက် အပါအား ပိုမိုနှစ်သက်ကာ အချစ်တိုး၍သွားလေ၏။

'ငါလဲ ငယ်ငယ်က မင်းလိုပေါ့ကွ၊ သေနတ်တစ်လက်နဲ့ဟာ'

'ဘဘကြီး ငယ်ငယ်တုန်းက သေနတ်ပေါ်ပြီလား'

'တို့ အရင်ဦးဆုံး ပေါ်ပေါ်ချင်း ကိုင်ဖူးတာပေါ့ကွ'

'ဒါဖြင့် ဘဘကြီးကော ကျွန်တော့်လို လက်တည့်ရဲ့လား'

'ငါလား၊ ဟိုတုန်းက သိပ်တည့်တာပေါ့ကွ၊ ကြွက်တွေ၊ ကျီးကန်းတွေ၊ နွားတွေ ပစ်လိုက်တိုင်း မှန်တာပဲ၊ အခုတော့ မကိုင်တာကြာလို့ ကျည်ဆန်တောင် ဘယ်လိုထည့်ရမှန်း မသိဘူး'

'ကျွန်တော်ပြမယ်' ဟု ဆိုကာ အပါသည် သေနတ်ကျည်ဆန်ထည့်သွင်း၍ပြပြီးနောက် 'ကဲ . . ကျွန်တော် ဘာကိုမှန်အောင် ပစ်ပြရမလဲ' ဟု မေးလေ၏။

'မှန်းစမ်း၊ ငါပစ်စမ်းမယ်'

'နေပါဘဘကြီးရဲ့၊ ကျွန်တော်ပစ်ပါ့မယ်'

'ပေးပါ၊ ငါအရင်ပစ်စမ်းပါရစေ' ဟု ဆိုကာ ဦးလတ်သည် အပါ့လက်ထဲက သေနတ်ကိုယူပြီးလျှင် အခန်းထောင့်တစ်ဖက်သို့ ချိန်ကာ 'ဟောဟို မှာ မြင်လား' ဟု ပါးစပ်ကပြောပြောဆိုဆို ခလုတ်ကိုဖြုတ်ချလိုက်ရာ ခွမ်းခနဲ မြည်သောအသံဖြင့် ရွှေငါးထည့်ထားသော ဖန်အိုးကွဲ၍ သွားပြီးလျှင် ရေနှင့်ငါးများ ဖိတ်စဉ်၍သွားလေ၏။

အပါသည် ဝမ်းသာအားရစွာ လက်ခုပ်လက်ဝါးတီးလျက် သြဘာပေးလေ၏။ ဦးလတ်လည်း ပြုံးပြုံးကြီး လုပ်ကာ 'ကဲ . . ငါဘယ်လောက်တော် သလဲ၊ သိပ်လက်တည့်တယ် မဟုတ်လား' ဟု ဆိုလိုက်လေ၏။

'အမယ် . . ဘဘကြီးက နီးနီးကလေးမို့ မှန်တာပါ၊ အဝေးကြီးဆိုရင် ဘယ်မှန်မလဲ'

ဦးလတ်မှာ သေနတ်တစ်ချက် ပစ်လိုက်ရသဖြင့် လက်သွေးဆူ၍နေကာ အလွန်ပစ်ချင်၊ ခတ်ချင်ရှိနေဆဲတွင် မြေးဖြစ်သူ၏ မြှောက်ပင့်ပေးခြင်း ကြောင့် 'ကဲ . . ငါအဝေးကြီးပစ်ပြမယ်၊ လာကြည့်လှည့်' ဟု ဆိုကာ ပြတင်းပေါက်ဆီသို့ထသွားရာ အပါလည်းကပ်၍ ပါသွားလေ၏။

ဦးလတ်သည် ပြတင်းပေါက်ကနေ၍ကြည့်ရာ ပစ်စရာခတ်စရာ ကျွဲ၊ နွား၊ ကြက်၊ ငှက် တစ်စုံတစ်ရာ ဘာကိုမျှမမြင်ဘဲ ပန်းခြံထဲတွင် စိုးမောင် တစ်ယောက်တည်း ရပ်၍နေသည်ကို မြင်ရလေ၏။ ဦးလတ်မှာ ပစ်ခတ်ချင်သောစိတ် ပြင်းထန်နေရသည့်အထဲတွင် စိုးမောင်မှတစ်ပါး အခြားပစ်စရာ ဘာမျှမမြင်ရသောကြောင့် 'ကဲ . . ကြည့်နေ၊ ငါဟောဟိုက လူကို ဖင်တည့်တည့် မှန်အောင်ပစ်လိုက်မယ်' ဟု ဆိုကာ ခလုတ်ကို ဖြုတ်ချလိုက်လေ၏။

စိုးမောင်သည် စူးရှစွာအော်ဟစ်ကာ လေထဲသို့လက်မြှောက်လျက် ကျောကော့၍သွားပြီး ခြေတစ်ဖက် မြေပေါ်မှကြွသွားလေ၏။ ထိုသို့မြင်လိုက် ရသည်နှင့် တစ်ပြိုင်နက် နှစ်ယောက်သား အခန်းထဲသို့ ဆုတ်ပြေးကြပြီး ဦးလတ်သည် သေနတ်ကို စားပွဲပေါ်သို့ချထားကာ ဣန္ဒြေမပျက် စာဖတ် နေလိုက်လေ၏။ အပါလည်း လျင်မြန်စွာအခန်းထဲမှ ထွက်ပြေးလေ၏။

ဦးလတ်မှာ ဟန်လုပ်၍ စာဖတ်နေရသော်လည်း စိတ်ထဲ၌ကား များစွာမငြိမ်မသက်ဖြစ်ကာ မိမိ၏နှမသိသွားလျှင် အဆူအပွက်ခံရတော့မှာပဲဟု ရင်တထိတ်ထိတ်နှင့် ရှိနေမိသဖြင့် ကလေးမဟုတ်၊ သူငယ်မဟုတ် မိမိပြုလုပ်လိုက်သည့် အမူအရာမှာ မိမိနှမအဖို့ အလွန်ဆူပူ၍ကောင်းမည့် အကြောင်းတစ်ရပ်ဖြစ်သည်ကို တွေးတောမိလေ၏။

ထိုသို့စိတ်ထဲ၌ စိုးရိမ်ရွံ့ထိတ်ခြင်းပေါ်၍ မဆုံးသေးမီ အခန်းထဲသို့ ဝင်လာသော မိမိနှမကိုမြင်လိုက်ရသည်တွင် တစ်ကိုယ်လုံးကျုံ့၍သွားကာ ခေါင်းမဖော်ရဲအောင်ဖြစ်နေလေ၏။

'ကိုရင် . . ကျုပ်ပြောတဲ့အတိုင်း အပါကို ကောင်းကောင်းကြိမ်းလိုက်သလား'

ဦးလတ်မှာ မိမိအားချက်ချင်း အဆူအပူမခံရသေး၍ စိတ်အနည်းငယ်သက်သာရာရသွားပြီးလျှင် 'ပြောလိုက်တယ်လေ၊ ဟဲ့ . . အပါ၊ မင်း ဒီသေနတ်ကို ဘယ်လိုကျည်ဆန်ထည့်သလဲကွဲ့၊ ငါတော့ မထည့်တတ်ဘူး၊ နို့ပြီး မင်း ဘာဖြစ်လို့ မင်းဆရာကို သေနတ်နဲ့ပစ်ရသလဲလို့ . . ပြောလိုက်တယ်'

'ကိုရင်ပြောတာ . . ဒါပဲလား' ဟု ဒေါ်စုက ခက်ထန်စွာမေးလေ၏။

'ဒါက အစရှိသေးတယ်၊ ဒီလိုပြောပြီး . .' ဟု ဦးလတ်စကားမဆုံးမီပင် အခန်းထဲသို့စိုးမောင်ဝင်၍ လာလေရာ ဦးလတ်မှာ သူ့ကိုမြင်လိုက်ရလျှင် ဝရမ်းနဲ့လိုက်လာသော ပုလိပ်ကိုမြင်ရသည့်တရားခံကဲ့သို့ နောက်တွန့်ကြောက်ရွံ့၍သွားလေ၏။

ဒေါ်ဒေါ်စုသည် ရှုံ့ရှုံ့ရှားရှင်းနှင့်ဝင်၍လာသော စိုးမောင်ကို မြင်ရလျှင် အံ့အားသင့်လျက်ကြည့်နေပြီး အနီးသို့ရောက်လာမှ 'မောင်စိုးမောင် ဘာဖြစ်လို့လဲ' ဟု မေးလိုက်လေ၏။

'ဘာဖြစ်သလဲဆို ဟိုကလေးဟာ သေနတ်နဲ့ ထပ်ပြီး ပစ်ပြန်ပြီ'

'ဘယ့်နှယ်'

'မကြာသေးဘူး၊ အခုတင်ကလေးပဲ၊ ကျွန်တော်ခြံထဲမှာ ရှိနေတုန်းပစ်တယ်'

ဦးလတ်သည် မိမိ၏ရွံ့ကြောက်သောအမူအရာကို မနည်းဖျောက်ကာ ဣန္ဒြေဆည်လိုက်ပြီးလျှင် 'မဟုတ်ပါဘူး၊ မင်းစိတ်ထင်လို့နဲ့ တူပါတယ်' ဟု ကာကွယ်၍ပြောလိုက်လေ၏။

'ဘယ့်နှယ် စိတ်ထင်ရမှာလဲ၊ တင်ပါးကို သေသေချာချာမှန်တာ'

'ဟာ . . ဒါဖြင့် မင်းကိုပျားတုပ်တာပဲ၊ အခုလို ရာသီမှာ ခြံထဲမှာ ပျားအင်မတန်ပေါတယ်၊ ဟုတ်ပါပြီ၊ မင်းတင်ပါး ပျားတုပ်တာပဲ'

ဒေါ်စုမှာ ဝေခွဲ၍မရနိုင်သည့် အမူအရာမျိုးဖြင့် တစ်ယောက်တစ်လှည့်စီကြည့်နေလိုက်ပြီးနောက် 'အပါတော့ ဟုတ်မယ်မထင်ဘူး မောင်စိုးမောင်ရဲ့၊ အခု မောင်စိုးမောင်ကို သေနတ်မှန်တယ်ဆိုတဲ့အချိန်မှာ အပါသေနတ်ကို ဒေါ်ဒေါ်ယူပြီး သိမ်းထားနှင့်ပြီးသား ဖြစ်နေတယ်' ဟု ဆိုလေ၏။

'ဟုတ်တယ်၊ ဒီမှာကြည့်ပါလား' ဟု ဦးလတ်ကလည်း ဝင်၍ ထောက်ခံလေ၏။

'ကိုရင် ဒီအခန်းထဲက ဘယ်မှမထွက်သေးဘူးဟုတ်လား'

'မထွက်ပေါင်၊ ရှိနေတာကြာလှပြီ'

'ဒါဖြင့် အပါမဟုတ်ပါဘူး . . မောင်စိုးမောင်၊ အပါပစ်ရင် မင်းဦးလေးမြင်မှာပေါ့'

'ဒါကြောင့်ပြောတာပေါ့ ပျားတုပ်ခံရတာပါလို့၊ အမှန်တော့ ပျားက တုပ်ချင်လို့ ဟုတ်မယ်မထင်ဘူး၊ မင်းဖင် ပျားစွဲချင်လို့နဲ့တူတာပဲ'

စိုးမောင်မှာ အခံရခက်သကဲ့သို့ ဒေါသနှင့် တစ်ကိုယ်လုံးတောင့်၍နေလေ၏။

'အပါတော့မဟုတ်ဘူးကွဲ့ မောင်စိုးမောင်ရဲ့၊ သေနတ် ဒီအခန်းထဲမှာ ရှိနေတာပဲ' ဟု ပြောရာက ဒေါ်ဒေါ်စုသည် တစ်စုံတစ်ရာကိုတွေးမိကာ တင်းမာသောအသံဖြင့် 'ကိုရင်' ဟု ခေါ်လိုက်လေ၏။

'ဘာတုန်း'

ဒေါ်စုသည် ရုတ်တရက် ဘာမျှမပြောသေးဘဲ 'မောင်စိုးမောင်၊ ဒေါ်ဒေါ် မင်းဦးလေးနဲ့ တိုးတိုးပြောစရာရှိနေတယ်' ဟု ပြောလိုက်သဖြင့် စိုးမောင် လည်း အပြင်သို့ ထွက်သွားရလေ၏။

'ကိုရင်၊ မောင်စိုးမောင်ကို လေသေနတ်နဲ့ ပစ်တယ်ပေါ့လေ'

ဦးလတ်မှာ ထိုစကားကြားရမည်ကို မျှော်လင့်ပြီးသားဖြစ်နေသည့်အားလျော်စွာ အဖြေကိုစဉ်းစားထားပြီးသား ဖြစ်သည့်အတိုင်း အံ့ဩသော မျက်နှာထားကိုဖန်ဆင်းလိုက်ပြီးလျှင် 'ဘာ . . ငါ . . ဟုတ်လား၊ ငါက စိုးမောင်ကို ပစ်တယ် . . ဟုတ်လား၊ ငါက ဘာလုပ်ဖို့ပစ်ရမှာလဲ' ဟု ဆိုလိုက်လေ၏။

'ဘာကြောင့်ပစ်တယ်ဆိုတဲ့အကြောင်းရင်းကို နောက်မှဖော်မယ်၊ အခုမေးတာ အရင်ပြောစမ်းပါ၊ ကိုရင်ပစ်တယ် မဟုတ်လား'

'ကျားသားမိုးကြိုး . . ၊ မဟုတ်ရပါကလား အမိရယ်'

'ဒီအခန်းထဲမှာ သေနတ်လဲရှိတယ်၊ မောင်စိုးမောင်ကို သေနတ်မှန်တဲ့အချိန်မှာ ကိုရင် ဒီအခန်းထဲမှာရှိတယ်၊ နောက်ပြီး ဒီသေနတ်ကို ဘယ်လို ကျည်ဆန်ထည့်ရတယ်ဆိုတာ ကိုရင်သိတယ်၊ ဒါကြောင့် ကိုရင်ပဲပစ်မှာပဲ'

'သူ့ကိုအပစ်ခံရတာ ဒီသေနတ်နဲ့ပဲလို့ ဘယ့်နယ်လုပ်ပြောနိုင်သလဲ၊ ကမ္ဘာပေါ်မှာ ဒီသေနတ်တစ်ခုတည်းပဲ ရှိသလား၊ တခြားကလေးတွေကော သေနတ်မကိုင်နိုင်ဘူးလား၊ တော်ကွာ . . တော်တော်၊ မင်းတို့တစ်တွေ တစ်ဆိတ်ရှိ ငါ့ကိုပဲ လာလာပြီး အနှောင့်အယှက်ပေးနေကြတယ်၊ ဘယ်အခါမှ အေးအေးလူလူမနေရဘူး၊ တော်ပါတော့၊ ငါ့ဘာသာငါ ပန်းခြံထဲဆင်းနေတော့မယ်' ဟု ဦးလတ်သည် အရဲစွန့်၍ လေသံခပ်မာမာဖြင့် ပြောကာ ရန်ရှောင်၍ ထွက်ပြေးလေရာ ဒေါ်စုမှာ ငေး၍ကျန်ရစ်လေ၏။

ဒေါ်စု၏စိတ်ထဲတွင် သေနတ်ပစ်မှုကြီးမှာ ကြီးကျယ်သော လူသတ်မှုကြီးတစ်ခုထက်ပင် ရှုပ်ထွေးနေကာ မောင်စံရှားကဲ့သို့ ပါးနပ်သောစုံထောက် ဌာရမ်း ထောက်လှမ်းနိုင်းရတော့မလောက် ဖြစ်၍နေလေ၏။ သက်သေခံ အထောက်အထားဟူ၍ မျက်မြင်သက်သေမရှိသော်လည်း အခန်းထဲ၌သေနတ်နှင့် ဦးလတ်တို့ရှိနေခြင်းမှာ အတော်ပင် ခိုင်လုံသော သက်သေဖြစ်နေသည်ကို ဒေါ်စု၏ စိတ်တွင် ယုံကြည်စိတ်ချမိလေ၏။ သို့ရာတွင် ထိုကိစ္စနှင့် အစွပ်စွဲခံရသူ ဦးလတ်က 'ဘူး' ခံ၍နေသည့်အတွက် ဒေါ်စုမှာ အခြားသက်သေခံ မရှိ၍ အခံရကျပ်ကာ အခန်းထဲမှထွက်ခဲ့ရလေ၏။

ဒေါ်စုသည် အခန်းထဲမှ ထွက်၍လာပြီးမှ အခန်းထဲတွင် လေသေနတ်နှင့်ကျည်ဆန်များ ထိန်းသိမ်းသူမရှိဘဲ ကျန်ရစ်နေသည်ကို သတိရ၍ အပါ၏ လက်ထဲကိုပြန်၍ရောက်သွားမည်ကို စိုးရိမ်သောကြောင့် 'လျှို့ဝှက်သော သေနတ်ပစ်မှုကြီး' ၏ သက်သေခံပစ္စည်းဖြစ်သည့် အဆိုပါသေနတ်နှင့် ကျည်ဆန်များကို ပြန်၍သိမ်းယူသွားလေ၏။

ဦးလတ်သည် ပန်းခြံထဲသို့ ထွက်သွားလိုသော စိတ်မရှိဘဲ ဒေါ်စု၏နားပူနားဆာ သက်သာစေရန်အတွက် အခန်းထဲမှရှောင်လွှဲ၍ ထွက်လာခြင်းဖြစ်လေရာ အခန်းထဲမှ ဒေါ်စုထွက်သွားသည်ကို မြင်ရသည့်အခါမှ မိမိ၏အခန်းထဲသို့ပြန်ဝင်၍နေပြီး ယခင်စာအုပ်ကို ကောက်၍ ကိုင်နေလေ၏။

ဦးလတ်သည် ယခုမှ စိတ်အေးချမ်းသာရှိသွားကာ ယခင်က ဖတ်လက်စဖြစ်သောစာအုပ်ကို ဆက်လက် ဖတ်နေလေ၏။ ထိုသို့စာဖတ်ရှုနေသည့် အခါကျမှ ဦးလတ်မှာ စာအုပ်ထဲတွင် စိတ်ဝင်စား၍နေခြင်းအားဖြင့် စောစောကဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို လုံးဝမေ့လျော့၍ သွားလေ၏။

ထိုသို့တစ်အိမ်လုံး ငြိမ်သက်အေးချမ်းစွာ ရှိသွားပြီးမှ များစွာမကြာမီမှာပင် 'ထိုင်း . .' ခနဲမြည်သံ ပေါ်ထွက်လာပြန်လေရာ ဦးလတ်မှာ လက်ထဲ က စာအုပ် လွတ်ကျ၍သွားသည့်တိုင်အောင် လန့်ဖျပ်၍သွားပြီးလျှင် ဤအကြိမ်တွင် မည်သူ့အားထိလေသနည်းဟု သိလိုသောဇောဖြင့် ပြတင်းပေါက်သို့ထွက်၍ ကြည့်လိုက်သော်လည်း ခြံထဲတွင် မည်သူ့မျှ မတွေ့မြင်ရသောကြောင့် မိမိကြာကြာရပ်နေလျှင် အချောင်သက်သက် တရားခံအဖြစ် စွပ်စွဲခံနေရမည်ကို စိုးရိမ်ကာ လျင်မြန်စွာ အခန်းထဲသို့ဝင်ပြေးပြီး စာအုပ်ကို ကောက်၍ကိုင်ကာ ဟန်မပျက်စာဖတ်၍ နေလိုက်လေ၏။

တစ်ခဏမျှအကြာတွင် 'ထိုင်း . .' ခနဲ မြည်သံပေါ်လာပြန်လေ၏။ ဦးလတ်၏လက်တွင်းရှိ စာအုပ်သည် ဒိုင်ဗင်ထိုးစရှိလျှင် ထိုးချင်ချင်ဖြစ်နေသည့်အလား ကြမ်းပေါ်သို့ ခုန်ချလိုက်ပြန်လေ၏။ ဦးလတ်မှာ တထိတ်ထိတ်တလန့်လန့်ရှိနေကာ မိမိ၏ အိမ်အတွင်းသို့ ဘုရင်ခံ၏အမိန့်နှင့် စစ်ပုလိပ်တပ်ဝင်ရောက် ပစ်ခတ်နေလေပြီလောဟု အောက်မေ့မိလေ၏။

မကြာမီအခန်းထဲသို့ တစ်စုံတစ်ယောက်သောသူ ဝင်၍လာလေရာ မိမိအပေါ်တွင် စွပ်စွဲရန် မိမိနမဝင်ရောက်၍ လာလေသလားဟု စိုးရိမ်လန့်ဖျပ်သွားမိပြီးမှ ဝင်လာသူမှာ ကိုသူတော်ဖြစ်နေသည်ကို တွေ့ရ၍ အနည်းငယ် စိတ်သက်သာရာရလေတော့၏။

ကိုသူတော်သည် လေသေနတ်နှင့် ကျည်ဆန်ထည့်ထားသော စက္ကူထုပ်ကလေးကို ရှေးနည်းအတိုင်း ယူ၍ လာပြန်ကာ ဦးလတ်အား ဘာမျှမပြောဘဲ လှမ်း၍ပေးလိုက်လေ၏။ ကိုသူတော်၏မျက်နှာမှာလည်း အတော်ပင်

မသာမယာဖြစ်နေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ ဦးလတ်မှာ စကားမပြောနိုင်ဘဲ ကြက်သေသေလျက် ကိုသူတော်၏မျက်နှာကိုသာ စိုက်၍ကြည့်နေမိလေရာ အတွေးဖြင့် စိတ်ကူးလွန်လျက်ရှိခြင်းကြောင့် ကိုသူတော်၏ ပါးစပ်က လှုပ်၍နေသော်လည်း ဘာပြောလိုက်သည်ကို နားထဲသို့ မဝင်သောကြောင့် 'ကိုသူတော်၊ ကျုပ်ကို စကားပြောနေလား' ဟု မေးလိုက်လေ၏။

'ဟုတ်ကဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါတော့၊ အလုပ်ကထွက်တော့မယ်'

'ဘာ' ဟု ဦးလတ်သည် အံ့အားသင့်စွာ မေးလိုက်လေ၏။

'ကျွန်တော် နက်ဖြန်ကစပြီး အလုပ်မလုပ်တော့ဘူး'

'ဘာပြုလို့လဲ . . ကျုပ်တို့ပေးတဲ့လခကို မကျေနပ်လို့လား၊ ဘယ်သူဆူလို့လဲ'

'ဘယ်သူမှလဲ မနိုပ်စက်ပါဘူး၊ လခလဲကျေနပ်ပါတယ်၊ အမှန်တော့ ဒီမှာ အလုပ် လုပ်ပြီးနေလာတာ ဆယ်နှစ်ကျော်ပြီ၊ အခုလောက်ကြာမှ ခွဲရမယ်ဆိုတာ တကယ့်ကို ဝမ်းနည်းပါတယ်၊ ဒါပေမယ့် ပြောမပြနိုင်တဲ့၊ မဖြစ်နိုင်တော့တဲ့ အကြောင်းတစ်ခုရှိနေလို့ပါ'

ဦးလတ်မှာ ဦးနှောက်ပျက်၍ သွားတော့မည်ကဲ့သို့ ရှိသွားကာ ခေါင်းကို လက်နှစ်ဖက်နှင့်အုပ်ကာ ကုလားထိုင် လက်ရန်းတွင် တံတောင် ထောက်၍နေလိုက်ရင်း 'အင်း . . အင်း . .' ဟူ၍သာ ဆိုလိုက်နိုင်လေတော့၏။ ကိုသူတော်လည်း ဦးလတ်၏ သဘောတူညီချက်ကိုရ၍ ထွက်သွားလေ၏။ ဦးလတ်မှာကား ကိုသူတော်မရှိသည့်နေ့မှစ၍ ဝက်သားအိအိကလေးချက်ကျွေးမည့်သူ မရှိတော့ပြီဟုတွေး၍ စိတ်မကောင်း ဖြစ်မိလေ၏။

ဦးလတ်သည် ခေါင်းငုံ့လျက် ငိုင်မှိုင်နေသည့်အတွက် ကိုသူတော်ထွက်သွားသည်ကို မသိလိုက်မိဘဲ 'ကိုရင်' ဟု ခေါ်လိုက်သည့်အသံကို ကြားရမှ မိမိနှမဒေါ်စုရောက်နေသည်ကို သိရကာ တစ်ကိုယ်လုံး တုန်ယင်လျက် ခေါင်းထောင်ပြီး ကြည့်မိလေ၏။

ဦးလတ်မှာ ဖုံးပေါက်ကွဲတော့မည်ဟု စိုးရိမ်ထိတ်လန့်သည့် မျက်နှာဖြင့် ဒေါ်စုကားကြည့်လိုက်ရာ သူ၏မျက်နှာ၌ ခက်ထန်ခြင်းမရှိသည်ကို တွေ့ရ၍ အံ့သြမိလေ၏။

'ကိုရင် . . ခုနက ကိုသူတော် ဘာလာပြီးပြောသလဲ'

'အလုပ်ထွက်တော့မယ်တဲ့'

'ဘာ'

'နက်ဖြန်ကစပြီး အလုပ်မလုပ်တော့ဘူးတဲ့'

ဒေါ်စု၏မျက်နှာတွင် အတော်ပင်စိုးရိမ်သည့် အမူအရာပေါ်ထွက်လျက်ရှိကာ 'ကိုရင် သူ့ကို ဘာများလုပ်လိုက် လို့လဲ' ဟု မေးလေ၏။

'ဟင် . . ဘာမှမလုပ်ရပါကလား . . မင်းကော'

ဒေါ်စုသည် အပြောရခက်သကဲ့သို့ တွေဝေ၍နေလိုက်ပြီးမှ 'ကျုပ် သူ့ကို သေနတ်နဲ့ ပစ်လိုက်မိတယ်' ဟု လေသံပျော့ပျော့နှင့်ဖြေလေ၏။

'လေသေနတ်နဲ့ပစ်မိတယ်'

'သေနတ်နဲ့ပစ်တယ် . . ဟုတ်လား'

'ဩော် . . ပစ်ပါတယ်ဆို ထပ်ထပ်မေးနေပြန်ပြီလား'

'ဘာပြုလို့ပစ်ရတာတုန်း'

'မပြောတတ်ဘူး၊ ကိုရင် ဒီအခန်းထဲက ထွက်သွားပြီးတဲ့နောက် သေနတ်နဲ့ကျည်ဆန် ကျန်ရစ်ခဲ့တာ စိတ်မချလို့ ကိုသူတော်ရဲ့ လက်ထဲမှ အပ်ထားရအောင် ယူအသွားမှာ သေနတ်ကို ကိုင်မိရင်ပဲ ပစ်ချင်၊ ခတ်ချင်တဲ့စိတ် ပေါ်ပေါက်လာပြီး ရင်ဆိုင် ခြောက်ပေအကွာလောက်ကနေပြီး ကိုသူတော့် ဗိုက်ကိုပစ်လိုက်မိတာပဲ'

ဦးလတ်မှာ စောစောကကြားလိုက်ရသော သေနတ်သံနှစ်ချက်အနက် ပထမအချက်၏တရားခံနှင့် ဓားစာခံဖြစ်သူ တို့ကိုတွေ့ရပြီဖြစ်၍ ဒုတိယအချက်၏ တရားလိုတရားခံတို့ကိုသာ သိဖို့ရန်ကျန်လေ၏။ သို့ရာတွင် ဒုတိယအမှုကို သိဖို့ရန်အရေးထက် ပထမအမှုကို အစုံအလင်သိဖို့ရန် ဦးစွာ အရေးကြီးသည့်အလျောက် 'နို့ . . မင်းသူ့ကိုပစ်လိုက်တော့ သူကဘာမှ မပြောဘူးလား' ဟု မေးလိုက်လေ၏။

'ဘယ်သူကလဲ'

'ကိုသူတော်က'

'ဟင့်အင်း . . ဘာမှမပြောဘူး၊ ကျုပ်လဲ ပစ်ပြီးတဲ့နောက် သူ့လက်ထဲကိုပဲ သေနတ်အပ်လိုက်တာပဲဟု ပြောပြီးသည့်နောက် 'ဒီသေနတ် တစ်ခုအတွက် အတော်ခက်နေတာပဲ၊ ကိုင်မိတဲ့သူတိုင်း ပစ်ချင်ခတ်ချင် ဖြစ်နေတာပဲ၊ ဒါထက် ကိုသူတော်ကို အလုပ်က မထွက်ရအောင် လုပ်ဖို့ အရေးကြီးတယ်၊ သူထွက်တာ သူ့ကို အပစ်ခံရလို့ဖြစ်တာပဲ၊ ဒီတော့ သူအလုပ်ထွက်သွားလို့ လူတိုင်းက သူ့ကိုဘာပြုလို့ထွက်သလဲမေးရင် ဒီလို ကျုပ်ကပစ်တယ်လို့ လျှောက်ပြောနေမှာဖြင့် ကျုပ်တို့တစ်မျိုးလုံး နာမည်ပျက်ရတော့မှာပဲ။ ဒါကြောင့် သူ့ကိုမထွက်ရအောင် ချော့မော့ပြီး လခတိုးပေးမှ ဖြစ်မှာပဲ' ဟု ပြောပြရာ ဦးလတ်သည် 'အင်း . .' ဟု ရှည်လျားစွာညည်းညူရင်း ခေါင်းတညိတ်ညိတ်နှင့် လုပ်နေလေတော့၏။

ထိုသို့ ပြောနေကြစဉ်အတွင်း မြခင်သည် ကမန်းကတန်း အခန်းထဲသို့ ဝင်ရောက်လာပြီးနောက် ဟိုကြည့်ဒီကြည့်နှင့် ပြူးကြောင်ကြောင်ကြည့်၍ နေပြီးလျှင် 'ဒေါ်ဒေါ် . . ကိုစိုးမောင်လိုက်ရှာနေတယ်' ဟု ပြောလေ၏။

'ဒီကိုလွှတ်လိုက်၊ ဒီမှာ ရှိတယ်လို့ပြော'

မြခင်သည် ထွက်သွားမည်အပြုမှာပင် စိုးမောင်အား လိုက်၍ခေါ်မနေရဘဲ အခန်းထဲသို့ ဝင်ရောက်လာလေ၏။ ဦးလတ်မှာ စိုးမောင်အား သေနတ်နှင့် ပစ်မိကတည်းက စိုးမောင်ကိုမြင်ရတိုင်း အလိုလိုရွံ့ထိတ်၍နေလေရာ ယခုစိုးမောင်ဝင်လာသည်ကို မြင်ရသည်တွင် ကုလားထိုင်ပေါ် တွင် ရှိနေသောဖင်မှာ ကြမ်းပိုးအထိုးခံရသကဲ့သို့ ရိုးတိုးရွတ ဖြစ်၍သွားလေတော့၏။

'ဒေါ်ဒေါ် . .'

'ဘာဖြစ်ပြန်သလဲ မောင်စိုးမောင်'

'ကျွန်တော် အပါကို အိမ်မှာစာသင်ပေးဖို့ လက်ခံတဲ့အလုပ်ကို လက်မခံတော့ဘူး'

'ဟင် . . ဘာဖြစ်လို့'

'ဒီမှာ ကြာကြာနေရင် တစ်နေ့နေ့ မျက်စိကန်းလိမ့်မယ်၊ ဒီကနေ့ တစ်နေ့လုံး သေနတ်နဲ့ အပစ်ခံရတာ သုံးကြိမ်ရှိပြီ' ဟု ပြောလိုက်ရာ ဒေါ်စုနှင့် ဦးလတ်တို့မှာ အံ့အားသင့်လျက် 'ဟင်' ဟု ဆိုမိကြလေ၏။ ဦးလတ်မူကား မိမိတစ်ကြိမ်၊ အပါတစ်ကြိမ် အားလုံးနှစ်ကြိမ်သာပစ်သည်ကိုသာ ရေတွက်၍ရသောကြောင့် စိုးမောင်စကားကို မယုံသလိုလိုရှိမိလေ၏။

'ဘယ်သူပစ်လို့လဲ' ဟု ဒေါ်စုက မေးလိုက်သဖြင့် . .

'ကိုသူတော်ရယ်' ဟု စိုးမောင်က ဖြေလိုက်ရာ . .

'ဟိုက်' ဟူ၍ မောင်နှမနှစ်ယောက် တစ်ပြိုင်တည်း ဆိုလိုက်မိကြလေ၏။

'ကျွန်တော့်ကို ဒီမှာ ဆရာအလုပ်ပေးမယ်ဆိုပြီး ခေါ်လို့လာခဲ့တာ၊ အခုတော့ တစ်အိမ်လုံးလက်တည့်စမ်းဖို့ စက်ကွင်းအဖြစ် အသုံးတော်ခံရအောင် ရောက်နေတာနဲ့ ဘာမှမခြားအောင် ဖြစ်နေပြီ၊ ပထမဦးဆုံး အပါကပစ်တယ်၊ ဒုတိယအကြိမ် . .' ဟု ဆိုကာ စိုးမောင်သည် ဒေါ်စုအားမေးသကဲ့သို့ လှမ်းကြည့်လိုက်ရာ ဒေါ်စုက 'တော်မဟုတ်လား' ဟု မေးသကဲ့သို့ ဦးလတ်အား တစ်ဆင့်ကြည့်လိုက်ရာ ဦးလတ်သည် နှစ်ယောက်စလုံးကိုကြည့်၍ ခေါင်းခါပြပြီး 'ဟော့ . . ငါမပါဘူးနော်' ဟု ဆိုလိုက်လေ၏။ မြခင်မှာမူ မိမိဖခင်ကိုကြည့်ပြီး ကျိတ်၍ရယ်သည်ကို တွေ့ရလေသည်။

'ဒုတိယ သေနတ်ပစ်မှုမှာ လက်သည်မပေါ်သေးဘူး၊ တတိယပစ်မှုမှာ ကိုသူတော်' ဟု စိုးမောင်က အစီရင်ခံလေ၏။

ဦးလတ်သည် ယခုမှစဉ်းစားမိဟန်ဖြင့် 'သြော် . . စောစောက သေနတ်နှစ်ချက် ကြားလိုက်တာ တစ်ချက်က ဒါပဲကိုး' ဟု ဆိုလေ၏။

'အဲဒီတော့ ကြာကြာနေရင် သေမလား၊ ကန်းမလား တစ်ခုခုပဲ၊ ဒါကြောင့် ကျွန်တော်ဆရာအလုပ်ကို ပြန်အပ်ခဲ့ပါတယ်' ဟု ဆို၍ထွက်သွားလေရာ ဒေါ်စုက 'မောင်စိုးမောင် နေပါဦး' ဟု တားရင်း နောက်က လိုက်သွားလေ၏။

ဦးလတ်မူကား မိမိမကြည့်ရှုလိုသူတစ်ယောက်ကို မမြင်ရတော့ပြီဟု ဝမ်းသာခြင်းဖြင့် ကျိတ်ပြုံးပြုံး၍ နေလိုက်ရာက မိမိစိတ်ကို မချုပ်တည်းနိုင်ဘဲ တဟားဟားအသံထွက်မိလေရာ 'ဖေဖေ . .' ဟု ခေါ်သံကိုကြားမှ အခန်းထဲတွင် မိမိတစ်ယောက်တည်းသာမဟုတ်၊ မြခင်ရှိနေသေးသည်ကို သတိရကာ မနည်းဣန္ဒြေဆည်လျက် 'ဘာတုန်း သမီး' ဟု မေးလိုက်လေ၏။

'ဖေဖေဟာ အမဲလိုက်ကောင်းတဲ့ မုဆိုးကြီးတစ်ယောက်ဖြစ်နိုင်တယ်ဆိုတာ ကျွန်မ အစကမထင်မိဘူး'

'ဘာ . .'

‘ကျွန်မ မမြင်ဘူးမှတ်လို့လား’

‘ဘယ့်နှယ် . . ဘာပြောတယ်’

‘အမယ် . . ဖေဖေ မသိချင်ယောင်ဆောင် မနေစမ်းပါနဲ့၊ ဖေဖေ ပြတင်းပေါက်ကနေပြီး ကိုစိုးမောင်ကို သေနတ်နဲ့ ပစ်လိုက်တာ ကျွန်မ မမြင်ဘူး မှတ်သလား၊ မျက်မြင်သက်သေ ကျွန်မ တစ်ယောက်လုံးရှိတယ်’

ဦးလတ်မှာ မိမိ၏ရာဇဝတ်မှုကြီး ပေါ်တော့မည်ကို စိုးရိမ်ကာ မျက်လုံးပြူး၍သွားကာ နှလုံးသွေးများ ခုန်၍နေလေတော့၏။

‘ကျွန်မ အစအဆုံးမြင်နေရတယ်၊ ဒီအကြောင်းကို ဖေဖေ့ပြောမလို့ဟာ ဖေဖေ့အခန်းထဲ လူလစ်တာ မတွေ့ရဘဲ တစ်ယောက်ပြီးတစ်ယောက် ဝင်နေကြတာမြင်လို့ အသာကြည့်နေတာ၊ တကယ်လို့ ဒီအကြောင်း ဒေါ်ဒေါ်သိသွားရင်’

သမီး . . သမီး၊ မင်း ဒေါ်ဒေါ်ကို ဒီဟာကိုတော့ဖြင့် မပြောလိုက်ပါနဲ့’

‘ဘာပြုလို့မပြောရမှာလဲ . . ပြောမယ်၊ ကိုစိုးမောင်ကိုလဲ ပြောပြမယ်’

‘အမယ်လေး . . တောင်းပန်ပါရစေ သမီးရယ်၊ မပြောပါနဲ့၊ မင်း အဒေါ်သိရင် ငါ့အသက် ဖက်နဲ့ထုပ်ထားတောင် မချမ်းသာဘူး၊ စိုးမောင် သိသွားရင်လဲ မကောင်းတာဘဲ’

‘ဖေဖေတော့ ပြောမှဖြစ်မယ်၊ အဆူခံရမှကောင်းတယ်’

‘ဘာပြုလို့လဲ’

‘ကျွန်မတောင်းတဲ့ မော်တော်ကားကလေးကိုမှ ဝယ်မပေးဘဲ’

‘အမယ်လေး . . ပေးပါ့မယ်သမီးရယ်၊ ပေးပါ့မယ်၊ သွားသွား . . ဒီနေ့သွား၊ သမီးကြိုက်တဲ့ကားတစ်စင်း သွားပြီး ရွေးယူခဲ့ပေတော့’

‘ကဲ . . ဒါဖြင့်ရင် ဖေဖေစာရေးပေးလိုက်’ ဟုဆိုကာ မြခင်သည် ဦးလတ်၏စာရေးစားပွဲပေါ်မှ စက္ကူနှင့်ဖောင်တိန်ကိုယူလာပြီးလျှင် မိမိပါးစပ်က စာစီပေးသည့်အတိုင်း ဦးလတ်အား အရေးခိုင်းလေ၏။ ဦးလတ်မှာ မြခင်၏ အနိုင်မိ၍နေသည့်အလျောက် မြခင်ပြောသည့်အတိုင်း ရေးပေးလိုက်ရလေရာ မြခင်သည် စာရွက်ကလေးကိုယူလျက် ဝမ်းသာအားရစွာ ထွက်သွားလေ၏။

ဦးလတ်မှာ စိတ်အပျက်ကြီးပျက်ကာ ကျန်ရစ်ခဲ့ပြီး ထိုင်ရာမှထ၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေစဉ် မိမိလျှောက်သည့်ဖက် မျက်နှာချင်းဆိုင်ရှိ ပြတင်းပေါက်မှ ခေါင်းတစ်ခု တဖြည်းဖြည်း ပေါ်ထွက်လာသည်ကို တွေ့ရကာ သရဲတစ္ဆေကိုမြင်လိုက်ရသကဲ့သို့ ကြက်သေသေပြီး ရပ်ကြည့်နေမိလေတော့၏။

ခေါင်းထောင်၍ထွက်လာသူမှာ စိုးမောင်ဖြစ်လေရာ ဦးလတ်မှာ မိမိနှင့် မြခင်ပြောသောစကားများကို စိုးမောင် ကြား၍သွားလေပြီဟု စိုးရိမ်ထူပူ၍သွားကာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နှင့် ဖြစ်နေလေ၏။

စိုးမောင်မှာ ထိုအိမ်ကြီးမှ ရုတ်တရက်ထွက်၍မသွားသေးဘဲ စိတ်ပျက်လက်ပျက်ဖြင့် ထိုပြတင်းပေါက်အနီး၌ ရှိသောပန်းခြံဘက်ရှိ တန်းလျားပေါ်တွင်ထိုင်၍ စိတ်ကူးထုတ်နေစဉ် မြခင်နှင့် ဦးလတ်တို့ပြောသည့် စကားများကို ကြားရသောကြောင့် ခေါင်းထောင်၍ ထလာခြင်းဖြစ်ပေတော့၏။

'လျှို့ဝှက်သော သေနတ်ပစ်မှုကြီး' တွင် လည်သည်ပေါ်ပေါက်ခဲ့လေပြီဖြစ်ရာ တရားခံဖြစ်သူနှင့် တရားလိုတို့ မျက်နှာချင်းဆိုင်တွေ့ဆုံကြရာတွင် သူတို့၏ ပြောဆိုသည့်စကားများမှာ အလွန်မှတ်သားစိတ်ဝင်စားဖွယ် ကောင်းလိမ့်မည်ဟု လူတိုင်းထင်မြင်ဖွယ်ရာရှိသော်လည်း စိုးမောင်နှင့် ဦးလတ်တို့မှာ ရုတ်တရက် စကားတစ်ခွန်းတစ်ပါဒမှ မပြောနိုင်ကြဘဲ ဦးလတ်၏ပါးစပ်မှ ထွက်သည့်အသံမှာ 'အဟမ်း' ဟု ချွဲရှင်းသံဖြစ်၍ စိုးမောင်ပါးစပ်မှထွက်သည့် အသံမှာ 'အဟင်း' ဟု ဒေါသဖိနှိပ်သံသာဖြစ်လေ၏။

ဦးလတ်မှာ ဤနေရာတွင် တစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်သတ်ပုတ်လက်ဝှေ့ထိုးခြင်းထက် အကြမ်းမှုကို အနုနှင့်အောင်ဖို့ရန် ပရိယာယ်သုံးဖို့လိုလေပြီဟု နှလုံးပြုကာ 'ဩော် . . မောင်စိုးမောင်ပါကလား' ဟု ချိုသာ ချော့မော့သောလေသံဖြင့် ခေါ်လိုက်လေ၏။

စိုးမောင်သည် ဘာမျှမပြောသေးဘဲ စိုက်ကြည့်နေလေ၏။

'မာရဲ့နော်'

'ဟုတ်ကဲ့၊ လေသေနတ်လောက်နဲ့တော့ တော်ရုံနဲ့ မသေနိုင်သေးပါဘူး'

'အင်း . . လာပါဦး မောင်စိုးမောင်၊ အထဲကို အဲဒီကပဲ ကျော်ပြီး တက်ခဲ့ပါ'

တစ်ခဏမျှကြာလျှင် စိုးမောင်သည် အခန်းထဲသို့ရောက်၍ လာလေ၏။

'ထိုင်ပါဦးကွယ်၊ တစ်နေ့ခင်းလုံးမင်းနဲ့ စကားကောင်းကောင်းမပြောရသေးဘူး၊ အင်း . . ဒါထက် ဦးနဲ့သမီးမြခင်နဲ့ ပြောနေကြတာ မောင်စိုးမောင်ကြားမိတယ်ထင်တယ်'

'ဟုတ်ကဲ့'

'ဒီလိုကြားလိုက်ရတော့ ဒုတိယအကြိမ် မောင်စိုးမောင် သေနတ်ပစ်ခံရတာ ဦးပစ်တာပဲလို့ မထင်မိဘူးလား'

'ထင်နေဖို့ မလိုဘူး၊ တစ်ခါတည်းသိတာပေါ့'

'သိတယ်ဆိုရင် မောင်စိုးမောင်မှားလိမ့်မယ်၊ အကြောင်းကတော့ မြခင်အထင်မှားလို့ပဲ၊ တစ်နည်းအားဖြင့် သူလိုချင်တာရှိလို့ တမင်လီဆယ်ပြီးပြောတာလဲဖြစ်ရမယ်၊ အခုကာလမိန်းကလေးတွေဟာ အခုလိုပဲ မဟုတ်မဟတ် အင်မတန်ပြောတတ်တယ်ကွဲ့၊ အမှန်ကတော့ ဦး ပြတင်းပေါက်မှာ ရပ်နေစဉ် လက်ထဲမှာ သေနတ်ရှိတာကတော့ အမှန်ပဲ၊ သေနတ်ထဲမှာ ကျည်ဆန်ရှိတာလဲမသိဘူး၊ ခလုတ်ကို လက်ညှိုးနဲ့ချိတ်ထားမိတာလဲ သတိမရဘူးကွဲ့၊ ဒါထက် တစ်ခါတစ်ခါ သတင်းစာထဲမှာ ပါတယ်မဟုတ်လား၊ မတော်တဆ သေနတ်ကျည်ဆန် ထွက်သွားတယ်ဆိုတဲ့သတင်းလေ'

'ဒါဖြင့် ဦးက မတော်တဆဖြစ်တယ်လို့ ဆိုချင်တာပေါ့ဟုတ်လား၊ မတော်တဆမို့ ဖင်တည့်တည့်မှန်တာပဲ၊ တကယ်ဆိုရင် မျက်လုံးမှန်မလား၊ လည်စလုတ်ထိမလား မသိဘူး'

'တကယ်ပါကွယ်၊ မတော်လို့ဖြစ်တာပါ'

'သြော် . .' ဟု စိုးမောင်းက သရော်သလိုလို လုပ်လိုက်လေ၏။

'ပြီးတာ ပြီးပါစေတော့ကွယ်၊ ဘယ်လိုမှလဲ မအောက်မေ့ပါနဲ့၊ ဒီအကြောင်းကိုလဲ ဘယ်လိုဟာနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ဘယ်သူ့မှ မပြောပါနဲ့၊ မင်းကိုတောင်းပန်ပါရစေ'

'ဟုတ်ကဲ့၊ ဦးလုပ်ချင်သလို လုပ်သမျှ ငြိမ်ခံနေရမှာပဲလား'

ဦးလတ်သည် မျက်နှာထားပို၍ ချိုသာစွာထားပြီးလျှင် 'ဒါထက် ငါမေးစမ်းပါရစေ၊ မင်းနဲ့ မမြခင် မေတ္တာရှိနေကြတယ်ဆို' ဟု စိုးမောင်၏ အကြိုက်ကိုလိုက်၍ ချော့လေ၏။

စိုးမောင်လည်း သေနတ်အမှန်ခံရခြင်းများကို လုံးဝမေ့သွားသကဲ့သို့ရှိကာ အနည်းငယ်ပြုံးလာပြီးလျှင် 'ဟုတ်ကဲ့၊ အမှန်မှာတော့ သူ့သဘော ဘယ်လိုမပြောနိုင်ဘူး၊ ကျွန်တော်ကတော့ မေတ္တာရှိတာပဲ' ဟု ရှက်သလိုလို အမူအရာဖြင့် ပြန်ပြောလေ၏။

'အေးကွယ်၊ ချစ်တယ် ကြိုက်တယ်ဆိုတာ ရောဂါတစ်မျိုးပဲကွဲ့၊ လူတိုင်း ဝက်သက်ကျောက်ဖြူ မပေါက်ဘဲ မနေရသလို အချစ်ဆိုတာလဲ လူတိုင်း တစ်သက်တစ်ခါ အနည်းဆုံးဖြစ်တတ်တဲ့ရောဂါပဲ၊ ဒီတော့ မင်းတို့ မေတ္တာရှိတာလဲ ငါမတားဆီးမကန့်ကွက်လိုပါဘူး၊ အိမ်ကိုလဲ သွားလာမြဲတိုင်း သွားလာပေါ့ကွဲ့'

'ဟုတ်ကဲ့' ဟု ပြောကာ စိုးမောင်မှာ တစ်မျက်နှာလုံး ချိုပြုံးသွားလေ၏။

ထိုအခိုက်တွင် 'ထိုင်း . .' ခနဲ မြည်သံပေါ်ထွက်လာပြီး နှစ်ယောက်စလုံး ထ၍ခုန်မိကြလေ၏။ စိုးမောင်သည် မိမိတစ်ကိုယ်လုံး လိုက်လံစမ်းသပ်ကြည့်ရှုရာ ထိခိုက်နာကျင်ခြင်းရှိသည်ကိုလည်းမတွေ့၊ ဖူးရောင်နေခြင်းလည်း မရှိသည့်အတွက် ရုတ်တရက်သော် 'ငါသေနတ်အမှန်ခံရလွန်းလို့ သေနတ်များပြီးနေရော့သလား' ဟု အောက်မေ့ပြီးမှ ဦးလတ်အားကြည့်မိသည်တွင် ရှုံ့ကာမဲ့ကာဖြင့် နားရွက်ဖျားကို လက်ချောင်းများဖြင့် ပွတ်သပ်နှိပ်နယ်နေသည်ကို တွေ့ရမှ 'ဦး . . ဦး မှန်သွားသလား' ဟု မေးလိုက်လေ၏။

ဦးလတ်၏နားရွက်မှာ လေသေနတ်၏စက်ကွင်းမိ၍သွားသည်ကို စိုးမောင်လည်းအမြင်၊ ဦးလတ်လည်း ကိုယ်တွေ့သိရှိကြသည့်အတိုင်း မေးနေဖို့မလို၊ ဖြေရန်လည်းမရှိသော်လည်း စိုးမောင်၏အမေးကိုကြားရသဖြင့် ဦးလတ်က 'ငါ့လခွီး၊ နားရွက်ဖျားမှ သေသေချာချာမှန်တာ၊ နာလိုက်တာ၊ သိပ်နာတာပဲ' ဟု ပြောကာ နာကျင်ခြင်းဖြင့် မျက်ရည်များပင် လည်၍လာရာက 'မင်းတုန်းကကော တော်တော်နာရဲ့လား' ဟု မေးလိုက်လေ၏။

စိုးမောင်သည် ခေါင်းညိတ်ကာ 'မပြောပါနဲ့တော့' ဟု ဆိုလိုက်လေ၏။

ထိုနောက်မှ ဦးလတ်သည် လက်သည်ကို ရှာဖွေသည့်အလား 'တယ် . . ဒီသေနတ်၊ ဘယ်သူ့လက်ထဲ ရောက်သွားပြန်ပြီလဲ' ဟု ဆိုရင်း ဟိုဟိုဒီဒီကြည့်ရာ အပါ၏လက်ထဲတွင် သက်သေခံပစ္စည်းနှင့်တကွ အထင်အရှား တွေ့မြင်ရသောကြောင့် ဒေါသထွက်၍သွားလေ၏။

'ဘယ့်နှယ်၊ ဒီသေနတ်ဟာ ကိုသူတော်လက်ထဲက အပါဆီရောက်နေပြန်ပါပကောလား' ဟု ဆိုပြီးလျှင် 'တယ် . . ဒီသေနတ်တော့ မဖြစ်ချေဘူး၊ ကိုင်မိတဲ့လူတိုင်း ပစ်ချင်ခတ်ချင်ရှိတာပဲ၊ အခု အပါလက်ထဲရောက်ပြီး နောက်ဆုံးပိတ် ငါ့ကိုတောင်ပစ်နေပြီ၊ ဒီကလေးတော့ ကောင်းကောင်း ဆုံးမပေးဦးမှပဲ' ဟု ဆိုကာ အံကိုကြိတ်ရင်း အကြံထုတ်၍နေလေ၏။

ထိုနောက်မှ အကြံပေါ်ပေါက်လာကာ ‘ကဲ . . မဖြစ်ဘူးဟေ့၊ မင်းပဲ သူ့ကို ဆုံးမပေတော့၊ အိမ်မှာဆရာလာလုပ်ဖို့ အလုပ်ကိုလက်ခံပါ၊ ကလေးကိုလဲ ကောင်းကောင်းဆုံးမပေးပါ၊ ဟုတ်လား’ ဟု ဆိုလေ၏။

စိုးမောင်မှာ ဝမ်းမြောက်သောအမူအရာ မဖြစ်ပေါ်ဘဲ ‘ဒီလိုဆိုရင် ကျွန်တော့်ကို ခိုင်လုံတဲ့ကုမ္ပဏီတစ်ခုမှာ အသက်အာမခံပါ ထားပေးမှဖြစ်မယ်’ ဟု ဆိုလေ၏။

‘အို . . မပူပါနဲ့ကွယ်၊ သူ့သေနတ်ကို ငါယူပြီး ဖျက်ဆီးပစ်လိုက်ပါ့မယ်’

‘ဒါဖြင့်ရင်လဲ သဘောတူပါပြီ’ ဟု စိုးမောင်ကအဖြေပေး၍ စကားဆုံးသည်နှင့်တစ်ပြိုင်နက် နောက်ထပ် ‘ထိုင်း . .’ ခနဲ အသံထွက်လာပြီး ဦးလတ်သည် လိပ်ခေါင်း ရှုံ့သကဲ့သို့ ကုပ်တို၍ဝင်သွားသည်ကို မြင်ရလေ၏။ ။

မြန်မာ့အလင်းမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၄၀။